www.burmeseclassic.com

# လရောင်ကျူးရင့်

## ကောင်လေးတစ်ယောက် ကောက်ရထားသည့်



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြဲ–၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အကြိမ် – ပထမအကြိမ်
– ၂၀၁၅ ခုနှစ်၊ ဧပြီလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
လရောင်ကျူးရင့်
ကောင်လေးတစ်ယောက် ကောက်ရထားသည်/လရောင်ကျူးရင့်၊
ရန်ကုန်၊ ရွှေသမင်စာပေ၊ ၂၀၁၅။
၃၄၀– စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁)ကောင်လေးတစ်ယောက် ကောက်ရထားသည်



## အခန်း (၁)

"ဖြန်း .."

ရေဖွက်ထဲကို ကားဖြတ်မောင်းတာ မြင်လိုက်သည်နှင့် ကိုယ် ဘယ်လိုအဖြစ်ဆိုးတော့မည်ကို သိလိုက်သည်။

ဒါပေမယ့် ရှောင်ချိန်မရလိုက်ဘဲ ရေနီတွေ ကိုယ်တစ်ခြမ်းလုံးကို ဖျန်းခနဲ ပြေးရိုက်သွား၏။

"သွားပြီ .. ဟိုကောင်လေး စိုရွှဲသွားပြီ .."

"ကားတွေကိုက လမ်းပေါ်ကလူတွေကို နည်းနည်းမှ ဂရုမစိုက် ချင်ဝဟ .."

လှမ်းမြင်သည့်လူတချို့က အမြင်မတော်တဲ့အဝိုင်း ပြောသွားကြသည်။

ဒေါသနှင့် ရှက်စိတ်တွေမွှန်ကာ ကိုယ်ပေါ်ကရေတွေကို ဖောက် ထုတ်ရင်း ခြေ တက်ခေါက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"တောက်!..."

ပြောင်မြောက်သည့် တက်ခေါက်သံက ကိုယ့်ဆီက မဟုတ်ဘဲ ပေါ်လာသဖြင့် လှမ်းကြည့်လိုက်မိလျှင် ...

"ခုပဲ ရေဆေးလာတာကိုကွာ .. ကျွတ်!..."

ရေဗွက်ကိုဖြတ်မောင်းသွားသည့်ကားက ဒီနားမှာပဲရှိနေသေးကာ ကားထဲကဆင်းလာပုံပေါ်သည့်လူက သူ့ကားသူ ဘေးကနေ ကုန်း ငုံ့ကြည့်ရင်း ညည်းညူနေခြင်း ...။

"ဘယ်လိုသတ္တဝါတွေက လမ်းပေါ်မှာ ဒီလောက်ဗွက်ထအောင် ရေတွေဖျန်းထားတာလဲ .. တောက်!..."

ကားက အဖြူရောင် ဖိတ်ဖိတ်လက်နေသည်။ လူကလည်း နီဖြ ရောင်ဖျော့ဖျော့ ကုတ်အင်္ကျီ ထပ်ဝတ်ထားပေမယ့် တစ်ကိုယ်လုံး ဆွတ် ဆွတ်ဖြူနေ၏။

အရပ်အမောင်းကောင်းကောင်း ဖြူဝင်းသောအသားနှင့် မျက်မှ နက် တပ်ထားတဲ့ပုံက မင်းသားရှုံးလောက်ပေမယ့် ...

"စိတ်ဓာတ်ကတော့ လောက်ကိုက်နေတာပဲ .."

သူ့ဘေးက စကားသံကြားမှ ကိုယ်တော်က လှည့်ကြည့်သည် ခြူ့ကို မြင်ကာမှ မျက်မှန်ကိုချွတ်၍ ...

"ဘာလဲ .. ငါ့ကို ပြောတာလား .."

"ဒီနားမှာ တခြားခွေးတစ်ကောင်ကောင် ရှိသေးလို့လား .."

"ဘာ!... ကွ .."

ဒေါသထန်သွားသည့်မျက်နှာနှင့် ခြူ့ ရှေ့ကို ချက်ချင်းရောက်လာ သည်။

ပြီးတော့ ပေကျံနေတာတွေကို မြင်သွားကာ မျက်မှောင်တစ်ချ ကုတ်သွား၍ ...

"မင်းက ဒါကြောင့် တင်းနေတာလား .."





"ခင်ဗျားမျက်နှာကြီးကို ထိုးပစ်ချင်လောက်အောင် တင်းနေတာ..၊ ဘယ်လိုလဲ .."

"အံမာ .. မင်းက အကောင်သေးသေးနဲ့ ရင့်လှချေလား .. မင်းကို ငါ တမင်လုပ်တာ မဟုတ်ဘူး ..၊ ဒီရေဗွက်ကြောင့် ငါ့ကားကိုလည်း ကြည့်ဦး .."

"ခင်ဗျားပဲ ကြည့်ပါ .. ပေကျံကုန်တာကို အရမ်းခံစားနေရရင် ခင်ဗျားအင်္ကျီတွေ ချွတ်ပြီး သုတ်ပေးလိုက်ဦး .."

အသံလေး အက်ရှရှ .. လူလေးပိန်သွယ်သွယ်နှင့် ဒေါသက နည်းနည်းနောနော မဟုတ် ..၊

ဒါပေမယ့် ဂျင်းဘောင်းဘီနဲ့ ရှပ်အင်္ကျီအဖြူကွက်လေးပေါ်က ညိုညစ်ညစ် ရေစိုကွက်တွေကြောင့် တုံ့ပြန်ဖို့ပြင်ဆင်လိုက်သည့် ဒေါသတွေက ရုတ်ခြည်း ကွယ်ပျောက်လျက် ...

"ဆောရီးကွာ .. ငါ မင်းကို မြင်တယ် ..၊ ဒါပေမယ့် ငါ့ကားက ပိုအရေးကြီးနေတော့ .."

"ဘာ!... ပြောတယ် .."

"နေစမ်းပါဦး .. ဆုံးအောင် နားမထောင်ဘဲနဲ့ မင်းကလည်း .."

"ခင်ဗျား လူတစ်ယောက်လုံးကို ကားတန်ဖိုးလောက်တောင် အလေးမထားတာ ဘာကို နားထောင်ရမှာလဲ .."

"မဟုတ်ဘူးလေ .. ငါလည်း မင်းကို တမင်လုပ်တာမှ မဟုတ်ဘဲ .."

"တမင်မလုပ်တာ သိတယ် .. တစ်ခါတည်း မောင်းထွက်သွားရင်လည်း ပြီးပြီ ..၊ တမင် ကားရပ်ပြီး လူကို စော်ကားတာက .."

"တမင် ကားရပ်ပြီး မင်းကို စော်ကားရလောက်အောင်လည်း ငါ့မှာ အချိန်တွေ ပိုလျှံမနေဘူး ချာတိတ် ..၊ အခု ရှိုးပွဲတစ်ခုသွားမယ်.. ပြီးရင် မော်ဒယ်လ်တွေနဲ့ ဒင်နာစားဖို့ ရှိတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကြီး အကိုင်ကြီးပဲ .."

"ငါ့ကိစ္စတွေ ပြောပြတာလေ .. ဒါကြောင့် ဒီကားက အရမ်း အရေးကြီးနေတာ ..၊ မင်းကို လှည့်မကြည့်အားလောက်အောင် စိတ်ရှု သွားတာက အခု ကားကို နီးစပ်ရာမှာ ရောင်းဆေးရဦးမယ် .."

ပြောရင်း အင်္ကျီအိတ်ထဲကို နှိုက်လိုက်သည်။ ပြန်ထွက်လာတော ပိုက်ဆံအိတ်ပြားလေး ပါလာကာ ...

"မင်းလည်း အရေးတကြီးသွားစရာ ရှိမှာပဲ .. အဲဒီတော့ ဒါတွေ ပြဿနာရှိနေမယ် .. တစ်ဆိုင်ဆိုင်မှာ ဝင်ပြီး ရှင်းပစ်လိုက်ကွာ .."

အိတ်ထဲက တစ်သောင်းတန်တွေ ဆွဲထုတ်လိုက်တော့ ဘယ်နှစ်ရွ မှန်း မသိ ..၊

"ရော့ .. အိခေ နော် .."

လက်ထဲထိ ထည့်ပေးကာ ပခုံးကို ဖတ်ခနဲ ပုတ်လိုက်သေးသည် ပြီးတော့ လှည့်ထွက်သွား၏။ ခြူ ပိုက်ဆံတွေကို ထောင်ကြည့်က ဟွန့်ခနဲ မဲ့သည်။

"ဒီမှာ .."

မှန်ကို သွားပုတ်လိုက်တော့ သူက မှန်ချပြီး မေးဆတ်၏။

"ပြန်ယူသွား .."

ခြူ သူ့ပိုက်ဆံတွေကို ကားထဲ ပြန်ပစ်ထည့်လိုက်ကာ ...

"ခင်ဗျားမျက်နှာပေါ်မှာ ရိုးသားမှု တစ်စိုးတစ်စိလောက်လေ တွေ့လိုက်လို့ ဒီပိုက်ဆံကိစ္စကို မပြောတော့ဘူး ..၊ ဒါပေမယ့် ခင်ဗျာ ရှေ့ဆက်ရမယ့်ဘဝခရီး ကောင်းအောင် မှတ်သွားလိုက်ဦး .. တစ် တစ်ခု ကျူးလွန်မိတိုင်း ပိုက်ဆံပစ်ချထားပြီး ဖြေရှင်းတတ်တဲ့ ခင်ဗျာ အကျင့်ကို ပြင် .."

"ဟား .. မင်း တကယ်ပွားတဲ့ကောင်ပဲ .."

"ဒုန်း .."



BURMESE CLASSIC



"ဟော့ .. မင်း!..."

ကားကို လွှဲကန်သွားတာကတော့ နည်းနည်းလေးမှ သည်းမခံနိုင် ..၊

ထောင်းခနဲဖြစ်သွားသည့်စိတ်နှင့် တံခါးကို ဖွင့်ဆင်းလိုက်သည်။ ဒါပေမယ့် လမ်းပေါ်ကို ခြေတစ်ဖက်ချလိုက်တာနှင့် ဖုန်းမြည်သံကြောင့် ရှေ့မဆက်ဖြစ် ..၊

"တောက် .. နေနှင့်ဦး ဂျစ်ပစီကြမ်းပိုးလေး .."

"ဂျိမ်း .."

တံခါးကို ပြန်ဆောင့်ပိတ်ကာ တစ်ယောက်တည်း ကြိမ်းဝါးမိ၏။ ဒီနေ့ ထွက်လာခဲ့တဲ့တစ်လျှောက်လုံး အဆင်မပြေပါလား ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"မဖြစ်နိုင်ပါဘူး ပိတောက် ရယ် .. တူမအရင်းဆိုပေမယ့် ဟိုအရင်တည်းက ခြူ နဲ့ မေမေက ရင်းနှီးခဲ့တာ မဟုတ်ဘူး .."

"အဲဒါက ဘာဘကြီး သွေးထိုးနေလို့ပါ မေမေကလည်း .. ခြူ ကဖြင့် ဆွေမျိုး သိပ်မင်တာ ..၊ သူ့ကိုယ်သူ တစ်ကောင်ကြွက် အထီးကျန်နေရတဲ့အဖြစ်ကို ပျော်နေတယ် မှတ်လို့လား .."

"အဲဒါက သူ့စိတ်ထဲက ကိစ္စလေ .."

"ဘာဖြစ်ဖြစ် မေမေ .. အခု သူလာမယ်လို့ ပြောထားတာပဲ..၊ ရောက်လာရင် ကိုယ့်တူမပဲ မေမေရဲ့ .. သူစိမ်း အောက်ကျပြီး သိက္ခာကျ ရမှာနဲ့စာရင် ကိုယ့်တူမကို ပြောရတာ ဘာဖြစ်လဲ .."

"ပြောတော့ဖြင့် လွယ်လွယ်လေးရယ် .."

ဒေါ်ငုဝါသင်း မျက်နှာမသာမယာနှင့် စီးကရက် မီးညှိသည်။ ပြီးတော့ စီးကရက်ကို မှန်စားပွဲလေးပေါ် ဆောင့်ချကာ ...





"ငါတို့က မောင်နှမရင်းတွေတောင်မှ အောက်ကျခယခဲ့တာ မဟုတ်ဘူး .."

"အဲဒါက ဟိုတုန်းကလေ .. အခု ကျသင့်ရင် ကျရမှာကို .."

"နင်ကလည်း အရမ်းကို တိုက်တွန်းမနေစမ်းပါနဲ့ ပိတောက် ရယ် .. ခြူ ကဖြင့် မိန်းမဟုတ် ယောကျ်ားမဟုတ် .. ဘာမှန်းကိုမသိတဲ့ ဟာလေး .. သူ့စိတ် ဘယ်လောက်ပုတ်စပ်နေမလဲ နင် သိလို့လား .."

ဝတ်မှုံရည် က လက်သည်းနီဆိုးနေရင်း မော့မကြည့်ဘဲ ပြောနေသည်။ အလှအပဆို ညီအစ်မနှစ်ယောက်စလုံး အသေအလဲပြင်သည်။ မိတ်ကပ် အဝတ်အစားနဲ့ ပတ်သက်သမျှ ဘယ်လောက်ကုန်ကုန် .. ဘယ်လောက်ဈေးကြီးကြီး ..၊

"ဟဲ့ ခြေသည်းနီလေး ဖျက်ခိုင်းတာ ကြာလိုက်တာ ကဲကဲ ရယ်.. ဩော် .. ပြောလိုက်တာနဲ့ ဖွတ်ကြီးလုပ်ပြန်ပြီ .. အား!... နာတယ် .. သိပ်မဖိနဲ့လေ ..၊ ငါ ခေါက်ထည့်လိုက်ရ .."

"တစ်ယောက်တည်းနဲ့ အပေါ်က လက်သည်းနီဆိုးတာရော .. အောက်က ခြေသည်းဖျက်ပေးနေရတာရော ရှုပ်ယှက်ကို ခတ်နေတာပဲ မှုံ ရယ် .."

နားမခံသာလွန်းတော့ ဒေါ်ငုဝါသင်း ညည်းညူလိုက်တော့သည်။

"မေမေ ခဏလေး အိမ်မှာနားတာ နားအေးပါးအေး နေပါရစေ..၊ နံကလည်း နံသေးတယ် လက်သည်းနီနံ့ကြီးက ..၊ သွား .. အခန်းထဲ သွားဆိုး .."

"ဟာ .. မေမေကလည်း အခန်းထဲ မသွားချင်ပါဘူး .. ခြူ လာမယ်ဆိုလို့ တမင်စောင့်နေတာ .."

"တွေ့လား .. ခုနကပဲ ပုတ်တယ် စပ်တယ် သူပဲပြောပြီးတော့.."

ပိတောက် က နှာခေါင်းရှုံ့ ကဲ့ရဲ့၏။ ဝတ်မှုံ က လက်ငါးချောင်းကို ဖြန့်ကားပြီး ထောင်ကြည့်နေရင်း မျက်လုံးစွေကြည့်လျက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုလား .."

"ဟုတ်တယ်လေ .. နင်ပဲ ပြောတာ .."

"ခုရော ငါက ခြူ လာရင် ပန်းကုံးစွပ်ကြိုပါမယ် ပြောနေလို့ သား ..၊ ငယ်ငယ်တည်းက မတွေ့ဖြစ်ကြတာမို့လို့ ဘယ်လိုပုံ ဖြစ်နေပြီ သဲ ကြည့်ချင်ရုံပဲ .."

"ဟိုမကျ ဒီမကျပုံစံမှန်း သိတယ် ဆိုပြီးတော့ .."

"ငယ်ငယ်ကလေ .. ခုတော့ မိန်းမပီပီသသလေး ဖြစ်ချင် ဖြစ်နေမှာပေါ့ ..၊ အဲဒါကို သိချင်တာ .."

"ငါကတော့ ခြူ ဘယ်လောက်သုံးနိုင်မလဲဆိုတာပဲ သိချင်တာ..၊ သူက ဘဘကြီးဘက်က အမွေတွေပါ ရထားတာ .. ပြီးတော့ တစ်ဦးတည်းသောသမီး .. ပြီးတော့ မှုံ တို့လို ပိုက်ဆံကုန်ပေါက်တွေလည်း ရှိတာ မဟုတ်ဘူး ..၊ တော့်ဘော်ချမ်းသာမှာ သေချာတယ် .."

"နောက်ထပ် ပြီးတော့တွေ ကျန်သေးလား .."

မှုံ က ရွဲ့မေးသည်။ ညီအစ်မနှစ်ယောက် အသက်လည်း နှစ်နှစ်ပဲ ကွာသည်။ ခုကျတော့ အရွယ်တွေက အမြွှာတွေလို မတိမ်းမယိမ်းတွေ ဖြစ်နေခဲ့လျက် ပြောကြတော့လည်း နင်နဲ့ ငါနဲ့ ..၊

"တော်ကြစမ်းပါအေ .. ဟိုကလည်း ညည်းတို့ဆီကို လာမယ် မထင်ပါဘူး .."

မလာဘူးလို့လည်း ဒေါ်ငုဝါသင်း တွက်ပြီးသားပါ ..၊ သူမတို့မှာ မောင်နှမသုံးယောက် ရှိသည်။ အစ်ကိုအကြီးဆုံးက ခုချိန်ထိ လူပျိုကြီး ဖြစ်ကာ ခြူ ရဲ့ဖေဖေက မောင် အငယ်ဆုံး ..၊

သူမက အလတ်ပေမယ့် အသက်ဆယ့်ရှစ်နှစ်မှာတည်းက ချစ်ဦးသူနဲ့ နိုးရာလိုက်ပြေးခဲ့ဖူးသည်။ ဒါပေမယ့် လူကြီးတွေ စစ်ခင်းကြပြီး ကိုယ့်ကလေး ကိုယ်ပြန်သိမ်းကြတော့ သူမတို့ သုံးလပဲ ပေါင်းခဲ့ရသည်။ သစ်ရွက်လှုပ်တာကိုကြည့်ပြီး ရင်ခုန်တဲ့အရွယ်တော့ မဟုတ်ပေမယ့်





ထိုစဥ်တုန်းက အရူးအမူးချစ်ခဲ့ဖူးသလို ကွဲသွားကြတော့လည်း အသည်းကွဲရ ငိုခဲ့ရတာ ခဏလေး ..။

သမီးတို့အဖေနဲ့ လက်ထပ်ခဲ့တော့လည်း လူကြီး သဘောတူလို့ ယူခဲ့ရသည်ဆိုသည့် အခွင့်အရေးကို အရယူကာ ဒေါ်ငုဝါသင်း တို့ အသေအကျေ ဆိုးခဲ့သည်။

ခြူ့ ဖေဖေကလည်း အငယ်ဆုံးပေမယ့် မိဘစကား နားထောင်သလို အိမ်ထောင့်တာဝန်လည်း ကျေခဲ့၏။ ကိုကြီးကလည်း သူ့ညီကိုတော့ သည်းသည်းလှုပ် ချစ်မြတ်နိုး .. ကိုယ့်ကိုတော့ သူ့ညီမ မဟုတ်သလိုပင်..။

"နင့်ကြောင့် ငါတို့မိသားစုတွေ သိက္ခာကျ အရှက်ရကြတယ်..၊ ခုချိန်ထိလည်း မလိမ္မာဘူး .. နင်မွေးထားတဲ့ကလေးတွေကို နင် ဘယ်လို ဆုံးမမလဲ ၄ .." ဟဲ့ ..၊

ကိုကြီး သူမကိုပြောတာ ဒီလိုစိတ်ပျက်စကားတွေသာ ဖြစ်ခဲ့သည်။ ထိုပြင် ယောက်ဖဖြစ်သူကိုတော့ သည်းခံမြတ်နိုးနိုင်သူကြီးအဖြစ် အမှတ်တွေပေး .. လေးစားချစ်ခင်နေခဲ့လျက် ကိုယ့်ကိုကျတော့ 'နင့်လောက်ဆိုးတာ နင်ပဲ ရှိတယ်'တဲ့ ..။

ဒါတွေကို ပြန်တွေးမိတိုင်း ကိုယ့်အိမ် စီးပွားရေးပျက်တာရော.. ကိုယ် ဘာတွေလိုအပ်နေတယ်ဆိုတာရော .. ဘာကိုမှ ကိုကြီးတို့ကို အသိမပေးချင် ..၊

မောင်လေးတို့ဇနီးမောင်နှံ ဆုံးသွားကြတော့ ပိုဆိုးသွား၏။

မောင်လေးက တော်ရုံဆို ပြောဆိုကောင်းသေးသည် ..၊ ကိုကြီး လောက် ရက်စက်ပြတ်တောက်စွာ နေခဲ့သူ မဟုတ် ..၊

မောင်လေးတို့ မရှိတော့ကာမှ သူမရဲ့စီးပွားရေးကလည်း ဘယ်လိုမှကို အဖတ်ဆည်မရတော့တာ ကံကြမ္မာက ဘယ်လိုကကြိုးတွေ ဆင်ချင်တာလဲ ..၊

"တင်း .. တောင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟော .."

အတွေးတွေလွန်နေသည့် ဒေါ်ငုဝါသင်း ဆတ်ခနဲ ဖြစ်သွားသည်။ ာ်ထဲကစီးကရက်ကိုပါ ခွက်ထဲထည့်ပြီး ဖိချေပစ်လိုက်၏။

"တွေ့လား .. လာပြီ .."

"ကိုကို နေမှာပေါ့ .."

"ကိုကို ဒီအချိန် ဘယ်တုန်းက ပြန်ဖူးလို့လဲ .."

နာရီကြည့်လိုက်တော့ ညနေ ခြောက်နာရီ ..။

"တင်း .. တောင် ..."

"ဟဲ့ .. တံခါးဖွင့်နိုင်းလိုက်လေ .."

"ကဲ .. ကဲ .. သွားဖွင့်လိုက် .."

"ဟုတ် .."

ဧည့်ခန်းမှာ ထင်သလိုမှီလှဲထိုင်နေကြရင်းကနေ ပုံစံတွေ ဟိုလို ပိုပြောင်းကုန်ကြတာ ချက်ချင်း ..။

"အံမယ် .. ဧည့်ခန်းမှာ လူတွေစုံလို့ပါလား .."

အိမ်ထဲကို လှမ်းဝင်လာတာက 'ဇေ' ..။

"ဟာ .. ဟ .."

ပိတောက် ကို လှမ်းကြည့်ပြီး ဝတ်မှုံ က ပခုံးလေးတွန့်၍ ဂျောင် သ်သည်။ ဇေ က မျက်မှောင်ကုတ်သွားပြီး ...

"ဘာတွေ ဖြစ်နေတာလဲ .."

"ကိုကိုက စောစောစီးစီးပါလား .."

"အံမာ .. ငါ မေးတာ မဖြေဘဲနဲ့ ပြန်မေးနေသေးတယ်.."

"မေးမှာပေါ့ .. ကိုကို ပြန်လာလို့ ပိတောက် အလျှောင်ခံရတာ.."

"ဘာဖြစ်လို့လဲ .."

အိမ်ထဲကို ခြေလှမ်းပြီးမှ ဇေ က ပြန်လှည့်မေး၏။ ဝတ်မှုံ က ခြသည်းနီဆိုးနေရင်း ရယ်ကာ ...





"ခြုံ့ကို ခေါ်ထားတယ်လေ ကိုကိုရယ် .. အဲဒါကို မျှော်နေတာ.."

"ခြုံ .."

"ဟုတ်တယ် .. လာမယ်လို့တော့ ပြောတာပဲ .."

"ဘာလဲ .. ပိုက်ဆံချေးမလို့လား .."

"အစစ်ပေါ့ .."

ညီအစ်မနှစ်ယောက်စလုံးကို ကြည့်နေသည့်မျက်လုံးက မိခင်ဖြစ် သူထံ ရောက်သွားကာ ...

"မေမေလည်း မေမေ့သမီးတွေကို တော်တော် အလိုလိုက်တယ် နော် .. ကြာရင် အိမ်ပေါင်ရလိမ့်မယ် .."

"ဟဲ့ .. သြော်.. ဖွဟဲ့ .. လွဲပါစေ ဖယ်ပါစေ .."

"လွဲဖို့ ဖယ်ဖို့က ကိုယ့်လက်နဲ့ ကိုယ့်ခေါင်းနဲ့ တိုင်ပင်ပြီး လွဲမှ ဖယ်မှ ရတာ .. ထိုင်ဆုတောင်းနေတိုင်း မရဘူး .."

ဇေ က စကားလုံး အကြီးကြီးတွေ ပြောရင်း ညီမတွေကို ငဲ့ကြည့် ကာ ...

"ကံတရားကို ရီမုကွန်ထရိုးနဲ့ လိုသလိုသွားခိုင်းလို့ ရမယ် မထင် နဲ့ ..၊ မေမေ့သမီးတွေ တကယ်မလွယ်တာ .."

"ကိုကို နော် .. သူ့ကျတော့ လူတော်လူကောင်း ကျနေတာပဲ .. မပြောချင်လို့ .."

"အံမာ .. ပြောစမ်းပါ .."

အထဲဝင်မယ် ပြင်လိုက် .. ဇေ ခြေလှမ်းတွေ တုံ့သွားပြီး စကား လှည့်ပြောလိုက်နှင့် စကားနိုင်လုနေကြခြင်းသို့ ရောက်လေသည်။

"ဒီမှာ ငါက ကိုယ့်ဝင်ငွေနဲ့ ကိုယ် သုံးတာ .. မေမေ့ဆီက .."

"လုံးဝ မတောင်းဘူးလား .. ပြော .."

"မတောင်းရာမကောင်းကြောင်းပဲ ရှိတာ .."

"လိုရင်းက ဒါပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နော် .. ဒီအိမ်မှာ ဖေဖေကလွဲရင် အပြစ်ကင်းတာ ဘယ်သူမှ မရှိဘူး .."

ပိတောက် က နှုတ်ခမ်းပါးလျှာပါးနှင့် ပက်ခနဲ ဝင်ပြောသည်။ ဝတ်မှုံ က ခေါင်းညိတ်၍ ...

"ဖေဖေတောင် အသက်တော်တော်ကြီးနေလို့ ဖြစ်မှာ .."

"မဟုတ်ဘူး .. နှလုံးရောဂါ ဖြစ်နေလို့ .."

"ကြည့်စမ်း ..၊ နင်တို့ ဖေဖေ့ကိုတောင် ချန်မထားဘူး .."

"အရှိအတိုင်း ပြောတာလေ ကိုကိုရဲ့ .. မမေကလည်း ဝိုင်းကောင်းရင် ထိုင်ရာမထဘဲ .. လူကြီးတွေပြောတာ ကြားဖူးသေးတယ်..၊ အရက်သမား ဘယ်လောက်ချိုးကပ်အောင် သောက်သောက် လမ်းဘေးရောက်ရင် သူ့တစ်ယောက်ပဲတဲ့ .. လောင်းကစားသမားကတော့ တစ်ထိုင်တည်းနဲ့ မိသားစုလိုက် လမ်းဘေး ..."

"တိတ်စမ်း .. တိတ်စမ်း ..၊ အောင်မယ်လေး မအေကိုများ .."

ဒေါ်ငုဝါသင်း ဒါကျတော့ မခံနိုင် ..၊

"မေမေကလည်း သမီးတွေက လူငယ်မို့ မိုက်သလို မိဘဖြစ်သွားတိုင်းလည်း .."

"တော်တော့ .."

ဘယ်စကားကိုမှ အဆုံးသတ်ခွင့် မပေးနိုင်ဘဲ ဒေါ်ငုဝါသင်း အော်ပစ်သည်။

ကိုကြီးပြောတာ ဟုတ်ပါလားလို့ တွေးမိပြီး ကြေကွဲခြင်းနှင့်ဒွန်တွဲသော ဒေါသတွေလည်း ဖြစ်မိ၏။

"မိဘကို အပြစ်ပြန်ထောက်နိုင်ဗ္ဗာကိုများ ခေတ်မီတယ်လို့ ထင်နေကြသလား ဟင် .. ညည်းတို့ကိုယ်ညည်းတို့ နိုင်ငံကြီးသား ဗီသနေတယ်ပေါ့ .."

"မေမေကလည်း ဒါလေး ပြောတာကို .."





"မပြောနဲ့ .. ငါ့အခွင့်အရေးနဲ့ ငါ ဘာလုပ်လုပ် ..၊ ငါ ဘာဖြစ်နေနေ .. ဒါပေမယ့် ညည်းတို့ကို အဖြစ်မခံနိုင်ဘူး ..၊ တားစရာရှိရင် တားရမှာပဲ .. ဆုံးမစရာ တွေ့ရင်လည်း ဆုံးမမယ် .."

"ဟား .. ဟား .. ဟား ..."

ဖြစ်ကြပြီဆိုသည့်မျက်နှာနှင့် လက်ကာပြရင်း ဇေ က ရယ်မောသွားသည်။

ထိုနေ့ကတော့ မျှော်နေခဲ့ကြသည့် ခြူ က ပေါ်မလာခဲ့ပေ ..၊

ညနေခန်းမှာ လူစုံ၍ စောင့်နေကြရင်း အချိန်တွေသာ ကုန်သွားခဲ့ပြီး ...

"ဒုက္ခပါပဲ .. ပိုက်ဆံလိုနေပါတယ် ဆိုမှ .."

"အေးလေ .."

ညီအစ်မနှစ်ယောက် ညည်းညူရင်း တက်ခေါက်သွားကြသည်။ ဘာကို စိတ်တိုနေမှန်းတော့ မသိ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဟော .."

"သြော် .. နင်က ခြူ လား .."

ညီအစ်မနှစ်ယောက် မှန်းကိုယ်စီကိုင်ရင်း ထွက်လာကြကာမှ မေမေနဲ့ မျက်နှာချင်းဆိုင် ရပ်နေကြသည့် ခြူ ကို တွေ့သွားသည်။ သူမ ခုမှ ရောက်လာပုံရှိကာ ထိုင်တောင် မထိုင်ရသေးပေ ..။

"ဟုတ်တယ် သမီးရေ .. ကြည့်ပါဦး .. ခြူ က ဘာမှကို မပြောင်းလဲဘူးနော် .. ပါးရိုးလေးတွေ မို့နေတာရော .. ပါးတွေရဲနေတာရော ဟိုတုန်းက အတိုင်းပဲ .."

"ဟုတ်ပါတယ် .. ခြောက်မှန်းစိုမှန်း မသိတဲ့ ပုံစံလေးရောပဲ .."

"ဟဲ့ .."

"သြော် .. အရင်အတိုင်းပဲလို့ .."

"စိတ်မဆိုးနဲ့ နော် ခြူ .. ငါတို့က ချစ်လို့ စတာ .."





သားအမိသုံးယောက်ရဲ့မျက်နှာတွေကို ကြည့်ပြီး ခြူ က ပြုံးရုံပဲ သည်။ စိတ်ဆိုးသွားတာလား .. သည်းခံတတ်သည့်ပုံစံလား ..၊ သူမ ...မှာ ဘာမှ ရှာလို့မရ ..၊

"ထိုင်လေ သမီးလေး .."

"ထိုင်လေဟာ .. ဘာလဲ .. ငါတို့ကို စိမ်းနေတာလား .."

"မဟုတ်ပါဘူး .. ကျွန်တော်လည်း မလတ် တို့ကို ခုမှ ပြန်တွေ့ ... ကြည့်နေမိတာပါ .."

"ဟုတ်လား ..၊ ဘယ်လိုလဲ .. ငါတို့ပုံစံ .."

"နှစ်ယောက်စလုံး လှတယ် .."

"ဟေ့အေး .. ငါက ပိုလှတာ .."

"အပိုတွေ ပြောနေတာ.. လှတိုင်းပြောတယ် သိလား ..၊ ပိတောက် ...မ်းပိန်လွန်းတယ် .. ဝတ်မှု က အနေတော်လေးတဲ့ .. အဟွန်း.."

"ကဲ .. တော်ကြစမ်း ..၊ ခြူ့ အတွက် ဘာစ်ခုခု လုပ်နိုင်းလိုက်.."

"ကဲကဲ ရေ .."

"လာပြီ မမ .."

"ခြူ ဘာစားမလဲ .. ကြိုက်တာ ပြော .."

"ဘာမှမစားတော့ပါဘူး .. ကျွန်တော်က ညှော်သည်မှ မဟုတ် "

"သြော် .. ခဏလာလည်တာ ညှော်သည်ပဲပေါ့ .. ပြောပါ ...ားမနာ

"ကျွန်တော် ခဏ လာလည်တာ မဟုတ်ဘူး .."

"ဟင်!..."

"ဘယ်လို!.."

...ဆက်မဝင်အောင် ပြောနေခဲ့သည့်စကားသံတွေ တိခနဲ တိတ်...ည်။ ပြီးတော့ အံ့သြပြူးကျယ်သွားသည့်မျက်လုံးတွေ အသ...တ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံ သွားကြ၏။ ပြီးမှ ...

"ဘယ်လို ခြူ .. ပြန်ပြောပါဦး .."

ဒေါ်ငုဝါသင်း က ထပ်မေးသည်။ ပိတောက် နဲ့ ဝတ်မှုံ တို့ရဲ အကြည့်တွေကတော့ သာမန်ကာလျှံကာ မဟုတ်တော့ဘဲ ကိုယ်တိုင်ယ မည့်ဒီဇိုင်းနှာကဲ့သို့ ခြူ့ ကိုယ်ပေါ်မှာ ပိုက်စိပ်တိုက်၍ တစ်ထစ်ချင်း

"ကျွန်တော့်ကို ဘဘကြီး စိတ်ဆိုးပြီး အိမ်က နှင်ချလိုက်တာ

"ဟော့ တော်!..."

"ဘုရားရေ!..."

"အင်း .. ဒီအဆင့်ကို မြင်တည်းက တစ်ခုခုတော့ ခံစားမိသား

ဝတ်မှုံ က ရေရွတ်ရင်း တက်ကြွစွာ ထောင်မတ်ထားသည့်ကို က ဆိုဖာမှာ ပက်ခနဲ မှီသွား၏။ ပိတောက် ကတော့ နှာခေါင်းလေ ရှုံ့ပွပွနှင့် မျက်နှာလွှဲ၍ ...

"အဲဒါပဲ နေမှာပေါ့ .. အကုသိုလ်ဝင်ပြီဆို အဖော်နဲ့အပေါင်း အလုံးလိုက် အရင်းလိုက် ဝင်တယ်ဆိုတာ .."

"သမီးတို့ တိတ်တိတ်နေစမ်း .. ဘယ်လိုဖြစ်နေကြတာလဲ

"ကိုယ့်အကြောင်း ကိုယ်ပြောတာပါ .. ဟွန့် .."

ဒေါ်ငုဝါသင်း က သမီးတွေကို မျက်ရိပ်ပြပြီးမှ ရှေ့ပြန်လှ သည်။ ပြီးတော့ ခြူ့ ကို စုန်ချီဆန်ချီ ကြည့်၍ ...

"ကြီးမေက အံ့သြလို့ပါ .. သမီးက လက်ဗလာ ခြေဗလာ ရောက်လာတော့ .."

"ဟုတ်ကဲ့ ကြီးမေ .. ဘဘက အရမ်းစိတ်ဆိုးပြီး ဘာတစ် မယူဘဲ ဒီတိုင်း ဆင်းသွားခိုင်းတာ .."

"အင်း .. ကိုကြီးက စည်းကမ်းနဲ့ပတ်သက်ရင် ပြတ်သားတ တာတော့ မှန်တယ် .. ဒါပေမယ့် သမီးကို သူ အရမ်းချစ်တာပဲ .. တော့ မိန်းကလေးတစ်ယောက်ကို ဒီတိုင်းနှင်ချလိုက်တယ်ဆိုတာ





"သူ ဘာအပြစ်တွေ လုပ်လိုက်သလဲမှ မသိတာ .. မေမေ့တူမကို အေးလည်း ကြည့်ပါဦး .."

ပိတောက် က မေးဆတ်ပြောကာ ခြူ နဲ့ မျက်လုံးချင်းဆုံတော့ မျက်နှာလေး မော့ပစ်ပြီးမှ တစ်ဖက်လှည့်၏။

"ဟုတ်လား ခြူ .. ဘာတွေဖြစ်ကြတာလဲ ပြောပါဦး .."

"ကျွန်တော်က သူငယ်ချင်းတွေကို ပိုက်ဆံတွေ ချေးငှား ထောက် နေလို့ .."

"ဘာ!..."

"အောင်မယ်လေး ကြားရတာ နားကလောလိုက်တာဟယ် .."

"အေးလေ .. နင် တကယ်လွန်လွန်းလို့ နေမှာပေါ့ .. သူငယ်ချင်း ချင်း မကင်းကြတာလောက်နဲ့တော့ ဘဘ ဒီလောက်ထိ စိတ်ဆိုးမှာ မဟုတ်ပါဘူး .."

ပိတောက် တို့က ပြောပြီဆို တက်ညီလက်ညီ ...၊

ခြူ ဝင်လာကာစက မျက်နှာတွေလည်း မဟုတ်တော့ဘဲ မျက်တောင် တွေ စင်းကြည့်လိုက် .. မဲ့ရွဲ့ မျက်နှာလွှဲလိုက် ...၊

"အင်း .."

ဒေါ်ငုဝါသင်း ကတော့ လူကြီးမို့ မျက်နှာပျက်နေပေမယ့် ထိန်း သိမ်းသိမ်း ...၊

"ပြောပါဦး .. ဘယ်လောက်တောင် လုပ်လိုက်လို့လဲ .."

ခြူ က သူတို့အခြေအနေတွေကို အကဲခတ်မိနေကာ ပြောဖို့ ကို မရဲတရဲ ဖြစ်နေခဲ့၏။ ဝတ်မှုံ က မျက်မှောင်ကုတ်ကြည့်ကာ...

"ပြောမှာသာ ပြောစမ်းပါ .. ဘဘက ငါတို့နဲ့ အဆက်အသွယ်မရှိ မှ မဟုတ်တာ ...၊ ခု ဖုန်းဆက်မေးရင် ခု ရတယ် .."

"တစ်ခါနှစ်ခါတည်း မဟုတ်တော့ ဘယ်လိုပြောရမှန်း မသိလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ .. တစ်ခါ နှစ်ခါ အပြစ်လုပ်ရုံနဲ့တော့ ဘဘက အပြ
လေးမှာ မဟုတ်ပါဘူး .. လွန်လွန်းလို့သာ ထိုက်တန်တဲ့အပြစ် ပေးတာ

ပိတောက် က ပွန်းခနဲ မဲ့လိုက်ပြီး နေရာမှ ထရပ်၏။

"ငါတို့ကတော့ အကျိုးမရှိတဲ့စကား ပြောပြီး အချိန်ကုန်မခံတေ
ဘူး .. ဒိုးပြီ .."

အပြောနှင့်အတူ ဖုန်းပြန်ဖွင့်ပြီး အပေါ်ထပ်ကို တက်သွားေ
သည်။

"ကဲပါ မမေရယ် .. သူ ဘယ်လောက်သုံးဖြန်းလာသလဲ ေ
မနေပါနဲ့ .. အခု ဒီမှာ သူ နေမယ်ပြောနေပြီ ..၊ မမေ လက်ခံမှာလာ
လက်မခံဘူးလား .. အဲဒါပဲ ပြောလိုက် .."

"ဟဲ့ .. ဩော် ..."

ကြီးဒေါ်အရင်းခေါက်ခေါက်ကြီး ဖြစ်လျက်နဲ့ ကိုယ့်ဆီရောက်
တဲ့ တူမကို ဘယ်လိုလုပ် ပြန်နှင်ထုတ်ရမလဲ ..၊

ကိုယ်က နှင်လွှတ်ချင်ရင်တောင် ကိုကြီးမျက်နှာ ရှိသေးသ
ပြီးတော့ မောင်လေးရှိတုန်းကလည်း သူမတို့မိသားစုအပေါ် ကျေ
ပြုခဲ့တာတွေ အများကြီးရှိခဲ့တာ ..၊ ဒီကောင်မလေးလည်း သူ့အ
ဒီအိမ် အတုံ့အလှည့်တွေရှိတာပဲဆိုပြီး လာရဲတာ မဖြစ်နိုင်ဘူးလာ

ဒေါ်ငုဝါသင်း ရုတ်တရက်ကြီးမို့ ဘာလုပ်ရမှန်းမသိတော့ဘဲ 
လည်း ရှူး .. စားလည်း ရှူး ..၊

"ဒါနဲ့ ကြီးမေ ကိုကြီးကို ဖုန်းဆက်တုန်းက သမီးက .."

"အဲဒီညမှာပဲ ကျွန်တော် အိမ်က ဆင်းရတာ .."

သေစမ်း ..၊

ကိုယ့်နဖူးကို ဖြန်းခနဲ ကောက်ရိုက်ပစ်ချင်၏။ ပြုံးနေခဲ့သည့်မျ
ကို ချက်ချင်းကြီး မဲ့မသွားမိအောင် ထိန်းနေရင်း 'ဂလေးကိုလ
အလည်အပတ်လေး ဘာလေး လွှတ်ပါဦး'လို့ ပြောမိသည့် ကိုယ့်လျှ





ဖြတ်ပစ်ချင်မိ၏။

"ဒါဆို ကိုကြီးက ဒီမှာသွားနေဖို့ လွှတ်လိုက်တာပေါ့ .."

"မဟုတ်ပါဘူး .."

"မဟုတ်ဘဲနဲ့ ခု ရောက်လာတာက .."

လွှတ်ခနဲ မေးပြီးမှ ချို့ မျက်ဝန်းလေးတွေ အင်အားမဲ့စွာ ပင့်တက်
လာတော့ ကမန်းကတန်း ခေါင်းခါလိုက်မိရင်း ...

"ဒီလိုပါ .. ကြီးမေက ဖုန်းဆက်လိုက်လို့ သမီး ရောက်လာတယ်
ဝဲ ထင်နေတာလေ .. ဒီရက်ပိုင်းပဲဆိုတော့ တိုက်ဆိုင်နေတာကိုး .."

"နေပါဦး .. မနေ့ညကတော့ ဘယ်မှာ သွားအိပ်နေသလဲ .."

ဝတ်မှုံ က ပါးစပ်ကမေးသလို မေးလည်းဆတ်၏။ မျက်ဝန်းတို့
သည် အထင်မြင်သေးခြင်းတွေ လွှမ်းခြုံလျက် ...

"နင့်ကို ဘဘ ဒီလောက်ထိ စိတ်ပျက်ပြီး ဥပေက္ခာထားလိုက်
တယ်ဆိုတာ ယုံချင်စရာလည်း မရှိဘူး ..၊ နင့်ပုံစံကို ကြည့်ရတာနဲ့ မယုံ
စရာလည်း မရှိဘူးဖြစ်နေတယ် .. ဘာဖြစ်လို့လဲဆိုတော့ ..၊ အင်း ..."

နှာခေါင်းရှုံ့ နှုတ်ခမ်းမဲ့၍ ...

"စိတ်ပျက်ချင်စရာပဲဟာ .."

"ကျွန်တော့်ကို မငယ်တို့က လက်မခံနိုင်ဘူးဆိုရင်လည်း .."

"ဩော် .. ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွယ် .."

"နေဦး မမေ .. သူ့ဟာသူ ဒီစကား စလာတယ်ဆိုတော့ သူ့မှာ
အားကိုးရှိလို့ ဖြစ်မှာပေါ့ .. လူဆိုတာ မတောင်းဘဲ ပေးနေရင် ကျေးဇူး
တင်မှန်း သိတာ မဟုတ်ဘူး ..၊ သူ တကယ်လိုအပ်ရဲ့လား မေးပါဦး.."

"လိုအပ်တိုင်း တောင်းယူလို့ရတာ မဟုတ်ဘူးဆိုတာလည်း ကျွန်
တော် နားလည်ပါတယ် .."

အံမယ် .. ပြောတဲ့စကားလုံးက ...

"အဲဒါကြောင့် တောင်းသင့် မတောင်းသင့် အရိပ်သုံးပါလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရပါတယ် ..၊ ဘယ်သူဖြစ်ဖြစ် ဒုက္ခရောက်ပြီဆိုရင် အနီးစပ်ဆုံးလူတွေကိုသာ အားကိုးကြတာပါ ..၊ ကျွန်တော့်မှာ ဆွေမျိုးရင်းချာဆိုလို့ မငယ်တို့ပဲ ရှိတာပါ .."

"လူကသာ ဘာမှမဟုတ်တာ .. တော်လ်ကီကတော့ အမြင့်စားပဲ..၊ ဟုတ်တယ်လေ .. ဒုက္ခရောက်ပြီဆို သတိရကြတာပဲ .. နင် သူများတွေကို ပေးကမ်း မျှဝေနေတုန်းကတော့ ငါတို့ကို သတိမရဘူးမို့လား .."

"မှုံ .."

"မှုံ မေးတာ မဟုတ်လို့လား မမေရယ် .. လေးလေး ရှိနေတည်းက မမေ ချေးငှားခဲ့ဖူးတာပဲ .. အဲဒီတုန်းက သူ ကလေးဆိုပေမယ့် မသိတတ်တဲ့အရွယ်လေးမှ မဟုတ်ဘဲ .."

ခက်ပါလား ..၊

ချို့ မျက်လုံးထဲက အရိပ်သုံးပါး နားလည်နေခြင်းတွေကို ဒေါ်ငုဝါသင်း မြင်နေရသဖြင့်၊ ဝတ်မှုံ ရဲ့စကားတွေကြောင့် မျက်နှာပူမိ၏။

ကိုယ့်ဆီမှာ လာကပ်နေမယ်ဆိုရင်တော့ ဘယ်သူက ထားချင်ပါ့မလဲ ..၊

ဒါပေမယ့် ခုမှ ထိုင်တာ ဖင်မပူသေးခင် ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းလို့ ကောင်းမလား ..၊

ပြီးတော့ ဘာတွေဖြစ်လာသလဲ ..၊ ဘယ်အခြေအနေထိလဲဆိုတာ သေချာမသိသေးဘဲ ကိုကြီးနဲ့ အမုန်းမခံနိုင် ..၊

"ကဲ .. ကဲ .. ညီအစ်မချင်းတွေမို့ စကားများကြရင် စိတ်ထဲမထားကြနဲ့ .. ကြီးမေတို့ ဟိုမေး ဒီမေး မေးနေကြတာက ဒီက ဖုန်းဆက်လိုက်မှ ရောက်လာတယ်ဆိုတော့ အလည်အပတ်သဘောပဲ ထင်လို့ပါ.. ဖြစ်လာပြီဆိုတော့လည်း သွေးသားရင်းတွေပဲ .. ဘယ်ကြည့်နေနိုင်မလဲ ကွယ် .."

ဒေါ်ငုဝါသင်း ကဲကဲ ကို လှမ်းခေါ်လိုက်တာနှင့် ဝတ်မှုံ က ပျာပျာ





သလဲ ထရပ်ကာ ...

"အပေါ်ထပ်မှာ အခန်းလွတ် မရှိဘူး နော် .."

"ဘာလို့ မရှိရမှာလဲ .. လှေကားထိပ် တစ်ခန်းကျော်က .."

"မှု့ သူငယ်ချင်းတွေ လာကြရင် အဲဒီထဲမှာ အကကျင့်မှာ .."

"နောက်ဖေးဝရန်တာနားက နှစ်ခန်းကရော .."

"နှစ်ခန်းစလုံး သုံးစရာရှိပါတယ် ဆိုမှ .."

"ရပါတယ် ကြီးမေ .. ကျွန်တော့်အတွက် ဘယ်နေရာဖြစ်ဖြစ်ပါ .."

ဒေါ်ငုဝါသင်း မျက်နှာပူပူနဲ့ပဲ ပြုံးပြ နှစ်သိမ့်မိ၏။ ဝတ်မှုံ က ခပ်နွဲ့နွဲ့လေးလှျောက်ရင်း လှည့်ထွက်သွား၏။ တကယ်ဆို မောင်နှမသုံးယောက်စလုံး ကိုယ့်ထီးကိုယ့်နန်း ကိုယ်ပိုင်အဆောင်အယောင်တွေနဲ့ တခမ်းတနား နေနိုင်ခဲ့ကြတာ အတူတူပင် ..၊

ကိုကြီး လက်ရှိနေထိုင်သော 'မင်္ဂလာ'စံအိမ်ကြီးနှင့် သူမတို့ရဲ့ 'စည်းစိမ်'စံအိမ်ကြီးကလည်း သူ့ထက်ငါ ထည်ဝါကြတာချင်း သူမသာ ကိုယ်မသာ ..၊

ဒါပေမယ့် မောင်အငယ်ဆုံးဖြစ်သည့် ချို့ ရဲ့ဖေဖေ နေထိုင်ခဲ့သော မိဘဘိုးဘွားပိုင် 'သဏ္ဌာရာဇ်'စံအိမ်ကြီးကို မမီနိုင်တာ တစ်ခုသာ ..၊

"စံအိမ်ကြီး တစ်ခုလုံးကို ဖုန်တက်ခံပြီးတော့ .."

"အမလေး.. အဲဒီယောက်ျားလျာမက ပန်းချီရေးသလိုလို .. စာရေးသလိုလိုနဲ့ အဲဒီမှာ တစ်ယောက်တည်း ခဏ ခဏ သွားနေတာပါနော်..၊ အခု မသွားဘူးဆိုတည်းက ဒီမိန်းမ ဘယ်လောက် အခြေအနေဆိုးလာသလဲ တွက်ကြည့် .."

သားအမိသုံးယောက် ပိတောက် ရဲ့အိပ်ခန်းထဲမှာ ပြန်စုမိကြတာနှင့် ဒေါ်ငုဝါသင်း လွတ်လပ်စွာ သက်ပြင်းချ ခေါင်းခါမိလျက်သာ...

"မမေလည်း မသိတော့ပါဘူး .. အားလုံးကို ဖြတ်တောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မောင်းထုတ်လိုက်တယ်ဆိုတာ နည်းနည်းနောနောတော့ ဟုတ်မယ် မထင်ဘူး ..''

''တွေးနေမယ့်အစား ဖုန်းဆက်မေးလိုက်ပါလား မေမေရယ် .. ဘာအပြစ်တွေ လုပ်လာသလဲ ..၊ 'သဏ္ဍာရာဇ်'စံအိမ်မှာ သူ ဘာလို့ သွားမနေသလဲ .. အကုန်မေးလိုက်ပေါ့ ..''

''အဲဒီလောက်ကြီး သိသိသာသာ သွားမေးလို့ ဘယ်ကောင်းမလဲ မှုံ ရယ် .. ကိုယ့်ဆီမှာ မထားချင်မှန်း သိသွားမှာပေါ့ ..''

''သိတော့ ဘာဖြစ်လဲ ..၊ ဘာဘလည်း မထားချင်လို့ မောင်းထုတ်လိုက်တာပဲ ..''

''ဟုတ်တယ် မေမေ .. ပြီးတော့ ဘာဘက ဟန်ဆောင်တတ်တာ မဟုတ်ဘူး .. အပြောလည်း ပြတ်တယ် ..၊ မေမေ မေးရင် အမှန်အတိုင်း ပြောပြမှာပဲ ..''

''တော်ပါအေ .. ညည်းတို့ ဉာဏ်ရည်လေး တစ်ထွာတစ်မိုက်နဲ့ မအေကို ဆရာ လုပ်မနေကြပါနဲ့ ..''

''အခု သူက ဘယ်မှာနေမှာလဲ ..''

''မသိဘူး .. ငါကတော့ အပေါ်ထပ်ကို လုံးဝပေးမနေဘူးလို့ ပြောပြီးသား ..''

''အေး .. ညည်းကတော့ ပြောဖို့ မစဉ်းစားနဲ့ ..''

ဒေါ်ငုဝါသင်း က ပိတောက် ကို ဘာမှမပြောနိုင်အောင် ပိတ်ပြောထားလိုက်ကာ ...

''ဒီအိမ်နဲ့ 'မင်္ဂလာ'စံအိမ်က အခန်းဖွဲ့ချင်း သိပ်ကွာတာ မဟုတ်ဘူး ..၊ ဒီလောက်ကြီးတဲ့ အိမ်ကြီးထဲမှာ ကိုယ့်တူမတစ်ယောက် အိပ်စရာ အခန်းတစ်ခန်းတောင် မပေးနိုင်ဘူးဆိုရင် လူကြားလို့ကောင်းမလား..''

''လူကြားကောင်းအောင် နေနေရရင် အသက်တောင် ဝဝရှူလို့ ရမှာ မဟုတ်ဘူး .. ၊ မေမေပဲ ဂရုစိုက်ချင်လည်း ချက်ချင်း .. မစိုက်တော့





လည်း ချက်ချင်း ..''

''မှုံ နော် .. မအေကို ညည်းက ..''

''မေမေကလည်း ဟုတ်တာပဲ ..''

''ကြည့်စမ်း ..၊ ညီအစ်မနှစ်ယောက်စလုံး မအေကို ..''

''အကျိုးအကြောင်း ပြောပြတာပါ မေမေရယ် .. ဘာဖြစ်ဖြစ် ပြောတယ်ပဲ ထင်နေတော့တာပဲ ..''

ပိတောက် က ပြောချင်ရာ ပြောတတ်သလောက် ပြောပြီးပြီဆို လေပြည်ထိုး၍ ပြန်လျှော့ချတတ်တာ အကျင့် ..၊

''မေမေပဲ စဉ်းစားကြည့်ပါဦး .. သမီးတို့ကတော့ သူ့ကို ငွေထုပ် ငွေခဲကြီးလို မျှော်လင့်နေကြတာ ..''

''ခုလည်း ဟန်ဆောင်မှုလေးတော့ ထားပါဦးကွယ် .. ဒီလောက် ချမ်းသာတဲ့ဟာ ဘဏ်မှာ မုန့်ဖိုးအပ်ထားတဲ့ငွေတွေ ဘာတွေတော့ ရှိမှာပေါ့ .. ကိုကြီးကလည်း အားကိုးတစ်ခုခုရှိမှန်း သိလို့သာ ကျောင်းမှန်း ကန်မှန်းသိအောင် နှင်လွှတ်လိုက်တာ နေမှာပေါ့ .. ညည်းတို့လိုတာ သူ့မုန့်ဖိုးထဲက ချော့မော့ ချေးကြည့်ပေါ့ ..''

''တော်ပါတော့ မေမေရယ် ..''

ရင်ထဲကခေါင်းအုံးကို ဆွဲထုတ်ပြီး မွေ့ရာပေါ် ကိုင်ရိုက်လိုက်သလို ပစ်ပေါက်၍ မှုံ က ထရပ်လိုက်သည်။

''သူ့မုန့်ဖိုးထဲက တောင်းသုံးရလောက်အောင်လည်း သမီးတို့ သိက္ခာမမဲ့သေးပါဘူး .. သူ့ဆီက ချေးဖို့ စိတ်ကူးထားတာကလည်း တစ်သိန်း နှစ်သိန်းတည်းမှ မဟုတ်တာ ..''

''ဟုတ်တယ် .. သမီးတို့က တစ်ကျပ်သား နှစ်ကျပ်သားကောင်တွေ မဟုတ်ဘူးလေ .. တစ်ပိဿာ နှစ်ပိဿာကောင်တွေ ..၊ ငွေချေးတယ်ဆိုပေမယ့် ခန့်ခန့်ညားညား ချေးမှာ ..''

''ဖြစ်ရလေ .. ငွေချေးတာတောင် ခန့်ခန့်ညားညားတဲ့ ..''



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ .. သူက အငယ်ဆုံးပဲဥစ္စာ .. သူ ဘယ်လောက်ချမ်းသာ ချမ်းသာ ဘာလို့အောက်ကျို့ရမှာလဲ ..၊ ပြီးတော့ မေမေ့တူမပုံကို ကြည့်ပါဦး .. လူကသာ စုတ်စုတ်ပြတ်ပြတ် အဆင့်အတန်းမရှိတဲ့ပုံနဲ့ .. ကြည့်တဲ့အကြည့်က .. ဟွန်း .."

"ဟုတ်လား မှို .. နင် ဘယ်လို ခံလိုက်ရလို့လဲ .."

"ခံစရာလား .. ငါ အကဲခတ်မိတာကို ပြောပြတာ ..၊ ပြောတဲ့စကားလုံးကလည်း နင်သာကြားရင် ချက်ချင်းထပြီး ဖနောင့်နဲ့ ပေါက်ချင်မှာ .."

"ဖြစ်နိုင်တယ် .."

ပိတောက် တို့ ထင်ကြေးတွေနဲ့ ဝေဖန် ထောက်ခံနေကြတာကို ဒေါ်ငုဝါသင်း ဘာမှမပြောနိုင်တော့ ..၊

ရှေ့မကြည့် နောက်မကြည့် ပြောဆိုတတ်တဲ့ ဒီနှစ်ယောက်ရဲ့ အကျင့်တွေနဲ့ မှုန်ကုတ်ကုတ် ပေကပ်ကပ် မိန်းကလေးတို့ ဘယ်လိုများ သင့်မြတ်စွာ ရှေ့ဆက်မလဲ ..၊

ခက်တော့ ခက်ပါပြီ ..၊





## အခန်း (၄)

"ဘယ်ကို ကြည့်နေတာလဲကွာ .."

"ချစ်စရာလေးမို့လို့လေ .."

"ချစ် နော် .. မောင့်ကို မစနဲ့ .."

"သြော်.. မောင်ကလည်း မိန်းကလေးပါ မောင်ရဲ့.. ယောကျ်ားလျာလေးပါ .."

"မဟုတ်တာကွာ.. .."

"ဟုတ်ပါတယ်ဆို .. မောင် သေချာကြည့်ပါလား .. ခြေချောင်း လက်ချောင်းလေးတွေ .."

"ခုခေတ် ကိုရီးယားစတိုင်လ်တွေ ပြင်ဆင်နေကြတာပဲ ချစ် ရာ.. ယောကျ်ားလေး မိန်းမလေး ခွဲလို့ကို မရတော့တာ .."

"ဒါက ကိုရီးယားမှ မဟုတ်တာ မြန်မာနိုင်ငံပဲဟာ.. မောင် ပြောသလောက်တော့ လုံးထွေးမနေပါဘူး .. မြန်မာယောကျ်ားလေးတွေက အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားဆိုတဲ့မာန်တွေ ရှိကြတာပဲ ..၊ အားလုံးတော့ လုံးထွေးမနေပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



တောက် .. သွားသေလိုက်တော့ ခြူ ..၊

မျက်နှာလွှဲ၍ ခပ်ကြိတ်ကြိတ် တက်ခေါက်ရင်း နေရာမှထလာခဲ့ရပြန်၏။ ကန်တော်ကြီးဥယျာဉ်တစ်ခုလုံးမှာ သူ့အတွက် အေးအေးထိုင်ဖို့ တစ်နေရာစာ မရှိနိုင်တော့ဘူးလား ..၊

ခပ်ပျော့ပျော့ ကုပ်ထောက်သာသာဆံပင်တွေကို စိတ်ပျက်စွာ ဖိသပ်ချရင်း ကိုယ့်အဖြစ်ကို အော်၍ ငိုချင်းချချင်လာ၏။

"မဖြစ်နိုင်တာကို မလုပ်ချင်နဲ့ ခြူ .. ညည်းကိုညည်း ဘာလဲဆိုတာ မမေ့နဲ့ .. လူတစ်ယောက်ရဲ့အဆင့်အတန်းဆိုတာလည်း ကိုယ့်ဘာသာ သတ်မှတ်လို့ မရဘူး .."

ဘဘ ပြောခဲ့တဲ့စကားတချို့ကို တွေးရင်း ကန်ရေပြင်ဘက် ငေး၍ ခပ်လှုပ်လှုပ် လျှောက်နေမိသည်။

ရည်းစားအတွဲတွေနားမှာ မထိုင်ချင်ပေမယ့် ကိုယ့်ဘာသာ ထိုင်နေတော့လည်း သူတို့ကပဲ မလှမ်းမကမ်းကို ရောက်လာကြသည်။ ကိုယ်က မကြည့်ပေမယ့် ကိုယ့်ကိုကြည့်၍ ဟိုပြောဒီပြောတွေ ကြားလာရ၏။

ထိုအခါ ကိုယ်ပဲ နောက်တစ်နေရာ ထပြောင်း ..၊

တစ်နေကုန် အေးအေးထိုင်ပြီး လွတ်လပ်အေးချမ်းစွာနေဖို့ စိတ်ကူးက မအေးချမ်းခဲ့ဘဲ စိတ်ညစ်ရတိုင်း ဘဘရဲ့စကားတွေကို သတိရနေမိခဲ့သည်။

ဒါဆိုရင် လူတွေက ကိုယ့်ကို ဘယ်လိုသတ်မှတ်နေကြသလဲ ..၊

"ဟိုတုန်းကအတိုင်းပဲ ခြောက်မှန်း စိုမှန်း မသိ.." တဲ့ ..၊

သူမပုံစံက မိန်းမ ယောကျ်ား ခွဲရခက်လောက်အောင် ဖြစ်နေပြီကို မသိလို့တော့ မဟုတ်ပေ ..၊ ဒါပေမယ့် ကိုယ့်ရဲ့သွေးသားရင်းချာတွေ ပါးစပ်က ပြောချလိုက်တာမျိုးတော့ တစ်ခါမှ အပြောမခံခဲ့ရသူပါ..၊ ဒါပေမယ့် ...

ဒီထဲဝင်လာကာမှ စနောက်သွားကြတာတွေ .. ခုနစုံတွဲ ပြောလိုက်တဲ့စကားတွေကြောင့် ပိတောက် တို့ ပြောတာလည်း ပြောစရာမို့ ပြောတာပဲလို့ မှတ်ရမှာပါ ..။

ဒါဆို သူမ ဒီလိုပုံစံမျိုးကိုမှ တမင် ဖန်တီးခဲ့မိတာလား ..၊

"ဘဘ ကျွန်တော့်ကို မသိတဲ့လူတွေက ယောကျ်ားလေးပဲမှတ်ပြီး လာစကားပြောနေကြတာ သိလား .."

"ညည်းက စိတ်ဆိုးလို့လား"

"မဆိုးပါဘူး .. ဒါပေမယ့် တမင်တကာ တူအောင်လုပ်နေတဲ့လူတွေက မတူဘဲနဲ့ ကျွန်တော့်ဘာသာ လွတ်လပ်သလိုနေတာကို လာမှားကြတာ ရယ်ချင်တယ် .."

"ဒါဆို ညည်း သဘောကျနေတာပဲ ဘာဖြစ်လဲ ..၊ ကိုယ့်စိတ်ချမ်းသာဖို့ထက် ဘာမှ ပိုအရေးမကြီးဘူး .."

ဒီလိုစကားတွေ ပေါ့ပါးစွာပြောပြီး ဘဘနဲ့အတူ ရယ်မိခဲ့ကြသေးသည်။

တကယ်က ဒီလိုဖြစ်လာအောင် ဘယ်သူမှ တမင်တကာ လုပ်ယူဖန်တီးခဲ့တာ မပါပေ ..၊

ငယ်ငယ်တည်းက မိတဆိုးလေး ဖြစ်ခဲ့တဲ့အတွက် ဖေဖေ့လက်ပေါ်မှာတည်းက ဖေဖေက ယောကျ်ားလေးအင်္ကျီ အဝတ်အစားတွေနဲ့ပဲ ခြူ့ကို သွားလေရာ ခေါ်သည်။

'သမီး'လို့ ခေါ်ပေမယ့် 'ခြူ'လို့ပဲ ခေါ်တာများကာ သူမကတော့ ကိုယ့်ကိုယ်ကိုယ် 'အနော်'လို့ပြောရင်း ကျွန်တော် ဖြစ်လာခဲ့တာဖြစ်၏။

အရာရာဟာ ဒီဘက်ကို နွယ်လာခဲ့ရင်း ဒီပုံစံ ဖြစ်ထွန်းလာခဲ့တာပါ ..၊ ခြူ့ရင်ထဲမှာ ယောကျ်ားလေးဖြစ်ချင်စိတ်တွေ ပြင်းပြခဲ့တာလည်း မဟုတ် ..၊

သူများတွေ အထင်မှားလောက်အောင် မိန်းကလေးပုံစံ ပျောက်သွားချင်တာလည်း မဟုတ်ခဲ့ဘဲ ...







www.burmeseclassic.com

www.burmeseclassic.com



"တိ .."

"ဟာ!..."

"အောင်မလေးဗျာ!..."

နားထဲမှာ တီခနဲ စူးရှစွာဝင်လာသည့် ကားဟွန်းသံက ကား၏အရှိန်ကိုပါ ဖော်ပြလိုက်သလိုရှိကာ ခြူ ထိတ်လန့်ပြီး ဘေးကို ကမန်းကတန်း ခုန်ရှောင်လိုက်မိသည်။

ထိုအခါ နောက်မှာ နီးကပ်စွာပါလာသည့် ဈေးသည်နှင့် ပစ်တိုက်မိပြီး လုံးထွေး လဲလေသည်။

"ဟား .. ဟား .. ဟား ..."

"အာဂသတ္တိကွ .."

အကွေ့မှာ ပိုက်ချလာသည့်ကားက အရှိန်မလျှော့သည့်ပြင် ခြူ့အဖြစ်ကို လှောင်ရယ်သွားကြတာ ဝါးလုံးကွဲ ..၊

"မင်း ဘယ်လိုလုပ်လိုက်တာလဲကွ .."

"ကျွန်တော်လည်း ကားကိုရှောင်လိုက်တာ ဦးလေး မြင်တာပဲ.."

"ငါ မြင်တာတော့ ကားနဲ့ မင်းက အဝေးကြီးပဲ .."

"အနားရောက်မှ ဟွန်းကပ်တီးလိုက်တော့ လန့်သွားတာကိုး .."

"အေး .. ဘာကြောင့်ဖြစ်ဖြစ် ငါ့မုန့်ထုပ်တွေ ကွဲကုန်ပြီ .. အအေးဘူးတွေ လေးဘူးတောင် ကန်ထဲ လိမ့်ဆင်းသွားတာ မင်း ပြန်လျော်ပေးရမှာပဲ .."

"ဘာ!..."

ဆိုင်းထမ်းလုပ်ပြီး လွယ်ထားသည့် မုန့်ထုပ်တွေက လူတက်ဖိမိကာ ပေါက်ကွဲကုန်တာတော့ မြင်သည်။ ဒါပေမယ့် အအေးဘူးဆိုတာ သူမ မသိလိုက်ပေ ..။

"ဒီမုန့်ထုပ်တွေက အင်း .. ဒီနှစ်ထုပ်က နှစ်ရာတန်၊ ဒါတွေက ငါးရာတန် သုံးထုပ်၊ ဒီဝေဖာက တစ်ရာနဲ့ ငါးထုပ်ဆိုတော့ ငါးရာ၊





အအေးဘူးက ကုတ်တစ်ဘူးနဲ့ စပရိုက် သုံးဘူး ဆိုတော့ .."

"ဦးလေးရဲ့ အအေးဘူးက ဒီကနေ ဘယ်လိုအင်အားနဲ့ လူမသိသူမသိ ခုန်ပေါက်ကျကုန်တာလဲ ..၊ ကျွန်တော် တစ်ဘူးမှလည်း မမြင်လိုက်ဘူး .."

"ဩော် .. အအေးဘူးကပဲ မင်းကို လက်တို့အကြောင်းကြားပြီးမှ ရေထဲ ဆင်းရဦးမယ် .."

"ဒါကတော့ ..."

"မင်း မယုံရင် ဒီရေစပ်ကို ဆင်းငုပ်လိုက်လေ .."

ခြူ ဒေါသထွက်သွားသည်။ လူကြီး မျက်နှာပုံပန်းအရ တမင်ညစ်နေမှန်း သိသာကာ မတည်ငြိမ်သည့်မျက်လုံးတွေကလည်း ဒါမျိုးအတွက် မျက်နှာပြောင်ပြောင်နဲ့ ငြင်းနေဖို့ ဝန်မလေးတတ်သူဖြစ်ကြောင်း ဖော်ပြနေကြ၏။

ဒါပေမယ့် ကိုယ့်ကြောင့် ပျက်စီးကုန်တာတွေက ပြစရာ ရှိနေပြင် ပြစရာမရှိတာတွေ ဆွဲပြောနေတာကိုလည်း မငြင်းနိုင် ..။

"မင်း မြန်မြန်လုပ်လေကွာ .. ငါ ဈေးရောင်းရဦးမှာ .."

"ကျွန်တော့်မှာ ပိုက်ဆံမပါဘူး .."

"ဘာ!..."

သူတို့အဖြစ်ကို ခပ်ဝေးဝေးမှာ ရပ်တန့်သွားသည့် ကားပေါ်ကလူတွေက လှမ်းကြည့်ပြီး ရယ်နေကြသေးသည်။

"ဟိုမှာ ချာတိတ် ကျိုင်တက်နေပြီ .."

"အေးကွာ .. လန့်ဖျန့်ခုန်ပေါက်သွားလိုက်တာ အံ့ရော .. ဟား.. .. ဟား ..."

"ကားနဲ့ငြိတာမှ မဟုတ်တာ ကိုယ်ဖြစ် ကိုယ်ရှင်းပေါ့၊ ဟဲ.. ဟဲ.. ဒါတော့ မကောင်းဘူး .."

"ဘာတွေဖြစ်ကုန်လို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



စစ် က ပါးစပ်ထဲမှာ စုပ်လုံးတစ်ဖက်နှင့် ဖုန်းကိုင်ရင်း လှမ်းမေး
သည်။

"သိချင် ဆင်းကြည့်ပေါ့ကွာ .. မင်းက ထိုင်ရာမထကိုယ်တော်
လုပ်နေပြီးတော့ .."

"ဒီမှာ ရှုံးသွားမှာစိုးလို့ .."

"ဩော် .. နားထောင်ဖော်တော့ ရသေးတာပေါ့ .."

"ကြားတယ် .. ဘယ်သူ့ကို ချိတ်ပစ်ခဲ့တာလဲ .."

"အောင်မာ .. ဘယ်သူ့ကိုမှ မချိတ်ဘူး .. သူ့ဘာသာ ဆေးက
ဈေးသည်ကို ပြေးချိတ်ပြီး ကွိုင်တက်နေတာ .."

"ဟား .. ဟား .. ဟား .. စစ် .. မင်း ထွက်ကြည့်ပါလား
ဟိုမှာ မပြီးသေးဘူး .."

သူတို့ ဘယ်လောက်ခေါ်ခေါ် စစ် က အနိုင်မခံ အရှုံးမပေး ကြ
ပမ်းရင်း မျက်လုံး နည်းနည်းလေးမှ မရွေ့ ..။

"ထားခဲ့ကွာ .. ငါတို့ ရေစပ်မှာ ထိုင်မယ် ..၊ ဒီကောင် မပြီးမချင်
ထမှာ မဟုတ်ဘူး .."

နေစိုး က ကားထဲက ဂီတာကိုဆွဲယူပြီး ရေစပ်ဘက်ကို ဆင်း
ဒီလှိုင်း က မကျေနပ်ဘဲ အိတ်ထဲကဖုန်းကို တိတ်တဆိတ် နှိုက်ယူပြီး

"ဘယ်ကဖုန်းလဲကွာ .. အေးဆေးနားမလို့ လာတာကို .."

ကိုယ့်ဘာသာ တစ်ယောက်တည်း သရုပ်ဆောင်ရင်း မျက်နှာ
ရယ်ချင်ပက်ကျိပေမယ့် လေသံက လုံးဝအငြိမ် ..၊

"ဟလို .. အင်း .. ကာရန် လား .. ဟင် ဟုတ်လား .. အဲ ..
တယ်.. နေဦး နော် .."

ဖုန်းကို နားက ခွာလိုက်ပြီး စစ် ကို လှမ်းကြည့်ကာ ...

"စစ် .. ကာရန် တို့ ဒီထဲရောက်နေကြတယ်ကွ .."

"မင်းတို့နဲ့ ချိန်းထားတာပဲ ရောက်မှာပေါ့ .."





စစ် က လှည့်မကြည့်ဘဲ ပြောသည်၊ ဒီလှိုင်း မျက်နှာပျက်ပေမယ့်
ချက်ချင်း ...

"လျှောက်ပြောမနေနဲ့ ဟော့ကောင် .. ငါနဲ့ လင်း နဲ့လည်း ကွိုင်
တက်ထားတာ .. ချိန်းစရာ ဘာအကြောင်းမှ မရှိဘူး .."

ပြောလိုက်ပေမယ့် စစ် က ဘာမှမပြောတော့ပေ ..၊

"ဟော့ကောင် ပြောလေကွာ .. မင်း သွားတွေ့မလား ..၊ ဘယ်နား
လဲ မေးလိုက်မယ် .."

စစ် က မလှုပ် ..၊

"စစ် .."

"တိတ်တိတ်နေကွာ .. ဒီမှာ နိုင်တော့မယ် .."

"ကျွတ်!..."

ဒီလှိုင်း စိတ်မရှည်တော့ဘဲ တံခါးဆွဲဖွင့်လိုက်ကာ ခေါင်းတစ်လုံး
ဝင်အောင် ကားထဲကို ငုံ့၍ ...

"လင်း တို့ကလည်း ပြောနေတယ် .. ကာရန် က မင်းကို ရှင်းပြ
နေတာတဲ့ .."

"... ... ... ..."

"ဖြစ်တုန်းကလည်း မင်းချည်းပဲ ဗိပြော ဗိဟောက်ခဲ့တာ ..၊ သူ
ပြမယ်ဆိုတာ နားထောင်လိုက်ပါကွာ .."

"ဟေး .. နိုင်ပြီ .."

ကူရှင့်မှာ မှီတွယ်နေရာကနေ မတ်ခနဲ ထဖြစ်တော့ ဒီလှိုင်း ကိုယ်
နောက်ပြန်ထွက်မလို တွန့်သွားသည်။

"ဒါပဲပေါ့ .. ဟား .. ဟား .. တယ်တော်တဲ့ ငါ .."

"စစ် .."

"အား .. ညောင်းလိုက်တာကွာ .."

သူပြောတာကို တစ်ခွန်းတစ်ပါဒမှ မပြန်ဘဲ ဟိုဘက်က တံခါးဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အပျင်းဆန့်နေသေးသည်။

"ဒီဂိမ်းကို ဘယ်တုန်းကမှ မနိုင်ခဲ့ဖူးဘူး ..၊ ဟား .. ကောင်းလိုက်တာ .."

"စစ် .. မင်းကို ငါ ပြောနေတာ .."

"ဘာလဲ .. မကြားဘူး .."

"သူတောင်းစား .. ဒီမှာ ဖုန်းတောင် မပိတ်ရသေးဘူး .. မင်းအဖြေကို စောင့်နေတာ .."

စစ် က သူ့ဘက်ကို လှည့်ကြည့်ပြီး မချိုမချဉ်မျက်နှာနှင့် ...

"ဖွင့်မှမဖွင့်တာ ဘာလို့ ပိတ်ရမှာလဲ .. ဟွန့် .."

"အံ့မယ် .. ငါက ..."

"ချေးထုပ် .."

"စစ် .. မင်း တကယ် စိတ်မဝင်စားတော့တာလား .."

စစ် က မဖြေဘဲ ရေစပ်ကိုဆင်းသွားသဖြင့် ဒီလှိုင်း နောက်က လိုက်လာကာ ...

"ကာရန် သနားပါတယ်ကွာ .."

"သနားရင် မင်း သွားတွေ့လိုက် .."

ကမ်းစပ်မှာ ထိုင်နေပြီဖြစ်သည့် နေစိုး တို့က သူတို့ကိုကြည့် ရယ်ကျဲကျဲ ..၊

ဒီမျက်နှာတွေမှာ ကာရန် နဲ့ သူ့ကို ဒီနေရာမှာပဲ ပြန်လည်ဆုံ ပေးကြဖို့ စိတ်ကူးထားကြတာတွေက အထင်းသား ..၊

"လင်း ကလည်း ငါ့ကို .."

"ဒီလှိုင်း .. မင်း ငါ့ကို ထပ်ကျောင်းမနေနဲ့ ..၊ သူ့ကြောင့် ဒီ့ထက်ပိုပြီး စိတ်ရှုပ်မခံနိုင်တော့ဘူး .. နဂိုတည်းက မိန်းကလေးတွေ ကွိစကွစတွေကို သိပ်စိတ်ရှည်တာ မဟုတ်ဘူး .."

"မင်းကလည်း မာနကို ကြီးတာပါ .."





"ဒါတော့ မင်း မပြောနဲ့ ဒီလှိုင်း .. ကာရန် ကလည်း သိပ်မဟုတ် ဘူး ..၊ တစ်နေရာမှာ တစ်ယောက်နဲ့ တွေ့တယ် ..၊ မေးလိုက်ရင် အစ်ကို တွေ မောင်တွေချည်းပဲ .. တကယ် ဟုတ်မဟုတ် ဘယ်ကောင့်ကို ရိုက် စစ်ရမလဲ .."

မာန်ရဲ က ရည်းစားလည်း မထားခဲ့ဖူးသလို နေရာတကာ ဝင်ပြော တတ်တဲ့အကျင့်လည်း မရှိပေ ..၊ ထို့ကြောင့် သူပြောတာကိုတော့ နည်း နည်း အလေးထားကြကာ ...

"မာန်ရဲ ကလည်းကွာ .. မင်းကလည်း စေ့စပ်ပေးမယ် မရှိဘူး.."

"ဘာလို့ စေ့စပ်ပေးရမှာလဲ .. ရည်းစားကွဲတာ ရင်နှစ်ခြမ်း ဗြန်း ဗြန်းကွဲသွားနိုင်လို့လား .."

"ဒါပေမယ့် ရှင်းပြချင်ပါတယ်ဆိုတာတော့ နားထောင်ပေးသင့် တာပေါ့ .."

"ထောင်သင့်တာ မထောင်သင့်တာ သူ ဆုံးဖြတ်လိမ့်မယ် .. တိုက် တွန်းမနေနဲ့ .."

"ကာရန် တို့က သူ့အဘွား ခေါ်တာနဲ့ မိုးကုတ်ကို ပြန်ရမှာတဲ့.."

"အဲဒါကို ပူဖို့ မပူဖို့လည်း သူ့ဘာသာ ဆုံးဖြတ်လိမ့်မယ် .."

နေစိုး က ဒီတိုင်း မျက်နှာကြီးကို လှမ်းကြည့်ပြီး ဂီတာကို ဘေးချ ထားလိုက်ရင်း ရယ်သည်။

"ဒီလှိုင်း ရာ .. မင်း ကလည်း လင်း နားပူတိုင်း စစ် ကို လာကျပ် ပြန်ပြီ ..၊ ထားလိုက်စမ်းပါ သူတို့ကိစ္စ .."

"မဟုတ်ဘူး ..၊ လင်း က ကာရန် နဲ့ စစ် ကို ပြန်လုပ်မပေးနိုင်ရင် ချစ်တော့ဘူးလို့ သူ့ကို ပြောထားလို့ .."

"မာန်ရဲ နော် .."

"မဟုတ်ရင် မနာနဲ့ .."

"မဟုတ်လို့ နာတာပေါ့ကွ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟား .. ဟား .. ဟား ..."

"သနားပါတယ်ကွာ .. လင်း ကို ချော့မရတာနဲ့ သူများအတွဲကို ကြိုးပမ်းပေးနေရှာတာ .."

"နေစိုး .."

"ရှက်မနေပါနဲ့ .. မင်းကို လင်း ဘယ်လိုကျပ်ထားတာ မသိတာ ကျနေတာပဲ .."

"ဘာမှမဆိုင်ဘူး .."

ချစ်ကြပြီဆိုတည်းက လင်း ကို သူကချည်းပဲ ချော့မော့ အလျှော့ ပေးနေခဲ့ရသဖြင့် သူငယ်ချင်းတွေ ပြောကြတာလည်း သိပ်တော့မလွန်

အားလုံး ဝိုင်းပြောနေကြတာကို ခုခံမငြင်းတော့ဘဲ ဒီလိုင်း သစ် ဆုံပေါ်မှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ကာ ...

"သူများတွေကျတော့လည်း မာနတွေ ကြီးနိုင်လိုက်ကြတာ .."

"မင်းက ဘယ်ကြီးနိုင်မလဲ .. စတွေ့တည်းက 'ချစ်သူအလုပ် ပုဇွန်တုပ်ကွေး' ဖြစ်နေတာကိုး .."

"ဘာလဲ ပုဇွန်တုပ်ကွေး ဆိုတာ .."

"ပျဉ်ပ မီးသေပြီး ပုဇွန်တုပ်ကွေးလို ဖြစ်နေတာလေ .. လ က ဆေးကျောင်းသူမို့လို့ .. ကျောင်းအုပ်ဆရာမဆိုရင် မင်းဆံပင် တောင် တစ်ချောင်းမှ ရှိမှာ မဟုတ်တော့ဘူး .."

"ဘာဖြစ်လို့လဲ .."

"မသိဘူး .."

"ငါ သိတယ် .."

"ဟား .. ဟား .. ဟား ..."

သူငယ်ချင်းတွေ ဝိုင်းရယ်ကြတော့လည်း ဒီလိုင်း ရှုံ့မဲ့မဲ့နှင့် ဘာ မပြောနိုင် ..၊

ပြီးတော့ ရွှဲစိတ်သန်သန်နှင့် စစ် ကို အားမလျော့စွာ လှမ်း





ဦ ...

"မင်း တကယ် စိတ်ပျက်သွားပြီလား .."

"အဲဒါ အစတည်းက မေးပါလား"

"ချစ်နေတုန်းပဲ ထင်လို့ပေါ့ .. ခုမှ တစ်ပတ်ပဲရှိသေးတာ .."

"ငါ့စိတ်ထဲမှာတော့ လောင်း လောင်း အကိုးမှာ ကျန်ခဲ့သလိုပဲ.."

စစ် က စုပ်လုံးကို နှုတ်ခမ်းထောင့်တစ်ဖက်ကနေ တစ်ဖက်ကို ပြောင်းကပ်လိုက်ရင်း ဟိုကြည့် ဒီကြည့်နှင့် ...

"ဟာ!..."

"ဘာတုံး .."

သူ့အာမေဋိတ်သံကြောင့် သူ ကြည့်တဲ့အတိုင်း အားလုံး လှည့်ကြည့်ကြကာ ...

"ဟာ .. ဟိုချာတိတ် ဂျင်းဂျက်ကက်လေး ချွတ်ပေးနေပြီ .."

နေစိုး က လက်ဖဝါးနှစ်ဖက် ဖြန်းခနဲ ရိုက်ရင်း အံ့ဩသလိုလို..၊ စိတ်မကောင်းသလိုလိုနှင့် ဘာမှန်းမသိ ..၊

"ဒါတော့ မကောင်းဘူးကွ .. ဒီဈေးသည် ညစ်တာ .."

"ဟုတ်တယ် .. သူ ရောင်းတာတွေက ဘာတွေမို့လို့လဲ .."

အမှတ်တမဲ့ လှမ်းကြည့်ပြီး ပြောနေမိကြစဉ် ဒီလိုင်း တအံ့တဩ နှင့် ...

"စစ် ဘယ်သွားတာလဲ .."

"အေး .. ဒီကောင် ဘာတွေ စိတ်ဝင်စားသွားလို့လဲ .."

"မဟုတ်ဘူး .. ဖြစ်သွားတဲ့ပုံက ချာတိတ်ကို သိနေတဲ့ပုံ .."

အလှမ်းကွာနေမှ သိကြတော့ မေးကြည့်လို့လည်း မရတော့ပေ..၊ တို့ ဒီလိုဖြစ်ကျန်ခဲ့တာကို စစ် သိသည်။ ဒါပေမယ့် သူ စိတ်ဝင်စား တာက ရှေ့မှာမို့ နောက်ကို လုံးဝ လှည့်မကြည့်တော့ဘဲ လျှောက်လာ ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေတာလဲ ချာတိတ် .."

ခြူ နောက်ကို ပြန်လှည့်ကြည့်လိုက်သည်။ ဒီလူကို မြင်လိုက်တာ နှင့် ချက်ချင်း မှတ်မိသွား၏။

"ဟင် .. အကျီပေးပြီး ဘာလုပ်လိုက်တာလဲ .."

"ဘာဖြစ်ဖြစ် .."

ပြောပြီး ပြန်လှည့်သွားပုံက စေတနာကို အလုံးလိုက် ပုတ်ထုတ်ပ လိုက်တာ ဖြစ်၏။ ဒါပေမယ့် သူကိုက စပ်စပ်စုစု လုပ်ချင်နေကာ

"မဟုတ်ပါဘူး .. ငါက .. ဟေ့လူ နေဦး .."

စစ် က ခြူ့ကို ထပ်မေးမလို့ လှည့်ပြီးမှ ဈေးသည်က ထွက်ခွာ ကို အသည်းအသန် လုံးပမ်းနေသဖြင့် ရေသန့်ဘူးတွေ ထည့်ထားသည ခြင်းကို လှမ်းဆွဲထားလိုက်သည်။

"ခင်ဗျား နေဦး .."

"ဘာဖြစ်ဖြစ်ဗျာ .. နေဦးဆို နေဦးပေါ့ .."

သူ ထဲထဲဝင်ဝင် ပါဝင်လာသဖြင့် ခြူ က ပြန်လှည့်ကြည့်ကာ

"ခင်ဗျားက ဘာလဲ ..၊ ကျွန်တော် ဘာဖြစ်တယ်ဆိုတာ မြင်တ မဟုတ်လား .."

ဒီက စေတနာနဲ့ပြေးလာတဲ့လူကို သူ့ကို အပိုတွေ လျှောင်ရယ ပြေးလွှားရောက်လာသလိုလို ..၊

စိတ်တော့ တိုသွားမိသည်။ ဒါပေမယ့် ဈေးသည်ပုံစံကို ဗို မသက်သာသဖြင့် ပြန်လှည့်မသွားနိုင် ..။

"မြင်လို့ လာမေးတာပေါ့ကွ .. အကျီချွတ်ပေးပြီး ဘာလုပ် လဲ .."

"ငါ့ပစ္စည်းတွေ သူ့ကြောင့် ပျက်စီးသွားလို့ လျော်ပေးတာကွ မင်းက ဘာထပ်သိချင်သေးလို့လဲ .."

ဈေးသည်က သူ့ခြင်းကို စစ် လက်ထဲက ပြန်ဆွဲရုန်းပြီး မာဆ





ဆတ် ပြန်ပြော၏။

"ဘာပစ္စည်းတွေမို့လို့လဲ .. အကျီချွတ်ပေးရလောက်အောင် .."

စစ် က ခြေလှမ်းရှေ့ပြီး မြေပြင်ကို ငုံ့ကြည့်သည်။ ဈေးသည်က ရှင်းပြနေတာ သူ့အသံချည်းပဲ လွှင်နေခဲ့လျက် ...

"ကွဲသွားတဲ့ မုန့်ထုပ်တွေက ဒါပဲဆိုပေမယ့် မကွဲသေးဘဲ ပျက်စီး တာတွေရော .. ငါ့ရေသန့်ဘူးတွေ ညစ်ပတ်ပေပွကုန်တာရော .. အပျက် အစီးတွေ အားလုံးအတွက်ပဲ .."

ခုန ရှင်းပြတုန်းကတော့ ဒီတန်ဖိုးတွေ မပါပါလား ..၊

ခြူ က ဈေးသည်ကို မျက်မှောင်ကုတ်ကြည့်သည် ..၊ စစ် ကတော့ ပြောသမျှကို နားထောင်ရင်း ...

"ဟုတ်ပြီ .. ဒီကနေ ရေထဲကျသွားတာ အအေးဘူး လေးဘူး နော် .."

"အဲဒါ ငါ မြင်လိုက်တာပဲ ရှိသေးတယ် .. ခြင်းထဲကို ငုံသချာ ပြန်မစစ်ရသေးဘူး .. ၊ 'က'ချင်မှတောင် ကမှာ .."

"ဒါနဲ့ ခုနပြောတော့ အားလုံး ထွက်ကျကုန်လို့ ပေပွ ပျက်စီးကုန် ဟာ ဆို .."

"မင်းက ဘာဖြစ်လို့ မယုံသင်္ကာတွေ ဖြစ်နေတာလဲ .. ငါတို့ချင်း ရှင်းပြီးပြီ ..၊ ဈေးရောင်းဖို့ အချိန်မရှိဘူး.."

"မရဘူးလေ .. သူ့မှာ ပိုက်ဆံမပါလို့တောင် ခင်ဗျားကို အကျီ ချွတ်ပေးထားခဲ့တာ..၊ ဒီကိစ္စ တကယ်ညီမျှမှ ဖြစ်မှာပေါ့၊ ခင်ဗျား မသွား နဲ့ဦး .."

တကယ်ဆို အကျီ ပြန်ယူပြီး သူ့အိတ်ထဲက ထုတ်လျော်ပေးလိုက် ရင် ပြီးသွားမှာ ဖြစ်သည်။

ဒါပေမယ့် ဒီချာတိတ်က သူပြီးပါပြီဆိုတိုင်း ပြီးမယ့်ပုံ မရှိသလို ဈေးသည် ကြည့်ရတာ သိပ်မဟုတ် ..၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာလုပ်မလို့လဲ .."

စစ် က ချေးသည်ကို မဖြေဘဲ ချို့ ကို မော့ကြည့်ရင်း ဘောင်းဘီ အနားစတွေကို ပင့်တင်ကာ ဖိနပ်ချွတ်၏။

"ချာတိတ် ခဏနေဦး .. ဒီကိစ္စ အမှန်အတိုင်း သိရဖို့ လိုတယ်.."

ချို့ က စကားတစ်ခွန်းမှ ထပ်မပြောဘဲ သူ ရေထဲဆင်းတော့မှာကို သိလိုက်သဖြင့် ချေးသည်ကို လှမ်းကြည့်မိ၏။ ချေးသည် မျက်စိမျက်နှာ ပျက်ယွင်းနေလျက် ...

"မင်းက ရေထဲဆင်းမလို့လား .."

"ဟုတ်တယ် .."

"ကန်ထဲ မဆင်းရလို့ စာရေးထားတာ နော် .."

"အဲဒါ ခင်ဗျား ရှင်းရမှာ မဟုတ်ဘူး .."

"ငါက အဲလောက်ထိ ထိုင်စောင့်ပေးရမှာလား .."

"မစောင့်ချင်ရင် သွားလေ .. အကျိုးနိုးမှုနဲ့ ခင်ဗျားနောက်ကို လုံခြုံရေး လိုက်ခိုင်းမယ် .."

သူ ရေစပ်ဆင်းသွားတော့မှ ချို့ က လိုက်သွားကာ ...

"ဒီမှာ ခင်ဗျား ဆင်းဖို့ မလိုပါဘူး .."

သူက ပြန်လှည့်ကြည့်ကာ ...

"ဘာဖြစ်လို့လဲ .."

"ရေ ဘယ်လောက်နက်မှန်း မသိဘဲနဲ့ .."

"ကိုယ်ကိုယ်ကိုယ် အသေခံပြီး ငါက မင်းကို မျက်နှာလိုမျက်နှာရ လုပ်စရာလား .. အေးဆေး နေ .."

ဖြူဝင်းနေသည့်ခြေသလုံးပေါ်မှာ ကြမ်းရှသည်မွေးညင်းတို့ စိမ်းမှောင်နေကာ ထိုခြေထောက်တစ်ဖက် ရေထဲချလိုက်သည်နှင့် ချို့ ထိတ်ခနဲ ဖြစ်သွားသည်။

နောက်ထပ် ခြေတစ်ဖက် ရေထဲရောက်သွားပြီးမှ စိတ်သက်သာရာ





ရကာ .. ဒီနားမှာ ရေတိမ်နေတာ သူ သိနေသဖြင့် ချေးသည် ကံဆိုးပြီကို သိလိုက်၏။ ရေထဲကျသွားသည့် အအေးဘူးတွေကိစ္စက ဘယ်လိုမှ မရိုးသားနိုင်မှန်း သူမလည်း သိခဲ့တာပဲ ...၊

ဒါပေမယ့် ဖွတ်ကြီး ဖိနှင်းပြောနေသဖြင့် ရှက်ရှက်နဲ့ ပြီးစလွယ် ရှင်းပေးခဲ့မိတာ ဖြစ်သည်။

"ဒါလား ကုတ်လေးဘူး ဆိုတာ .. "

လိပ်တင်ထားသည့် ဘောင်းဘီအောက်စတွေထိ ရေတွေစိုကုန်ကာ သူ့အကျိုလက်မောင်းရင်းထိပါ ရေထဲမှာ နစ်ဝင်ကုန်လျက် ...

"ဟေ့ကောင် .. မင်း ဘာဆင်းလုပ်တာလဲ စစ် .."

ပြေးလွှားရောက်လာကြတာက နေစိုး တို့ ဖြစ်ကြကာ ဒီနေရာမှာ လူငယ်တွေ စုပြုံလာသည်နှင့် ချေးသည်မျက်နှာ ဆီးရွက်လောက် ငယ်ကျသွား၏။

တံတွေးမျိုချရင်း စီပလပ်ဘူးအပြင် နောက်ထပ် ဘာမှ ထပ်ထွက်မလာသည့် ရေပြင်နဲ့ လိုက်စမ်းနေသည့်လက်ကိုပဲ ကြက်သေ သေသလို ငေးနေခဲ့ကာ ...

"ကဲ .. ဘယ်မှာလဲ .."

"ဘာပြောဦးမလဲ .. ခင်ဗျား .."

ပြဿနာကို သိသွားကြတော့ နေစိုး တို့ ဒေါတွေကန်ကာ ...

"ခင်ဗျားက ဘာလဲ .. ဒါမျိုး လုပ်စားနေကျလား .."

"ပြန်ပေးလိုက် .. သူများအကျိုး .."

"ကျသွားတာတော့ အမှန်ပဲကွ .."

"အံမာ .. ပြောနေတုန်း .."

"သူ့ကို ရေထဲ တွန်းချပစ်လိုက်ကွာ .. "

"ဟုတ်တယ် .. ကိုယ့်ဘာသာ ဆင်းရှာမလား .."

စစ် ကမ်းပေါ်ပြန်တက်လာတော့ လက်ကနေ တောင်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ထိ ရေတွေစိုနေကာ ...

"သူ့ကို လုံခြုံရေးလက်ထဲ အပ်လိုက်တော့ .."

"ဟာ .. မ .. မလုပ်နဲ့လေ ..၊ ငါလည်း ထင်လို့ ပြောတာပဲကွ .. ရော့ .. မင်းတို့အင်္ကျီ ပြန်ပေးရင် ပြီးရောမို့လား .."

အင်္ကျီကို သူတို့လူစုထဲ လုံးထွေးပစ်ထည့်ကာ ထွက်ပြေးဖို့ ခြေလှမ်းပြင်ရင်း ...

"ဒါပေမယ့် ငါ့မုန့်ထုပ် ပျက်စီးတာတွေ .."

"ဟော့လူ ခင်ဗျား ဘာလဲ ..၊ ရေထဲကန်ချပစ်ရရင် ခေါင်းစိုက်သွားဦးမယ် .."

စစ် တို့လူစုကို ကြည့်ကာ ဈေးသည် ဘာမှမပြောရဲတော့ဘဲ တစ်ချိုးတည်း လစ်လေသည်။

"ဟော့ကောင် .. ရော့ .."

ဒီလှိုင်း က သူ့ရင်ခွင်ထဲရောက်လာသည့်အင်္ကျီကို ခြူ့ ဆီ ပြန်ပစ်ပေးကာ ...

"ယောက်ျားဆိုတာ မဟုတ်မခံစိတ်တွေနဲ့ ဒီလောက်တောင် အတိုက်အခံ ငြင်းမနေပါနဲ့ .. ဒေါသကို လျှော့ .."

ခြူ့ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ နေတာကို ဒီလှိုင်း က ငေါ့သည်..၊ ခြူ့ က ခပ်တည်တည်မို့ ...

"ဘာလဲ .. မင်းက ငါတို့ကို တင်းနေတာလား .."

"ဟုတ်တယ်ကွ.. မျက်လုံးကိုကြည့်လိုက်..၊ အဆင်ပြေရင် တောင်းပန်ဖို့ လိုမလားပဲ .."

"ဟား .. ဟား .. ဟား ..."

"ဘာဆိုင်လဲ ..၊ သူ့ဟာသူ ခုန်ပျံပြီး ဈေးသည်နဲ့ ပြေးချိတ်တာ.."

ရယ်တဲ့သူက ရယ် .. ဖော်တဲ့သူက ဖော်မှ သူမကို ဒုက္ခပေးသွားသည့်ကားကလူတွေမှန်း ခြူ့ သိ၏။





ကျန်ခဲ့ရတုန်းက ကိုယ့်ဒုက္ခနဲ့ကိုယ် ကားကိုလည်း မကြည့်အား..၊ လူတွေကိုလည်း စိတ်မတိုအားခဲ့ပေ ..၊

လက်စသတ်တော့ သူတို့အုပ်စုပဲ ..၊ ကိုယ့်အဖြစ်ကို ပြန်ကြည့်ပြီး အားရကျေနပ်နေကြတာကို: ..၊ ရှက်သည့်စိတ်က တစ်ကနေ ပြန်စလာခဲ့သည်။

သူတို့တွေက ကောင်လေးလို့ ထင်ပေမယ့် ကိုယ်က မိန်းကလေးမို့ ရှက်သည့်စိတ်က ချက်ချင်းပဲ ပူထူလာစေလျက် ...

"ဟာ .. သွားပြီ ကြည့်စမ်း ..၊ ဆက်ဆံရေးကျဲပုံ .."

"ဘာလေးလဲဟ .."

"ငါ ပြောသားပဲ .. ငါတို့ကို တင်းနေတာပါလို့ .."

"ချာတိတ် .."

အပေါ်အင်္ကျီကို ဆွဲလှန်ချွတ်ပစ်နေရင်း အင်္ကျီကိုကိုင်လျက် စစ် က ပြေးလိုက်၏။

"မင်းက ဘယ်လိုဖြစ်တာလဲကွ .. ကျေးဇူးတင်စကားလေး ဘာလေးတောင် မပြောတော့ဘူးလား .."

"ဘာလို့ပြောရမှာလဲ .."

ဒေါသရှိတဲ့အတိုင်း ပက်ခနဲ ပြောမိကာ ...

"ခင်ဗျားတို့ လူနားကျမှ ဟွန်းကပ်တီးပြီး တမင်လုပ်သွားတာ.."

"အေးလေကွာ .. အဲဒီလိုပုံစံ ဖြစ်သွားတာကို သိလို့ မင်းမှန်းသိလိုက်တာနဲ့ ငါ ပြေးလာတာပေါ့ .. ကားမောင်းတာ ငါ မဟုတ်ဘူးကွ .."

ဘာပြောပြော ခြူ့ က မရပ်ဘဲ ဆက်သွားနေ၏။ သူ မမောင်းဘူးဆိုလည်း ဝိုင်းဟားကြတဲ့ထဲမှာ မပါဘူးတဲ့လား ..၊

"မင်းက လူကြီးမင်းပါလား ချာတိတ်ရ .. မျက်နှာမြင်လိုက်ရရင် ဒီလောက်တင်းနေတာ မမှတ်မိစရာကို မရှိဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်းမှန်း သိရင်လည်း ခင်ဗျား လစ်တော့ .."

"ဘာဖြစ်လို့လဲ ..၊ ငါ မင်းကြောင့် ဒီမှာ အကျိုတောင် မကပ်နိုင်တော့ဘူး .."

"နေရာတကာ ဝင်ပါချင်ဦးဆိုပြီး တစ်ချောင်ချောင်မှာ ရင်ဘတ်ထုပြီး ငိုလိုက်လေ .. ကျွန်တော်က ကျေးရူးမတင်တတ်ဘူး .."

"အဟွန်း .."

သူက ရယ်လိုက်ပြီး လိပ်တင်ထားသည့် ဆောင်းဘီစတစ်ဖက်က ပြေကျလျက်နှင့် ဖရိုဖရဲပုံစံအတိုင်းပဲ အတူပါလာသည်။

"တော်တော် ဂျစ်တိဂျစ်ကန်နိုင်တဲ့ကောင် .. မင်းကို ငါနဲ့ ပတ်သက်ပြီး ဒုက္ခများများသွားတာ ကြုံနေရလို့ မဟားတရား လိုက်ကူညီနေတာ မာန်တက်မနေနဲ့ .."

"ဒီမှာ .."

ခြူ က ခြေလှမ်းရပ်ပစ်လိုက်ကာ မြင့်မားနေသည့် သူ့မျက်နှာကို မော့ကြည့်၏။ ယောက်ျားမတန်မဲ့ တိုစိပ်စိပ် ထူပိတ်နေသည့် မျက်တောင်တွေက ကော့နေသေးသည်။

ပြီးတော့ မထူမပါးနှုတ်ခမ်းတစ်စုံက ပန်းရောင်ထက် ရင့်သည်။ ရယ်လိုက်တိုင်း သွားတန်းတွေပေါ်တာက ကြည့်ကောင်း၏။ ဒါပေမယ့် ချက်ချင်း မျက်နှာလွှဲပစ်ကာ ...

"မာန်တက်နေမှန်း သိရက်နဲ့ ဘာလိုက်လုပ်တာလဲ ..၊ ကျွန်တော်က .."

"မင်းကို ငါ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ် .. ဆော်ဒါတွေပေါ့ ..၊ ဘယ်လိုလဲ .."

"မငိုပါဘူး .."

"လိုပါတယ်ကွာ .. မင်းကို မြင်လိုက်ရရင် အမြဲတမ်း အွန်းလီးဝမ်း ပဲ .."





"ကိုယ် နေတတ်သလို နေတာ ဘာဖြစ်လို့လဲ .."

"နေတတ်သလိုနေလို့ ရပေမယ့် မကောင်းဘူးလေ .. ခုလိုဖြစ်တော့ .."

"အုပ်စုဖွဲ့ပြီး ရမ်းကားတတ်တဲ့လူတွေကြောင့် မဟုတ်ရင် ကျွန်တော် ခုလို မဖြစ်ဘူး .."

"အဲဒါကို ဆောရီးကွာ .. ဘာပဲဖြစ်ဖြစ် တင်းနေရင် လျှော့လိုက်ပါ ..၊ မင်းကို ဝေါင်နေတာ မမြင်ချင်လို့ .."

"ဟာ .. ဘာလုပ်တာလဲ .."

သူက ပခုံးပေါ် လက်တင်လိုက်သဖြင့် ခြူ က ပခုံးကို နှိမ့်ချပစ်လိုက်ပြီး ရန်လိုစွာ ကြည့်၏။

"ခင်ဗျားကို ဘယ်သူက အဖော်လိုချင်ပါတယ် ပြောနေလို့လဲ.."

"ဟွန်း .."

သူ ပြုံးစိစိဖြစ်သွားတော့ ခြူ့ မျက်နှာလေး ရဲတက်သွားသည်။ နောက်ထပ် ဒေါကန်သွားမှာစိုးကာ စစ် က လက်ကာလိုက်ပြီး ဘာမှ မဟုတ်သလို ရယ်ရင်း ...

"ငါ သိပါတယ် .. မင်းက တော်တော်ငွကျတဲ့ကောင်ပဲကွာ ..၊ ဒါဆို မင်းနဲ့ ငါပဲ ဆိုရင်ရော .."

"ဘယ်သူမှ မလိုဘူး .."

"ဟော့ကောင် .. မင်းက ယောကျ်ားမဟုတ်သလိုပဲကွာ .. ငါ ထင်တဲ့အတိုင်း ပြောရရင် မင်းရင်ထဲမှာ တစ်ခုခု လွတ်နေပြီ .."

သူ ဆက်လျှောက်သွားတော့ ဘေးကပါလာရင်း သူ့ကိုယ်သူ မိတ်ဆက်၏။

"ငါ့နာမည်က စစ်သည်ကောင်း .. မင်းရော .."

"ခြူ .."

"ခြူ .."



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ လှည့်ကြည့်ပြီး အမိဖမ်းလိုက်တော့ ထင်တဲ့အတိုင်း စပ်ဖြဲဖြဲမျက်နှာ ဖြစ်သွားသည့် မျက်နှာကို လက်ပူးလက်ကျပ် မိလေသည်။

"တစ်မျိုးပါလား .. ဒါပဲလား ..၊ ဘာ ခြူ လဲ .. ဒါမှမဟုတ် ခြူ ဘာညာ .. ရှေ့ကနောက်က ဘာမှမပါဘူးလား .."

"ခြူ ဆို ခြူ ပေါ့ဗျာ .. ပါတာ မပါတာ ခင်ဗျားကို ပြောချင်မှ ပြောမှာပေါ့ .."

"အိုခေ .. အိုခေ .. ရပြီ ..၊ ရော့ .. ဒါ ငါ့ဖုန်းနံပါတ် .."

"ကျွန်တော့်မှာ မရှိဘူး .."

"ရတယ် .. မင်းဆီက မတောင်းဘူး .. ယူထားရုံပဲ .."

မရမက ခင်ချင်နေရသည့် သူ့အဖြစ်က ဘာနဲ့တူနေပြီလဲတောင် မသိ ..၊ 'ခြူ ဆိုတဲ့ ချာတိတ်လေး .. မင်းကို ငါက မြင်မြင်ချင်း သနားစိတ် ဝင်မိလို့' လို့များ ပြောလိုက်ရင် ဒီချာတိတ် မာနတွေ ဒေါသတွေ ဘယ်လောက်တောင် အပြုံလိုက် ထွက်လာမည် မသိ ..၊

တော်တော်လည်း ကျတဲ့ကောင် ..၊





## အခန်း (၅)

"မင်း ဘယ်လိုကောင်မျိုးလဲ စစ် .. မိဘ ဒီလောက်ထိ ဆုံးမနေတဲ့ [illegible]းက .."

ဦးကောင်း မျက်နှာ ဘယ်တော့မှ ပြေပြစ်ခြင်း မရှိခဲ့သလောက် [illegible]ညာ တင်းမာခက်ထန်နေခဲ့လျက် ...

"မင်းကို အများဆုံး ထည့်ပေးထားတာတောင် တစ်ပြားမှမကျန် [illegible]င် ထုတ်သုံးပစ်တယ် .. ဟုတ်လား .."

"ကျန်ပါသေးတယ် .."

"ဘာကွ!..."

ကြည်လဲ့ခင် က ပန်းသီးအခွံခွာနေရင်း ပြုံးသည်။ ပြီးတော့ လှမ်း [illegible]ကာ ...

"တော်သေးတယ် ဖေဖေ .. အကောင့်မပိတ်ရုံတော့ ချန်ခဲ့သေး [illegible]ပဲ .."

"နင်က ဘာလို့ရယ်တာလဲ .. ဒီကောင်လေး တော်တော်ဆိုးနေ [illegible]နော် .. အဲဒါ နင့်ကြောင့် .."



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် .."

"တော်ကြတော့ .."

ဦးကောင်း က သားကြီးနဲ့ သမီးလတ်ကို ပြောလိုက်ပြီးမှ ကို ကြည့်၍ ...

"အိမ်မှာ မိသားစု စုံပြီဆို အေးချမ်းသာယာတဲ့စကားကို ပြော တယ် မရှိဘူး .."

"ဖေဖေကလည်း ကျွန်တော် ဘာလုပ် .."

"မင်း ပိုက်ဆံတွေ ဒီလောက်သုံးနေတာ ဘာအတွက်လဲ စမ်း .."

"ဘာအတွက်မှ မဟုတ်ဘူးလေ .."

"ဘာအတွက်မှ မဟုတ်ရင် ဘာလဲ .."

"ကျွန်တော်လည်း မပြောတတ်ဘူး .. ပိုက်ဆံကိုက ကိုင်လိုက် နဲ့ ခုန်ထွက်သွားတာ .."

"သြော် ..."

မောင်နှမနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြ ပြီး ရယ်ချင်ပက်ကျိတွေ ဖြစ်ကုန်ကြသည်။ အကြီးဆုံးဖြစ်သည့် ကောင်းမှူး ကတော့ အစ်ကိုကြီးပီပီသသ မျက်နှာကို တည်တံ့ဖို့ စားနေသည်။

ဒါပေမယ့် မျက်ဝန်းတွေမှာ ရယ်မြူးရိပ်သမ်းလျက် အထဲလှည့် သွားတော့ ပြုံးတုံ့တုံ့ ...။

"စစ် .. မင်း ရှူးချင်ပေါက်ချင်ဟန် ဆောင်မနေနဲ့နော် .. ခုချိန်ထိ စီးပွား လည်း စိတ်မဝင်စား .. ပညာထူးချွန်အောင် သင်ပါလားဆိုတော့လ မဟုတ် .. အစ်ကိုတွေ အစ်မတွေက ဆရာဝန်တွေချည်းပဲ ...။ မအေ တတ္တသိုလ်ပါမောက္ခချုပ် .."

"အဲဒါတွေကြောင့် ပညာရေးကို စိတ်မဝင်စားတာပေါ့ .."





မျက်လုံးတစ်ချက် လှန်ကြည့်ပြီး အသံတိတ် ပြန်ပြောမိသည်။ ဘမောင်နှမတွေ ပညာတတ်ကြီးတွေ ဖြစ်တာနဲ့ပဲ မိသားစုအားလုံး စ်ယောက်မကျန် ဒီတိုင်း ဖြစ်ရမှာလား ...။

"မင်း စိတ်ပါတာ ဘာရှိသလဲ ပြောကြည့်စမ်း .."

"စိတ်ပါသလို နေနေတာပဲလေ .. ဖေဖေတို့ပဲ ထိုင်ကဲ့ရဲ့နေတာ.."

"ဘာ!... ဘာပြောတယ် ...။ မင်း ဒီတိုင်းနေရတာပဲ စိတ်ပါတယ် ပြောလိုက်တာပေါ့ .. ဟုတ်လား .."

"ဒါပဲ .."

ရှုံ့မဲ့ညည်းရင်း စစ် ခေါင်းကုတ်မိ၏။ ဦးကောင်း ကတော့ သား မှာ ထိုင်ချလိုက်ပြီး သားကိုရော ကိုယ့်ဒေါသကိုပါ မယုံနိုင် ...။

"စစ်သည်ကောင်း .. မင်း .. မင်းကျမှ ငါ့ဒေါသတွေကို ငါ ဆုံးမဖို့ လိုပြီမှန်း သိလာပြီ ...။ မင်းအမေက စပြီး အကြီးကောင်နဲ့ တ်မထိ ငါ့မူဝါဒ ငါ့စည်းကမ်းနဲ့ မကိုက်ညီဘူးဖြစ်လာရင် ခွင့် တ်ခဲ့တာ ငါ့ရာဇဝင်မှာ မရှိဘူး .."

"ကဲ .. ထားလိုက်တော့ ကိုကောင်း .. ကိုကောင်း ကိုယ့်ဘာသာ သောက်ပြီး သွားအနားယူတော့ .."

ဒေါ်ယဉ်လှဲ က ရှူးဆေးဘူးလေး ကိုင်ရင်း ထွက်လာ၏။

"အနားယူရမှာက ငါ မဟုတ်ဘူး မင်းရယ် .. ဒီသားတစ်ယောက် ကြောင့် မင်း အသက်တိုမယ် နားလည်လား .."

"ဘာမှတိုစရာမရှိဘူး ကိုကောင်း .. ကိုယ်မွေးထားတဲ့ သားသမီး မနိုင်ရင် မိဘဝတ္တရားကျေတယ်လို့လည်း မခေါ်ထိုက်ဘူး .. သူ့ကို လိုက်နိုင်သမျှ လိုက်ခဲ့ပြီးပြီ ...။ ဆိုဆုံးမလွယ်တဲ့အရွယ်လည်း တ်တော့ဘူး .. ကောင်းတာ မကောင်းတာ မိဘက ဆုံးမရင် နာခံရ .."

မိဘနှစ်ယောက်၏ ကြိမ်းဝါးသံတွေကြားမှာ စစ် ပခုံး မသိမသာ



www.burmeseclassic.com

www.burmeseclassic.com



တွန့်၏။ ထိုစဉ် ဆောင်းဘီအိတ်ထဲက အသံတိတ် ရိုက်ပုတ်ခေါ်နေသည့် ဖုန်းကို ဘယ်သူခေါ်တာလဲ ထုတ်ကြည့်လိုက်သေးသည်။

"ကျွတ်!..."

ကာရန် မှန်း သိလိုက်တာနှင့် မဲ့သွားမိ၏။

"ဘာတွေဖြစ်နေတာလဲ မျက်နှာက .."

"ဟင် .. ဘာမှမဟုတ်ဘူး .. ဒီမှာ ဖုန်း .."

"သြော် .. မိဘက ပြောဆိုနေတာကို အဲဒီလို စိတ်ပါလက်ပါ နားစိုက်ထောင်နေတယ် .. ဟုတ်လား .."

"မဟုတ်ပါဘူး မေမေရာ .. ခုပဲ ထုတ်ကြည့်လိုက်တာ .."

"မကြည့်ရဘူး .. မိသားစု ထမင်းစားနေရင် .. မိဘက ဆုံး စကား ပြောနေရင် ဘယ်ဖုန်းဖြစ်ဖြစ် မကိုင်ရဘူး .. အဲဒါ ဒီအိမ် သားသမီးတွေ နာခံရတဲ့ အမိန့်ပဲ .."

"ဟုတ်ကဲ့ .."

"ဘာဟုတ်ကဲ့တာလဲ .. သားကို ခုမှ အသိပေးနေတာ မဟုတ် နော် .. မင်းအချိုးကို ပြင်လိုက် .."

မေမေ ဒေါသကြီးပြီဆို ဖေဖေ့ထက်တောင် ပိုကြောက်ရ သည်။ ပြီးတော့ ဟိုးငယ်စဉ်တည်းက ထမင်းနဲ့ဟင်းကို ပုံစံခွက်နဲ့ ခွဲတာလည်း မေမေ ...၊

"ထမင်း ထပ်ထည့်လို့ ရတယ် .. ဟင်း မရဘူး"

"ထမင်းတွေချည်း တစ်ခါက နှစ်ခါ လွန်ကျွံအောင် မထည့် တော့ .. ဝမ်းအပြင် အိတ်မရှိဘူးဆိုတဲ့စကားက ဒီဗိုက်ကြီးက စား ကို သိမ်းဆည်းပေးနိုင်တာပဲဆိုပြီး ထည့်နိုင်သမျှ သိပ်ထည့်နေဖို့ မ ဘူး .. လူမှာအကျင့် ဝမ်းမှာ အချင့်တဲ့ .."

"ဒီဝမ်းတစ်ထွာကို သမုဒ္ဒရာကြီးနဲ့ နှိုင်းပြထားတာ ကြားဖူး မို့လား .. ဝမ်းတစ်တောင်ရှိနေတဲ့ နွားတွေဆိုရင် မြက်ပဲ စားရတာ





ဆိုတာ ကိုယ့်ရဲ့ဝေယျာဝစ္စအတွက် ဝန်တာကျဉ်းနိုင်သမျှ ကျဉ်း အောင် .. နည်းသထက် နည်းအောင်ပဲ ကြိုးစားရမှာ ...၊ အဲဒီထဲမှာ ခံစပ်တစ်ခုအတွက် သိပ်အလိုလိုက်ပြီး ဗီဇာချဲ့နေရင် ဘယ်လိုလုပ် ထဲ .."

ဒါတွေက မေမေ တစ်သက်လုံး ချမှတ်လာခဲ့တဲ့ စည်းကမ်းနည်း ခမ်းများနဲ့ ကြီးပွားရေးပလန်ပဲ ဖြစ်သည်။

ဖေဖေက စီးပွားရေးအတွက် ပညာရေးကတစ်ဖက်နဲ့ ကုန်းကျုး သည်၊ မေမေက တစ်ပဲ နှစ်ပြားကို ပွတ်သပ်ချွေချပြီး စုဆောင်းသည်။

ဘယ်လောက်ထိလဲဆိုလျှင် ဒီနေ့ အသုံးစရိတ်ဆိုပြီး ထုတ်ကိုင် တ်မှတ်ထားပြီးလျှင် ဒီနေ့မှာ ဒီပိုက်ဆံကို ဘယ်လိုအကြောင်းကြောင့် ဖြစ်ဖြစ် လောက်သည်ဖြစ်စေ .. မလောက်ဘူးဖြစ်စေ နောက်ထပ် တ်တော့ပေ ...။

ဒါပေမယ့် ဒါက မပျက်မယွင်းစေအောင် သတ်မှတ်ပေးခဲ့တာဖြစ် မေမေ ဘယ်တော့မှ ဤသို့မဖြစ်ခဲ့ပေ ...၊

ဒီနေ့အတွက် ဒီတစ်ဖက်မှာ ကုန်တာများသွားရင် ဟိုတစ်ဖက် အသုံးစရိတ်ကို လျှော့ချပစ်သည်။ မေမေ့လောက် ဇွဲစပ်သေချာတာ ပဲ ဖြစ်သည်။

ထို့ကြောင့် သူတို့တွေ ကြီးပြင်းလာခဲ့ကြသည့်ဘဝမှာ ခြံမြေတိုက် တွေနှင့် ကားထည်လဲ စီးနိုင်သည်၊ သူဌေးစာရင်းမှာ ထိပ်ဆုံးက ခဲ့ကြ၏။ မေမေ ကျန်းမာရေးမကောင်းလို့ အနားယူသည့်အချိန်မှာ ပြည့်စုံသာယာနေခဲ့ပြီ ဖြစ်၏။

သားအငယ်ဆုံးဆိုသည့် အလိုလိုက်မှုတွေနဲ့ မိသားစုတစ်စုလုံး သူ့ ဘယ်လောက်ထိ အလျှော့ပေး ကြင်နာခဲ့ကြသလဲ ...၊

ဒါလည်း စစ် နားလည်နေသည် ...၊ သူ့ကျမှ ကြိုက်သလို နေ ... သလောက်သုံး ဆိုတဲ့ အခွင့်အရေးတွေပါ ထည့်သွင်း ခံစားခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရခဲ့သည်

ဒါပေမယ့် ပါးစပ်ထဲ သည့်ကျေးတုန်းက ဂျေးခဲ့ပြီးမှ ဝါးစားနေ ကာမှ တော်ပြီ ပြန်ထုတ်တော့ဆိုတာမျိုးက လွယ်သလား ..၊

'အလိုလိုက်ခဲ့တာတွေ ဒီမှာတင် တော်ပြီ' သူ ဘယ်လိုနားလည် ရပ်တန့်ရမလဲ ..၊

"သားငယ် .."

"ဗျာ .."

"ဘဏ်မှာထည့်ပေးထားတဲ့မုန့်ဖိုးတွေ ကုန်ပြီဆိုတာ ဟုတ်လား.."

"ဟုတ် .."

"ဘယ်တုန်းတည်းကလဲ .."

"လဆန်းပိုင်းတည်းက .."

"ဘာတွေသုံးလို့လဲ .."

"ဒီလိုပဲ .."

"ဘာပြောတယ် သား .."

ရှုံ့ဆေးဘူး နှာခေါင်းမှာ တေ့ကပ်ထားသည့်လက်က နှာခေါင်းက နေ ဆတ်ခနဲ ရုပ်ဖယ်သွားသည်။ ပြီးတော့ ဒေါ်ယဉ်လှဲ့ စစ် ရဲ့ဘေးက ရောက်လာ၏။

"ပြန်ဖြေစမ်း .. ဘာတွေသုံးလို့ ကုန်တာလဲဆိုတာ .."

"မေမေရယ် .. ဟိုလထဲတုန်းက သင်္ကြန်ရက်တွေနဲ့ .. သူ့သူငယ် ချင်း မွေးနေ့တွေနဲ့ .. စုပြုံနေတာ ဥစ္စာ .."

ကြည်လှဲ့ က ဝင်ဖြေပြီး မအေက လှည့်ကြည့်တော့ မျက်လွှာ သွားကာ ...

"မောင်မောင် ဘာတွေသုံးတယ်ဆိုတာ သမီး သိပါတယ် .."

"ရည်းစားအတွက် ဘတ်သ်ဒေးလုပ်ပေးတာ ငွေကိုးသိန်း ကု တယ် ဆိုတာရော .."





"ဟင်!..."

"အဲဒါ သမီး သိရဲ့လား .."

ကြည်လှဲ့ မျက်ခုံးတွေပါ ပင့်တက်သွား၏။ သူမ သိတာက သိန်းတည်းပါ ..၊

သူမ လှည့်ကြည့်လိုက်တော့ စစ် က မျက်လွှာချပြီး ရှုပုတ်ပုတ်..၊

"ပြောလေ .. အဲဒီလို ကုန်ခန်းနေတာတွေကို .."

"ဒါ .. ဒါက မေမေရယ် .. ခုခေတ် လူငယ်တွေကိုက .."

"တော်တော့ .. အခု မေမေ သူ့ကို ပြောစရာရှိတယ် ..၊ သမီး မှ ဝင်မဖြေရဘူး .."

ဒီမောင်တစ်ယောက်ကို ကြည်လှဲ့ခင် တို့ ချစ်လိုက်တာ ကိုယ်တိုင် ထုတ်ထားသလို သည်းသည်းလှုပ် ..၊

"ဘာလဲ .. မွေးနေ့အတွက် စပရိုက်ဖြစ်အောင် လုပ်ပေးမှ ဒီမိန်း လေးက ပိုချစ်မှာမို့လား .."

"အဲဒါတစ်ခုတည်းအတွက် ကုန်တာ မဟုတ်ပါဘူး မေမေရာ.."

"ဘာလို့ မဟုတ်ရမှာလဲ ..၊ ဆိုင်ရဲ့အပေါ်တစ်ထပ်လုံးကို နှစ်နာရီ ငှားလိုက်တယ် .. ပြီးတော့ .."

"မေမေ .."

"မေမေ ပြောနေတဲ့စကားကို ဖြတ်ပြောတာ မကြိုက်ဘူး .."

ပါမောက္ခချုပ်ပီပီ 'တော်တိတ်' ဆိုရင် ဘာမှ ထပ်မပြောဝံ့အောင် မျက်နှာက လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်း ရှိ၏။

"မင်းအဖေနဲ့ မေမေတို့က အလယ်အလတ်တန်းစားလူတွေ .. ဘာနေ လူချမ်းသာဆိုတဲ့လူတွေရဲ့ရှေ့ကို ရောက်အောင် မေမေတို့ လိုရုန်းကန်ခဲ့ရသလဲ .. အဲဒီ ကြိုးစားရုန်းကန်မှုတွေကရော ဘယ် ဘွက်လဲ .. ကဲ ဖြေ .."

"ကျွန်တော်တို့အတွက်ပါ .."



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မှန်တာပေါ့ .. မေမေတို့အတွက်နဲ့ သားတို့ မျက်နှာမငယ်ခဲ့ရဘူး ..၊ မေမေ့သားသမီးတွေကြောင့် မေမေတို့ မျက်နှာမငယ် ဂုဏ် မသိမ်ခဲ့ရဘူး .. အဲဒါက သားကြီးနဲ့ သမီးကြောင့်ပဲ .."

စစ် မျက်လွှာပင့်ကြည့်တာကို စောင့်ကြည့်နေပြီးမှ ဒေါ်ယဉ်လဲ က ဆက်၍ ...

"သားကတော့ မေမေတို့ကို ဂုဏ်မငယ်စေတာပဲ ရှိတယ် .. ကိုယ့် ကိုယ်ကိုယ် ဂုဏ်သရေရှိုးမှိန်အောင် လုပ်နေပြီ .."

"ကျွန်တော် .."

"ရည်းစားထားတာကို လိုက်ကြည့် တားဆီးနေရမယ့်အရွယ် မဟုတ်တော့ဘူးဆိုတာ မေမေတို့ နားလည်တယ် .. သားကတော့ မိဘ ကို နားမလည်ဘူး .."

"မေမေ .. ကျွန်တော် ခု ..."

"မှတ်ထား သား .. တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်ကြင်နာ ကြောင်းပြဖို့အတွက် ဒါမျိုးတွေလုပ်ပေးနေဖို့ မလိုဘူး .. ဒါကိုမှ သဘော ကျတတ်တဲ့မိန်းကလေးဆိုရင် သူ့အတွက် သာယာမှုတွေ မင်း ဘယ် လောက်ဖန်တီးပေးနေနိုင်မလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် အရင်မေးပြီး ဆက်ကြိုးစား .."

"အဲဒီနေ့က သူငယ်ချင်းတစ်ယောက်က နယ်ပြန်တော့မှာမို့ အမှတ်တရ နှုတ်ဆက်ပွဲလည်း ပါပါတယ် မေမေ .."

ဒါတွေထိ မေမေ ဘယ်လိုသိနေလဲဆိုတာ ရုတ်ခနဲ အံ့သြသွား မယ့် မေးကြည့်ဖို့ထိတော့ မလိုပါ ..။

အိမ်ထောင်ရေးဘက်မှာ စီးတဲ့ရေ ဆည်တဲ့ကန်သင်းလို နိုင်နင်း သည့် မေမေက သားသမီးတွေရဲ့ ခြေလှမ်းတိုင်းကို တွက်ချက် သိမြင် သော အရည်အချင်းတွေလည်း အပြည့် ..၊

"ပြီးတော့ ကိုးသိန်း ဆိုတာက .."





"မလိုဘူးလေ .. တစ်ဆယ်ထဲက တစ်ကို နုတ်ရင် ကိုးကျန်မယ်..၊ လိုချင်တာ ဒါပဲ .. မနုတ်လောက်တာတွေ .. နုတ်လောက်တာတွေ မပြောနဲ့ ..၊ သားကို မေမေ ရည်းစားထားခွင့် ပြုခဲ့တယ် .. အဲဒါ လူငယ် တွေ မျက်လုံးထဲမှာ မေမေ ဗီလိန်မလုပ်ချင်လို့ .. အိမ်ထောင်ရေးကိုတော့ သားစိတ်ကြိုက် ရွေးခွင့်မရှိဘူး .. အထူးသဖြင့် မိဘအိတ်ထဲက ဆုပ်နှိုက် ပြီး ပံ့ပိုးဖြည့်ဆည်းပေးနေတာကို သာယာနေတတ်တဲ့မိန်းကလေးမျိုး.."

သူကရော ချစ်နေပါပြီ .. စွဲနေပါပြီနဲ့ ခြေဆင်းငိုယိုပြီး ဆန္ဒပြနေမိ လို့လား ..၊

"မွေးနေ့မှာ ကောင်းမှုကုသိုလ်ပြုချင်ရင် မိဘကို ကန်တော့ .. ဘုရားမှာ လှူဒါန်း ရေစက်ချ ဒါပဲ ..၊ မသေမချင်း ရောက်လာနေမယ့် မွေးနေ့တိုင်းအတွက် မသက်ဆိုင်ကြတဲ့လူချင်း အပိုတွေ လုပ်ပေးနေကြ တာ ဘာအဓိပ္ပာယ်ရှိသလဲ .."

ဒါကတော့လို့ ဓာဒကတက်လိုက်တာနှင့် မေမေ ဒေါသတကြီး ထဖြစ်တော့မှာကို သိသည်။ထို့ကြောင့် စစ် ဘာမှမပြောဘဲ ငြိမ်နေလိုက်၏။

"မင်းတို့ကို အသက်စွန့်မွေးခဲ့တဲ့ မေမေ့အတွက် မင်းတို့တွေရဲ့ ဘဝအတွက် ချွေးနဲ့ သွေးနဲ့ ရင်းပြီး ရှန်းကန်ပေးလာခဲ့တဲ့ မင်းတို့အဖေ အတွက်ရော .. ပြောပါဦး မေမေတို့အတွက် ညဆယ့်နှစ်နာရီ ဘတ်သ် ဒေး ဇော့ရှိလေးတောင် ပို့ပေးခဲ့ဖူးရဲ့လား .."

"အဲဒါက မေမေ့မွေးနေ့ဖြစ်ဖြစ် .. ဖေဖေ့မွေးနေ့ဖြစ်ဖြစ် မေမေတို့ ဘုတူ ဘုရားသွားကြ .. အလှူအတန်းလုပ်ကြနဲ့ ပြီးပြီးသွားလို့ပါ .."

"သားကောင်မလေးတွေကိုရော သူ့မိသားစုက ဒီလိုတွေလုပ်ပေး ကြဖူးလား .. ဒါကြောင့် သားက လုပ်ပေးနေရတာလား .."

ဘာပြန်ပြောရမှန်းမသိတော့ စစ် ရဲ့မျက်လုံးက ကြည်လဲ့ ဆိ ရော သွားသည်။

"မေမေ ထိုင်လေ .. ဒီမှာ ပန်းသီးလေး ရှိနေတာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ကြည်လဲ့ ကလည်း မောင်ဖြစ်သူ အကူအညီလိုနေပြီကို သိသည်။ ပန်းသီးစိတ်တွေကို လုလုပပ မစီတော့ဘဲ ဒီတိုင်းလျှောက်လာပြီး ဒေါ်ယဉ်လဲ့ လက်ကို ဆွဲ၍ ထိုင်ဖြစ်သွားအောင် လုပ်သည်။

ပြီးတော့ ဘေးမှာ ကပ်ထိုင်လိုက်ကာ ...

"မေမေ့သား အဲဒီကောင်မလေးနဲ့ ပြတ်သွားပါပြီ .. သူတို့ ဘာမှ လည်း ..."

"ဘယ် ဘာမှဟုတ်မလဲ သမီး .. ရည်းစားထားတမ်း ကစားနေကြကိုး .."

ကြည်လဲ့ ကို လှည့်ပြောပြီးမှ စစ် ကို ပြန်ကြည့်ကာ ...

"ပြီးခဲ့တာတွေကို ထားလိုက်တော့ .. အခုက စပြီး သား အကောင့်ထဲကို တစ်ပြားမှ ထည့်မပေးတော့ဘူး .. မင်းအဖေရဲ့ပွဲရုံမှာ ဝိုင်းကူလုပ်.. မင်းရဲ့အခြေအနေကိုကြည့်ပြီး လစာ သတ်မှတ်ပေးလိမ့်မယ် .."

ပြောသမျှစကားတွေထဲမှာ ဒီစကားကျမှ စစ် တစ်ကိုယ်လုံး လှုပ်လှုပ်ရှရှ ထဖြစ်လာကာ ...

"မေမေ့ .."

"ပြော .."

"မေမေရာ .. ဘာမှလည်း ကြိုမသိထားဘဲနဲ့ ချက်ချင်းကြီး .."

"သား ရည်းစားထားတဲ့အရွယ် ရောက်နေပါလားဆိုတာရော မေမေ ဘာများ ကြိုသိခဲ့ရလို့လဲ ...၊ သားမှာ ချစ်သူရှိတာ သူများပြောမှ မေမေ သိရတာလေ .."

"ဒါကတော့ .."

"ရည်းစားထားတာ ကြိုအသိပေးစရာလားလို့ သားစိတ်ထဲမှာ ပြောနေတာလား ...၊ ဒါဆိုရင် သားအတွက် မေမေက အခြေအနေ အချိန်အခါကို ကြည့်ပြီး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ပေးတာရော ဘာများ ရေးကြီးခွင်ကျယ် ဖြစ်သွားလို့လဲ .."





ပြောတော့ မေမေ ...၊

စစ် နဖူး နာနာပွတ်နေရင်း ငုံ့သွားသည့်မျက်နှာက မော့မလာတော့ပေ ...။

"နောက်ထပ် ရှိသေးတယ် .. ဒါကို သမီးလည်း မသိသေးဘူး.."

"ကျွန်တော့်အကြောင်းပဲလား .."

"ဟုတ်တယ် .. သားအတွက် မေမေတို့ စီစဉ်လိုက်တာ .."

လာပြီ အိမ်ထောင်ရေး ...၊

ဒါကိုတော့ အတိအကျ တွက်မိလိုက်သည်၊ ဒေါ်ယဉ်လဲ့ က စစ်ရဲ့ မျက်နှာကို စိုက်ကြည့်ကာ ...

"သားကို စိန်ကုန်သည် ဒေါ်မြမြ ရဲ့သမီးငယ် ဝင်းလက်ရွှေစင်နဲ့ လက်ထပ်ပေးချင်တယ် .."

"ဘယ်လို .. မေမေ .."

ကြည်လဲ့ အံ့သြသွားကာ ...

"အနော်ရထာလမ်းက 'ရွှေစင်'စိန်တိုက်ပိုင်ရှင်လား .."

"ဟုတ်တယ် .. သူတို့က အရှမ်းချမ်းသာတယ် .. ချမ်းသာတာမှ ဘာမှကိုမှ ထပ်ပြီး တပ်မက်ချင်စိတ် မဖြစ်တော့အောင်ပဲ ...၊ ဒါကြောင့် သူတို့ လိုချင်တာ ပညာတတ် လူရည်မွန် ယောကျ်ားကောင်းပီသတဲ့ အိမ်ထောင်ဖက်တစ်ယောက် .."

"သူတို့ညီအစ်မကို သမီး သိတယ် မေမေ .. ချမ်းသာသလောက် အရုမ်းဟော့(ထ်)တာ .. ပြီးတော့ အသက်တွေလည်း မငယ်ကြပါဘူး...၊ သမီးစိတ်ထင် ကိုကိုနဲ့မှ ရွယ်တူထင်တယ် .."

"ဒါမှ အသက်ပိုငယ်တဲ့ သမီးမောင်ကို အလိုလိုက်မှာပေါ့ .. သူဌေးသလို သုံးဖြုန်းခွင့်လည်း ရမယ် .."

မီးရောင်အောက်မှာ စစ် ရဲ့မျက်နှာက ရှက်သွေးတက်ခြင်းကြောင့် ရဲလောင်းခတ်သွားသည်။ ဒေါ်ယဉ်လဲ့ ကတော့ သားဖြစ်သူမျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်သည့်အပြုံးတို့နှင့် ကြည့်၍ ...

"နောက်တစ်ယောက် ရှိသေးတယ် .. သူတို့ကျတော့ ချမ်းသာတယ်ဆိုပြီး မပေါ်လွင်ဘူး .. ဒါပေမယ့် ဒေါ်မြမြဝင်း တို့ထက်တော့ မလျော့နိုင်ဘူးဆိုတာ သေချာသလောက်ပဲ ..၊ သူ့ကိုတော့ သမီးတို့ ဖေဖေက သူ့မိတ်ဆွေတွေထဲက တစ်ဆင့် ကမ်းလှမ်းထားတာပေါ့ .."

"သူလည်း မောင်မောင့်ထက် အသက်ကြီးတာပဲလား မေမေ .."

"မေမေ မသိဘူး .. တစ်ခုရှိတာက တစ်ဖက်က အကြောင်းမပြန်ဘဲနေတော့ သဘောမတူတာလား .. မိန်းကလေးကို နားချလို့ မရတာလား ..၊ အဲဒါ ခုထိ မသိရသေးဘူးလေ .. သူတို့လည်း ညီအစ်မနှစ်ယောက်ပဲ .. အကြီးဆုံးကတော့ ယောကျ်ားလေး .."

"မောင်နှမသုံးယောက်ချင်း သမီးတို့နဲ့ တူတာပေါ့ .."

"မတူတာက သူတို့က အရမ်းချမ်းသာတာ .."

"အရမ်းချမ်းသာတဲ့လူတွေက ချမ်းသာလို့ ကိုယ့်ကိုငြင်းတာဆိုရင် ပိုပြီး ခံရခက်ပါတယ် မေမေရယ် .. သမီးတို့လည်း မွဲနေတာမှ မဟုတ်ဘဲ .."

ဒေါ်ယဉ်လှဲ က ခေါင်းခါ၍ ...

"တစ်လျှောက်လုံး ဖုတ်သဲပေလာပြီးမှ ရေဆေးလိုက်လို့ ပြောင်စင်သွားတဲ့ ခြေထောက်နဲ့ ကတ္တီပါထိုင်ဖုံပေါ်မှာ အမြဲတမ်းထိုင်ပြီး ကတ္တီပါဖိနပ်ရွှေကော်ဖောပေါ်မှာပဲ နင်းနေခဲ့တဲ့ ခြေထောက် ဖြူစင်တာချင်း တူပါ့မလား .."

"တူတာမတူတာကို နှိုင်းယှဉ်မကြည့်ရင် မသိဖူးပေါ့ဘူး မေမေ.."

စစ် က ပြောချင်နေသည့် မာနစိတ်ကြောင့် လေသံက မာဆတ်ဆတ် ..၊

"ပြည့်စုံချမ်းသာတဲ့ အိမ်ထောင်ဖက်ကောင်းရှာရတာ မိန်းကလေးတွေ အလုပ်ပါ .. ဘဝအတွက် အားကိုးနိုင်မယ့်သူ .."





"ယောကျ်ားလေးလည်း ကိုယ်က ဦးမဆောင်နိုင်ရင် ဦးဆောင်နိုင်တဲ့မိန်းမ လိုတာပဲ သား .."

စစ် မျက်နှာ အရောင်ပိုရင့်လေသည်။ မေမေ တမင်ပေါ်လွင်အောင် ပြောနေတာမှန်း သိပေမယ့် ကြည်လှဲ ကတော့ မောင်လေးကို သနားနေပြီ ဖြစ်၏။

"မေမေရယ် ဘယ်အိမ်မှာဖြစ်ဖြစ် အငယ်ဆုံးတွေက ဆိုးကြတာပဲ များပါတယ် .. နောက်တော့လည်း သူတို့ဘာသာ အသိတရားလေးတွေ ဝင်လာကြတာပဲ .."

"နောက် ဘယ်အချိန်မှာ ဝင်လာမယ်မှန်း မသိတဲ့ အသိတရားကို ငုတ်တုတ်ထိုင်စောင့်မနေနိုင်ဘူး သမီး .. ဘယ်တော့မှ သိတတ်နားလည်မှု ရှိမလာဘဲ ဆိုးမြဲတိုင်း ဆိုးသွားခဲ့ရင် အဲဒီအချိန်မှာ မေမေတို့ မရှိတော့ဘူး .."

"ဒါကြောင့် ကျွန်တော့်ကို အသက်ကြီးကြီး သူဌေးမနဲ့ ပေးစားဖို့ စီစဉ်နေတာလား မေမေ .."

"ဟုတ်တယ် .. မင်းပုံစံကို မေမေ သုံးသပ်ပြီး ဒီလိုစီစဉ်ဖို့ တိုင်ပင်ခဲ့ကြတာ .."

စစ် က တင်းနေသည့်မျက်နှာကို ပြေပြစ်ဖို့ မကြိုးစားတော့ဘဲ ခပ်လွဲလွဲ လုပ်ပစ်ပြီး မသိမသာ အံကြိတ်သည်။

"ဘဏ်အကောင့်ထဲက ပိုက်ဆံကို ကုန်အောင် သုံးပစ်မိလို့ ဒီလိုစီစဉ်ဖို့ ဖြစ်လာတာဆိုရင် နောက် ဘယ်တော့မှ ကျွန်တော့်ကို မုန့်ဖိုး ပေးပါနဲ့ မေမေ .."

"ဟင့်အင်း .. မင်း တောင်းရင်လည်း ပေးဖို့ စိတ်ကူးမရှိဘူး သား.. ဒါပေမယ့် ငါ လက်ဖြန့်မတောင်းတော့ဘူးဆိုပြီး သားကိုယ်တိုင် ဆုံးဖြတ်ခွင့် မေမေ မပေးနိုင်ဘူး .. ဒေါ်မြမြဝင်း သမီးငယ်နဲ့ သူဌေးဦးဘိုယာရဲ့ တူမတွေထဲက တစ်ယောက်ကို သား ရွေးချယ်ရမယ် .. ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



မရွေးချယ်ဘူးဆိုရင် မေမေတို့ ရွေးချယ်ပေးစားတာကို လက်ခံရမယ်..”

“မေမေ ..”

“ပြော .. ဘာလဲ ..”

“ဒီလိုနည်းနဲ့ တံခါးပိတ် စီစဉ်တဲ့ခေတ် မဟုတ်တော့ပါဘူး .. မေမေတို့ အတင်းအကျပ် မလုပ်ပါနဲ့ ..”

“အဲဒီလိုစိတ်ကူး မရှိခဲ့ပါဘူး .. ဒါပေမယ့် တံခါးပိတ် ချုပ်ထားရတဲ့အထိ သားက မိဘကို ကလန်ကဆန် လုပ်လာတယ် ဆိုရင် ..”

“ကျွန်တော့်အတွက် မှီခိုနိုင်ဖွယ်ရှိတဲ့မိန်းမဆိုတဲ့ ခေါင်းစဉ် တပ်ပေးရင်တော့ ကျွန်တော် ..”

“မောင်မောင် ..”

စစ် ကို အပြတ်အသတ် ငြင်းပယ်ခွင့် မပေးနိုင်ပါ..၊ မေမေ့စိတ်ကို ကြည်လှဲ့ က နားလည်ပြီးသား ..၊

စစ် ကမူးရှူးထိုး ထပြောလိုက်တာနှင့် ခုချက်ချင်း ကုပ်ဆွဲသွားပြီး အခန်းထဲ ပစ်ထည့်လိုက်ဖို့ထိ ဖြစ်သွားနိုင်၏။

“ခုမှမဟုတ်သေးတာ ဘာဖြစ်လို့ စကားကို အကုန်ပြောရတာလဲ ..၊ တစ်ယောက်နဲ့တစ်ယောက် လေ့လာခွင့် ရှိသေးတယ် .. အဆင်မပြေနိုင်တာရှိကြရင် ဆွေးနွေးလို့ ရတယ် .. မေမေက မောင်မောင့်ကို ကရုဏာဒေါသနဲ့ ပြောချလိုက်တာပါ ..”

သမီးဖြစ်သူ ပျာယီပျာယာ ထဖြစ်သွားတာကို နားလည်ကာ ဒေါ်ယဉ်လှဲ့ က ပြုံးသည်။ ပြီးတော့ ဘယ်သူ ဘာတွေဖြစ်ဖြစ် သူမ ပြောသမျှသာ တစ်မိန့်တစ်အာဏာ ဖြစ်စေမည်ဆိုသည့်အကြည့်နှင့်..

“သားအစ်မပြောတာ ကြားလို့ကောင်းပေမယ့် မေမေက အမှန်အတိုင်း အရှိအတိုင်း ပြောတာဆိုတော့ နားဝင်ဆိုးတာပေါ့ ..၊ အခု ထပ်ပြောမယ် သား .. မင်းတို့ကိုကြီး ဖြစ်စေ .. မင်းရဲ့အစ်မ ဖြစ်စေ .. အနုပ်စုတ် ဂုတ်စုတ်ကိုလည်း လုံးဝ မမှန်းရဘူး ..၊ ပညာတတ်ရမယ်..





ချမ်းသာရမယ် ..၊ ဦးကောင်း .. ဒေါ်ယဉ်လှဲ့ တို့ရဲ့ သားသမီးတွေအားလုံး ဒိတ်ဒိတ်ကြဲတွေနဲ့သာ လက်ထပ်ရမယ် .. အဲဒါ မေမေ့ မျှော်လင့်ချက်ပဲ ..”

ဘာယက်ရှင်တွေက အဲဒီလိုမျှော်လင့်မထားဘူးဆိုရင် မေမေ ဘာလုပ်မလဲ ..၊

တစ်ချက်လေး အကဲခတ်ပြီး ကျေနပ်လက်ခံခဲ့တာက တစ်ယောက်.. ဘာမသိညာမသိနဲ့ တစ်သက်လုံး ပေါင်းသွားရမှာက တခြားတစ်ယောက်..၊

'အဲ့မေနဲ့ ပေါင်းမှာလား .. ကျွန်တော် ပေါင်းရမှာလား' လို့ မေးရင်ရော မေမေ ဘယ်လိုဖြေမလဲ ..၊ ကောင်းစားစေချင်လို့ဆိုတဲ့ စေတနာကို ကျေနပ်နားလည်ပေးဖို့ဆိုတာက ကိုယ်စိတ်ချမ်းသာမှ ဖြစ်မှာ မဟုတ်ဘူးလား ..၊

“မင်းခေါင်းထဲမှာ ဘာတွေတွေးနေနေ မေမေ အမြဲတမ်း လက်ကိုင်ထားတဲ့ မက်သတ်ဒ်တစ်ခုက ဘဝနဲ့ ငွေ အတူနေမှ လူဖြစ်ရကျိုးနပ်တာ .. ငွေမရှိလို့ လူလူချင်းအတူတူ ဘယ်လောက်ထိ နောက်ဆုတ်သိမ်ငယ်ခဲ့ရသလဲ ..၊ ယှဉ်ပြိုင်ခွင့်မရှိတဲ့ အရာရာအတွက် ဘယ်လောက်ကြေကွဲခံစားခဲ့ရသလဲ ..”

မေမေ့ခံစားချက်တွေကို စစ် နားလည်မပေးနိုင်ပေ ..၊ ဘာဖြစ်လို့လဲဆိုလျှင် သူ့ရင်ထဲမှာ မေမေ့လို မက်သက်ဒ်တွေ မရှိ ..၊

“ဒါတောင် မေမေ အစတည်းက မဆင်းရဲခဲ့ဖူးဘူး .. ဒါပေမယ့် သူများလို မချမ်းသာလို့ ချိုးနှိမ်ခံရတာကို တစ်လျှောက်လုံး ခံစားလာခဲ့တယ် ..၊ မေမေ့ရဲ့ဘဝတစ်ပိုင်းက အဲဒီလို မပြည့်စုံ မပေါ်လွင်ခဲ့တဲ့ဘဝနဲ့ ကုန်ဆုံးခဲ့တာ ..”

ဒါကို ရင်ဘတ်ထုပြီး ငိုခဲ့လေသလား ..၊

မဆင်းရဲခဲ့ဖူးသူက မချမ်းသာလို့ တိုင်နဲ့ ခေါင်းနဲ့ ပြေးဆောင့်သွားတယ်ဆိုရင်ရော ဒါကို သနားစရာပဲလို့ မြင်တဲ့လူရှိမလား..၊



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကိုကြည့်လိုက် .. မျက်နှာလွှဲ၍ ရင်တွင်းစကားတွေနဲ့ တိတ်တဆိတ် သတ်ပုတ်နေခဲ့လိုက် ..၊

မေမေ ပြောတာတွေကို ဘယ်အကြောင်းအရာပေါ်မှာမှ စာနာပေးလို့မရတာ ဘယ်လိုလုပ်ရမလဲ ..၊

"သားငယ် .."

"ဗျာ .."

"မင်းရင်ထဲမှာရှိတာတွေ မေမေ့မျက်နှာကို ကြည့်ပြောနိုင်ပါတယ်.."

"မပြောတော့ပါဘူး .."

"ဒါဆို မေမေ ချမှတ်တဲ့မူဝါဒကို သား လက်ခံတယ်ပေါ့ .."

"ကျွန်တော် မေမေ့ကို အတိုက်အခံ မလုပ်ပါဘူး .."

"ဒါဆို တည့်တည့်ပြောရအောင် .. မေမေ လက်ထပ်ပေးမှာကို သား ကျေကျေနပ်နပ် ရွေးချယ် ခေါင်းညိတ်မယ် ဟုတ်လား .."

"လက်ထပ်ပေးမှာကို မကျေနပ်ပေမယ့် ကျွန်တော် စဉ်းစားမှာပါ.."

ခေါယဉ်လှဲ က စိတ်ဆိုးဒေါသထွက်ဟန် မရှိတော့ပေ .. ကျေနပ်သည့်အပြုံးနှင့် ခေါင်းညိတ်နေကာ ...

"ဘာဖြစ်ဖြစ် မေမေတို့ရဲ့လိုရင်းက ရေလိုနေရင် ရေရဖို့ပဲ .. အဲဒီတော့ သား စဉ်းစားပါ ..၊ ဘယ်သူနဲ့ အရင်တွေ့ကြည့်မလဲ .."

ဘယ်သူနဲ့မှ မတွေ့ချင်ဘူးလို့ ပြောလိုက်ရင် ဘယ်လိုလုပ်မလဲ..၊





အခန်း (၆)

"ဟလို မေမေ .."

"သမီးမောင်လေး သမီးဆီ ရောက်လာသေးလား .."

"ဟင့်အင်း.. မောင်မောင် မလာဘူး.. ဘာနိုင်းလိုက်လို့လဲ မေမေ.."

"ဩော်.. မနက်က သူ အိမ်တံခါးပြန်ဝင်လာတုန်း ဝင်းလက် ...ာက်တယ်လေ .."

"ဘယ်လို .."

"သမီး အားရဲ့လား .."

"အားပါတယ် မေမေ .. သမီးဂျူတီက ပြီးပါပြီ ..၊ ခုပဲ ထွက်တော့ - ပြောလေ မေမေ .."

"ဝင်းလက် ဒီနားလေးမှာ ကားပျက်နေလို့တဲ့ .. ဖုန်းဆက်တာနဲ့ ...ာင်ကို သွားခိုင်းလိုက်တာ .."

"မေမေကလည်း မောင်မောင်ကဖြင့် ကားမပြင်တတ်ဘဲနဲ့ .."

"ဩော် .. ဆီပျောက် မီးပျောက် ဖြစ်ရုံဆိုရင် မိနစ်ကလေး ... ...ာက်တည်း ဘာမှမဟုတ်ဘဲ ဒုက္ခရောက်မနေတော့ဘူးပေါ့.."



www.burmeseclassic.com

www.burmeseclassic.com



ကားပျက်တာကလည်း သူတို့နှစ်ယောက်ကို လက်ထပ်ပေးမည် လို့ နှစ်ဖက်မိဘတွေက အသိပေးပြီးမှ တိုက်တိုက်ဆိုင်ဆိုင် ..။

"အဲဒီတော့ မောင်မောင်က မသွားဘူးတဲ့လား .."

"သွားကြည့်လိုက်ပါဆိုတော့ သွားတယ် .. အဲဒီတည်းက ပြန်ကို ဝင်မလာတော့ဘူး .."

"ဟင် .. ခုချိန်ထိလား .."

နာရီကြည့်လိုက်တော့ ညနေငါးနာရီ ထိုးနေပါပြီ ..၊

"သမီးကိုကြီးဆီ တစ်ချက် ဖုန်းဆက်ကြည့်ပါဦး .. မေမေခေါ်တာ ဖုန်းမအားဘူးချည်းပဲ .. ဘယ်သူတွေနဲ့ ဒီလောက်ပြောနေလဲ မသိပါဘူး.."

မေမေ့ခများလည်း မောင်မောင့်ဘက်က လိုက်လျောမှုကို ရတည် က တော်တော်လေး ကျေနပ်ဝမ်းသာနေပုံပါ ..၊ မောင်မောင့်မျက်နှာ တကြည့်ကြည့်နှင့် တော်ရုံဆို မမြင်ချင်ယောင်ဆောင်နေတာပဲ များကာ ဆူတာပူတာတွေ မလုပ်ခဲ့တာလည်း ကြာပြီ ..၊

ဒါပေမယ့် ငယ်သူချင်းမို့ မောင်မောင့် စိတ်ကို သူမ မေမေ့ထက် ပိုနားလည်နေသည် ..၊ ဒီကိစ္စနဲ့ပတ်သက်ပြီး မောင်မောင့် ရင်ထဲမှာ နာခံလိုခြင်း အလျဉ်းမရှိခဲ့ ..။

"အသက်ကြီးတာလေး တစ်ခုပဲ ရှိတာ .. ဝင်းလက်ရွှေစင် သိ တော့ .."

"မနိုးရင် မင်း လိုက်ပါလား .."

"မင်းအတွက် လျာထားပြီးသားကြီးမို့လို့ပေါ့ .."

ကျရောက်လာမည့်မျက်လုံးရဲ့အရှိန်ကို သိကာ နေစိုး က အကြည် ချင်း မဆုံမိအောင် ဟိုလွှဲ ဒီလွှဲ ..၊

ဝင်းလက်ရွှေစင် ကို ကားကြည့်ပေးဖို့ဆိုသော စေ့စပ်ချိန်းမှုနှင့် ထွက်လာခဲ့ရပြီး အတူတူ လမ်းလျှောက်ခဲ့ရသည့်အဖြစ်ကိုရောက် စကားတွေ အများကြီး ပြောဖြစ်ခဲ့သည်။





ပြောသမျှစကားတွေကလည်း တစ်ခုတစ်လေမှ နားဝင်မချိုသည်

"ငါ တကယ်တင်းတာ .. သူနဲ့ ငါ အသက်ဘယ်လောက်ကွာလဲ သိဘူး .. လူကို ဆက်ဆံပုံက .. တောက်!..."

"အဲဒါ မခံနဲ့ပေါ့ကွ .. သူက ပွဲအောင်ပြောရင် ကိုယ်လည်း ပြန်ဖွဲ့ သူက ဘာမို့လို့လဲ .."

ပြောဆိုခဲ့တာတွေကို ပြန်ပြောနေရင်း စကားက လိုရင်းကို မရောက် နေစိုး တို့ ဖြည့်စွက် အကြံပြုတာတွေကို သဘောမကျတိုင်း နေရသဖြင့် ...

"သူ့အတွက် ကြင်ဖက်ကောင်းဖြစ်မယ့်သူက ပထမအဆင့် ငါ့လို မျိုးတဲ့ .."

"အဲဒီတော့ မင်းကလည်း ပြန်ရွတ်ပြလိုက်ပါလား .."

နဲ့ရဲ့ ကတော့ မခံချင်ဒေါသသံလေး ထွက်ပေးဖော်ရသည်။ စိတ်ပျက်နေတာက မပျောက် ..။

ပြောခဲ့တာတွေကို ခုထိ နားထဲမှာ ဆွဲနေတုန်း ..၊

တ်လား .. စစ်သည်ကောင်း က ကားမကြည့်တတ်ဘူးလား..၊ ငယ်တွေက ဟိုစပ်စပ် ဒီစပ်စပ်တော့ နားလည်နေကြတာမို့လို့ ကြည့်တတ်မလားလို့ ဖုန်းဆက်ကြည့်လိုက်တာ .."

ဆို မဝင်းလက် က အိမ်မှာ ကျွန်တော် ရှိနေမှန်းသိလို့ ခေါ် လား .."

'ဘာမှမဟုတ်ဘဲနဲ့တော့ အလုပ်ရှုပ်မခံတော့ဘူး' ဆိုသည့် နက်ကို ပြန်ပိတ်ပြီး လက်နဲ့ ထပ်ဖိလိုက်သေးသည်။ ပြီးမှ လှည့်ကြည့်ပြီး ပြုံးပြတာ ...

အဲဒီလို ထင်လို့လား .."

လို့ပါ .. ကျွန်တော်လည်း အပြင်ကပြန်ရောက်တာ ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတာလေ ..''

"ဩော် ..''

သူမက ဆေးကူထားသဖြင့် အညိုရင့်ရင့်သွယ်တန်းနေသည့် မျက်

အစုံကို မသိမသာပင့်လိုက်ပြီး ခေါင်းညိတ်သည်။ ယောကျ်ားလေး

ယောက် အနားမှာရှိနေတာကို ဂရုစိုက်ပုံလည်း မပြ ..၊

ဒီယောကျ်ားဟာ သူမနဲ့ လူကြီးချင်းသဘောတူထားတဲ့လူဆို

ဂရုစိုက် အကဲခတ်တာမျိုးလည်း မရှိ ..၊ အသက်အရွယ် အရမ်း

ကွာ ခြားနေသော ကိုယ်နဲ့သက်ဆိုင်ဖို့မရှိသည့် အခြားတစ်ယော

ပြောျနေတာမျိုး သူမ တည်ငြိမ်ပုံက လက်ဖျားခါလောက်ပေသည်

"ဒီနားမှာ ကားကပျက်သွားတော့ အနီးဆုံးမှာရှိတဲ့ အသိ

ယောက်ကို သတိရလိုက်တာလေ ..၊ ကိုယ်နဲ့သိရတဲ့ အကြောင်း

လည်း စစ်သည်ကောင်း နဲ့ပဲ ပတ်သက်နေတာဆိုတော့ အကျိုးအကြေ

တွေ့ဆက်ပြီး တွေးမိသွားတာပါ .. ဘာမှ ဆန်းဆန်းပြားပြား မပါ

"ဒါဆို ခု ကျွန်တော်ကလည်း ကား ဘာဖြစ်မှန်း မသိတော့

တော့ ဘာကူညီပေးရမလဲ ..၊ ဝပ်ရှော့ ခေါ်မလား .. ဒါမှမဟုတ်

လက် အိမ် လိုက်ခဲ့ဦးမလား ..''

"တို့ကို အိမ်လည်ခေါ်တာလား ..''

"ဟိုမှာလေ .. ခြံရှေ့ကိုပဲ ရောက်နေပြီဆိုတော့ ..''

"တို့ရည်ရွယ်ချက်က အိမ်လည်ဖို့မှ မဟုတ်တာ .. မသိတဲ့

ကို ဝင်ထိုင်ရမှာလည်း ကြောင်ပါတယ် ..''

"မေမေနဲ့တော့ သိတယ်မို့လား ..''

"မသိပါဘူး .. လူကြီးချင်းသာ ခင်တာ .. တို့နဲ့က ပြုံးပြရုံ

ရုံပဲ .. ရတယ်လေ .. ကားကို ဝပ်ရှော့ပဲ အပ်ခဲ့လိုက်တော့မယ်

"ဒါဆိုလည်း ကျွန်တော် ခေါ်ပေးပါ့မယ် .. မဝင်းလက်

ဆက်သွားမလဲ ဆိုတာပဲ ..''





"ဟွန်း ..''

သူမက အိတ်ထဲကဖုန်းထုတ်ရင်း ဘာကို ရည်ရွယ်မှန်းမသိသော

ောင်ပြုံးတစ်ချက်နှင့် ...

"တို့က အနီးဆုံးမှာရှိတဲ့လူ ရောက်လာပြီး ကြည့်ပေးလိုက်ရင်

မလားလို့ ခေါ်လိုက်တာပါ .. ကားပျက်ရင် ဘာလုပ်ရမယ်ဆိုတာ

ာက်တော့ သိတယ် ..''

သူ ရင်ထဲ အောင့်သွားသည်။

သူမက ရောင်စုံလက်နေသည့် မျက်ခွံကျယ်လေးတွေ ထင်းနေ

ာင် မျက်ခုံးတစ်ဖက်ကို မသိမသာချီထားတတ်ကာ သူများခံရခက်

သော အထက်စီးဆန်သည့်အပြုံးနှင့် ...

"တို့က တို့လက်ထပ်ရမယ့်လူကို ပထမဆုံး စမ်းသပ်လိုက်တာ

င်တော့ မင်းအတွက် အမှတ်က ဇီးရိုးကနေ တစ်မှတ်မှမတက်သေး

ာ် ..''

သူ မျက်မှောင်ကုတ်သွားတာကို သူမက စိုက်ကြည့်၍ ...

"တစ်ခုခု အခက်အခဲကြုံလာရင် ဦးဆောင်ဖြေရှင်းနိုင်တဲ့ ယောကျ်ား

မိန်းကလေးတွေက အထင်ကြီးတာ ..''

တိုက်ရိုက်ထိသွားသည့်စကားကြောင့် စစ် ရဲ့မျက်နှာတစ်ပြင်လုံး

နဲ ဖြစ်သွားသည်။

"ဥပမာ ခုလိုမျိုးပေါ့ ..''

"ဟုတ်လား .. အဲဒီလို အမှတ်ပေးဖယားကိုင်ပြီး စာတွေ့လက်

စစ်ဆေးချင်တယ်ဆိုရင် မဝင်းလက် ကြော်ငြာလေးဘာလေး

သင့်တာပေါ့ .. အဲလိုဆိုရင် အမှတ်ပြည့်လိုချင်တဲ့လူတွေ လာ

ပြီး အောင်ဖို့ ကြိုးစားကြမှာ ..''

"စစ်သည်ကောင်း ကရော ..''

"ဟွန်း ..''



www.burmeseclassic.com

www.burmeseclassic.com



စစ် က ခံပြင်းသည်မဲ့ပြုံးနှင့် စိုက်ကြည့်ကာ ...
"ခင်ဗျား ကျွန်တော့်ကို ခုမှ စိတ်ဝင်စားတာတော့ ဝမ်းနည်း
ပဲ .. ကျွန်တော်က အဲဒီလိုရွေးချယ်ခံဖို့ကို လုံးဝ စိတ်မဝင်စားတဲ့လူ

"အင်း .. ဒါ ဝမ်းနည်းစရာတော့ မဟုတ်သေးပါဘူး .. ဒါပေ
ခု မင်းနဲ့တို့ စကားပြော အဆင်မပြေကြတာမို့ မေ့ထားပြီး ရှေ့က လ
ပေါ် အထွက်ထိ အတူလိုက်ပေးဖို့ တောင်းဆိုပါတယ် .. ဘယ်လို

"ဖြစ်ပါတယ် .. မသိတဲ့လူတွေတောင် အကူအညီတောင်းလာ
ပေးရသေးတာပဲ .."

"တို့ကို ဘယ်လိုစာရင်းထဲမှာ သွင်းလိုက်တာလဲ .."

"သိထားပြီးတဲ့လူချင်း .."

သူမက တလှုပ်လှုပ် လမ်းလျှောက်နေရင်း ရယ်သည်။ ပန်း
ရောင် ဒူးမရောက်တရောက် စကတ်ကျပ်ကျပ်လေးနှင့် အဖြူ
ဆွယ်တာပေါ်မှာ ပန်းရင့်ရောင်ဝစ္စကုတ်ကို ထပ်ဝတ်ထားသည်။

ရှားရောင်နုနု ဟိုက်ဟီးလ်ကို စီးထားကာ ခြေလှမ်းလိုက်
ကိုယ်လေးတစ်ခြမ်း နွဲ့ပါသွားတတ်၏။

ဒါက လှပတဲ့စတိုင်လ်မျိုးလား ..၊ စကတ်ကျပ်နေလို့ ခြေ
မကျနိုင်ဘဲ တမင်ကြွလျှောက်နေတာလား .. သူမပဲ သိမှာပါ ..

သူနဲ့ သူမ တွေ့တွေ့ချင်း အဆင်မပြေသလို ဘယ်တော့မှ
အဆင်ပြေမှာ မဟုတ်တာ သေချာသွားခဲ့လျက် ...

"ဒါဆို မင်းလည်း ပြန်ပြောခဲ့တာပဲ ..၊ ကျေနပ်လိုက်တော့

သူ လုံးစေ့ပတ်စေ့ ပြန်ပြောပြလိုက်တော့ မာန်ရဲ က ကျေနပ်
သလို ခေါင်းညိတ်ရင်း သူ့ကိုပါ ကျေနပ်ခိုင်းနေ၏။

"ဘာပဲဖြစ်ဖြစ် အသက်ချင်းကွာတယ်ဆိုတည်းက အယူအ
က ကွဲပြားနေပြီးသားပဲ .. ဒါကြောင့် အကြီးဆုံးနဲ့ အငယ်ဆုံး မယူ
ဘူး ဘာညာတွေ ပြောကြတာပေါ့ .."





"ဟုတ်တယ် .. လွှမ်းမိုး အုပ်ချုပ်ချင်တဲ့လူနဲ့ ဆိုးနွဲ့အနိုင်ယူချင်တဲ့
သူ ဘယ်လိုလုပ် တည့်မလဲ ..၊ ဒါပေမယ့် ဒီအခြေအနေမှာတော့ မင်းက
ဘယ်ပါတယ် စစ် ရာ .. သူ ဘယ်လောက်ချောပြီး ပျော့ထိဖြစ်နေပါစေ
သူ့ထက်ငယ်ပြီး ချောတဲ့ယောက်ျားကိုတော့ တစ်ဖက်သတ် လွှမ်းမိုးချင်
မှ မရဘူး .. ဒီကကောင်က သူ့ကိုပဲ အသေအလဲ ဖြစ်နေရင်တော့
မျိုးပေါ့"

နေစိုး ကလည်း မာန်ရဲ စကားကို ထောက်ခံကာ ...

"ဒီလိုင်း ကြည့်ပါလား .. လင်း ဘယ်လောက်ပဲ အနိုင်ယူနေနေ
ဒါတို့ကသာ သူ့အစား မခံချင်ဖြစ်နေတာ သူကတော့ အေးဆေး .."

ထိုင်ဖြစ်ကြတိုင်း ကော်ဖီဆိုင်မှာပဲဖြစ်ကာ အမြဲတမ်း ဒီစားပွဲ ..၊
ဒီတစ်ခါ စစ် ရဲ့ ပူပင်သောကတွေကြောင့် တခြားသော ပြောချင်
စကားတို့ ရှိပေမယ့် ဘာမှလည်း မပြောဖြစ်ကြဘဲ ...

"ငါ အဲဒီမိန်းမကို ဘယ်လိုနည်းနဲ့ တိုက်ထုတ်ဖယ်ချရမလဲ စဉ်း
နေတာ .. သူ စီစဉ်တာကို မေမေကတော့ ငြင်းခွင့် လုံးဝပေးမှာ
မဟုတ်ဘူး .."

"စစ် ရာ .. ငြင်းခွင့်မရှိပေမယ့် ရွေးခွင့်ရှိတာပဲကွာ .."

"ရွေးဖို့လည်း စိတ်မဝင်စားဘူးကွာ .. အဲဒါ ဘာလုပ်ရမလဲ .."

"ရွေးတော့ ရွေးကြည့်ပါဦးကွာ မင်းကလည်း .. နောက်တစ်
ကက်က အိုခေသွားရင် သူ့ချစ်ကိုယ်ချစ် မိဘချမ်းသာ မကောင်းဘူး
.."

"ကောင်းစရာ ဘာအကြောင်းမှ မရှိဘူး .."

"ဒါဆို ငါ သိပြီ .. မင်း ကာရန့် ကို မေ့မရလို့မို့လား .."

နေစိုး စကားကြောင့် စစ် ရှုံ့မဲ့သွားသည်။ မာန်ရဲ က နေစိုး စကား
တာကို ဆက်မပြောဖို့ မျက်ရိပ်ပြ၍ ...

"ကာရန် မင်းကို ဆက်သွယ်ဖို့ ကြိုးစားနေတုန်းပဲ စစ် .."



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါကွာ .. ညစ်နေတာ အဲဒီအကြောင်းတွေနဲ့လည် ငြီထယ် .."

"ဟုတ်လား .."

စစ် က ကာရန့် မွေးနေ့အတွက် သူလုပ်ပေးခဲ့တာနဲ့ပတ်သက်ပြ မေမေ ပြောတာတွေကို ပြောပြလိုက်ပြီး ...

"ဘယ်လိုလုပ်ပြီး အဲလောက် သိသွားမှန်းကို မသိဘူး .. ကြ လည်း ကြာလှပြီကွာ ..၊ အဲဒါက အခု မိန်းမယူဖို့ပြောကာမှ ကောက်က ငင်ကာ ပေါ်လာတာ ဘာလဲ .."

"ဒါကတော့ ချေးကသေးကစပြီး ပြောမနေချင်လို့ ဖြစ်မှာပေါ့ အခု ဒီအခြေအနေမှာ မင်း မလှုပ်နိုင်ဖြစ်သွားတာ မင်းအမေ အဲဒီ မျိုသိပ်နိုင်ခဲ့တဲ့ အကြောင်းတရားကြောင့်ပဲ .."

ဒါကတော့ သွေးထွက်အောင် မှန်ပါ၏။ မေမေ့အရည်အချင်း အံ့သြပေမယ့် အံ့သြချိန်တောင် မရလိုက်ဘဲ ချည်တုပ်ခံလိုက်ရတ လက်တွေ့ ..၊

နောက်ထပ်ပြီး ဘယ်လိုအခက်အခဲတွေမှာ ကျရှုံးရဦးမှာလဲ ..





အခန်း (၇)

'သတ္တရာဇ်'စံအိမ်ကြီးရဲ့သက်တမ်းက မနည်းမနော ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ဒီစံအိမ်ကြီးရဲ့ ထူးခြားချက်ဟာ အဖြူရောင်က မှိန်ဖျော့သွား ပေမယ့် အိုဟောင်းသည့်ဇရာရိပ် မထင်ဘဲ မီးခိုးရောင်လွှင်နေသလို ပို၍ ခန့်ညား ကျနရစ်တာမျိုး ..၊

သက်တမ်းအရ ပျက်စီးနိုင်သည့် ဘယ်လိုအခင်းအကျင်းဖြစ်ဖြစ် သစ်တစ်ချောင်းမကျိုး .. အက်ရှရာတစ်ချက်လေးမှမထင်ဘဲ ခိုင်မာလုံခြုံ သော ခေါင်မိုးအုတ်တွေကအစ နှစ်ကာလ ဘယ်လိုတာရှည်ခဲ့ပေမယ့် မပျက်စီးခဲ့ပေ ..။

ဒါပေမယ့် ဆန့်ကျင်ဘက် ဆိုးရွားတာ တစ်ခုတော့ ရှိသည်။ ဒီ စံအိမ်ကြီးမှာ ခေါင်းချတော့မည်လို့ စွဲလမ်းစိတ်နှင့် ဆုံးဖြတ်ခဲ့သူတိုင်း အသက်မရှည် ..၊

ဤသို့ ဆုံးဖြတ်မိလောက်အောင်လည်း စံအိမ်ကြီး၏ အတွင်းအပြင် ဖွဲ့စည်းပုံအားလုံးက ထည်ဝါ ခန့်ညားနေသည်ဖြစ်ကာ ..

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီး ဦးမိုးခြိမ့် လက်ထက်ကျမှ ဒီလျှို့ဝှက်ချက်ဟာ မစွဲလမ်းသင့်ခြင်းရဲ့သော့ချက်ဆိုတာကို စတင် နားလည်လာခဲ့သည်။

ထို့ကြောင့် အစ်ကိုအကြီးဆုံးဖြစ်သည့် ဦးသာယာ ကို ဖွင့်ပြောပြခဲ့၏။ မျိုးဆက်တိုင်း အသက်မရှည်ကြသောအဖြစ်နှင့် ပတ်သက်၍ ဦးသာယာ သိပ်တော့ လက်မခံချင်ပေမယ့် တူမလေးကိုတော့ ကံစမ်းမဲအဖြစ် ထည့်သွင်း မစမ်းသပ်ရဲပေ ...၊

ထို့ကြောင့် သူ့ရဲ့ မင်္ဂလာစံအိမ်ကြီးမှာပဲ ခေါ်ထားခဲ့တာဖြစ်သည်။

ခုတော့ သတ္တရာဇ်စံအိမ်ကြီးဟာ တစ်လတစ်ခါ သန့်ရှင်းရေးပြုလုပ်ခြင်းကို ခန့်ညားစွာ ခံယူနေလျက် အထီးကျန်ခြင်းကိုလည်း ဂရုမစိုက်စွာ တခမ်းတနား ရပ်တည်နေခဲ့ပြီဖြစ်သည်။

"သူဌေးကြီး .."

"ဟင် .."

ပြတင်းပေါက်ကနေ အပြင်ကိုငေး၍ တွေးနေမိစဉ် သူ့ရဲ့ လက်စွဲတော် ဗေဒကျမ်းဆရာကြီး ဦးဝေဠု ပြန်ရောက်လာပြီး ...

"ပြင်ဆင်စရာတွေကတော့ များလိမ့်မယ် .."

"ထိုင်ဗျာ .. အားလုံး ကြည့်ခဲ့ပြီးပြီလား .."

ဦးသာယာ က စာကြည့်ခန်းထဲမှာ အတူတူထိုင်၍ ရေးမှတ်စရာဖိုင်နဲ့ စာရွက်စာတမ်းတချို့ကို ဦးဝေဠု ထံ တိုးပေးကာ ...

"ပြောပါဦး .. ဘာတွေ လိုအပ်နေသလဲ .."

"လိုတာကတော့ စံအိမ်ရဲ့ စင်တာကျနေတဲ့ မီးဖိုခန်းနဲ့ အလယ်လှေကားမကြီးကို နေရာ နည်းနည်း ပြန်လွှဲပစ်ရမယ် .. အဲ .. ပြီးတော့..."

"ပြောပါ .. လိုအပ်တာအားလုံး ပြောလို့ရတယ် ...၊ ဒီစံအိမ်ကြီးကို ကျုပ် ဒီတိုင်းတော့ ပစ်မထားနိုင်ဘူးလေ .. ဒါကို ပိုင်ဆိုင်ခွင့်ရှိနေတဲ့ မျိုးဆက်လက်ထဲ အပ်ရမယ် ...၊ အဲဒီအချိန်မှာ စံအိမ်နဲ့ပတ်သက်တဲ့ ဟိုလိုဒီလိုတွေကြောင့် စိတ်ရောလူပါ ဒုက္ခရောက်မခံနိုင်ဘူး .."





ဦးဝေဠု က ခေါင်းညိတ်နေရင်း စာကြည့်ခန်းကျယ်ကြီးကို မျက်လုံးလိုက်ဝေ့နေ၏။ ပြီးမှ ဦးသာယာ ကို ကြည့်၍ ...

"ကျွန်တော် ခုပြောမှာတွေက အိမ်ရဲ့ အကျိုးအပြစ် တချို့ပါ ..၊ ဒါပေမယ့် အားလုံးကိုတော့ ပြုပြင်လို့ မရနိုင်ဘူး သူဌေးကြီး .."

"ဘာဖြစ်လို့လဲ .. ဒီအဆောက်အဦးကြီးက ခိုင်မာနေလို့လား ..၊ ကုန်ကျစရိတ်ကြောင့်လား .. ကျုပ်က မဖြစ်မနေလုပ်ဖို့ စီစဉ်ပြီးသား.."

"မဟုတ်သေးဘူး သူဌေး .. ဒီစံအိမ်ကြီးကို စပြီး အုတ်မြစ်ချတည်းက ဒီခြံမြေ ဒီအုတ်မြစ်တိုင်တွေကအစ သက်ဆိုင်ရာပုဂ္ဂိုလ်တွေရဲ့ အစောင့်အရှောက်နဲ့ သေချာ စီမံပြီး ထူထောင်ခဲ့တာ .."

"ခင်ဗျားလည်း ကျုပ်နဲ့ အသက်သိပ်မကွာပါဘူး .. ဒါတွေကို ဘယ်ကနေ သိနေတာလဲ .."

"ကျွန်တော့်မှာလည်း စောင့်ရှောက်တဲ့ပုဂ္ဂိုလ်တွေရှိလို့ပေါ့ သူဌေးရယ် .."

အရပ်ပုပု ကိုယ်လုံးဖိုင့်ဖိုင့်နှင့် ကျမ်းဆရာ ဦးဝေဠု ၏ မျက်နှာပြည့်ပြည့်က မဟာနဖူးကျယ်နှင့်မို့ ခန့်ညားနေသည်။

ရည်မွန်ယဉ်ကျေးပုံပေါ်နေသည့် ခပ်ထူထူနှုတ်ခမ်းမှ ပြည့်ဝသည့် အပြုံးတို့နှင့် ...

"ကျွန်တော်တို့ လေ့လာလိုက်စားနေရတဲ့ ပညာရပ်ကိုက အစကတည်းက သီလ သမာဓိ ပြည့်ဝဖို့ပဲ .. သာမန်လူတွေထက် ပိုပြီး ကြားနိုင်မြင်နိုင်အောင် ဘာသာရေး မပြတ်လိုက်စားရတယ် ...၊ ကိုယ်တိုင် ကျင့်ကြံရတယ် .. စိတ်အာရုံတစ်ခုနဲ့ အရာရာကို ခံစား သိမြင်နိုင်တဲ့အဆင့်ပေါ့ ...၊ ကျွန်တော်တို့က အဲလောက် မတော်သေးပါဘူး .. ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေနဲ့ ဆက်သွယ်နိုင်တဲ့အထိ မဟုတ်သေးပေမယ့် သူတို့ရဲ့စောင့်ရှောက်မှုကို တစ်နည်းနည်းနဲ့ လက်လှမ်းယူနိုင်အောင် ခုမှ ကျင့်ကြံ ကြိုးစားနေဆဲပါ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ .. ဒါဆို အခု ပုဂ္ဂိုလ်တွေက အသိပေးခဲ့တာပေါ့ .. အဲဒီလို ဆိုလိုချင်တာလား .."

"ဟုတ်တယ်.. ဒါကြောင့် ဒီအိမ်မှာ လိုအပ်တဲ့ပြစ်ချက်ကို ထောက်ပြနိုင်တယ် .. လိုအပ်တိုင်းတော့ ပြင်ဆင်လို့ မရနိုင်ဘူး .."

"ဘာကြောင့်လဲ .."

"နိုင်မြဲစွာ အုတ်မြစ်ချခဲ့တဲ့ အဆောက်အဦးကြီး ဖြစ်နေလို့ပါ .. ကိုယ့်စိတ်ကြိုက် ဖြုတ်ထုတ် ပြင်ဆင်မယ်ဆိုရင် ဒီ့ထက်ပိုပြီး ထိခိုက်မှုတွေ ရှိလာလိမ့်မယ် .. လုပ်ကိုလုပ်မှာဆိုရင်လည်း ကျွန်တော်တို့ ဒါကို လုပ်ဖို့အတွက် ပြင်ဆင်ထားဖို့တွေ လိုလိမ့်မယ် သူဌေး .."

"ဒါဆိုလည်း လိုအပ်သမျှကို ပြောဗျာ .. ကျုပ်က နောင်အချိန်မှာ သာယာစိုပြည်နေမယ့် 'သဏ္ဍာရာဇ်'စံအိမ်ကြီးကို လိုချင်တာ .. ဒါမှမဟုတ်ရင်လည်း ဒီနာမည်မဟုတ်တော့တဲ့ နောက်ထပ်နာမည်သစ်နဲ့.."

"နာမည်ကိုပြောင်းလဲဖို့က အရေးကြီးဆုံးပဲ ဖြစ်နေတာ .."

"ဟင်!..."

"ကျွန်တော် အကြံပြုချင်ပါတယ် .. သူဌေး မနှစ်သက်တာ ဖြစ်ခဲ့ရင်တော့ ကြိုပြီး တောင်းပန်ရမှာပဲ .."

"ပြောပါ .. ကျုပ်တို့ ဒါကို ဆွေးနွေးနေကြတာပဲ .."

"'သဏ္ဍာရာဇ်'စံအိမ်ကို ဒီနာမည်နဲ့ပဲ ထားလိုက်ဖို့ပါ .. ပြုပြင်လို့ရနိုင်သလောက် ကျွန်တော်တို့ လုပ်ကြည့်မယ် .. သူဌေးကြီးက စိတ်အားထက်သန်နေတယ် .. ကျွန်တော်က ကျွန်တော့်ဘက်က လုပ်ပေးနိုင်သလောက် ကြိုးစားမယ် .. သူဌေးဖြစ်စေချင်သလို ဖြစ်လာရမယ်လို့ အာမ မခံရဲသေးပေမယ့် မကြာခင် အဖြေသိရမှာပါ .."

ဆွေးနွေးခြင်းက ဒီနေ့ ဒီလောက်ပဲပြောဖြစ်ကြကာ တစ်အိမ်လုံးကို အတူလျှောက်ကြည့်ခဲ့ကြသည်။ ဦးဝေဠု က သူ ကြည့်ရှုပြီးခဲ့သော ပြင်ဆင်မှုတွေအတွက် လိုအပ်သည့်အရာတွေကို သေချာထောက်ပြခဲ့သည်။





ပြီးတော့ ဘာကြောင့် ဒါကို ရုတ်တရက် ပြင်ဖို့ခက်သလဲဆိုတာတွေကိုလည်း ပြောပြ၏။ ဦးဝေဠု ပြန်ဖို့အတွက် ပေါ်တီကိုအောက်ထိ အတူတူထွက်လာကြကာမှ ခြံထဲကိုဝင်လာသည့် ကားတစ်စီးကြောင့် ဦးသာယာ မျက်မှောင်ကုတ်သွားသည်။

တခြားလူစိမ်းဆိုလျှင် ခြံစောင့်က အလွယ်တကူ ဝင်ခွင့်ပေးလိုက်မှာ မဟုတ်ပေ .. ထင်သည့်အတိုင်း ဦးဝေဠု ရဲ့ကားနောက်မှာ ရပ်သွားတော့ ကားပေါ်ကဆင်းလာတာ ညီမဖြစ်သူ ဒေါ်ငုဝါသင်း ..။

သူမကလည်း ဦးဝေဠု ကို သေချာကြည့်နေကာ ...

"ဘယ်သူလဲ ကိုကြီး .."

"ဘယ်သူဖြစ်ဖြစ်ပါ .. နင်က ဘာလာလုပ်တာလဲ ဒီထိ .."

ကြိုဆိုပုံက ယဉ်တော့ ဒေါ်ငုဝါသင်း မျက်နှာပျက်သွားသည်။ ဦးဝေဠု လည်း ထွက်သွားပြီ ..။ သူမလည်း ကားထဲကထွက်လာပြီ ဖြစ်သည်။

ဒါပေမယ့် ဦးသာယာ က နေရာမှ မရွေ့သည်မို့ ဒေါ်ငုဝါသင်း အထဲကို ဝင်ခွင့်မရတော့ဘူးဆိုတာ နားလည်သွားသည်။

"ကိုကြီးက ပြန်တော့မလို့လား .."

"ဟုတ်တယ် .."

"ငု အိမ်ရောက်သေးတယ် .. ကိုကြီး မနက်တည်းက ထွက်သွားတာဆိုတော့ ဒီနေ့က တနင်္ဂနွေလည်း ဖြစ်တာနဲ့ ကိုကြီး ဒီမှာရှိမှာပဲ ဆိုတာ .."

"အဲဒါတွေ ပြောမနေပါနဲ့ .. အခု ဘာကိစ္စနဲ့လဲ ပြော .."

ဦးသာယာ က ဘောင်းဘီရှည်ပွပွ ရှပ်အင်္ကျီလက်တိုပွပွကြီးနှင့် လက်နှစ်ဖက် နောက်ပစ်ထား၏။ ဒေါ်ငုဝါသင်း က တစ်ဆင့်နိမ့်သော လှေကားထစ်မှာ ရပ်နေရသည့်ပြင် မော့ကြည့်ပြောနေရသဖြင့်မောင်နှမ စကားပြောနေတာနဲ့ မတူ ..။



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ရှိသူတစ်ယောက်မို့ စစ်ဆေးခံနေရသည့်နှယ် ကိုယ့်ကိုယ်ကိုယ် ခံစားမိနေကာ ...

"ကိုကြီးကလည်း တစ်ခါတလေလေး စကားစမြည်ပြောချင်လို့ လာတွေ့တာတောင် ကိုယ့်ညီမ မဟုတ်တာ ကျနေတာပဲ .."

"ညီမဖြစ်ဖြစ် ညီဖြစ်ဖြစ် ခုချိန်မှာ ငါ ဘယ်သူ့ကိုမှ ဧည့်ထောက်ခံပြီး စကားပြောမနေနိုင်ဘူး .. ဘာကိစ္စရှိလို့လဲ ..၊ ပြောစရာရှိတာ ပြော.."

ဒေါ်ငုဝါသင်း ရင်ထဲမှာ မကောင်းပေမယ့် ကိုကြီး ဒီလိုပြောတာတွေကို ခံရနေကျမို့ ဖြေဖျောက်ပစ်လိုက်သည်။

"ကိုကြီးကို မေးချင်တာ ရှိလို့ပါ .. ပြောစရာလည်း ရှိလို့ .."

"ဘာလဲ မေး .."

"ခြူ ကကိုကြီး သူ့ကို နှင်ချလိုက်တယ်ဆိုလို့ .."

"ဟုတ်တယ် ..၊ ပြောစရာရှိတာက ဘာလဲ ပြော .."

ဦးသာယာ မျက်နှာ ပို၍ တင်းသွားတာကို အကဲခတ်မိကာ ခြူ ကို တော်တော် စိတ်ဆိုး ဒေါသထွက်နေခဲ့မှန်း သိလိုက်သည်။

ဒါဆို ကိုကြီး တကယ် နှင်ထုတ်ပစ်လိုက်တာပေါ့ ..၊ တကယ်ပဲ တစ်သက်အပြတ်လား .. နောင်ကြဉ်အောင် ပညာပေးရုံလား ..၊

"ကိုကြီးကလည်း ခြူ က ငယ်ပါသေးတယ်.. ပြီးတော့ မိန်းကလေး.."

"အဲဒီတော့ နင် ခေါ်ထားလိုက်ပါလား .."

"ကိုကြီးက အဲဒီလို လုပ်စေချင်တာဆိုရင် ပြောလေ .. ခြူ ကို တော့ ကိုကြီးက ခိုင်းတဲ့ပုံစံ မပြဘူးပေါ့ .. ငု ဘာသာ အမြင်မတော်လို့ ခေါ်ပြီး စောင့်ရှောက်တာမျိုး လုပ်လိုက်ရင် ရတာပဲ .."

ဦးသာယာ မျက်မှောင်ကုတ်သွားပြီး စိုက်ကြည့်နေ၏။

"ငု ထင်ပါတယ်.. ကိုကြီးက ခြူ ကို သိပ်ချစ်တာ.. ဒီလိုတော့.."

"ချစ်တဲ့လူတွေ ဒုက္ခပေးတာ ခံရမှ ပိုပြီး နာရတာ .."

ဦးသာယာ က သွားကြားစေ့သံနှင့်ဆိုရင်း အံကြိတ်ထား၏။





"ငါ့ရဲ့ စည်းကမ်းမူဝါဒနဲ့ပတ်သက်ရင် ဘယ်လိုလူကိုဖြစ်ဖြစ် ငါ သည်းမခံဘူး .."

"ဒါဆို ကိုကြီးက ခြူ ကို ခြောက်လှန့်ပညာပေးရုံ မဟုတ်ဘူးပေါ့ .."

"ငါ့ဘဝတစ်လျှောက်လုံးမှာ စိတ်မပါဘဲ ဘယ်အရာကိုမှ ဟန်ဆောင်ပန်ဆောင် မလုပ်ခဲ့ဖူးဘူး .. အဲဒီကိစ္စ ငါ့ကို ဘာမှထပ်မမေးနဲ့.."

"ဒါပေမယ့် သူ ဘာအပြစ်လုပ်ခဲ့လဲဆိုတာတော့ ပြောပြပါဦး ကိုကြီးရယ် .. ခြူ က ငု ရဲ့ တူမအရင်းပါ .."

"တူမအရင်းဆိုရင် နင့်တူမပဲ နင် စောင့်ရှောက်လိုက်ပေါ့ .. မွေးထားတဲ့မိဘကတောင် သားသမီးကို အမွေပြတ် စွန့်လွှတ်လို့ ရတယ်..၊ သားတွေ သမီးတွေကို ထားပြီး ရှိသမျှစည်းစိမ်ဥစ္စာတွေကို တခြားမှာ လှူဒါန်းပစ်လိုက်တာတွေရော မရှိလို့လား .. ငါက သူ့ဘကြီး .. သူ့ကို မွေးမြူအုပ်ထိန်းခဲ့တဲ့သူ .. ဘာဖြစ်ဖြစ် လုပ်ခွင့်ရှိတယ် .."

ဦးသာယာ ကို ကြည့်နေသည့် ဒေါ်ငုဝါသင်း မျက်နှာမှာ အံ့သြခြင်းတို့ စိုးမိုးလျက် နှုတ်ခမ်းအစုံပါ ပွင့်ဟနေခဲ့၏။

ဒါတွေ တကယ် ဖြစ်နေတာလား ..၊

ကာယကံရှင် ပြောနေတာကိုတောင် မယုံနိုင် ..၊

"ကိုကြီး .."

ဦးသာယာ က ခြေလှမ်းကျဲတို့နှင့် လျှောက်ထွက်သွားလျှင် ဒေါ်ငုဝါသင်း က ထက်ကြပ်မကွာ လိုက်သွားကာ ...

"နေပါဦး ကိုကြီးရဲ့ .. ကိုကြီးက ခြူ ကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ နှင်ချလိုက်ပြီးတော့ တစ်သက်အပြတ်ဆိုတာက ရက်စက်ရာ မကျဘူးလား ..၊ မိန်းကလေးတစ်ယောက်အတွက်က ..."

"နင် မရက်စက်နိုင်ရင် ခေါ်ထားလိုက်လို့ ငါ ပြောခဲ့တာ မရှင်းလို့လား .."



www.burmeseclassic.com

www.burmeseclassic.com



ဦးသာယာ က သူ့ကားနားရောက်မှ ခြေလှမ်းရပ်၍ ပြန်လှည့်ပြောသည်။ ပြီးတော့ မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်ပြီး ...

"သူကလည်း ဒါဆိုဒါ ခေါင်းမာတယ် .. ဖွဲကြီးတယ် ..၊ ငါကလည်း မှန်တယ်ထင်ရင် အလျှော့ပေးတတ်တဲ့လူ မဟုတ်ဘူး .. လောကမှာ အမှားပြင်ဆင်ချက်တွေ ပြည့်နှက်လာရင် အဲဒီလူရဲ့ အနာဂတ် ဘယ်တော့မှ မလှပနိုင်ဘူး .. ဒါမျိုးကို ငါလည်း လက်မခံဘူး ..၊ ငါ့စောင့်ရှောက်မှု ရှိရှိ မရှိရှိ မလိုအပ်ဘူးဆိုတဲ့မာနနဲ့ သူ ထင်ရာလုပ်သွားပြီးမှ.."

"ကိုကြီး နှင်ချလိုက်တာ မဟုတ်ဘူးလား .."

"ငှ .. နှင် ဘာဖြစ်လို့ ဒါကိုပဲ လှည့်ပတ်မေးနေတာလဲ ..၊ သူ ဘာလုပ်သွားတာလဲဆိုတာကို သိချင်နေတာလား .."

ဒေါ်ငှဝါသင်း က မဖြေ ..၊

"အေး .. ငါကလည်း တူမက ဘယ်လို အာခံ စော်ကားသွားပါတယ်ဆိုတဲ့အကြောင်းကို ကိုယ့်ကိုယ်ကိုယ် သိက္ခာကျခံပြီး ပြောမှာမဟုတ်ဘူး .. အဲဒီတော့ နှင် ဘယ်တော့မှ သိရမှာမဟုတ်တဲ့အတွက် မေးဖို့ မကြိုးစားနဲ့ ..၊ နှင့်ဘာသာ သူ့ကို တာဝန်ယူယူ မယူယူ ငါ့လုပ်ရပ်ကို မှန်တယ် မှားတယ် ဘယ်လိုထင်ထင် အဲဒါတွေ ငါ့ကိုနောက်ထပ် လာမပြောနဲ့ .."

ပြောပြီးတာနှင့် ကားထဲ တန်းဝင်သည်။ ဒေါ်ငှဝါသင်း က မှန်ဖွင့်ဖို့ လက်နဲ့ပုတ်ပြကာ ဦးသာယာ က မှန်ချပေးလိုက်မှ ...

"ကိုကြီးကို အဓိကပြောချင်တာက အဲဒါ မဟုတ်ပါဘူး .."

ဖြစ်ရပြန်ပြီဆိုသည့်အကြည့်နှင့် ဦးသာယာ မျက်မှောင်ကုတ်၏။ ဒေါ်ငှဝါသင်း မျက်နှာမှာ ခံစားချက်တို့ တရှပ်ရှပ် ဖြတ်ပြေးပြောင်းလဲသွားခဲ့၏။ ပြီးမှ ...

"အဲဒါကို အေးဆေးဆွေးနွေးချင်တာ .. ကိုကြီးက ငှ ကို ထိုင်ခွင့်လေးတောင် မပေးတော့ .."





"ကဲ.. နှင့်ရဲ့လိုရင်းက ဘာလဲ ..၊ ငါ ဒီအိမ်ကိစ္စတွေ လုပ်ရဦးမယ်..၊ ...ချိန်မရှိဘူး .."

"ဟင် .. ဒီအိမ်ကိစ္စ .."

"ဟုတ်တယ် .."

"ကိုကြီးက ဒီအိမ်ကို ဘာလုပ်မလို့လဲ ..၊ သက္ကရာဇ်စံအိမ်က မောင်...အတွက်ဆိုတာ အစတည်းက ရှိခဲ့ပြီးသား .. အခု ခြူ ပိုင်တာ...တ်ဘူးလား .."

"ဘယ်သူပိုင်တယ်လို့မှ ပြောလို့ မရသေးဘူး .. ပစ္စည်းပစ္စယ...ိုင်မှုတွေရော ဒီကလေးကိုရော ငါ့လက်ထဲ အပ်ခဲ့တာ ..၊ ငါ့ ထိန်း...ျောင်းမှုကိုမှ မနာခံရင် ငါ့သဘော .. ငါ မှန်တယ်ထင်သလို လုပ်ခွင့်...ယ် .."

"ဒါဆို ကိုကြီးက ရောင်းမလို့လား .."

ဦးသာယာ က မဖြေဘဲ မျက်နှာလွှဲ၏။ ဒေါ်ငှဝါသင်း က လိုက်ငုံ့...ကာ ...

"အိမ်ငှားများတင်မလို့လား ကိုကြီးရယ် .. ခြူ့ ကို တကယ်...ဖြတ်တော့မှာလား .."

ဘယ်လိုအစ်အောက်မေးလို့မှ သေချာမဖြေဘဲ ဦးသာယာ မျက်နှာ...ခဲ့၏။ ဒီနှစ်ခုထဲက တစ်ခုခုဆိုတာ သေချာပါပြီ ..၊ ခြူ တကယ်...ဖြတ်ခံလိုက်ရပြီဆိုတာ သိလိုက်သဖြင့် ရင်ထဲမှာ လေးသွားသလို...သည်း ပျော့သွားမိသည်။

ဒါပေမယ့် မျက်နှာကိုတော့ အံ့ဩကြေကွဲခြင်းတို့ လွှမ်းမိုးနေစေခဲ့...

"ခြူ က အိမ်ပေါ်ကိုတက်လာတော့ တစ်သက်လုံးက ဒီအခေါ်ကို...လုပ်ခဲ့ပေမယ့် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာတော့...တယ် ..၊ ခုတော့ ပိုရှင်းသွားတာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကို လက်စသတ်သလို ပြောလိုက်ပြီးမှ ကားထဲကို ပြ
ကာ ...

"သူဌေး ဦးကောင်း ဘက်က ကမ်းလှမ်းထားတဲ့ကိစ္စကို ကိုကြီး
ဖျက်လိုက်ပြီပေါ့ .."

"ဒါတွေလည်း သိနေတာပဲလား .."

"သူတို့ဘက်က သတင်းထွက်လာလို့ သိတာပါ .. ဦးသာ
ရဲ့တူမနဲ့ စေ့စပ်တော့မှာလို့ ကြားခဲ့တာ .. အခု ခြူ့ ကိုလည်း အဖွေ
လိုက်တယ်ဆိုတော့ ကိုကြီး ဘာလုပ်မှာလဲလို့ .."

ဦးသာယာ ညီမဖြစ်သူ ဘာကိုဆိုလိုချင်တာလဲဆိုတာ သိ
မျက်လုံးချင်းဆုံအောင် ကြည့်သည်။ ဒေါ်ငုဝါသင်း က မငြိမ်သက်
မျက်ဝန်းတွေကို မသိမသာ လွှဲဖယ်ပစ်ရင်း ...

"ကိုကြီးတူမဆိုပြီး ကမ်းလှမ်းထားတယ်ဆိုတော့ ခြူ့ ပဲဖြစ်
ဘယ်တူမဖြစ်ဖြစ် ရတယ်မို့လား ..၊ ပြီးတော့ ခြူ့ ရှိနေရင်တော
သူက ယောကျ်ားလေးလို နေတာလေ .. ခုလို အိမ်ကဆင်းသွ
မိန်းကလေးဆိုရင် ကိုကြီးအတွက် ရှင်းပြရ ပိုခက်မှာပဲ .."

"အဲဒီတော့ ဘာဖြစ်စေချင်တာလဲ .."

"ငှ မှာ သမီးနှစ်ယောက် ရှိတယ်လေ.. ကိုကြီးတူမတွေက အ
ရောက်လို့ လွန်တောင် လွန်နေပါပြီ ..၊ ငှ သူတို့ကို ဦးကောင်း တ
မိသားစုလက်ထဲ ထည့်ချင်တာ .."

"သူတို့မိသားစုကို နင်က ဘယ်လောက်ထိ သိထားလို့လဲ -

"မိသားတစ်စုလုံး ပညာတတ်ကြတယ်.. အဆင့်အတန်းရှိ

"အစတုန်းက လက်လုပ်လက်စား ဝန်ထမ်းဘဝတွေကနေ
တက်လာတာ .. ခုလည်း လူချမ်းသာဖြစ်ပုံတော့ မရှိဘူး၊ ချမ်းသာ
ထင်လို့ မက်မောနေတာဆိုရင်တော့ နင် မှားပြီ .."

"ဒါဆို ကိုကြီးက ခြူ့ ရှိနေရင်လည်း သဘောမတူဘူးပေါ့ -





တော့ စေ့စပ်ပွဲဖြစ်တော့မလို ပြောနေကြတာ .."

ဦးသာယာ ပင့်သက်ရှိုက်မိသည်။ သူ ဘာမှမဆုံးဖြတ်ရသေးတာ
ကို ဘယ်လိုပြောရမလဲ ..၊

"ခြူ့ နဲ့ စိတ်ကူးထားတယ်ဆိုရင်တောင်မှ ကိုကြီးလိုလူရဲ့အစောင့်
အရှောက်အောက်မှာ ခြူ့ အတွက်က ပစ္စုပ္ပန်ရော နောင်ရေးကိုရော
ပူစရာမရှိပါဘူး .. မလိမ္မာကြတဲ့ ငှ ရဲ့ သမီးတွေကသာ .."

"သူတို့က ခြူ့ ကိုပဲ လိုချင်တာဆိုရင် နင် ဘာလုပ်မှာလဲ .."

"ခြူ့ ကို သူတို့ မသိကြပါဘူး .."

သချာလှချေလားဆိုသည့်အတွေးနှင့် ဦးသာယာ နှုတ်ခမ်းမှာ
လိုလို .. ပြုံးလိုက်သလိုလို ..၊

"မောင်နှမချင်းမို့ ပွင့်ပွင့်လင်းလင်း ပြောရရင် ခြူ့ လို ပြည့်စုံနေတဲ့
ကလေးအစား ငှ ရဲ့သမီးတွေမှာ လိုအပ်ချက်တွေ အများကြီးပဲ ..၊
ကြောင့် အိမ်ထောင်ဖက်ကောင်းရဖို့က ပိုတောက် တို့အတွက် ပိုပြီး
တယ် ကိုကြီးရဲ့ .. တူမချင်းအတူတူပဲလို့ ကိုကြီး တွက်ထားရင်
င်း ရဲ့သား စေ့စပ်မှာကို လက်ခံပေးပါ နော် .. ပိုတောက် နဲ့
.."

ဦးသာယာ ဘာမှမပြောဘဲ ငြိမ်နေသဖြင့် ဒေါ်ငုဝါသင်း အားတက်
သည်။

"ခြူ့ ကလည်း အိမ်ထောင်ပြုဖို့ စဉ်းစားဦးမှာ မဟုတ်ပါဘူး...
ခြူ့ ကိုကြီးလက်ထဲမှာ ရှိနေရင်လည်း သူ့ကို ပြောလို့မရ .. ဟိုက
ကို မြင်တာနဲ့ စိတ်ပျက်သွားမှာတွေရော .. ကိုကြီး ဒီစေ့စပ်ပွဲကို
ခံနိုင်ပါဘူး .."

"ဘယ့်နှယ် နင်ချည်းပဲ ပြောနေပါလား ငှ .. စေ့စပ်တာ အောင်
မအောင်မြင်ဖို့ထိ နင် တွေးပေးဖို့ မလိုဘူး .. ခုလည်း ခြူ့
ကြောင်း ငါ့ကို ဘာမှထပ်မပြောနဲ့တော့ ..၊ နင်တို့ဘာသာ ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



သလို လုပ်ကြ .. ဈေးစပ်ဘာတွေရော ငါ့တူမဖြစ်ခဲ့တဲ့ ခြူ့ ကိုရော ... ဘာကိုမှ စိတ်မဝင်စားဘူး .. ထပ်ပြီးပြောလိုက်မယ် ...၊ ဒီမိန်းကလေး... နှင့်အိမ်ခေါ်တင်ထားတဲ့ကိစ္စ ငါ့ကို နောက်ထပ် ဘာမှ လာသတင်း... နဲ့ .. သူ့ရဲ့သေရေးရှင်ရေး ငါ ဘာမှ တာဝန်ယူမှာ မဟုတ်ဘူး .. ဒါဲ...

လိုချင်တာကလည်း ဒါပါပဲ ...၊

ဒေါ်ငုဝါသင်း ကားထဲကို တက်ကြွစွာ ဝင်ခဲ့ရင်း ပြုံးနေမိခဲ့သည်... ပိတောက် နဲ့ ဦးကောင်း ရဲ့သားကို လက်ထပ်ပေးနိုင်ဖို့ တစ်ဝက်... ချာပြီ ဖြစ်သည်။

လက်ထပ်ဖြစ်အောင် ကြိုးစားဖို့ကတော့ ကိုယ့်တာဝန် ...၊

ဒီသမီးနှစ်ယောက် အသုံးအဖြုန်းကြီးလွန်းလို့ အစွံထုတ်မှ... တော့မှာပါ .. အိမ်ထောင်ကျသွားတဲ့အခါမှာ သူတို့ရဲ့ထောက်ပံ့မှု... ဘယ်လိုရှိလာလာ မလာလာ ဒါလည်း အရေးမကြီး ...၊

အရေးကြီးတာက ဦးကောင်း တို့လို ပညာတတ် စည်းကမ်း... တဲ့ လူတွေလက်ထဲကို သမီး ရောက်သွားဖို့ ...၊

သူမတို့ အသုံးအဖြုန်းကြီးတာကို ဆက်လက်တာဝန်ယူသွား... သလား ...၊ ဒါမှမဟုတ် ဒီအကျင့် ပျောက်သွားအောင် စည်းရုံးသိမ်း... နိုင်တဲ့ ယောက်ျားမျိုး ဖြစ်နေမလား ...၊

ဘာပဲဖြစ်ဖြစ် ဒီသမီးတွေကို လက်လွှတ်ချင်ပါပြီ ...၊

အကြီးပြီးရင် အငယ်မအတွက် ...၊





အခန်း (၈)

"ပူမနေပါနဲ့ ပိတောက် ရယ် .. ဟိုယောက်ျားလျာမကို ဘယ်...ျားကမှလည်း ကြိုက်မှာ မဟုတ်ဘူး .. ဘယ်သားရှင်ကရော ...ခဲ့ကို ရွေးမှာလဲ .."

...လှကားကြီးက ဆင်းလာခဲ့စဉ် အောက်တစ်ထစ်ကိုဆင်းဖို့ ချ...ိသည့် ခြေထောက်က အလိုလို နောက်ပြန်တွန့်သွားခဲ့၏။

...ည့်ခန်းက စကားပြောသံတွေက လှေကားကနေ ခြူ့ နားထဲသို့...င်း ပီပြင်စွာ ဝင်လာခဲ့၏။ ပြီးတော့ ပြောနေကြတာက ကိုယ့်...ကြောင်း ...၊

"ငါ စိတ်ပူတာက အဲဒါတစ်ခုတည်း မဟုတ်ဘူး .. ဦးကောင်း ...ိုတာက ငါ့ထက် အသက်ငယ်တာပဲ သိတာ ...၊ ရုပ်ဆိုးပန်းဆိုး ... ဘယ်လိုလုပ်မလဲ .."

"ရုပ်ဆိုးစရာလား အေ .. ဖအေရော မအေရော ဒီလောက်ချောတဲ့



www.burmeseclassic.com

www.burmeseclassic.com



"မမေရယ် .. ဖအေ မအေ ချောတိုင်း သားသမီး ချောတာ
မဟုတ်တာ .."

"ညည်းတို့မှာ ခုချိန်ထိ ချောတာ မက်နေတုန်း .. ကိုယ့်အိမ်စီး
ရေးအခြေအနေကိုလည်း သိသားနဲ့ .. သာယာမှုနောက် လိုက်တာ
လျှော့စမ်းပါအေ .."

"ဘဝရဲ့ အဓိကလိုအပ်ချက်က သာယာချမ်းမြေ့ဖို့ပဲ မမေရ
ကိုယ့်စိတ် မသာယာဘဲနဲ့တော့ ချမ်းသာနေလည်း အလကားပဲ .."

"ဟုတ်တယ် ပိတောက် ပြောသလိုပဲ .. မှုံ ကတော့ တစ်မိမ့်မိမ့်ကြ
နေရရင် ထမင်းမစားဘဲ နေနိုင်ပါတယ်လို့ ပြောရလောက်အောင် ချော
စဉ်းစားမှာ .."

သမီးတွေရဲ့အလိုကို ဒေါ်ငုဝါသင်း မလိုက်နိုင်တော့ပေ ..။
ကောင်လေး ဘယ်လိုပုံစံ .. ဘယ်လိုအကျင့်ရှိတယ်ဆိုတာလည်း ကို
တိုင် မသိရတော့ ဘာမှမပြောနိုင် ..။

"ဘဘကရော မမေ့ကို ဘာပြောလဲ ..၊ မှုံ ထင်ပါတယ် .. ခုချိန်
ဘဘက ခြံ့ကို ဒေါသထွက်နေတာနဲ့ စီးပွားရေးတွေက အောင်
တော့ အလုပ်ရှုပ်နေတာနဲ့ မမေ့ကို စကားကောင်းပြောမှာ မဟုတ်
ဘူး .."

"မှန်လိုက်လေ ငါ့သမီးရယ် .. ဒီနေရာမှာတော့ သမီးကို
အထင်ကြီးသွားပြီ .."

"မမေ့ကို ဘာပြောလိုက်လို့လဲဟင် .."

ပိတောက် ကတော့ မမေ ဒီစကားဟလိုက်တာနဲ့ တစ်
အပြောခံခဲ့ရပြီကို သိလိုက်သည်မို့ ...

"မမေ့ကို အော်လွှတ်လိုက်တာလား .."

"အဲဒီလိုတော့ မဟုတ်ပါဘူး .. တို့မောင်နှမချင်း အော်
ငေါက်ငေါက် ဘာမှပြဿနာ မရှိဘူး .. ဒါပေမယ့် ကိုကြီးက အ





ခြားဆန်တာ .. အမွေတွေ ခွဲဝေပြီးကြပြီဆိုပေမယ့် မောင်နှမချင်း
တောက်သွားကြဖို့မှ မဟုတ်တာ .."

"မမေရယ် .. မမေ့ကို ညီမဆိုးဆိုပြီး ဘဘက အစတည်းက
မှာသာပေးခဲ့လို့လား .."

ကလေးတွေကလည်း လူကြီးတွေ ပြောလက်စ စကားတွေကို
သိနေတာမို့ ရှေးဟောင်းနှောင်းဖြစ်တွေကို နားလည်နေကြ၏။
ငုဝါသင်း က ရည်းစားများသည် .. အိမ်ထောင်ရေးကို ပေါ့ပေါ့လေး
သည်။

စသဖြင့်သော ဖြစ်ချက်များနှင့် ကိုကြီး ဘယ်တုန်းကမှ မျက်နှာ
မပေးခဲ့တာ ဟိုအရင်တည်းက ..။

"မမေ ခြံ့ အကြောင်း သွားမေးလိုက်တာလား .."

"ဟုတ်တယ် .."

"မမေကလည်း သူက စိတ်ဆိုးနေတဲ့ဟာ ဒီအကြောင်း သွား
က်တာကိုး .."

"တခြားပြောစရာအကြောင်းမှ မရှိဘဲ .. တို့က မောင်နှမချင်း
မယ့် တစ်နှစ်တစ်ခါ ကန်တော့ဖို့ သွားတာပဲရှိတယ် .. ဘယ်မှာ
အလာ အဆက်အဆံ ရှိခဲ့သလဲ ..၊ သူကလည်း စိမ်းကားတယ် ..
လည်း ကိုယ့်အပြစ်နဲ့ ကိုယ်လေ .."

"ကိုယ့်လွတ်လပ်ခွင့်နဲ့ကိုယ် ချစ်တာပဲ မမေ .. အိမ်ထောင် တစ်
ကနေ နှစ်ဆက်ဖြစ်ရတာလည်း ကံအကြောင်းတရားနဲ့ဆိုင်တာ
ါကို အပြစ်ကျူးလွန်တယ်လို့ ပြောလို့ မရပါဘူး .."

"ဟုတ်တယ် .. မျက်နှာများတာ မကောင်းဘူးဆိုပေမယ့် မျက်နှာ
စိုးတာနဲ့ပဲ ကိုယ့်အပေါ် မကောင်းတဲ့ယောကျ်ားကို တစ်သက်လုံး
ခံ ပေါင်းသင်းရမှာလား .."

"အင်းလေ .. မှုံ တို့ကတော့ တစ်ယောက်မကောင်း တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပဲ ..”

သမီးတွေသဘောကို ကြားလိုက်ရတော့လည်း ရင်မငြိမ်းနိုင်ဖွယ်

ပါလား ..၊ ဒါပေမယ့် ...

“ကိုကြီးက အစတည်းက တစ်ယူသန်စိတ် ရှိတာပေါ့ .. သူ့စိတ်

အလိုမကျရင် မျှိုသိပ်မထားတတ်တာ ..”

“အဲဒါကို မေမေက သူ အလိုမကျနေတဲ့ ခြူ့ အကြောင်း သူ့

ပြောလိုက်တာကိုး ..”

“ဟဲ့.. မပြောလို့ ရမလား ..၊ ခြူ့ ကို သူက သိပ်ချစ်တာ.. ညည်း

တို့တွေလည်း ရှိနေရက်နဲ့ ခြူ မှ ခြူ သူ့အနားမှာထားပြီး သည်းသည်း

လှုပ် ချစ်နေတဲ့ဟာ ..”

“သည်းသည်းလှုပ်ချစ်နေတာ မှန်ရင် ဒီလိုရက်ရက်စက်စက် ဘာ

သူမှ မစွန့်ပစ်ဘူး ငှမေ .. ဘဘ စိတ်ရင်းမမှန်တာပဲလား ..၊ ဒါ

မဟုတ် ခြူ အဲဒီလောက်ထိ အပြစ်ကြီးအောင် ဘာတွေလုပ်လာခဲ့သလဲ

စဉ်းစားစရာ နှစ်ချက်ပဲ ရှိတယ် ..”

“မသိဘူး .. မေမေကတော့ ခြူ့ ကို ချစ်တဲ့သူရှေ့မှာ အတ

အဖျင်းစကား တန်းမပြောရဲဘူး .. ပြီးတော့ အပြီးသတ် စွန့်လွှတ်လို

တာလား .. ဟန်ဆောင်ပန်ဆောင်လားဆိုတာလည်း သေချာသိ

တယ် ..”

“အဲဒီတော့ မေမေ သိခဲ့ရလား ..”

“သိခဲ့တယ် .. ခြူ့ အကြောင်း အပြောကို မခံဘူး ..၊ နောက်

သက္ကရာဇ်စံအိမ်ကို ပြန်ရောင်းတော့မှာ ထင်တယ် .. ဒီနေ့ လူစိမ်း

ဝင်ထွက်နေတာ တွေ့တယ် ..”

“ဟင်!... တကယ် ..”

“ဟုတ်လား မေမေ .. သက္ကရာဇ်စံအိမ်က လေးလေးမိုး ကို ပေ

သားမို့လား ..”





“ဒါပေမယ့် ခြူ့ ကိုမှ မလွှဲရသေးတာ .. ပစ္စည်းတွေနဲ့ ကလေးကို သူ့လက်ထဲအပ်ခဲ့တာပဲရှိတာ .. ဒီကလေး မလိမ္မာရင် ကိုကြီး ဘာဖြစ်ဖြစ် ဆုံးဖြတ်ခွင့် ရှိတယ် ..”

“အဲဒါ မေမေက မောင်နှမချင်းပဲ ပေါ်တင်မေးကြည့်ပါလား..”

“မမေးဘဲနေလား .. ငါ့မှာ အအော်တောင် ခံရသေးတယ် ..”

ပိတောက် မျက်နှာလေး ရှုံ့မဲ့သွားသည်။

“အဲဒီလို ပြေပြေပြစ်ပြစ်ရှိလွန်းလို့ ဒီအချိန်အထိ မိန်းမ မရတာ..”

“ဟဲ့ .. ကိုယ့်ဘကြီးကို ..”

“ဘကြီးမို့ ပြောတာပေါ့ .. ဘဘကို သမီးဖြင့် ကြောက်တာပဲ ရှိတယ် .. ချစ်လို့ မရပါဘူး ..၊ သူကိုယ်တိုင်ကလည်း ခြူ တစ်ယောက်ပဲ သူ့တူမလို့ ထင်နေတာ .. ခုရော သတို့သား လွှဲပြောင်းယူဖို့ကိစ္စ သဘောဘုလိုက်လို့လား ..”

“ကြိုက်သလို လုပ်ကြတဲ့ .. ခြူ့ အကြောင်း လာမပြောနဲ့တဲ့ ..”

မှုံ က ပခုံးလေး တွန့်လိုက်ပြီး မတ်မတ်ပြင်ထိုင်ကာ ...

“ဒါဆို ဒီယောကျ်ားလျာမ အမွေဖြတ် စွန့်လွှတ်ခံလိုက်ရတာ သေချာပြီပဲ ..”

“သေချာတယ် ..”

ဒေါ်ငုဝါသင်း က ခေါင်းညိတ် ထောက်ခံ၍ ...

“သက္ကရာဇ်စံအိမ်ကိုတောင် ရောင်းထုတ်တော့မယ်ဆိုတော့ ခြူ့ ကို တကယ်ပြတ်တောက်သွားတာပဲ .. ငါတို့ကတော့ အမှိုက်ထုပ် အိမ်ထဲ သယ်မိသလို ဖြစ်သွားပြီ .. ”

“အမှိုက်ရှင်းတာများ လွယ်ပါတယ် မေမေရယ် .. အမှိုက်ဆိုတာ မီးလောင်လွယ်တယ် .. လေတိုက်ရင် လွင့်ပါသွားမယ် .. ဒီကိစ္စ ပူမနေပါနဲ့ ..”

ပြောသမျှတွေကို ကုန်စင်အောင် နားထောင်နေခဲ့မိသည်။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ပြောနေကြတာပေမယ့် ကွယ်ရာကနေ နားထောင်ခဲ့မိတာ စည်းကမ်းမဲ့တာပဲ ဖြစ်သည်။

ဒါဆို သူမ အပြစ်ပြုခဲ့မိသည်လား ..။ ခြံထဲကို လေးကန်သည့် ခြေလှမ်းများနှင့် ဆင်းလာခဲ့ရင်း ကိုယ့်အကြောင်းတွေကိုပဲ စဉ်းစားလာခဲ့မိသည်။

အထူးသဖြင့် ဘဘ ပြောခဲ့တဲ့ စကားတွေ ..။

"ဘဝမှာ လူတွေအကြောင်းပဲ စိတ်ဝင်တစား လေ့လာနေရုံနဲ့ ပညာရှိတစ်ယောက် ဖြစ်မလာဘူး ခြူ .. လူတွေ အများကြီးအကြောင်းကို မပြောနဲ့ လူတစ်ယောက်က ကိုယ့်စိတ်ကို နားလည်ဖို့တောင် လွယ်တာ မဟုတ်ဘူး .."

"ညည်းရဲ့ဝတ်စားပုံတွေကို ပြင်ဆင်သင့်ပြီ နော် .. ဖြစ်စေချင်ခဲ့တာက စိတ်ဓာတ်မပျော့ညံ့ဖို့ပဲ ..။ ယောကျ်ားလေးတစ်ယောက်လို နေထိုင်ဖို့ မဟုတ်ဘူး .. ညည်းအဖေကလည်း သားလိုချင်လွန်းလို့ ယောကျ်ားလေးလို ဝတ်ဆင်ပေးခဲ့တာ မဟုတ်ဘူး .. သူ့သမီးလေးကို သူသွားလေရာ ခေါ်သွားချင်လို့ သူ့စိတ်ကူးနဲ့သူ အဲဒီလိုဝတ်ပေးခဲ့တာ..။ ခု ဖြစ်သင့်တာက ညည်းကိုယ်ညည်း မိန်းကလေးတစ်ယောက်ဆိုတာ မမေ့ဖို့ .."

"လူ့ဘဝမှာ ငွေက အဓိကအရေးပါဆုံး ဟုတ်ချင်မှ ဟုတ်လိမ့်မယ် .. ဒါပေမယ့် ငွေသာ အရေးကြီးဆုံးပဲ ခြူ ..။ တချို့က မဆင်းရဲဖူးလို့ ဆင်းရဲရမှာကို မကြောက်ကြဘူး .. တချို့ကျတော့ ချမ်းသာလေ ဆင်းရဲမှာကြောက်လေ .. ညည်းက ဘယ်အမျိုးအစားထဲကလူလဲ"တဲ့..။

ခြူ ကိုယ့်ကိုယ်ကိုယ် ဘယ်အမျိုးအစားလဲဆိုတာ နားလည်သည်။ ထို့ပြင် လူတွေ ဘယ်နှစ်မျိုး ဘယ်နှစ်စားလောက် ရှိကြသလဲဆိုတာလည်း အနီးစပ်ဆုံး သိချင်၏။

ထိုအခါ ခေါင်ဝါသင်း တို့ သားအမိတွေကို သတိရလာလေသည်။





သူမ ရောက်လာကာစက ပြုံးချိုသည့် မျက်နှာခြင်းတွေနဲ့ ကြိုဆိုခဲ့ကြသည် ..။ ခုကျတော့ မြင်လိုက်တိုင်း မတည့်စကားက အရင်စသည်.. ထော်ငေါ့ခြင်းတွေနဲ့ ရန်လိုကြ၏။

ဒါတွေကရော ငွေကြောင့်လား ..။

သူမကတော့ မပြောင်းလဲခြင်းကို မတွေ့မချင်း .. ဒါမှမဟုတ် ငွေ မရှိဘဲ သူမ ဘယ်လိုရပ်တည်နိုင်ခဲ့သလဲဆိုတဲ့ လက်တွေ့ ..။

ဒါတွေကို သိရအောင် ကြိုးစားဖို့ ဆုံးဖြတ်ခဲ့သည်။ ဘဘရဲ့စကားတွေကို ချေပဖို့မဟုတ်ပေမယ့် ကိုယ့်ရဲ့မိုက်မဲခြင်းက ဘဘအတွက် မိုက်မဲခဲ့ပါသည်ဆိုတာ ပြစရာရှိလာတဲ့အထိ ကြိုးစားမည်။

အဝတ်တစ်ထည် ကိုယ်တစ်ခုဘဝနဲ့ သူမ ဘယ်လိုရှေ့ဆက်မလဲ ဆိုတာကတော့ ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

"ဒီနေ့ ကဲကဲ မလာဘူးဆိုတော့ မီးဖိုချောင် ဘယ်သူရှင်းမလဲ.."
ထမင်းစားပြီးကြတာနှင့် ပန်းကန်ဆေးဖို့ ပြဿနာစလာ၏။

"ဒေါ်အေးသိန်း မလာဘူးလား .."

ဝတ်မှုံ က အသံကျယ်ကျယ်နဲ့ မေးသည်။

"မလာဘူး .."

ပိတောက် က ခြူ့ ကို ကြည့်ပြီး ကျယ်ကျယ်ဖြေလိုက်၏။ ခြူ ကတော့ ထမင်းအဖြူနဲ့ အသားကြော်တစ်မျိုးမျိုး ဒါမှမဟုတ် အစိမ်းကြော်တစ်ခွက်ရှိလျှင် စားလို့ရတာမို့ အားလုံးထက်လည်း စောစီးစွာ စားသောက်ပြီးစီးတဲ့သူ ...၊

သူမ စားပြီး ပန်းကန်ဆေးနေတာကို လှမ်းကြည့်ကာ ...

"ပန်းကန်ဆေးမယ့်သူ မရှိတော့ ဘယ်လိုလုပ်မလဲ .."

"ဘယ်ရှိမလဲ .. ညည်းတို့က ခိုင်းရမယ့်လူရှိရင် တအားခိုင်းတာကိုး .. ပြီးတော့ ပါးစပ်ကလည်း ဆူတာ မနားဘူး .. ဘယ်အလုပ်သမားမှ ဒီအိမ်မှာ မြဲမှာ မဟုတ်ဘူး .."





ဒေါ်ငုဝါသင်း က အရှိအတိုင်း ဝင်ပြောပေမယ့် ပိတောက် တို့က ဒါကိုလိုချင်တာ မဟုတ် ...၊

"အလုပ်သမားမရှိတော့လည်း ခြူ ပဲ ဆေးပေါ့ .. သူက အငယ်ဆုံးပဲဟာ .. အားလုံးရဲ့ပန်းကန်တွေကို ဆေးပေးတာ ကုသိုလ်တောင် ရသေးတယ်"

ပိတောက် က ပေါ်တင်ပြောချလိုက်ကာ ...

"နင် အလုပ်ရှာနေတယ် ဆို .."

ခြူ က ပန်းကန်ဆေးနေရင်း လှမ်းကြည့်ပြီး ခေါင်းညိတ်ကာ...

"မလတ်တို့ကို ပေးချင်လို့ပါ .. အိမ်မှာ ဝင်ငွေတစ်ခု တိုးအောင်လို့ .."

"အောင်မယ်လေး မလိုပါဘူး မယ်မင်းကြီးမရယ် .. နင့်ဆီက ပိုက်ဆံချေးလို့ ရမလားလို့ စဉ်းစားခဲ့တာက နင့်ကို ကုဋေကြွယ်သူဌေးတူမ ထင်လို့ပါ ...၊ ဒီလို သူများကူလီဝင်လုပ်လို့ ရမယ့်လစာလောက်ကို နင့်ကို ငါတို့ ပြန်ပေးနိုင်တယ် .."

"အေးလေ .. သူ့ဆီက ပိုက်ဆံချေးမယ် ပြောဖူးတာနဲ့ လူတွေကို ဘယ်လောက်အထင်သေးနေလဲ မသိဘူး .. အခု နင် အလုပ်ရှာနေတာကို ရပ်လိုက် ...၊ ဒီအိမ်မှာ ဒေါ်အေးသိန်း တို့ နေရာမှာ ဝင်လုပ်မယ်ဆိုရင် နင်က ဆွေမျိုးဆိုတော့ လစာ နှစ်ဆပေးမယ် .."

"မာန်မာနတွေနဲ့ တင်းခံမနေနဲ့ နော် .. ကိုယ်နေတဲ့အိမ်မှာ လုပ်ရတာ လူမမြင်ဘူး .. လစာလည်း မြက်မြက်လေး ရမှာ .."

ခြူ ပန်းကန်တွေ စင်ပေါ်မှာ ပြန်တင်ထားရင်း နှုတ်ခမ်းသားလေးတွေကို ဖိပိတ်ထားမိသည်။

"ဟဲ့ .. ဒီဘက်ကိုလှည့်ဦးလေ .. နင့်ကိုပြောနေတာ ကြားရဲ့လား.."

"ကြည့်ပါဦး .. တစ်နေ့လာလည်း ဒီအကျီပဲ .. ငါတို့ပေးထားတဲ့ အကျီ ဘောင်းဘီတွေကို ဘာလို့ မဝတ်တာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"လက်ကျန်မာနတွေ ဖြစ်မှာပေါ့ ပိတောက် ရယ် .. သူက ကုဋေကြွယ်သူဌေးမပဲ .."

"ဘယ်နှစ်ရာစုတုန်းကလဲ .."

"အဟွန်း .. သူ့ကို မေးကြည့်ပါလား .."

"ကဲ .. တော်ကြစမ်း .."

ဒေါ်ငုဝါသင်း ကလည်း ခြူ ပုံစံကို သိပ်တော့ မကြိုက်ချင်တော့ပါ .. ပြန်မပြော နားမထောင် ထုံပေပေ ကပ်တပ်တပ်နဲ့ ဘာလေးမှန်းမသိ ..၊

ဘာဖြစ်လာလဲ မေးတာလည်း ဖြေပုံက ဟိုလိုဒီလို ..၊ ဒီမှာနေပါလားဆိုတော့လည်း ပေးတိုင်း မယူ ကျွေးတိုင်း မစား ..၊

"ခြူ .."

ဒေါ်ငုဝါသင်း ခေါ်လိုက်တော့ ခြူ က ဒီဘက်လှည့်လာ၏။

"အင်္ကျီတွေ ဘယ်လိုလျှော်ဖွပ်ပြီး ဝတ်နေသလဲ ..၊ ပိတောက်တို့ ပေးတာတွေကို ဘာလို့မဝတ်တာလဲ .."

"မလတ်တို့ အင်္ကျီတွေက အရမ်းချောင်နေလို့ပါ ကြီးမေ .. ပြီးတော့ စကတ်တွေ ဂါဝန်တွေလည်း ကျွန်တော် မဝတ်တတ်လို့ပါ.."

"ဘောင်းဘီရှည်တွေ ပါပါတယ်ဟယ် .. အပိုတွေ လျှောက်ပြောမနေစမ်းပါနဲ့ .."

"သူက ယောကျ်ားလျာပဲ မှူး ရယ် .. ငါတို့ရဲ့ စတိုင်လ်ပင်န်တွေကွာတားတွေကို ဘယ်ဝတ်ချင်မလဲ ..၊ ဟွန်း .. သူ့ဆင်ခြေနဲ့သူတော့ဟုတ်နေတာပဲ .."

ပိတောက် က မဲ့ရွဲ့ကဲ့ရဲ့ပြီး ထမင်းစားပွဲကနေ ထရပ်လိုက်သည်။ ပြီးတော့ ကုလားထိုင်ကျောမှီမှာ လက်တင်၍ ခြူ့ မျက်နှာကို စေ့စေ့ကြည့်ကာ ...

"နင် ဘယ်လိုမျက်လွှာချနေနေ .. ဘာအကြောင်းတွေပဲပြပြ နင့်





မာနတွေကတော့ တစ်နေရာမှာ ပေါ်နေတာပဲ ခြူ .. ဒါပေမယ့် လူ့ဘဝဆိုတာ မနေ့က ခွေး .. ဒီနေ့ သူဌေးဖြစ်နိုင်သလို .. ဒီနေ့ သူဌေးပေမယ့် မနက်ဖြန် ခွေးသူတောင်းစားဘဝလည်း ရောက်သွားနိုင်တာပဲ..၊ အဓိကက ကိုယ်ရောက်နေတဲ့ လက်ရှိဘဝ အခြေအနေကို နားလည်ဖို့ပဲ .."

ခြူ က သူမမျက်နှာကို ကြည့်ပြီးတော့မှ မျက်လွှာချ၍ ခေါင်းညိတ်သည်။

"ခြူ နားလည်ပါတယ် မလတ် .."

"အေး.. နားလည်ရတယ် .. အဲဒီတော့ နင် ဒီမှာ အိမ်အကူ မလုပ်ချင်လည်း ဘယ်မှာ ဘာသွားလုပ်လုပ် ပြန်လာရင် ဒီအိမ်က ဝေယျာဝစ္စတွေကို အားလုံး လုပ်ရမယ် .. ကဲကဲ က ခဏာခဏ ရွာပြန်သလို ဒေါ်အေးသိန်း က တစ်ပတ်မှ နှစ်ရက်ပဲ အဝတ်လျှော် မီးပူတိုက် လာလုပ်တာ..၊ ဒီတော့ ငါတို့မှာ လူလိုတယ် .."

"ဟွန်း .."

ကောင်းတယ်ဆိုသည့် မဲ့ပြုံးလေးနှင့် ပခုံးတွန့်၍ မှူး က ရယ်သည်။ ဒေါ်ငုဝါသင်း က သက်ပြင်းတစ်ချက်ချရင်း ဘာမှဝင်မပြောဘဲ ထထွက်သွားလေသည်။ ပိတောက် က မိခင်ဖြစ်သူ၏ အသံတိတ်ခွင့်ပြုချက်ကို ရရှိသွားပြီဖြစ်ကာ ...

"နင်လည်း ကိုယ့်အခြေအနေကို သိနေပြီပဲ .. ဘာဘက နင့်ကို သုံးဝ ပြန်လက်ခံမှာ မဟုတ်ဘူး .. နင်နဲ့ပတ်သက်တဲ့ သတ္တုရာဇ်စံအိမ်ကြီးကိုတောင် ရောင်းဖို့ လုပ်နေပြီလေ .."

ပြောလိုက်တော့ ခြူ့ မျက်နှာ တစ်မျိုးတစ်မည် ဖြစ်သွားသလိုသာရှိသည် ..၊ အကြီးအကျယ် တုန်လှုပ်ပြောင်းလဲသွားတာမျိုး မဖြစ်ခဲ့ပေ..။

ပိတောက် က သူမ ဤသို့ တည်ငြိမ်နေနိုင်တာကိုပဲ မာနတွေနဲ့ဘင်းနေတာလို့ မှတ်ယူကာ စိတ်တွေတိုပြီးရင်း တိုလာခဲ့၏။

"ကိုယ့်ဆွေမျိုးအိမ်မှာ ကြမ်းတိုက် အဝတ်လျှော်ရမှာကို သိက္ခာကျ



www.burmeseclassic.com

www.burmeseclassic.com



လှပြီ ထင်မနေနဲ့ .. အပြင်မှာ နင် အလုပ်ရှာနိုင်လည်း လုံခြုံတဲ့ အရိပ်အာဝါသတစ်ခု ရဖို့တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး .. ဒီတော့ ခိုင်းတာကို မငြူစူနဲ့ ..၊ ကြိုးစားရင် ကြိုးစားသလို ပိုက်ဆံ ပိုရမယ် .. ပြောတာကြားတယ် နော် .. အခု ဒါတွေကို ရှင်း .."

ခြူ ခေါင်းညိတ်လိုက်သည်။ ကြုံလာသမျှ အခက်အခဲတွေကို ရင်ဆိုင်ဖို့ သူမ အားတင်းထားပြီးသားပါ ..၊ နေ့လယ်ခင်း ခြံထဲမှာ ဆင်းထိုင်နေတော့ သံပန်းတံခါးကနေ မြင်နေရသည့် အပြင်လမ်းကို ငေးနေမိသည်။

လမ်းဟိုဘက်ခြမ်းက ခန့်ညားလှပသော တံခါးချပ်ကြီးတွေမှာ မိန်းကလေးတွေ ယောကျ်ားလေးတွေ အထဲကနေ ထွက်လာကြတာ.. အပြင်ကလူကို အိမ်ထဲကနေ ထွက်နှုတ်ဆက်တာ ..၊

ပြီးတော့ ကားတွေနဲ့ ထွက်လာကြသူတွေမှာ မျက်နှာတွေက ဖျော်ရွှင်ရယ်မြူးနေကြလို့ မြင်မြင်သမျှဟာ သာယာနေသည် ..၊ လွတ်လပ်ကျေနပ်နေကြသည်။

သူမကျတော့ လွတ်လပ်နေပေမယ့် ကျေနပ်စရာ ဘာမှမရှိခဲ့ပါလား ..၊

"ညည်းထင်သလို လုပ်ကြည့်လိုက်လေ .. တကယ့်လိုအပ်ချက်ဟာ ကိုယ့်ကိုယ်ကိုယ် နားလည်ဖို့လား .. လူတွေကို နားလည်ဖို့လားဆိုတာ သိသွားမှာပါ ..၊ ဒုက္ခကို အပမ်းတကြီး ရှာဖွေကြည့်ပြီးမှ 'အောင်မယ်လေး'လို့တော့ အော်ပြေးမလာနဲ့ .. မှားတာကို ငါက ခွင့်မလွှတ်တတ်ဘူး" တဲ့ ..။

သူမဘဝမှာ မှားပါပြီလို့ အော်ပြောစရာ အရိပ်မဲ့ခဲ့ပြီလား ..၊ ဒါဆို ညည်းလုပ်တာ မှန်ပါကယ်ဆိုပြီး မှန်တဲ့အခါ အမှတ်ပေးမယ့်လူရော ရှိပါ့မလား ..၊

ရှိရှိ မရှိရှိ ဒါက ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ် ..၊





"ဒေါက် .."

သူမ စဉ်းစားနေတုန်း ခဲလုံးလေးတစ်လုံးက ပခုံးပေါ် ကျလာပြီးမှ ..ကို ထောက်ခနဲ ကျ၏။ ခေါင်းထောင်ကြည့်လိုက်တော့ ခြံပြင်ကနေ ..က်ယပ်ခေါ်နေသည့် လူတစ်ယောက် ..၊

ထိုလူကို မြင်လိုက်သည်နှင့် ခြူ့ ကိုယ်လေး မသိမသာ မတ်သွား၏။ စစ်သည်ကောင်း ..၊

"ရှူး .. ဟေ့ကောင် .. လာပါဦး .. ခဏ .."

သူက ကိုယ့်ကို ယောကျ်ားလေးပဲ ထင်နေသဖြင့် ဒီလူနဲ့တွေ့တိုင်း ..ကိုယ့်ကိုယ်ကိုယ် မလုံခြုံသလိုကြီး ခံစားမိနေခဲ့သည်။

"ဟေ့ .."

"ဘာလဲ .."

ခြံနား ထသွားတော့ သူက နောက်လှည့်ပြီး လက်ညှိုးထိုးပြသည်။ ..မ်းကြည့်လိုက်လျှင် ဆိုက်ဂ်နက် အနက်ရောင်ကားလေးတစ်စီးကို ..င်ရကာ ...

"ကားဘီးပေါက်နေလို့ .."

"ဘီးပေါက်ရင် လဲလိုက်ပေါ့ .. စပယ်ယာဘီး မပါဘူးလား .."

"ပါတယ် .. ဒါပေမယ့် ဘီးဖြုတ်ဖို့ ချိုင့်ထောက် မပါလာဘူး.."

စပို့ရှပ်အနီရဲရဲကို ဘယ်ဘက်ရင်အုံမှာ နက်ပြာရောင်မတ်တတ်..နှင့် ဘောင်းဘီရှည်နက်ပြာကို ဝတ်ထားသော စစ် ရဲ့ပုံစံက ဘယ်..ကြည့်ကြည့် ရှင်းသန့် ချောမွေ့နေသည်သာ ..၊

ဒါပေမယ့် ဘယ်လိုကြည့်ကြည့် အရာရာကို မလေးနက်သော ..သားစတိုင်လ် ပေါက်နေတာကလည်း သိသာနေလျက် ...

"ငါ့ကို ချိုင့်ထောက် ခဏငှားပါလား .. ဒီနားမှာ ငါ့အသိ မရှိလို့ ..င်းကိုမြင်လိုက်လို့ တော်တော် ဝမ်းသာသွားတာ .."

သူက ဝမ်းသာအယ်လဲ ဖြစ်နေပေမယ့် ခြူ က မျက်ခုံးလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



တွန့်ကုတ်နေကာ တော်တော်နဲ့ စကားမပြန်နိုင် …၊

"ဟော့ကောင် လုပ်ပါကွာ … ငါလည်း ဒီလမ်းထဲမှာ လူတ
ယောက် လာရှာရင်း ဘီးပြားသွားမှ သိတာ … လုပ်ပါ ကူညီပါ …"

"ခင်ဗျားကို ချိုင့်ငှားဖို့က ကားထဲက သွားထုတ်ရမှာ … ကျွ
တော်က …"

"မင်းက ဒီက အလုပ်သမားလား …"

မေးပြီးမှ ခြူ့ကို အားနာသွားပုံ ပေါ်ကာ …

"ဆောရီးကွာ … ငါကလည်း စကားကို သိုင်းဝိုင်း မပြောတ
ဘူး …"

"အဲဒါ ကောင်းပါတယ် … ခင်ဗျား မေးတာလည်း မှန်တာပဲ
ကျွန်တော်က အလုပ်သမားပါ …"

"ဒါပေမယ့် ငါ မင်းကို မြင်လိုက်တော့ အဲလိုမထင်ဘူး …"

ဒါလည်း သူညာတာ မဟုတ်မှန်း ခြူ့ စိတ်ထဲက ယုံကြည်
သည်။ သံပန်းတို့ကို ကိုင်၍ စစ် က အထဲကို လှမ်းကြည့်ကာ …

"မင်းက အလုပ်သမားပုံ မပေါက်ဘူး … ဒါ တကယ်ပြော
ပါ …၊ ပြီးတော့ အေးဆေးထိုင်နေတာလေ … အလုပ်သမားတစ်ယေ
မောပန်းပြီး နားနေတာနဲ့မှ မတူတာ … အဲဒါကြောင့် အကူအညီတေ
လိုက်တာ …"

"အခု ကျွန်တော် မကူညီနိုင်ဘူး …"

"အထဲက တစ်ယောက်ယောက်ကိုတော့ သွားပြောပေးလို့ရ
မို့လား …"

ခြူ့ ဆံပင်တစ်ချက်သပ်ရင်း စဉ်းစားလိုက်သည်။ အပေါ်ထ
ပိတောက် တို့ညီအစ်မ ရှိသည်။ အကျီကိုယ်ကျပ်ဒီဇိုင်းတွေ ရှာပြီ
သူယူမယ် … ဒီဟာ ငါချုပ်မယ်နဲ့ ငြင်းခုံနေကြတာ ပြီးပြီလား …
သေးဘူးလား မသိ …၊





ကြီးမေကတော့ ခုနကမှ အပြင်ထွက်သွားတာပါ …၊ ခြံစောင့်က
နောက်ဖေးမှာ …။

"ခဏစောင့် …"

"အိုခေ … ရတယ် …"

ခြူ့ က အိမ်ထဲဝင်ပြီး ကားသော့ဖြုတ်ကာ သူမဘာသာ နောက်ဖုံး
ချိုင့်ထောက်စရာပစ္စည်းတွေကို ထုတ်ယူလာခဲ့၏။
ဒါကို အမှတ်တမဲ့ လှမ်းမြင်သွားသူက ဝတ်မှုံ …၊

"ပိတောက် မြန်မြန်လာဦး … ဟိုမှာ … ဟိုမှာ ခြံရှေ့မှာ ရွှေခြူးမ
လက်ဖက်နဲ့ မျက်နှာလုပ်နေတာ …"

ညီအစ်မနှစ်ယောက်သား တစ်ယောက်က မျက်နှာပေါင်းထား
ခံနှင့် တစ်ယောက်က ဆံပင်တွေ ဆက်တင်လိပ်ထားဆဲ …၊
ဆိုပြင် အိမ်နေရင်း ဂါဝန်ရှည်ကြီးတွေက ခြေဖမိုးပေါ်ထိ ပုံကျနေ
ဂါဝန်နှစ်ဖက်စကို 'မ'၍ ခြံထဲကို ပြေးဆင်းခဲ့ကြရင်း …

တွေ့မယ် ဒီဟာမ … သူ့ကိုယ်ကိုယ် အိမ်ရှင်လိုလို … သူဌေးလိုလို
နေတာ …"

"ဟဲ့ … နေဦး …"

ခြံဝရောက်ခါနီးတော့ ပိတောက် က မှုံ့ လက်ကို ဆွဲထားလိုက်

"ဘောကပ် … ဘောကပ် … ငါ မြင်လိုက်တယ် … တကယ့်အလန်း
…"

"ဘာလဲ … ဘာလန်းတာလဲ …"

"လာ … ဒီမှာ ကပ်ပြီး ချောင်းကြည့် …"

နှစ်ယောက် ခြံဝကျမှ ဘောကစ်ကွယ်ပြီး အပြင်ကို ချောင်းကြည့်
ကြသည်။

"ဆက်ကုန်ပါပြီကွာ … ဒီကပြန်ရင် ဆက်ရှေ့ဖို့တွေ ရှိသေးတယ်…၊"



www.burmeseclassic.com

www.burmeseclassic.com



ဒီကား သိပ်မမိုက်တော့ဘူး ..”

“ခင်ဗျားအတွက် အချိန်တိုင်း ကြွရွနေဖို့ လိုနေတာပဲလား

“လိုတာပေါ့ကွ .. ဒီကားကြောင့် ပုံတာတွေ များပြီ ..”

“ဒါဆိုလည်း ကားလဲလိုက်ပေါ့ ..”

“လဲပေါင်းလည်း များနေပြီ ချာတိတ်ရေ .. မယ်တော်

သိပ်မကြည်တော့ဘူး ..”

စစ် က ဘီးဖြုတ်လိုက်ပြီး စကားတွေ ပြောနေသည်။ ချို

ဖြုတ်လိုက်သည့်ဘီးကို လှိမ့်ယူလိုက်ပြီး သူ့ကားထဲကဘီးကို ထုတ်

ရင်း ...

“ခင်ဗျားက ဘာလဲ .. မင်းသား လုပ်မလို့လား ..”

“နားပါ .. အဲဒါတွေ လုံးဝ စိတ်မဝင်စားဘူး ..”

“ဒါဆိုရင် ယောကျ်ားတစ်ယောက်က အလှအပ အရမ်း

တာ သိပ်သဘာဝမကျဘူးမို့လား ..”

“ဟား .. ဟား .. ဟား ...”

အလုပ်ကိုယ်စီနှင့် စကားပြောနေကြတာဖြစ်ကာ သူ ရယ်

တော့ ချောင်းကြည့်နေကြသည့် ဝတ်မှုံ တို့ မျက်ခုံးတွေ ပင့်သွား

“ရယ်သံကတော့ တကယ့်ညွှတ်ကွင်းပဲ ..”

“ဟုတ်ပ .. မင်းသားက ဒီဘက်မလှည့်ဘူး ..”

“မလှည့်သေးပေမယ့် ဒီဘဲ ချောမယ်ဆိုတာ ငါ ယုံတယ်

“စောင့်ကြည့်ပါဦး ..”

“မကြည့်တော့ဘူး သွားမယ် .. မယ်ချို သူများပစ္စည်းတွေ

ကြံ့ကြံ့နေတာကို ဖော်ထုတ်မှုကို ဖြစ်မှာ ..”

“နေပါဦး ဆိုမှ ..”

ဝတ်မှုံ က ဖွတ်ထွက်မယ်ပြင်လျှင် ပိတောက် က ဆွဲ

“ဟိုကောင် ဒီဘက် လှည့်လာပါစေဦး ..”





“ဘာလုပ်မလို့လဲ .. ဟိုမှာ စကားတွေပြောနေတာ ကြည့်ပါဦး ..၊

ဟိုတုန်းတည်းက ရင်းနှီးခဲ့တဲ့မိတ်ဆွေတွေ ကျနေတာပဲ .. မိန်းမ

တော့ နှုတ်သွက် လျှာသွက် ရှိလှချေလား ..”

“ဟယ်.. ဟိုမှာ ထရပ်လိုက်ပြီ.. အရပ်အမောင်းနဲ့ ဘော်ဒီစထရက်ချာ

အရမ်းမိုက်တယ်ဟ ..”

“ချောတယ်နော် ပိတောက် .. မထင်ရဘူး ကြည့်ပါဦး ..၊ ရယ်နေ

နှာခေါင်းပြေးလိမ်ပစ်ချင်စိတ်တောင် ပေါက်လာပြီ ..”

“ချောတာရော ချစ်ဖို့ကောင်းတာရော တော်တော်ပြည့်စုံတဲ့မျက်နှာ

သွားမယ် .. ဒီလောက်ဆို ငါတို့ ဟိတ်ဟန်အပြည့်နဲ့ ဝင်လို့

ရိမ်တာက ဒီလူ တော်တော်များချောနေရင် မျက်နှာချင်းဆိုင်

ကြည့်မိ ငေးမိသွားမှာ စိုးလို့ ..၊

လို တကယ်ပဲချောနေတော့လည်း ချို ဆိုတဲ့ မိန်းမလို ဘွားဖြေ

ကာက်အောင် ရော့ပါ ယူပါ ပုံစံ ပေါက်မနေတော့ဘူးပေါ့ ..။

မိန်းမ တစိမ်းယောကျ်ားတစ်ယောက်ကိုများ ကိုယ် မရင်းနှီးတဲ့

ပစ္စည်းတွေ ထုတ်ငှားပြီး မျက်နှာလိုမျက်နှာရ အရှက်မရှိ ..၊

“ဒါ ဘာလုပ်တာလဲ ချို ..”

အစ်မနှစ်ယောက်စလုံး ခုန ကွယ်ရာကနေ ခုန်ဆွခုန်ဆွ ချီးမွမ်း

နေကြသည့်ပုံစံနှင့် လုံးဝခြားနားသော မျက်နှာထားကိုယ်စီဖြင့်...

ချို နင့်ကို ငါ မေးနေတယ်လေ ..”

တစ်ယောက်တစ်မျိုးစီ မေးနေကြလျှင် ပစ္စည်းတွေကို ငုံ့ကောက်

ချို က မဖြေရသေး ..၊

ညွှန်တော် ကားဘီးပေါက်သွားလို့ ချာတိတ်ကို မြင်လိုက်တာနဲ့

သိတောင်းလိုက်တာပါ ..”

ယ့်ကို မျက်နှာတည့်တည့်ကြည့်ပြောတော့ ပိတောက် ကလည်း



www.burmeseclassic.com

www.burmeseclassic.com



[illegible]စားစား ပြန်ကြည့်သည်။ ဒါပေမယ့် နှုတ်ခမ်းတွေကိုတော့ အ[illegible] အရယ် ကင်းနေစေကာ ...

"သူက ဒီအိမ်ကပစ္စည်းကို ခွင့်ပြုချက်မရှိဘဲ ဒီလိုလုပ်ပိုင်ခွင့်[illegible]ဘူး .."

"ပိတောက် ကလည်း ဒီမှာ ပြီးနေပြီဥစ္စာ .."

စစ် မျက်နှာပျက်သွားတော့ ဒီလိုစကားမျိုး မပြောသင့်မှန်း [illegible]ကာ ဝတ်မှုံ က တားဆီးသည်။

တကယ်တမ်းကျတော့ ဒီလိုပြောတာဟာ မောက်မာရိုင်းပျ[illegible] ဖြစ်သည်မို့ တစ်ဖက်က အထင်သေးသွားနိုင်သည့်စကား ..။

"ဟုတ်ပါတယ် .. သူက ပြောပါတယ် ..၊ ကျွန်တော်က[illegible] ဒီနားမှာ ကိုယ်နဲ့သိကျွမ်းတဲ့လူကို မြင်လိုက်တော့ မရမက အ[illegible] တောင်းမိတာပါ .. သူ့အပြစ် မဟုတ်ပါဘူး ..၊ ကျွန်တော် တောင်း[illegible]တယ် .. ဆောရီးပါ .."

"ရှင်တို့က အသိတွေ ဟုတ်လား .."

ပိတောက် မျက်နှာမှာ သိသာစွာ တင်းမာခြင်းတွေဖြစ်လ[illegible]

"ဘယ်တုန်းက ဘယ်လိုသိကြတာလဲ .."

သူမအမြင်မှာတော့ ယောကျ်ားတစ်ယောက်နဲ့ မိန်းကလေး[illegible]ယောက် သိထားကြသည်ဆိုတာ အံ့ဩစရာပေမယ့် စစ် ရဲ့အ[illegible] ပိတောက် ရဲ့ ယဉ်ကျေးမှုမဲ့သော စွက်ဖက်မောက်မာခြင်းကို သ[illegible] မိခဲ့ပြီး ခြူ့ ဘက်ကို ပိုမိုစာနာမိသော ကရုဏာစိတ်တို့ ဖြစ်ပေါ်[illegible]ကာ ...

"ယောကျ်ားလေးချင်းပဲဗျာ တွေ့ဆုံရင်းနှီးလွယ်ကြတာ [illegible]ဘူး .. အခု ကျွန်တော်နဲ့ ခြူ့ ခင်မင်ခဲ့ကြတာကို ပြန်နုတ်ယူလို့ [illegible]မယ့် ခင်ဗျားတို့ပစ္စည်း အကူအညီနဲ့ ဒီဘီးဖြုတ်လဲခဲ့တာကို ပြန်[illegible]လို့ ရပါတယ် .. ကျွန်တော့်ကားဘီး မလဲရသေးဘူးပဲ ထားလို[illegible]





[illegible]ကိုတော့ အပြစ်မတင်ပါနဲ့ .. ပေး ချာတိတ် .."

စစ် က ခြူ လက်ထဲက ချိုင့်နဲ့ ဂွကို ပြန်ယူလိုက်လျှင် ဝတ်မှုံ [illegible]သလဲဖြစ်သွားကာ ...

"မဟုတ်တာရှင် .. အဲလို မဟုတ်ပါဘူး ..၊ ပြန်ဖြုတ်လဲဖို့လည်း [illegible]ပါဘူး .. မလုပ်ပါနဲ့ .."

စစ် ကိုင်မိသည့် ပစ္စည်းတို့ကို ပြန်ဆွဲထားလိုက်ပြီး ...

"ပြန်သိမ်းသွားတော့ ခြူ .. ယူသွား .."

ခြူ က ခေါင်းညိတ်ပြီး အထဲပြန်ဝင်သွား၏။ ဝတ်မှုံ က စစ် နဲ့ [illegible]နှာချင်းဆိုင်လိုက်ရင်း ချိုသာစွာ ပြုံးပြ၍ ...

"ဒီလိုပါ .. ခြူ က မိန်း ... အဲ .. ငယ်သေးတော့ သူ့ကို ဘယ်နေရာ [illegible] စိတ်ချထားလို့ မရဘူးလေ .. ပိတောက် က စိတ်ပူလို့ ဆူတာပါ..၊ [illegible]ကို ရည်ရွယ်တာ မဟုတ်ပါဘူး .."

"အဟွန်း .. သူက ပိတောက် လား .."

ကိုယ့်ကိုလှမ်းကြည့်မေးတော့ ပိတောက် ဒိန်းခနဲ ရင်ခုန်သွားသည်။ [illegible]မှုံ က ခေါင်းညိတ်ကာ ...

"ဟုတ်တယ် .. မှုံ က ဝတ်မှုံရည် လေ၊ ရှင်ကရော .."

"စစ်သည်ကောင်း .."

"စစ်သည်ကောင်း .."

သူ ခေါင်းညိတ်လိုက်တော့ မှုံ က ရယ်ကာ ...

"ချစ်စရာလေး .."

"ဟဲ့ .."

"ဪ .. နာမည်ကို ပြောတာပါ .."

"ရပါတယ် .. ဘာကိုချစ်ချစ်ပေါ့ .. ချစ်တယ်ဆိုတာ မင်္ဂလာပဲ.."

စစ် က နှုတ်ခမ်းမဖွင့်ဘဲ ပြုံးကာ ပိတောက် ကိုပဲ ရည်ရွယ်၍...

"ခြူ့ ကို ပြောပေးပါဦး .. ချိုင့်တွေ ဂွတွေကို ငြိုငြင်ခံပြီး ငှားပေး



www.burmeseclassic.com

www.burmeseclassic.com



တာ ကျေးဇူးတင်ပါတယ်လို့ ..”

ပိတောက် မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

“ခင်ဗျားတို့ကိုလည်း ကျေးဇူးပါပဲ ..”

သူ နှုတ်ဆက်နေကာမှ ဖုန်းလာသဖြင့် ထုတ်ကိုင်ရင်း ကားဘ[ေး]ကို လှည့်၍ ...

“ဟာလို ..”

“... ... ... ...”

“မတွေ့ဘူး အမေ .. စည်းစိမ် ဆိုတာလည်း မရှိဘူး .. ချမ်းသာသု[ေ]လည်း မတွေ့ဘူး .. ဒါပဲနော် .. ကျွန်တော် ပြန်ခဲ့တော့မယ် ..”

ဟင်!...

ပိတောက် နဲ့ မှုံ တို့ မျက်နှာတွေ ဝင်းလက်သွားကြကာ မျက်လုံ[း]ချင်း ဒိုင်းခနဲ ဆုံ၏။

“ဒီမှာ .. ဒီမှာ .. ဒါက စည်းစိမ်စံအိမ်လေ ..”

“ဟင်!...”

ဖုန်းပြောလက်စကို နားကခွာလိုက်ရင်း စစ် အံ့သြဟန်နှင့် လှ[ည့်]ကြည့်၏။ ပြီးတော့ နောက်က ခြံဝင်းထဲကို မျက်လုံးထပ်ရောက်သွ[ား]ကာ ...

“ခြံရှေ့မှာ ဆိုင်းဘုတ်ရှိတယ် ဆို ..”

“ဟုတ်တယ် .. ဆိုင်းဘုတ်မှာ ဆေးနီတွေ လာပက်သွားလို့ ဖြ[ုတ်]ထားတာ နှစ်ရက်ရှိပြီ .. ခုမှ ပြန်ရေးနေတုန်း ..”

“သြော် ...”

စစ် ရဲ့မျက်နှာက ရှာဖွေနေတာကို တွေ့ရှိသွားလို့ ဝမ်းသာသေ[ွ]သွားတာမျိုး မဖြစ်ဘဲ ခုမှ စိတ်အနှောင့်အယှက်ဖြစ်သွားရသလို ခပ်[...]မျက်နှာကို ငုံ့၍ ဆံပင်တစ်ချက်သပ်၏။

ပြီးမှ ပြန်မော့လာပြီး ပြုံးပြကာ...





“ကျွန်တော်က ပါချုပ်ဟောင်း ဒေါ်ယဉ်လှဲ့ ရဲ့သား စစ်သည်ကောင်းပါ ..”

“ဟင်!...”

“ဒေါ် .. ဒေါ်ယဉ်လှဲ့ ရဲ့သား .. ဒါဆို ဦးကောင်း .. အန်ကယ်ကောင်းရဲ့ ..”

“ကျွန်တော့် အဖေပါ ..”

“ဟယ်!...”

“သြော် ...”

ပိတောက် တို့ အတိုင်းအဆမရှိ ပျော်ရွှင်သွားကြကာ မျက်နှာတွေမှာ ဖုံးဖိမရပေ ...။

ရာသီဥတုကတော့ ကိုယ့်ဘက် ပါနေပါပြီ ...၊

ပြီးတော့ ညီအစ်မနှစ်ယောက် မျက်လုံးချင်းဆုံသွားကာ မှုံ က သိမသာ နှုတ်ခမ်းမဲ့၏။ ကိုယ့်ထက် အသက်ငယ်တာလေးလည်း ဖြစ်.. ဒီလောက်ချောတဲ့ယောကျ်ားကို ရမှာများ မေမေ ပြောတုန်းကတော့ ယ်ပိတောက် တို့ ရှုံ့ရှုံ့မဲ့မဲ့ ...၊

တကယ်ဆို မည်းမည်းသည်းသည်း ဝဝဖိုင့်ဖိုင့်ပုံစံ ဖြစ်ရမှာမဟုတ်ဘူးလား ...၊

ဒီလူဟာ ပိတောက် အတွက် လျာထားပြီးသားဖြစ်နေသဖြင့် ဝတ်မှုံ ချော်လင့်ချက်မဲ့ကာ မချင့်မရဲကြီး ဖြစ်ကျန်ရစ်၏။

ညီအစ်မပေမယ့် ဒီလိုကိစ္စတွေမှာ အပြတ်အသတ်ကြီး ကံကောင်းနေတာကိုတော့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ငါတို့ပြောတာ နင် ကြားရဲ့လား ခြူ .."

"ကြားပါတယ် .."

"ကြားရင်လည်း ဟုတ်ကဲ့ ဘာညာ ပြောစမ်းပါဟယ် .. ပါးစပ်က ဘာမှမပြောတတ်တာ ကျနေတာပဲ .. ငါတို့က နင့်ကို အမိန့်ပေးနေတာ မဟုတ်ဘူး .. အားလုံး အဆင်ပြေသွားချင်လို့ တောင်းဆိုနေတာ .."

အမိန့်ပေးနေတာ မဟုတ်ပေမယ့် ရှေ့ဆက်ပြီး ယောကျ်ားလေးလို ပဲ ပိပိရိရိ နေသွားပါဆိုတာ တောင်းဆိုတဲ့စကားမှ မဟုတ်ဘဲ ..၊

ပြီးတော့ သူမ ဒီလိုဖြစ်ချင်လို့ တမင်တကာပြင်ဆင်ခဲ့တာ မဟုတ် ပေ ..၊

ဒီလိုပဲ ငယ်ငယ်တည်းက ဝတ်စားနေထိုင်ခဲ့သည်။ ကျွန်တော် တွေ ခင်ဗျားတွေ ပြောတတ်နေတာလည်း ဒီအဝတ်အစားတွေကြောင့် သက်ဆိုင်ပေမယ့် ယောကျ်ားလေး ကာရိုက်တာ တမင်ဖမ်းယူခဲ့တာ မဟုတ် ..၊





"မင်းက ယောကျ်ားလေးစစ်စစ်လား" လို့ မေးလာရင်တော့ ဟုတ် ပါတယ်လို့ လိမ်ညာလိုက်ဖို့ ဘယ်တုန်းကမှ မရည်ရွယ်ခဲ့တာ ကိုယ့်ကိုယ် ကိုယ် အသိဆုံး ..၊ ဒါပေမယ့် ...

ဒီလောက်ထိ ယောကျ်ားလေးလို့ လွဲမှားထင်မြင်သွားလောက် အောင် သူမပုံစံ ပြောင်းလဲနေတာကိုတော့ ခုမှပဲ နားလည်ခဲ့ရပါသည်။

"ငါတို့က နောက်ပိုင်း ဖယားတွေ ရှုပ်လာမှာစိုးလို့ ပြောနေတာ..၊ နင့်ကို လုလွန်းလို့ ဖုံးကွယ်ခိုင်းနေတာ မဟုတ်ဘူး .. ပြီးတော့ ဘဘရဲ့ တူမတွေချည်း ဖြစ်နေတာက ပိုဆိုးတယ် .."

"နင်ကလည်း လိုရင်းပြောစမ်းပါ ဝတ်မှုံ ရယ် .."

ပိတောက် က ဝတ်မှုံ ရဲ့ရှေ့ ရောက်အောင် တိုးလိုက်ကာ ...

"နင်နဲ့ အရင်သိနေကြတာဆိုတော့ သူက ဒီအိမ်ကို စိမ်းနေတဲ့ အတွက် နင့်ကိုပဲ ဦးတည်နှုတ်ဆက်မှာ .. အဲဒီတော့ သူလာရင် ရှောင် နေ .. ကိုယ့်ကိုယ်ကိုယ် မိန်းကလေးဆိုတဲ့အသိကို ဖျောက်ထားပြီး သူ မေးရင်တောင် ယောကျ်ားလေးလို့ပဲ ပြော .."

"ဟုတ်မှမဟုတ်တာ မငယ် .. အဲဒီလို မဟုတ်တာကြီးကိုတော့ ညာမပြောချင်ဘူး .."

"မညာချင်လို့ ရမလား .. နင်ကိုယ်တိုင်လည်း ဒီပုံစံကိုကြိုက်လို့ တမင်နေလာခဲ့တာ .. ဟိုကလည်း ဒီတိုင်း ထင်နေတယ် .. နောက်တစ် ခု ရှိသေးတာက ဘဘရဲ့တူမပါဆိုတာကို နင့်ပါးစပ်က မထွေပ်တိုင် မတက်နဲ့ .. ဘဘ သိက္ခာကျမယ် .."

"ဟုတ်တယ် .. ဘဘရဲ့တူမက ဘာဖြစ်လို့ ဒီပုံစံဖြစ်နေသလဲ ..၊ ဘာကြောင့် အမွေဖြတ် စွန့်လွှတ်ခံရသလဲဆိုတာတွေ ပါလာရင် နင်ရော ဘာဖြစ်သွားမလဲ .."

"ဘာတွေ ဖြစ်နေလို့လဲ .."

သူတို့တွေ အကြိတ်အနယ် ဆွေးနွေးနေတုန်းမှာ ဖေ က ရှိုးစမိုး



www.burmeseclassic.com

www.burmeseclassic.com



အပြည့်နှင့် လေ့ကားပေါ်က ဆင်းလာ၏။

"ကိုကိုက ဘာကိုမှဖြင့် စိတ်မဝင်စားဘဲနဲ့ သူများတွေ ပြောဆိုကောင်းနေပြီဆို ခါးလယ်က ဖြတ်မေးပြီ .."

"မေးပြီဆိုမှတော့ စိတ်ဝင်စားလို့ မေးတာပေါ့ .. ဒါနဲ့ ခြူ က ဘာဏ်မှာ အလုပ်လုပ်မလို့ ဆို .."

"ဘာဏ်မှာ .."

ဇေ ပြောလိုက်မှ ပိတောက် တို့က သိရကာ ...

"နင်ပြောတဲ့အလုပ်ဆိုတာ ဘာဏ်မှာလား .."

"ဟုတ် .."

မှုံ က နှုတ်ခမ်းမဲ့သည်။ ပိတောက် က ဇေ ကို ကြည့်၍ ...

"ဒါကျတော့ ကိုကိုက ဘယ်လိုသိနေတာလဲ .."

"ငါ့မှာလည်း မိတ်ဆွေအသိုင်းအဝိုင်းနဲ့ပဲ .. နင်တို့ကိစ္စတွေကို မသိတာနဲ့ပဲ ဘာမှမသိတော့ဘူး မှတ်နေသလား .."

"ဒါဆို ထပ်သိသွားအောင် မှတ်ထားလိုက်ဦး .. ပိတောက် ကို သူဌေးသားချောချောလေးနဲ့ လက်ထပ်ပေးတော့မှာ .."

ဇေ က ပြုံးစိစိနှင့် ညီမနှစ်ယောက်ကို ကြည့်ကာ ...

"တော်တော် ဘဝင်မြင့်နေကြတဲ့ပုံပဲ .. ကြည့်ရတာ ထားခဲ့တဲ့ ရည်းစားတွေထက်တောင် ပိုသဘောကျနေသလား မသိဘူး .."

ပိတောက် မျက်နှာက ချက်ချင်းပြုံးသွားသည်။ မှုံ ကတော့ မဲ့မဲ့ပုံစံ မပျောက်သေးပေ ..၊ ဒါကို ဇေ က ကြည့်၍ ...

"နောက်ထပ် ငါ့အထင်ပြောရရင် ငါ့ညီမတွေ မဲခွဲဖို့ အစီအစဉ်တွေ ရင်ထဲမှာ ဖြစ်နေကြပြီ .."

"ကိုကို နော် .. ဒါ အစ်ကိုပြောရမယ့် စကားလား .."

"ဟား .. ဟား .. ဟား .. ငါ့ညီမတွေကတော့ကွာ .."

ဇေ တဟားဟားရယ်ရင်း ထွက်သွားသည်။ အိမ်မှာ ဇေ နဲ့ ဖေဖေ





ကို မြင်လိုက်ရရင် ဒီလို ခဏတစ်ဖြုတ်လေးပဲ ဖြစ်သည်။ ခုဆို ဖေဖေက ကုမ္ပဏီအရှုံးပေါ်နေသည့်ကိစ္စတွေနှင့် ခရီးတွေထွက် .. အလုပ်ထဲမှာ နေရင်း အိမ်ကို မှန်မှန်ပြန်မလာနိုင်တာ ကြာပါပြီ ..။

မိသားစု စီးပွားရေးတွေ ယိုင်နဲ့နေတုန်းမှာ ဇေ ကလည်း လူဆိုးတော့ မဟုတ်ပေမယ့် အိမ်ကို အထောက်အကူပြုကာ ဘာမှမရှိ ..၊

ပိတောက် တို့ကတော့ မိန်းကလေးဆိုသည့် ကန့်သတ်ချက်နှင့် အိမ်ကစီးပွားရေးကို ဦးဆောင်ဖို့လည်း စိတ်မဝင်စားသလို မိန်းကလေးမို့ လုချင်သည့်အခွင့်အရေးကိုလည်း အပြည့်အဝယူသည်။

သူမတို့အလုပ်က မိဘဆီက ရသလောက် လက်ဖြန့်ကာ အလှအပအတွက် လိုအပ်သမျှ ဖြည့်ဆည်းပေးဖို့ ..၊

"ခြူ .."

ခြူ ကလည်း ဇေ ထွက်သွားသည့်ဘက်ကို ခြေလှမ်းပြင်လိုက်လျှင် ပိတောက် က ဆွဲထားကာ ...

"နင် ခုထိ ဘာဖြစ်လို့ ခေါင်းမညိတ်တာလဲ ခြူ .. ဘာလဲ နင်ကိုယ်တိုင် စစ်သည်ကောင်း ကို သဘောကျနေလို့လား .."

ခြူ မျက်နှာ ဒေါသရောင်တစ်ချက် ဖြတ်ပြေးသွားသည်။ ဝတ်မှုံ ကလည်း ဒါကိုပဲ လိုချင်တာမို့ ...

"မဟုတ်ရင် ငါတို့ပြောသလိုလုပ်ဖို့ ဘာများ ခဲယဉ်းစရာ ရှိလို့လဲ .."

"ကျွန်တော် ယောက်ျားလေးစစ်စစ်ဖြစ်ပေးဖို့ မပေးဖို့ကရော ဘာဖြစ်လို့ အရေးကြီးနေတာလဲ မယ် ..၊ ပြောရမယ်ဆိုရင် ကျွန်တော် ကိုယ့်ရည်ရွယ်ချက် ကိုယ့်အနာဂတ်အတွက်ကလွဲပြီး ဘယ်သူရဲ့ ဘာ ကိစ္စကိုမှ ရေးကြီးခွင်ကျယ် မစဉ်းစားပါဘူး ..၊ ကျွန်တော့်ကြောင့် မယ်တို့ရဲ့ အစီအစဉ်တွေ ပျက်ပြားဖို့ မရှိဘူး ထင်တယ် .."

"ငါတို့ပြောတာ အဲလောက်မများဘူး ခြူ .. နင်နဲ့ စစ်သည်

www.burmeseclassic.com



ကောင်း က ရင်းနှီးပြီးသားကြီး ဖြစ်နေတယ် ..၊ ပြီးတော့ နင်လည်း ဘာဘာတူမပဲ .. ပြီးတော့ သူထင်နေသလို ယောက်ျားလေးလည်း မဟုတ်ဘူး ..၊ တွေးကြည့်ရင် သူနဲ့ ငါတို့အုပ်စုက ရှုပ်ထွေးနေတာပဲလေ .."

"နင်ကိုယ်တိုင် ကျွန်တော်လို့ပြောပြီး ယောက်ျားလေးလို့ နေနေတာပဲ ခြူ ရယ် .. ယောက်ျားအဖြစ် ပိပိရိရိ ဆက်နေပေးဖို့ပြောတာ ဘာများ နစ်နာသွားလို့လဲ ..၊ ဒါကို ဆက်ငြင်းနေရင်တော့ စစ်သည်ကောင်းကို နင် ကျိတ်ပြီး သဘောကျနေတဲ့အဓိပ္ပာယ်ပဲ သက်ရောက်မှာ နော်.."

ခြူ မျက်နှာလေး မသိမသာတင်းသွားသည်။ သူမအတွက် ဒါက ဝန်လေးဖွယ် မဟုတ်ပေမယ့် သူတစ်ပါး၏ စေခိုင်းချက်ဖြင့် သူမ ဘာကိုမှ မလုပ်နိုင် ..၊

ဘဝမှာ အကြီးမားဆုံး ရင်းနှီးပေးဆပ်မှုဖြင့် ကျင်လည်ခဲ့ရသည့် ရည်ရွယ်ချက်ထဲမှာလည်း သူများရဲ့ ခြေကြိုလက်ကြားမှာ အညွှန့်ခံ အရှုံးပေးဖို့တွေ မပါ ..၊

"ဒါဆို ကျွန်တော့်ကို တစ်ခု ပြန်ကူညီပါ .."

"ဘာလဲ ..၊ အပေးအယူ လာလုပ်တာလား .."

"မဟုတ်ပါဘူး .. ကိုယ်ထင်ရာ ကိုယ်လုပ်ခွင့်ဆိုတာ အခြေအနေ အချိန်အခါ ရှိသေးတယ်မို့လား .."

"ဒါပေါ့ .."

"ဒါကြောင့် မလတ်တို့မှာ လိုအပ်ချက်ရှိနေတုန်း ကျွန်တော် လိုအပ်တာကို ပြောချင်တာ .."

"ပြောကြည့်လေ .."

"အိမ်မှာ ကျွန်တော် တတ်နိုင်သလောက် ဝိုင်းကူပါ့မယ် .. အပြင်မှာ အလုပ်ဘွက်လုပ်ခွင့်တော့ ပြုပါ .."

"သိပ်ပြုတာပေါ့ .. အိမ်မှာ မျက်စိရှင်းလေ ကောင်းလေပဲ..၊ နင့်ကာတီတော့ နင့် တည်ရမယ် .. ခါတိုင်းလို သမားရိုးကျအတိုင်း မဟုတ်





ဘဲ ယောက်ျားလေးနဲ့ ပိုတူအောင် ဝတ်ရမယ် .. စစ်သည်ကောင်း က မေးရင်လည်း ယောက်ျားလို့ပဲ ပြောရမယ် .."

"အမလေး ပိတောက် ရယ် .. ခုတောင်မှ ဟိုက ယောက်ျားလေး ထင်နေတဲ့ဥစ္စာ .. သူ နေတတ်ဖို့ပဲ လိုတာ ..၊ ဘယ်သူက ပခုံးပုတ်ပြီး 'မင်း ယောက်ျားစစ်စစ်လား' လို့ မမေးဘူး .."

"မလိုချင်ဘူး .. ဖြစ်လာမှာ မလာမှာကို ကိုယ့်ဘာသာ သိနိုင်တာ မဟုတ်ဘူး .. ငါခိုင်းတာပဲ လုပ် ..၊ လုပ်မယ်ဆိုတဲ့ ကတိကို ပေး .."

မျက်လုံးချင်းဆုံသွားကြတော့ ပိတောက် ရဲ့မျက်လုံးတွေက လှုပ်ရှားစူးရဲနေကာ ခြူ့ မျက်ဝန်းတွေက အေးစက်တည်ငြိမ်နေ၏။ ပြီးတော့ ဘာစကားတစ်ခွန်းမှ မပြောဘဲ ခြူ က လှည့်ထွက်သွားလျှင် ...

"ခြူ .. နေဦး .."

"ပိတောက် .."

ခြူ့ ကို လှမ်းတားကာမှ ဝတ်မှုံ က လက်ကို ပြန်ဆွဲထားကာ ...

"ဒီလောက်ဆို ရပါပြီ ပိတောက် ရယ် .. နင် ခုထိ ခြူ့ စိတ်ကို အကဲခတ်နိုင်ဘူးလား.. သူက အမြတ်မီး အမိန့်ပေးလာခဲ့တဲ့သူ ..၊ သူများရဲ့အမိန့်ကို နာခံတတ်ဖို့ လွယ်မလား .."

"နင်က သူ့အတင်း ပြောနေတာလား .. သူ့ရဲ့ကောင်းခြင်းတွေကို ဖော်ထုတ် ချီးကျူးနေတာလား .."

"နင် သတိမထားတာကို ပြောပြတာ .. မနေ့ဝာစ်နေ့ကမှ စံအိမ်ကြီးပေါ်က ဆင်းလာရတဲ့ သူဌေးသမီးကို နင်က ချက်ချင်းကြီး ကိုယ့်ရဲ့ ကျေးကျွန်လို သဘောထားနေတာလေ .."

"သူ့ကို ခိုင်းဖို့ကိုပဲ ငါက အချိန်ရာသီတွေ ထိုင်စောင့်နေရမှာလား ..၊ ပုံစံကိုကြည့်ပါဦး .. လူကို တည့်တည့်ကြည့်ပြီး မျက်နှာလွှဲသွားတာ .."

ဘယ်လိုပြောပြော နားမဝင်နိုင်သည့် ပိတောက် ကို ဝတ်မှုံ က



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါရင်း ကြည့်၏။ ဒါနဲ့များ အကြီးအငယ်ဖြစ်ပြီး နင်တွေ ငါတွေနဲ့ ပြောနေတာ ကြားလို့ မကောင်းဘူးတဲ့ ..၊

ကြားကောင်းတာ မကောင်းတာထက် တစ်ခါတလေ အတွေးတိမ်လွန်းသည့် ပိတောက် ဟာ ကလေးဆိုးပြီးလို စိတ်ကောက်နေပြီဆို တစ်ရက် နှစ်ရက်နှင့် မပြေ ..၊

စိတ်ကောက်ရတဲ့အကြောင်းကို မေးကြည့်လိုက်ရင် ဘာမှလည်း ဟုတ်တာ မဟုတ် ..၊

"ခြူ့ကို နင် လျှော့မတွက်နဲ့ မှို .. တော်တော် အကြောတင်းမယ့်ရုပ် .."

"တင်းနိုင်ခဲ့တဲ့သူပဲပါ .. သူ့ဆီကတော်င် ငါတို့ ပိုက်ဆံချေးသုံးဖူးတဲ့ဟာ .. ခုလည်း ချေးဖို့ငှားဖို့ပဲ အိမ်ကိုခေါ်တာလေ .. နင်က ချက်ချင်းကြီး နိုင်ချင်တာကိုး ..၊ သူ့မှာ အိမ်ကနှင်ချခံရတဲ့ ပူပင်သောကတွေနဲ့ လောလောဆယ် ငါတို့အိမ်မှာ ကပ်နေရတာ .. ဝတ်ဖို့စားဖို့ မရှိတာအားလုံးအတွက် စိတ်ညစ်နေမှာပေါ့ ..၊ ဒါကို သူ စိတ်မဝင်စားတဲ့ကိစ္စ တစ်ခုထဲ ဆွဲထည့်ပြီး ငါတို့က ကတိကဝတ်တွေ တောင်းနေတော့–"

"ဘာ!... သူ စိတ်မဝင်စားဘူး ဟုတ်လား ..၊ စစ်သည်ကောင်းလို ပုံစံကို စိတ်မဝင်စားဘူးဆိုရင် အဲဒါ ကန်းနေလို့ပဲ .."

"ဒါဖြင့် နင့်ရှေ့ရောက်မလာခင်က မိန်းကလေးတွေ အများကြီးနဲ့ တွေ့နေတာပဲ .. အားလုံးပဲ သူ့ကို ဝိုင်းကြိုက်နေကြသလား .."

"ကြိုက်ကြမှာပဲ .. ဥပမာ နင့်လိုပေါ့ .."

"ဘာ!..."

"ဟုတ်တယ်လေ .. နင်လည်း မြင်လိုက်တုန်းကတော့ ဖျပ်ဖျပ်လူးသွားတာပဲ .. နောက်တော့မှသာ ကိုယ့်အစ်မအတွက်ဆိုတာ သိလို့ ထိန်းသိမ်းလိုက်တာမို့လား ..၊ သူများတွေလည်း ထိန်းသိမ်းလိုက်ရခြင်း အကြောင်းတွေ အမျိုးမျိုး ရှိမှာပေါ့ .."





ဝန်မခံနိုင်သည့်ဒေါသတွေနှင့် ပြန်ကြည့်ပေမယ့် ဝတ်မှုံ ငြင်းလည်း နိုင် ..၊ ထို့ကြောင့် မျက်နှာသည် အရွတ်ဆန်ချင်သော မဲ့ပြုံးနှင့်...

"ထားလိုက်ပါတော့ .. သူက မိန်းကလေးတိုင်း သဘောကျချင်စရာ ကျား ..၊ ငါကလည်း သဘောကျနေတယ်ဆိုရင်တောင် နင့်လက် လုမယူတာကို ကျေးဇူးတင်လိုက်ဦး .."

ပြောပြီး ချာခနဲ လှည့်ထွက်သွားသည်။ ယောကျ်ားလေး တစ် ကြောင့်အတွက်နဲ့ ညီအစ်မချင်း စကားပြော အဆင်မပြေဖြစ်ကြရတာ ဒီအမဆုံးပဲ ဖြစ်သည်။

ဘယ်သူ ရည်းစားထားထား တိုင်ပင် ရယ်မောနေကျအဖြစ်တွေကို ပျောက်ရှကုန်တာလဲ ..၊

ပိတောက် တွေးမိရင်း သက်ပြင်းချမိသည်။ ဒီကိစ္စမှာ သူမက လိုက်မိတာမို့ သူမပဲ လွန်တာလား ..၊ ဒါက ပြောကို ပြောသင့်တဲ့ ကိစ္စမျိုးလား ..၊

ဘာပဲဖြစ်ဖြစ် ဟိုအရင် ကျေနပ်ပျော်ရွှင်ခဲ့ကြတာက အချစ်ရေး တွေ ..၊

ခု ဒီလိုမနေသင့်တော့တဲ့ကိစ္စက အိမ်ထောင်ရေး ..၊

ကိုယ့်ဘာသာ ရှာကြံအဖြေထုတ်ပြီး အမှတ်ပြည့် ပေးပစ်လိုက်မိ၏။ သူမ ဘယ်လိုမှ မမှားနိုင် ..၊ ကိုယ် ဆုံးဖြတ်တာ ကိုယ့်အရေး ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"နေကောင်းရဲ့လား ကိုချစ် .."

"ငါ့ကို မမေးပါနဲ့ .. မင်းတို့သားအမိတွေ အဆင်ပြေနေရ
တာပဲ .."

ဒါပဲပြောပြီး ဦးချစ်လွင် မျက်နှာလွှဲ၏။ သည်းခံတယ်ဆိုတာ
အတိုင်းအတာတော့ ရှိသေးသည်။ ဒေါ်ငုဝါသင်း နဲ့ပတ်သက်သ
သည်းခံမျိုသိပ်လာခဲ့ရတာ အိမ်ထောင်ရေးသက်တမ်း တစ်လျှောက်

"ကိုချစ် က ဘာကို မကျေနပ်နေတာလဲ ..၊ ကိုချစ် ဆီကို
တစ်နေ့လုံး မလာမိလို့လား .."

ဦးချစ်လွင် မျက်နှာလှည့်လာပေမယ့် ဒေါ်ငုဝါသင်း က

"ငု မှာလည်း သားရေးသမီးရေးတွေနဲ့ ရှုပ်နေတာ ကိုချစ်
နဲ့ .."

"မင်း ငါ့ဆီ ရောက်လာတာကို အခန်းထဲက ငုတ်တုတ်
စောင့်မျှော်နေရအောင် ငါ ဒုက္ခိတ မဟုတ်သေးဘူး ငု .. အခု ငါ
နဲ့ ငါ အခန်းအောင်းနေပေမယ့် အလုပ်နဲ့ လက်နဲ့မကွာ လုပ်နေ





ယ် .. ဒါကြောင့်လည်း မင်းတို့ ခုလို-သုံးစွဲနေနိုင်သေးတာ ..၊ ငါ
မလုပ်မကိုင်နိုင်တော့ရင် မင့်သားသမီးတွေနဲ့ မင်း ဘယ်လိုစခန်း
ကြမလဲ .."

ဒေါ်ငုဝါသင်း နှုတ်ဆိတ်သွားသည်။

"ကလေးတွေကို အလိုလိုက်တာ ဆင်ခြင်ပါ .. မင်းကိုယ်တိုင်
င်းကစားတွေ လျှော့ပါ .. မဟုတ်ရင်တော့ မင်းတို့အတွက် ငါ
လေးတယ် ငု .."

"ငု သိပါတယ် ကိုချစ် ရယ် .. ဒါပေမယ့်လေ အခု ဘယ်လိုမှကို
တ်ဆည်ဖို့ မလွယ်တော့ဘူး .. ငု တို့မှာ အတွင်းပစ္စည်း ဘာမှမရှိ
ဘူး သိလား .."

အနားမှာ ဒူးထောက်ထိုင်လိုက်ပြီး ငိုသံပါနှင့် စကားသံတွေကိုကျ
ဦးချစ်လွင် မကြားရက်နိုင် ..၊ မျက်နှာလွှဲပစ်မိရင်း ခေါင်းတရမ်း
ဖြစ်နေခဲ့၏။

"အဲဒါကြောင့် ငု ကိုကြီးဆီ သွားခဲ့တယ် .. ပြီးတော့ .."

ခြူ နဲ့ပတ်သက်တာတွေက စပြီး လက်ရှိအခြေအနေတွေထိ
ငုဝါသင်း က ပြောပြသည်။ ဦးချစ်လွင် က မျက်မှောင်ကုတ် စဉ်း
လျက် ...

"ခြူ့ ကို ကိုသာ ဒီလိုစွန့်ပစ်လိုက်တယ်ဆိုတာ မဖြစ်နိုင်ဘူး ..၊
ခုတော့ လွဲနေပြီ .."

"မလွဲဘူး ကိုချစ် .. ခြူ့ အကြောင်း ကိုကြီးက အပြောကိုမခံဘူး..၊
ည်း ခြူ က မာနတွေချပြီး အိမ်မှာ အလုပ်တွေလုပ်နေတာ မနက်
မသွားခင်ရော .. ပြန်လာရင်ရော အိမ်ကအလုပ်တွေကို လုပ်သွား
.. အရမ်း အောက်ကျခံတာ .."

"အဲဒါကို မင့်သားသမီးတွေက ကျေကျေနပ်နပ်ကြီး နိုင်နင်းခိုင်းစေ
ကြရောလား .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုချစ် ကလည်း ကိုချစ် ရယ် .. မင့်သားသမီးတွေလို့ပဲ ပြော
တယ် .. ကိုချစ် ရဲ့သားသမီးတွေ မဟုတ်လို့လား .."

"ငါကလေးတွေပေမယ့် မင်းရဲ့စိတ်နဲ့ သူတို့ရဲ့ကိုယ်ပဲ .. ဒါ
မယ့် ငါ ပြောချင်တာကတော့ ရှိတယ် .. မင်း ဝင်လာတာ အတော်ပဲ

ဦးချစ်လွင် က စားပွဲမှာ လက်ထောက်ပြီး ထရပ်လိုက်သည်။
တုန်းကထက် အများကြီး ပိန်လှီသွားသော ဦးချစ်လွင် ရဲ့ပုံစံက တက
နှစ်ရှည်လများ လူမမာကြီးလို ခပ်နဲ့နဲ့ပုံ ဖြစ်နေကာ ...

"ငါ မင်းတို့အတွက် ဟောဒီအလုပ်စားပွဲမှာ ထိုင်ရာမထ အ
လုပ်ပေးနေတယ် .. အရင်လို သွားလာလုပ်ကိုင်ဖို့တွေ သိပ်မတတ်
တော့ပေမယ့် ငါ မသေခင်အချိန်ထိ မင်းတို့သားအမိအတွက် အရိ
တစ်ခုအဖြစ် ရပ်တည်ပေးသွားဖို့ပါ ..၊ အဲဒီတော့ ငါ့စေတနာကို အ
ထားသေးရင် ငါ့စကားကို မင်းတို့ခေါင်းထဲ နည်းနည်းတော့ထည့်ပါ

"ဘာများလဲ ကိုချစ် ရယ် .. ငှ က ကိုယ့်ဝါသနာနဲ့ကိုယ် မ
လွှတ်နိုင်တာ တစ်ခုကလွဲရင် ကိုချစ် ကို ဘယ်တုန်းကများ မရိုမ
မလေးမစားလုပ်ခဲ့မိတာ ရှိလို့လဲ .."

"ငါက လုံးဝ သုံးစားမရတော့တဲ့ လူမမာကြီးဘဝနဲ့ အိပ်ရာ
မရောက်သေးတော့ ဒီမေးခွန်းကို ဖြေလို့မရသေးဘူး .. ဒါပေမယ့် အ
ငါ ဘာမှမသိလိုက်ရဘဲ ဖြစ်ပျက်နေတာတွေအတွက် .."

"ကိုချစ် .. ကိုချစ် သမီးရဲ့မင်္ဂလာကိစ္စကို ပြောတာလား ..

"မင့်သား ကားအုံနာဘုတ်(ခ်)ကို ကိုစောလှ ဆီမှာ ပေါင်
တယ် .."

"ဟင်!..."

ဒေါ်ငုဝါသင်း မျက်လုံးပြူးသွားသည်။

"သူ့ရဲ့နာရီကို သိန်းသုံးဆယ်နဲ့ အပေါင်ထားပြီး သူ့လ
တစ်သိန်းခွဲတန် ပုံတူ ဝယ်ပတ်ထားတာရော မင်း သိလား .."





"ဘုရား!... ဘုရား .."

ဘုရား 'တ' နေသည့် ဇနီးသည်ကို ဦးချစ်လွင် က စိုက်ကြည့်၏။

"မင်း ဒါတွေ ဘာမှမသိပေမယ့် ငါ့နားထဲ အကုန်ရောက်တယ်.."

"အပေါင်ခံထားတဲ့လူတွေက ကိုချစ် မိတ်ဆွေတွေလား ဟင်.."

"အဲဒါတွေ မေးမနေနဲ့ ငှ .. ကြာလာရင် မင့်သား အိမ်ဂရမ်ပါ
ပြီး ပေါင်တော့မှာ .."

"ငှ ဘာကိုမှ မရိပ်မိခဲ့တာ ငှ မှားပါတယ် ကိုချစ် ရယ် .. သားကြီး
တာ မလိမ္မာပေမယ့် သိပ်မဆိုးလှဘူးလို့ ထင်ခဲ့မိတာ ..၊ သူ့ကို
ကိုးရရင်တောင် မိဘကို လိုအပ်တိုင်း လက်ဝါးဖြန့်ပြီး ဒုက္ခမပေး
တော်လှပြီပေါ့ .. ခုတော့ ဒါတွေ သူ လုပ်ပြီး .."

ဒေါ်ငုဝါသင်း ရင်ထဲမှာ ပူလောင်နေပါပြီ ...။

"အိမ်ထောင်ဦးစီးတွေ ဖောက်ပြန်နေပြီဆိုရင် အဲဒီအိမ် ခေါင်ပြို
ငှ .. ဖောက်ပြန်တယ်ဆိုတာ မင်းတို့နားလည်တဲ့ တစ်ခုတည်းကို
တာမဟုတ်ဘူး ..၊ ကိုယ်ကျင့်တရားနဲ့ ကံငါးပါးလည်း ပါတယ်..၊
နားမလည်နိုင်တာတွေလည်း ရှိသေးတယ် .. အခု မင်းကစပြီး
ဘာစားလုပ်နေတယ် .. လင်သားကို ရှိသေနာခံရမှန်း မသိဘူး.."

"ကိုချစ် ရယ် .. ငှ .. အဲဒီလို ..."

"ဆော်တော့ .. မင်းကို ငါ တောက်လျှောက် အလိုလိုက် သည်းခံ
တာ ခုလည်း ဘာမှစွက်ဖက်ချင်လို့ မဟုတ်ဘူး ..၊ ငါ ပြောပြီးပြီပဲ..
ခင် ငါ့ဝတ္တရား ကျေခဲ့မယ် .. ဒါကြောင့် ငါ နေကောင်းကောင်း
င်းကောင်း ဒီစားပွဲက မထဘဲ အလုပ်အတွက် ငါ့ကိုယ်ကို စတေး
တာ .."

"မလုပ်ပါနဲ့ .. အဲဒီစကားတွေလည်း တော်ပါတော့ ကိုချစ် ရယ်..
င်းပန်ပါတယ် .."

"မလိုဘူး ငှ .. မင်း ငါ့ကို တောင်းပန်ရမှာ မဟုတ်ဘူး .. အခု



www.burmeseclassic.com

www.burmeseclassic.com



မင်း မသိတာတွေ ငါ ပြောပြရုံပဲ ..၊ မင်းတို့သားအမိရဲ့ အနာဂတ်
ခုနှိုက်ကျမှ ငါ ချုပ်ကိုင်နိုင်မို့ မကြိုးစားဘူး .. ကြိုးစားလည်း အ
ထင်မှာ မဟုတ်ဘူး .. ငါ ပြောချင်တာ ခြူ ဒီကိုရောက်လာတဲ့ကိစ္စ

"ဟင်!..."

"ခြူ့ကို ကိုသာ ဘယ်လိုပုံစံနဲ့ နှင်လွှတ်လိုက်တာပဲဖြစ်ဖြစ်
က မိုးခြူ ရဲ့ တစ်ဦးတည်းသော သမီးလေးပါ.. ပြီးတော့ ကိုသာ ဒီ
လုပ်လိုက်ပေမယ့် သူ သံပ်ချစ်တဲ့ကလေး .. ခြူ့ ဘဝ ဘာဖြစ်ခဲ့ဖြ
အမြဲတမ်း ခိုးခြူ ရဲ့သမီးပဲ ..၊ မင်းတူမအရင်း ဆိုတာကိုလည်း ဖျော
ဖျက်လို့ မရဘူး .."

"ငှ ဘာလုပ်မိလို့လဲ ကိုချစ် ရယ် .."

"ဘာလုပ်ဖို့ရှိရှိ ငါ သိရမှာမှ မဟုတ်တာ .. ဒါကြောင့် သတိ
တာ ..၊ ခြူ့ ကို တူမလိုပဲ ဆက်ဆံပါ .. အိမ်ဖော်လို သဘောမထာ
နဲ့ .."

ကိုချစ် ကို ခြူ ဝင်တိုင်လိုက်တာလား .. ဒါမှမဟုတ် မနက်
စော အလုပ်မသွားခင် အိမ်မှုကိစ္စတွေ ခြူ လုပ်ကိုင်နေတာ ကို
တွေ့သွားလို့လား ..၊

"ငှ .."

"ဟင် .. ရှင် .. ကိုချစ် .."

"မင့်သမီးရဲ့အိမ်ထောင်ရေးကို ခြူ့ ဘဝပေါ်မှာ မှီထား
မကောင်းဘူး .."

"ရှင်!..."

"အဲဒါကို မင်း နားလည်စမ်းပါ .."

ကိုချစ် ဒါတွေကို သိနေပါလား ..၊

တကယ်တော့ အံ့ဩစရာ သိပ်မဟုတ်ပါ ..၊ သဏ္ဌာရာစ်စံအိ
ကို ဆက်လက် စောင့်ရှောက်ခွင့်ရထားတဲ့ မင်္ဂလာစံအိမ်က ဦးသ





တ် မခမ်းနားခဲ့ပေမယ့် ဦးချစ်လွင် ဆိုတာလည်း အောင်မြင်ကျော်
လူလေးစားခံရတဲ့ စီးပွားရေးသမားတစ်ယောက်ပါ .."

"စည်းစိမ်စံအိမ် ဆိုပြီး ငါတို့လည်း တခမ်းတနား ရပ်တည်နိုင်ခဲ့
- မင်းကိုယ်တိုင် သဏ္ဌာရာဇ်စံအိမ်က သခင်မတစ်ပါး.. ဒါနဲ့တောင်
မောင်လေးရဲ့သမီးကို မင်း ..."

"ကိုချစ် .."

"ငါ့စကားကို ဖြတ်မပြောပါနဲ့ .. သဏ္ဌာရာဇ်စံအိမ်က မျိုးဆက်
ာက်မှာ မင်းကျမှ လောင်းကစားတွေဖက်ပြီး ဂုဏ်သိက္ခာ ညှိုးမှိန်
ာ .. အခု ထပ်ပြီး ဂုဏ်သိက္ခာမရှိတာတွေ မင်း လုပ်နေတယ်.."

"ကိုချစ် က သမီးကြီးနဲ့ နေ့စပ်မယ့် ဦးကောင်း တို့မိသားစုကို
သား ဟင် .."

"ငါ ကိုသာ့ ကို မေးလိုက်တာ .."

ဒေါ်ငှဝါသင်း အံ့ဩသွား၏။

"ဒါဆို ခြူ့ ကို ဘာဖြစ်လို့ အမြဲဖြတ် စွန့်လွှတ်လိုက်တယ်ဆိုတာ
သိတာပေါ့ နော် .."

"ခြူ့ အကြောင်း အမေးတောင် မခံဘူး .. ဒါ သဘာဝမကျတဲ့ကိစ္စ
တာ သိပေမယ့် ခြူ ငါတို့ဆီရောက်နေမှန်း သိလို့ စိတ်ချလက်ချ
ာက်ပစ်လိုက်တာလည်း ဖြစ်နိုင်တယ် .. ဘာပဲဖြစ်ဖြစ် မင့်သမီး
သူ့ရွေးရှာပေးချင်တာ ဆိုရင်တော့ မင်း မှားပြီ .."

"ဘာဖြစ်လို့လဲ ဟင် .."

"အဲဒီမိသားစုက မင်း ထင်သလောက် မဟုတ်ဘူး .. သူတို့က
ယ်.. ပညာတတ်မိသားစုတွေ ဖြစ်သလို စည်းကမ်းလည်း ကြီး
- မင်းတို့လို ငွေကို ရေလိုသုံးတဲ့မိသားစု မဟုတ်ဘူး .. သုံးဖို့
တောင် သုံးမှာမဟုတ်တဲ့လူတွေ .. အဲဒီတော့ မတူညီတဲ့စရိုက်
ဒီနှစ်ဖက်ကို ရင်ကြားစေ့ဖို့ မကြိုးစားပါနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငုဝါသင်း မျက်နှာငယ်သွားလေသည်။ အစကတော့ ကိုပြ
တို့သဘောတူထားတဲ့လူမို့ သူဌေးတွေပဲ ထင်ခဲ့တာပါ ..။ သိပ်မချမ်း
ဘူးဆိုတာ သိရပေမယ့်လည်း မိသားစု လူစေ့တက်စေ့ ကားတစ်
စီးနေကြသည်ဆိုတာနဲ့တင် မဆိုးပါဘူးလို့ သတ်မှတ်ခဲ့သည်။

အိမ်ခြံမြေအပိုတွေ ပိုင်ဆိုင်ထားတယ်ဆိုတာလည်း မက်လော
စရာပဲ ဖြစ်၏။ မင်း ထင်သလောက် မဟုတ်ဘူးဆိုတာ ဘာကိုပြော
မသိပေမယ့် အမြင်အရမှာတော့ ဒီလောက်အဆင့်ဟာ မဆိုးဘူးပဲမို့လ

"ကိုချစ် ရယ်.. အစကတော့ သူဌေးဆိုပြီးတော့ ကိုကြီးဆီ
တကူးတက သွားခဲ့မိတာပေါ့ .. ဒါကလည်း သိက္ခာမဲ့လွန်းလို့ မဟုတ်
ဘူး .. ဗြူ က နဂိုတည်းက မိန်းကလေးလိုနေတာ မဟုတ်ဘူးလေ
ဒီအိမ်ထောင်ရေးကြောင့်ပဲ ကိုကြီး ဒေါသထွက်တာလည်း ဖြစ်နိုင်
ပီတောက် နဲ့ ဦးလှည့်ပေးဖို့ သွားပြောခဲ့တာ .."

"မင်း ဒီလောက်ပဲ ဦးနှောက်နည်းရသလား ငု .. မိဘက
ထပ်ပေးမှာကို သားသမီးက ငြင်းလိုက်ရုံနဲ့ ဒီလောက်ပြင်းထန်တဲ့အ
မျိုး ဘယ်မိဘက ပေးမှာလဲ .."

"ဘာပဲဖြစ်ဖြစ် ငု ကို အပြစ်တင်ချင်လည်း တင်တော့ ကို
ရယ် .. ဒီသားသမီးတွေ အသုံးအစွဲကြီးတာ .. ပြောဆိုမရတာ
ငု မထိန်းနိုင်တော့ဘူး ..။ သူတို့ကို လက်လွှတ်ချင်လှပြီ .."

ဦးချစ်လွင် ခေါင်းတရမ်းရမ်း ဖြစ်သွားသည်။ စီးပွားရေး
တက်နေစဉ်က သူ မနားမနေ ရှာဖွေခဲ့သည်။ သည်တုန်းက 'စီး
ဆည်တဲ့ကန်သင်း' မဖြစ်ခဲ့သလို သားသမီးတွေကို အနီးကပ်ထိန်း
ရမှာ မင်းတာဝန် .. ကလေးတွေကို ဂရုစိုက်ပါ ဆိုတဲ့ စကားတွေ
တတွတ်တွတ် ပြောနေခဲ့တာပါ ..။

ကလေးတွေကို ငယ်စဉ်တည်းက မဆုံးမ မပဲ့ပြင်နိုင်ခဲ့ဘဲ ခုမ
မှ ရင်ဘတ်ထု အော်နေတော့ ဘာထူးမှာလဲ ..။





"ငု မှားပါတယ် .. ဒါပေမယ့် ခုချိန်မှာ ဘာမှလုပ်လို့ မရတော့ဘူး ကိုချစ် ရဲ့ .. ဒါကြောင့် ခွေဂုဏ်မျိုးဂုဏ်လေးနဲ့ လူတော်လူကောင်း ဖြစ်မယ်ဆိုရင် ..."

"သူများက သိပ်တော်နေရင် မင့်သမီး အရမ်းဆိုးတာတွေ ပိုပြီး ပေါ်လွင်မှာပဲ ငု .. ဒီလိုမိသားစုထဲကို ပီတောက် လို မိန်းကလေး ရောက်သွားရင် ဘာတွေဖြစ်ကုန်မလဲ ..။ မင်းထင်သလို သားသမီးကို လက်လွှတ်ချင်တိုင်း ကိုယ့်လက်က လွှတ်သွားလို့ စိတ်အေးရမယ် မှတ်နေသလား .."

ဒေါ်ငုဝါသင်း ဘာမှမကြားနိုင် ..။

"အဲဒါကမှ တစ်ပူပေါ် နှစ်ပူဆင့်မှာ.. နောက်ဆုံး မင်းက နား ရှက်ကိုက်ခံရမယ့် မအေမျိုးဖြစ်နေရင်လည်း အကိုက်ခံလိုက်တော့ ငု.."

"ဟင်!... ဘယ်လို ကိုချစ် .."

"မင်း မဆုံးမခဲ့ဘဲ သားသမီးတွေကို မင်းပဲ နိုင်အောင်ထိန်းရမှာ ပေါ့ .. မင်း မနိုင်နိုင်ဘူး ..။ ဒီကလေးတွေကို မင်း ဘယ်တော့မှ ဆုံးမနိုင် မှာမဟုတ်ဘူး .. ဘာဖြစ်လို့လဲဆိုတော့ မင်းကိုယ်တိုင်က လောင်းကစား သမား .."

ဦးချစ်လွင် က စကားကို လက်စမသတ်ဘဲ ခပ်နဲ့နဲ့ ကျောခိုင်းကာ အခန်းပြင်ကို ထွက်သွား၏။ ဒေါ်ငုဝါသင်း ဘာမှလည်း မမေးနိုင် .. ဘာပြောရမှန်းလည်း မသိဘဲ ဒီတိုင်း ပါးစပ်ပြင်ရင်း ကျန်ရစ်ခဲ့၏။

ဒါတွေ ဘာက စပြီး မှားခဲ့တာလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"အဲဒီပန်းကန်တွေ ဆေးမနေနဲ့တော့ မြူ .. အလုပ်သွားမှာမို့လား သွားတော့ .."

"ဟာ.. မေမေကလည်း ကဲကဲ ကို အင်္ကျီဆိုင် သွားခိုင်းထားတယ်.. ပြီးအောင် ဆေးသွား.. မီးဖိုချောင်မှာ ပေပွနေတာတွေ မမြင်ချင်ပါဘူး.."

"မှုံ .."

"မေမေရယ် .. သူကိုယ်တိုင် ကျေကျေနပ်နပ် လုပ်တာပါ.. ဘာဖြစ်ဖြစ် ဝိုင်းလုပ်ဝိုင်းစားသဘောပဲ .. မှုံတို့က ကျွန်လိုခိုင်းနေလို့လား.."

"ဟဲ့ .."

"မေမေက ခုမှ ဘာဖြစ်နေမှန်း မသိဘူး .. စားသောက်ပြီးရင် ခါတိုင်းဆို ဘယ်မှာဝိုင်းကောင်းလဲ ဖုန်းဆက်ပြီး လစ်ပြီ .."

"အခု မလစ်ဘူး .. ဘယ်ဝိုင်းမှာမှလည်း မထိုင်တော့ဘူး .."

"ရေခန်းနေလို့လား .."





"ဘာဖြစ်ဖြစ် မမေးစမ်းပါနဲ့ .. သမီးတို့ကို မေမေ ပြောထားမယ် .."

ဒေါ်ငုဝါသင်း မပြောဖူးတဲ့စကားတွေ ပြောရမှာမို့ ကလေးတွေ တစ်ခါတည်း ခေါင်းငုံ့သွားလောက်တဲ့ ဟိတ်ဟန်မျိုး မျက်နှာပေါ် ရောက်အောင် တင်သည်။

ဒါပေမယ့် သူမ ပင့်သက် တစ်ချက်ကြီး ရှိုက်လိုက်တာကို သမီးနှစ်ယောက်စလုံး ပြုံးစိစိကြည့်နေပုံကြောင့် ဆွဲတင်လိုက်သည့် ဟိတ်ဟန်တွေက ဟိုမရောက် ဒီမရောက် ..။

"ညည်းတို့တွေလည်း အိမ်ထောင်တွေပြု .. သားသမီးတွေ ရပြီး မိဘပြန်ဖြစ်တော့မယ် .. အိမ်မှုကိစ္စဆိုတာ လုပ်ဖူးတယ်ရှိအောင် လုပ်ကြည့်ကြဦး .. မိန်းမဆိုတာ မလုပ်ဘဲနေရင်သာ ရှိရမယ် .. မလုပ်တတ်ဘူးဆိုတာ မရှိရဘူး .."

"ဘာကိုလဲ မေမေ .."

"ဘာရမှာလဲ .. အိမ်မှုကိစ္စတွေပေါ့ .."

"မေမေကလည်း မှုံ က မေမေ့လို ပိုကာဆွဲတတ်အောင် သင်ရမှာလားလို့ .."

"ဘာ!..."

"ခစ် .. ခစ် ...."

ပိတောက် က ရယ်ကာ ...

"မေမေရယ် .. မမေပဲ အိမ်မှုကိစ္စ ချက်တာပြုတ်တာတွေက ဘာမှ လက်ထပ်သင်နေစရာ မလိုဘူး .. မိန်းမသဘာဝကိုက သူ့အလိုလို ကြည့်ရင်း မြင်ရင်း တတ်တာ ဆို .."

ကိုယ် တကယ်ပဲ ပြောခဲ့တာမို့ ဒေါ်ငုဝါသင်း ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။

"လုပ်နေရတဲ့လူတွေရော .. မလုပ်ဘဲ အနိုင်အစေနဲ့ တောက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်နေနေရတဲ့လူတွေရော သူ့ဘုန်း သူ့ကံနဲ့ပဲ ဆိုပြီးတော့ ...”

“တော်တော့ ..”

စိတ်တိုတိုနှင့် စားပွဲခုံကို ဖြန်းခနဲ ရိုက်ပစ်လိုက်မိသည်။

“ပြန်မပြောနဲ့ .. ငါ ဘယ်လိုနေနေ ငါလုပ်သလို မလုပ်နဲ့ ...၊ ငါ ပြောသလို လုပ် ..”

“ဆောင်ပုဒ်တွေ ရွတ်ပြနေပြန်ပြီ ..”

“အင်းလေ ..”

ညီအစ်မနှစ်ယောက်စလုံး ရှုံ့မဲ့မဲ့တွေ ဖြစ်ကုန်ကြ၏။ ပြီးတော့ ဘေဖင်မှာ ပန်းကန်ဆေးနေသည့် ခြူ့ ကို လှမ်းကြည့်ကာ ...

“မတွေ့ဘူးလား ဟိုမှာ .. ခြူ လည်း အူဝဲဆိုတည်းက အထိန်းတော် အချေ့တော်တွေနဲ့ မနေ့တစ်နေ့ကထိ နေလာတာ .. ဒါပေမယ့် မီးဖိုချောင်ကကိစ္စတွေဆို မသိတာ မရှိဘူး ..”

“အေးလေ .. အဲဒါကို ညည်းတို့ အတုခိုးရမှာပေါ့ ..”

“မခိုးချင်ပါဘူး .. ဒီလိုတတ်ထားလို့ အခု ဒီမှာ ပန်းကန်ဆေးနေရတာ .. သမီး ပြောချင်တာက ဒါတွေ တတ်ခြင်း မတတ်ခြင်းကိုက ကံကြမ္မာသက်ရောက်မှုတွေ မဟုတ်ဘူးလား ..”

“ကြည့်စမ်း ..”

“မေမေ ပြောခဲ့တာတွေ မှန်တယ်လို့ ထောက်ခံတာ ..”

“ခွဲခြားပြော ပိတောက် .. ခု ပြောတာတွေကိုပါ ရောထောက်ခံမနေနဲ့ ..”

“ဟင့်အင်း .. ခုပြောနေတာတွေ မပါပါဘူး .. မေမေက သုံးမခဲ့တာတွေကို ချက်ချင်းကြီး ပြောင်းပြန်လုပ်ပစ်နေတာ ..”

“တောက်!...”

စိတ်တိုလွန်းလို့လား .. အားငယ်သွားတာလား ...၊

ဘယ်လိုခံစားချက်မှန်း မသိဘဲ ဒေါ်ငုဝါသင်း ငိုချင်လာခဲ့သည်။





“ကြီးမေ .. ဘဘချစ် အတွက် နို့နဲ့ ပေါင်မုန့် သွားပို့ပေးခဲ့ရမလား ..”

“ဟင် .. အေး .. ဟဲ့ .. မဟုတ်ဘူး ...၊ မပို့နဲ့ .. မပို့နဲ့ .. ထားခဲ့ .. သွားတော့ ..”

“သွားပို့ပါစေ .. သူပဲ ပို့နေကျဟာ သွားပို့ခဲ့ သွား ..”

“မသွားနဲ့တော့ .. ထားခဲ့ ခြူ ..”

ဒေါ်ငုဝါသင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတာကို ပိတောက်တို့ အံ့ဩနေကြကာ ခြူ အလုပ်ထွက်သွားကာမှ မအေနား ကပ်လာကြပြီး ...

“မေမေ ဘာတွေဖြစ်နေတာလဲ ..”

“အေးလေ.. ခြူ့ ကိုများ ပြန်မျှော်လင့်နေတာလား .. ဒီမှာ သတင်းစာ ..”

မှုံ က စားပွဲအောက်ထပ်က သတင်းစာကို သွားယူပြီး သေချာဖြန့်ပြကာ ...

“ဘဘက သတင်းစာထဲကနေ အပြတ်ကြော်ငြာလိုက်ပြီ .. ခြူ့ ကို အမွေဖြတ်တဲ့အပြင် သူနဲ့ပတ်သက်တာ ဘာဖြစ်ဖြစ် တာဝန်မယူ သက်ဆိုင်တော့တဲ့အကြောင်း ..”

ဒေါ်ငုဝါသင်း ခေါင်းခါရင်း သတင်းစာကို တွန်းဖယ်ပစ်လိုက်သည်။

ချောက်မှန်း ကမ်းမှန်း မသိတဲ့ မိန်းမပိုက်ကလေးတွေပါလား...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"တိ .."

အနီးကပ်တီးလိုက်သည့်ဟွန်းသံကြောင့် ထိတ်ခနဲ ဖြစ်သွားမိသည်။ လှည့်ကြည့်လိုက်တော့ ဆေးရောက်လာသည့်ကားထဲမှာ စစ်သည်ကောင်း..

"ခြူ လာလေကွာ .. ဘယ်သွားမလို့လဲ .."

ခြူ့ လက်ထဲက ထမင်းချိုင့်လေးကို မြင်ပေမယ့် စစ် က ဟိုလိုဒီလို မတွေးမိဘဲ ...

"ဟော့ကောင် .. ကားပေါ်တက်လေ .. မင်းသွားမယ့်နေရာ လိုက်ပို့မယ် .."

"နေပါစေ .. အိမ်ပဲပြန်မှာ .."

"ဒါဆိုလည်း လာပါကွ .."

"ရောက်တော့မှာပဲ .. သုံးမှတ်တိုင်လောက် ကားစီးလိုက်ရင် ရပြီ- နေပေ့စေ .."

"ဟား .."





စစ် အကျပ်ရိုက်သွားသည်။ ဒီချာတိတ်ကို မြင်တိုင်း သူ့မှာသာ မနေနိုင် မထိုင်နိုင် ...၊

"နေစိုး ကားရပ်လိုက်ကွာ .."

"ဘာလုပ်မှာလဲကွ .. မလိုက်ပါဘူးလို့ ပြောနေတာကို .."

"ငါ့ကို ကူညီထားတဲ့ကျေးဇူး ရှိတယ်ကွ .. ရပ်စမ်းပါဆိုကွာ.."

"ဟော့ကောင် ရှေ့နားကျမှ ကားရပ်လို့ရမှာလေ .. ဒီမှာရပ်လိုက်ရင် ကွိခနဲ အဖမ်းခံရမှာ .."

"ကျွတ်!.."

"မင်း ဘာဖြစ်နေတာလဲ စစ်.. ဒီချာတိတ်က ဂျစ်တိဂျစ်ကန်ပုံစံ.."

"ဘာမှမဟုတ်ဘူး ဆိုက်ကိုလေး .."

"မင်းတို့ကလည်းကွာ ရင်ထဲမှာ မိသားစုဒဏ်ရာ တစ်ခုခု ရှိတာမျိုးလေးပါ .. မိမဲ့ဖမဲ့လေးလည်း ဖြစ်နိုင်တာပဲ .. ဘာဖြစ်ဖြစ် ဒီချာတိတ်ကို ငါ သံယောဇဉ်ဖြစ်နေတာ အမှန်ပဲ .."

"ဟွန့် .."

ကားထိုးရပ်လိုက်ပြီး နေစိုး က မဲ့သည်။

"ကြည့်ရတာ ယောကျ်ားလျာလေးလိုပဲ .. တော်ကြာ အင်မိနေဦးမယ် .."

"မိမှာမဟုတ်ဘူး .. သူက ဖမ်းချင်နေတာ ..၊ အဲဒီချာတိတ် မြင်တာနဲ့ သူပဲ မျောက် ငါးပိကိုင်မိတာ ကျနေတာပဲ .."

နေစိုး နဲ့ ဒီလှိုင်း တို့ အမျိုးမျိုးပြောနေကြတာကို သူ စိတ်မဝင်စားဘဲ ..၊ ကားရပ်လို့ရသည့်နေရာရောက်တော့ ခြူ နဲ့ တော်တော် အလှမ်းဝေးသွားပြီဖြစ်၏။ ထို့ပြင် ခြူ က ကားမှတ်တိုင်ရောက်သွားပြီဖြစ်ကာ..

"ဟော့ကောင် ချာတိတ် နေဦး .. ကားပေါ် မတက်နဲ့ဦး .."

သူ တအားပြေးသွားပေမယ့် မမီတော့ပေ ..၊ ထိုးရပ်လာသည့် အဲ့ရုံကွန်းဘတ်စ်ကားကြီးပေါ် ခြူ က တိုးတက်သွားပြီဖြစ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် .. ကျွတ် .."

သူ ကားနားရောက်သွားပေမယ့် ကားကထွက်သွားပြီ ဖြစ်၏။ သူ သတိလက်လွတ်နဲ့ ကားနောက် ပြေးလိုက်မိသေးသည်။

ဒီချာတိတ် ဘာလေးလဲ ..၊

ကိုယ့်ခြေလှမ်းကို သတိတရ ပြန်ရပ်လိုက်မိကာ ခါးထောက်ရင်း ငေးကြည့်နေမိ၏။

"စိတ်လျှော့ စိတ်လျှော့ .. တော်ကြာ မင်းကို လူတွေက မန်း(န်)တူ မန်း(န်) ထင်နေဦးမယ် .."

အနားရောက်လာသည့် ဒီလှိုင်း က ပခုံးပုတ်ပြောသဖြင့် ဖယ်ချပစ်လိုက်ကာ ...

"ဘယ်သူတွေက ထင်မှာလဲ .. မင်းတို့လား .."

မှုန်ကုတ်ကုတ်မျက်နှာကို ကြည့်ပြီး ဒီလှိုင်း က စပ်ဖြဲဖြဲ ..၊

"ဖြစ်နိုင်တယ်... မင်း ကားနောက် ပြေးလိုက်နေတာ သူငယ်ချင်းနောက် လိုက်တာထက် ပိုအားပြင်းတယ် ..၊ ဇော ငါးတန် ခြောက်တန် နှစ်တန်လောက် .."

"ငါ့ဟာငါ ဇော ဆယ့်ငါးတန်လောက်နဲ့ပဲ လိုက်လိုက် ကဲ့ရဲ့ချင်လွန်းလို့ ဒီထိဆင်းလိုက်လာတဲ့ မင်းဇောလောက် မပြင်းသေးဘူး .. ခွေးသူခိုး .."

"ဟား .. ဟား .. ဟား ..."

"သေအောင် ရယ် .. အဲဒီမှာ .."

"ပို့သတဲ့မေတ္တာကြောင့် ရယ်လို့ကောင်းလိုက်တာဗျာ .. ဟား.. ဟား .. ဟား ..."





အခန်း (၁၄)

"မင်း ဘယ်သွားနေတာလဲ စစ် .."

"လက်ဖက်ရည် သွားသောက်တာပါ .."

"မင်း ဒီစားပွဲပေါ်မှာ လိုင်တာနဲ့ လက်ဖက်ရည်က အဆင်သင့် ပြီးသား .."

"ဖေဖေကလည်း ဆိုင်မှာ ခဏတစ်ဖြုတ်ထိုင်တာ ဘာဖြစ်လို့လဲ.."

"ခဏတစ်ဖြုတ် ဟုတ်လား .."

ဦးကောင်း နာရီကြည့်တော့ စစ် မျက်နှာလွှဲပစ်သည်။

"မင်းက ငါ့သားဆိုပြီး တခြားဝန်ထမ်းတွေရှေ့မှာ အခွင့်အရေး နေတာလား .."

"မဟုတ်ပါဘူး ဖေဖေရာ .."

"နောက်ကို အပြင်ထွက်ရင် ဆယ်မိနစ်ထက် မကြာစေနဲ့ .."

"ဖေ့ .."

"မရှည်နဲ့ စစ် .. ပိုကြာမယ့်လမ်းဆိုရင် လုံးဝမထွက်ဘဲ နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်း က ယတိပြတ် ကြေညာပြီး ထွက်သွားသည်။ စင်နှာခေါင်းရှုံ့မှုမှုနှင့် ဖိုင်ကို ဆောင့်ဆွဲချလိုက်တော့ မျက်နှာချင်းဆိုင်က စာရင်းကိုင်မိန်းကလေးနှစ်ယောက် ပြုံးစိစိနှင့် ခိုးကြည့်နေကြ၏။

အကြည့်တစ်ချက်ဝေ့ပြီး မျက်နှာလွှဲလိုက်ပေမယ့် လူကို လှောင်သလို ပြုံးနေကြတာမို့ ခိုးလို့ခုလုဖြစ်သွားမိကာ တည့်တည့် ပြန်စိုက်ကြည့်၍ ...

"မျက်လုံးတွေ လွှဲပေးရင် ဘယ်လောက်ပေးရမလဲ .."

"အဲ!..."

"အယ်!..."

မိန်းကလေးတွေ တွန့်ခနဲ ဖြစ်သွားကြသည်။

"ဒီမှာ အနှောင့်အယှက်ဖြစ်လို့ ကျေးဇူးပြုပြီး ..."

ဆက်မပြောဘဲ မျက်နှာလွှဲဖို့ လက်ခါပြလိုက်သည်။ မျက်နှာလေးတွေ အော်တိုမစ်တစ် ဖျွဲ့သွားကြ၏။ ဘာလေးတွေမှန်း မသိ .. လူကို သူတို့ ကြည့်ရှုလှောင်ရယ်စရာ ဂျိုကာရုပ် မှတ်နေသလား ..၊

ဖုန်းဝင်လာတော့ ကောက်ကိုင်လိုက်တာလည်း စိတ်တိုနေသည့်ဆတ်ခနဲ ..၊

"ပြော .."

"သားလား .."

"ဟင် .. ဗျာ.. ဟုတ်ကဲ့ မေမေ .."

"လက်ကိုင်ဖုန်း ဘာလို့ပိတ်ထားတာလဲ သား .."

"ပိတ်တာ မဟုတ်ဘူး မေမေ .. အားမသွင်းထားမိလို့ သူ့ဟာသူ ပိတ်နေတာ .."

"သားရယ် ဖုန်းနှစ်လုံးစလုံးပဲ အားမသွင်းဘဲ ထားရတယ်လို့ -"

"မဟုတ်ဘူး.. တစ်လုံးက ပိုက်ဆံကုန်နေလို့ ပိတ်ထားလိုက်တာ-"

"သြော် .. ကဲ ..."





တစ်လောမှာ မေမေ ချိုသာနေကာ ဖေဖေက ခွတ်ကြီးတင်းနေ၏။ ...က်တာလည်း နေရာတကာ .. မူလီထက်တောင် ဆိုးသေးသည်။

"ဗျာ .. ဘာလုပ်ဖို့လဲ မေမေ .."

"သြော် .. မေမေတို့ချင်း အေးအေးဆွေးဆွေးချင်တဲ့ကိစ္စလေး ရှိ"

"အဲဒါဆို ဖုန်းနဲ့ပဲ ကွန်တက်(တ်)လုပ်ပါလား-မေမေ.. ကျွန်တော် ...လုပ်နေတာ အပြင်ထွက်လို့ ခုနကပဲ ဖေဖေ ဆူသွားတယ် .."

"ဘာလဲ .. မင်းအမေ ခေါ်နေတာမို့လား .. သွားလိုက် .."

...ဒါမျိုးကျတော့ ပါမစ်ကျလာတာ မြန်လှချေလား ..၊

...အနားကို ဖေဖေ ဘယ်လိုပြန်လှည့်လာမှန်းတောင် မသိလိုက်ဘဲ ...ားမှ မော့ကြည့်ဖြစ်၏။

"...ခုဦး .. အောင်သန်း လာရင် မင်းရဲ့ လုပ်လက်စတွေကို ပြထားခဲ့"

...ဘယ်သူက ခုပဲ ထပြေးပါတော့မယ်ကို လုပ်နေလို့လဲ ..၊

...စိတ်ညစ်သမျှထဲမှာ ဒီလိုအလုပ်မျိုးတွေ လုပ်နေရတာလောက် ...စ်ရတာ မရှိ ..၊ ဒေါ်ငုဝါသင်း ကို သွားခေါ်မှုပေးပါ တဲ့ ..။

...မေ ဘယ်လိုလမ်းစထွင်ပေးတယ်ဆိုတာ သိနေသဖြင့် စစ် ရဲ့ ...တွေ လေးကန်နေခဲ့၏။ စကားပြောစရာရှိတာပဲ ဒရိုင်ဘာကို ...ခိုင်းပြီး ကိုယ့်ဘာသာ သွားလို့ရသည်။

...မှမဟုတ်ရင်လည်း ဖုန်းဆက်ချိန်းပေါ့ ..၊

...က်စိထဲမှာ ဟိုညီအစ်မနှစ်ယောက်ကို မြင်ယောင်ရင်း ကားမောင်း ... ရှေ့ကိုမတိုးဘဲ ဘက်(ခ်)ဂီယာ ထိုးထားလိုက်ရရင် ကြည့် ...ဦးမည်။

...ငယ်ချင်းတွေနဲ့ ဘယ်သွားသွား သူကိုယ်တိုင် မမောင်းခဲ့တာပဲ ...ည်။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လျှင် လမ်းပေါ်မှာ ယာဉ်တွေကို ဂရုမစိုက်ကြသည့် လူတွေ ကိုရော .. စက်ဘီး ဆိုက်ကား မော်တော်ဆိုင်ကယ်လ်တွေက အ စည်းကမ်းမဲ့ ဖြတ်ဝင် တိုးထွက်နေကြတာကြောင့် သူ့ခေါသနဲ့ မလွယ်-

ခုလိုမျိုး ထွက်လာတည်းက တင်းနေတဲ့စိတ်နဲ့ဆို ပိုဆိုးပြီ ..။

"တီ .. တီ .."

နောက်ကနေ ကျော်တက်ချင်တဲ့ကားက အချက်ပြဟွန်းသံ ပေး နေ၏။ ဘက်ခ်မှန်ကနေကြည့်ကာ စိတ်က ထောင်းခနဲ ဖြစ်သွား

ဘေးကယာဉ်ကြောမှာလည်း ကားတွေကျပ်နေသဖြင့် ကိုယ့်ကြေ ထဲမှာလည်း အပြည့် .. ဖြတ်တက်ပြီး ဘယ်ကြားထဲ ပြန်ဝင်မှာလဲ -

သူချည်းပဲ အရေးကြီးနေတာလား ..၊

"တီ .."

လုပ်စမ်းကွာ ..၊

ကျော်ခွင့်ပေးတော့မလိုလုပ်ပြီးမှ စစ် နေရာအပြည့် ပြန်ယူ လိုက်သည်။

"တီ .. တီ .."

"ဂျိမ်း .. ဂျိး"

"ဟာ!... တိုက်ကုန်ပြီ .."

ဟွန်း ..၊

တစ်စီးစာပဲရှိတာကို အတင်းကျော်တက်လိုက်သဖြင့် စစ် က တော့ ဟိုဘက်ကြောက ကျော်တက်လာသောကားနှင့် ချိတ်မိသွာ

ပတ်ဝန်းကျင်မှာ ဆူညံပွက်ထသွားကာ စစ် အသာလေး ထွက်လာခဲ့၏။ ကိုယ့်ရဲ့ဆော်ဒီနောက်ပိုင်းမှာလည်း ထိတော့ထိသွာ မည်။





အခန်း (၁၅)

"ဘာ!..."

"နည်းနည်းပဲ ထိတာ မေမေ .. ဒါပေမယ့် ဒဏ်ရာကြီးနဲ့ မမောင်း ချင်လို့ ဆော်ဒီရုံ တန်းဝင်လိုက်တာ .."

"ကြည့်စမ်း .. ဒီကလေး .."

ဒေါ်ယဉ်လှဲ ဖုန်းချလိုက်ပြီး တဖျစ်တောက်တောက် ..၊

"ဘာဖြစ်လို့လဲ မေမေ .."

အလုပ်ကအပြန် ရေမိုးချိုးသန့်စင်ပြီး ထွက်လာကြသည့် မောင်နှမ ကို ဒေါ်ယဉ်လှဲ ပြန်ရှင်းပြရင်း ...

"မင်းတို့ညီ လုပ်ပုံ ကောင်းသေးရဲ့လား .. ဒါ တမင်လုပ်တာနဲ့ တာဘူးလား .."

"ကိုယ့်အန္တရာယ် အဖြစ်ခံပြီးတော့ မေမေရယ် .."

"ဟုတ်သားပဲ မေမေ .. ဒီအိမ်ကို မသွားချင်တာလောက်နဲ့တော့ ားကို ပျက်စီးခံပြီး တမင်မလုပ်လောက်ပါဘူး .."

"အေး .. အဲဒီလိုတော့ ထင်ရတာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယဉ်လှဲ့ သက်ပြင်းချရင်း ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။ ...တော့ ကိုင်ထားသည့်ဖုန်းကို အသာချ၍ ...

"ဒီကောင်လေး သိပ်ခေါင်းကြောမာတာ .. ငယ်ငယ်လေးတ... က ဒါမလုပ်ဘူးဆို ဘယ်လိုမှကို လုပ်ခိုင်းလို့မရတော့ဘူး .. မကြ... တတ်တာလည်း မဟုတ်ဘူး .. သက်သက်ကို ကန့်လန့်တိုက်ချင်တ...

အငယ်ဆုံးမို့ အစ်ကို အစ်မတွေက ဘယ်တော့မှ အပြစ်မပြော... သလောက် ဆူစရာရှိလို့ ဆူကြရင်တောင် မိဘတွေ ပါလာပြီဆို ... လျှော့သွားတတ်ကြသူတွေ ..."

ခုလည်း စစ် အကြောင်း စိတ်ညစ်စရာတွေ မအေက ပြောနေ... ကို သူတို့က ပြုံးနေကြလို့ ..။

"မေမေက စစ် ကိုမှ ဘာဖြစ်လို့ အိမ်ထောင်ချပေးချင်နေ... လဲ .."

မင်းကောင်းမှူး က စမေးလာ၏။

"ပေးစားချင်ရင်လည်း မောင်မောင့်မှာ ချစ်သူရှိနေလားဆို... အရင်မေးပါလား မေမေရယ် .. တော်ကြာ လူကြီးတွေက သေချာ... ပြီးမှ သူ့ချစ်သူကို ခိုးပြီး ထွက်ပြေးသွားဦးမယ် .."

"မပြေးရပါဘူး .. အဲဒီလိုလည်း အခွင့်အရေးတွေပေးပြီး မ... ဘူး .. ညည်းမောင်မှာ ချစ်သူတွေမှ ပွလို့ .."

"မပွပါဘူး မေမေရယ် .. နှစ်ယောက်လားပဲ ရှိတာ ..၊ ပြီး... ရည်းစားပြိုင်ဘူထားပြီး ရှုပ်ပွေနေတာလည်း မဟုတ်ဘူး .. တစ်ယော... ပြတ်မှ တစ်ယောက် .."

"အောင်မယ်လေး .. သိလှချေလား လှဲ့ ရယ်၊ ငါ့သမီး ... ဖတ်ရ ဆေးခန်းပြေးထိုင်ရနဲ့ အလုပ်တွေရှုပ် ပင်ပန်းလှပြီထင်နေ... သူ့မောင်ရဲ့ စီနီယာတွေကိုတော့ သေချာ သိထားတာပဲ .."

မင်းကောင်းမှူး က သူ့ညီမရဲ့ခေါင်းကို ချစ်စနိုးပုတ်၍ ပြုံးနေ...





"ဟုတ်တယ် .. မေမေ့သမီးက သူ့မောင်လေးကို ချစ်လွန်းလို့ ...ယောက်ျားမယူတော့ဘူးတဲ့ ..၊ တူ တူမတွေကို နာနီလုပ်ပေးမှာ .."

"ကိုကြီး နော် .."

"ဟော .. ယူမှာပဲလား .. မသိပါဘူး ကိုကြီးက ငါ့ညီမ အိမ်... ...ထောင်မပြုတော့ဘူးလားလို့ .."

"တွေ့လား .."

ပြောဆိုရယ်မောနေကြတုန်း ဖုန်းလာသဖြင့် မင်းကောင်းမှူး ကိုင် ...လိုက်ကာ ...

"ဟလို .. မင်းကောင်းမှူး ပါ .."

"... ... ... ..."

"ဗျာ!..."

"... ... ... ..."

"ဟုတ်ကဲ့ .. လာမယ် ဦးမျိုး ..၊ ခုပဲ လာမယ် .."

ချက်ချင်းကြီး မျက်စိမျက်နှာပျက်သွားသဖြင့် ဒေါ်ယဉ်လှဲ့ တို့ပါ ...ရိမ်သွားကြကာ ...

"ဘာအရေးကြီးလဲ သား"

"ကျွန်တော် မနေ့ညက ဒဏ်ရာကုပေးလိုက်တဲ့လူနာ မေမေ .."

"အင်း .. ဘာဖြစ်လို့လဲ .."

"လှဲ့ သိတယ် .. အခု ဘာဖြစ်လို့လဲ .."

ကြည်လှဲ့ စိုးရိမ်တကြီး ထရပ်ပြီး မေး၏။ ပြီးတော့ မင်းကောင်း... စကားပြောရင်း တောက်လျှောက် ဝင်သွားသည့်နောက်ကို ပြေး...သွားလိုက်ပါကာ ...

"မေးထိုးမှုဖြစ်လာတဲ့လူ ဟုတ်လား ကိုကြီး .."

"ဟုတ်တယ် .. အဲဒါ အခု ရုံးတင်ဖို့ လုပ်နေကြတယ် .. ဆေးရုံ...ကြီးက မြန်မြန်လာဖို့ ခေါ်တာ .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးက အဲဒါကို ဘာမှမမေးမြန်းဘဲ ရေးပေးလိုက်တာလား အခု ဘယ်လောက်ထိ ဖြစ်သွားနိုင်လို့လဲ .."

"ဘာမှမဖြစ်ဘူး .. ကိုကြီး ရှင်းနိုင်တယ် .. မေမေ စိတ်ပူနေ မယ် .. အေးဆေး သွားနေ .."

"အို .. မေမေက ကလေးမှ မဟုတ်တာ .. ပြောတိုင်း ယုံမ ကိုကြီးရဲ့ .. ဆေးရုံအုပ်က ဒေါက်တာဦးခင်မောင်ထွန်း မို့လား ..၊ နေ မှုခင်းဆရာဝန် ကိုဝင်းမြင့်ဦး ကို လဲ့ သိတယ် .."

ဖုန်းထုတ်ပြီး ပတ်သက်ရာ ပတ်သက်ကြောင်းတွေဆီ ဆက် ကြည်လဲ့ ကျန်ရစ်ခဲ့၏။

"ကိုကြီး အဆင်မပြေရင် လဲ့ ဆီ ဖုန်းဆက် ..၊ လဲ့ မှာ မိတ် တွေ အများကြီး ရှိတယ် .."

ပေါ်တီကိုအောက်ထိ လိုက်ပြောလျှင် ဒေါ်ယဉ်လဲ့ ထွက်လိုက် ကာ ...

"ဘာတွေဖြစ်လို့လဲ သမီး .. လူနာ တစ်ခုခု ဖြစ်သွားလို့လား"

"မဟုတ်ဘူး မေမေ .."

ကြည်လဲ့ က ပြန်ရှင်းပြရင်း ဖုန်းတွေ ပြန်ဝင်လာတာကို ပြောနေ၏။ ဒေါ်ယဉ်လဲ့ ဘေးကနေ ဘာကူညီရမှန်းမသိဘဲ မော နှစ်ယောက်စလုံး အထူးကုဆရာဝန်တွေ ဖြစ်နေကြတာကိုပဲ ဖြေသိမ့်နေရသည်။

ခုချိန်မှာ မိဘပေမယ့်လည်း သူမ ဘာအကူအညီမှ မပေး စစ် ရဲ့ ကိစ္စအဝဝကိုလည်း မေ့လျော့သွားခဲ့ပြီး ..၊





အခန်း (၁၆)

"အေး .. ဒါပဲ နော်.. အေးပါ .. သိပ်မပူပါနဲ့ဟာ .. ငွေကုန်ခံနိုင် ရင် ဘာမဆို ပြီးပါတယ် .."

ဖုန်းချတော့မှာမှန်း သိလို့ စောင့်နေရပေမယ့် စိတ်မရှည် ..၊

"ကဲ .. နှုတ်ဆက်နေတာ မပြီးတော့ဘူး ပိတောက် ရယ် .."

"သြော် .. ပြဿနာရှိလို့ အကူအညီပေးနေရတာကို ချက်ချင်းဖြတ် လိုက်လို့ ရမလား .."

"အဲဒီအရှုပ်ထုပ်တွေနဲ့ နင် ကျပ်ကျပ်ပေါင်း သိလား .."

"နင် ငါ့ထက် ငယ်ပါတယ် မှုံ ရယ် .. ဆရာကြီး မလုပ်စမ်းပါ နဲ့ .. ငါတို့ချင်း အပြန်အလှန်တွေရှိကြလို့ မျက်နှာလွှဲလို့ မရလို့ပါ .. နင် ဘာမှမသိပါဘူး .. ဘာကိစ္စတွေ အရေးကြီးနေလို့လဲ ပြော .."

"မြို့ လေ .."

"မြို့ ဘာဖြစ်လို့လဲ .. ဒီနေ့ သူ ဘာဏ်မသွားရဘူးလို့လား .."



www.burmeseclassic.com

www.burmeseclassic.com



"မသွားဘူး .. အဝတ်တွေ မီးပူတိုက်နိုင်းထားတာ အခု ပြီးသွားလို့ ခြံထဲမှာ အကြောင်းရှာနိုင်းလိုက်တယ် .."

"ဟင် .. ခြံထဲမှာ .."

ပိတောက် က ပြတင်းပေါက်ကနေ ကပျာကယာ သွားငုံ့ကြည့်ကာ ခြူ ကို မတွေ့ရပေမယ့် ပြန်လှည့်လာပြီး ...

"ခုမှ သုံးနာရီတောင် မထိုးသေးဘူး နေပူပါသေးတယ် မှုံ ရယ်.. နင်ကလည်း တရားလွန် မလုပ်စမ်းပါနဲ့ .. ခုတစ်လော မေမေကလည်း ခြူ ကို နိုင်းလိုက်တိုင်း သိပ်ကြိုက်တာ မဟုတ်ဘူး .. ဘာတွေဖြစ်နေမှန်း မသိဘူး .."

"ကြိုက်ကြိုက် မကြိုက်ကြိုက် နိုင်းမှာပဲ .. သူ့ကို မြင်လိုက်ရရင် စိတ်က အလိုလို တိုလာတာ .. လူတွေကို ဘာမှသာ ပြန်ခံမပြောတာ- မျက်နှာပုံက မလှုပ်တရှုပ် .. မျက်လုံးတွေက အေးတိအေးစက် .."

မှုံ တကယ်ကို အသည်းယားနေတာမို့ ပြန်ပြောနေတာတောင် မဲ့မဲ့ရွဲ့ရွဲ့ ဖြစ်နေခဲ့၏။

"ကိုယ်နိုင်းတာ လုပ်ရင် ပြီးတာပဲ .. သူက အစတည်းက အိမ်ဖော် လုပ်လာတဲ့လူမှ မဟုတ်တာ .. ကိုယ့်စိတ်ကြိုက်တော့ မီးသေနေပါ့ မလား ..၊ ခုခေတ်မှာ အိမ်ဖော်တွေကိုတောင် အိမ်ရှင်က ပြန်'မ'နေရတာ မသိတာ ကျနေတာပဲ .."

"အဲဒီတစ်ယောက်ကလေ ယောကျ်ားစိတ်သာ ပေါက်နေတာ လက်ချောင်းလေးတွေက နုသွယ်ပြီး ဖြူဖြူနုနု လုံးလုံးရဲရဲလေးတွေ - သူ မီးပူတိုက်နေတာကို ငါ ကြည့်လိုက်မိတာ အမှတ်တမဲ့ရယ် .. ဒါပေမယ့် မျက်လုံးကို ခွာမရတော့ဘူး .."

"ဘာလို့လဲ .. လက်လေးတွေ လှလွန်းလို့လား .."

ပြောပြီး ပိတောက် ရယ်ကာ ...

"နင် မနာလိုဖြစ်သွားလို့ပါ မှုံ ရယ် .. လက်လှတာလောက်နဲ့တော့





ပေးသွားစရာအကြောင်း မရှိပါဘူး .."

"ဟုတ်တယ်လေ .. ဒါပေမယ့် သူက နေတော့ ယောကျ်ားလေး လို .."

"ယောကျ်ားလေးမှ မဟုတ်တာ .."

"ပိတောက် .."

"ဟင် .."

"ငါက နင့်အတွက် ပူပေးနေတာနော် .. သူငယ်ချင်းတွေရဲ့ အရှုပ်ထုပ်တွေနောက် လိုက်ရင်း ကိုယ်အပိုင်ရမယ့်ဟာလေး သူများနောက် ပါသွားဦးမယ် နင် ..."

"ဘာလဲ .. ဒီအလှအပတွေကိုမြင်ပြီး စစ်သည်ကောင်း ကြိုက်သွားမှာ စိုးလို့လား .."

ပိတောက် ပေါ့ပျက်ပျက် ရယ်နေတာကို မှုံ က စိတ်ပျက်စွာ ကြည့်နေ၏။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ပါစေဆိုသည့် လောဘ စိတ်နဲ့သာ ပူပန်နေရတာပါ ...၊

တကယ်တော့ ပိတောက် က ကိုယ့်ညီမတစ်ယောက်လုံးကိုတောင် စစ် ကို သဘောကျနေပါသည်လို့ စွပ်စွဲခဲ့တဲ့သူ ...၊

တွေးကြည့်ရင် နာဖို့တောင် ကောင်းသေးသည်။

"စိုးရိမ်မနေပါနဲ့ မှုံ ရယ် .. ယောကျ်ားလေးလို နေလို့ရတယ် ဆိုတည်းက သူ့မှာ မိန်းမလှလို ပိုင်ဆိုင်ထိုက်တဲ့အလှအပတွေ ဘာမှမရှိပါဘူး .. မိန်းကလေး လှ မလှကို မျက်နှာတွေ ခြေလက်တွေကိုကြည့်ပြီး ယောကျ်ားလေးတွေက ဆုံးဖြတ်ကြတာလား .."

"ဒီလောက် အပိုင်ကြီး မပြောနဲ့လေ .. သူ အမြဲတမ်း ရုပ်အကျီအ[illegible] တွေပဲ ဝတ်တာ .. ဂျင်းဂျက်ကက်တွေ တစ်ခုခု ထပ်မဝတ်ဘဲနေ[illegible] ရှိလို့လား .."

ဒီရောက်လာမှ ဝတ်စုံ နှစ်စုံ သုံးစုံလောက်ကိုပဲ ဒါ[illegible]လုပ်နေရ



www.burmeseclassic.com

www.burmeseclassic.com



တာတောင် အမြဲတမ်း ထပ်ဝတ်အင်္ကျီနဲ့ .. ဒါမျိုးတွေကို ဘယ်လိုဖုံးဖိ ဖျောက်ဖျက်ထားရင် ရဟာယ်ဆိုတာ မိန်းကလေးချင်း မသိတာကျလို့..

"သူ့ရဲ့လက်ထိပ် ခြေထိပ်လေးတွေ .. လက်ဝါးစောင်း ဖဝါးစောင်းလေးတွေဆို နီရဲနေတာ သွေးထွက်နေသလား မှတ်ရတယ်၊ အဲဒါကို အမြင်ကတ်လို့ နှိပ်ပေးစမ်းဆိုပြီး ခြေဆင်းပေးလိုက်တာ .."

"ဟယ်!..."

"အောင်မယ်လေး ပုရွက်ဆိတ်တက်လာတာမှ တက်လာမှန်း သိသာဦးမယ် .. နလိုက်တဲ့လက်ဖဝါး ထိလို့ထိမှန်းကို မသိဘူး .. ငါလည်း တော်တော်မနာလိုစိတ်ကြီးတာ သိလား .."

"အဟွန်း .. ကိုယ့်ကိုယ်ကိုယ် သိသားပဲ .."

"ပိတောက် နော်.. ငါက နင့်အတွက်နဲ့ အကုသိုလ်ယူနေရတာ.."

"ဟုတ်ပါပြီ ကျေးဇူးရှင်ရယ် .. အဲဒါနဲ့ ထပ်စိတ်တိုပြီး ခြံထဲဆင်းနိုင်းလိုက်တယ်ပေါ့ .."

"အမှန်ပေါ့ .. မနက်က ရောက်နေတဲ့ ပန်းထုပ်တွေ အိုးထဲ သွားပြောင်းထည့်လို့ ...၊ အိုးတွေမရှိရင် အဟောင်းတွေထဲက လဲတန်တာလဲ.. စွန့်တန်တာ စွန့်လိုက်လို့ .."

"ခစ် .. ခစ် .. ခစ် .. ကောင်းတယ် .."

"ဒါတောင် နာရီ မှတ်ပေးလိုက်သေးတယ် .. မေမေ ပြန်လာရင် ပက်ပင်းတိုးမှာ စိုးလို့ .."

"တီ .."

"ဟော ..."

ခြံဝက တီးလိုက်သည့်ဟွန်းသံကြောင့် စကားလက်စတွေ ရပ်ကာ ခေါင်းထောင်သွားကြ၏။

"မေမေ ပြန်လာတာလား မသိဘူး .."

"မဖြစ်နိုင်ဘူး .. ခေါ်စုစု အိမ်မှာ ဝိုင်းရှိရင် ဘယ်သူမှ မကုန်





သေတာ မဟုတ်ဘူး .."

နှစ်ယောက်သား ပြတင်းပေါက်ကနေ ပြေးချောင်းကြည့်ကြ၏။ ခြံဝကို တစ်ဝက်လောက်ပဲ မြင်ရကာ ခြံစောင့် တံခါးဖွင့်ဖို့ ပြေးသွားတာကို မြင်ရပေမယ့် ဘယ်သူမှန်း မသိသေး ...၊

ခဏကြာတော့ တံခါးဖွင့်ပြီး ကားဝင်လာကာမှ ...

"ဟယ်.. စစ်သည်ကောင်း .."

"ဟုတ်လား .. ဒုက္ခပါပဲ ...၊ ဖုန်းမဆက် ဘာမဆက် .."

ပိတောက် ပျာယာခတ်သွားသည် ...၊ ပါးကိုင်လိုက် ဆံပင်ကိုင်လိုက်နှင့် ဟိုပြေး ဒီပြေး ...၊

"ကဲ .. ဘာလုပ်နေတာလဲ .. မြန်မြန် သွားပြင်လေ .."

"ပြင်တာက ခဏနဲ့ ဘယ်လိုလုပ် ရမှာလဲ.. ငါ့မျက်နှာမှာ ဝက်ခြံဖုတွေ ညှစ်ထားတာ ခုနကမှ .."

ကြည့်လိုက်တော့ ရဲညိုနေသည့် ဘုကြီးတွေက မျက်နှာမှာ ပြူးပြူးပြဲပြဲ ...၊

"ဒုက္ခပါပဲ .. ငါ ဘာလုပ်ရမလဲ .."

"ဩော် .. ဒီတိုင်းမှ မထွက်နိုင်တာ .. သွားပြင်ပေါ့ မြန်မြန် .."

"ဟဲ့ .. မြန်မြန်ဆန်ဆန်ကြီး ပြင်လာတော့ သိသာမှာပေါ့...၊ မိတ်ကပ်ဆိုတာ အသားကျမှ လှတာကို .."

"ဒါဖြင့်လည်း နင် လုံးဝမထွက်နဲ့တော့ .."

"ဒီလိုတော့ ဘယ်နေနိုင်မလဲ .. နင် ထွက်ပြီး ဧည့်ခံထားလိုက်လေ .."

"အံမယ် .. ငါလည်း ပြင်ရမှာပေါ့ ...၊ နင်ချည်းပဲ နောက်ထွက်ပြီး မင်းသမီး လုပ်လို့ ရမလား .."

"မှို ရယ် .. ငါ့ဆီကိုလာတဲ့ဧည့်သည် .. ငါ လှနေဖို့ပဲ လိုတာ မဟုတ်ဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့အေး .. ပိတောက် လို့ ခေါင်းစဉ်တပ်ထားပေမယ့် သူကြိုက်တဲ့လူကို လက်ညှိုးထိုးလာရင် ငါလည်း မဲပေါက်နိုင်တယ် .."

ကြည့်စမ်း ...၊

ပြောပြီး ခုန်ပေါက်ထွက်သွားပုံက တမင်ရွဲ့ပြောသွားတာလား ...၊ စိတ်ထဲရှိတဲ့အတိုင်းပဲလား ...၊

ဒါ ရွဲ့ပြောတာတော့ မဖြစ်နိုင်ပါ ...၊

ပိတောက် စဉ်းစားဝေခွဲနေချိန် မရတော့ဘဲ ကကဲ ကို မှာစရာရှိတာမှာပြီး အခန်းထဲ ပြေးဝင်လာခဲ့သည်။

တစ်ဆက်တည်း စဉ်းစားလိုက်မိတာက ခြူ ခြံထဲမှာ ရှိနေသည့် အဖြစ် ...၊





## အခန်း (၁၇)

စိတ်က ဘယ်လိုဆောင်နေပေမယ့် ပင်ပန်းတာကို ဥပေက္ခာ ားနိုင်၊

နေပူပူမှာ တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်ကျလာခဲ့လျက် မူးဝေဝေ လာတာကိုလည်း ခံစားမိနေ၏။

"အ!..."

ပန်းအိုးကြီးတစ်အိုးကို ဒရွတ်တိုက်ရွှေ့လာပြီး မြေကြီးယောင်းတွေ ခွ သွန်ချစဉ် လက်ကို တစ်စုံတစ်ခု ယိရှကာ မျက်ခနဲ ဖြစ်သွား၏။

"ခြူ .. ဘာဖြစ်သွားလဲ သမီး .."

ဒေါ်အေးသိန်း က ကိုင်ထားသည့် အဝတ်ဇလုံကြီးကို ချထားခဲ့ပြီး လာ၏။ ဒီအိမ်မှာ ခြူ ဘယ်လိုနေရတယ်ဆိုတာ သိနေတည်းက ို ဒေါ်အေးသိန်း က တကြည့်ကြည့်နဲ့ပါ ...။

ဒီက အတွင်းရေးတချို့ကို သိနေသည့်ပြင် ခြူ ဘယ်လိုမိန်းကလေး သည်း နားလည်နေသဖြင့် သနားနေတာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြစမ်း သမီး .. ဒေါ်ကြီးကို ပြ .."

"ဘာမှမဟုတ်ပါဘူး .."

ခြူ က လက်ကိုဆုပ်ထားလိုက်ကာ ချက်ချင်း နောက်ပစ်ဝှက်လိုက်၏။

"ရတယ် ဒေါ်ကြီးသိန်း သွားပါ .. ပြီးတော့ ကျွန်တော့်ကို သမီးလို့ မခေါ်ပါနဲ့ .. အိမ်မှာ ဧည့်သည်တွေ ဝင်ထွက်နေတဲ့အခါ မိန်းကလေးမှန်း မသိစေချင်လို့ .."

"သမီးရယ် .. အမြင်ရှုးတဲ့ယောက်ျားလေးတွေကို လိမ်လို့ မရပါဘူး .. မိန်းကလေးချင်းလည်း သိသာတာပဲ ..၊ သမီးကို ဒေါ်ကြီးက ယောက်ျားစိတ်ပေါက်နေတာလို့ မထင်ခဲ့ဘူး .."

ခြူ ဘာမှမပြောတော့ဘဲ အလုပ် ဆက်လုပ်နေလိုက်သည်။ ဒေါ်အေးသိန်း လည်း စကားစပြတ်သွားသဖြင့် သက်ပြင်းတစ်ချက်ချရင်း လှည့်ထွက်သွားသည်။ သို့သော် ...

"ချာတိတ် .."

ခေါ်သံကြားသည်နှင့် ခြူ မျက်နှာ ညိုမှောင်သွား၏။ ဧည့်သည်ကား ဝင်သွားတာကို မြင်လိုက်ပေမယ့် စစ်သည်ကောင်း ဖြစ်နေမည် မထင်ခဲ့ ..၊

"အဲဒီနား လာခဲ့လို့ ရလား .."

ပြောပြီးတော့ ဖြေတာကိုလည်း မစောင့်ဘဲ အစီအစဉ်မကျစွာရှိနေသည့် ပန်းအိုးအသစ်အဟောင်းမျိုးစုံကို ကျော်ခွရှောင်ရှားပြီး အနားရောက်လာ၏။

"ဘာလဲ .. မင်းက ဥယျာဉ်မှူးလား .."

"မာလီ .."

"ဟား .. ဟား .. ဟား ..."

သူက ခပ်ကြိတ်ကြိတ်ရယ်ပြီး လွတ်ကျသွားသည့် ကားသော့





ကောက်သည်။ ထိုအခါ မျက်လုံးတွေက ဘောင်းဘီအနားစ ပုံကျနေသည့်အောက်က နီရဲညိုမှောင်နေသည့် ခြေဖမိုးလေးကို မြင်သွားလျက်...

"ဟာ .. မင်းခြေထောက် ထိထားတာပဲ .. ပန်းအိုး ပြုတ်ကျထားတာလား .."

"ဘာမှမဖြစ်ဘူး .."

"ဟ!..."

သူ ခြေဖျားထောက်ထိုင်လိုက်ပြီး ကိုင်ကြည့်မလို့လက်က ဒီတိုင်းရပ်နေခဲ့၏။ ခြူ က နှစ်လှမ်းလောက်ဆုတ်သွားကာ နဖူးကချွေးတွေကို လက်မောင်းလေး ပင့်သုတ်၍ ...

"ခင်ဗျား ကိုယ့်လမ်းကိုယ် သွားပါဗျာ .. အာလာပသလ္လာပတွေ ပြောတာ ကျွန်တော် ဝါသနာမပါဘူး .."

"ဘယ်သူက ဝါသနာပါလွန်းလို့လဲကွ.. ငါလည်း မင်းလိုပဲ မပြောချင်တဲ့စကားဆို လည်ပင်းညှစ်ထုတ်တာတောင် ပြောမယ့်ကောင် မဟုတ်ဘူး .."

"ပြီးတာပဲ .. အခု ခင်ဗျားက ပြောချင်လို့ လာပြောနေတာဆို ကြည်း ကျွန်တော်က မပြောချင်ဘူး .. အဲဒီတော့ ကိုယ်ချင်းစာ .."

"စာလို့ မရဘူး .. မင်းကိုက မီးမြင့်နေတာ .."

"ခင်ဗျား သိဖို့ပဲ လိုတာ .."

"ဒုတ် .."

"ဟော့ .. တွေ့လား .."

ဒေါ်နဲ့မောနဲ့ 'မ'ယူလိုက်ပေမယ့် ပန်းအိုးက ပြန်ပြုတ်ကျ၏။ နနထည့်ပြီး မြေဆီဖို့ထားသည့်ပန်းပင်က မြေတွေ ဖျောခနဲပြိုကာ နဲ့သွားသည်။

"မင်းပုံစံ ယိုင်နဲ့နဲ့လေးနဲ့ ဒီလောက်အိုးကြီးကို 'မ'ရလားကွ ယ်လေး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ .. မလိုပါဘူး .. ဖယ် .. ဖယ် .."

"မင်း ဖယ်နေပါ .."

သူ့ဖယ် ကိုယ့်ဖယ်နှင့် လက်တွေရှုပ်ကုန်ကာ သူကိုင်ထားသည့် ကားသော့ နောက်ထပ် ပြုတ်ကျလေသည်။ သူက ပြန်မကောက် ပန်းအိုးကို ငုံ့ယူလိုက်လျှင် ခြူ ကလည်း သူ မကိုင်ခင် အတင်းဝင် သဖြင့် ခေါင်းချင်းတိုက်မိသွားတာ ခွပ်ခနဲ ..။

"အား!..."

"အာ .. ဆောရီး .."

နှစ်ယောက်စလုံး နာသွားပေမယ့် ပင်ပန်းမှုးဝေနေသည့် ခြူ ပို၍ အထိနာကာ မျက်လုံးတွေပါ ပြာဝေသွား၏။

တိုက်မိလိုက်သည့်အရှိန်ကို ပြန်မထိန်းနိုင်ဘဲ လူပါ ခွေခနဲ လဲ သွားလျှင် စစ် က လက်ကို ဖမ်းဆွဲထားလိုက်သည်။

ထိုပြင် လက်ထဲမှာ ပါလာတာက အထိန်းအသိမ်းမဲ့ ခွေခေါ် လျက်သားမို့ ပွေ့ဖက်ထားလိုက်ရခြင်းသို့ ရောက်ကာ ...

"မောင်လေး .. အို!.. ခြူ က ဘာဖြစ်သွားတာတုံး .."

"ဘာဖြစ်လို့ ပွေ့ထားရတာလဲ .."

ပိတောက် နဲ့ မှုံ တို့ ခလုတ်တိုက်မတတ် ပြေးထွက်လာကြ ခြူ က စစ် ရဲ့လက်ပေါ်မှာ ခွေခေါက်မှေးမြောနေပြီဖြစ်ကာ မျက်နှာ တစ်ပြင်လုံး ပူခြစ် ရဲညိုနေလေသည်။

"သူ တအားပင်ပန်းပြီး သတိလစ်သွားတာ ထင်တယ် .."

စိုးရိမ်သည့်အကြည့်တွေနှင့် စစ် ရဲ့စကားကြောင့် ပိတောက် မျက်နှာတွေ ပျက်ကုန်ကြကာ ...

"ရှင်က အိမ်ကိုလာပြီး ဘာဖြစ်လို့ ခြံထဲရောက်သွားတာလဲ.. တို့က ဝင်လာမှာပဲဆိုပြီး စောင့်နေတာ .."

"လွှတ်လိုက်လေ စစ် ရဲ့ .. ဖယ် .."





"လွှတ်လိုက်ရင် အထုပ်တစ်ထုပ်လို ပြုတ်ကျသွားမှာပေါ့ .. ဒီမှာ လစ်နေတာ .."

"ဟုတ်ပါရဲ့ .. လာ .. လာ ပွေ့လာခဲ့ နော် .."

"အို .. ညှော်သည်ကို ပိတောက် ကလည်း .. ခြံစောင့်ကို ခေါ် .."

ညီအစ်မနှစ်ယောက်စလုံး ဘာတွေ ပျာယာခတ်နေမှန်းတော့ ပြောသမျှစကားတွေက လူနာအတွက် စိုးရိမ်သံ တစ်သံမှမပါ ယောင်ချောက်ချား ..။

"ကိုယ်တွေပါ ပူခြစ်နေတာ .. ဆရာဝန်ခေါ်လိုက်ပါ .. ကျွန်တော် ကို ပွေ့လာခဲ့မယ် .."

သူ့ဘာသာ ဆုံးဖြတ်ပြီး ခြူ့ ကို ပွေ့ယူသွားတာ ကလေးလေး သွားသလိုပင် ..။

ပိတောက် နဲ့ မှုံ မျက်လုံးချင်း ဆုံသွားကြ၏။ ပြီးတော့ နှုတ်ခမ်း တ်ရင်း ဘာမှလည်းမတတ်နိုင်ဘဲ နောက်က ပြေးလိုက်ရလေသည်။ အိမ်ထဲမှာ ဘယ်သူ နောက်ထွက်မင်းသမီး လုပ်သင့်လဲဆိုပြီး နေခဲ့ကြတာ ခုကျတော့ နောက်ထွက်မင်းသမီးက ဘယ်သူလဲ..။ သူမတို့ နောက်ကျမှထွက်တာတော့ ထွက်တာပါပဲ၊ ဒါပေမယ့်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"တောက်!..."

ဒေါသတွေ့တလိပ်လိပ်တက်နေတာ ဘယ်လိုဖြေလို့မှ မ

"ဟုတ်တယ် .. တကယ်ဖျားနေလို့သာ .. မဟုတ်ရင် တကာ မူယာမာယာတွေ လုပ်ပစ်လိုက်သလိုပဲ .."

ဝတ်မှုံ ကလည်း ပိတောက် ယက် မလျော့သော ဒေါသတွေ ကာ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ ဆတ်ခ တန့်ကာ ...

"နင် သိလား ပိတောက် .. ခြူ့ အသားအရေကို ထိလိုက် မိန်းကလေးဆိုတာ ဘယ်လိုဖြစ်ဖြစ် သိမှာပဲ .."

"အဲဒီလောက် နူးညံ့နေတာလား သူက .."

"ဩော် .. နင့်ကို ငါ ပြောနေတာ ပါးစပ်မပိတ်သေး ရောက်လာတာလေ .."

"နင်က ဘာဖြစ်လို့ သူ့ကို ခြံထဲမှာ နိုင်းထားရတာလဲလို့

"ဒီလိုရောက်လာမယ်မှန်း မသိဘဲ နင်ရော သိထားလို့လာ ပါဦး .."





တစ်ယောက်နဲ့တစ်ယောက် အပြစ်တွေဖို့နေပေမယ့် စိတ်သက် လည်း မရ ..၊

"ခုတော့ မေမေတို့လည်း သိကုန်ပြီ .. ဟိုကလည်း မိန်းကလေး သိသွားပြီလား မသိဘူး .. အောင်မယ်လေးနော် .. ဒီဟာမလေးကျမှ ဖြစ်လို့ မင်းသမီးလုပ်ကွက်တွေ ရနေတာလဲ ..၊ တောက်!..."

"ဟုတ်တယ် .. အဲဒီမိန်းမရုပ်က ဘာမှမဟုတ်ဘူး .. ငုတုတု ဆောင်တောင်နဲ့ လူစိတ်ဝင်စားအောင်နေလို့ စစ် က အတင်းလိုက် ခေါ်ရင်း ဒီလိုတွေဖြစ်ကုန်တာ ..၊ သူ့ကျမှ ဗွင်မဆင်ရဘဲ ဒီလိုတွေ ဖြစ်တာ ကြည့် .."

"နေပါဦး .. စစ် က အတင်းလိုက်ခေါ်နေတယ်ဆိုတာ နင် မြင်လို့ .. ဘယ်သူပြောတာလဲ ..၊ ခုချိန်မှာ ခြူ က အားကိုးရှာနေတဲ့ .. သိုလူကိုများ ဟိုက အတင်းလိုက်ခေါ်ရလောက်အောင် သူက ကောင်းနေတယ်ဆိုတာ ..."

"အဲဒါပြောနေတာလေ .. သူက အဲဒီလို လူစိတ်ဝင်စားအောင် တယ်ဆိုမှ .."

"ခေါက် .. ခေါက် ..."

တံခါးခေါက်သံကြောင့် ပြောနေတာတွေ တိခနဲ တိတ်ကျသွား

"ပိတောက် နဲ့ မှုံ .."

"မေမေ .."

"ဟုတ်တယ် .. ထွက်ခဲ့ကြဦး .."

"တံခါးပိတ်မထားဘူး မေမေ .."

ပြောပြီးတာနှင့် ရုပ်ခနဲ ပွင့်သွားသည့်တံခါးက နောက်ကျသေး ခမ်းမေ့ခြေလှမ်းတွေက ဒေါသမာန်ဟန်တွေနှင့် ...

"ညည်းတို့ကို မေမေ ဘာပြောထားလဲဟင် .. ပြောနေတဲ့ကြားက



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဒီလောက်တောင် လုပ်ကြတာလဲ ..”

“သမီးတို့ ဘာလုပ်လို့လဲ ..”

“ဟဲ့ .. ခြူ က ဟိုမှာ ဖျားနေတာ သတိတောင် မရဘူး .. လ

ဖဝါးတွေလည်း ပေါက်ပြဲကွဲရှလို့ .. ခြေထောက်တွေမှာ ဖူးရောင်

ခြည်ဥနေတာကလည်း မြင်လို့တောင် မကောင်းဘူး ..၊ ကိုချစ် ကို

ဘယ်လို မျက်နှာပြရမှန်း မသိတော့ဘူး .. ပတ်ဝန်းကျင်ကြားရင်လ

ငါတို့ ဂုဏ်သိက္ခာတော့ သွားပြီ ..”

ဒေါ်ငုဝါသင်း ငိုမဲ့မဲ့ဖြစ်နေကာမှ သမီးနှစ်ယောက် မျက်လုံး

သွားသည်။ ဒဏ်ရာအနာတရ ဖြစ်ထားတာတွေ သူမတို့ မသိခဲ့ ..

“နေပါဦး မေမေ .. ခြံထဲမှာ လူဟောင်းတွေ လူသစ်တွေ ဒီ

လုပ်နေကြတာ ..”

“ဘာ!... ပြောတယ် ..”

“ကဲကဲ တို့လည်း ပန်းအိုးတွေ ကျလာရင် လုပ်ကြရတာပဲ ..

က ဒီလောက်တောင် ...”

“ဝတ် မှုံ ရည် ..”

ဒေါ်သကြောင့် ဒေါ်ငုဝါသင်း အသံတွေပါ တုန်နေခဲ့၏။

“ကဲကဲ နဲ့ ခြူ ကို နိုင်းတယ် ဟုတ်လား .. ညည်းတို့ပါး

ပြောထွက်တယ် နော် .. ခြူ က ညီအစ်ကိုနှစ်ယောက်စလုံးရဲ့ လက်

မှာ ဖူးဖူးမှုတ် ချစ်ခင်ယုယခံပြီး ကြီးပြင်းလာခဲ့တဲ့ တစ်ဦးတည်း

သမီး ..”

“သူ့ကို မလိုလားခဲ့ကြတာ အစတည်းက သမီးတို့ အတူ

မေမေရယ် .. မေမေက ခုမှ ...”

ကိုယ့်ရှူး ကိုယ့်ပတ်ပြီမှန်း သိလိုက်သည်။ ဒါပေမယ့် ကိုယ့်

ထဲမှာလည်း ကိုယ့်အကျိုးမရှိဘဲ အိမ်ပေါ်မှာ အမှိုက်ထုပ်လို ခေါ်

မထားချင်တာ တစ်ခုတည်းပါ ...။





“သမီးတို့အကြောင်းကို မေမေ သိတာပေါ့ .. ခြူ ကို သဝန်တိုနေ

တာမို့လား .. စစ်သည်ကောင်း နဲ့ ဒီမိန်းကလေး ခင်မင်နေလို့ ရှာကြံ

ပေးနေကြတာ ..”

ပိတောက် တို့က ဝန်ခံရဲသည့်မျက်နှာတွေနှင့် နှုတ်ခမ်းတွေ စေ့ပိတ်

တ်ဆိတ်နေကြ၏။

“မေမေ စေ့စပ်ပေးမယ် .. လက်ထပ်ပေးမယ်ဆိုတုန်းကတော့

ယောက်နဲ့တစ်ယောက် လွှဲချပြီး နင်ယူ ငါယူနဲ့ ..”

“ဒါကတော့ ခုလို ခပ်မိမိ ခပ်ဖြောင့်ဖြောင့် မင်းသားစတိုင်လ်လို့မှ

င်တာ ..၊ လူကြီးတွေ သဘောတူလို့ စေ့စပ်ပေးကြရင် ခပ်တုံးတုံး

ာတာတွေပဲ များတာကိုး ..”

မိဘကို ရှိသေလေးစားသမှု ဘယ်လောက်ထိ နည်းပါးသလဲ ဆို

က်နှာ ခပ်မော့မော့နှင့် အတိအကျပြန်ဖြေပုံက သက်သေပြနေ၏။

ဒေါ်ငုဝါသင်း ဘယ်သူမပြု မိမိမှုပဲမို့ ကိုယ့်ဘာသာ ခေါင်းညိတ်

သိမ့်ရ၏။

“ခုတော့ စစ်သည်ကောင်း ကို သမီးက သဘောကျနေပြီပေါ့ ..”

ပိတောက် က ရယ်၍ ...

“ချောတယ် မေမေရ .. အရမ်းမိုက်တယ် ..”

“သူနဲ့ စကားပြောဖြစ်သေးလား ..”

“မပြောဖြစ်ပါဘူး .. ရောက်လာလိုက်ရင် မိုးတိုးမတ်တတ်ရပ်ပြီး

ယ့်အကြောင်းတွေနဲ့ ..”

“ခြူ နဲ့တော့ ဘယ်လိုပြောဖြစ်နေကြတာလဲ ..”

“သူတို့က အစတည်းက သိနေကြတော့ ဒီကိုလာတာနဲ့ သူတို့

ပြောဖို့ပဲ ဖြစ်နေတာပေါ့ ..”

“အဲဒါကြောင့် ခြူ ကို မျက်မုန်းကျိုးပြီး ဒီလိုနိုင်းပစ်လိုက်ကြတာ

..”



www.burmeseclassic.com

www.burmeseclassic.com



ဝိတောက် မျက်နှာမှာ အံ့သြခြင်းတွေ သိသာစွာ လွှမ်းမိုးလာခဲ့ပြီး ဒေါ်ငုဝါသင်း ကို ပြန်ကြည့်၏။

"မေမေက ခုမှ ဘာဖြစ်လို့ သမီးတို့ကို အပြစ်တင်ဖို့စကားတွေ ချည်း 'စ'နေတာလဲ .. အဲဒီလိုသက်သက်ကြီးနဲ့ မဟုတ်ပါဘူး ..'ခြ ပုံစံကိုပဲ ကြည့်မရတာ .. သူက သူများအိမ်မှာ ခိုကပ်နေရတဲ့ရုပ် မပေါက်တာ..၊ ပေးတိုင်းရော ယူလို့လား.. ကျွေးတိုင်းရော စားသလား အဲဒါ မာနပြနေတာ မေမေ .. ရိုင်းစိုင်းတာ ..၊ သမီးတို့က ညီအစ် တော်ကြတာပဲ .. သာတယ် နာတယ်မှတ်ပြီး သူ ပန်းချင်းယှဉ်နေတာ"

"အဲဒါ ဟုတ်တယ် မေမေ .. ကိုယ့်ဘဝ ကိုယ်သိရင် .."

"သိလို့ သမီးတို့ ဘာခိုင်းခိုင်း သူလုပ်နေတာ မဟုတ်ဘူးလား"

"မေမေ မသိလို့ပါ မေမေရယ် .. ခုတစ်လော မေမေက ကိုယ့် ပြဿနာတွေနဲ့ အမြင်ချည်းပဲ ထွက်နေရတာ .. သူ့ကို မှူး တို့က အ ကပ် ဆက်ဆံနေရတဲ့သူ .. မျက်နှာကြောက မှုန်ကုတ်ကုတ် .. ပုံစံ မထီတထီနဲ့ ခိုင်းသမျှသာ လုပ်နေတာ သူက ..."

"ခိုင်းသမျှ လုပ်ဖို့က လိုရင်းပဲ မဟုတ်ဘူးလား .."

"မေမေ မသိပါဘူး .. အခု ဘဏ်မှာ အလုပ်လုပ်နေမှ ပိုတောင် သေးတယ် .. သူ့ကိုယ်သူ ဘဏ်ဝန်ထမ်းဖြစ်သွားတာကို သူဌေးကတော ဖြစ်သွားတယ် မှတ်နေလား မသိဘူး .."

"တော်ပြီ .. တော်ကြတော့ .."

ဒေါ်ငုဝါသင်း ဘာမှမပြောချင်တော့ပေ .. ဒီကောင်မလေး လောက်ထိ ဖြစ်သွားရခြင်းအတွက် သူမမှာ ရှင်းရမယ့်ပြဿနာတွေ နည်းမှာ မဟုတ် ...၊

"ငါ သေချင်တယ် .. သေချင်တယ် သိလား ...၊ သားက တစ်မျိုး သမီးတွေက တစ်မျိုး .. ညည်းတို့ တွတ်ထိုးနေကြတာကို ကြားရ ဒီလောက်ဖြစ်သွားတာတောင် ခြူ့ ကို မကျေနပ်သေးတဲ့ပုံပဲ .."





"မဟုတ်ပါဘူး .."

"သူ့ကို မကျေနပ်တာထက် သူ ဒီလိုဖြစ်လို့ ခုပဲ မေမေ မှူး တို့ကို ပြဿနာလာရှာပြီ .."

"ဟဲ့ .. ငါက လာရှာတာ မဟုတ်ဘူး .. ညည်းတို့ ရှာထားတာကို ရှင်းနေရတာ ..၊ အခု ဟိုကောင်လေးက ပုန်းတွေချည်းပဲ ဆက်နေတာ.. နက်ဖြန် သူ့အမေနဲ့ လာဦးမယ် တဲ့ .."

"ဟင်!..."

"ဘာ!..."

"ဘယ်လို မေမေ .. ခြူ့ ကို လာကြည့်မှာလား ..၊ သူ့အမေကပါ ခြူ့ ကို လာကြည့်မယ် ဟုတ်လား .."

ခုမှ ကြောက်သွားလားဆိုသည့်မျက်နှာနှင့် ဒေါ်ငုဝါသင်း ရုတ် တရက် မဖြေဘဲ ငေးကြည့်နေ၏။ ပြီးမှ ...

"အဲဒါတော့ လာမှပဲ သိရတော့မယ် ဝိတောက် .. ဒါ ညည်းတို့ အနှံ့ဟဲ့ဇာတ်ပဲ .. ကိုယ် မင်းသမီးဖြစ်နေရက်နဲ့ ဗီလိန်ဇာတ်ရုပ်ကိုမှ ချင်တာကိုး .. အလိုကြီး အရနည်း ဆိုတဲ့စကား မကြားဖူးဘူးလား..၊ ယ်အရာမဆို မတော်လောဘဖြစ်လာရင် ဆုံးရှုံးမှုတွေနဲ့ အဆုံးသတ်ရ မှာမယ် .. မေမေ မကောင်းခဲ့တာတွေကို မပြုပြင်နိုင်တောင် ဆင်ခြင် တော့မယ်လို့ ဆုံးဖြတ်ခဲ့တယ် .. မေမေ့သမီးတွေကတော့ .."

စကားသည် ဒီမှာတင်ရပ်သွားခဲ့လျက် ခေါင်းခါနေမိ၏။ သားဖြစ် သူ အပေါင်းအသင်းတွေနဲ့ အပျော်လွန်ပြီး အမှားကျူးလွန်ခဲ့တာအတွက် ချစ် ကို ဘယ်လို သင့်တင့်လျောက်ပတ်အောင် ပြောပြ ဖြေရှင်းရမယ် ဆိုတာ အဖြေရှာမရသေးဘဲ သမီးတွေက အပြစ်တွေ ကျူးလွန်နေပြန် ပြီ ...

အခန်းပြင်ကို ခြေလှမ်းပြင်ပြီးကာမှ ရပ်တန့်လိုက်ရင်း ဝိတောက် ကို ပြန်လှည့်ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီပြဿနာ ပြီးသွားခဲ့ရင် ဆင်ခြင်ကြပါအေ .. ညည်းတို့ မနာလို ဖြစ်နေတဲ့ မိန်းကလေးကမှ စစ်သည်ကောင်း ရဲ့ မိဘတွေ တကယ်ကမ်း လှမ်းတဲ့မိန်းကလေးဆိုတာ မမေနဲ့ ..၊ သူ့ရဲ့အခြေအနေပေါ် မူတည်ပြီး ကိုကြီးဆီမှာ ငါက ပြောယူခဲ့ရတာ .. အစတည်းက သူ စိတ်ဝင်စားရင် ဒီလိုတွေဖြစ်လာမှာ မဟုတ်ဘူး နားလည်ရဲ့လား ..၊ ကိုယ်က သေအောင် ကြိုက်နေတိုင်း သူများလည်း ဒီလိုဖြစ်မှာပဲလို့ မထင်နဲ့ .."

"ဒါကတော့ သမီးတောင်မှ မေမေ ပြောတုန်းက စစ်သည်ကောင်း ဆိုတာ ဒီလိုဒီဇိုင်းမျိုးလို့ မထင်လို့ စိတ်မဝင်စားခဲ့တာ .. သူလည်း ဒီတိုင်း ပဲ နေမှာပေါ့ .."

"ဩော် .. လာသေးတာပဲ .."

"ပိတောက် ပြောတာ ဟုတ်တာပဲ မေမေ .. ဘဘကိုယ်တိုင်က ပြောကိုမပြောရသေးတာလည်း ဖြစ်နိုင်တာပဲ..၊ အဲဒီမင်္ဂလာကိစ္စက သူတို့ ထဲမှာ အရေးတယူ မရှိခဲ့သေးလို့သာ မေမေ သွားပြောတော့ ဘယ်သူနဲ့ ဖြစ်ဖြစ်ဆိုပြီး နေခဲ့တာပေါ့ .. တစ်ယောက်နာမည် တစ်ယောက်တောင် မသိကြသေးတဲ့ဟာ .."

ဒါတော့ ဖြစ်နိုင်လောက်သည်။ ကိုချစ် ပြောသလို ဒေါ်ယဉ်လုံ တို့မိသားစုက ပညာတတ် လူကုံထံတွေ ဖြစ်ကြပေမယ့် စည်းစိမ်ဥစ္စာ တော့ ထင်သလောက်မရှိဘူး ဖြစ်လိမ့်မည်။

ကိုကြီးရဲ့ပုံစံကိုက စိတ်ဝင်တစား မရှိခဲ့ပေ ..၊ ဒါမှမဟုတ် ခြူ့ ကို စိတ်ဆိုးတာတစ်ခုပဲ ကြီးစိုးနေလို့လား ..၊

ဘာပြဿနာတွေ ဘယ်လိုရှိရှိ လောလောဆယ် ချက်ချင်းဖျောက် ဖျက်ပစ်ဖို့ မလွယ်တဲ့ ခြူ့ ရဲ့ခြေဖဝါး လက်ဖဝါးက ဒဏ်ရာတွေကို ဘယ်လိုလုပ်ရမလဲ ..၊





## အခန်း (၁၉)

"ဟာ!... ခြူ .. ယော့ကောင် .."

ကိုယ်က ကားပေါ်မှာမို့ လှမ်းဆွဲလို့လည်း မရ ..၊ ချက်ချင်း ပြန် ခေါက်ဖို့လည်း မလွယ် ..၊

"ခြူ .. မင်း ဘယ်ကိုလဲ .."

ကားနောက်အထိ လွှန်သွားပြီးမှ ခြူ က ခြေလှမ်းရပ်ကာ ...

"ကျွန်တော် အလုပ်သွားမလို့ .."

"ဟာကွာ .. မင်း ဘာစ်နေ့ကမှ သတိတွေဘာတွေလစ်ပြီး ဖျားနေ သေးတာ .."

"ခု ကောင်းသွားပါပြီ .."

"ခြူ .."

"ကျွန်တော် နောက်ကျနေပြီ .."

"ဟား .. ကျွတ် .."



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲကို ကားတစ်စက်ဝင်ပြီးကာမှ ချက်ချင်း ဘက်ခ်ပြန်ဆုတ်ပြီး ထွက်လိုက်သည်။ ထိုအဖြစ်ကို ခြံစောင့်တင် အံ့သြနေတာ မဟုတ်သေး…၊ အပေါ်ထပ်ဝရန်တာမှာ ဦးချစ်လွင် … အောက်ထပ် ပေါ်တီကိုအောက်ထိ ထွက်စောင့်နေသည့် ပိတောက် နှင့် ဒေါ်ငုဝါသင်း တို့ပါ တွေ့နေကြရကာ …

"ကြည့်စမ်း … လုပ်သွားတဲ့ပုံ …"

လက်သီးဆုပ် တက်ခေါက်လိုက်သည့် ပိတောက် ကို ဒေါ်ငုဝါသင်း က ငုံ့ကြည့်၍ …

"ဖြစ်လာတဲ့အကြောင်း အကောင်းလို့ပဲ မှတ်လိုက်တော့ သမီး…၊ မေမေ ထပ်ပြီး သတိပေးထားမယ် နော် … ဒါတွေကို ချူ တမင်လုပ်ယူနေတာ မဟုတ်ဘူး … နောက်ထပ် တစ်ခုခု ဒုက္ခပေးဖို့ ထပ်မကြိုးစားပါနဲ့ …၊ ကိုကြီးက စွန့်လွှတ်ထားတာ မှန်တယ် … ငါ့ဆီမှာ အပ်ထားတာလည်း မဟုတ်ဘူး … ဒါပေမယ့် သမီးအဖေက မကြိုက်ဘူး … ပြောရရင် မေမေက ချူ ရဲ့ အဒေါ်ရင်း … သမီးတို့ဖေဖေက မေမေနဲ့စပ်မှ တူမတော်တာ … ဒါကို မေမေက အကြင်နာတရားမဲ့ပြီး ကောက်ကျစ်တဲ့ အဒေါ်မျိုး ဖြစ်နေတာတော့ ရှက်ဖို့ကောင်းတယ် …"

"မေမေ …"

ပိတောက် ရဲ့မျက်လုံးတွေက မီးတောက်မတတ် စူးရဲနေကာ ဘယ်လောက်ထိ ကျွမ်းတိုနေသလဲဆိုတာ ဒေါ်ငုဝါသင်း မိန်းမသားချင်းမို့ သိနေသည်။

"ဘာလဲ ပြောလေ …"

"မေမေ ရင်ဆိုင်ရမှာတွေကို စာနာပေမယ့် သမီးကတော့ မကျေနပ်နိုင်ဘူး မေမေ … ချူ့ မျက်နှာကို မြင်နေရရင်တော့ သမီး တစ်ခုခုလုပ်မိမှာပဲ …"

"ဘာ!…"





"သမီးက ကိုယ် စိတ်ချမ်းသာဖို့ပဲ အဓိကထားတယ် … ပြီးသွားမှ မေမေ ရိုက်ရိုက် … ဖေဖေ ဆူဆူ … မှားရင် မှောက်အိပ်ပဲ …"

"ကြည့်စမ်း … ပိတောက် … သမီး … လာစမ်း … ပြန်လာခဲ့ဦး …"

ဒေါ်သနှင့်ခေါ်နေရင်း ကိုယ်သာလျှင် သူမ ဝင်သွားတဲ့နောက် တန်းတန်းမတ်မတ် ပြန်ပါသွားခဲ့ပြီး ပိတောက် ကတော့ တစ်ချက်လေးမှ ခြေလှမ်းမရပ် …၊

စစ်သည်ကောင်း ဆိုတဲ့ ကောင်လေးနဲ့မှ ဇာစပ်ဖို့ ကြိုးစားခဲ့မိတာ မှားပြီလား …၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ကျွန်တော် ရတယ်လို့ ပြောနေတာပဲ ကိုစစ် .. ခင်ဗျား ဘာသာ နေပါ .. ကျွန်တော်လည်း ကိုယ့်ဘဝနဲ့ကိုယ် အေးအေး နေပါရစေ.."

"မင်းကို အေးအေးမနေရဘူးလို့ ငါ ပြောနေလို့လား .. အခု ဆေးခန်း ခဏဝင်လိုက်ရုံပဲ .. ငါ့အစ်မ ရွှေပိတောက် မှာ ဆေးခန်းထိုင်တယ်.. ဒီအချိန် သူ ရှိတယ် .. မင်း ခဏပဲ .."

"မဝင်ချင်ဘူး .."

"ဟော့ကောင် ကွာ .. ထားလိုက်စမ်းပါ .. မင်း ချာတိတ်ကို .."

"ဟုတ်တယ် .. စိတ်ရှုပ်စရာလေး .."

ကားပေါ်က သူငယ်ချင်းတွေ ညည်းကုန်ကြတော့ တံခါးကို နောက်ပြန်ပုတ်ပစ်လိုက်ပြီး ...

"ပြန်နှင့်ကြတော့ .. ငါ ဒီမှာ ချာတိတ်ကို ရအောင်ခေါ်မှာ .."

"မင်း မလွယ်ဘူး စစ် .."

**"လွယ်ပါတယ် .. ဒီကောင် နေမကောင်းဘူး ..၊ သွားရင်းလာရင်းနဲ့တောင် လဲသွားနိုင်တယ် .."**





ဒီလှိုင်း တို့ ခေါင်းတရမ်းရမ်းနှင့် ကျန်ရစ်ကြ၏။

"နောက်က ကပ်လိုက်ကွာ .. ဒီကောင် တော်တော် ဒုက္ခပေးတာပဲ .."

"ဟိုသတ္တဝါလေးကိုပဲ ကိုင်ပေါက်ချင်တာ .."

သူတို့ ကြိမ်းဝါးနေဘာ၊ကို စစ် က မသိဘဲ ခြူ နောက်ကိုပဲ အဟုလိုက်လာကာ ပလတ်စတာတွေနဲ့ ဖွေးဖြူနေသည့် ခြူ ရဲ့လက်ခေါါးလေးတွေကိုလည်း ငုံ့တကြည့်ကြည့် ..၊

"ချာတိတ် .. ဟာ .. မင်း ကိုယ်တွေ ပူနေဘယ် ကြည့်စမ်း .."

လက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်တာနှင့် ခြူ က ရှောင်လိုက်တာပဲ ဖြစ်၏။ ဒါပေမယ့် သူ့လက်ထဲမှာ မိသွားပြီဖြစ်ကာ လက်ကောက်ဝတ်တစ်ခုလုံး အဆမတန် နာကျင်သွားခဲ့လျက် ...

"သေပြီ .. အား!..."

"ဟင် .. ဆောရီး ..."

"ခင်ဗျား .. အရမ်းပဲဗျာ .."

လက်ချင်းမထိမိအောင် အထူးသဖြင့် ရှောင်တိမ်းနေကာမှ ဒီလူ ဘာဖြစ်လို့ မိမိရရ ဖမ်းနေရတာလဲ ..၊

နာတာနှင့်ရောကာ ဒေါသမျက်လုံးတွေ သူ့ဆီ တန်းခနဲ ရောက်သွားသည်။

"မလိုဘူးလို့ ဘယ်နှစ်ခါ ပြောနေရမှာလဲ .. ခင်ဗျားလုပ်နေပုံကြောင့် အားလုံးက ကျွန်တော့်ကို ယုန်ထင်ကြောင်ထင်တွေ ဖြစ်ကုန်ပြီ .."

"မင်း ကိုယ့်လုပ်ရပ် ကိုယ်သိနေရင်လည်း နည်းနည်းလျှော့လေ.. ဒီကောင်ရော အပိုတွေ ဇွတ်ကြီးလိုက်လုပ်နေတယ် ထင်လို့လား .."

"ဒါဆို ခင်ဗျားအတွက် ကျွန်တော်က လိုအပ်နေတဲ့လူလား .."

ရုတ်တရက်မေးချလိုက်တော့ စစ် ကြောင်အမ်းအမ်းဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြူ က လက်ကို ရုန်းပေမယ့် ဒဏ်ရာရှိနိုနှင့် နာနေတာမို့ အတင်းလည်း မရုန်းနိုင် ...၊

"လွှတ်လေဗျာ .."

"မင်းက လိုက်မယ်လို့မှ မပြောဘဲ .. ဘာလဲ .. ယောက်ျားချင်း လက်ဆွဲတာကို ကယ်ပါ ယူပါ အော်ချင်လို့လား .."

"မအော်ချင်ဘူး .. လက်တွေက ဒဏ်ရာဒဏ်ခါပေါက်ဖြစ်နေလို့- မဟုတ်ရင် ခင်ဗျားကို ပိတ်ထိုးပစ်ချင်နေတာ .."

"အေး .. ထိုးချင်ရင် ဒဏ်ရာတွေ အရင်ပျောက်အောင် ကုလိုက်- ဒီမှာ ခြူ .. မင်းကို ငါက နုနုဖတ်ဖတ် မိန်းမလျာပုံလေး ပေါက်နေတဲ့ ငါ့ညီငယ်လေးလို သဘောထားပြီး သံယောဇဉ်ဖြစ်မိလို့ .."

"ကျွန်တော့်ကတော့ မဖြစ်ဘူး .."

"မင်းကို ငါ့လိုဖြစ်သလား မေးနေတာ မဟုတ်ဘူး .. စေတနာ စော်ကားလွန်းလို့ ပြောပြတာ.. ပြီးတော့ ဟိုအိမ်မှာ မင်း ဘယ်လိုနေနေ တာကို သိနေလို့ အလိုလိုကို ကူညီချင်နေတာ .. အဲဒီနေ့က မင်းကို သူတို့ တစ်ခုခု ဒဏ်ပေးထားတာမို့လား ..၊ ငါလာတာတောင် နေအပူကြီး ရှိသေးတာ .. မင်း ဘယ်တုန်းတည်းက လုပ်နေတာလဲ ..၊ လက်တွေ ဒီလောက် ထိပေါက်ပြဲနေအောင် .."

"ကိုယ့်အကြောင်းနဲ့ ကိုယ်ပါ .."

"မင်း အဲဒီလောက်ထိ မီးမြင့်နေရတဲ့အကြောင်းကိုလည်း စိတ်ဝင် စားတယ် .. လူဆိုတာ ဘဝမှာ ဘာမှမလိုတော့အောင် ပြီးပြည့်စုံတယ် ဆိုတာ မရှိဘူး ..၊ ကိုယ့်မှာ လိုအပ်နေတာကို ပြည့်စုံအောင် ကြိုးစား တယ်၊ ကြိုးစားကြပုံတွေကတော့ အမျိုးမျိုးပေါ့ .. မင်းကတော့ မျ လည်း မပူ .. ရှိလည်း မပူ တစ်မျိုးပါလား .."

"ကျွန်တော် ပူတာ မပူတာလည်း ခင်ဗျား စိတ်ဝင်စားတာပဲ - တော်တော် အချိန်တွေ ပိုနေပုံပဲ .."





"အဟွန်း .."

ဘာပြောပြော ရန်လိုနေလျက်ရှိသည့်မျက်နှာကို စိုက်ကြည့်ပြီး သူ ည်မိသည်။ သူကလည်း ဘာဖြစ်လို့ ဒီချာတိတ်ကိုမှ ...

"ငါ့ကို မပြောနဲ့ .. ငါ့အတွက် မအားတဲ့အချိန်ဆိုတာ မရှိဘူး..၊ ည်း ဖေဖေ အကျဉ်းချခိုင်းနေလို့ အလုပ်လုပ်နေရတယ် .. ဒါပေမယ့် ယ် အားချင် အားလိုက်တာပဲ .. လုပ်ချင်ရာ လုပ်ပြီးဖို့ အဓိက .."

လမ်းပေါ်မှာ သူ့ကို လှည့်စကားပြောနေရကာ ရှေ့ကို တစ်လှမ်းမှ ိုးနိုင်တော့ဘဲ လက်ကိုလည်း ခုထိ မလွှတ် ..၊ ထိုစဉ် ဖုန်းမြည်သံ လာကာ ...

"ဟလို မမ .."

"မောင်မောင် အဲဒီမှာ ဘာလုပ်နေတာလဲ .."

"ဟင် .. မမက မြင်နေရတာလား .."

ဖုန်းကိုင်ရင်း ဆေးခန်းဆီကို လှမ်းကြည့်လိုက် .. ကားတန်းတွေထဲ ည့်လိုက်နှင့် ဖြစ်သွားကာ ...

"ဒီကောင်လေးလေ .. ကျွန်တော့်သူငယ်ချင်း မမ .. အလုပ်လုပ် း အဖုများတွေတက်နေတာကို ဆေးခန်းမပြချင်ဘူး လုပ်နေလို့ ခုပဲ ခေါ်လာမလို့ .."

"ဒါဆို ခေါ်လာခဲ့ .. မမက ပြန်တော့မှာ .."

"ဟုတ်ကဲ့ မမ .."

သူပြောနေတာရော ဟိုကပြောနေတာရော သဲ့သဲ့တော့ ကြားနေရ ၊ သူက ဖုန်းပြန်ထည့်ပြီးမှ ခြူ့ လက်ကို ဆွဲထားလျက်နှင့် ဦးဆောင် သွားကာ...

"လာ .. မမက လှမ်းမြင်လို့ ခေါ်နေပြီ .. ခဏလေးပဲ မကြာဘူး"

ခြူ ဘာမှမတတ်နိုင်တော့ဘဲ ဆေးခန်းထဲထိ ပါသွားခဲ့သည်။ ွေ့ရောဂါ အထူးကု ဒေါက်တာ ကြည်လဲ့ခင် ဆိုတာက ဖြူဖြူ

www.burmeseclassic.com



နွဲ့လေးနှင့် ချစ်စရာလေး ဖြစ်သည်။

ပြုံးလိုက်တော့ သွားစွယ်လေးတွေပေါ်ပြီး ပိုလှ၏။ မျက်ခုံးထူ
နဖူးကျယ်တာတွေကအစ စစ် နဲ့ မောင်နှမဆိုတာ သက်သေပြစရာမလို

ခြူ က လူနာခုတင်ပေါ် တက်လှဲရင်း သူမကို ငေးကြည့်သ
သူမကလည်း ခြူ့ ကို ကြည့်နေလျက် ...

"မောင်လေးက မောင်မောင့်ထက် အသက်ငယ်ပုံပဲ .. ဘယ
သူငယ်ချင်း ဖြစ်သွားကြတာလဲ .."

"သူငယ်ချင်း မဟုတ်ပါဘူး .."

"ဟင်!..."

"ဒီလို မမ .."

စစ် ကပဲ ဝင်ပြီး ကားကြောင့် ရေဖွက်တွေ စဉ်တာတာ စ၍
ဘက်က မကျေနပ်ဖွယ်တွေ ပေါ်လွင်အောင် .. ပြီးတော့ သူ့ဘက်
အမှားများများ ထည့်၍ ရှင်းပြလိုက်ကာ ...

"သူက ကလေးဆန်တာ မမ .. ပြောရင်လည်း မကြိုက်ဘူး
သူ ပြောချင်တာဆို ဘယ်မျက်နှာမှ မကြည့်ဘူး .."

ခြူ ဆိုတဲ့ ချာတိတ်လေးက ခပ်တည်တည် ...၊

မောင်ဖြစ်တဲ့သူက ဘယ့်နှယ်ကြောင့် ပျာယာခတ်နေတာလဲ

ဒီလိုင်း တို့နဲ့ ပေါင်းသင်းနေတာ စစ် ဘယ်လိုဗိုလ်ကျတာ
ဆိုတာ သူမ မသိဘဲ နေမလား ...၊

ဒီကောင်လေးကျမှ စစ် က ဘာဖြစ်လို့ ...၊

"မမ သူ့ကို အဖျားတိုင်းပေးပါ .."

"အင်းပါ .."

တွေးစရာတွေ ခဏအတွင်း ရှုပ်ယှက်ခတ်သွားသဖြင့် လူ
တိုင်းဖို့တောင် မေ့သွားသည့်အဖြစ် ...၊

"အကျီလက်လေး နည်းနည်းတင်လိုက် မောင်လေး .. အ





း သွင်းဖို့ လိုရင်လည်း .."

ပြောနေရင်း ကိုယ်တိုင်ပဲ ခြူ့ လက်ကလေးကို ကိုင်၍ အကျီလက်စ
က်တင်ပေးဖို့ ပြင်မိလျှင် လှုပ်ရှားနေသည့်လက်က တုံ့ခနဲ ဖြစ်သွား
ည်။

ပြီးတော့ အကြည့်တွေက ခြူ့ မျက်နှာလေးဆီ ရောက်သွား၏။
ကော မျက်လုံးတွေကို မှိတ်ထားသဖြင့် ကော့နက်သည့် မျက်တောင်
ကို စီးမိုးမြင်နေရသည်။ ပြီးတော့ လုံးစင်းသည့်နှာတံကော့ကော့
နှင့် ထူပြည့်ပြည့် နှုတ်ခမ်းလေးတွေ ...၊

မျက်ခုံးထူထူလေးတွေက အရောင်ဖျော့ပေမယ့် သွယ်တန်းနေ
ကို ငေးခနဲ ဖြစ်သွားကာ လက်ဖဝါးလေးကို အမှတ်မထင် ဆုပ်ကိုင်
က်မိ၏။

ထိကိုင်မိမှန်း မသိလောက်အောင် နူးညံ့အိစက်နေသည့် အတိ
တွေ...၊ ပြီးတော့ နုရဲနေသော လုံးသွယ်သည့် လက်ချောင်းလေးတွေ..၊
ခြူ ဆိုတာ ယောက်ျားလေး မဖြစ်နိုင် ...၊

ကိုယ့်ဘာသာ တွေးကာ အနားမှာ စိုးရိမ်တကြီးရှိနေသည့် စစ်
လှည့်ကြည့်လိုက်မိသည်။

"မမ ဘာဖြစ်လို့လဲ .. အခြေအနေဆိုးဖို့ ရှိလို့လားဟင် .. ထင်ပါ
ယ်.. လက်ကဒဏ်ရာတွေက အလုပ်လုပ်ရင်း သဲတွေ ဖုန်တွေ ဝင်
ဘာ .. မေးခိုင်ပိုး ဝင်နိုင်တယ်၊ အဲဒါ မေမေ့ရဲ့ ဒေါ်ဝုဝါသင်း တို့
မ ...၊ ခိုင်းတာ လူနဲ့အလုပ်နဲ့ တန်အောင် မခိုင်းဘူး .. ဒီကောင်က
ည်း ပေကပ်ကပ်ရယ် .. အဲဒီနေ့က အနားမှာ ကျွန်တော်ရှိလို့ ..
တ်ရင် နေပူထဲ လဲကျပြီး ဘယ်သူမှလည်း သိမှာမဟုတ်ဘူး .."

တစ်ယောက်တည်း တဖျစ်တောက်တောက်ပြောကာ ဒဏ်ရာတွေ
နေတဲ့ လက်ဖဝါးကို ကိုင်လိုက်၏။ ခြူ က မျက်လုံးမဖွင့်ပေမယ့်
ကို ရှောင်လိုက်တာ လှဲ့ မြင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သေချာပါပြီ ..၊ ခြူ ဘယ်လိုမှ ယောကျ်ားလေး မဖြစ်နိုင် ..၊

မောင်မောင် နည်းနည်းလေးမှ မရိပ်မိဘူးလား ..၊ မရိပ်မိသ တမင်နေတာလား ..၊ တမင်နေတာဆိုရင်တော့ ဒီမိန်းကလေး မောင်မောင် သဘောကျနေလို့သာ ဖြစ်ရမည်။

မိဘမဲ့ အုပ်ထိန်းသူမဲ့ နေစရာမရှိသော တစ်ကောင်ကြွက် အ ကျန် မိန်းကလေး ..၊

"လောကမှာ ငွေရှိရင် အရာရာဖြစ်တယ် .."

"မေမေ့ရဲ့ တစ်သက်လုံး ကြိုးစားရင်းနှီးခဲ့သမျှဟာ သားတို့ သ တို့ရဲ့ အိမ်ထောင်ရေးတွေ ခမ်းနားလှပဖို့ပဲ .. ကိုယ့်ဘဝကို မြင့်သ မြင့်ဖို့သာ ကြိုးစား .. အနိမ့်ကို ခုန်မဆင်းမိစေနဲ့" တဲ့ ..။

မေမေ့ရဲ့ တစ်ထစ်ချ တစ်ယူသန် အဆိုအမိန့်တွေ ..၊

"မမ .."

"ဟင် .. ဩော် .. ဆေးထိုးရမယ် .. အဖျား တစ်ရာတော့်ရှိ

"ဟုတ်လား .. ထင်သားပဲ .. ဒဏ်ရာတွေရော .."

"ဒဏ်ရာတွေက ရင်းပြီး အဖျားဝင်တာလေ .. မေးခိုင်ကာကွ ဆေး ထိုးထားသေးလား .."

"ဟုတ်ကဲ့ ဒေါက်တာ .."

မျက်လုံးမဖွင့်ဘဲ ပြန်ဖြေပုံက ခပ်စိမ်းစိမ်း ..၊

မောင်မောင် က ရင်းနှီးပူပန်နေသလောက် သူမလေးက မရင် ချင်တဲ့အမူအရာတွေပဲ ရှိနေ၏။ ပြီးတော့ တမင် မျိုသိပ် လမ်းလွှဲနေ မျိုးနဲ့လည်း မတူပေ ..၊

ဖြူနေသော မျက်နှာလေးကို ငုံ့မိုးကြည့်ရင်း သူမလေးက ဆင်ခြင်တတ်ရှာသူလေးပဲလို့ တွေးလိုက်မိ၏။ ဘာပဲဖြစ်ဖြစ် ခြူ ဆို မင်း ထင်သလို ယောကျ်ားလေး မဟုတ်ဘူးဆိုတဲ့စကား စစ် ကို တော့မှမပြောဖို့ လှဲ့ ဆုံးဖြတ်လိုက်၏။





ပြောလိုက်မှ သတိပေးသလို ဖြစ်သွားနိုင်ကာ ပြဿနာတွေ ပိုရှုပ် နိုင်၏။

"ဒဏ်ရာတွေက မနည်းဘူးပဲ ညီ .. မောင်လေးရယ် .."

မိန်းကလေးမှန်း သိရဲတော့ ညီမလေးလို့ ခေါ်မိတော့မလို့ တည်း ည်းလေး ..၊

"လက်ထိပ်တွေမှာရော လက်ဖနောင့်တွေရော နည်းတာကြီးတွေ ဘူး .."

သူမက မျက်လုံးတွေဖွင့်၍ မျက်နှာလေး မဲ့နေကာ ...

"ဒဏ်ရာတွေမပျောက်ရင် နေပါ.. လက်ကောက်ဝတ်တွေ အရမ်း နေတာကို သက်သာအောင် လုပ်ပေးပါ ဒေါက်တာ .. အလုပ်ပျက်မှာ လို့ပါ .."

"ဟင် .. ဒဏ်ရာတွေ မပျောက်ရင် နေပါ ဟုတ်လား .."

"ဟုတ် .. ဒီလိုပါ .. လက်ကောက်ဝတ်ကနေ လက်ချောင်းတွေထိ လှုပ်ရှား မကောင်းတော့ဘူး .. အလုပ်က ဒီလမှ စဝင်တာဆိုတော့ က်ကြောင့် ပျက်ရမှာ စိုးလို့ပါ .."

"ဒဏ်ရာတွေကြီးလို့ ရောင်ရမ်းပြီး လက်ကောက်ဝတ်ထိ ဆင်းနာ တာပေါ့ မောင်လေးရဲ့ .. အကြောတွေ လိုက်ရောင်နေမှတော့ ဆုပ်လို့ ိုင်လို့ ဘယ်ကောင်းတော့မလဲ .. အဲဒါကို လက်ကောက်ဝတ်လေးပဲ ည်းပြီး ကွက်ကုလို့ မရဘူး .. ဒဏ်ရာတွေ ပျောက်မှပဲ ရမှာ .."

"မင်း နားနေလိုက်ပါကွာ .. မင်းရဲ့ဘဏ်က ဘာမို့လို့လဲ ..၊ ခုမှပဲ ပ်လုပ် မနေ့ကပဲဖြစ်ဖြစ် ကျန်းမာရေးအတွက် ပျက်ရတာ ဘာ နိုင်မှာလဲ ..၊ မင်း နားလိုက် .. ငါ ခွင့်တိုင်ပေးမယ် .."

စစ် က ရဲရဲကြီး အာမခံနေသည်၊ ပြီးတော့ ခြူ ကိုလှည့်ကြည့်၍...

"ဒီမှာ ဆရာဝန်ကိုယ်တိုင် ရှိတယ် .. မင်း ဘာမှမပူနဲ့ .."

"ဒီဒဏ်ရာတွေက ဘယ်လိုရလာတာလဲ..ပြောပြနိုင်မလား င်.."



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ကျွန်တော် ပြောပြမယ် .. အခု သူ့ကို ပြန်ပို့လိုက်ဦး
မယ် .."

"ဟာ မလိုပါဘူး.. ကျွန်တော် အိမ်ကိုလည်း တန်းမပြန်သေးဘူး"

"မင်းကို .."

မမ ရှေ့မှာမို့ နွတ်ပြောဖို့လည်း ခက်နေကာ စစ် ဒီတိုင်းကျန်ခဲ့ေ
သည်။ မောင်နှမနှစ်ယောက်တည်း ကျန်ခဲ့ကာမှ လဲ့ က သူမရဲ့ပစ္စည်း
ကိရိယာတွေကို သိမ်းဆည်းနေရင်း ...

"ချာတိတ်က ချစ်စရာလေး .. မောင်မောင့်ကိုတော့ စိမ်းနေ
ပုံပဲ .."

"သူနဲ့ .."

"ကျွန်တော်ကတော့ သူ့ကိုမြင်လိုက်တည်းက သနားနေတာလ
မသိဘူး .. ပြီးတော့ ကျွန်တော့်ကြောင့်ချည်းပဲ ဒုက္ခရောက်ရောက်သွ
တော့ ဘာရယ်မဟုတ်ဘဲ စိတ်ထဲမှာ ရင်းနှီးသွားတာ ..၊ သံယော
လည်း ဖြစ်တယ် .. ဒီကောင်က အသက်လေးငယ်ငယ်နဲ့ မိသာ
ဒဏ်ရာ ရှိတဲ့ပုံပဲ .."

"အင်း .. ဒီပုံစံလေးပဲ .."

ဆေးခန်းအပြင်ကို ရောက်လာကြတော့ ဒီလူ့င်း တို့က ရောက်
ကြကာ သူ့ကို ထွေငေါ့ဖို့ အသင့်စောင့်နေကြသည့်မျက်နှာတွေက
ပြုံးရယ်ရယ် ပြင်ဆင်ပြီးဖြစ်လျက် ...

"ဘယ်လိုလဲ.. ငါ လိုက်ပို့ပါရစေ.. နေမကောင်းသေးလို့ စိုးရိ
ပါ.. ဘာညာတွေ မလုပ်လိုက်ဘူးလား ..၊ ဟိုမှာ ဒီတိုင်းထွက်သွားတာ"

"မောင်လေးတို့က ခြူ နဲ့ မောင်မောင့်အကြောင်းကို တော်ေ
သိနေကြပုံပဲ..."

"ဘာမှပြောပြတာ မဟုတ်ဘူး မမလဲ့ .. ကျွန်တော်တို့မှာ မမြင်
မှ အဆိုး .."





"မမလဲ့ .. ဒီကောင့်ကို ဆုံးမထားပါဦး .. ခြူ ဆိုတာလေးက
လေးမှန်း မသိဘူး နော် .. တော်ကြာ ဒါလေးဆိုရင် တကယ်ကွိုင်.."
နားထင်ကိုထောက်ပြီး လက်ခါပြလိုက်တော့ စစ် က ပခုံးကို
ခနဲ့ လှမ်းရိုက်ကာ ...

"ချွန်မနေနဲ့ .. သွားမယ် .."

"အံမယ် .. ဘယ်သူက လိုက်ပို့မယ် ပြောလို့လဲ .."

"အေးလေ .. ဆင်းသွားတုန်းက ဘာပြောသွားလို့လဲ .."

"လုပ်မနေနဲ့ ဟောကောင် .. မမနဲ့ လိုက်သွားလို့ ရတယ် .."
စစ် က ပြောရင်းနဲ့ လဲ့ လက်ထဲက ကားသော့ကို ယူလိုက်သည်။
း က ကားသော့လေး တရမ်းရမ်းနှင့် ...

"အေးပေါ့ကွာ .. သူငယ်ချင်းတွေနဲ့ဆိုရင်တော့ ဖိမ်နဲ့ ထိုင်စီးပြီး
မှာ ဖုန်းတစ်လုံးနဲ့ .."

"ဟောကောင် လာ .. ငါတို့ကျမှ စိတ်ကောက်မနေနဲ့ .."

"မဟုတ်ဘူး .. ခြူ နဲ့တွေ့ပြီး ခေတ်ကူးသွားတာ .."

"ဟာ .. ဒီကောင်တွေ ဒါပဲ .."

စစ် လက်သီးကြီးရွယ်သည်နှင့် ကားပေါ်ပြေးတက်ကုန်ကြသည်။
ပြီး မောင်းထွက်သွားသည့်ကားကို ငေးနေရင်း လဲ့ မှာတော့
ရာတွေအပြည့်နှင့် ကျန်ရစ်ခဲ့၏။

ဒီကိစ္စက ရယ်မောစရာတစ်ခုအဖြစ်နဲ့ အဆုံးသတ်သွားပါ့မလား..၊



www.burmeseclassic.com

## အခန်း (၂၁)

"သားက ဒေါ်ငုဝါ အိမ်က အလုပ်သမားလေးနဲ့ပဲ အပေါင်းအ[illegible] လာလုပ်နေတယ် ဆို .."

"ဗျာ!..."

"အိမ်ကိုလာတိုင်း ဘာစကားမှလည်း မပြောဖြစ်ဘူးတဲ့ .. [illegible] ကောင်လေးဆီပဲ သွားစကားပြောတယ် .. အဲဒီကောင်လေးနဲ့ပဲ ရင်[illegible] နေတယ်တဲ့ .."

ရေမိုးချိုးပြီးလို့ စတိုင်လ်ကျကျ ပြင်ဆင်ထွက်လာကာမှ အပြ[illegible] မထွက်နိုင်ဘဲ ဖြစ်သွားသဖြင့် စစ် နှာခေါင်းရှုံ့သွားသည်။

"မိုးတိုးမတ်တတ် လုပ်မနေနဲ့ သားငယ် .. လာထိုင်ဦး .."

"ကျွန်တော် အပြင်သွားမလို့ မေမေ .. အလုပ်ထဲမှာပဲနေ[illegible] နေရတာ ..၊ ကိုယ် စိတ်မဝင်စားတဲ့လမ်းကို သွားပြီး မသိတဲ့လူ[illegible] ဟိုဟာပေးခိုင်း .. ဒီဟာယူခိုင်းနဲ့ .."

"အဲဒါ သားတို့ချင်း ရင်းနှီးစေချင်တာလေ .. မင်းပဲ ဟို[illegible] ယောက်ကို ဖယ်ခဲ့တာ ကိုယ့်သဘောနဲ့ ကိုယ် .."





"ဒါနဲ့ပဲ ကျန်တဲ့လူကို .."

"ဟုတ်တယ် .. နောက်ထပ်ရွေးချယ်ခွင့် မရှိဘူးဆိုတာ မေမေ ပြောခဲ့ပြီးသား .. ပြီးတော့ ပိတောက် ဆိုပေမယ့် နောက်တစ်ယောက် ရှိသေးတယ် .. သား ထပ်ရွေးလို့ ရတာပဲ .."

"တစ်ယောက်မှ စိတ်မဝင်စားဘူး မေမေ .."

"သား .."

"စိတ်ထဲရှိတဲ့အတိုင်း ပြောပြတာပဲ မေမေရာ .. ဒါပေမယ့် ကျွန်တော် မေမေ ခိုင်းတိုင်း သွားပေးတာပဲမို့လား .."

"သွားတာက သူ့ခြံထဲ ခြေချခဲ့ရုံပဲ မဟုတ်ဘူးလေ .. မေမေ့ကို တော့ ကတိပေးပြီး သမန်းမြက်နဲ့ ခေါင်းလောင်းမထိုးနဲ့ ..၊ ရသေ့က အာပတ်လွတ်သွားပေမယ့် မေမေကတော့ ခေါင်းလောင်းသံ မကြားရ ဘဲ မကျေနပ်နိုင်ဘူး .."

ဆိုဖာမှာ စိတ်ပျက်လေးတွဲ့စွာ ထိုင်ချလိုက်သည်နှင့် အိမ်ထဲကနေ လဲ့ က ထွက်လာရင်း ...

"ဘာဖြစ်လို့လဲ မေမေ .."

"သမီးမောင်လေ .."

ဒေါ်ယဉ်လဲ့ က ပြန်ရှင်းပြပြီး တင်းနေသည့်မျက်နှာထားနှင့် စစ် ကို စိုက်ကြည့်သည်။

"မိန်းကလေးတွေကို ကျော်ပြီး အဲဒီအလုပ်သမားကိုပဲ အရေး ဘယူ စကားသွားပြောတယ်ဆိုတည်းက အိမ်ရှင်တွေကို စော်ကားတာ ပဲ ..၊ စိတ်မဝင်စားဘူးဆိုတာကို ဒီလိုရိုင်းစိုင်းတဲ့လုပ်ရပ်နဲ့ ဖော်ပြတာ ကောင်းလား .."

"အဲဒါကို ကြားလိုက်လို့ မေးတာ .. အန်တီ ဒေါ်ငုဝါ တို့အိမ်က အလုပ်သမားဆိုတဲ့ ကောင်လေးကို လဲ့ သိတယ် .."

"ဘာ!..."



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမ မျက်လုံးချင်းဆုံသွားကာ လှဲ က ဒေါ်ယဉ်လှဲ့ ဘက်ကို ပြန်လှည့်၍ စစ် ပြောပြတာတွေရော .. ဟိုနေ့က ဆေးခန်း ရောက်လာတဲ့ အကြောင်းတွေကိုပါ ပြောပြလိုက်၏။

"ဒါဆို ဒီကောင်လေးကို တမင် ဒဏ်ပေးထားတာ ဖြစ်မှာပေါ့.."

"ချာတိတ်လေးက သန့်သန့်ချောချောလေးပဲ မေမေ .. ဘဏ်မှာ လည်း အလုပ်လုပ်နေသေးတယ်ဆိုတော့ သူတို့အလုပ်သမား မဖြစ်နိုင် ဘူး .. ဆွေမျိုးမကင်းထဲကပဲ နေမှာ .."

ဒေါ်ယဉ်လှဲ့ စစ် ကို ဖျတ်ခနဲ လှည့်ကြည့်၏။

"မင်း ဘာလို့ ဘာမှမပြောတာလဲ သား .."

"ဘာပြောစရာရှိလို့လဲ .. ခင်တာပဲ သူ့ဟာသူ အလုပ်သမားဖြစ်ဖြစ် အိမ်ရှင်ဖြစ်ဖြစ်ပေါ့ .. သူတို့ အရမ်းအတိုင်အတောထူတာကို စိတ်ပျက် တယ် .."

မောင်ဖြစ်သူကလည်း ညည်းသည် ..၊ အစ်မလုပ်တဲ့သူက ခေါင်း ညိတ်နေ၏။ ဒေါ်ယဉ်လှဲ့ မောင်နှမနှစ်ယောက်ကို ကြည့်၍ ဘယ်သူ့ကို ဘာဆက်မေးရမှန်းတောင် မသိတော့ပေ ..။

"ဟုတ်တော့ ဟုတ်တယ် မေမေ .. တွေးကြည့်မယ်ဆိုရင် သူတို့ မိသားစုရဲ့စိတ်ဓာတ်ကာရိုက်တာတွေကို သိပ်မကြိုက်ဘူး .. အလုပ်သမား ဖြစ်ဖြစ် .. ဆွေမျိုးဖြစ်ဖြစ် အဲ .. ဆွေမျိုးဆိုရင်တော့ ပိုဆိုးပြီပေါ့ ..၊ အဲဒီကောင်လေးရဲ့လက်တွေမှာ ဒဏ်ရာတွေဆိုတာ ကြည့်ရက်စရာ မရှိ ဘူး .. အနာတွေရင်းပြီး ရောင်ရမ်းနေတာ ပိုဆိုးတယ် ..၊ ခုခေတ်မှာ ဒီ လောက်ဆိုးတဲ့အဖြစ်ကို မြင်ရတာ အံ့သြစရာပဲ .."

ဒါကိုတော့ ဒေါ်ယဉ်လှဲ့ စိတ်ဝင်စားသွားပါပြီ ..၊

"တကယ်ပဲ သူတို့က နှိပ်စက်နေကြတာလား .."

"ဟုတ်ဟုတ် မဟုတ်ဟုတ် အလုပ်လုပ်ခိုင်းတာလည်း ရက်စက် တာပဲ မေမေ .. ခြူ ဆိုတဲ့ ကောင်လေးက မိန်းကလေးကျနေတာပဲ.."





ပြောပြီး မောင်ဖြစ်သူကို ဖျတ်ခနဲ လှမ်းကြည့်မိသည်။ စစ် က အပြင်မထွက်ရသေးတာကိုပဲ စိတ်ပျက်နေတာမို့ ပြောနေကြတာကို စိတ်ဝင်စားပုံမပေါ် ..၊

"မိန်းမချော ချောတာလား .. မိန်းမလျာလေး ဖြစ်နေတာလား.."

ဒေါ်ယဉ်လှဲ့ ကလည်း ဂရုတစိုက် မေးလာကာ ...

"ယောကျ်ားလေးချင်း ခင်မင်ကြတာကိုတောင် ထည့်ပြောလာ တယ်ဆိုတော့ ..."

ပြောရင်း အကြည့်က စစ် ထံသို့ ရောက်၏။ စစ် ကလည်း သိသည်၊ အမေနဲ့ အစ်မကို အံ့သြသလိုပြန်ကြည့်ကာ ...

"မေမေက ဘာကိုပြောတာလဲ ..၊ ဟိုလူတွေ အချိုးမပြေတာကို ပြောချင်တာ .. ကျွန်တော့်ဘက်ကိုချည်း ဘာဖြစ်လို့ မြားဦးလှည့်နေတာ လဲ .."

"ဟုတ်တယ် မေမေ .. လှဲ လည်း မေမေ့လူတွေကိုပဲ ပြောချင် တာ ..၊ မောင်မောင်နဲ့ စေ့စပ်ဖို့ကိစ္စကို လှဲ တို့ စဉ်းစားမှဖြစ်မယ် .."

"ဘယ်လိုဖြစ်ရတာလဲ သမီးရယ် .. မေမေတို့က လူကြီးချင်း တောင် သေချာ မဆွေးနွေးရသေးဘူး .."

"အဲဒါကြောင့် ခုနေဆိုရင် ဆုတ်သာဆွဲသာသေးတယ်လေ .. လူ တစ်ယောက်ကို ဒီလောက်ထိ လုပ်ရက်တယ်ဆိုတာ သူတို့ရဲ့စိတ်ဓာတ် အဆင့်အတန်းကို ပြနေတာပဲ .."

ဒေါ်ယဉ်လှဲ့ ငြိမ်သွားသည်။

"လှဲ့ အဲဒီကောင်လေးကို မြင်လိုက်တည်းက ဒါကိုတွေးမိတာ.. ဒဏ်ရာတွေက ပစ်ထားမယ်ဆိုရင် အဆိုးရွားဆုံးထိ ဖြစ်သွားနိုင်တယ်"

"ဟုတ်လား .."

"ဟုတ်တာပေါ့ .. ဒဏ်ရာတွေကို သန့်စင်အောင် သေချာဆေး ကြောပြီး ဆေးစည်းပေးလိုက်ရတယ် .. အဲဒါတောင် ကောင်လေးက



www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်ခံနေတာ ..၊ ညည်းသံ သဲ့သဲ့လေးပဲ ထွက်တယ် .. နည်းနည်းမှ မရှုန်းဘူး .. တွန့်မသွားဘူး .."

"အဲဒီအိမ်က ဘယ်လိုခိုင်းတာ .. ဘယ်သူက ဘာညာ မပြောဘူးလား .."

"လုံးဝ မပြောဘူး .."

"သားကိုရော .."

"မပြောပါဘူး .. ဆေးခန်းကိုတောင် အတင်းဆွဲခေါ်လာရတာ .. အပြင်းအထန်ဖျားပြီး သတိတောင် လစ်တယ် .. အဲဒါကို တစ်ရက်ပဲနားပြီး နောက်နေ့ အလုပ်ဆင်းတာလေ .."

ဒေါ်ယဉ်လဲ့ သေချာတွေးနေကာ ...

"ဘဏ်မှာ အလုပ်ဆင်းတာက ဘယ်အဆင့်နဲ့လဲ ..၊ သန့်ရှင်းရေး အောက်ခြေသိမ်းလား .."

"မသိဘူး .. အဲဒါမျိုးတော့ မဟုတ်လောက်ပါဘူး .. ကျွန်တော် ကားဘီးပေါက်နေတုန်းက ဝိုင်းကူနေတဲ့ပုံစံအရဆို ဒီချာတိတ် ကားမောင်းတတ်တာ သေချာတယ်၊ နောက်ဆုံး ဒရိုင်ဘာဖြစ်ဖြစ် လုပ်လို့ရတာကို .."

"ဘာပဲဖြစ်ဖြစ် ကိုယ်ရင်းနီးတဲ့လူ ရှိတာတောင် အဲဒီအိမ်က အကြောင်း နည်းနည်းပါးပါး အစ်အောက်မမေးဘဲ နေရသလား .. ဖေဖေပါများ စကားရတဲ့ .. စပ်စုတယ်ဆိုတာက သပ်သပ်လေ ..၊ ခုချိန်က တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ ကြိုးစားနေကြတာ .. နီးစပ်ရာမှာ ဒီလိုပဲ မေးမြန်းရမှာပဲ .."

"မမေးချင်ပါဘူး .. လူကြီးချင်းလည်း မရင်းနှီးဘူး ..၊ ကျွန်တော်တို့ချင်းလည်း သိတာမဟုတ်ဘူး .. သူ့ဗွေး ဦးသာယာ ရဲ့တူမဆိုတာနဲ့ပဲ မေမေတို့က စေ့စပ်တယ် ..၊ ဟိုကလည်း မငြင်းမစမ်းနဲ့ လက်ခံတယ် .. ဘာသိစရာလိုလို့လဲ ..၊ ဖြူဖြူမည်းမည်း ဝဲလ်ကမ်း ဖြစ်နေမှာ .."





"အံ့ .. ဘယ်လို ပြောလိုက်တာတုံး .."

မေမေ ဒေါသထွက်သွားပြီကို သိလိုက်ကာ လဲ့ က ပျာပျာသလဲ ဝင်၍ ...

"မေမေ ပြောတာက ဒီလိုလေ မောင်မောင် .. သူတို့ လက်ခံခဲ့တာ မခံခဲ့တာကို ထား .. သူတို့ကို တို့ဘက်က သိချင်ရင် ဘယ်လိုကြိုးစားမလဲ ..၊ အဲဒါက လိုအပ်တယ် .."

စစ် က မမဲ့ပေမယ့် မဲ့ချင်နေသည့်မျက်နှာနှင့် ခပ်လွဲလွဲလုပ်ပစ်၏။ ပြီးတော့ သူမြင်ယောင်နေတာက ပိတောက် နဲ့ ဝတ်မှုံ ဆိုသော မချောနှစ်ယောက်ရဲ့ ပျူငှာလွန်းသည့် ဖော်ရွေမှုတွေ ..၊

လာပါ ယူပါ ဖြစ်နေတာလောက် စိတ်ပျက်ဖို့ကောင်းတာ မရှိ ..၊

ယောကျ်ားတွေက အဲဒီလိုကဲ့ရဲ့တော့ မိန်းမလိုမိန်းမရ အောက်တန်းကျသည်တဲ့ ..၊ မိန်းမတိုင်းကို ပြောတာမှ မဟုတ်ဘဲ .. မိန်းမတွေ အမျိုးအစား ဘယ်လိုကွဲပြားနေသည် မသိပေမယ့် သူ့အတွက်ကတော့ ဒီလောက်လည်း မက်မောရင်ခုန်ဖွယ် မဟုတ်ပါ ..၊

အချစ်ရေး အိမ်ထောင်ရေးအတွက်ဆိုတာ အဝေးကြီး ..၊

"သားငယ် .."

"ဗျာ .."

"မျက်နှာလွှဲပြီး ဘာတွေရှုံ့တွနေတာလဲ ..၊ ဒီမှာ မင်းအကြောင်း ပြောနေကြတာ .."

"မဟုတ်ပါဘူး .. ဒေါ်ငုဝါသင်း တို့ အကြောင်းပါ .."

"ဟုတ်တယ် .. အဲဒါ သားရဲ့အိမ်ထောင်ရေးအတွက်လေ .."

"မေမေရာ ကျွန်တော်က မိဘရှာဖွေပေးစားမှ တော်သင့်ကောင်းခန့်တဲ့ မိန်းမမျိုး ရနိုင်မယ့်လူလား .."

"ငါ့သားက ဘယ်လိုမိန်းမမျိုးနဲ့ လက်ထပ်နိုင်မလဲဆိုတာကို စောင့်ကြည့်မနေနိုင်ဘူး .. ရွေးချယ်ခွင့်လည်း မပေးနိုင်ဘူး သား၊ မေမေ့



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်ထဲမှာ သားနဲ့သမီးတို့ရဲ့ အိမ်ထောင်ရေးကတော့ ကံတရားပဲလို့ ဘယ်တုန်းကမှ ပုံမချခဲ့ဖူးဘူး .. ဖူးစာဆိုတာ ဦးရာလူ ဖြစ်သွားတာတွေကြောင့် တစ်ယောက်နဲ့မပြီး နှစ်ယောက်နဲ့မပြီး ဖြစ်ကုန်ကြတယ်။ မေမေ့သားတွေကို ဒီလို လုံးဝ အဖြစ်မခံဘူး .."

"သူဌေးနဲ့မှ လက်ထပ်ရမယ် ဆိုတာကတော့ .."

"ဖြစ်ကိုဖြစ်ရမယ် .. နှုတ်ခမ်းပဲ့ချင်း မီးမမှုတ်ရဘူး .."

"ဒါဆိုလည်း ဦးသာယာ တူမတွေပဲ လူချမ်းသာရှိလား မေမေ။ ကျွန်တော်ကရော ခုချက်ချင်း မိန်းမ မယူရင် အတစ်လိုက် ပြတ်ကျ ပုံလဲသွားမယ့် ဇရာထောင်းတဲ့အရွယ် ဖြစ်နေလို့လား .."

"မေမေ့ကို မေးခွန်း ပြန်မထုတ်နဲ့ .."

ဒေါ်ယဉ်လှဲ့ ဒေါသထွက်ကာ ဆတ်ခနဲ ထရပ်၏။ လှဲ့ က အနား ကို တိုးသွားပြီး လက်ကို မရဲတရဲ ကိုင်လိုက်ကာ ...

"မေမေရယ် .. မောင်မောင်က ကလေးမှမဟုတ်တာ .. အတင်းကြီး ပြောမနေပါနဲ့ .. အန်တီငု တို့အကြောင်း ဒီ့ထက်သိရဖို့လည်း လိုသေးတယ်လေ ..၊ အစက သူလိုငါလို ထင်ခဲ့ပေမယ့် အခု သူတို့ အိမ်တွင်းရေးတွေထဲမှာ မရိုးသားမှုတွေရှိတယ်လို့ ထင်တယ် .. အဲဒါကို တော့ စုံစမ်းချိန် ပေးလိုက်ပါ .."

"မေမေ သူ့ကို ခုပေးစားဖို့ ပြောနေတာ မဟုတ်ဘူး .. မိဘက ဘာမှမပြောရသေးဘူး .. သင်းက မေးခွန်းတွေထုတ် မိကျောင်းမင်း ရေခင်းပြနဲ့ .."

စစ် က ခပ်မဲ့မဲ့မျက်နှာနှင့် ဆံပင်တွေထဲ လက်ထည့် ဖွနေ၏။ ထိုင်ရာမထ ရှိနေဆဲပေမယ့် ဘာမှလည်း ပြန်မပြော ..၊ ငြိမ်ငြိမ်လည်း တစ်ချက်မှ မနေ ..၊

"မင်းရဲ့ရည်းစားတွေကို မေမေ သိနေပြီ စစ် .. မင်း ဒါတွေ ခိုးပြေးမယ်လို့များ မိုက်မိုက်ရိုင်းရိုင်း စိတ်ကူးကြည့်စမ်း .."





"ဟား .. မေမေက လုပ်ပြီ .."

ဒါကိုတော့ ငြိမ်မနေနိုင်တာမို့ စစ် ထိုင်ရာမှ ထရပ်ကာ ...

"မေမေ အဲဒါတွေ တွေးပြီး ကျွန်တော့်ကို အိမ်ထောင်ချပေးဖို့ အတင်းလောနေတာလား .. ဒါဆိုရင်တော့ ကြိုက်တဲ့ကတိကို တောင်းလိုက် မေမေ .. ဘယ်ရည်းစားကိုမှ တမ်းတမ်းစွဲ သိမ်းမထားဘူး ..၊ ပြီးသွားပြီဆိုရင်လည်း ပြန်ကြည့်တတ်တဲ့အကျင့် မရှိဘူး .. သူတို့နဲ့ အကန့်တွေက ပြီးပြီ .."

"ကြည့်ရတာ ငါ့မောင်လေးကို အသည်းခွဲသွားပုံပဲ .. စကားလုံးတွေက နာကျင်မှုတွေနဲ့ပါလား .."

လှဲ့ က အခြေအနေကို ပျော့ပျောင်းသွားအောင် ရယ်သံစွက်၍ ပြောသည်။ စစ် က ဘာမှမပြောဘဲ မျက်နှာလွှဲပစ်၏။ ပြီးမှ ...

"မေမေ့ကို တကယ်ပြောတာ .. ကျွန်တော် မေမေ့ကို လွန်ဆန်ပြီး ဒီလိုအလုပ်မျိုး မလုပ်ဘူး .. မိန်းမ ပေးစားဖို့ ရှေးရှုနေတာကြီးကို လျှော့ပါ မေမေရာ .. ကျွန်တော် သွားလို့ရပြီလား .."

"ဒါက ဘယ်ကိုလဲ .."

"လူနာ သွားမေးမလို့ .."

"ဘာ!..."

"မောင်မောင် .. မင်း ခြူ့ဆီကိုလား .."

"ဟုတ်တယ် မမ .."

"ဩော် .. ခုပဲ အဲဒီကိစ္စ ပြောနေတာလေ .. သွားမယ်ဆိုရင် အိမ်ပေါ်လေးဘာလေးတက်ပြီး စကားလေး ဘာလေး ပြောခဲ့ .. ခုချိန်မှာ လူမှုရေးအရပဲ .. မောင်မောင့်ကို ဖိအားပေးနေတာ မဟုတ်ဘူး .."

"ဟုတ်ကဲ့ပါ .."

ဒေါ်ယဉ်လှဲ့ ကတော့ စစ် အပြင်ရောက်သွားတဲ့အထိ ထူးဆန်းစွာ ငေးဆိတ်နေခဲ့လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ တော်တော် အုံ့ဩဖို့ ကောင်းနေပြီ .."

"ဟင် .. ဘာကိုလဲ မေမေ .."

ဒေါ်ယဉ်လှဲ့ မဖြေရသေးခင် ဦးကောင်း ရဲ့ကား ဝင်လာတာကို လှမ်းမြင်လိုက်ရကာ ဘာမှဆက်မပြောဖြစ်ဘဲ ခဏတိတ်သွားခဲ့၏။ ဦးကောင်း က ဝင်လာမှ ဒေါ်ယဉ်လှဲ့ က ထကြိုပြီး အိတ်ကို လှမ်းပြောင်း ယူလိုက်ကာ ...

"ထိုင်ပါဦး ကိုကောင်း ရယ် .. သမီး .. သမီးအဖေဖို့ သံပရာရည် လေး သွားလုပ် .."

"ဟုတ်ကဲ့ မေမေ .."

"ဘာများလဲ ..၊ မျက်နှာလည်း မကောင်းပါလား .."

"ရှင့်သားပေါ့ ကိုကောင်း ရယ် .."

ဦးကောင်း မျက်မှောင်ကုတ်သွားသည်။ ပြီးတော့ ဆိုဖာမှာ အတူ ထိုင်လိုက်ရင်း ...

"မင့်သား ထွက်သွားတာ မြင်လိုက်တယ် ..၊ ဘာတွေဖြစ်လို့လဲ.."

"သူ့ကိစ္စ ပြောချင်တာပါ .. သူ ဘာမှမဖြစ်ဘူး .."

"ဘာလဲ .. ကိုသာယာ သူ့တူမကို အမွေဖြတ်တောက်တဲ့ကိစ္စ လား .."

"ဟင်!..."

တကယ်တော့ သူမတို့ ဒါကို သိတောင် မသိကြသေးပေ ..၊ ထို့ ကြောင့် အံ့ဩသွား၏။

"ဘယ်သူ့ကိုလဲ ..၊ ဒါနဲ့ ရှင်ပဲ .."

"ဟုတ်တယ် .. ကိုသာယာ သိပ်ချစ်တဲ့တူမ ရှိတယ် ..၊ ငါကတော့ ဘယ်တူမဆိုပြီး ရည်ရွယ်ပြီး ကမ်းလှမ်းခဲ့တာ မဟုတ်ဘူး.. ဒါကြောင့်-

"မဟုတ်ဘူးလေ ကိုကောင်း .. ဦးသာယာ ရဲ့တူမ ဖြစ်တာနဲ့ ကျွန်မတို့က ..."





"မင်း မယုံကြည်နိုင်ဘူးလား .. ကိုသာယာ တို့ ညီအစ်ကိုတွေက သက်လုံးတည်းက နာမည်ပျက် အစွန်းအထင်းရှိလာခဲ့တာ မဟုတ် ဘူး .."

"အခုဟာက သူတို့ညီအစ်ကိုထဲက မဟုတ်ဘူး .. ဦးသာယာ ရဲ့ နှော် .. သူ့ရဲ့သားသမီးတွေထဲက ကျွန်မတို့ ရွေးလိုက်တာ .."

"ဟုတ်တယ် .. စည်းစိမ်ဥစ္စာချင်းလည်း နည်းနည်းပါးပါး နိမ့် မြင့်တာ ရှိရင်ရှိလိမ့်မယ် .. လူချမ်းသာတွေချည်းပဲ ..၊ ပြီးတော့ တူမလို့ ခေါင်းစဉ်တပ်လိုက်တည်းက ဘယ်တူမဖြစ်ဖြစ် ကိုသာယာ့ အရိပ်အဝါအောက်မှာ ရှိနေကြတာပဲလေ .. အမွေဖြတ်တာ စွန့်လွှတ် တာတွေက မေးကြည့်လို့ကောင်းတဲ့ကိစ္စတွေလည်း မဟုတ်ဘူး .."

"လုံးထွေးနေတာပဲ ကိုကောင်း ရယ် .. ရှင်ပြောချင်တာက ဘာ .. အမွေဖြတ်တဲ့ကိစ္စကို ဘယ်တူမကို ဖြတ်တာလဲလို့ မမေးရဲတာ .. ဘယ်အုပ်စုကဖြစ်ဖြစ် ဦးသာယာ ရဲ့တူမဆိုပြီးရော ယုံကြည်တာ လား .."

"ယုံကြည်တာ .."

"မဟုတ်သေးဘူး ထင်တယ် နော် .."

ဒေါ်ယဉ်လှဲ့ မတင်မကျကြီး ခံစားနေရပါပြီ .. ဒီနေ့ သားသမီး ဆီက ကြားရတဲ့အကြောင်းကိစ္စတွေကို ကိုကောင်း က သိသေးတာ ပေါ့ ..၊

ဒါပေမယ့် သူမကတော့ အမွေဖြတ်ကြော်ငြာသည့်ကိစ္စကို ထပ်သိ ပြီ .. ဘယ်တူမကို အမွေဖြတ်တာလဲဆိုတာက တော်တော်တွေးဖို့ သည့်ကိစ္စပါ ..၊

"ဘာကို မဟုတ်သေးတာလဲ ယဉ်လှဲ့ .."

ကိုတုန်းကတော့ လှဲ့ လို့ပဲ ခေါ်နေကျပါ .. ခုထိလည်း ခေါ်ဖြစ်နေ .. ဒါပေမယ့် သမီးဖြစ်သူကလည်း သူမကိုယ်ကို လှဲ့ လို့ ထည့်ပြော



www.burmeseclassic.com

www.burmeseclassic.com



နေတာမို့ ဦးကောင်း က ဇနီးသည်ကို ယဉ်လှဲ လို့ ပြောင်းလဲ ခေါ်ဝေါ်...
ကာ ....

"မျက်နှာလည်း မကောင်းပါလား .. ပြောစရာရှိရင် ပြော...ကွာ .."

"ရှင့်ကို အလုပ်ကအပြန် အမောပြေစေမယ့်စကား မဟုတ်...တော့ မပြောချင်ဘူး .."

"ကွာ .. လင်မယားချင်းပဲ .. မင်းနဲ့ ငါကြားမှာ ဘာကိစ္စ...ကွယ်ဝှက်ဖုံးဖိနေဖို့ မလိုဘူး .. ပြော .. ဘာလဲ .."

"ကိုသာယာ တို့ကို ရှင် ယုံကြည်တယ်ဆိုတာနဲ့ပဲ ကျွန်မလည်း...ယုံပါတယ် .. ဒါပေမယ့် သူတို့တွေအားလုံးကို ယုံကြည်တာ မှား...တယ် ထင်တယ် .."

"ဘာဖြစ်လို့လဲ .."

"ကိုသာယာ က လူပျိုကြီးဆိုတော့ ဘယ်သူ့သားသမီးကိုပဲ ...ညှိုးထိုးထိုး သူ့တူမပဲလေ ..၊ ရှင်ကလည်း ညီမက မွေးတာကို ပေး...ညီက မွေးတာကို လိုချင်ပါတယ်နဲ့ ကြောင်းလမ်းခဲ့တာ မဟုတ်ဘူ...

"ငါ့ဘက်က အဲဒီလောက်ထိ သူနဲ့ မရင်းနှီးဘူး ယဉ်လှဲ .. ...ဖက်ချင်းလည်း မဟုတ်ဘူး.. မိတ်ဟောင်းဆွေဟောင်းတွေလည်း မ...ဘူး .. မိုးကုတ်ရိပ်သာ သွားဖြစ်တိုင်း သူနဲ့ဆုံမိကြပြီး တရားအကြော...ဆွေးနွေးမိရင်း စိတ်တူကိုယ်တူလို ရင်းနှီးသွားကြတာ .."

"ဟုတ်ပါတယ် .. ကျွန်မ ပြောချင်တာက သူ အမွေဖြတ်...ဘယ်သူ့သားသမီးကိုလဲ ..၊ ဘာကြောင့်လဲဆိုတာ ကျွန်မတို့ မသိ...အခု မငုဝါ ရဲ့သမီးနဲ့ ကျွန်မတို့က ကမ်းလှမ်းထားပြီးပြီ .."

"အဲဒါ ပြဿနာရှိလို့လား .."

"ဟုတ်တယ် ရှိနေတယ် .. မငုဝါ တို့က စိတ်ဓာတ်ဖြောင့်...မပေါ်ဘူး .."





ဦးကောင်း က အဲလေးအနက် နားထောင်နေ၏။ ဒေါ်ယဉ်လှဲ...စစ် နဲ့ ခြူ တို့ ပတ်သက်မိပုံကအစ သူ ကြားရတဲ့အတိုင်း ပြန်ပြော...တာ ...

"ကျွန်မ ငြိုငြင်စကားပြောတာက အမွေဖြတ်တဲ့သတင်းကြောင့်...ဟုတ်ဘူး .."

"ငါ သိပါတယ်ကွာ .."

"ရှင်ပဲ စဉ်းစားကြည့်.. ကလေးတွေ ပြန်မလှန်ရဲအောင် ကျွန်မက...အားကို အတ္တတွေထည့်ပြီး ပြောနေရတာ .. တကယ်တမ်းကျတော့...တစ်ခုပဲ ချမ်းသာတာနဲ့ ဘဝကြီးတစ်ခုလုံး ပြည့်စုံအေးချမ်းမှာ...ဟုတ်ဘူးလေ .."

"အင်း .."

"ကလေးတွေကို ရွှေဘုံပေါ်မှာ စံစေချင်တာလည်း မှန်တယ် ..၊ ...မတို့လို ဘဝရဲ့အချိန်တွေ အများကြီးမှာ ခါးချည့်အောင် ကြိုးပမ်း...ာန်နေရတာမျိုး မဖြစ်စေချင်တာရောပဲ .. ဒါပေမယ့် အဂ္ဂရာကို...ဖြစ်စေချင်သလို ဖန်တီးယူလို့ရတာမှ မဟုတ်ဘဲ .. ချမ်းတော့...သာပါ့ရဲ့ .. စိတ်ဓာတ်ယုတ်ညံ့နေရင် သားပဲ စိတ်ဆင်းရဲရမှာ .."

"မင်းလည်း သေချာ ပြောဆိုမကြည့်ရသေးဘူး မို့လား .."

"ရှင်လည်း ဦးသာယာ ကို ဘယ်နေ့ ဘယ်ရက် လာစေ့စပ်ပါမယ်...ပြောရသေးလို့လား .."

"ဟုတ်တယ် .. ဒီရက်ပိုင်းတွေမှာ ကိုသာယာ ကို မတွေ့ဘူး ..၊ ...အတွင်းရေးမှူးနဲ့ ယူယုံကြီးပဲ သူ့လုပ်ငန်းကိစ္စတွေကို ကိုင်တွယ်...နေတာ .. ပြီးတော့ .."

"ပြီးတော့ ဘာဖြစ်လဲ .."

"အကဲခတ်ရတာတော့ သူ စိတ်ရှုပ်နေပုံပဲ .. ဒါကြောင့် ငါ မပြော...တာ .. ပြောဆိုထားကြတဲ့စကားတော့ ရှိပြီးသားပဲလေ .. မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အမေ အချင်းချင်းတော့ တွေ့ဆုံရင်းနှီးထားလို့ ရတာပဲ ..၊ ငါက အဲ
ကို စိတ်ကူးမိလို့ နှစ်အိမ်တစ်အိမ် ရင်းနှီးထားကြရင် ပြီးတာပဲလို့ ေ
တာ .. ငါတို့ချင်း အဆင်ပြေပြေ တွေ့ဖြစ်ကြတာနဲ့ နားဖောက် စိစဉ်
ပေါ့ ..''

"အခု ကျွန်မ ပြောပြတဲ့ အခြေအနေတွေကို ကြားရတာတော
လား ..''

"ဒါက ...''

ဦးကောင်း ပြောလက်စနှင့် ထစ်ငေါ့သွား၏။ ပြီးတော့ ပင့်သ
ရှိက်ကာ ထပ်ဝတ်ထားသည့်တိုက်ပုံအကျီကို ချွတ်ပစ်လိုက်ပြီး ခ
နောက်မှီမှာ တင်လိုက်ရင်း ...

"သူတို့အလုပ်သမားနဲ့ သူတို့ရဲ့ကိစ္စကွာ .. တို့က သူများအိမ်
ရေးကို အရမ်းစိတ်ဝင်စားလွန်းရာ ကျပါတယ် ..''

"စိတ်ဝင်စားရမှာပဲ ကိုကောင်း ရဲ့ .. သားငယ်က သူတို့အိမ်
ဝင်စုံစမ်းတာ မဟုတ်ဘူး .. ဟိုရေးခေတ်ကဆို ချွေးမရွေးဖို့အ
ရေတ်သီးထောင်းခိုင်း .. ဆန်ပျာခိုင်းနဲ့ တွေ့ဆုံ အကဲခတ်ကြသေး
အခု သူတို့မီးဖိုချောင်ထဲထိ ကျွန်မတို့ မစပ်စုပါဘူး .. ခြံထဲမှာ
မြင်တွေ့လာခဲ့တာ ရှင့်သားကိုယ်တိုင်ပဲ ..''

ဦးကောင်း ငိုင်တွေသွားခဲ့၏။

"သားတို့ကိုတော့ ကျွန်မ ရေးကြီးခွင်ကျယ် ဘာမှမပြောရသေ
ဘူး .. ကျွန်မတို့မိဘတွေကတော့ သားသမီးတွေရဲ့ဘဝအရေး
အကောင်းဆုံး စီမံပေးကြရမှာမို့လား .. သူတို့ကို တိုက်ကျွေးမယ်
က ဆေးမဖြစ်ဘဲ ဘေးဖြစ်မှာမျိုးဆိုရင် ဖယ်ရှားပစ်ရမှာပဲ ..''

"မင်းက လုံးဝ လက်လွှတ်လိုက်ဖို့ စဉ်းစားတာလား ..''

"ရှင် ဘယ်လိုဖြစ်စေချင်လဲ ပြောလေ .. သူတို့က ချမ်းသာ
တော့ မှန်တယ် .. ဒါပေမယ့် ...''





"ဒါပေမယ့် ငါကတော့ မင်းကိုယ်တိုင် ပြောဆို လေ့လာစေချင်
တာ ..''

ဒေါ်ယဉ်လှဲ ခဏငြိမ်သွားသည် ..၊ ပြီးမှ ခေါင်းညိတ်၍ ...

"ပြီးရောလေ .. ကျွန်မက ပိုရင်းနှီးရင် ပိုအားနာနေရမှာ စိုးလို့ပါ..
နှ ဒီတိုင်းရှိနေရင် သွားလိုက်ပါ့မယ် .. ကျွန်မလည်း ဒီမိန်းကလေး
ကို စိတ်ဝင်စားပါတယ် ..''

"ဖေဖေ ..''

နောက်မှာ ရောက်နေတာကြာပြီဖြစ်ပေမယ့် လူကြီးတွေ စကား
က်သွားမှာစိုးလို့ လှဲ က ခဏရပ်နေခဲ့၏။ ဆုံးဖြတ်ချက်ချလိုက်
ကြားတော့မှ ထွက်လာပြီး သံပရာရည်ဖန်ခွက်လေး ကမ်းပေးသည်။
စိတ်ထဲမှာတော့ မသက်သာပါ ..၊

ခြူ့ ကို မြင်လိုက်ရင် မိန်းကလေးဖြစ်နိုင်တယ်လို့ မေမေ တွေး
ကို သိနေသည် ..၊

ဒါဆိုရင် မောင်မောင့်ကို ဘာပြောမလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၂)

လက်ကဒ္ဒါရာတွေကို ရေမွှေးဖတ်လေးနဲ့ သေချာသန့်စင် ရင်း လူရိပ်မြင်လိုက်သဖြင့် မော့ကြည့်လိုက်မိ၏။

"ဟဲ့ .."

မှုံ မျက်နှာက တင်းမာခြင်းထက် ပို၍ ခပ်မဲ့မဲ့ နီမြန်းလျက် ...

"ဒဏ်ရာလေးတပြပြနဲ့ အမူအရာတွေ သိပ်ပိုနေတယ် ... လား .."

ခြူ မျက်နှာလေး မသိမသာ တည်သွားသည်။

"ဟွန်း .."

မှုံ က ခါးထောက်၍ ချထားသည့် ရေမွှေးဗလုံးနဲ့ ဆေးပစ္စည်း ကို ရန်သူ့မျက်နှာ ကြည့်သလို ရူးရူးဝါးဝါး ကြည့်၏။

"နင်ဟာလေ .. မြူစီစီနဲ့ တော်တော်မာယာများတဲ့ ယောက်ျား ... မပဲ .. စည်းရုံးရေးကလည်း တော်ပါ့၊ မောင့်ကိုရော အစ်မကိုပါ ဘ... ပစ်ပေါင်းလိုက်တာလဲ ...၊ ပွဲ့ထူမယ့်လူနဲ့ .. ဆေးကုပေးမယ့်လူနဲ့ ...





"မငယ် ဘာတွေ လာပြောနေတာလဲ .."

"နင် ဒီဆေးတွေ အလကားရအောင် မြူဆွယ်စည်းရုံးလာတာ ... စစ် ကို ငါတို့ဝေါင်မှ သူကလွဲပြီး အိမ်ကလူတွေကို မသိဘူး...၊ သူ့အစ်မရဲ့ဆေးခန်းထိ လိုက်သွားတယ် .. လိုတာတွေ ရလာ ...င်လည်း လုပ်နိုင်တယ် .."

"ဒါတွေ ကျွန်တော့်ဘာသာ ဝယ်လာတာ .."

ခြူ က နောက်ဖေးခြံထဲ ဆင်းသည့် လှေကားထစ်လေးမှာ ထိုင်နေ ...ခြင်ကာ မှုံ့ စကားတွေကြောင့် စိတ်လိုက်မာန်ပါ ဖျတ်ခနဲထရပ်၏။

"အံမာ .. နင်က ငါ့ကို ခံပြောရဲတယ် ..၊ ကဲဟာ .."

"ခွမ်း .. ခွမ်း .."

မှုံ က ဒေါသတွေကြီးကာ ရေမွှေးဗလုံကိုရော ပစ္စည်းတွေကိုပါ ...း လွှဲကန်ပစ်၏။

အားပါသည့်အရှိန်ကြောင့် ပစ္စည်းအားလုံးက ခပ်ဝေးဝေးထိ လွင့် ...သွားကြပြီး ...

"မာနတွေ လာပြမနေနဲ့ .. နင့်ကို ဘယ်သူမှ တာဝန်ယူချင်စိတ် ...ာလို့ ဒီနေ့ ငါတို့အိမ်မှာ ကျွန်လာဖြစ်နေတာ ..၊ ဘဘကလည်း ...ာစ်စံအိမ်ကိုရောင်းပြီး အခု နိုင်ငံခြားထွက်တော့မယ်တဲ့ ..၊ ပြော ... နင် ဘာလုပ်မလဲ .."

"ဘာမှလုပ်ဖို့မလိုဘူး မငယ် .. ခြူ ဆိုတဲ့ ကျွန်တော်က အရိပ်မိုး ...မှာ ကပ်မှီနေရမှ အသက်ရှူဝမယ့်လူမျိုး မဟုတ်ဘူး .."

"အံမာ .. လာသေးတယ် .."

"တစ်သက်လုံးက ကတ္တီပါကော်ဇောပေါ်မှာ နင်းပြီး အဲ့ရ်ကွန်းနဲ့ ...ာပဲမယ့် ဆူးတောထဲ တိုးဝင်ရမှာလည်း မကြောက်ဘူး .. ခြေပူကျဲ ... ဖိနပ်မပါ ထီးမပါဘဲလည်း သွားရဲတယ် .."

"ဒါဆို သွားလိုက်လေ .. ငါတို့အိမ်မှာ မနေနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ် .. ကျွန်တော်ကလည်း ဒီလိုပြောလာကြမှာကို
သိနေပါတယ် .. ဒါပေမယ့် 'ငါတို့ ဘာပြောရသေးလို့လဲ' ဆိုတဲ့
ကျန်မှာစိုးလို့ နေနေတာ .."

"တောက် .. လူပါးဝလိုက်တာ .. နင့်ကိုယ်နင် ယောက်ျား
ဝတ်ထားတာနဲ့ပဲ တစ်လောကလုံးကို ခါးစောင်းတင်ထားလို့ရပြီ မှ
နေသလား .."

ခြူ က နဖူးပေါ်နေ မျက်တောင်ဖျားတွေထိ စိုက်ဆင်းနေသည့်
ဆံပင်တွေကို လက်ခုံနဲ့ အသာလေး သိမ်းတင်လိုက်ရင်း အေးစက်
ပြန်ကြည့်၏။

"ကျွန်တော် အဲလို ဘယ်ဟုန်းကမှ မမှတ်ခဲ့ဘူး မငယ် .. လော
ကို ခါးစောင်းတင်ဖို့ထက် ကိုယ့်ကို သူများ ချနင်းမသွားအောင် ဘာသ
တွေ လိုသလဲပဲ သိချင်တာ .."

"ဟဲ့ .. နေဦး .."

ခြူ က စကားဆုံးတာနှင့် ခြေလှမ်းပြင်သည်။ မှူ က အလောတကြီး
တား၍ ...

"နင့်လို ဟိုမကျဒီမကျ မိန်းမကို အချိန်ကုန်ခံပြီး စကားလာ
တာ မှတ်နေသလား .. အိမ်ရှေ့မှာ အန်တီယဉ်လှဲ့ နဲ့ စစ် တို့ ရောက်
တယ် .. သွား အထဲဝင်ပြီး အခန်းတံခါး ပိတ်နေ .."

"အဲဒါ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ .."

"နင်က ဘာမို့လို့ ငါ့ကို ပြန်မေးနေတာလဲ .."

"ကျွန်တော့်ကို နာခံဖို့ ခိုင်းနေလို့ မေးတာပါ .."

"မမေးနဲ့ .. ခိုင်းတာလုပ်လိုက် .. အခုလောလောဆယ် နင် ငါ့အ
မှာ ငါတို့ကျွေးတာ စားနေတာ .."

"အဲလိုပြောရင်တော့ မစားဘူးလို့ ပြောရမယ်ထင်တယ် .."

"ဘာ!... ဘာပြောလိုက်တယ် .."





"ကျွန်တော် ဒီရောက်တည်းက ဒီကကျွေးတာဆိုလို့ မုန့်တစ်ခု
တောင် ယူမစားခဲ့ဖူးဘူး .. အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ရောက်လာ
ဆိုမယ့် ကျွန်တော့်ထမင်းဖိုးတော့ ကျွန်တော် ရှာနိုင်တယ် .."

"တောက်!... ကောင်မ .."

ဘယ်လိုမှ စိတ်ထိန်းမရသည်နှင့် မှူ တအားလွှဲရိုက်ပစ်လိုက်သည်။
သို့သော် ထိုလက်ကို နောက်ကနေ တစ်စုံတစ်ယောက်က ဆွဲထားလိုက်
တာ ...

"ဘာတွေဖြစ်နေကြတာလဲ .. စိတ်ညစ်လိုက်တာ နော် .."

ပိတောက် က နံ့သာရောင် မြန်မာဝတ်စုံပုံဆန်းလေးနှင့် မျက်နှာ
မှာလည်း ပြင်ဆင်ခြယ်သပြီးပါပြီ ..။

သို့သော် ဆံပင်တွေကို ဆူးလိပ်နှင့် အစုလိုက်ပုံဖော် သိမ်းလှန်ထား
တာတွေကို ဖြေမချရသေး ..။

"ငါ ထင်လို့ ပြေးလာကြည့်တာ တန်းခနဲ ပါလား မှူ ရယ် .."

"နင် ငါ့ကို မပြောနဲ့ .. ဒီအခြောက်မ ဘယ်လောက် လူပါးဝသလဲ
သိလား .. ငါ့ကို ခံပြောနေတာ ရစရာမရှိဘူး .."

"အေး .. အဲဒါကို စစ် တို့ သားအမိ ပြန်သွားမှ ရှင်းရအောင် ..၊
သင်းကို ငါကရော ကျေနပ်နေတယ် မှတ်လို့လား .. ထားလိုက်ပါဦး
ဟာ .. အခု နင်ထွက်ပြီး ဧည့်ခံစကား သွားပြောစမ်းပါ .. သမီးရေလို့
မေမေခေါ်ရင် တစ်ယောက်တော့ထွက်မှ ဖြစ်မှာပေါ့ .."

"ငါတို့ ထွက်သွားတာထက် ဒီဟာမ ထွက်မသွားဖို့ပဲ အရေးကြီး
တာ ပိတောက် .. မထင်မှတ်ဘဲ စကားတွေရှုပ်ကုန်မှာစိုးလို့ အဲဒါကို
လာပြောတာ ငါ့ကို ခွေးကိုက်သလိုပဲ .."

ပိတောက် ရဲ့မျက်လုံးတွေကို ခြူ က တုံ့ပြန်ကြည့်မနေပါ..၊ ရှေ့ဆို
ထားသဖြင့် လေတိုက်လာတော့ ဒဏ်ရာတွေက တဆစ်ဆစ်ကိုက်လာ
သည်။



www.burmeseclassic.com

www.burmeseclassic.com



ခွေးသွားအောင် လက်ဖဝါးချင်း ထပ်ကပ်ထားလိုက်မိ
လေးပုလင်းလေး လွင့်သွားတဲ့နေရာထိ လိုက်ရှာကောက်သည်။

နှံလှည့်လိုက်တော့ ပိတောက် က သူမရှေ့ကို ဘယ်လိုပြေးလွှား ရောက်လာမှန်း မသိ ...၊

"ဟဲ့ ခြူ .. လာစမ်း .."

လက်မောင်းကို ဆောင့်ဆွဲကာ နောက်ဖေးလှေကားကနေ ပြန့်ဝင် ဖြစ်အောင် တွန်းထိုးပို့ရင်း ...

"သွား ဝင် .. အခန်းထဲက လုံးဝ မထွက်နဲ့ .."

"ကျွန်တော် မဝင်တော့ဘူး မလတ် .."

ပြောပြီး လက်ကို ပြန်ရုန်း၍ နောက်ဆုတ်ရပ်လိုက်ကာ ...

"မငယ်က ထွက်သွားဖို့ ပြောပြီးပြီ .."

"ဘာ!..."

ပိတောက် ဘယ်လိုဖြေရှင်းရမှန်း မသိ ဖြစ်သွား၏။ အိမ်ရှေ့မှာ ဒေါ်ငုဝါသင်း လည်း ရင်တထိတ်ထိတ်နဲ့ပါ ...၊

ဖုန်းကြိုမဆက်ဘဲ ရောက်လာကြသည်။ ခဏ ဝင်နှုတ်ဆက်တာ ဆိုပေမယ့် အိမ်ထဲဝင်ပါ မဖိတ်လို့ တော်မလား ...၊

"ကလေးတွေ မရှိကြဘူး ထင်တယ် .."

"ရှိ .. ရှိတယ် မလှဲ့ ရဲ့ ...၊ သမီးရေ .."

အထဲမှာ သမီးတွေ အိုးနင်းခွက်နင်းဖြစ်နေကြပြီကို သိသည်။ နောက်ထပ် ခြူ ဆိုတဲ့ ကောင်မလေး ယောင်တောင်ပေါင်တောင်ထွက် လာပြီး အိုးနင်းခွက်နင်းတွေ ထွက်ပြောလိုက်ရင် သွားပြီ ...၊

ဒေါ်ယဉ်လှဲ့ ကတော့ လာတည်းက တမင်အငိုက်ဖမ်းလာတာမို့ ဒေါ်ငုဝါသင်း ကွက်ခြေပျက်ယွင်းနေတာကို အေးဆေးပဲ ထိုင်ကြည့်နေ လိုက်၏။ စစ် ကလည်း မရင်းနှီးသည့်မျက်နှာနှင့် ထိုင်လိုက်ပြီဆိုတည်း က နေရာမရွေ့ ...၊





"ကော်ဖီသောက်လေ .. မုန့်တွေ စားပါဦး သားရဲ့ .. သားက အိမ်ကို ခဏခဏရောက်ဖူးတာပဲဟာ မသိတဲ့လူတွေ ကျနေတာပဲ .."

"ဟုတ်လား .. သားက မေမေ လွှတ်တာ မဟုတ်ဘဲ ဘယ်နှစ် ခေါက်တောင် ရောက်ဖူးနေတာလဲ .."

စစ် က ကိုယ့်ကို တိုက်ရိုက်မေးလာသဖြင့် ဆတ်ခနဲ ဖြစ်သွားသည်၊ ပြီးမှ ခပ်ယဲ့ယဲ့ပြုံး၍ အိမ်ထဲကို မေးဆတ်ပြကာ ...

"အိမ်ထဲကို တစ်ခါပဲ ရောက်တာပါ .."

"ဪ.. ဟုတ်လား ...၊ သမီးတို့နဲ့ အပြင်မှာပဲ စကားပြောခဲ့ကြ တာလား .."

"မဟုတ်ဘူး .. ကျွန်တော်က ဒီမှာနေတဲ့ ခြူ နဲ့ပဲ သိတာလေ.."

"ခြူ ဆိုတာ ဘယ်သူလဲ .."

မမ ပြောပြလို့ မေမေ ဒါတွေ သိပြီးသားပါ ...၊ ဘာဖြစ်လို့ ဒီအိမ်ထဲ ရောက်မှ ထပ်မေးနေတာလဲ ...၊

ကိုယ့်အမေရဲ့မျက်လုံးတွေကို အဖြေရှာသလို တစ်ချက်တော့ကြည့် မိ၏။

ဒါပေမယ့် ဖုံးဖိထားခဲ့တာမဟုတ်တော့ ပြောပြီးသားအတိုင်းပဲ ပြန် ပြောပြလိုက်ကာ ...

"ခြူ နဲ့ ကျွန်တော်က မိတ်ဆွေတွေပါ .. ဒီကိုလာရင်းနဲ့မှ ပြန်ဆုံ လို့ ခြံထဲမှာတွေ့တော့ စကားပြောဖြစ်ကြတာ .."

"အိမ်ထဲကိုတော့ ရောက်သေးတယ်ဆို .. မေမေက မေမေ လွှတ် ဘိုင်း ငါ့သားလေး တကယ်သွားရဲ့လားလို့ ကိုယ်တိုင် လိုက်လာပြီး မိတ်ဆက်ရတာ .."

"အပ်ွန်း .."

စစ် က ဆံပင်သပ်လိုက်ရင်း အပြစ်ရှိသူလို ရယ်လိုက်၏။ ပြီးမှ...

"အဲဒါလည်း ခြူ့ကြောင့်ပဲ မေမေ .. သူ ခြံထဲမှာ အလုပ်လုပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



[illegible] .. အဲဒါ ပွေ့ခေါ်လာပြီး သူ့ကို ဒီမှာလာထားပေးတာ .. [illegible]ပြီးတော့ ဆရာဝန်ခေါ် ဘာညာနဲ့ အလုပ်ရှုပ်ပြီး မပိတောက် တို့နဲ့ ၁ကား သိပ်မပြောဖြစ်ဘူး .."

ခြူ့ အကြောင်း ပါလာတာနှင့် ဒေါ်ငုဝါသင်း မျက်နှာ အကြီးအကျယ်ပျက်သွား၏။ ခုနေသာ သမီးနှစ်ယောက် ထွက်လာကြရင် ပြီးပြီ ..၊

ဒီကောင်မလေးတွေ ဘာတွေ လုပ်နေကြတာလဲ ..၊

"အင်း .. သားရဲ့မိတ်ဆွေဆိုတော့ ပြန်ရင် မေမေ့ကို မိတ်ဆက်ပေးပါဦး ..၊ ဒါနဲ့ ခြူ့ ဆိုတာ မငုဝါ တို့ အိမ်က မာလီလား .."

"ဟင် .. ဩော် .. ဟုတ် .. မဟုတ်ပါဘူး .."

မာလီဆိုရင်ရော မာလီလို့လူနဲ့ ကိုယ့်သား မိတ်ဆွေဖြစ်နေတာကို လိုက်မိတ်ဆက်ဖို့ လိုလို့လား ..၊

ဒေါ်ငုဝါသင်း စိတ်ကတွေးတာ တခြား ..၊ ပြန်ဖြေမိတာတွေက တခြားနှင့် စကားတွေက ရှေ့နောက် မညီ ..၊

"ဟုတ်တော့ ဟုတ်ပါတယ် .. ဟိုလေ .. ဒါပေမယ့် ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး ..၊ လူတွေက သိတယ်မို့လား .. ရင်းနှီးလို့ အခွင့်အရေးပေးလိုက်ရင် သိပ်ပြီးတော့ နေရာယူချင်တာ .."

ဆွေမျိုးထဲကလို့ ပြောချင်ပေမယ့် ကိုယ့်ရဲ့ဂုဏ်သိက္ခာရှိသေးသည်။ ဘာမှမတော်ဘူးပြောပြန်ရင်လည်း နောင်ရေးက ရှိသေးသည်။

တစ်နေ့နေ့ အမှန်တရားပေါ်သွားရင် ဒါက ပြောစရာတစ်ခု ဖြစ်လာနိုင်တာမို့ ...

"ဒီကောင် အဲ .. အဲဒီကောင်လေးက အရမ်းကို အရွတ်ဆန်ချင်တာ .. သူ့ကို စိတ်ဆိုးလို့များ တစ်ခုခု ဆူကြည့် .. သူ ပြန်ရွဲ့တာနဲ့ ပြဿနာက အကြီးကြီး ဖြစ်သွားတာပဲ .."

"ဩော် ..."





"ဒါကြောင့် ပြောတာပေါ့ .. လက်အောက်ငယ်သားဆိုတာ အရေးပေးလို့ မကောင်းဘူး .. သူက သားလိုလူနဲ့ ရင်းနှီးပြီး အရေးပေးဆက်ဆံတာခံရတော့ ငယ်သူပီပီ မာန်လေးတော့ တက်တာပေါ့ နော် .."

အရယ်လေးစွက်ပြီး ပြောတာပေမယ့် စစ် ကို အဲဒီလိုအဆင့်အတန်းနဲ့ မပေါင်းသင်းဖို့ ပြောလိုက်ခြင်းပဲဆိုတာ ဒေါ်ယဉ်လှ သိသည်။

ထို့ကြောင့် မျက်ခုံးအစုံ အနည်းငယ် တွန့်သွားပေမယ့် သူတို့လိုပဲ ဟန်မပျက်ရယ်ကာ ...

"ဟုတ်တယ် .. တချို့ကျတော့ အဆင့်အတန်းနဲ့လိုက်ပြီး စိတ်ဓာတ်နိမ့်ကျသွားတာတွေ ရှိတယ် .. ဒါပေမယ့် လူတိုင်းတော့လည်း မဟုတ်ပါဘူး .. အဆင့်အတန်းရှိပြီး စိတ်ဓာတ်ကျတော့ သေးသိမ်နေတဲ့ လူမျိုးတွေလည်း ရှိသေးတယ်လေ ..၊ အဲဒါကြောင့် သားငယ်ကို သူ့ရဲ့ ပေါင်းသင်းဆက်ဆံရေးထိ ကျွန်မ မချုပ်ချယ်ထားဘူး .. ဒီအရွယ်ဆို ကလေးမှ မဟုတ်တာနော် .."

"ဒါပေါ့ .. ဒါပေါ့ .."

ငါတို့ကိုများ စောင်းတွယ်နေတာလား ..၊

သူတို့ ရောက်လာတာ ရိုးမှရိုးရဲ့လား ..၊

သမီးတွေကို သေချာလေ့လာချင်လို့ မအေကိုယ်တိုင် ပါလာတာဆိုရင်တော့ ရှေ့ဆက်ကြဖို့ ရင်လေးဖွယ်ပါ ..၊ ဒေါ်ငုဝါသင်း ရင်တွေပူလာသည်။

ခုနေသာ သမီးတို့ မလာသေးပါလားလို့ ထပ်မေးလိုက်ရင် သွားပြီ..၊

ပိတောက် ဘာလုပ်နေသလဲ ..၊ မှုံ ကရော ပိတောက် နဲ့အပြိုင်မှန်တင်ခုံရှေ့မှာ ခြယ်သလို့ မပြီးနိုင်ဘူးလား ..၊

ညီအစ်မနှစ်ယောက်စလုံး စစ်သည်ကောင်း ကို [illegible]နေကြသည် ..၊ ဒါပေမယ့် ယောကျ်ားကောင်းတစ်ယောက်နဲ့ လက်ထပ်ဖို့ဆိုတာ မိမိ လှနေဖို့တစ်ခုတည်းနဲ့ ပြီးသလား ..၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးအတွက် စဉ်းစားပြီဆို နှစ်ဖက်မိဘ သဘောတူ ကျေနပ်ဖို့တွေ .. လက်ထပ်မပြီးမချင်း မိမိရဲ့ဂုဏ်သိက္ခာ နာမည် တစ်ခု တစ်ရာမှ အစွန်းအထင်း မဖြစ်ဖို့တွေ ..။

ဒါတွေအတွက် လုံခြုံအောင် ကြိုးစားဖို့တော့ နားမလည်ကြ လား ..။

"ညည်းတို့ နေတာထိုင်တာတွေ ပြောပုံဆိုပုံတွေ ပြင်စမ်းပါကွယ် အိမ်မှာနေတာပဲဆိုပြီး ပါးစပ်မပေါ့နဲ့ .. ထင်သလို မနေနဲ့ ..။ အကျင့် ဆိုတာ ဖျောက်လို့ မလွယ်ဘူး .. လူရှေ့ကျမှ ပြင်မှာပေါ့ဆိုတာလည်း မရဘူး .. ပြောနေကျပါးစပ်က ပြောလာတာပဲ ..။ အထိုင်မတတ်တဲ့သူ လည်း ဘယ်မှာဖြစ်ဖြစ် ကိုးရိုးကားယားကြီး ဖြစ်နေမှာပဲ .."

ကိုယ် ပြောဆိုဆုံးမခဲ့တာတွေကို ကိုယ့်ဘာသာတောင်မှ မှတ်မိ နေသေးသည် ..။ သင်းတို့ တစ်ခုမှ နားထဲမဝင် .. လုမ်းခေါ်တာ နှစ်ခါ ရှိပြီဖြစ်ကာ စစ် တို့ ရောက်နေတာလည်း ကြာပါပြီ ..။

ဒါပေမယ့် သမီးနှစ်ယောက်ကတော့ ခုချိန်ထိ ပေါ်မလာ ..။

"ဟော .. သားရဲ့ဖုန်းလား .. မင်းအစ်မဆီက ထင်တယ် .."

"ဟုတ်တယ် မေမေ .."

ခဏနော်လို့ ပြောပြီး ဖုန်းကိုင်ရင်း စစ် က ထထွက်သွားသည်။ ဒါပေမယ့် ခပ်ဝေးဝေးမရောက်ခင် ပြန်ဝင်လာကာ ...

"မေမေ့ကို မမ ခေါ်နေတာ .. ဒီညနေ သွားစရာရှိတယ်ဆိုလို့ မမ စောစောပြန်လာတာတဲ့ ..။ ပြောမလား မေမေ .."

"နေနေ သား .. ဟုတ်တယ် .. အဲဒါကို မေမေ မေ့ပြီး အေးဆေး ထိုင်နေမိတာ ..။ ကဲ .. ခွင့်ပြုဦး မငဝါ ရေ .. ဒီညနေ အိမ်တက်လုပ်တဲ့ နှယ်ကမိတ်ဆွေ ညှော့ခံပွဲရှိလို့ သွားရဦးမှာ .."

တစ်ဆက်တည်း နှုတ်ဆက်ပြီး နေရာမှ ထရပ်လိုက်လျှင် ခေါင်ဝါ သင်း မျတ်စိမျက်နှာပျက်နှင့် ခေါင်းညိတ်ရင်း ...





"ညစာစားပြီးမှ ပြန်ပါလို့ ပြောမလို့ မလဲ့ ရယ် .. သမီးတို့က သည်း အဲဒီအတွက် ..."

"သြော် .. ရပါတယ် .. နောက်လည်း တွေ့ကြဦးမှာကို .. ကျွန်မ ကတောင် မြန်းခနဲကြီး အိမ်ဝင်လည်မိသလိုဖြစ်လို့ အားနာနေတာပါ..။ သမီးတို့ လွတ်လွတ်လပ်လပ် နေပါစေ .. သူတို့ချင်း စိမ်းနေသေးတော့ သည်း ထွက်တွေ့ရမှာ ရှက်နေကြမှာပေါ့ .."

ကြားကောင်းအောင် ပြောတာလား ..။ တကယ်နားလည်တာ ဟုတ်ရဲ့လားဆိုတာ အကဲခတ်နေပေမယ့် ခေါ်ငဝါသင်း မဝေခွဲနိုင် ..။

"ခဏလေး မေမေ .."

စစ် ကတော့ သူမဆီကို တန်းတန်းမတ်မတ် လျှောက်လာခဲ့ပြီး...

"အန်တီ ကျွန်တော် ခြူ့ ကို သတင်းမေးချင်ပါတယ် .. ခဏ ကြည့်လို့ ရမလား .."

"ဟင်!... ခြူ့ ကို .."

"သူ ဒီနေ့ အလုပ်ထဲက နေ့တစ်ဝက်နဲ့ ပြန်သွားတယ်ဆိုလို့ .."

"ဟုတ်လား .. အဲဒါ အန်တီတောင် မသိဘူး ..။ ဒါဆိုရင် ဆေး သောက်ပြီး အိပ်များနေမလားပဲ .."

"အိပ်နေပြီ မေမေ .."

"ဟင် .."

အားလုံး လှည့်ကြည့်လိုက်တော့ ဝတ်မှုံ က စိမ်းပြာရောင်မှာ ပန်း ရောင်ပွင့်လေးတွေ အနားသတ်ပါသော ခါးကျပ်လက်ပွနှင့် ခြေဖျားထိ ဂါဝန်လေးနဲ့ လှုလှပပ ထွက်လာ၏။

နှုတ်ခမ်းမှာ ပန်းရင့်ရောင် စိုအိနေကာ ကော့နက်နေသည့် မျက် တောင်ဖျားတို့ပေါ်မှာ အစိမ်းရောင်ရဲ့ဒိုးလေးတွေ တင်ထားသေးသည်။

"စစ် ရောက်လာတာ သူ့ကိုမေးမှာပဲ ထင်တာနဲ့ ဖြေလို့ရအောင် ဝင်ကြည့်ခဲ့တာလေ .. အိပ်နေတာ သိုးလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား .. ကောင်လေးက အိမ်ပေါ်မှာ နေတာလား .."

ဒေါ်ယဉ်လှဲ က မေးလိုက်ပေမယ့် ဖြေတာကိုမစောင့်ဘဲ စစ် ... လက်ကို လာဆွဲကာ ...

"သား မမ စောင့်နေလိမ့်မယ် .. လာပါ မေမေ့ကို လိုက်ပို့ .." ပြောပြီးမှ ဝတ်မှုံ ကို ပြုံးပြ၏။

"သမီးလေးက ချစ်စရာလေးပဲ .."

"ဩော် .. မေ့နေတာ .. သူက သမီးငယ် ဝတ်မှုံရည် လေ မယဉ်... သချီာနဲ့ ကျောင်းပြီးထားတာ .. သမီး .. သမီးအစ်မရော .."

"မမက အန်တီတို့ ဒီမှာ ညစာစားမယ်ထင်ပြီး မီးဖိုထဲဝင်... တယ် မေမေ .."

"ဩော် .. ဟုတ်လား .. ထင်တယ် ဒီလိုလုပ်နေပြီဆိုတာ .. ... သာ ကြည့်တော့ မယဉ်လှဲ ရယ် .. နောက်တစ်ခါ ထမင်းစားဖိ... ရစေ .. လာဖြစ်အောင် လာပါ နော် .."

"လာပါ့မယ်ရှင် .. ကျွန်မတို့ကလည်း ဖိတ်ပါဦးမယ် .. ခုန... ခွင့်ပြုဦးနော် .."

စစ် က နောက်ပြန်ခြေလှမ်းဆုတ်လိုက်ပေမယ့် အိမ်ထဲကိုပြ... တာ မျက်စိမခွာသေးပေ .. ဒေါ်ငုဝါသင်း ပြုံးပြနေရပေမယ့် မျက်... မဲ့တော့မလို ဖြစ်နေ၏။

ဝတ်မှုံ ကတော့ မေးဖျားပင့်၍ တမင်ပြင်ဆင်ထားသော ဂရု... သည့် မဲ့ပြုံးယဲ့ယဲ့နှင့် ..

"မမကြီး .. မမကြီး .."

အိမ်ပေါ်ကို ရုတ်တရက် ပျာယိပျာယာရောက်လာသူက ဧည့်... တွေကို သတိမထားဘဲ ဒေါ်ငုဝါသင်း တို့ဆီ တိုက်ရိုက်သွားရင်...

"အစ်ကိုဇေ .. အစ်ကိုဇေ တို့ ရန်ဖြစ်ကြတာ ဆေးရုံရောက်... က ရောက် .. ရဲစခန်းရောက်တဲ့သူက ရောက် .."





...တဲ့ .. ဟဲ့ .. ဩော် ..."

...အစ်ကိုဇေ ကတော့ ဒဏ်ရာသိပ်မပြင်းဘူး .. ဒါပေမယ့် ရဲစခန်း...

...ချုပ် .."

...ဒေါ်ငုဝါသင်း စိတ်မရှည်တော့ဘဲ လာပြောသူရဲ့လက်မောင်းကို ...ပြန်ဆောင့်တွန်းလိုက်ကာ ...

...တိတ်စမ်း .. ခု တိတ်လိုက်စမ်း .. နင် ဒီလောက်တောင် ...ပါး နားမလည်ဘူးလား ဟင် .. ဟိုမှာ ဧည့်သည်တွေ ထွက်သွား ...စောင့်ပါဦးလား .. နင် ကန်းနေလား .."

...ရှင်ဗျာ!..."

...နိုင်ဘာ လုပ်ပုံနဲ့တော့ ဒုက္ခတွေ ရောက်ပါပြီ ..

...ကြားပါဘူး မေမေရယ် .. ကိုကိုပြဿနာက အရေးမကြီးလို့ ...

...တဲ့ .. မကြားဘဲနေမလား .. ဒီရှေ့မှာပဲ သူတို့ရှိသေးတာကို .. ...ယ်လေး ငါ သေချင်ပါပြီ .. ငါ့ကို သတ်လိုက်ကြပါတော့ ..

BURMESE CLASSIC

...ဒေါ်ငုဝါသင်း ထဘီတစ်စ 'မ' ကာ အိမ်ပေါ်ကို ခြေလှမ်းပြင်လိုက် ...ရောင်ဝတ်စုံလွင်လွင်လေးနှင့် ထွက်လာသော ပီတောက် နှင့် ...လိုက်၏။

...ပ ပြင်ဆင်ထားသည့် သမီးဖြစ်သူ တစ်ကိုယ်လုံးကို ခြေဆုံး ...ကြည့်ကာ ဒေါ်ငုဝါသင်း မျက်နှာမဲ့သွား၏။ ပြီးတော့ ချာခနဲ ...ည်သွားလေသည်။

...ား .. ဟား .. ဟား .. နောက်ထွက်မင်းသမီး လုပ်ချင်တာလေ.. ...ပြင်တာတွေ အလကားဖြစ်သွားပြီ .."

...သွားကြတာလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟား .. ဟား .. ဟား ..."

ဝတ်မှုံ က အားပါးတရရယ်ကာ ခေါင်းလေးပါ ခါသွ[ား]
သည်။

ဒီအိမ်မှာ ဘယ်သူက ဘာလုပ်ချင်တာလဲ .. ၊ ဘယ်သူ့ကို [...]
က ဘာလဲ ..၊

ရည်ရွယ်ချက်တွေကိုယ်စီ ရှိနေကြရင်တောင် တစ်ယောက်[...]
သော အကြံအစည်တွေက စည်းလုံးနွေးထွေးမှု မပါ ..၊

အပေါ်ထပ်ရောက်မှ ဒေါ်ငုဝါသင်း အခန်းတံခါးပိတ်ပြ[ီး]
ခေါင်းကို ပြန်ထုလေသည်။





BURMESE CLASSIC

အခန်း (၂၃)

[...]နှင် ဘယ်သွားမလဲ ခြို ..၊

[...]ခြေထောက်တွေကို စေလိုရာနိုင်းနိုင်ပေမယ့် နားချင်ရာမှာ နားလို့
[...] ..၊

[...]အားမှတ်တိုင်ဘေးက ကုက္ကိုပင်ရိပ်မှာ ဝင်ရပ်လိုက်ရင်း ဘယ်
[...]လဲဆိုတာကို တွေးနေမိသည်။ သူများအိမ်ပေါ်က ဆင်းလာခဲ့ရ
[...]ိုပေမယ့် သူ့မှာ အဝတ်လေး သုံးစုံပဲ အပိုပါသည်။
[...]ခြားအပိုပစ္စည်းဆိုလို့လည်း နေ့စဉ် မရှိမဖြစ် အသုံးအဆောင်
[...]ာချို့မှလွဲ၍ ဘာမှမပါ ..၊
[...]ို့ကြောင့် သူမမှာ သားရေပျော့ လက်ဆွဲအိတ်လေးတစ်လုံးပဲ
[...]ာ သူများတွေ ပှိုနားဒီနား ထသွားကြတာမျိုးပဲ ဖြစ်၏။
"ဟယ် .. နှင်းခဲလေး .."
[...]ေါ်သံနှင့်အတူ လက်ကိုပါ အကိုင်ခံလိုက်ရသဖြင့် လှည့်ကြည့်
[...]၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကျော့ .."

"အောင်မယ်လေး .. နှင်းခဲလေး ရယ် .. ကြည့်ပါဦး .. အသား ညိုပြီး ပိန်ကျသွားလိုက်တာကွယ် .. ခုမှ လတောင်မကူးသေးဘူး

"ဒေါ်ကျော့ .."

ခြူ က ဒေါ်ကျော့ရဲ့လက်ကို ပြန်ကိုင်လိုက်ကာ ...

"အဲဒီငယ်နာမည်ကိုလည်း မခေါ်ပါနဲ့ .. နောက်တွေ့ရင်လည်း နှုတ်မဆက်ပါနဲ့ .."

"ဟင်!..."

ဆွဲခြင်းကို ချထားလိုက်ကာ ဒေါ်ကျော့ရဲ့ မျက်နှာ ငိုချလိုက် မလိုပါ ..၊ ပြီးတော့ သူ့လက်မှာ ထိကပ်လိုက်သော အထိအတွေ့ ခြူ့ လက်ကို ကမန်းကတန်း ဆွဲလှန်ကြည့်လိုက်၏။

"အောင်မလေးလေး!..."

ခြူ က လက်ကို ဖျတ်ခနဲ ပြန်ရုပ်ပစ်လိုက်ပြီး ...

"ကျွန်တော်နဲ့တွေ့ခဲ့တာ ဘာဘာကို ပြန်မပြောလိုက်ပါနဲ့ ..

"နှင်းခဲလေး ရယ် .. သူဌေးကြီးက ..."

"ဟင့်အင်း .."

"နေပါဦး .. နေပါဦး နှင်းခဲလေး ရဲ့ .. ဒီမှာလေ .. ဒေါ် ဈေးမှာတွေ့လို့ နှင်းခဲလေး ကို သတိရတာနဲ့ ဝယ်လာတာ .."

ခြူ့ လက်ကို တစ်ဖက်က ဆွဲထားရင်း တစ်ဖက်ကလည်း ထဲကို ကမန်းကတန်း ရှာဖွေနေကာ ...

"ဒီမှာ နှင်းခဲလေး ကြိုက်တဲ့ ရွှေသစ်တော်လေ .."

ယောက်ျားကြီးလက်သီးဆုပ်လောက်ရှိသည့် ရွှေအိုရောင် သီးကြီးက ဝိုင်းဝိုင်းစက်စက် ဝင်းထိန်နေကာ ခြူ့ ကို ရယ်ပြနေ ပင် ...

ဗိုက်တွေလည်း ဆာနေပြီမို့ ခြူ့ မျက်လုံးတွေ လက်ခနဲ





သို့သော် ...

"နေပါစေတော့ .."

"ဟင်!..."

"အဲဒါမျိုးတွေ မစားတတ်အောင် ကြိုးစားနေတာမို့လို့ အကျင့် သွားမှာ စိုးလို့ပါ .."

"နှင်းခဲလေး ရယ် .."

"ဦးကုလားကြီး စောင့်နေတယ်မို့လား .. သွားတော့ ဒေါ်ကျော့..၊ န်တော်နဲ့ တွေ့ခဲ့တာကို လုံးဝ ပြန်မပြောပါနဲ့ နော် .."

ဒေါ်ကျော့ ခေါင်းညိတ်ပေမယ့် မျက်ရည်တွေတော့ ဝဲနေရှာ၏။ ရာဇ်စံအိမ်ကြီးမှာ သူမက သက်တမ်းရင့် လူယုံဆိုတာမျိုးတော့ တ်ပါ ..။

သူမ သက္ကရာဇ်စံအိမ်ကြီးကိုရောက်ပြီး နှစ်နှစ်လောက်မှာပဲ မင်္ဂလာ ိမ်ကို ပြောင်းခဲ့ရသည် ..၊ ထိုစဉ်က သူမသာမကပေ ..၊

သက္ကရာဇ်စံအိမ်မှာ သူဌေးဦးမိုးခြူ ဆုံးပါးသွားသည်နှင့် အိမ်အကူ အားလုံးပါ ခြူ နဲ့အတူ မင်္ဂလာစံအိမ်ကို ရောက်ခဲ့တာဖြစ်၏။

ဘိုးဘွားစဉ်ဆက်က ရတနာအရောင်းအဝယ်လောက်သာ စီးပွား လုပ်ခဲ့ကြပေမယ့် ဦးသာယာ ကတော့ သားအကြီးဆုံး ဖြစ်သလောက် ရေးကို တိုးချဲ့ပွားများဖို့သာ တစိုက်မတ်မတ် လုပ်ခဲ့သည်။

သူနဲ့ သိပ်အဆင်မပြေတာက ညီမဖြစ်သည့် ဒေါ်ငုဝါသင်း ပဲဖြစ် ညီအငယ်ဆုံး ဦးမိုးခြူ ကိုတော့ အစစ ဂရုစိုက် ကြင်နာ၏။

ထို့ကြောင့် တူ တူမတွေ အတူတူပဲပေမယ့် ဦးမိုးခြူ က မွေးသည့် ကို သိသာစွာ အရေးပေး အလိုလိုက်သည်။ မိတဆိုးလေးမို့ သူကိုယ် အိမ်ထောင်မပြုနိုင်တော့ဘဲ တူမနဲ့သာ အချိန်ကုန်ခဲ့ရသည်အထိ ခဲ့သည်။

ခြူ ဟာ မိဘမဲ့ဖြစ်သွားခဲ့တဲ့အထိ ဖအေ့ရင်ခွင်မှာလည်း ကြင်



www.burmeseclassic.com

www.burmeseclassic.com



နာမှ အပြည့်အ၀ ရခဲ့သည်။ ၁ ကြိမ်ဖြစ်သူ ဦးသာယာ ကလည်း ဘ သွားသွား တူမကို ပါအောင် ခေါ်တတ်လေသည်။

ဒါကြောင့် ခြူ ဒီလိုပုံစံလေး ဖြစ်လာခဲ့ရသလို တူမကို တကြည့်ကြည့်နေတာမှလွဲ၍ ဘယ်လိုဝတ်ပါ .. ဘယ်လိုနေပါ တွေ ဘယ်တုန်းကမှ မပြောတတ်တဲ့သူ ..။

ခြူ ကလည်း ဘယ်လိုချမ်းသာစည်းစိမ်တွေနဲ့ နေရပေမယ့် သင်းပင်းတွေကိုလည်း နားမပူ ..၊ ဘယ်လောက်အလိုလိုက်ပါစေ ယာ အပေါ်မှာ ပြောရလောက်အောင် ဆိုးနွဲ့ခဲ့ပါတယ်ဆိုတာ

အလွန်အေးချမ်း၍ နူးညံ့လှပသော နှယ်နီနတ်ပန်းလေးလို

ဒါကြောင့်လည်း တူမကို ချစ်စနိုးဖြင့် နှင်းခဲလေး လို့ ခေါ် ကာ ခြူ့ ကို စောင့်ရှောက်ပြုစုနေကြသူတွေ အားလုံးကတော့ ဒီနာ လေးကိုပဲ ခေါ်ခဲ့ကြတာ ဖွဲ့ဖွဲ့မြဲမြဲ ..၊

ခြေလှမ်းတွေ နှေးကွေးခဲ့လျက် ခြူ့ ရှေ့မှာ ဝေ့နေသော မျ စတွေက မိုးစက်မိုးပေါက်တွေလို ကျလာကြလေသည်။

သူမတို့အားလုံး ခြူ့ ကို ချစ်ကြသည်။ ခြူ့ ကို ပထမဆုံး စောင့်ရှောက်ခဲ့ရသည့် သူမ အပါအ၀င် တခြားအလုပ်သမား ခြူ့ ကိုလည်း ချစ်သည် .. ဦးသာယာ ကိုလည်း လေးစားကြည်ညို

ဒီမျှ ချစ်ခင်နွေးထွေးကြသည့် တူ၀ရီးနှစ်ယောက် ဘယ်လို ကြီးမားခဲ့လို့ ခုလိုအဖြစ်ဆိုးတွေ ကြုံစေခဲ့မှန်း မသိခဲ့ပေမယ့် ဘာ မမေးရဲ ..၊ အားလုံးကလည်း ခြူ့ ကို လွမ်းဆွတ် သတိရနေခဲ့ကြ

"နှင်းခဲလေး က နှင်းလို ဖြူဖြူစင်စင်လေးရယ် .. မသမာသူ တွေ့မှဖြင့်နော် .."

"ငါတို့ နှင်းခဲလေး ရယ် .. ငွမ်းလို နုအိတဲ့အသားလေး လှောင် မီးခကုန်ပါပြီ ..၊ ဘယ်လောက်တောင် ဒုက္ခရောက်နေ မသိဘူး .. ငါ အမြဲတမ်း သတိရနေမိတယ် တကယ်ပဲ .."





ခေါ်ကျော့ မီးဖိုချောင်ဝင်မိတိုင်း အလုပ်သမားတွေ နှစ်ယောက် ဘက် စုမိနေတဲ့နေရာ ရောက်လိုက်တိုင်း ဒီလို လွမ်းဆွတ်သတိရ င်းတွေ ပြောနေကြတာပဲ ကြားနေခဲ့ရသည်။

ခုလို သူမနဲ့တွေ့ခဲ့ရသည်ဆိုတာ ပြန်ပြောပြလိုက်ရင် ဘယ်လိုနေ

"ဒေါ်ကျော့ .."

"ဟင် .. ဩော် .. ငါ့နှယ် .."

ကိုယ့်ကားကို ကျော်သွားမိပြီးမှ ပြန်လှည့်ရင်း မျက်ရည်သုတ်မိ ဦးကုလားက တကယ်တော့ မြန်မာလူမျိုးပါပဲ ..၊

သူ့ပုံစံကိုကြည့်ပြီး နောက်ပြောင်ခေါ်ကြသည့် ငယ်နာမည်ကြောင့် ယ်နာမည်အရင်းကလည်း ဦးကုလားပဲ ဖြစ်သွားခဲ့၏။

ရွှသွားနှစ်ချောင်း တပြောင်ပြောင်နှင့် ဦးကုလားကြီး က ဒေါ်ကျော့ ည့်လာတဲ့အထိ တအံ့တသြကြည့်နေဆဲဖြစ်ကာ မျက်ရည်စတို့ကို ားမိတော့ ဆွဲခြင်းခပ်သေးသေးလေးကိုပဲ ကပျာကယာ ပြေးကူ

"ကျုပ်ခေါ်နေတာ သုံးခွန်းတောင်မှ .. ဘာတွေဖြစ်နေလို့လဲ .."

ကိုယ့်ကို ထွက်လိုက်ခေါ်ရတဲ့အထိ ဖြစ်သွားတာ သိရမှ ဒေါ်ကျော့ ချင်သွားသည်။ မျက်ရည်သုတ်၍ ကားထဲဝင်ပေမယ့် မျက်ရည် းကောင်းလာခဲ့လျက် ...

"မောင်းပါ ကုလား ရယ် .. နောက်မှမေးပါ .."

ပြောပြမိရင် အော်ငိုမိတော့မှာ ကိုယ့်ဘာသာ သိနေသည်မို့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"သက္ကရာဇ်စံအိမ် ဟုတ်လား .."

"မေးကြည့်တာပါ .. ရောင်းလိုက်ပြီဆိုတာ တကယ်မဟုတ်ဘူး ထင်လို့ .."

ဦးသာယာ ညီမဖြစ်သူမျက်နှာကို စိုက်ကြည့်နေပြီးမှ လှည့် လျှောက်သွားသည်။

ပြီးတော့ ကော်ဖီနဲ့မုန့် လာချပေးသည့် မိသြ ပြန်ထွ ဒီဘက်ကို ပြန်ငဲ့ကြည့်၍ ...

"မဟုတ်လောက်ဘူးလို့ ထင်တာက ဘာဖြစ်လို့ထင်တာ

"ဟိုလေ .."

"ဟုတ်တယ်ဆိုတော့ရော နင်တို့နဲ့ ဘာဆိုင်သလဲ .."

"ကိုကြီးကလည်း ငှ က ဘယ်သဘောနဲ့မှ မေးတာ ဘူး ...၊ မိဘခေါင်းချခဲ့တဲ့နေရာ ဆိုတာ .."





"အဲဒီတော့ ငါလုပ်တာ မှားတယ်လို့ လာပြောတာလား .."

ဒေါ်ငှဝါသင်း မျက်နှာပျက်သွားသည်။ ပြီးမှ ..

"ကိုကြီးက ငှ ပြောသမျှကို စိတ်တိုဖို့ ရှေ့ထားပြီး နားထောင်နေသလိုပဲ .. ငှ ကလည်း တစ်ခါတလေ မောင်နှမချင်း စကားပြောချင်လွန်းလို့သာ လာတာပါ .."

"မောင်နှမချင်းပြောချင်တာတွေက ဒီလထဲကျမှ ပိုများနေပါလား.."

"သိပါပြီ .. ကိုကြီးက ခြူ ထွက်သွားတာနဲ့ပတ်သက်ပြီး ငှ ပြောတာကို မယုံတာမို့လား .."

"နင့်ကို ငါ ဘယ်တုန်းက ယုံကြည်ခဲ့ဖူးလို့လဲ .."

ဦးသာယာ က မျက်နှာရှေ့တည့်တည့်မှာ လာရပ်ပြီး အေးစက်စွာ မေးခွန်းထုတ်၏။ ပြီးတော့ စိုက်ကြည့်နေရင်း ...

"ခြူ နင့်အိမ်ရောက်လာတယ်ဆိုတာရော .. အခု သူ့ဟာသူ ထွက်သွားပါပြီဆိုတာရော နင့်ဟာနင် လာပြောနေတာ.. ငါက ဘာကို ယုံကြည်ခဲ့မိလို့ အခု မယုံမကြည်ဖြစ်စရာ ရှိလို့လဲ .."

"ကိုကြီးရယ် .. ခြူ့ ကို ကိုကြီးက ဒေါသထွက်တယ် .. ပြတ်တယ်နဲ့ တကယ်တော့ ခြူ့ ကို ..."

"နင့်စကားကို ဒီမှာပဲရပ်ပြီး နောက်ထပ် ပြောစရာမရှိရင် ပြန်တော့ ငှ .."

ဒေါ်ငှဝါသင်း မျက်နှာတစ်ခြမ်းလုံး နီရဲသွား၏။ ဦးသာယာ ကသည်း ဂရုမစိုက် ...၊

"ငါ့မှာ နင်ပြောတဲ့အကြောင်းအရာတွေထက် တန်ဖိုးကြီးတာတွေ တွေးဖို့ ပြောဖို့ ရှိသေးတယ် .."

ဒေါ်ငှဝါသင်း မျက်ရည်ဝေ့လာတာကို မျက်တောင်ဖျားတွေနဲ့ ဝှတ်ခတ်ဖယ်ရှားကာ ...

"ပြန်မှာပါ .. ကိုကြီး ငှ ကို ဘယ်တုန်းကမှ ဂရုစိုက် အလေး



www.burmeseclassic.com

www.burmeseclassic.com



မထားခဲ့ဘူးဆိုတာလည်း မသိလို့ မဟုတ်ပါဘူး .. ဒါပေမယ့် ဖြ
သူ့ဟာသူ ဘာတွေ ဘယ်လိုထင်ပြီး အိမ်ကဆင်းသွားမှန်း မသိတာ
ငှ တို့အပေါ် ကိုကြီး အထင်လွဲမှာ စိုးလို့ ..''

''ဟွန်း ..''

''သူများပြောမှသိရင် ဒီထက်အဆင်ဆိုးမှာစိုးလို့ လာပြောပြတာ

''ဘယ်တုန်းကမှ အဆင်ချောတာ မရှိခဲ့ဘဲနဲ့ ခုမှ ပူပန်မနေပါနဲ့
သာယာ ဆိုတဲ့ ငါက အချစ်နဲ့အမုန်း နှစ်ရပ်ကြားမှာနေပြီး တွေဝေဗျာများ
နေမယ့်လူ မဟုတ်ဘူး .. ချစ်ခဲ့တဲ့လူကို မမုန်းဘူး .. မုန်းခဲ့တဲ့လူကိုလည်း
နောက်တစ်ခေါက် လှည့်မကြည့်ဘူး .. အဲဒါ ငါလုပ်ခဲ့တဲ့ အလုပ်အပေ
မှာ ဘယ်တော့မှ သံသယမထားခဲ့တဲ့ ယုံကြည်မှု ..''

''အမြဲမှန်နေတဲ့လူဆိုတာ မရှိဘူး ကိုကြီး ... အဲဒီကျမှ ...''

''အခု အဲဒီအခြေအနေ မရောက်သေးဘူးဆိုတော့ မပြောနဲ့ဦး
စောသေးတယ် ... လက်ခုပ်လက်ဝါးတီး ရယ်ချင်တာဆိုရင်လည်း င
မှားမယ့်အချိန်ကို စောင့်နေလိုက် ..''

ဦးသာယာ ဒါပဲပြောပြီး လှည့်ထွက်လာခဲ့သည်။ ဒေါ်ငုဝါသင်
ဘယ်အချိန်ပြန်သွားမှန်း မသိ ... ဘယ်လိုဖြစ်ပျက် ခံစားသွားရသ
ဆိုတာလည်း စိတ်မဝင်စားနိုင် ...

သူ့လက်ထဲမှာ ဖုန်းနှစ်လုံး တစ်ဖက်စီ ကိုင်ထားရင်း ...

''အေး .. ငါ မလာနိုင်ဘူး .. မင်း ကြည့်လုပ်ထားလိုက်တော့

''... ... ... ...''

''ဟုတ်တယ် .. အတွင်းခန်းတချို့ကို ပြင်နေတာ ... ဒါပေမ
ငါရှိနေမှ ဖြစ်မှာ .. အဲဒါကြောင့် သဏ္ဍာရာဇ်စံအိမ်ပြင်လို့ မပြီးမချင်း
မင်းပဲ တာဝန်ယူထားလိုက်တော့ ..''

''... ... ... ...''

''အေး .. အေး .. ယုံတယ် .. မင်းဘာသာ စစ်ယူထားလိုက်





ပ်ကိစ္စတွေ ကိုမြတ်မင်း ကို လွှဲလို့ ရတယ် .. ငါ မင်းတို့နှစ်ယောက်
ကိုယ်စားအုပ်ချုပ်ခွင့် ပေးထားတာ .. အိုခေ ..''

နောက်ထပ် ဝင်နေတာက ဦးကုလား ဆီက ဖြစ်ကာ ...

''ကုလား ပြော ..''

''... ... ... ...''

''ဘာ!...''

''... ... ... ...''

''မင်း တွေ့လိုက်တာ မသေချာဘူးလား ..''

''... ... ... ...''

''ဒေါ်ကျော့ က ဘာမှမပြောဘူးပေါ့ ..''

''... ... ... ...''

''ပြန်မပြောရဘူးလို့ မှာလိုက်လို့ နေမှာပေါ့ .. ထားလိုက်တော့..
ငါဆီလှမ်းပြောတာ သူ့ကို မပြောပြနဲ့တော့ ..''

''... ... ... ...''

''အေး .. ဒါပဲ ..''

နောက်ထပ် နံပါတ်တစ်ခုကို သူကိုယ်တိုင် ခေါ်ကာ ...

''မြေနီကုန်း (......)နားမှာ မင်းနဲ့ အောင်စိုး တို့ လူခွဲပြီး ရှာစမ်း..''

''... ... ... ...''

''မလိုဘူး .. ငါ့ကိုသာ ဖုန်းဆက် .. မျက်ခြည်မပျက်စေနဲ့ ..''

ဦးသာယာ ဖုန်းချလိုက်ပေမယ့် မျက်နှာမကောင်းစွာနှင့် သက်ပြင်း
ကြီး ချ၏။ ပြီးတော့ လေကားအတိုင်း တစ်ထစ်ချင်း နင်းဖြတ်ဆင်း
ဒေါ်ငုဝါသင်း မရှိတော့သော ဆိုဖာဆီ မျက်လုံးရောက်သွားခဲ့၏။

''သမီးတို့ကလည်း သူ့ကို ချစ်ကြပါတယ် .. အိမ်မှာ လိုလေသေး
ထားတာပါ ကိုကြီးရယ် .. အဲဒါ မယဉ်လဲ့ တို့သားအမိ ရောင်လာ
ကျမှ ဘာဖြစ်သွားတာလဲ မသိဘူး ..''



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးကို မြင်လိုက်ရမှ သူ စိတ်များပြောင်းသွားသ[illegible]
မသိဘူး .. မှုံ့ ကို မဟုတ်တရုတ်တွေပြောပြီး ရန်လုပ်သွားတာ ..၊ [illegible]
အခန်းထဲဝင် စိတ်ကောက်နေတယ် မှတ်တာ .. အချိန်လွန်မှ သွား[illegible]
တော့ မရှိတော့ဘူး .."

ဒေါ်ငုဝါသင်း ပြောသွားတာတွေကို ပြန်တွေးမိနေခဲ့သည်။ [illegible]
တော့ အရိပ်လေးတစ်ရိပ် ပျောက်ဆုံးနေခဲ့သော အိမ်ကြီးတစ်ဆောင်[illegible]
ကို ဆီးမိုးငေးနေရင်း မျက်လုံးတွေမှိတ်၍ မျက်နှာကို မော့ထား[illegible]
မိသည်။

ဒေါ်ငုဝါသင်း အသံတွေကို မကြားချင် .. ရောက်ရောက်လာ[illegible]
ကိုလည်း မကြိုက် ..၊

ဒါပေမယ့် ကြားချင်တဲ့အသံကိုလည်း မကြားရ .. မမြင်ချ[illegible]
မယ့်လည်း မြင်နေရကာ မြင်ချင်ကြားချင်ခဲ့သည့်အသံလေးနဲ့ အရိပ်[illegible]
ကတော့ ပျောက်ဆုံးနေခဲ့လေသည်။

"ညည်း ခုထိ ခွဲခြားမမြင်သေးဘူးလား ခြူ .. မြင်နေရသမျှ[illegible]
တွေကို သိရရင် ညည်း ကျေနပ်နိုင်ရမယ် .."

"မမြင်ရတဲ့ အရာရာထဲမှာ အမှန်တရားကို ရှာဖွေဖို့ [illegible]
အသက်အရွယ်နဲ့ မလုံလောက်သေးဘူး .."

စိတ်အတွေးများနှင့် အသံတိတ် ခေါင်းခါနေမိသည်။

လိုချင်တိုင်း မရနိုင်ဘူးဆိုတာ ဘယ်တော့မှ သိမှာလဲ ..၊





အခန်း (၂၅)

"တော်စမ်းပါဟာ .. ခြူ ဆိုရင် ခြူ ဆွဲထားတဲ့ခွေး မြင်ရင်တောင်
[illegible]သတ်မိမလားပဲ .. အလကား အဆင့်မရှိတဲ့ ကောင်မ .."

ခြူ ဆိုသည့် နာမည်ရယ် .. ကောင်မ ဆိုသော အသုံးအနှုန်းရယ်
[illegible]ကြောင့် နားထဲမှာ သံချွန်တစ်စ ဝင်သွားသလို ဘယ်လိုထိရှသွားလိုက်
[illegible] မသိ ..၊

မစောင့်နိုင်တော့လို့ ဖုန်းဆက်ခေါ်ဖို့ ကိုင်ထားသည့်ဖုန်းကို ဒီတိုင်း
[illegible]သာလေး ပြန်ချထားလိုက်ကာ နောက်ကို မသိမသာ ငဲ့ကြည့်လိုက်မိ
သည်။

ကျောပေးထိုင်နေသည့် အနီရောင်ဝတ်စုံနှင့် နားဆွဲလေးတလှုပ်
[illegible]ကို မသိပေမယ့် ကိုယ့်ဘက်ကို ဘေးစောင်းထိုင်နေသော အနက်
[illegible]ရောင်အပျော့သား လည်ဟိုက်လက်ပြတ်လေးနဲ့ ဖွေးနုနေသည့် [illegible]
[illegible]ဘက်ကိုတော့ လှဲ့ သေချာ သိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ နာမည်ကိုတော့ မမှတ်မိပါ ..၊ ဒါပေမယ့် ကိုယ့်ဆေးခန်း သူမ ရောက်လာခဲ့ဖူးသည် ..၊

အဖော်တစ်ယောက်လည်းပါကာ သူမတို့ ရောက်လာခဲ့ကြသ အကြောင်းအရာကြောင့် ဒီမျက်နှာကို မေ့မသွားခဲ့တာလည်း ဖြစ် ၏။

တော်တော်လှသလောက် စိတ်ဓာတ်ကတော့ ...

"ဟွန်း .. အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ လမ်းပေါ်မှာနေ ဘဝကနေ မှတ်ပုံတင်ပါ မရှိတော့ဘဲ အချုပ်ထဲ သွားအိပ်ရတော့မယ် သေလိုက်စမ်း .."

"ဟုတ်တယ် .. မှတ်ပုံတင်ကျန်ခဲ့တာ သိတယ်လည်း မပြော ရှိတယ်လည်း မပြောနဲ့ .. ဝှက်ထားလိုက် .."

"စိတ်မဝင်စားဘူး မှူ .. ခြူ ဆိုတဲ့ဟာမအတွက် မှတ်ပုံတင် သိ ထားပေးရလောက်အောင် အလုပ်ရှုပ်မခံဘူး .. လွှင့်ပစ်လိုက်ပြီ .."

"ဟင်!... လွှင့်ပစ်လိုက်ပြီ .."

"ဟုတ်တယ် .."

"ပိတောက် ရယ် .. နင်ကလည်း အဲလောက်ကြီးတော့ မလုပ် ဘူးလေ .. တော်ကြာ ဖေဖေတို့ သိသွားရင် .."

"သူ့ကို ငါတို့ နှင်ချလိုက်တာ ဘယ်သူမှ မသိဘူး .. သူ မသွားဘဲနေလည်း ဘာမှမဖြစ်ဘူးလေ ..၊ အဲဒါကို မာနကြီးတစ်ခွဲသ သူ့ဟာသူ ဆင်းသွားတာ .. ငါတို့ဖြစ်ကြတာ ဘယ်သူ သိလိုက်သ မေမေကလည်း ဖေဖေ့ကို ပြန်တိုင်ပြောမယ့်လူ မဟုတ်ဘူး .. မှတ်ပုံ ကိစ္စကိုလည်း ငါတို့ ပြောပြမှ သူများသိမှာ .."

"ဟုတ်ပါပြီ .. နေပါဦး .. ဘယ်မှာလွှင့်ပစ်ခဲ့တာလဲ .."

"ဒီရှေ့က အမှိုက်ပုံးထဲမှာ .."

"ဒီရောက်မှ လွှင့်ပစ်လိုက်တာ .."





"အင်း .. အစက ပါလာတာတောင် သတိမထားမိပါဘူး .. ကိုယ့် ဘသာ ကောက်ထည့်ထားတာကို မေ့နေတာ .."

"ကားပေါ်ကဆင်းမှ ငါ တစ်ရှူးတောင်းလိုက်လို့ အိတ်ဖွင့်ရင်း ပြီး လွှင့်ပစ်ခဲ့တယ်ပေါ့ .."

"အမှန်ပဲ .."

"နင်လည်း မထင်ရဘူးနော် .. ဒီဟာမကို ငါ ပါးရိုက်တုန်းက င်ဆွဲတော့ ငါ့အစ်မ ဒီလိုမဟုတ်ဘူး ထင်ခဲ့တာ .. အင်း .. အချစ် .. ချစ် ..."

"ဆရာမကြီးစတိုင်လ်နဲ့ ခေါင်းညိတ် ရေရွတ်မနေစမ်းပါနဲ့ .. မြန် စား .. သီတာလွင့် ကိစ္စတွေနောက် လိုက်ပေးရဦးမှာ .."

စကားသံတွေ နားစွင့်ထားလို့လားတော့ မသိ ..၊ ဒီတိုင်း ပီပြင်စွာ ားနေရသည်။

စစ် ကို မျှော်နေခဲ့သည့်စိတ်က သူမတို့ ထမသွားခင် ရောက်လာ ကို ပြန်စိုးရိမ်လာခဲ့၏။

ထိုစဉ် ချထားသည့် ကိုယ့်ဖုန်းက ဖျတ်ခနဲ ထလင်းလာပြီး ...

"ဟလို .."

"သမီးရေ .. သမီး ဘယ်မှာလဲ .."

"လှဲ့ က .. အာရှတော်ဝင်နားမှာ မေမေ .. မနက်က ကားဘရိတ် ဖို့ တိုယိုတာမှာ ထိုးထားခဲ့တာ .. ကားက မပြီးသေးဘူး ပြန်ချင်တာနဲ့ င်မောင့်ကို လှမ်းခေါ်ထားတယ် .."

အသံကိုနှိမ့်ပြီး တိုးတိုးပြောနေရသည်။ နောက်ကညီအစ်မ ဘယ် တွေဆိုတာ သိလိုက်ရပြီမို့ ကိုယ့်ကို မသိစေချင် ..၊

"သမီးရယ် .. ဒီမှာ သမီးအဖေ ပခုံးမှာ ဒဏ်ရာရပြီး ပြန်လာ ယ် .. ဆေးခန်းတွေဝင်ရင် ဇယားရှုပ်မှာစိုးလို့ .."

"ဘာ!... ဘာဖြစ်တာလဲ မေမေ ... တော်တော်များသလား .."



www.burmeseclassic.com

www.burmeseclassic.com



"ပြန်လာမှ ပြောပြမယ် .. သိပ်တော့မများဘူး ထင်တာပဲ .. ရုပ်ထိ တာဆိုတော့ သွေးတွေတော်တော့်ထွက်နေတယ် .. ပြီးတော့ ဓားဒဏ်ရာ ဆိုတော့လေ .."

"လွဲ .. ခု ပြန်လာမယ် မေမေ .."

ပြောပြီးတာနှင့် နေရာမှထရပ်ကာ အအေးဖိုးပိုက်ဆံ ထားခဲ့ပြီး ချက်ချင်း ထွက်လာခဲ့၏။

သို့သော် တက္ကစီ အရေးတကြီး ခေါ်ပြီးမှ ...

"အယ် .. ခဏ .. ခဏလေး နော် .."

လွဲ အမှတ်တရ ပြန်လှည့်လာခဲ့တာက စားသောက်ဆိုင်ထောင့်က အမှိုက်ပုံးဆီသို့သာ ...၊





## အခန်း (၂၆)

"ဟင် .. ခြူ .."

မထင်မှတ်ဘဲ ကိုယ့်အိမ်ဝင်းထဲမှာ မြင်လိုက်ရသဖြင့် လွဲ မျက်လုံး ပြူးသွားသည်။ ချိုင်းကနေ ပခုံးကို သိုင်း၍ ပတ်တီးစည်းပေးနေ မေမေနဲ့ ဒဏ်ရာရနေသည့် ဖေဖေ့ဘေးမှာ သူမက ...

"ခေါက်တာ .."

ခြူ လည်း လွဲ ကိုမြင်လိုက်တာနှင့် မျက်နှာလေး ပျက်ယွင်းသွားခဲ့ ...

"ခေါက်တာက .."

တအံ့တသြ နေရာမှ ထရပ်လိုက်သည်။ စစ် ရဲ့အစ်မမှန်း သိလိုက် သူမကတော့ ကိုယ့်ကို ယောကျ်ားလေးဆိုတာပဲ သိထားတာမို့ နေရာက ထွက်ခွာဖို့ အသင့်ပြင်ဆင်ပြီး ဖြစ်လျက် ...

"ကျွန်တော် အန်ကယ့်ကို လိုက်ပို့တာ .. ခွင့်ပြုပါဦး .."

"ဟင် .. နေပါဦး .."



www.burmeseclassic.com

www.burmeseclassic.com



"လူလေးက ဘယ်သွားမလို့လဲ .. အဲလေ .. ယောင်ကုန်ပါပြီ .. သူ့ပုံစံမြင်ပြီး ယောက်ျားလေးပဲ မှတ်နေမိတယ် .. သမီး နေဦးလေ .. ပခုံးအောင့်နေတယ်ဆို .. သူက အန်တီ့သမီး အလတ်လေ .. နာမည်က ကြည်လဲ့ခင် တဲ့ .. အထူးကုဆရာဝန် တစ်ယောက်ပါ ..၊ သမီး ဒဏ်ရာကို သူ ကြည့်ပေးမှာ .."

လဲ့ ကိုယ်တိုင် မေမေ့ကို ရှင်းပြဖို့ မေ့နေကာ ခြူ ကလည်း ဘာမှ မပြော ..၊ တစ်ယောက်မျက်နှာ တစ်ယောက် အံ့သြ မလုံမလဲခြင်းတို့နှင့် အတန်ကြာ ကြည့်နေခဲ့ပြီးမှ ခြူ မျက်လွှာချလိုက်ရင်း ဒေါ်ယဉ်လဲ့ ဘက်ကို လှည့်၍ ...

"ကျွန်တော်က ကိုယ့်ကို ကယ်တင်ခဲ့တဲ့ကျေးဇူးရှင်မို့လို့ မိန်းကလေး ပါဆိုတာ ဝန်ခံခဲ့တာပါ .."

"ဟော .. ဒါနဲ့ ညည်းပြောတော့ ယောက်ျားလေးစိတ် ဖြစ်နေလို့ တမင်ဝတ်စားထားတာ မဟုတ်ဘူး ဆို .."

ပတ်တီးစည်းခံရင်း ဦးကောင်း မျက်နှာ က စိတ်တိုပုံပေါက်နေ၏။ ညနေပိုင်း မိုးတောင်မချုပ်သေးဘဲ လူသူကင်းရှင်းနေသော အိမ်ရာ စီမံကိန်းဝင်းကြီးရဲ့ဘေးမှာ သူမကို တွေ့ခဲ့သည်။

သူ လှမ်းမြင်လိုက်တာက ခပ်ငယ်ငယ်ကောင်လေးတစ်ယောက် ကို လူရွယ်သုံးယောက် ဝိုင်းပြီး ဗရုတ်ကျနေကြတာ ဖြစ်၏။

သူမြင်နေတာက ကောင်လေး ..၊ ဆွဲလွဲ ဟားရယ်နေကြသော ဗရုတ်ကျလူငယ်တွေကတော့ ကောင်မလေးတစ်ယောက်ကို မဟား တရား ကြံတော့မည့်ပုံစံတွေ ပေါက်နေခဲ့၏။

ထို့ကြောင့် သူ ပါဝင်ခဲ့သည်။ ကားကို ထိုနေရာထိ မောင်းဝင်သွား ပြီး ဖုန်းကိုင်၍ ရဲခေါ်မည် ဘာမည် ခြောက်လှန့်ပြီး ကောင်လေး ကယ်ဖို့ ကြိုးစားမိသည်။

ဒါပေမယ့် သူထင်သလို ဖြစ်မလာခဲ့ဘဲ လူငယ်တွေက သူ့





...းပြီး ရန်မူကြသည်။ လူကြီးဖြစ်နေပေမယ့် ဦးကောင်း ကို သူတို့ ...ပြတ်အသတ်တော့ မနိုင်ပေ ..၊

မခံချင်ဒေါသတွေနှင့် ဓားထုတ်လာတော့ ခြူ က လက်နက်ပြေး ...ပြီး ရလာသည့်တုတ်ရှည်နှင့် အတင်း ဝှေ့ယမ်း တိုက်ခိုက်ပစ်လိုက် ...ည်။ နှစ်ဖက်စလုံးက အတိုက်အခိုက် ကျွမ်းကျင်သူတွေ မဟုတ်သည့် ... ဆင်ကန်းတောတိုး ဟဗ္ဗိုးဗိုးဝင်လာသည့် တုတ်ချက်တွေကြောင့် ...ဖက်မှာ အရှုံးပေါ်သွားကြ၏။

"ဟုတ်သားပဲ သမီးရယ်.. အန်တီတို့တွေ မိန်းကလေးမှန်း သိ ...တာ ဘာဖြစ်မှာမို့လို့လဲ..၊ ပြီးတော့ သမီးက ဆရာဝန်ပါ .. ဆရာဝန် ...ရှာကြားမှာ ပွင့်လင်းမှ ဝေဒနာ သက်သာအောင် ကုလို့ ရမှာ .."

"မဟုတ်သေးပါဘူး .. ကျုပ်က ညည်းကို ကယ်ဖို့ ကြိုးစားခဲ့တာ ...သမယ့် ညည်းလည်း ကျုပ်ကို ပြန်ကယ်ခဲ့ရတာပဲ .."

"အဲဒါက အန်ကယ်လ် ပေးတဲ့ အသက်နဲ့ပါ .. အန်ကယ်လ် ...က်လာလို့ ကျွန်တော့်အသက်နဲ့ အရှက် ချမ်းသာရာရခဲ့တာ .. ...ဇူး အရမ်းတင်ပါတယ် .."

"ခြူ .."

ခြူ က ပြန်ဖို့ပဲ ခြေလှမ်းပြင်သည်။ လဲ့ က အံ့သြစိတ်တွေ ပြေ ...ကာမှ တည်ငြိမ်စွာ ပြုံးပြပြီး ခြူ့ ရှေ့ကို တိုးလာ၏။

"ညီမကို မိန်းကလေးမှန်း ဆေးခန်းမှာတည်းက တို့က သိပါ ...ယ် .."

"ဟင်!..."

"ဪ .. သမီးလဲ့ နဲ့ သိနေကြတာကိုး .."

"ဟုတ်တယ် မေမေ .. သူ့လက် ဒဏ်ရာရ .. ဟင်!."

လက်ကိုပြောပြတော့ အကြည့်က လက်ကို ရောက်သွားလျက် ..

"ခြူ လက်က ဘာဖြစ်တာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာ ဖြန့်ကြည့်ပြီးမှ ဖျတ်ခနဲ ပြန်ဆုပ်ပစ်လိုက်ကာ ခေါင်း ခါသည်။

"နည်းနည်းပါးပါးပါ မမ .. တုတ်ဆွဲပြီး အတင်းလိုက်ရိုက်မိတာ ဒဏ်ရာဟောင်းတွေထိပြီး သွေးနည်းနည်းထွက်တာ .."

"မဟုတ်တာ .. သွေးတွေ ရဲနေပြီကို .. လာ .. လာ .."

လက်ကိုဆွဲထားပြီး ပြန်ထိုင်ခိုင်းရသည်၊ ပြီးတော့ ဖေဖေ့ဒဏ်ရာ ကို ပြန်ဖြေချပြီး ဆေးကုသမှုပြုပြီးမှ သူမလက်ကို သေချာသန့်စင်၍ -

"လက်က အလုပ်ကြမ်းလုပ်လိုက်တော့ အမှုလောင်ဖုတွေလို ဖြစ်ပြီး ပေါက်ပြဲကုန်တာ မေမေ .. အဲဒါတွေကို ထပ်ပြီး ဂရုမစိုက် ထားတော့ ပိုဆိုးကုန်တာ .."

"ရပါပြီ .. ကျွန်တော် သွားတော့မယ် .."

သူမဒဏ်ရာကို ဆေးထည့်ပေးရင်း လှဲ က ခေါ်ယဉ်လှဲ ကို ရှင်း နေသည်။ ဆေးထည့်ခြင်းပြီးဆုံးသည်နှင့် ခြူ အတင်းထရပ်ကာ -

"ကျေးဇူးတင်ပါတယ် မမ .. အန်ကယ်လ်တို့ကိုလည်း ကျေး အရမ်းတင်ပါတယ် .."

"အိုကွယ် .. ကျေးဇူးတွေချည်း ပုံချပေးခဲ့ပြီး ဘာလုပ်ဖို့လဲ.. ပြန်ရမှာပါ .. ပြီးတော့ ဘယ်သူက ဘယ်သူ့ကို ကူညီခဲ့တာပဲဖြစ်ဖြစ် မင်းမှာလည်း ဒဏ်ရာရခဲ့တယ်မို့လား .. မိန်းကလေးလည်း ဖြစ်နေ တားနေတာ .. ခဏပဲစောင့် .. ဒရိုင်ဘာ ပြန်ရောက်လာရင် မင်းပြန်နေ နေရာထိ ပြန်ပို့ပေးလိမ့်မယ် .."

ပြန်ပို့နေရာဆိုတာလည်း သေချာရှိသေးတာ မဟုတ် ..၊

သူမ ပြန်ချင်နေသည့်အဖြစ်ကို အထင်လွဲနေပြီမှန်း သိပေ ခြူ ကိုယ့်အကြောင်း ကိုယ်သာ သိသည်။

"ရပါတယ် အန်တီ .. ကျွန်တော် ကိုယ့်အစီအစဉ်နဲ့ကိုယ် စရာတွေ ရှိနေသေးလို့ပါ .."





ပြောပြီး နောက်ထပ် ဘယ်သူ့ကိုမှ မကြည့်တော့ဘဲ ဖွတ်ထွက် သွားခဲ့သည်။

"ဒုက္ခတွေကို တကယ်သိလာရရင် ညည်း ကျေနပ်နိုင်မှာ မဟုတ် ပါဘူး .."

"အစစ်အမှန် ဘယ်မှာရှာရမလဲလို့ မတွေးနဲ့ ခြူ .. ကိုယ်ကိုယ် တိုင် အစစ်အမှန် မဟုတ်တာကို အရင်မြင်အောင်ကြည့်လိုက်ဦး.. ငါတို့ ကိုယ်မှာ အမှန်တရားတွေကို ဒီတိုင်းမထားရဲလို့ ပုဆိုးအင်္ကျီတွေနဲ့ ဝတ် ဆင် ဖာထေးနေကြရတာ အမှန်တရားတိုင်း မလှသလို လှနေသမျှ အားလုံးကလည်း အမှန် မဟုတ်နိုင်ဘူး" တဲ့ ..။

ဘဘ ပြောခဲ့တာတွေကို ခေါင်းမှာ စွဲမှတ်ခဲ့ပေမယ့် အားလုံးကို တော့ သူမ လက်မခံခဲ့ပေ..၊ တကယ်တမ်း ဒုက္ခက ကိုယ့်နောက် လိုက် လာခဲ့တော့ ...

"တီ .."

ဟွန်းသံပေးပြီး ကားက ရှေ့ကိုလွန်သွားသည် ..၊ ပြီးမှ ရပ်သွားကာ ခင်းထွက်လာသူက ကြည်လှဲခင် ..၊

"ခြူ .."

သူမက နှစ်လိုဖွယ်အပြုံးနှင့် အနားရောက်လာပြီး ...

"ညီမ .. အဲ .. ခြူ က ဘယ်ကိုသွားမလို့လဲ ဟင် .."

"ကျွန်တော် .."

"မင်းကို စည်းစိမ်စံအိမ် က နှင်လွှတ်လိုက်တာမို့လား .."

ခြူ ငေးနေတာမြင်မှ အားနာသလိုဖြစ်သွားကာ ...

"ဆောရီး နော် .. ခုနကမှ အဲဒါတွေကို သိလာခဲ့တာ .. စိတ်ထဲ ကောင်းတာနဲ့ လွှတ်ခနဲ ပြောလိုက်တာပါ ..၊ တို့က မင်းကို စမြင်ဖူး ကတည်းက ကိုယ့်မောင်လေးလို သဘောထားခဲ့တာ ခြူ .. မိန်းကလေး မှန်း သိလိုက်တော့ ပိုပြီး စိတ်ဝင်စားသွားတယ်၊ မင်း ဘယ်လို မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးလဲ .. ဘာကြောင့် အသိုင်းအဝိုင်း မဲ့နေတာလဲ ..၊ ဘာလို့ ဒီပုံး လေး ဖြစ်နေတာလဲလို့ပေါ့ ..”

“စိတ်မဝင်စားပါနဲ့ မမရယ်.. ကျွန်တော် အနေခက်အောင် မလုပ် နဲ့.. မမ စိတ်ဝင်စားတာတွေကို ကျွန်တော် ပြောပြနိုင်မှာ မဟုတ်ဘူး..”

“သူများခံစားချက်ကို မသိကျိုးကျွံပြုပြီး ဖွတ်မေးမြန်းရလောက် အောင် တို့ မရိုင်းပါဘူး .. အားနာဖို့လည်း မလိုဘူး ..၊ မင်းက မိန်း ကလေးမှန်းသိလို့ တို့အားလုံးက စိတ်ပူတာ .. ပြန်လိုက်ခဲ့ပါ ..၊ မင်း အတွက် ပြည့်စုံမှာ မဟုတ်ပေမယ့် လုံခြုံမှုရှိမှာပါ ..”

ခြူ ခဏတော့ ငိုင်သွားပေမယ့် ခေါင်းခါ၏။

“ကျွန်တော် အဆောင်တစ်ခုခုမှာ ..”

“အဆောင်မှာကျတော့ မင်း ကိုယ့်ကိုယ်ကိုယ် မိန်းကလေးပါ အားလုံးကို ကြေညာပြီးသားဖြစ်မှာလေ ..၊ ဘယ်ကလာတဲ့ ဘယ်လို တွေ စုဝေးနေမှန်းမသိကြတဲ့နေရာမှာကျော့ မင်းဘဝ လုံခြုံမယ်လို့ ထ တယ်ပေါ့ ..”

ခြူ့မှာ ပြောစရာတွေ ရှိနိုင်ပါသည်။ ဒါပေမယ့် ပြောစရာမရှိ အတိုင်း နှုတ်ဆိတ်ပြီး ခေါင်းငုံ့ပစ်မိ၏။ တမ္ဘာမြေပြင်က အသိုရိပ်သ နေပါပြီ ..။ မကြာခင်မှာ အမှောင်ထုက ဝါးမျိုသွားတော့မှာ ဖြစ်သည်

သူမ မနေ့ကတော့ ကျောင်းတုန်းက ဆရာမကြီး ဒေါ်ခင်ယ ဆီမှာ တစ်ညတာ ခွင့်တောင်းပြီး အိပ်စက်ခဲ့သည်။ ဆရာမကြီးက သူ တို့မိသားစုအကြောင်း အလုံးစုံ မသိခဲ့ပေမယ့် ဟိုတုန်းကလည်း ကို ကို ချစ်ခင် အလေးထားခဲ့သူမို့ တခြား ထွက်မသွားဖို့နဲ့ သူမဆီမှာ အဆင်ပြေသလောက် နေနိုင်ကြောင်း ပြောခဲ့သေးသည်။

ဒါပေမယ့် စိမ်းသက်လွန်းသည့် အိမ်တစ်အိမ်မှာ သူမ မနေ ပါ ..၊ ထိုပြင် ကိုယ့်အကြောင်း စုံစမ်းပြီး ဘာဘဆီ အကြောင်းကြားလို မှာလည်း စိုးသည် ..၊ လဲ့ တို့ အိမ်မှာကတော့ ...





“ခြူ ..”

“ကျွန်တော့်ကို အထင်မလွဲပါနဲ့ .. ကျွန်တော် ..”

“ဘာလဲ .. မောင်မောင် သိသွားမှာစိုးလို့လား ..၊ မင်း မိန်းကလေး ဆိုတာ မပြောပြဘဲ ဒီတိုင်းနေသွားလို့ **ရတယ် – ပြီး**တော့ တို့က ကိုယ် ပိုင်ဆေးရုံ ထောင်မှာလေ .. တို့**အစ်ကိုကြီးကလည်း** အထူးကုဆရာဝန် ကြီးပဲ ..၊ တို့မောင်နှမ ဦးစီးပြီး **ဆေးရုံထောင်မှာ** .. အဲဒီကျရင် မင်းလို ပညာတတ်မိန်းကလေးတွေ အများကြီး လိုလာမှာ .. တို့အိမ်မှာ အလ ကား လိုက်နေတာမျိုး ဖြစ်မှာ မဟုတ်ပါဘူး ..”

လဲ့ ကို ခြူ အားနာလာသည် ..၊ နေလည်း နေချင်မိပါ၏။ ဒါပေမယ့် မဖြစ် ..၊ ခြူ့ မျက်လုံးထဲမှာ ဖြူဝင်းချောမွေ့နေသော စစ်သည် ကောင်း ဆိုသူကို မြင်ယောင်နေသည်။

ဒီလူနဲ့ ဘယ်လိုမှ အနီးကပ် ဟန်ဆောင်နေဖို့ မဖြစ်နိုင်ပေ ..၊

အပြင်မှာ ရင်းနှီးတာထက် အတူနေတဲ့အခါ ဒီ့ထက်ရင်းနှီးလာကြ ည် ..၊ မိန်းကလေးမှန်း သိသွားတာက ပြဿနာ မကြီးမားသော်လည်း မိန်းကလေးဖြစ်ပါလျက်နှင့် ယောကျ်ားလေးတစ်ယောက် အိမ်မှာ...

“သိပ်လည်း စဉ်းစားမနေပါနဲ့ ညီမရယ် .. အခု လိုက်လာဖို့ အခက်အခဲရှိသေးရင်လည်း ရတယ် .. မင်း အကူအညီလိုတဲ့အခါ တို့ အိမ်ကို ဒါမှမဟုတ် တို့ဆေးရုံကို လာခဲ့ပေါ့၊ ရော့ .. ဒါက တို့ ဖွင့်မယ့် ဆေးရုံလိပ်စာ ..”

အပြာရောင်ကတ်ပြားလေး သူမရှေ့ကို ရောက်လာသည်။ ယူထား လိုက်တော့ နောက်ထပ် ရောက်လာတာက ...

“ဒီမှာ မင်း မှတ်ပုံတင် ..”

“ဟင်!... ဒါ ...”

“ဟုတ်တယ် .. မင်း ခုလိုသွားလာနေတာ ဒါ မပါရင် အရမ်း အန္တရာယ်ကြီးတယ် ..”



www.burmeseclassic.com

www.burmeseclassic.com



"မမ .. ဒါ ဘယ်ကရတာလဲ ဟင် .."

ဒီမိသားစုဟာ စည်းစိမ်စံအိမ်ကလူတွေ အလွန်အမင်း ဆွေမျိုး တော်ချင်နေကြတဲ့ မိသားစုပါ ..၊ ဒါကြောင့် သူမရဲ့ အတားအဆီး စစ်သည်ကောင်း ပဲ ဖြစ်ကာ သူမအကြောင်းနဲ့ပတ်သက်ပြီး ဒီမိသား နှစ်စု ထိစပ်ပတ်သက်ဖွယ် မရှိဟု သိထားခဲ့သည်မို့ ...

"အဲဒါ ကျွန်တော် ဟိုအိမ်မှာ .."

လို့ က ပြုံးလိုက်ပြီး ခေါင်းညိတ်၍ ...

"တို့ ရလာခဲ့တာလို့ပဲ ပြောပါတော့ .. ဒါပေမယ့် သူတို့ဆီက တောင်းယူလာတာ မဟုတ်ဘူးဆိုတာတော့ ယုံပါ .. မင်း မသိစေချင် တာတွေလည်း မပြောခဲ့ဖူးဘူး ..၊ သူတို့နဲ့ တို့ တစ်ခါမှကို တရင်းတနှီး မဆုံခဲ့ဖူးဘူး .."

ဒါဆို ဒီမှတ်ပုံတင် မမဆီ ဘယ်လိုရောက်နေတာလဲ ..၊

မယုံကြည်တာ မဟုတ်ပေမယ့် ထိတ်လန့်သွားမိသည့်စိတ်က မှတ်ပုံတင်နဲ့ လူကို အပြန်ပြန် အလှန်လှန် ကြည့်နေမိတဲ့အထိ ..၊

"ရော့ .. ယူလေ .. ဘာကို စိုးရိမ်ကြီးသွားတာလဲ ..၊ မင်းပုံစံကြည့် ရတာ စည်းစိမ်စံအိမ်ကလူတွေကို တော်တော် ကြောက်ရတဲ့ပုံပဲ .."

"ကျွန်တော် .."

"မောင်မောင် နဲ့ ပိတောက် က သေချာ မစေ့စပ်ရသေးပါဘူး .. တကယ်လို့ ဒီကိစ္စ မဖြစ်မြောက်တော့ရင်တောင် မင်းနဲ့ တို့အိမ် သိက္ခာ သွားမှာနဲ့ ဘာမှမသက်ဆိုင်ဘူး .. မောင်မောင်က ပေါ့ပေါ့ပါးပါး နေ တတ်တယ် .. အရမ်းဖိအားပေးလာရင် သူ မကြိုက်ဘူး .."

ပြောနေရင်း မောင်ဖြစ်သူကို မြင်ယောင်ကာ ချစ်စနိုးပြုံးနေသည့် မျက်နှာက ကြည်စင်နေ၏။ ဒေါက်တာကြည်လှဲ့ခင် ဆိုသည့် ဘွဲ့ထူးနှင့် အလွန်လိုက်ဖက်သော ထည်ဝါလှပသည့် သန့်စင်မှုမျိုး ..၊

"အဲဒါကြောင့် ပေါ့ပါးတတ်တဲ့ သူ့စိတ်က တော်ရုံဆို ပြီးပြီးရော





နေလိုက်တာမျိုးတွေ ရှိတယ် .. သူငယ်ငယ်တုန်းက သတိရမိသေး တယ် .. ရှင်ပြုပွဲလုပ်ဖို့ မေမေတို့က အားကြီးမာန်တက် စီစဉ်နေကြတာ လေ ..၊ စီစဉ်နေတုန်းကတော့ အလိုက်အထိုက်ပဲ .. ရှင်လောင်းလှည့်ပါ မယ်ဆိုကာမှ သူ့အဘွားအိမ် ပြေးပုန်းနေတယ် သိလား .."

မိုးတိုးမတ်တတ် ရပ်နေကြရင်းနဲ့ပဲ စကားက မပြတ်နိုင် ..၊

လို့ က ပြောပြနေရင်း ရယ်လျက် ...

"သူ ငယ်ငယ်လေးတုန်းက ရက်ရှည်လများ နေမကောင်းဖြစ်ခဲ့ တာလေ .. ရှင်ပြုမယ်ဆိုတော့ သူ့ကြောင့် မဖြစ်မြောက်ခဲ့ဘဲ ခု အရွယ် နည်းနည်းကြီးမှ ပြန်လုပ်ရတော့ ရှက်လို့တဲ့ .. အဟွန်း .. အဟွန်း .. သူ ရှက်ရင် စီစဉ်နေကြတုန်းက ပြောပါလား .. ရှင်လောင်းလှည့်ဖို့တွေ ဘာတွေကို တစ်မျိုးစီစဉ်လို့ ရတာပေါ့ .. ဘာဖြစ်ဖြစ် သူ့စိတ်ကူးနဲ့သူ နေထတ်တာတွေကို ပြောပြတာ .."

ခြူ့ မျက်နှာမှာ ပြုံးယောင်သမ်းသွားသည်။

"သူနေပုံက တစ်ကိုယ်ကောင်းဆန်သွားတတ်တယ် .. သူများရဲ့ စိတ်ကူးဆန္ဒတွေကို ဂရုမစိုက်တာနဲ့လည်း တူတယ် .. ဒါပေမယ့် မဟုတ်ပါဘူး .. သူ့အကျင့်က မလိုလားတာတစ်ခုခုကို ခေါင်းထဲ ထည့် ထားပြီး ပူလောင်မနေတတ်တာမျိုး .. အခု လူကြီးတွေ စီစဉ်နေကြတာ ကို သူ မငြင်းတာလည်း ဒါကို သဘောကျနေတယ်လို့ ပြောလို့မရဘူး..၊ ဒါကြောင့် ဒီမိသားစုတွေနဲ့ တို့တွေ အဆင်မပြေတာတစ်ခုခု ရှိလာခဲ့ရင် လည်း အဲဒါ မင်းနဲ့မသက်ဆိုင်ဘူးဆိုတာ သိထားပါ ..၊ ရော့ .."

ဒီတစ်ခါ ခြူ့ လက်ထဲရောက်အောင် တစ်ခါတည်း ထည့်ပေး ကာ ...

"မင်းကို လိုက်ခေါ်တာက ဒါလေး ပေးချင်တာလည်း ပါပါတယ်.. ပြောပြီးပြီ နော် .. အကူအညီလိုရင် အချိန်မရွေး .."

လို့ ကားပေါ်ပြန်တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ထိုနေရာမှ ခွာခဲ့ပေမယ့် လှဲ က ကားကို ခပ်ဖြည်းဖြည်း လိုမ့်နေရင်း သူမရဲ့ကျောပြင်ကို ဘက်ခ်မှန်ထဲကနေ ကြည့်နေလေးသည်။

'ခြူဆည်းလည်း' တဲ့ ...၊

ဒီနာမည်လေး ခေါ်ကြည့်မလို့ပါ .. ဒါပေမယ့် သူမလေး ဒီ လောက် မျက်နှာပျက်နေတော့လည်း မခေါ်ရက်တော့ပေ ...၊ ယောကျ်ား လေးဖြစ်ချင်နေတာ မဟုတ်ဘူးဆိုရင် မိန်းကလေးမှန်း သိသွားမှာကို တော့ ဘာလို့ ဒီလောက် စိုးရိမ်နေတာလဲ ...၊

ခုမှ တစ်ယောက်တည်း သွားလာနေရလို့ ယောကျ်ားလေးလို စတ် ထားပါသည်ဆိုရင်တောင် လက်ခံလို့ ရသေးသည်။ သူမက ငယ်ငယ် တည်းက ဒီတိုင်း ဝတ်ဆင်လာခဲ့တဲ့သူ ...၊

"ဖေဖေလည်း သူ့ ဖေဖေ့ကို လာကိုင်လိုက်တော့မှ သံသယ ဝင် သွားတာ .." တဲ့ ...၊

ခုနကပဲ ဖေဖေ ပြောပြနေသေးသည်။

"အဲဒီလို ဟိုလိုဒီလိုပုံတွေနဲ့ ဖယားရှုပ်နေတာ[illegible]ကို ငါ ဝင်ကယ် မိပြီဆိုပြီး နောင်တလည်း ရသွားတယ် .. စိတ်လည်း တိုသွားတယ် ..၊ အဲဒီမှာ ကောင်မလေးက ရှင်းပြနေတာ .. သူက အဖေနဲ့ ဦးလေးဘကြီး တွေ လက်ပေါ်မှာ ကြီးပြင်းခဲ့ရတာတဲ့ .. ဘယ်သူကမှ ယောကျ်ားလေး ဖြစ်ပါစေဆိုပြီး ဒီလိုဝတ်ဆင်ထားခဲ့တာ မဟုတ်ဘူးတဲ့ ..၊ သူလည်း ဒီလို မဟုတ်ပါဘူးတဲ့ .. ဒါပေမယ့် ခုကျတော့ ဒီလိုထင်နေကြတာ ပိုပြီး လုံခြုံတယ် ထင်လို့ ဒီတိုင်းနေခဲ့တာတဲ့ .."

ပုစ္ဆာဆန်သော မိန်းကလေး ...၊





အခန်း (၂၇)

"ဟော့ .. ခြူ .. ဟော့ကောင် .."

ခြူ စတိုးဆိုင်ထဲက ထွက်လာပြီး ဝယ်လာသည့်မုန့်ထုပ်တွေကို အဝတ်အိတ်ထဲ ထည့်ရင်း ခပ်ဖြည်းဖြည်း လျှောက်နေခဲ့စဉ် စစ် က အမောတကော ပြေးလိုက်လာ၏။

"ခြူ .."

အနားရောက်သည်နှင့် ရှေ့က ပိတ်ရပ်လိုက်ပြီး ...

"ခေါ်လိုက်ရတာကွာ .. ကားမှတ်တိုင်ရောက်တာနဲ့ တိုးတက် သွားမှာစိုးလို့ .."

ဆိုင်တွေထဲက မီးနဲ့ လမ်းပေါ်က အလင်းရောင်အောက်မှာ စစ် ရဲ့ မျက်နှာက ဖြူဝင်းနေကာ အနီရဲရဲ နက်ပြာရောင်အကွက်ကျဲပါသော ရှပ်အင်္ကျီလက်ရှည်ကို ဂျင်းန်ဂျက်ကက်လက်တိုနှင့် ဝတ်ထား၏။

အနက်လား နက်ပြာလား မသိသော ဘောင်းဘီရှည်နှင့် အရုပ်မြင့် မြင့်က ထင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မော့ကြည့်လိုက်မိပြီးမှ ခြူ က မျက်မှောင်ကုတ်၍ ...

"ဘာလုပ်မလို့လဲ .."

"မင်းကို လိုက်ခေါ်တာ .."

"ဘာ!..."

သူက ခြူ ရဲ့ ဖြူဖပ်ဖပ် ပန်းနုရောင် ရုပ်အင်္ကျီလက်ရှည်နှင့် ဂျင်းဘောင်းဘီနဲ့ ပုံစံလေးကို သေချာကြီး ကြည့်လိုက်ပြီးမှ ပတ်ဝန်းကျင်ကို မေးဆတ်ပြကာ ...

"ငါ ပိတောက် တို့ဆီက ပြန်လာတာ .."

"ဟင်!..."

ဒါဆို သူ့အဖေနဲ့ ခြူ ဆုံခဲ့တာတွေ သူ ဘာမှ မသိသေးဘူးလား။

"ခင်ဗျား .. အိမ်ပြန်မရောက်သေးဘူးပေါ့ .."

"မရောက်သေးဘူး .."

ပြောပြီး ပတ်ဝန်းကျင်ကို မေးဆတ်ပြကာ ...

"မိုးလည်းချုပ်နေပြီဆိုတော့ မင်း သူနဲ့ ခဏလိုက်တွေ့လိုက်ပါ.."

"ဘယ်သူနဲ့လဲ .."

"ပိတောက် နဲ့လေ .. မင်းနဲ့ ပိတောက် ဘာဖြစ်ကြသလဲတော့ မသိဘူး .. သူက မင်းနဲ့ ရှင်းစရာရှိတယ်တဲ့ ..၊ မင်း အိမ်ပေါ်က ဆင်းသွားတာ သူ့ဆီက တစ်ခုခုများ ယူလာမိသလား .."

"ဘာ!..."

"သူ့ပုံစံကြည့်ပြီး မေးကြည့်တာပါ .. မင်း ဆင်းသွားတာကို စိတ်ရှု လို့တော့ ဟုတ်ပုံ မရဘူးကွ .."

"ကျွန်တော် ဘာမှလည်း ယူမလာဘူး .. သူနဲ့လည်း ရှင်းစရာ ဘာမှမရှိဘူး .."

"ဟော့ .."

ခြူ က သူ့ကိုရှောင်သွားသဖြင့် စစ် က ခါးထောက်ရပ်ကျန်ခဲ့ရင်း





လှည့်ကြည့်ကာ ...

"မင်း ကိုယ့်ဘာသာ မှန်နေလို့ မရဘူး ခြူ .. မင်းတို့ ဆွေမျိုးပဲ တော် နေနေ .. သူတို့ရဲ့အလုပ်သမားပဲဖြစ်ဖြစ် သူတို့မသိအောင် ဆင်းသွားပြီဆိုတည်းက မင်းအိတ်ထဲမှာ ရွှေစင်ဆယ်တင်းလောက် ပါသွားတယ် ပြောလည်း မင်း ခံရတော့မှာ .."

ခြူ တုံ့ခနဲ ရပ်သွားသည်။ စစ် က ခြူ ရဲ့ကျောပြင်လေးကိုကြည့်၍ ပခုံးတွန့်ရင်း ရယ်သည်။ ပြီးတော့ ...

"စေတနာနဲ့ သတိပေးတာ .. မင်းက မိန်းကလေးဆိုရင်တောင် အပြစ်က ပေါ့ဦးမယ် .. ယောကျ်ားလေးဖြစ်နေတဲ့အတွက် ပိုဆိုးပြီ.."

ဒါဆိုရင်တော့ သူ အိမ်ကိုမရောက်သေးတာ သေချာပါပြီ ..၊ ခြူ က သူ့ဘက် ပြန်လှည့်လာကာ ...

"သူ ဘယ်မှာစောင့်နေတာလဲ .."

"ငါနဲ့ လိုက်ခဲ့ .."

ပြောပြီး သူ လှည့်ထွက်လာခဲ့သည်။ ကားနားရောက်လာမှ ပြန်ကြည့်တော့ ခြူ က မလှုပ်တလှုပ်လျှောက်လာနေတာ စိတ်နဲ့လူနဲ့ မကပ်သည့်အတိုင်း ..၊

"ဟော့ကောင်ရာ .. မြန်မြန်လာစမ်းပါ .. ငါ အိမ်ပြန်ချင်နေပြီ ဗိုက်ဆာလို့ .."

"ပြန်လေ .. သူ ဘယ်မှာလဲ ပြောခဲ့ပေါ့ .."

"ငါ လိုက်ရှာပေးမယ် ပြောလာခဲ့လို့ပေါ့ကွ .."

လိုက်ရှာတာကလည်း ဆိုက်ဆိုက်မြိုက်မြိုက်ကြီး လာတွေ့တာပါလား ..၊

ကားထဲဝင်ထိုင်လိုက်မိကာမှ သူ့ကို ဖျတ်ခနဲ လှည့်ကြည့်မိသည်..၊ စစ် က ကားကို နောက်ပြန်လှည့်ဝိုက်ရင်း အေးအေးလူလူ ...၊

"ကိုစစ်သည်ကောင်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဒီ-ဒီ-ဘုဘ်တုတ် ကိုစစ် ဆို ရပါပြီ .. သိပ်လေးစားမနေနဲ့.."

"မှိုင်းချုပ်နေကာမှ ခင်ဗျားက စည်းစိမ်စံအိမ်ကို သွားတာလား.."

"ဘာဖြစ်လို့လဲ .. ငါ့အတွက် ဘယ်သူက အချိန်ကန့်သတ်ထား လို့လဲ .."

လှည့်မေးတဲ့ပုံက ကိုယ်ကပဲ ကြောင်တောင်တောင် မေးခွန်းထုတ် မိသလိုလို ..၊

"ပိတောက် နဲ့ စကားပြောချင်လွန်းလို့ မှိုးချုပ်ထိ နေဖြစ်သွားတာ လို့ ပြောချင်လို့လား .."

"ခင်ဗျားကို စိတ်မဝင်စားဘူး .."

တင်းသွားသည့်မျက်နှာလေးကို ငဲ့ကြည့်ပြီး စစ် က ရယ်သည်။

"ဟား .. ဟား .. ဟား .. ဟား ..."

ရယ်နေတော့လည်း မပြီးနိုင် ..၊

"ကိုစစ်သည်ကောင်း ခင်ဗျား လူကို ရယ်စရာမှတ်နေတာလား.."

"ငါကလည်း လူကို စိတ်မဝင်စားပါဘူး .. ဒါပေမယ့် ရယ်စရာ ကြားရင်တော့ ရယ်ချင်တာပေါ့ကွ .."

"ဘာတွေ ရယ်စရာ ပါနေလို့လဲ .."

"ငါ ဘာမှမမေးရသေးဘဲနဲ့ မင်းက ဖြေနေလို့လေ .."

သူမ အသံတိတ်ကျသွားသည်။ ကားထဲမှာ မမြင်ရပေမယ့် ခြူ့ မျက်နှာ ဘာဖြစ်သွားပြီကို သူ တွက်မိနေ၏။

"ကားရပ်ပေးတော့ .."

"ဘာလဲ .. တင်းသွားတာလား .. မင်းကလည်း မိန်းမကျနေတာပဲ ကွာ .. စိတ်က အတိုမြန်ပါ့ .."

"ခင်ဗျား ကပ်ရိမနေနဲ့ .."

"မရိပါဘူး .. ယောက်ျားချင်းကပ်ရိပြီး ဘာရမှာလဲ ..၊ မင်းက မိန်းကလေးဆိုရင် တစ်မျိုးပေါ့ .."





ခြူ့ တစ်ကိုယ်လုံး ဖျင်းခနဲဖြစ်သွားသည်။ ရင်ထဲမှာ သံသယတွေ သည်း ပေါက်ဖွားစပြုလာခဲ့၏။ သိလို့ တမင် ကပ်ရိနေတာလား ..၊

"ယောက်ျားချင်းမို့ ပြောရဦးမယ် .. မင်း သိလား.. အဲဒီ ပိတောက် ဆိုတဲ့တစ်ယောက်က သူ့ကို အပေါ်ယံကြည့်ရင်တော့ သူ့ရဲ့ဘော်ဒီ သေရက်ချာ မိုက်တယ် .. အရမ်းလှတယ် ထင်ရပေမယ့် သေချာကြည့် တော့ .."

"အဟမ်း .."

"ဘာဖြစ်တာလဲ .."

ခြူ့ ထံမှ ချောင်းခြောက်ကြီး ထဆိုးလိုက်ကာ လှုပ်လှုပ်ရွရွ ဖြစ် သွားတာကို စစ် က လှည့်ကြည့်သည်။

"ရေသောက်ချင် ယူသောက်လေ .. ရေဘူးအသစ်ရယ် .. ဖွင့် တောင် မဖွင့်ရသေးဘူး .."

"ဘယ်သူ ရေသောက်မယ် ပြောလို့လဲ .."

"မသိဘူးလေ .. မင်းက ချောင်းတွေထဆိုးတော့ လည်ချောင်းတွေ ဘာတွေ ခြောက်နေတာလားလို့ .."

"မခြောက်ဘူး .. ခင်ဗျားလည်း သူများအတင်းအဖျင်းတွေ မပြော စမ်းပါနဲ့ ..၊ ကိုယ့်အကြောင်း ကိုယ်ပြော .."

"ဟာ .. ငါယူရမယ့် မိန်းမအကြောင်း ငါ ရှုမြင် သုံးသပ်ရတယ် ဆလ .. သူ့အကြောင်းကို ငါ ပြောပိုင်ခွင့် ရှိတယ် .. ယောက်ျားချင်း တွေ့ရင် ဒီလိုပဲ ကိုယ့်ကောင်မလေးတွေအကြောင်း .."

"ကျွန်တော့်မှာ ကောင်မလေးတွေ မရှိဘူး .. သူများအကြောင်း တွေလည်း နားမထောင်ချင်ဘူး .."

"ရှိရှိ မရှိရှိပေါ့ကွ .. မင်းက သဝန်တိုတတ်တာ ပေါ်တင်ကြီးပဲ လား .."

"ဘာဗျ!..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ .. မင်းမှာ မရှိတိုင်း ရှိတဲ့လူကို သဝန်တိုတာ ပေါ့ .. ဒါကြောင့် သူများ သာယာနေတာကို နားမထောင်ချင်တာ.."

"ဟုတ်တယ် .. ကျွန်တော်က စိတ်ပုပ်တယ် .."

"စိတ်ကောင်းရှိဟန် ဆောင်နေကြတဲ့သူတွေနဲ့စာရင် ခံသာပါ တယ် .."

"ဘာ!..."

"မင်း စိတ်ပုပ်တာကို ငါ ကျေနပ်တယ်လို့ ပြောတာ .. ဘယ့်နှယ် မင်းချည်းပဲ ဒေါကန်နေပါလား .."

"ကိုစစ် .."

"အင်း .. အမှန်အကန် တတ်မြောက်သွားပြီ .."

ကားမောင်းနေရင်း စကားကောင်း တစ်လုံးမှ မပြော ..၊

ခြူ ကိုယ်တိုင် သူ့ကို သံသယတွေ ဝင် .. စိတ်တွေတိုရင်း ကား ဘယ်ကိုဦးတည်နေသည်နေမှန်းတောင် ရုတ်တရက် မသိ ..။

"ခင်ဗျား ဘယ်လမ်းက သွားနေတာလဲ .."

"ဘယ်ကိုသွားနေတယ် ထင်လို့လဲ .."

"မသိဘူးလေ .. မလတ် စောင့်နေတယ်ဆို .."

"အိမ်မှာ စောင့်နေတယ်လို့ ပြောမိလို့လား .."

"ဒါဆို ဘယ်ကိုသွားနေတာလဲ .."

"မင်းကို ယောက်ျားချင်း ခိုးမပြေးဘူး .. ပူမနေနဲ့ .."

"ခင်ဗျား စကားကောင်းကောင်း မပြောတတ်ဘူးလား .."

"မပြောတတ်တော့ဘူး မေ့နေပြီ .. အမြဲတမ်း ပုပ်ပွစူရှိတ်နေတဲ့ မျက်နှာ မြင်နေရတော့လည်း ပြောဖြစ်တာတွေကိုက အဲဒီလိုတွေ ပါ ကုန်တာ .."

တမင် စကားစရှာပြီး ရန်ဖြစ်ချင်တာလား ..၊

သူ့မိသားစုနဲ့ပါ ပတ်သက်ခဲ့ဖူးပြီမို့ ကျေးဇူးတင်စိတ်လေး လတ်





...ဆစ်လောက်နဲ့ သည်းခံစိတ် မွေးနေရသည်။ ဒီလူ သူပြောသလို ...ောင်ချိုစရာတွေပဲလို့ ထင်နေသလား မသိ ..၊

သိပ်မကြာခင်မှာ ခြံဝင်းတစ်ခု၏ နောက်ဖေးတံခါးကြီးရှေ့မှာ ...ားရပ်သွားကာ ...

"တီ .."

ဟွန်းသံတစ်ချက် ပေးလိုက်တာနှင့် ခြံစောင့်က တံခါးဖွင့်၏။ ...ားကို ခြံထဲမောင်းဝင်လာတဲ့အထိ ခြူ ပါးစပ်ပိတ်နေလိုက်၏။

ဒါ ဘယ်သူ့အိမ်လဲ ..၊

စည်းစိမ်စံအိမ်လည်း မဟုတ်၊ ခြူ သိသော တခြားတစ်ယောက်ရဲ့ ...ိမ်လည်း မဟုတ် ..။

"ခြံတံခါးတွေ ဘာဖြစ်လို့ အပြီးမသတ်သေးတာလဲ ဦးစန်း .. ...့က ဝင်မရလို့ တစ်ပတ်ကြီး ပတ်လာရတယ် .."

"မသိပါဘူး လူလေးရယ် .. တံတိုင်းအပြည့်ခတ်ဖို့ စီစဉ်ပြီးမှ ...ရာမကြီးက သံပန်းတွေချည်းခတ်မယ်လို့ ပြောတယ်တဲ့ .."

ဆရာမကြီး ဆိုတာ ဒေါ်ယဉ်လှဲ ကို ပြောတာဖြစ်သည်။ စစ် အိမ် ...ာပ်ခြင်းက ဒီအိမ်ကို မျက်နှာစာပြင်နေတယ်ဆိုတာပဲ သိသည်၊ မမေ ...ာတွေစီစဉ် ဘယ်လိုပုံလုပ်မှာလဲဆိုတာ ဘာမှမသိ ..။

"အဲဒါနဲ့ အစီအစဉ်ပြောင်းလိုက်တော့ သတ်မှတ်တဲ့အတိုင်း ...ပြီးမသတ်နိုင်တာ သူတို့အပြစ် မဟုတ်ဘူးပေါ့ .."

"ဖေဖေ လာသေးလား .."

"သူ့ရှေး မလာဘူးလေ .. ဆရာမကြီးလည်း မလာဘူး ..၊ ပန်းရန် ...ါင်းဆောင်နဲ့ သံဇကာ သံပန်းသမားတွေပဲ ကိုယ့်အဖွဲ့နဲ့ကိုယ် လုပ်နေ ...ကြတာ .. ဦးစန်း သွားကြည့်တိုင်းတော့ လုပ်နေကြတာပဲ .. ဒါပေမယ့် ...ပည့် မပါဘူး .. ဆရာချည်းပဲ .. ဟဲ .. ဟဲ ..."

သူ ကားပေါ်ကဆင်းသွားပြီး နောက်ဖေးမီးတွေ ဖွင့်သည်၊ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ကားပေါ်ပြန်တက်ပြီး ခေါင်းရင်းကပတ်၍ ရှေ့ပြန်သွား၏။

ဦးစန်း ဆိုသည့် ခြံစောင့်ကြီးက မာတ်မီးနဲ့ တဖားဖားလိုက်[illegible] ကာ တံခါးတွေ လိုက်ဖွင့်ပေး၏။ တံခါးဖွင့်သံနှင့် သော့တွဲကြီး [illegible] ခတ်နေသံက တချွမ်ချွမ် မြည်နေလျက် ...

"ချာတိတ် .. ဆင်းခဲ့လေ .."

"မဆင်းတော့ပါဘူး .. ခင်ဗျားကိစ္စရှိတာ လုပ်ပါ .. ပြီးရင် သွား[illegible] မယ် .."

ဒေါ်သတွေ စိုးရိမ်ပူပန်မှုတွေကတော့ အတိုင်းအဆမရှိ ဖြစ်တွ[illegible] နေပြီ ဖြစ်၏။ ဒါပေမယ့် ယောကျ်ားလေးတစ်ယောက်လို နေ[illegible] သဖြင့် မိန်းကလေးတစ်ယောက် စိုးရိမ်နေရတဲ့ပုံစံတွေ ခဏခဏ မ[illegible] အောင် နေမှ ဖြစ်မည်။

"ဟော့ .."

စစ် က သူမဘေးကို ရောက်လာကာ တံခါးကို ဆွဲဖွင့်လိုက်ပြီး

"မင်းက ဘာဖြစ်နေတာလဲ ခြူ .. အောက် ခဏဆင်းစမ်းပါ"

"ဘာလဲ .. ခင်ဗျား အိမ်တွေ မြောက်မြားစွာ ပိုင်ထားတာ [illegible] မလို့လား .."

"မကြွားပါဘူး .. ငါက မင်းကို ကူညီချင်လို့ပါ .."

"ဘာလဲ .."

မှောင်ရိပ်တစ်ဝက်ကျနေသည့် သူ့မျက်နှာက ထူနက်သောမျက်[illegible] တန်းနှင့် မျက်တောင်ဖျားတို့ကို ဘေးတိုက်ပြထားသလိုရှိကာ သူ[illegible] ချောမောသည့်ယောကျ်ားတစ်ယောက်ဆိုတာကို ရှုထောင့်အမျိုးမျိုး[illegible] ဖော်ပြနေသလိုပင် ...။

"ဆင်းလေကွာ စကားပြောရအောင် .. ငါ သေချာပြောပြမလို့"

"မပြောနဲ့တော့ .. မိုးချုပ်တာက ညရင့်သွားရင် မကောင်းဘူး"

"ငါက .."





"ခင်ဗျားအိမ်မှာ နေနိုင်တယ်လို့ ပြောမှာဆိုရင် ကူညီဖို့ စိတ်ကူး[illegible]းတဲ့အတွက် ကျေးဇူးတင်တယ် .. ဒါပေမယ့် ကျွန်တော် မနေချင်[illegible]ူး .."

"ဘာဖြစ်လို့လဲ .. ဒီအိမ်မှာ အလုပ်လုပ်ကြတဲ့လူတွေ ရှိတယ် ...[illegible]း မကြီးတွေ ကောင်မလေးတွေ သုံးယောက် လောလောဆယ် သေချာ[illegible]ယ် .. အိမ်မှာ လူရှိတာနဲ့ ခေါ်လိုက်ရုံပဲ .."

"မဟုတ်ပါဘူး .. ကျွန်တော်က ..."

"ပြောပါဦး .. ပိတောက် တို့က နှင်ချလိုက်တာကို မင်း ဘယ်သွား[illegible]လဲ .. ၊ ဘာဆော်မှာ အလုပ်ရှိပြီးသားမို့ မင်းရဲ့ဝမ်းစာအတွက် မပူရပေ[illegible]ယ့် နေရေးထိုင်ရေးကရော .."

"အဲဒါတွေကို ကျွန်တော့်ဘာသာ ဖြေရှင်းသွားမှာပါ ..၊ ကျေးဇူးပြု[illegible] မစပ်စုပါနဲ့ဗျာ .. ခင်ဗျား လိုက်မပို့နိုင်လို့ဆိုရင်လည်း ကျွန်တော့်ဘာ[illegible]ာ .."

"ပြီးရောကွာ .. ခဏနေဦး .."

သူ ပြန်လှည့်ထွက်လာပြီး ခြံစောင့်ကို မှာစရာရှိတာ မှာသည် ...၊ [illegible] ကားထဲ ပြန်ရောက်လာကာ ...

"ငါက မင်းကို ကိုယ့်ညီလေးလို သဘောထားပြီး မြင်မြင်ချင်း [illegible]ယာဉ်ဖြစ်မိလို့ပါ .. တကယ်လို့ မင်း တခြားမှာ အဆင်မပြေရင် [illegible]ို ဖုန်းတစ်ချက်ပဲ ဆက်လိုက် .."

"အင်းပါ .."

"ပြီးတော့ ရန်ကင်းဘက်မှာလည်း ခြံကျယ်တစ်ခု ရှိသေးတယ်...၊ [illegible]ါကတော့ အိမ်က သိပ်မကောင်းဘူးကွာ .. ခြံကတော့ လှတယ်...၊ [illegible]က အိမ်ငှားတွေတင်ထားတာလေ .. ခုတော့ မထားတော့ဘူး ..၊ [illegible]ောင့်နဲ့ပဲ .."

သူ ပြောပြနေပုံက ကြွားနေတာ မဟုတ်မှန်း သိသာပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူမအတွက် အခက်အခဲဆိုတာက ကိုယ်တိုင် လက်ယ် ခဲ့မိသည့် အထုပ်အပိုး ဖြစ်သည်။

ဒီလောက်ဆိုးတာမျိုးထက် ပိုလာပါစေ .. ဒီ့ထက်ပိုဆိုးတာ လည်း သူမ ရင်ဆိုင်နိုင်ရမည် ..၊ ထို့ပြင် အဆိုးဆုံးတွေထဲမှာ ကြီး မိသားစုနှင့်သူမ ပတ်သက်ခဲ့သော ပါဝင်ရာခိုင်နှုန်းက ဘယ်လော လဲဆိုတာ အထိ ..၊

"အစတုန်းကကွာ ဖေဖေနဲ့မေမေက သာမန်ဝန်ထမ်း လက် လက်စားဘဝသာသာပါပဲ .. သာယာစိုပြည်နိုင်တဲ့ ပြည့်စုံမှုလောက် ရှိတာပေါ့ ..၊ အဲဒီကနေ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ ယှဉ် အဆင့်အတန်းကွာနေသေးတာကို မြင်လာတယ် .. သားသမီးတွေ လာတဲ့အခါ ကလေးချင်းယှဉ်ရင် မျက်နှာမငယ်ရဘူးဆိုတဲ့ မာန နှစ်ယောက်စလုံး ကြိုးစားကြတယ် .."

စစ် ပြောပြမှ သူတို့မိသားစု ဘယ်လိုစည်းလုံး နွေးထွေးကြတာ မြင်နိုင်လာခဲ့သည်။ စိတ်အာရုံထဲကနေ ရင်ထဲထိ တိုက်ရိုက်ရော သွားခဲ့သည့် နွေးထွေးမှုဟာ နွေကန္တာရအလယ်မှာ ရွာသွန်းသော မိုး သို့ ..၊

"အိမ်တွေများလာခဲ့တဲ့ အကြောင်းရင်းက အဲဒါကွာ.. ပထမ စီးပွားရေးအခြေပြုခဲ့တာက သာမန်အိမ်တစ်လုံးနဲ့ ခြံကျယ်ကျယ် တစ်ကွက်ပေါ့ .. အဲဒါတွေ တစ်လုံးပြီးတစ်လုံး ထူထောင်ပြီး အိမ် တင်တယ်၊ အိမ်စရိတ်က သပ်သပ် .. ကလေးတွေရဲ့ ပညာရေးအတွ က ဘယ်လိုဘာညာ မေမေကိုယ်တိုင် ဇယားချခဲ့တာ .."

"အန်တီက ထက်မြက်တဲ့ အမျိုးသမီးကြီးပဲ နော် .."

"ဒါတောင် မေမေက တက္ကသိုလ်ကနေ ထိုင်ရာမထ စီမံနေ နော် .. ဖေဖေက ဒိုင်ခံ ရှန်းကန်ရတာ .."

"အန်တီ တော်လို့လည်း စုဆောင်း တိုးတက်လာတာပေါ့ .."





"ဟုတ်တယ် .. ဖေဖေက မေမေ့ကို အရမ်းတန်ဖိုးထားတာ.. မေကလည်း လေးစားတယ် .. နောက်ကျတော့ အိမ်ငှားတင်နေရာ နေ ဝယ်ရောင်းလုပ်တာတွေ ဖေဖေက လိုက်တယ် ..၊ ရပ်ကွက်ငယ် းထဲကနေ လူကုံထံတွေထဲ ပေါက်ရောက်လာတာနဲ့ နေ့ချင်းညချင်း ပြောင်းလဲသွားတာ .. ကိုင်တွယ်လည်ပတ်နေရတဲ့ သချာတွေ မြင့်လာ တာနဲ့အမျှ မေမေပါ အနားယူပြီး ဖေဖေ့ကို ဝိုင်းကူရတဲ့အထိပဲ .."

"ခင်ဗျားအစ်ကိုနဲ့ အစ်မတွေကလည်း ခုလို အထူးကုဆရာဝန်ကြီး တွေ ဖြစ်တဲ့အထိ ကြိုးစားခဲ့ကြတာဆိုတော့ မိဘနဲ့ သားသမီး ရိုင်းပင်း တာတွေ သိသာနေတာပဲ .."

"ကိုကြီး ဆရာဝန်ဆိုတာ မင်းကို ကိုယ် ပြောပြမိလို့လား .."

ခြူ ထိတ်ခနဲ ဖြစ်သွားသည်။ ရုတ်တရက် သူ ပြောပြခဲ့သလား..၊ ပြောခဲ့ဘူးလား စဉ်းစားချိန် မရလိုက်ဘဲ ..

"ဟုတ်တယ်လေ .. ကိုယ်ပြောခဲ့တာကို မေ့သွားပြီလား .."

သူက ခဏကြည့်နေပြီးမှ ခေါင်းညိတ်ပြီး ကားကို ဖြည်းဖြည်းလိုမ့် က်သည်။

"ဟုတ်တယ် .. ဖေဖေနဲ့ မေမေ ဒေါသထွက်တာ ကိုယ့်ကို .."

ခြူ က သူ့ကို လှည့်ကြည့်သည် ..၊ ပြီးမှ ရှေ့ပြန်လှည့်၍ ...

"ကျွန်တော် မိဘရဲ့ဒေါသတွေကို မြင်ချင်တာ အရမ်းပဲ .. မေမေ ့ ဖေဖေတို့ ကိုယ့်ကို ဒေါသထွက်တာ ရိုက်မောင်းပုတ်မောင်း လုပ်ကြ ာ .. ပြီးတော့ စိုးရိမ်တဲ့အကြည့်တွေနဲ့ တဖားဖားလိုက်ပြီး ကိုယ့်ရဲ့ရှေ့ ေ ဖြေရှင်းကြတာ .. အဲဒါတွေကိုလေ .."

သူ လှည့်ကြည့်တော့ ခြူ က ဆံပင်လေးသပ်ရင်း မျက်လွှာချပစ် ည်။ ပြီးတော့ ...

"အားကိုးချင်တဲ့စိတ်ဟာ မိဘတွေရင်ခွင်ထဲကိုပဲ .. ဘာကိုမှ ကြ က်ချင်သလို ဖြစ်လာတာတွေက သတ္တိတွေမဟုတ်ဘူး .. နာ ချင်မှု



www.burmeseclassic.com

www.burmeseclassic.com



တွေ ..”

“မင်းက မိဘမေတ္တာကို တမ်းတနေတဲ့ ချာတိတ်ပဲ ..”

“ဒါပေါ့ .. ခင်ဗျားတို့ကတော့ ပိုပိုလျှံလျှံကြီး မှီဝဲ စားသုံးနေရ ကိုး ..”

“မဟုတ်ဘူး .. ငါ မင်းကို လှောင်တာမဟုတ်ဘူး .. မင်းကို တည်းက မင်းရင်ထဲက တစ်ခုခုကို ငါ ခံစားမိနေတာ .. ဘာမှန်းမသိ မယ့် ရည်းစားကြောင့် အသည်းကွဲနာကျင်နေတာမျိုး မဟုတ်မှန်းလည်း တွက်မိတယ် ..၊ ခုမှ သေချာသိရတာလေ .. ဘာလဲ .. မင်းက မွေး မောင်နှမ မရှိဘူးလား ..”

“ဟင့်အင်း .. လောကအလယ်မှာ စောစောတည်းက ပစ်ထား မယ့်အတူတူ တစ်ယောက်တည်း မဟုတ်ဘဲ အစ်ကို အစ်မတွေ အ ကြီးနဲ့ ထားခဲ့ပါတော့လားလို့ ခဏခဏတွေးမိတယ် .. အဲဒါ ငရဲ ကြီးသလား မသိဘူး ..”

“ဘာဖြစ်လို့လဲ ..”

“မေမေတို့ကို အပြစ်တင်သလို ဖြစ်နေလို့လေ ..”

“လူတိုင်းက ကိုယ့်လိုအပ်ချက်ကို လိုအပ်နေသမျှတော့ တ ရှေရှုတ်နေတတ်ကြတာပဲကွ .. မင်းဆိုရင် အရွယ်လေးငယ် လောကစံကို ရင်ဆိုင်နေရတာ .. ခံစားရမှာပေါ့ ..၊ အဲဒါကြောင့် ငါ့ကို ယုံကြည်ဖို့ လိုတယ် ခြူ .. ငါက အမြဲတမ်း အေးဆေးပေါ့ပါ နေခဲ့တယ် ..၊ ဖရီးစတိုင်လ်ပေါ့ကွာ .. ဒါပေမယ့် ဘယ်တုန်းကမှ သူ့အပေါ်မှာမှ မယုတ်မာခဲ့ဘူး .. ဒုက္ခရောက်အောင်လည်း မလု ဘူး ..”

“ဒါပေမယ့် ခင်ဗျားကြောင့် ..”

“ဟင်!...”

လွှတ်ခနဲ ပြောမိပြီးမှ ခြူ အသံတိတ်သွားတော့ စစ် က





ည့်ပြီး မေးဆတ်၏။ ထိုစဉ် ရှေ့က ကျော်တက်လာသည့်ကားတစ်စီး ကြောင့် မီးရောင် ဝင်းခနဲ ဖြစ်သွားကာ ...

“ကား!...”

လက်ကာလိုက်ရင်း ခြူ အလန့်တကြား ထအော်၏။

“တီ .. တီ ...”

စစ် က စတီယာရင်ကို နှစ်ချက်ဝိုက်ဆွဲပစ်လိုက်လျှင် ကားက မြွေ ကောင်လို တွန့်တက်သွားပြီး ဖွတ်ကာသီကာလေး လွတ်မြောက် ခဲ့၏။

“ခင်ဗျား ဗျာ ..”

“ဆောရီး .. မင်းက ဘာလို့ စိတ်ဝင်စားအောင် ပြောနေလဲ ..၊ ခု ပြောတော့ .. ရပြီ ..”

“ဘာမှမဟုတ်လို့ မပြောတာပေါ့ ..”

“မင်းက မပြောချင်တဲ့လူပဲ.. ဘာမှမဟုတ်ပါဘူးဆိုလည်း ရတယ်၊ တော့ ဒါကိုသိရမှ ဖြစ်မယ် .. ငါ့ကြောင့် ဘာဖြစ်သွားလဲ ပြော..”

“ကျွတ်!...”

“ဟော့ကောင် .. မင်း မပြောရင် လမ်းဘေးဆွဲချပြီး ရပ်ပစ်မှာ .. ရီးဖင့်အောင် မလုပ်နဲ့ ..”

ဒီတစ်ခါ ထပ်ဖြစ်ရင် ရှောင်နိုင်ပါဦးမလား ..၊

ခြူ သူ့ကို မျက်စောင်းထိုးမိတော့မလို ဖြစ်သွား၏။

“ဘာမှမဟုတ်ဘူး .. ခင်ဗျား ကျွန်တော့်ကို လာခေါ်နေတော့ လုပ်ပျက်တယ်လေ .. သူတို့ အလုပ်ပျက်တော့ ကျွန်တော့်ကိုပဲ ဆူကြ ..”

“သူတို့ ဆိုတာက ..”

“ကြီးမေတို့ပေါ့ .. မလတ်တို့ကို ပြောတာ ..”

“ငါ အဲဒီအိမ်ကို သားသမီးတို့ဝတ္တရားအတိုင်း မိဘက ခိုင်းလို့



www.burmeseclassic.com

www.burmeseclassic.com



သွားတယ် .. ငြင်းရမယ့်ဝတ္တရားအတိုင်း ငြင်းစရာကြီး မြင်ခဲ့ရတာပဲ ကြိုက်ချင်စရာမှ မရှိတာကြီးကို မင်းပဲ စဉ်းစားကြည့်ပေါ့ ..”

သူက ကားမောင်းနေရင်းမို့ ရှေ့လှည့်သွားလိုက် .. လှည့်ပြောလိုက် နှင့် မီးပွိုင့်မိတော့မှပဲ သေချာရပ်လိုက်ပြီး ကူရှင်မှာ မှီလိုက်ကာ –

“အဲဒါကြီးကို မက်လို့များ ခဏခဏလာနေတယ် ထင်လို့လား ဟွန်း.. မင်းကလည်း ယောက်ျားချင်း မစာမနာ ..”

“ဘာလဲ .. ဘာကို စာနာရမှာလဲ ..၊ ကျွန်တော့်မှာ ..”

“တော်ပါကွာ .. ချစ်သူမရှိတာတွေ မချစ်တတ်တာတွေ ကြားချင် မလို့လား .. ဒီခေတ်ထဲမှာ ချစ်သူမရှိတာ ဂုဏ်ယူစရာ မဟုတ်တော့ ဘူး ..”

“ဟုတ်တယ် .. ခင်ဗျားပြောမှပဲ ဂုဏ်ယူစရာဖြစ်အောင် ရည်းစား ထားရဦးမယ် ..”

“ဟား .. ဟား .. ဟား ...”

သူက ခပ်ကြိတ်ကြိတ်ရယ်ပြီး ရှေ့ကားတွေအတိုင်း လိုက်ကပ်၏။ ပြီးမှ ပြန်ရပ်၍ ...

“ပြောပြတာကွာ .. မင်းရဲ့မလတ်ကြီးကို ကြည့်ပါဦး ..၊ ကို ထက်လည်း အသက်ကြီးသေးတယ် .. သူ့ဟာသူ မိတ်ကပ်တွေနဲ့ ဘ လောက် ဖုံးထားထား ပြိုင်းနေတာ အသိသာကြီး ..”

“ခင်ဗျား ယောက်ျားဖြစ်ပြီး အတင်းလည်း ပြောတတ်တာပဲ –

“ဒါဆိုရင်တော့ ယောက်ျားတိုင်း အတင်းပြောတတ်ပြီး မိန်းကလေး တွေကတော့ အုံ့ပုန်းတွေပဲ ..”

“ဘာဗျ!...”

“ဟုတ်တယ်လေ .. ယောက်ျားချင်း တွေ့တဲ့အခါ မိန်းကလေး တွေအကြောင်း ပြောကြတာပဲ .. ပြောလိုက်တာမှ မင်းလိုကောင် မပြော ဖူးတာတွေတောင် ပါချင်ပါဦးမှာ .. ပြောပြရမလား ..”





“မလိုပါဘူး ..”

ဆတ်ခနဲ မျက်နှာလွှဲပြီး ပြောတော့ စစ် က ကျိတ်ပြုံးသည်။

“မိန်းကလေးတွေကျတော့ ပြောချင်တိုင်း ပြောလို့ မရဘူး .. ပွင့်လင်းခွင့်မရှိတဲ့ သနားစရာသတ္တဝါလေးတွေပေါ့ ..”

“ခင်ဗျားက ဘာကို ပွင့်လင်းတယ် ပြောတာလဲ ..၊ အရှက်မရှိ နှုတ်ရမ်းကားတာတွေ ..”

“ဟာကွာ .. အချင်းချင်းတွေ လာပြီး ကွိုင်ရှာနေတယ် ..၊ မင်းကို ဟိုကောင်တွေကြားရင်တော့ ဂေးလို့ ပြောကြတော့မှာပဲ ..”

“ပြောမှေ့စေ .. ဒါမျိုးတွေပြောတတ်မှ ယောက်ျားပီသမယ်ဆိုရင် တစ်သက်လုံး မပီသလည်း ဂရုမစိုက်ဘူး ..”

“ဟုတ်ပြီကွာ .. ကဲ .. မင်း ဘုန်းကြီးဝတ်ချင်လာရင်လည်း ပြော..၊ ငါ ပဉ္စင်းဒါယကာ လုပ်ပေးချင်လို့ .. နော် .. ရွဲ့တာမဟုတ်ဘူး .. လေးစားလို့ ..”

ဒီတစ်ခါတော့ ဘယ်လိုမှ ချုပ်ထိန်းဖို့ သတိမရလိုက်ခင် မျက်ဆောင်း ထိုးပစ်မိ၏။

ပြောချင်ရာ ပြောပြီးပြီဆို ‘ဆောရီး’ ‘ဟုတ်ပြီကွာ’ ‘ပြီးရော’ဆိုတာ တွေနဲ့ ဒီလူ .. ဘယ်လောက်မုန်းဖို့ ကောင်းသလဲ ..၊

“ငါ ပြောချင်တာက သူတို့ဆီကို ငါ သွားနေတာကိုက သူတို့ကို တွေ့ချင်လို့မှ မဟုတ်ဘဲ .. တစ်ခါသွားတွေ့မယ် .. ပြီးတာနဲ့ ငြင်းမယ် ဒါပဲ ..၊ ဘိုးတော်နဲ့ စစ်တိုက်ရလည်း တိုက်ရုံပဲပေါ့ .. အဲဒါက ဟိုအစ တုန်းက ..၊ မင်းနဲ့ ဆော်ဒါတွေဖြစ်သွားတော့ ဘိုးတော်နဲ့ စစ်တိုက်ဖို့ မလိုတော့ဘူး .. သူတို့နဲ့တွေ့ပြီး ညစ်စရာလည်း မလိုဘူးလေ .. မင်းနဲ့ ရန်ဖြစ်နေရတာကို ငါ ပျော်တယ် ..”

“ဩော် ..”

“ဟား .. ဟား .. ဟား ...နားဝင်ဆိုးသွားသလား ..၊ ဘာဖြစ်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com



တော့ မသိဘူးကွ .. ယောကျ်ားချင်းဆိုတဲ့မာနမျိုးနဲ့ ငါ မင်းကို တစ်ခါမှ မတင်းဖူးဘူး .. ကိုယ်ကပဲ လျှော့ပေးနေချင်တာ ..၊ အဲဒါ ဟိုကောင်တွေ ဘာပြောလဲ သိလား .."

ခြူ မကြားရဲတော့ဘဲ သူ့ကို တားဖို့ လှည့်လိုက်ပေမယ့် ...

"တော်ကြာ ညားနေဦးမယ် .. ကြည့်လုပ် တဲ့ .."

ခြူ တစ်ကိုယ်လုံး ပူထူသွားကာ ထိုခဏလေးအတွင်းမှာ သူမ ဟန်ဆောင်လိုက်နိုင်ရဲ့လားဆိုတာ မသေချာ ..၊

"ခြူ .. ဟော့ ဘာဖြစ်သွားတာလဲ ..၊ မင်းကို အခြောက်လို့ပြောတာ မဟုတ်ပါဘူး .."

"ကဲ တော်ပါဗျာ .. မောင်းပါတော့ .."

"မီးပွိုင့်မိနေတာလေ .. ဘာလဲ .. မိုးပျံဂီယာတွေ ဘာတွေ ထိုးပြီး ကျော်တက်သွားရမလား .."

မှားပြန်ပြီ ခြူ ..၊

ရှက်ရှက်နှင့် လက်ကနာရီလေးကို ငုံ့ကြည့်လိုက်မိသည်။ လက်ကောက်နာရီလေးက ကြည့်လိုက်ရင် ဖန်စီပစ္စည်းလေးတစ်ခုနဲ့ တူပေမယ့် သူမအတွက် နာရီကြည့်လို့ရအောင် တမင်ထည့်ထားခဲ့တာဖြစ်၏။

ဒါပေမယ့် မလုံလောက်သည့် မီးရောင်အောက်မှာ ဘယ်လိုပြူးပြဲ ကြည့်လို့မှ မမြင် ..၊

"နာရီကြည့်တာလား .. မင်းရှေ့မှာ လင်းနေတာ နာရီလေကွာ.."

နောက်ထပ် မျက်နှာပြင်မှာ ရေနွေးတွေနဲ့ အပက်ခံလိုက်ရသလို ပူရှိန်းသွားပြန်၏။

တီဗွီအောက်က မှန်ကွက်ထဲမှာ နာရီစာလုံးတွေက ခြူ့ ကို ပြူးပြဲ လှောင်ရယ်နေကြ၏။

"မိုးအရမ်းချုပ်သွားမှာ စိုးလို့ဗျ .. မီးပွိုင့်က ကြာလှချေလား .."

စစ် က ရယ်ဟာဟာ လေသံနှင့် ...





"မင်း ခုမှ ကြုံဖူးတာလား .."

"ဟုတ်တယ် .. ကိုယ်ပိုင်ကားမှ မစီးဖူးတာ .."

စစ် က လက်ပိုက်လိုက်ပြီး လှည့်ကြည့်၏။

"လမ်းပေါ်မှာ ကိုယ်ပိုင်ကားတွေချည်း ရှိတာ မဟုတ်ပါဘူးကွာ.. ကားကြီးကားငယ် အနေးယာဉ် အမြန်ယာဉ်တွေမှ စုံနေတာပဲ ..၊ မီးပွိုင့်မိရင် အားလုံး ရပ်နေကြရတာပဲဟာ .. မင်းကိုက ငါ့ကို မတည့်အောင် ပြောနေတာ .."

"အဲဒါ သိရင်လည်း ခင်ဗျားက တည့်ဖို့ မကြိုးစားနဲ့ပေါ့ဗျာ ..၊ ကျွန်တော်က မိဘမဲ့ တစ်ကောင်ကြွက်မို့ မိသားစု အသိုက်အဝန်းတစ်ခု အပေါ်မှာ ခိုလှုံသာယာချင်မိတာ ရှိရင်ရှိမယ်.. အပေါင်းအသင်း သာယာ မှုရှိဖို့တော့ မလိုအပ်ပါဘူး .."

"ဒါကြောင့် မင်းကို မရင့်ကျက်သေးဘူး ပြောတာပေါ့ .."

"ခင်ဗျားကရော ဘယ်လောက် ရင့်ကျက်နေသလဲ .."

"မင်းထက်တော့ ရင့်တယ်ထင်တာပဲ .."

ပြောနေရင်း ကားတွေ တရွေ့ရွေ့ ထွက်ခွာစပြု၏။ စစ် က ကိုယ်သွားမယ့်လမ်းဘက်ကို ဆစ်ဂနယ်မီး ပြရင်း ...

"လူရယ်လို့ ဖြစ်လာရင် အားလုံးကို မရှိုမပဋိပက္ခ ကျင့်ကြံရ တယ်ကွ .."

"ဟိုမှာ .. ဟိုမှာ .. ကိုစစ် မလတ်တို့ရယ် .."

"ဟင် .. ဘယ်မှာလဲ .."

ကားကို အေးချရပ်လိုက်ရင်း ကမန်းကတန်း လှည့်လည် ရှာဖွေမိသည်။ တကယ်ဆို ပိတောက် တို့ ရှာနိုင်းသည်ဆိုတာ သူ့ ညာပြောခဲ့ တာ ဖြစ်သည်။

ဘာဖြစ်လို့ လာတွေ့နေရတာလဲ ..၊ တိုက်တိုက်ဆိုင်ဆိုင် ..၊

"နောက်မှာကျန်ခဲ့ပြီ .. ကားရပ်ပြီး မတ်တတ်ရပ်နေကြတာ ..၊



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ မောင်းထွက်သွားတော့မှာပဲ .. ကျွန်တော် ဆင်းသွားလိုက်မယ် ..”

“ဟော့ .. နေဦးလေ ..”

သူ ခြူ လက်တစ်ဖက်ကို ဆွဲထားလိုက်လျှင် ခြူ က ဖျတ်ခနဲ ပြန်ခါချ၍ ...

“သွားတော့ ဘာဖြစ်လို့လဲ ..”

“ငါက ရအောင်ပြန်ခေါ်လာခဲ့မယ်လို့ ပြောထားတာ .. မင်းက ပြေးသွားစရာလား .. ဒီလောက်လေးတောင် မင်းမှာ မာန မရှိတော့ဘူးလား ..”

ပြောဆိုနေရင်း သူပဲ ဆင်းကာ ခြူ ကို တံခါးလာဖွင့်ပေး၏။ ပြီးတော့ ပခုံးကို ဖက်လိုက်ပြီး ...

“ပြန်ဖယ်မချနဲ့ .. မင်းကို ဖက်ချင်လွန်းလို့ မဟုတ်ဘူး ..”

“ဟယ် .. ဟိုမှာ ..”

“ကြည့်စမ်း .. သူက စစ် နဲ့ ...”

“ဘယ်သူနဲ့ဖြစ်ဖြစ် .. တိတ်တိတ်နေကြစမ်း ညည်းတို့ .. ”

သမီးနှစ်ယောက်ရဲ့အသံတွေကို ကြားသည်နှင့် ဒေါ်ငုဝါသင်း အချိန်မီ တားဆီးရင်း ကားထဲက ထွက်လိုက်၏။

စစ်သည်ကောင်း က ခြူ ပခုံးကို ဖက်ထားကာ အေးဆေးလျှောက်လာနေကာ ခြူ က စစ် ရဲ့ရင်ခွင်တစ်ခြမ်းမှာ ကောင်လေးတစ်ယောက် ပါပဲ ..။

ဒါပေမယ့် ကောင်လေးမဟုတ်မှန်း သိထားသဖြင့် ဒေါ်ငုဝါသင်း ရင်ထဲမှာ ကျွဲခတ်သွားသလိုပင် ..။

အူနုကျွဲခတ်သလို အသည်းနုနုက နာကျင်တာမျိုး မဟုတ်ပေမယ့် မိဘတစ်ယောက်၏ သားသမီးအတွက် ဖြစ်ပေါ်လာသော သဝန်တိုစိတ်က ပို၍ ပြင်းရှနေသည်။





ဒီကောင်လေး ခြူ ကို တကယ် မသိတာလား ..၊ ခြူ ကရော စစ် လိုကောင်လေးမျိုးကို ဂရုမစိုက် .. ချစ်ကြိုက်တဲ့စိတ် မဖြစ်ဘဲ ဘာမှမပြောဘဲ နေမှာတဲ့လား ..၊

ခဏအတွင်းမှာ စိတ်တွေ ယောက်ယက်ခတ်ကာ ကြက်သေ သေသလို ငေးနေခဲ့မိ၏။

“မေမေ တွေ့လား .. အဲဒါ လုပ်ပြနေကြတာ ..”

“တိတ်တိတ်နေကြလို့ ငါ ပြောနေတယ် နော် ..”

“တောက်!...”

ပိတောက် က တက်ခေါက်သည် ..၊ ဝတ်မှုံ ကတော့ ခုချိန်ထိ ဘာမှမပြောသေးဘဲ ဒေါ်ငုဝါသင်း လို အတွေးတွေနဲ့ တိတ်ဆိတ်နေခဲ့၏။

ညက အမှောင်ထုသည် ဥဒဟိုသွားလာနေကြသည့် ကားမီးတွေကြောင့် တိုးမပေါက်ဘဲ ရှိနေသဖြင့် စစ် နဲ့ ခြူ တို့ရဲ့မျက်နှာတွေကို ဒီတိုင်း မြင်နေရ၏။

“အန်တီတို့ ခြူ ကို ရှာနေကြတာလား ..”

“အေးပေါ့ကွယ် .. သူက မိန်း .. အဲလေ ယောကျ်ားလေးပေမယ့် ငယ်သေးတယ်မို့လား ..”

ပြီးတော့ ယောကျ်ားက တစ်မျိုး ..၊ အစ်ကိုဖြစ်သူက တစ်မျိုး ..၊

ကိုယ်ကြောက်ရတဲ့လူတွေက ဒီဟာလေးကိုမှ အထိမခံနိုင် ဖြစ်နေကြတာ ..၊

“အလုပ်သမားပေမယ့် သူ့ရဲ့နောက်ပိုင်းအထိ အန်တီတို့က တာဝန်ယူထားရတာ .. ပြောရမယ်ဆို ဆွေမျိုးမကင်းထဲကပေါ့ကွယ်..”

“သြော် .. ဆွေမျိုးတွေလား ..”

“အို .. သူ့ဘာသာ ဆွေမျိုးစပ်နေတာပါ .. ဘယ်နှစ်ဝမ်းကွဲ ဘာတော်သလဲဆိုတာတောင် မသိတော့ဘူး .. အစေးကြီး ..”



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုံ က ကောက်ခနဲ ဝင်ပြောကာ ...

"ဟဲ့.. ဒီဘက်ကို လာလေ .. အနားကပ်ပြီး ဘာလုပ်နေတာလဲ.."

"သမီး နေစမ်း .. မေမေ ပြောမယ် .."

ဒေါ်ငုဝါသင်း က ရှေ့ထပ်တိုးပြီး ခြူ့ လက်တစ်ဖက်ကို ဆွဲယူလိုက်သည်။ ပခုံးပေါ်ဆာင်ထားသည့် စစ် ရဲ့လက်က ပြုတ်ကျသွားခဲ့ပြီး ဘောင်းဘီအိတ်ထဲ ရောက်၏။

"သွားတော့မယ် သားရေ .. အန်တီတို့ တစ်ပြုံလုံး မိုးချုပ်မှ ပျောက်နေရင် သမီးတို့အဖေ စိတ်ပူနေမှာ .."

ကားထဲကို အလုအယက်ဝင်လိုက်သည့် ဒေါ်ငုဝါသင်း ကို ပိတောက်တို့ နားမလည်နိုင် ...။

"မေမေ ဘာဖြစ်နေတာလဲ ...၊ ဒီမိန်းမ စစ် နဲ့ ဘယ်လိုလုပ် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တွေ့လာတာလဲ .. ပွေ့ကြဖက်ကြလောက်အောင် ဘယ်လိုရင်းနှီးသွားတာလဲ ...၊ ဘာမှကို မမေးလိုက်ရဘူး .."

"တိတ်စမ်း .. ပိတောက် .."

ဒေါသနှင့် အော်ပစ်လိုက်မိသည်။ စစ် လိုလူကို ဒီလိုစစ်ဆေးနေလို့ ရမလား ...၊

စကားဆိုတာ ပြောပါများရင် စကားထဲက ဇာတိပြလာလိမ့်မည်။ ခုတောင်မှ ခြူ့ ကို မိန်းကလေးအဖြစ် ပြောမိတော့မလို စကားတွေများတာ ခဏ ခဏ ...၊

သူတို့ယောကျ်ားလေးချင်း ဘယ်လိုဆုံဆုံ .. ဘယ်မှာတွေ့တွေ့ ဘာသွားပြောလို့ ရမှာလဲ ...၊

"နေစမ်းပါဦး ခြူ .. ညည်းက ဘာဖြစ်လို့ ဒီလောက်တောင် မာနတွေ ကြီးပြနေရတာလဲ..၊ ညီအစ်မချင်း ကတောက်ကဆတ် စကားများကြတာတောင် ညည်း သည်းခံစိတ်မရှိရင် ဘယ်လိုလုပ် အတူတူ နေကြမလဲ .."





"ကျွန်တော် ဘယ်သူ့ကိုမှ မစော်ကားခဲ့ပါဘူး ကြီးမေ .."

"ဩော် .. ငါတို့ကတော့ နင့်ကို စော်ကားကြတယ်ပေါ့ ..",

ပြဿနာရှာခဲ့သည့် မှုံ က ဆတ်ဆတ်ထိ မခံ ...၊

"ကိုယ့်နေရာနဲ့ကိုယ် အနေအထိုင်မတတ်တာက နင်လေ .. စစ်ကို နင် အရောဝင်လို့ ဟိုက နင့်ဘက် ပါနေတာ .."

"ကျွန်တော်တို့က ဒီမှာဆုံမှ သိကြတာ မဟုတ်ပါဘူး .."

"ဒါဆို အစတုန်းက နင့်ရည်းစားလား .."

ကားထဲမှာ မှောင်နေပေမယ့် ခြူ ဆတ်ခနဲ လှည့်ကြည့်လိုက်တာ ဒေါသတွေနဲ့မှန်း သိသာ၏။

"ငါမေးတာ မဟုတ်ရင် ရှင်းပြလေ .. နင့်ကိုယ်နင် အထီးလား အမလား သိနေတာပဲ ...၊ ဟိုက မသိလို့ဆိုရင်တောင် နင် အရှက်ရှိရင် ရောစရာ မလိုဘူး .."

"ရှင်းနေတာပဲ မှုံ .. ဟိုက ယောကျ်ားချင်းပဲထင်ပြီး ဆွဲလွဲကိုင်တွယ်နေတာတွေကို ဖီးလ်မြင့်နေတာ .."

မိုက်ရိုင်းရင့်သီးလွန်းသည့် စကားတွေကြောင့် ခြူ နှုတ်ခမ်းလေးကို ဖိကိုက်ထားရင်း မျက်ရည်တွေပါ ဝဲလာ၏။ ပြေးနေသည့် ကား၏ အရှိန်နှင့်အပြိုင် တရိပ်ရိပ်မြင့်တက်လာသော ရှက်ခြင်းတရားက နောက်ထပ်ကြားရဦးမည့်စကားတွေကိုပါ အရှုံးပေးခဲ့ပြီ ဖြစ်လျက် ...

"ဆင်းသွားလို့ ပြောတဲ့စကားလေးကို အာခံပြီး ကိုယ့်မှာ ခြူး တစ်ပြားမှမရှိဘဲ ထွက်သွားတာကို ကြည့်ပါလား ...၊ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လာကြတယ်လို့ မထင်နဲ့ .. သူက အဲဒီကို တန်းသွားတာ.."

"ဟင်!..."

မှုံ က အခြေအနေကို တွက်ဆကြည့်ပြီး ဆတ်ခနဲဖြစ်သွားကာ...

"ဟုတ်လား ခြူ.. ဒါဆို ဟိုက လက်သင့်မခံလို့ ပြန်ပို့ရတာပေါ့.."

"ဒါပဲရှိမှာပေါ့ဟယ် .. မေးမနေစမ်းပါနဲ့ .. တော်ကြာ မာနတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြချင်တာနဲ့ နောက်ထပ် ပြေးသွားပြီး လိုရာယူပါ ဖြစ်နေဦးမယ် ..”

“မလတ် ကျွန်တော့်ကို အဲလောက် ပက်ပက်စက်စက် မပြောပါနဲ့ ..”

“ပြောတော့ နင်က ဘာလုပ်ချင်လဲ ..၊ ခုချက်ချင်း ကားပေါ်က ခုန်ချမလား .. လုပ်လေ ..”

“ပိတောက် .. မေမေ ပြောနေတယ်လေ ..”

“မေမေ့တူမ ခံကိုက်နေတာကျတော့ ကြားလို့ကောင်းလား ..”

“တော်တော့ဆိုရင် တော်လိုက်တော့ ..”

ကားပေါ်မှာ သားအမိတွေ ရှေ့နဲ့နောက် ဆူညံနေတော့သည်။ ဒီသားသမီးတွေ ကြီးမိုက်တွေ ဖြစ်နေကြပြီဆိုတာ ကြာလာလေ သိလာလေ ..၊

အရိပ်ပြလည်း အကောင်မမြင် ..၊ ‘ဟဲ့ ..’ ဆိုလည်း မတိတ် .. ‘ဟောက်’ ကြည့်တော့လည်း မကြောက် ..၊

ကိုယ့်မှာတော့ ယောကျ်ားဖြစ်သူကို မလွန်ဆန်နိုင်သလို ကိုကြီးကိုလည်း ကြောက်နေရသေးသည်။ ကိုကြီးက သူ့တူမကို နာကြည်းချက်တစ်ခုကြောင့်သာ စွန့်ပစ်ထားတာ ဖြစ်သည်။

တကယ်တမ်းကျတော့ ခြူ့ ကို မုန်းသွားတာမဟုတ်ပေ ..၊ ထာဝရ စွန့်ပစ်လိုက်တယ်ဆိုတာတောင် သူသာ မုန်းတီးနာကြည်းတာရှိရင် ရှိမည် ..၊ သူများက မုန်းတီးရန်လိုနေတယ်ဆိုရင် ကြိုက်မလား ..၊

ဘာပဲဖြစ်ဖြစ် ကိုကြီး အခြေအနေ အကဲခတ်မိလို့ သူမမှာ ခြူ့ ကို အပြေးအလွှား ပြန်ရှာခဲ့ရတာ ဖြစ်သည်။ အိမ်ရောက်သည်နှင့် ခြူ့ ကို အခန်းထဲ ထည့်ပိတ်လိုက်တာ အကြီးအကျယ် ဒေါ်ပွပစ်လိုက်မိသည်။

“ကြပ်ကြပ်သတိထားနေတော့ ခြူ .. ငါ့တူမဆိုတဲ့အသိလေး ရှိနေလို့ ကြည့်မနေရက်လို့ လိုက်ရှာခဲ့တာ နားလည်လား ..၊ ညည်း ဘယ်သူ့ကို အားကိုးသလဲ .. **ညည်း**မှာ ဘာမှမရှိတော့ဘူး ..၊ သက္ကရာဇ်စံအိမ်





ည်း သူများလက်ထဲ ပါသွားပြီ ..၊ ကိုကြီးကလည်း ညည်းနာမည်ကို ဆောင် ထည့်ပြောတာ မကြိုက်ဘူး .. ဘယ်မှာလဲ ညည်းဆွေမျိုး ..”

“ဟုတ်ပါတယ် .. ကြီးမေတို့ပဲ ရှိတာပါ .. ကျွန်တော် နားလည်ပါ တယ် ကြီးမေ ..၊ ကျွန်တော့်ကြီးဒေါ် ကျွန်တော့်အစ်ကိုအစ်မတွေဆိုတဲ့ အသိနဲ့ အားလုံးကို မေ့ဖျောက်ပြီး ဒီည ပြန်လိုက်ခဲ့တာပါ ..”

“ဩော် .. ညည်းက စိတ်တော်တော်နာသွားခဲ့တယ်ပေါ့ .. နေပါဦး .. ပိတောက်တို့က ဘာများ နာကြည်းစရာ ပြောလွှတ်လိုက်လို့လဲ..”

“မလတ်တို့ ပြောတဲ့အတိုင်းပါပဲ ..”

နောက်ထပ် ဒါတင်မကသေးပါဘူးဆိုတော့ရော ယုံကြည်မှာမို့လို့ လား ..၊

ခြူ မျက်ဝန်းတွေက မျက်ရည် မတွေ့ရပါဘဲ မျက်ရည်တို့နှင့် သက်နေခဲ့၏။ မျက်လုံးချင်း ဆုံကြည့်ရဲတာကိုပဲ ဒေါ်ငုဝါသင်း က ခံရပ်နိုင် ..။

“ကျွန်တော် ခံစားရတာကို မေ့ပစ်နိုင်ပါတယ် .. ကျွန်တော် မေ့ပစ် ပါတယ်ဆိုတာကို မေးခွန်း ထပ်မထုတ်ပါနဲ့ ကြီးမေ ..”

တည်ငြိမ်ရဲရဲသော မျက်နှာပြေပြေနှင့် ရူးရဲသည့်အကြည့်တွေ ကြောင့် သက္ကရာဇ်စံအိမ်ကြီးရဲ့ ဧကရီတစ်ပါးအဖြစ် သက်ဝင်နေခဲ့ သလား ..၊

ခြူ့ ကိုငေးရင်း ဒေါ်ငုဝါသင်း ပြန်ပြောဖို့စကားတွေကို အစရှာ ရ ..၊

“ကျွန်တော် မာနကြီးကြီးနဲ့ ဆင်းသွားတာ မဟုတ်ပါဘူး ..၊ သွား စရာ နေစရာ မရှိတာ မှန်ပေမယ့် အဲဒါကြောင့် မျက်နှာပြောင်ပြောင်နဲ့ ပြန်လာခဲ့တာလည်း မဟုတ်ဘူး ..၊ ကြီးမေကိုယ်တိုင် ဆုံးဖြတ်တာကို ချင်လို့ပါ .. ကြီးမေက နောက် ဘယ်တော့မှ ပြန်မလာနဲ့တော့လို့ ပြောရင် ကျွန်တော် ..”



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါအေ .. ပြောနေရင်းနဲ့တောင် ညည်းမာနတွေ ပြနေတုန်း ပါပဲ .. ငါက လိုက်ခေါ်နေကာမှ ငါ့သဘောကို သိချင်နေတာ တော် တော် ဖြေရကျပ်တဲ့ မေးခွန်းပဲ .."

ဒေါ်ငွေဝါသင်း မျက်နှာက အေးစက်စိမ်းကားခြင်းတွေကို ခြ ငေးနေခဲ့၏။ ပြီးတော့ ပုံရိပ်မဲ့စကားသံတွေကို နားထဲမှာ ပြန်ကြား ခဲ့သည်။

"ငှ က မိသားစုအပေါ်မှာ သံယောဇဉ်အနည်းဆုံး မိန်းကလေး သူ့ကို သမီးလေးတစ်ယောက်ပဲ ပါတယ်ဆိုပြီး မိဘက အလေးထား မြတ်နိုးခဲ့သလောက် သူ လုပ်စရာရှိရင် ဘာကိုမှ ငဲ့ညှာရကောင်းမှန်း မသိဘူး .."

"သူ သားဦးလေးမွေးတော့ ဖေဖေက သူ့ရဲ့မြေးဦးလေး တစ် သားမှာပဲ 'သဏ္ဍာရာဇ်'ဆိုတဲ့ စာလုံးကို စိတ်တွေမြှုပ် ပုံဖော်ပြီး ဆွဲကြိုး လေး လုပ်ပေးခဲ့တာ .. ဒီဆွဲကြိုးက ကလေးကိုဆွဲပေးထားရမယ့်ကြိုး မဟုတ်ဘူး .. ကလေးကလည်း အရမ်းငယ်သေးတယ်လေ ..၊ ပေးတဲ့ က မြေးဦးလေးမို့ ဖေဖေက အမိပွာယ်တွေ မျှော်လင့်ချက်တွေနဲ့ တာ ..၊ ဒါပေမယ့် သူက ဒါကို လောင်းကစားပစ်ခဲ့တယ် .."

"ဖေဖေက သူ ဆုံးသွားတဲ့အထိ ငှဝါသင်း ဆိုတဲ့ နာမည်ကို ခွန်းမှ မဟခဲ့ဘူး ..၊ အဲဒီမှာတည်းက 'သဏ္ဍာရာဇ်စံအိမ်'ကြီးက အတွက် မဟုတ်ဘူးဆိုတာ ဖေဖေကိုယ်တိုင် သတ်မှတ်သွားတာ"

"တစ်ချုံကွယ်ရင် တစ်မယ်မေ့တယ် .. ခင်ပွန်းသည်အပေါ် တောင် စကားမတည်ဘူး ..၊ ခရီးသွားရမယ်ဆိုရင် ရှိသမျှ သားသမီး ရော .. လင်ကိုရော ဖြစ်ချင်သလိုဖြစ် ပစ်ထားပြီး နေချင်သလိုနေတယ် ပြန်လာတဲ့အခါ ဂရုစိုက်ပါလားဆိုတော့လည်း မဟုတ်ဘူး .. အိမ်ထဲ ဖင်ပူအောင် မထိုင်ပေမယ့် လောင်းကစားဝိုင်းရှိပြီဆို နေ့မှန်းည မသိတော့ဘူး .."





"ဒီလိုမိန်းကလေးမျိုးဆိုမှာ ဘယ်လိုသစ္စာတရားမျိုး ခိုအောင်းနေ လဲ ..၊ သားသမီးကိုတောင် မကြင်နာတာ .. အစ်ကိုတွေ မောင်တွေဆို ပြီပေါ့ .. ဒါကြောင့် ငှဝါသင်း ဆိုရင် ငှပင်ရှိတဲ့ခြံကိုတောင် ဘယ် ာက်မြတ်မြတ် ငါ မဝယ်ဘူး .."

ဘဘထံမှ အခါအခွင့်ကြုံလာတိုင်း ကြားရတတ်သည့်စကားတွေ နားထဲမှာ တစ်စုတစ်စည်းတည်း လာပေါ်နေသည်။

ထိုမိန်းကလေးဟာ သူမရှေ့မှာ မျက်လုံးစိမ်းတို့နှင့် ရပ်နေသော ငှဝါသင်း ဆိုသော အမျိုးသမီးကြီးပဲ ဖြစ်လေသည်။ ဒါပေမယ့် ထင်ခဲ့တာက ငယ်စိတ်နဲ့ ဒီအရွယ်မှာ ရှိနေတဲ့စိတ် တူနိုင်ပါ့မလား..၊

ဒေါ်ငှဝါသင်း ဆိုတဲ့ အမျိုးသမီးကြီးမှာ လောင်းကစားကြောင့် ခြယှိုင်နေသော စီးပွားရေးက ပညာတွေရနေမှာပဲလို့လည်း တွေးမိခဲ့ သည်။

ဒါဆို သူမ ဒီအိမ်မှာ ခိုလှုံဖို့ အားထားမျှော်လင့်ခဲ့မိသည့် အရာရာ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"ဘယ်သွားမလို့လဲ မောင်မောင် .. ဒီနေ့ မမကို လိုက်ပို့ 
စိတ်ကူးတွေ ဘာတွေ ဖြစ်နေတာလား .."

"အဟွန်း .. မမကလည်း .."

ခေါင်းဖြီးနေသည့် စစ် ရဲ့နားကို ရောက်လာကာ စောစောမ
ပြင်ဆင်ပြီးနေတာ မြင်တော့ တအံ့တဩ ..။

"ဘာလဲ .. မမက အကောင်းမေးတာ .."

"အကောင်းလည်း မမေးနဲ့ .. အဆိုးလည်း မမေးနဲ့ ညီမလေး
ညည်းမောင် ရည်းစားနဲ့ သွားတွေ့မလို့ .."

"ဟင်!..."

နောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ကိုကြီး ..၊

"ဟာ .. ကိုကြီးက လုပ်ပြီ .."

"မဟုတ်လို့လား စစ် ရာ .. ငါ့ညီလေးက ကိုကြီးထက် အများ
ငယ်ပါတယ် .. ဒီလိုခြေလှမ်းမျိုးဆို ယောကျ်ားချင်း မသိဘဲနေမလား ..





"အများကြီး ငယ်တာလည်း ဟုတ်တယ် .. ယောကျ်ားချင်းဆို
လည်း မှန်တယ် ..၊ ဒါပေမယ့် ခြေလှမ်းမြင်တာနဲ့ ဘာအတွက်
ားတဲ့ခြေလှမ်းလဲ သိတယ်ဆိုတာတော့ လုံးဝ မဖြစ်နိုင်ဘူး .."

"ဘာလို့မသိရမှာလဲ ..၊ ဘာလဲ ကိုကြီး ရည်းစားမထားဖူးဘူးဆိုပြီး
လား .."

ခေါင်းမညိတ်ပေမယ့် ဝန်ခံနေသည့် စစ် ရဲ့မျက်နှာက ရယ်ကျဲ
..

မင်းကောင်းမှူး က အိတ်တစ်ဖက်ကို ကိုင်ထားရင်း ရှပ်အင်္ကျီ
လက်ဝကို ခေါက်တင်နေရင်း ...

"ညီရာ.. အရက်သောက်ကြည့်မှ အရက်သမားအကြောင်း သိတာ
တ်ပါဘူး .. ဘဝပျော့ထဲမှာ လက်တွေ့ရှိတယ် ..၊ စိတ်ဝင်စားတတ်
လိုတာပါ .."

"ပြောလိုက်ပါ ကိုကြီးရယ် .."

လဲ့ က အပြင်ထွက်သွားပြီး မင်းကောင်းမှူး ရဲ့အင်္ကျီလက်ဝ နှစ်
လုံးကို သေသေသပ်သပ်လေး ကူညီခေါက်တင်ပေးရင်း ရယ်နေ
...

"သူက အငယ်ဆုံးဖြစ်ပြီး ရည်းစားတွေထားတတ်နေတိုင်း ညီမ
တို့ကို ဒါပဲ လာခလုတ်တိုက်နေတာ .."

"ရည်းစားထားတာ ကောင်းမကောင်း မင်းကိုယ်မင်း ပြန်ကြည့်
း ညီ ရ .."

"ဘာဖြစ်လို့လဲ .."

"မကြာခင် မင်း မိန်းမယူရတော့မယ် .."

စစ် က အားကျမခံ ပခုံးတွန့်မဲ့ကာ ...

"ကောင်းတာပေါ့ .. မိန်းမတစ်ယောက် သက်သက်သာသာ ရ
.."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ .. အေးပါ၊ မင်းကောင်းဖို့ပဲ လိုတာ .."

မင်းကောင်းမှူး က ရယ်ရင်း ထွက်သွား၏။ လဲ့ က အထဲပြန်

လာကာ ...

"မှန်မှန်ပြော ကောင်လေး .. အဲဒီလို သက်သက်သာသာ ကော

ယူဖို့စိတ်ကူး လုံးဝမရှိဘူးမို့လား .. နားအေးပြီးရော သွားနေတာ .."

"မမကမှ ကျွန်တော့်ကို နားလည်သေးတယ် .."

"ဒို့ထက်တောင် ပိုသေးတယ် .. ဟွန်း .. အဲဒီကိုသွားဖို့ အမြ

တက်ကြွနေတာကိုတော့ ရှင်းပြရမယ် .."

"ဟင်!..."

စစ် တစ်ချက်သော့ ငိုင်သွားသည်။ ပြီးမှ ပြုံးကာ ချိတ်က

ဖြုတ်ယူလိုက်သည့် ဆွယ်တာအနီရောင် အပေါ်ထပ်ပါးကို ထပ်ဝတ်

ဒါလည်း လဲ့ ကပဲ ဝိုင်းကူ ပါဝင်ရင်း ...

"ပြောလေ .. ဗိတောက် ကိုရော ဟုတ်ရဲ့လား .."

"မမက ဘယ်သူထင်လို့လဲ .."

"ဗိတောက် မဟုတ်ရင် ဝတ်မှုံရည် ပဲ ကျန်တော့တာ .."

"သွားပြီ .."

"ဘာသွားတာလဲ .."

"ဘာမှမဟုတ်ဘူး .."

ရှုံ့မဲ့မဲ့ဖြစ်သွားတာကို ငုံ့ပစ်လိုက်ပေမယ့် လဲ့ က ထိုမျက်နှာ

မပြတ်တမ်း အကဲခတ်လျက် ...

"နောက်တစ်ယောက် ရှိသေးတာလား .."

"မဟုတ်ပါဘူး မမရာ .. ရိုးရိုးပါ .."

"လာပြန်ပြီ .. ခုပဲ ဆန်းလိုက် ခုပဲရိုးလိုက် .."

"ဟုတ်တယ် .. ဟိုတစ်ခါ မမဆီကို ခေါ်လာတဲ့ ချာတိတ်လေး

လဲ့ က စဉ်းစားသလို မျက်တောင် တစ်ချက် နှစ်ချက်လော





တ်သည်။ ပြီးမှ ခေါင်းညိတ်လိုက်ပြီး ...

"မှတ်မိပြီ .. မိန်းကလေးမျက်နှာလေးနဲ့လေ ..၊ နှုတ်ခမ်းလေးတွေ

ာ ထူထူပြည့်ပြည့်လေး ထောင့်ချိုးလေးတွေ ညီနေတာပဲ .."

"ဟုတ်တယ် .."

"မျက်လုံးလေးတော့ လှပါတယ် .. ပါးရိုးလေးတွေမို့မို့နဲ့ သူ့ကို

ယောက်ျားလေးလိုမြင်ရင်လည်း ယောက်ျားနဲ့တူတယ် ..၊ မိန်းကလေး

ားဆိုပြီး ကြည့်ရင်လည်း မိန်းကလေးနဲ့ တူနေပြန်ရော .. ဒါပေမယ့်

ကားပြောတာ ပြတ်တောက်တောက် မျက်နှာက တင်းတင်းနဲ့နော်..

အဲဒီလို ဂျစ်ကန်ကန်ပုံစံလေးနဲ့ကျတော့ မောင်မောင်က သင့်မြတ်အောင်

ခေါင်းတတ်သားပဲ .."

စစ် က ရယ်ပဲ ရယ်နေပြီး ဘာမှမပြော ..၊

"မောင်လေးကရော သူ့ကို ဘယ်လိုထင်လဲ .."

"ဘာကိုလဲ မမ .."

"တစ်ခါတလေ မမလိုမျိုး မတွေးမိဘူးလား .."

"မတွေးမိပါဘူး .. ဒါပေမယ့် သူ့ကို ကျွန်တော် ချစ်တယ် .."

"ဘုရားရေ!..."

"ရိုးရိုးပြောတာပါ .. ဘုရား'တ'လိုက်တာ လန့်တောင်လန့်

ာယ်.."

"လန့်လည်း လန့်စရာပဲ မောင်မောင်ရယ်.. ယောက်ျားချင်းများ.."

"ဟာ .. မမကလည်း .."

ရယ်နေတဲ့မျက်နှာကလည်း မြန်မာတစ်ပြည်လုံးမှာရှိသမျှ ပျား

ာကာရည်တွေ ဒီမျက်နှာပေါ်မှာပဲ စုပုံ လောင်းချထားသလားပါ ..၊

လဲ့ လည်ချောင်းတွေတောင် ခြောက်လာသလား မသိ ..၊

ခြူ့ ကို မိန်းကလေးမှန်း သူမတို့အားလုံး သိပြီးကြပြီ ဖြစ်သည်။

မောင်မောင့်ကို ထုတ်ပြောသင့် မပြောသင့် စဉ်းစားရင်း အခု ခြူ လည်း



www.burmeseclassic.com

www.burmeseclassic.com



တခြားရောက်သွားပြီဆိုတော့ ပြောပြတော့မလို့ ..၊

"ခြူ က အခု .."

"အိမ်ပြန်ရောက်နေပြီ .."

"ဘယ်လို!..."

"သူနဲ့ ပိတောက် တို့က ..."

"မင်းနဲ့တွေ့လို့ ပြန်ပို့ပေးလိုက်တာလား .."

"ဟုတ် ..၊ ဟင် .. မမက ခြူ တို့အိမ်မှာ ပြဿနာဖြစ်ကြတာတွေ သိလို့လား .."

"အဲ ..."

ရုတ်တရက်လည်း ဘာဖြေရမှန်း မသိ ..၊ ပြီးမှ ...

"သိတယ်လေ .. မမနဲ့ အန်တီငုဝါ နဲ့ တွေ့သေးတာပဲဟာ .. နေပါဦး .. မောင်မောင်ကရော .."

"ကျွန်တော်က အဲဒီမှာ ဝင်ထွက်နေတာလေ .."

"အဲဒီလောက်တော့ မဟုတ်သေးပါဘူးကွာ .. မေမေ နိုင်း မတတ်သာလို့ သွားရတာတွေပါ .."

"ဒါပေမယ့် အဲဒီချာတိတ် ရှိနေတော့ ကြောင်တောင်တောင်မနိုင် ဘူးလေ .. သူတို့ဆီကိုသွားရတာ ဝန်မလေးတော့ဘူးပေါ့ .."

"ဘာဆိုင်လို့လဲ .."

"ခဏ ခဏ သွားဖြစ်ခဲ့ရတဲ့အကြောင်းရင်းကို ပြောပြတာ .."

"ဒါပေမယ့် မင်းက ကောင်လေးနဲ့ပဲတွေ့ပြီး ပြန်လာတော့ သူငယ် ချင်းအိမ် သွားလည်တာနဲ့ တူနေတာပေါ့ မောင်မောင်ရယ် .. ခုလည်း စောစောစီးစီး သွားလည်ဦးမယ် .."

"မဟုတ်ပါဘူး .. နေစိုး တို့ ဆိုင်သစ်ဖွင့်ပွဲ သွားရင်းနဲ့ ဝင်မှာပါ .. သိပ်မဝေးဘူးလေ .."

"ဘာပဲဖြစ်ဖြစ် ခြူ က သူတို့အိမ်မှာ အလုပ်သမားလေ .."





"ခွေမျိုးမကင်းတွေပါ .."

"သူတို့ကတော့ မတော်ချင်ဘူး ဖြစ်မှာပေါ့ .. တချို့ခွေမျိုးဆက် ဝေးသွားရင် တော်ရမှန်း ခေါ်ရမှန်းတောင် မသိကြတော့ဘူး .. ခွေမျိုး ဆိုတာလည်း ရွှေရှိမှ မျိုးတော်တာမို့လား..၊ အဲဒါကြောင့် ခြူ့ ကို သူတို့ က အလုပ်သမားလိုပဲ ထားတာ .. မင်းက ခြူ နဲ့ပဲ ရင်းနှီးနေရင် သူတို့ တွေက ခြူ့ ကို ငြိုငြင်ကြမှာ .."

"ငြိုငြင်ရင် ထွက်လာခဲ့လို့ ပြောထားပြီးသား .."

"ဘုရား!..."

"ဟာ .. မမက လုပ်ပြန်ပြီ ..၊ ဘာတွေ ဘုရား 'တ' နေတာလဲ .."

ဒီတစ်ခါ မောင်ဖြစ်သူရဲ့မျက်နှာကို လှဲ့ သေချာကြီး ကြည့်မိတော့ ပြောသမျှစကားတွေက ခြူ့ ကို ယောက်ျားလေးလို့ သဘောထား ဆက် ဆံတာ တစ်နေရာမှ မရှိ ..၊

ဒါပေမယ့် ဟန်ဆောင်ကောင်းနေတာလား ..၊ သူမပဲ သံသယတွေ များနေတာလား မသိ ..၊

စစ် ကတော့ သူ့စကား သူ ဘာမှ သတိထားမိလိုက်ပုံ မပေါ်..၊

မဟုတ်သေးပါဘူး .. မောင်မောင့်ကို ခြူ က မိန်းကလေးဆိုတာ ပြောပြထားလိုက်တာ ကောင်းပါတယ် ..၊

ဟုတ်ပါ့မလား ..၊ ပြောလိုက်မှ သတိပေးလိုက်သလို ဖြစ်မလား..၊

လှဲ့ တစ်ယောက်တည်း အတွေးများနဲ့ပဲ ဗျာများနေတုန်းမှာ စစ် က အပြင်ထွက်သွားပြီ ဖြစ်သည်။

"ဟင် .. သမီး ခုထိ မသွားရသေးဘူး .."

"ဟုတ်တယ် မေမေ .. မောင်မောင် နိုးနေတာမြင်လို့ ဘယ်သွား မှာလဲ ဝင်စပ်စုနေတာ .."

"ဟုတ်လား .. ခုန ထွက်သွားတာ သားငယ်လား .. မေမေက သမီး မှတ်နေတာ .."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး အမှတ်တမဲ့ပြန်ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်သေးသည်။ ဒါပေမယ့် လှဲ့ မျက်နှာ တစ်မျိုးဖြစ်နေတာကို ဒေါ်ယဉ်လှဲ့ သတိထားမိသွားကာ ...

"သမီး ဘာဖြစ်လို့လဲ ...၊ မောင်လေးက တစ်ခုခု ပြောသွားလို့လား .."

"မဟုတ်ဘူး မေမေ .."

မေမေ့လက်ကို ဆုပ်ကိုင်ရင်း မောင်မောင့်အခန်းထဲမှာပဲ ထိုင်ဖြစ်ကြကာ ...

"မေမေ့ကို လှဲ့ ပြောစရာရှိလို့ .."

ဒီကိစ္စတွေ အမှတ်တမဲ့ ပြီးမြောက်မသွားဘဲ အမှတ်တရတွေ ဖြစ်လောက်အောင် ရှုပ်ထွေးလာတာကို တစ်ယောက်တည်း မျိုသိပ်မထားချင်တော့ပေ ...၊

ထို့ကြောင့် ကိုယ်ထင်တာတွေရော .. မြင်နေရတာတွေရော အားလုံးကို ပြောပြလိုက်မိသည်။

မေမေလည်း ကိုယ့်လိုပဲ တွေးတယ် ဆိုရင်တော့ ...၊





## အခန်း (၂၉)

"ထိုင်လေ သား .. အပူသောက်မလား .. အအေးသောက်မလား"

"ရပါတယ် .. ကျွန်တော် စားလာခဲ့ပြီးပါပြီ .."

"သမီးရေ .. ဒီမှာ သား ရောက်နေတယ်လေ .. ဘာလုပ်နေကြတာလဲ .."

"လာပြီ မေမေ .. ခဏလေး .."

ပေါ်လာတာက ဝတ်မှုံ အသံ ...၊

ဒေါ်ငုဝါသင်း က စစ် ရဲ့ရှေ့မှာ ထိုင်လိုက်ပြီး မျက်နှာတစ်ပြင်လုံးသည် လှိုက်လှဲ့ပျူငှာသည့်အပြုံးတွေ ပြည့်နှက်နေခဲ့လျက် ...

"သားရဲ့မေမေတို့ကို ထမင်းစားဖိတ်မလို့လေ .. မနက်ဖြန်ညနေဆိုရင် ဆန်းဒေးလည်း ဖြစ်တော့ အဆင်ပြေမလားလို့ .."

"ဟုတ်ကဲ့ အဆင်ပြေမှာပါ .."

သူ လာခဲ့တာ ဒါကို သိချင်လို့ မဟုတ် ...၊

စစ် ရဲ့မျက်လုံးတွေက ဖျတ်ခနဲ တစ်နေရာ ဆီ သွားလိုက်.. ဆံပင်သပ်ရင်း ပြန်လွှဲသွားလိုက် ...၊



www.burmeseclassic.com

www.burmeseclassic.com



အရိပ်လိုလို အသံလိုလို စိတ်ထဲမှာ ထင်တဲ့နေရာတိုင်း သူ့အကြည့်တွေ ရောက်သွားတတ်ကာ ...

"ခြူ မတွေ့ပါလား အန်တီ .. ခြံထဲမှာလည်း မရှိဘူး .."

သမီးခေါ်လိုက်လို့ ဝေါက်ခနဲ ရောက်လာလိုက်တော့ အဆင်ပြေပြီလို့ ထင်မှတ်ပြီး ဝမ်းသာခဲ့တာတွေ ရုတ်တရက် ဒွိဟနယ်စပ်သို့ ခြေတစ်ဖက် နင်းသွား၏။

"ကျွန်တော် သူငယ်ချင်းတစ်ယောက်ရဲ့ ဆိုင်ဖွင့်ပွဲ သွားမလို့လေ..၊ အဲဒါ ခြူ့ကို လာခေါ်တာ .."

ကြည့်စမ်း .. ကြည့်စမ်း ...၊

ဒေါ်ငုဝါသင်း ရင်ထုမနာ ဖြစ်သွားသည်၊ ဒီအိမ်က အလုပ်သမားကို ခေါ်လိုက်ပုံက ပိုင်စိုးပိုင်နင်း .. သူ့မှာ ခေါ်ထုတ်ခွင့် ရှိနေတဲ့အတိုင်း..၊ ရင်ထဲမှာ မီးမြှိုက်ခံရသလို ပူပြင်းသွားပေမယ့် မျိုသိပ် ပြုံးပြနေကာ..

"အန်တီက သားနဲ့သမီးတို့ ဖုန်းကွန်တက်(တ်)လုပ်ပြီး လာတယ်ထင်တာ .. မနက်တုန်းက သမီး ရှော့ပင်းန်ထွက်မယ် ပြောနေတာလေ .. ပြီးတော့ သားနဲ့ ဖုန်းပြောနေတာလည်း တွေ့လိုက်တာနဲ့ .."

"ဩော် .. ဟုတ်တယ်၊ မပိတောက် ဖုန်းဆက်တယ် .."

"ပိတောက် လို့ပဲ ခေါ်ပါကွယ် .. အသက်လည်း သိပ်ကွာလှတာမဟုတ်တာ .."

"မေမေ ပြောတော့ ငါးနှစ်လောက်ကွာတယ် ဆိုလို့ပါ .."

ဒေါ်ငုဝါသင်း မျက်နှာပူရပြန်ပြီ၊ .. ဒါတွေ ဘယ်တုန်းက ပြောလိုက်မိပါလိမ့် ..။ ကိုယ့်ဟာကိုယ်လည်း မသိတော့ပေ ..၊ ဒီကြားထဲမှာ သားကိစ္စ သမီးကိစ္စတွေနဲ့ သူမ ခေါင်းတွေထဲမှာ ဦးနှောက်တွေလည်း ရှော့ခ်ရိုက်ခံနေရသလိုပင် ..။

"အင်း .. ပြောပါဦး .. သမီး ဖုန်းဆက်လို့ လာတာ မဟုတ်ဘူးလား .."





"မဟုတ်ဘူး အန်တီ .. ဈေးဝယ်ထွက်မလို့ အားလားဆိုတော့ ကျွန်တော် မအားလို့ပါ ..၊ သူငယ်ချင်းက လူရင်းတွေဆိုတော့ ဖွင့်ပွဲအစအဆုံး ကျွန်တော်တို့ နေရမှာလေ .."

"အခုရော .."

"အခု အဲဒီကို အရင်ရောက်သွားပြီးမှ ပြန်လှည့်လာတာ ..၊ ခြူ့ကို သူတို့လည်း သိတယ် .. အဲဒါ ဝိုင်းမေးနေကြလို့ .."

ဖြစ်ရလေ ..၊

တစ်ယောက်နဲ့တင်မက တစ်ဖွဲ့လုံးနဲ့သိနေတယ် ဆိုပါလား ..၊

ကောင်မလေး ..၊ မနေ့တစ်နေ့ကမှ စံအိမ်ပေါ်က ဆင်းလာရလို့ပဲ.. ဒီကမိန်းကလေးတွေလိုသာ နံ့နံ့စပ်စပ်ရှိနေခဲ့ရင် တစ်လောကလုံးက ရှိသမျှယောကျ်ားလေးတွေ သင်းနဲ့လွတ်တာ ရှိပါ့မလား ..၊

ဒေါ်ငုဝါသင်း ဟန်ဆောင်ပြုံးနေလို့ မရတော့အောင် ရင်ထဲမှာ ကလိကလိဖြစ်လာခဲ့၏။ 'ခွေးမျိုးမကောင်းထဲက' လို့ ပြောလိုက်မိတဲ့ စကားအတွက် ပိတောက် တို့ ကိုယ့်ကို ဝိုင်းအပြစ်တင်ခဲ့ကြသည်။

ခုတော့ အိမ်ပေါ်လာတက်ပြီး ခေါ်ပုံက ခြူ က ဒီအိမ်က အိမ်သားတစ်ယောက်လိုလို ..၊

"ဟော .. စစ် ရောက်နေတာကိုး .. အိုခေပဲ .. တို့လည်း အပြင်သွားဖို့ ခုပဲ ပြင်နေတာ .."

ပိတောက် နဲ့ မှူ ထွက်လာကြသည်။ တစ်ယောက်က အသားရောင်စတော့ကင်ကပ်ကပ်လေးနဲ့ ပေါင်လယ်မကျတကျ အနက်ရောင် ဇာအထူ လည်ဟိုက်ကို ဝတ်ထားသည်။

ရုတ်တရက်ကြည့်လျှင် အင်္ကျီရဲ့အောက်ပိုင်းမှာ ဘာမှမပါသလို အသားရောင်စတော့ကင်က ပျောက်နေ၏။ ပိတောက် က ပန်းရင့်ရောင် ဂါဝန်ရှည်ပါးပါးကို အတွင်းမှာ အန်တာအတိုလေးပဲ ခံထားတာက ဒီတိုင်း ..၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ရင်ညွန့်ကနေ ခြေဖျားထိ မထိတထိ ကွဲထားသည့် ဂါဝန်စက ခြေလှမ်းလိုက်တိုင်း တလွင့်လွင့် ..၊

သူမတို့နှစ်ယောက်စလုံးကို မြင်လိုက်လျှင် ရှိရင်းအသက်ထက် ငါးနှစ်စာလောက်ငယ်ပြီး တွက်ကြမှာ အမှန်ပင် ..။

ပြင်လည်း ပြင်တတ်သည်..၊ ဝတ်တတ်စားတတ်ပုံကလည်း အံ့သြလောက်ပါ၏။ သမီးတွေ အလှတွေ အပြိုင်အဆိုင် ဝင့်ကြွားစွာနဲ့ ထွက်လာကြပေမယ့် ဒေါ်ငုဝါသင်း မျက်နှာကတော့ မသာယာတော့ပေ ..။

ဒီကလေးတွေရဲ့မင်္ဂလာပွဲ မြန်မြန်ဖြစ်မြောက်ဖို့ သူမ ကြိုးပမ်းရတော့မည်။ လူကြီးချင်း ဒီထက်ရင်းနှီးကြမှသာ ဘယ်ဘက်ကဖြစ်ဖြစ် စကားစလို့ရမှာမို့ ဘယ်လိုလုပ်ရမလဲဆိုတာတွေ ခေါင်းထဲကို အစီအရီ ဝင်လာနေခဲ့၏။

ဦးကောင်း၊ ဒေါ်ယဉ်လှဲ့ တို့ရဲ့ ပညာဂုဏ် ရိုးသားကြိုးစားဂုဏ်တွေက ကိုကြီးလိုလူတောင် မျက်စိကျခဲ့ရတဲ့အထိ ..၊ ပြီးတော့ တရိပ်ရိပ် ချမ်းသာလာလိုက်တာ ကိုယ်ပိုင်ခြံတွေ တိုက်တွေမှ သောက်သောက်လဲ..

"ဘယ်လိုဖြစ်တာလဲ .. ပြောတုန်းကတော့ မအားဘူးလေး ဘာလေးနဲ့ .."

ဝတ်မှုံ ကလည်း မေးဆတ်မေး၍ ရယ်သည်။ ဒေါ်ငုဝါသင်း ရဲ့ အတွေးတွေ သူမတို့ရဲ့အရိပ်သုံးပါး နားမလည်တတ်ခြင်းကြောင့် ဒေါ်သများနှင့် ပျက်၏။

"သားက ဆိုင်ဖွင့်ပွဲတက်စရာရှိလို့ မအားဘူး ပြောတာပါ .. ခုလည်း သမီးတို့ သူ့ကို ဒုက္ခပေးလို့မရဘူး.. သူ့သူငယ်ချင်းကို သူ လာခေါ်တာ .. အပျော်ပဲ .."

ပြုံးနေသည့်ပုံစံကတော့ ဖော်ရွေကြည်လင်စွာနဲ့ ဖြစ်သည်။ ဒါပေမယ့် ပိတောက် တို့က နားမလည် ..၊ ဘယ်သူငယ်ချင်းကိုလဲ ..၊

မေမေက ဒါကို ဘာဖြစ်လို့ ဒီလောက်တောင် သဘောတွေ





ကောင်းတာလဲ ..၊

"ခြူ ဘာလုပ်နေလဲ မှုံ .."

"ဘယ်လိုလုပ် သိမှာလဲ ..၊ မှုံ က သူ့ကို လိုက်ကြည့်နေတာမှ မဟုတ်တာ .."

မအေက မေးလိုက်ပေမယ့် ဒေါ်သက အရင်ထွက်သွားသဖြင့် မှုံ ပြန်ဖြေပုံက ရိုင်းသည်။ ဒေါ်ငုဝါသင်း နည်းနည်းတော့ ရှက်သွားမိပေမယ့် မျိုသိပ်လိုက်ရကာ ...

"မဟုတ်ဘူးလေ .. မနက်က သူ့ကို သမီးတို့အဖေ ဘယ်ကိုလွှတ်မလို့ ဆိုလား .."

မျက်နှာကို စစ် မမြင်အောင် စောင်းသထက်စောင်းအောင် လှည့်ထားရင်း မျက်ရိပ်ပြနေတာလည်း မှုံ က သူ့ဒေါသနဲ့သူ မဲ့ရွဲ့နေပြီး သတိမထား ..၊

ပိတောက် က ဒါကို ရိပ်မိလိုက်ကာ ...

"ခြူ့ ကို လာခေါ်တာလား ..၊ ခြူ က ဖေဖေ ခိုင်းလိုက်လို့ မနက်အစောကြီးတည်းက ထွက်သွားပြီ .."

"ဟုတ်လား .. မရှိရင်လည်း နေပါစေ ..၊ ကျွန်တော့်ကို ခွင့်ပြုပါဦး .."

"အို .. နေပါဦး .. အခု အားသွားပြီမို့လား ..၊ တို့နဲ့ ဈေးဝယ်လိုက်ခဲ့ပါလား .. မင်းကို အထုပ်မဆွဲခိုင်းပါဘူး .."

"သမီးရယ် .. သားက သူငယ်ချင်းဆီမှာ ပွဲချိန်ကုန်အောင်နေရမှာလေ ..၊ သွားပါစေ .. ခြူ က သားတို့ သူငယ်ချင်းတွေနဲ့ အားလုံးနဲ့ သိနေတာ .. အဲဒါကြောင့် ဟိုကလေးတွေကပါ ခေါ်ခိုင်းကြတာတဲ့ .."

"သြော် ..."

သားအမိတွေ ဘယ်လိုပေးယူ ချိတ်ဆက်နေကြသလဲဆိုတာ စစ်နားလည်နေသည်။ ဒါပေမယ့် သူ စိတ်ဝင်စားတာက ခြူပဲဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ခြူ မရှိဘူးဆိုတော့ ပြန်ရုံ ..။

မိတ်ကပ်ရောင်အဖြူကန့်လန့်စင်းနှင့် ဆွယ်တာလက်ရှည်ပေါ်မှာ နက်မှောင်သော ရှားရင့်ရောင်ကျာကင်ကို ထပ်ဝတ်ထားသည့် စစ် ရဲ့ပုံစံက ခြေလှမ်းကျဲပေမယ့် စမတ်ကျနေသည်။

မှုံ နဲ့ ပိတောက် တို့ စစ် ရဲ့အရိပ် လုံးဝပျောက်ကွယ်သွားမှ တက်ခေါက်သံတွေ ပြိုင်တူထွက်လာကြကာ ...

"သိပ်ရှက်ဖို့ကောင်းတာပဲ .. ဒါ ဘာအချိုး ချိုးသွားတာလဲ .."

"မေမေကရော ဘာလုပ်တာလဲ .."

ညီအစ်မနှစ်ယောက်၏ အပြစ်တင်သံတွေကြောင့် ဒေါ်ငုဝါသင်း ဒေါသတွေ ပိုတိုးသွား၏။

"ညည်းတို့တွေကရော အရိပ်ပြလို့ အကောင်မမြင် .. ပြူးပြဲပြနေလည်း အကဲခတ်ရကောင်းမှန်း မသိ .. ဒီလောက်တောင်ပဲ နမော်နမဲ့နိုင်ရသလား ..၊ ကိုယ့်ဆီ လာတာလား .. သူ့ဆီလာတာလား နည်းနည်းအကဲခတ်ပါဦးလား .."

"အကဲခတ်စရာ မလိုဘူးလေ .. မေမေက **တကြော်ကြော်** အော်ခေါ်နေတော့ သူ တကယ်လာခေါ်တယ်ပဲ ထင်တာပေါ့ .. သမီး ခေါ်တုန်းက မအားပေမယ့် အခု သူ လာချင်စိတ်ရှိလို့ ရောက်လာတယ်လို့ရော တွေးလို့ မရဘူးလား .. အကဲမခတ်တတ်တာက မေမေရယ် .."

ကြည့်စမ်း ..၊ ကိုယ့်သားသမီးတွေ မိဘကို ဒီလောက်ထိ ရိုသေကိုင်းရှိုင်းမှု မရှိကြတာ ..၊

ဒေါ်ငုဝါသင်း ကိုယ့်သမီးတွေကို တအံ့တသြ ကြည့်နေခဲ့မိ၏။

"ခုလည်း ဟိုတစ်ယောက်နဲ့ အပြင်မှာ တွေ့ကြဦးမှာပဲ .."

"သေချာတာပေါ့ .."

"ဟင်!... ဘာ .. ခြူ က တကယ် အပြင်မှာလား .."

"ဟုတ်တယ် .. စောစောစီးစီးမြင်ရတာ နှလုံးနာလွန်းလို့ ကိုကို့





ား လိုင်စင်သက်တမ်းတိုးဖို့ လွှတ်လိုက်တယ် .."

"လိုင်စင်ဝင်ဖို့ ဟုတ်လား .. ကားလိုင်စင်ဝင်တာ ဘာစာရွက်တမ်းမှ မပါဘဲ ရမလား .."

"ရရ မရရ သူ့ဟာသူ ရအောင် လုပ်ခဲ့လိမ့်မယ် .."

"မဟုတ်တာအေ .. ကိုကြီးကို ဒီကောင်မလေး ငါ့အိမ်မှာ မရှိစေ့ဘူးလို့ ပြောထားတာ .. တော်ကြာ တစ်ခုခု ပြဿနာထဖြစ်ရင်.."

"ထားလိုက် မေမေ .. ဖြစ်လာရင် မေမေ ဘာမှမသိဘူး ပြောလိုက် .."

မှုံ က ခြူ့ ကိုပဲ မည်းခြေတင်နေကာ အံတကြိတ်ကြိတ်နှင့် ...

"ပိတောက် .. နင် စစ် ကို ကြိုက်နေတယ်မို့လား ..၊ မြန်မြန်ရအောင် ယူလိုက် .. ကြည့်ရတာ ဟိုမရောက် ဒီမရောက်ဟာလေးမှန်းသိလို့ ဟိုပုဂ္ဂိုလ်က အသားယူချင်နေပုံပဲ .."

"အောင်မယ်လေး ဟိုတွေကို ရှုပ်နေတာပဲ .."

"ခြူ ဆိုတဲ့ မိန်းမကို ပြောတာ .. ဟိုပုဂ္ဂိုလ်ဆိုတာက စစ်သည်ကောင်း .."

မှုံ ကပဲ ရွဲ့ချိတ် ဖြေရှင်းနေကာ ...

"ခုခေတ်ကြီးထဲမှာ ယောကျ်ားနဲ့ မိန်းမ ချစ်ကြိုက်ညားကြတာထက် အဲဒီ ဟိုမရောက် ဒီမရောက်ကိစ္စတွေက အရမ်းရှုပ်တာ .."

"မဟုတ်သေးပါဘူးအေ .. စစ် ပုံစံက လူရည်မွန်လေးပါ ..၊ ကိုကောင်း တို့ မယဉ်လွဲ တို့ သားသမီးမို့လို့ကိုပဲ ဒီလိုမျိုးမဖြစ်နိုင်ဘူး.."

"ဟုတ်တယ် .. အခု ဖြစ်နိုင်တာ မဖြစ်နိုင်တာထက် နင် ဘာလုပ်လဲ စဉ်းစားတော့ ပိတောက် .."

"ငါကတော့ သိက္ခာကျခံပြီး ဟိုဟာမကိစ္စကို ဖုံးဖိမထားချင်တော့ဘူး .."

"အို .. မဖြစ်ပါဘူးအေ ..၊ ခြူ က ကိုကြီးနဲ့ အနီးကပ်နေနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



တူမ .. စွန့်ပစ်တယ်ဆိုတာလည်း ..”

“တကယ်မပြတ်ဘူးဆိုပြီး မေမေ့အစ်ကိုကို ကြောက်နေတာမို့လား ..”

“ဘာမှမဟုတ်ဘူး .. သူ့တူမကို ချစ်နေတာ ..”

“တူမကိုလည်း မချစ်ဘူး .. ကြောက်လို့လည်း မဟုတ်ဘူး မွှံ .. ငါတို့ ကိုကြီးနဲ့ မုန်းလို့ မဖြစ်သေးဘူး.. ပြီးတော့ ဦးကောင်း နဲ့ ကိုကြီး ပြောဆို ကမ်းလှမ်းထားတာက ညည်းတို့ မဟုတ်ဘူး .. အခု ဦးကောင်း ဒီပွဲထဲ ဝင်မပါသေးဘူး .. သူ့မိန်းမ မယဉ်လှဲ့ ကလည်း ငါတို့နဲ့ မရင်းနှီးတဲ့လူ .. ကိုယ်ပိုင်တာ ဘာမှမရှိသေးဘဲနဲ့ ခြူ့ ကို မိန်းကလေးဆိုတာ ပြောပြလိုက်ရင် နောက်ဆက်တွဲ ထွက်လာပေမယ့် မေးခွန်းတွေကို ဒါတွေမပေါ်အောင် ညည်းတို့ ဖြေနိုင်မှာလား ..”

ညီအစ်မနှစ်ယောက်စလုံး ငိုင်သွားကြသည်။ ဒါတွေကို သူတို့ မတွေးမိခဲ့တာ အမှန်ပင် ..။

ဒါပေမယ့် လောလောဆယ်မှာ ခြူ က ကိုယ့်လက်ခုပ်ထဲက ရေ-ကိုယ့်ရဲ့ နိုင်းဖတ် ..။

ဒီလိုမိန်းမမျိုးကို ပြန်ကြောက်နေရမှာလား ..။

“ဘာပဲဖြစ်ဖြစ် မေမေရာ ဘဘကိုတော့ ဂရုစိုက်မနေပါနဲ့ .. ခြူ့ကိစ္စကို ဘဘ လုံးဝ စိတ်မဝင်စားတော့ဘူးဆိုတာ သမီး ပြောရဲတယ်..”

“ဘယ်လို!...”

ပိတောက် က ‘ပြောလိုက်လေ’ဆိုသည့် အကြည့်နှင့် မွှံ့ ကို မျက်-ပစ်သည်။ မွှံ က ဆိုဖာမှာ ဝင်ထိုင်လိုက်ပြီး ခပ်မိန့်မိန့်ပြုံးသည်။ ပြီးတော့ ခြေချင်းချိတ် ထိုင်လိုက်ပြီးမှ ...

“အပြင်သွားပါမယ်ဆိုမှ ပြောပြရဦးတော့မှာပေါ့ .. အဟမ်း ..”

“ဘာလဲ ..၊ သမီးတို့က ဘာသိထားလို့လဲ ..”

ဒေါ်ငုဝါသင်း စိတ်လှုပ်ရှား ဒေါသထွက်ပြီဆို ညည်းတွေ ငါ့ေ-





-မွန်တတ်နေပေမယ့် စိတ်တည်ငြိမ်အေးချမ်းသွားပြီဆိုရင်တော့ သမီး-မေမေ ..။

မွှံ က လက်လေးကို ပိုက်လိုက်ပြီးမှ ...

“ဘဘကို မေမေက အရမ်း အထင်ကြီးလွန်းနေတာပါ.. တကယ်-တော့ မျိုးသိပ်သည်းခံနိုင်ဆုံးလူတွေကမှ အကြံကြီး ကြံတတ်ကြတာ..၊ -စ်နပ်စားဉာဏ်သမားတွေက ရတော့လည်း မဟသူး .. ဝတော့လည်း -လှဘူး ..၊ ဘဘ ဘယ်လောက်ဝလှနေလဲ မေမေ ကြည့်ပါလား ..”

ဒေါ်ငုဝါသင်း ခုထိ နားမလည်..၊ ‘သက်ကြီးစကား သက်ငယ်ကြား’ -ိုတာကနေ ‘သက်ငယ်စကား သက်ကြီးကြား’တွေ ပြောင်းလဲ ဖြစ်-က်ကုန်ပြီလား မသိ ..။

သမီးက သိနေတယ်ဆိုတာတွေ သူမ ဘာတစ်ခုမှ နားမလည်..၊

“ခုထိ မေမေ သဘောမပေါက်သေးဘူးမို့လား ..၊ ခြူ့ ကို ဘဘ -မင် ကန်ထုတ်ပစ်လိုက်တာ ..”

“ဘယ်လို!...”

“သူ တစ်သက်လုံး ထိန်းသိမ်းလာခဲ့တဲ့ သိက္ခာသမာဓိတွေက -ဣရာဇ်စံအိမ်ကြီးနဲ့တကွသော ပိုင်ဆိုင်မှုအားလုံးကို သူ့လက်ခုပ်ထဲ -ာက်လာဖို့ပဲ ..၊ မေမေတို့ လေးလေးတို့တောင် သူ့ကို ယုံကြည်နေကြ-ယ်မို့လား.. လေးလေးဆိုရင် သနားပါတယ် ..၊ သူ့သမီးနဲ့ အမွေအနှစ်-ွေကို ဘာစာချုပ်စာတမ်း သေတမ်းစာမှ မချန်ဘဲ ဝကွက်အပ်ပစ်ခဲ့-ာ .. သူက မိဘအနေနဲ့ ဘာလုပ်လုပ် ရတယ်လေ ..၊ ပြီးတော့ လူပျို-ြီး သဣရာဇ်စံအိမ်မှာ နေထိုင်ပိုင်ဆိုင်ခွင့် အရှိဆုံး”

“မဟုတ်ပါဘူး .. ငါတို့တွေ အမွေခွဲတည်းက မောင်လေးကို -ဣရာဇ်စံအိမ် ထည့်တွက်ပေးထားခဲ့တာ .. မေမေတို့ရော တို့-ောင်နှမတွေပါ ကျေနပ်ခဲ့ကြတာပဲ ..”

“အဲဒါ-ဘယ်သူမှ လူယုတ်မာလို့ ထင်မှာမဟုတ်တဲ့ ရိုက်ချက်ပဲ”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငုဝါသင်း ဒါကိုတော့ မယုံနိုင်ပါ ..၊ ကိုကြီးမျက်နှာမှာ ဒီ
မျိုးသိပ်ကြံစည်ရှိနေတာ မဖြစ်နိုင် ..။

"လူတိုင်း အကဲခတ်လို့သာ ရနေရင် သူ ဒီနေ့လို သဏ္ဌာရာဇ်စံအိ
ကို ရောင်းထုတ်ခွင့် ရသွားပါ့မလား .. ဘယ်သူမှ ဘာမှပြောဖို့မရှိအော
အကွက်ရွှေ့ကောင်းခဲ့တာ .."

"နေပါဦး .. ညည်းတို့ကို အဲဒါတွေ ဘယ်သူ သတင်းပေးလို
တာလဲ .."

"ဘယ်သူမှမပေးဘူး .. တွေးကြည့်ရင် ရှင်းရှင်းလေး .."

"ဟုတ်တယ် မေမေ .. သမီးတို့ တွေးမိနေတာ ကြာပြီ ..၊ အ
သဏ္ဌာရာဇ်စံအိမ်ကို ရောင်းဖို့လည်း သေချာနေပြီ ..၊ ခြူး ကိုလည်
တကယ်အမွေဖြတ်ခဲ့ပြီးပြီဆိုတော့ သူ့လုပ်ရပ်တွေက ရှင်းနေတာပဲ-

"ခြူး ကို မင်္ဂလာစံအိမ်ခေါ်သွားပြီး သဏ္ဌာရာဇ်စံအိမ်ကို ပိတ်ထာ
လိုက်တာ ကြည့်လေ .. ခုလိုလုပ်ရင် ဘယ်လောက် လွယ်ကူသွားလဲ-
ခြူး ကို ခုချိန်ထိ ပစ်ထားတာ မေမေပဲ မတွေးမိတာပါ .. ပြီးတော
ခြူး လို မိန်းမ ဒီလောက်အကြောတင်းတာ ဘာဘကသာ ပြန်ခေါ်နိုင်ခေ
ရင် ဒီအိမ်မှာ ကျွန်လိုနေမလား .."

ဒေါ်ငုဝါသင်း လက်ဖျားခါသွားတော့သည်။ ဒါတွေ ဆက်
ကြည့်တော့ ဖြစ်နိုင်သည်ပဲ ..၊

စိတ်လိုက်မာန်ပါ နှင်လွှတ်လိုက်တဲ့မျိုးဆိုရင် မိန်းကလေး တ
ယောက်ကို တစ်လကျော်လာတဲ့အထိ ပစ်စလက်ခတ် ထားပါ့မလား-

ပြီးတော့ ခြူး ကို အိမ်ပေါ်ကဆင်းသွားပါပြီလို့ သွားပြောခဲ့ပြီးတာ
သုံးရက်ရှိပြီ ..၊ ဒါကို ခုချိန်ထိ စိတ်ပူပန်စွာ ရှာဖွေတယ်ဆိုတာ အရိ
အယောင်လေးမှ မမြင် ..၊

"အဲဒီတော့ ဘဘကို မေမေ ထည့်တွက်နေဖို့ မလိုပါဘူး .. စ
ရဲ့ မိဘတွေနဲ့ ရင်းနှီးဖို့ အဓိက .."





"မှုံ ရယ် .. ငါတော့ ဒီလောက်တောင် ယောကျ်ားလျာမကို
ကောက်ကောက်လိုက်နေတာ .."

"ပြိုင်စရာ မဟုတ်တာကို ပြိုင်နေပြန်ပြီ ပိတောက် ရယ် .. မိဘမဲ့
သိုင်းအဝိုင်းမဲ့နဲ့ .. ပြီးတော့ ခြူး ပုံစံကို ကြည့်ပါဦး .. ချစ်ချင်စရာရှိလို့
ား .. ကြည့်လိုက်ရင် မျက်နှာပြောင်နဲ့ ..၊ ရိုးပုံရိုးပန်းလေး ပုံဖမ်းထား
့ လူရှိန်နေတာ .. သူ့လိုမိန်းမကို စစ် က စိတ်ကူးမလား .."

"ဒါဆိုရင်တော့ စစ် က တကယ်ကို ယောကျ်ားလေးထင်ပြီး
င်နေတာဖြစ်မယ် သိလား .."

ပိတောက် တက်တက်ကြွကြွဖြစ်လာပြီး မှုံ့ ရဲ့ဘေးမှာ ဝင်ထိုင်
ည်။ မှုံ က ခေါင်းညိတ်လိုက်ပြီး ...

"နှစ်ခုဖြစ်နိုင်တယ် .. တစ်ခုက ခု နင်ပြောသလိုပေါ့ ..၊ နောက်
စ်ခုက အပျော်လိုက်ချင်တာ .."

"မသိဘူး .. သူ ဘယ်လိုလူဖြစ်ဖြစ် ငါ့ကိုသာ လက်ထပ်မယ်ဆိုရင်
ကျေနပ်တယ် .."

"ဖြစ်ရပြန်ပြီ .."

ဒေါ်ငုဝါသင်း ကတော့ ကိုယ့်သမီးနဲ့ စစ် ကို လွှတ်လပ်စွာ စီစဉ်
းရတော့မှာမို့ ကျေနပ်နေလေသည်။ ကိုကြီးသာ ခြူး ကို တကယ်
ယ်ထုတ်လိုက်တာမှန်လျှင် ဦးကောင်း တို့မိသားစုနဲ့ ပတ်သက်ရင်းနှီး
ဘယ်လိုဖြစ်ဖြစ် ကြိုးစားတော့ဖို့ ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"ဘာတဲ့လဲ ကိုကောင်း .."

"ငါတို့ကို ထမင်းစားဖိတ်တာ .."

ဒေါ်ယဉ်လှဲ့ စာဖတ်မလို့ပြင်ပြီးမှ မျက်မှန်ကို ပြန်ချွတ်လိုက်ရ... သို့ ရောက်ကာ ...

"အဲဒါ ရှင် ဘာပြန်ပြောလိုက်လဲ .."

"ထမင်းစားဖိတ်တာကို ထိပ်တုံးခတ်ဖို့ ခေါ်တာမှ မဟုတ်... မင်းက ဘာဖြစ်သွားတာလဲ .."

"ကိုကောင်း ရယ် .. ရှင့်ကို ဒီလောက်ပြောထားတာတောင် ..."

ဦးကောင်း က ခေါင်းတရမ်းရမ်းနှင့် ဒေါ်ယဉ်လှဲ့ ဘေးမှာ ထို... လိုက်သည်။ ပြီးမှ ကိုင်လာသည့်ဖုန်းကို ချထားလိုက်ပြီး ...

"တစ်ခါမှ ငါ့ဖုန်းကို မဆက်ခဲ့ဖူးဘူးကွ .. ပြီးတော့ ဦးသာ... ခေါင်းစဉ်တပ်ပြီး ပြောလာတော့ သမီးကို ကမ်းလှမ်းခဲ့တုန်းက... ငါပဲဆိုတော့ .."

"ရှင်ပဲ ပြောတော့ မိတ်ဆွေရင်းချာတွေ မဟုတ်ကြဘူးဆို.. ... လူတစ်ယောက်က ကူညီလို့ ပြောဖြစ်တာဆို .."





"ဩော်ကွာ .. မင်းကလည်း ခက်တော့တာပဲ .."

"မခက်ဘူး ကိုကောင်း .. သူတို့မိသားစု စိတ်ဓာတ်တွေ ကျွန်မ မကြိုက်ဘူး နော် .."

"တစ်ခါပဲ သွားကြည့်သေးတယ် ယဉ်လှဲ့ ရာ .. ငါတို့က လူကြီးချင်း ကတိထားတဲ့ အခြေအနေထိ မဟုတ်သေးပေမယ့် .."

"ကိုကောင်း .. ရှင်ချည်းပဲ ကတိတည်ချင်မနေပါနဲ့ .. ကိုသာယာ ဆိုတာနဲ့ အစစအရာရာ သာယာမှာ မဟုတ်ဘူး .. ရှင် သူ့တူမတွေထဲက ဘယ်သူ့ကို တောင်းခဲ့တာလဲ ...၊ သူက ဘယ်တူမကို ပေးမှာတဲ့လဲ .."

"သူ့တူမတွေ အများကြီးရှိမှန်းတောင် ငါ ခုမှသိတာ ယဉ်လှဲ့..၊ ဦးသာယာ တူမဆိုတာ သူနဲ့နေတဲ့ တစ်ယောက်ပဲရှိတာ .."

ဒေါ်ယဉ်လှဲ့ မျက်စိလည်ပါပြီ ..၊ ဒေါ်ငုဝါသင်း ပြောတော့ လုံးလုံး ထွေးထွေး ..၊

"ဒေါ်ငုဝါသင်း တို့ လင်မယားကို နည်းနည်းမှ မသိလိုက်ဘဲနဲ့ များ ကိုသာယာ့ တူမ ဆိုတာနဲ့ပဲ .."

"ကဲပါကွာ .. ခုလည်း လွန်လွန်ကျူးကျူး မဖြစ်သေးဘူးမို့လား..၊ မင်းကို ပေးကိုပေးစားရမယ်လို့ ငါ မပြောပါဘူး .. ဒါပေမယ့် ခုမှ စတယ် .. ကိုယ့်ဘာသာ လက်ပြထားခဲ့ရင်တော့ မကောင်းပါဘူး .."

"အတောင့်ရှည်ရင် အစေ့များတယ် ကို .. အားနာတယ်ဆိုတာ နစ်နာဖို့အစပဲ .. တကယ်ဆို သားငယ်လေးက အငယ်ဆုံး ..၊ သူ့ကို ဆုံးမရခက်လို့ ခြိမ်းရင်းခြောက်ရင်းနဲ့ ဒီကိစ္စကြီးဖြစ်သွားတာ .. အားနာ ဘာနဲ့တော့ ကျွန်မသားလေးဘ၀ နစ်မွန်းမခံနိုင်ဘူး .."

"အေးပါ .. ငါ နားလည်ပါတယ် .."

"သူတို့ဘာသာ သက္ကရာဇ်စံအိမ်က ဘာမျိုးနွယ်တွေဖြစ်ဖြစ် ဆွေ ဆောက်အောင်ချမ်းသာလည်း စရိုက်မကောင်းတာကိုတော့ လုံး၀လက်မခံ ဘူး.. ပြီးတော့ သားက အခု အဲဒီကိုသွားဖို့ တက်ကြွနေပြီ သိရဲ့လား .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတော့ ခြူ ဆိုတဲ့ မိန်းကလေးကို ယောကျ်ားလေးထင်ပြီး ခင်နေတာ ဆို .."

"သမီး ပြောပြတာလေ .. အဲဒီအိမ်မှာပဲ စုပြုံပြီး ရှုပ်နေကြတာ ရှင် စဉ်းစားကြည့် ..၊ သူတို့တွေကိုက ဒါလေးကို မိန်းကလေးမှန်း သိရက်နဲ့ ဖုံးဖိပေးနေကြတာ .."

"ဖုံးဖိပေးတယ်ဆိုတာက ငါတို့နဲ့ တိုက်ဆိုင်ပတ်သက်လာလို့ ငါတို့ရဲ့ ထည့်သွင်းစဉ်းစားခြင်းမှာ ပါလာတာမို့လား ..၊ သူတို့ကတော့ သူတို့ရဲ့အလုပ်သမားကိစ္စ ငါတို့နဲ့ မဆိုင်ဘူးထင်လို့ မပြောတာပဲ -"

"ကဲ ဟုတ်ပါပြီ .. ဒီတစ်ခါ ထမင်းဖိတ်ကျွေးမယ်ဆိုတာ သွားလိုက်မယ် ..၊ သားဝယ်နဲ့ ဘယ်သူနဲ့မှ စကားမပြောဖြစ်စေရဘူး - တစ်မိသားစုလုံး သွားမယ် .. သွားပြီးတာနဲ့ ပြီးပြီ .."

"ဟင် .. ဘာပြီးရှာလဲ .."

"သားနဲ့ရော ကျွန်မတို့နဲ့ရော နောက်ထပ် မပတ်သက်နိုင်းနဲ့တော့ .. ကိုကောင်း နော် .. ကျွန်မက ဒါဆို ဒါပဲဆိုတာ ရှင် သိတယ်- ယဉ်လှဲ့ ငွေစကားပြောတယ် .. ငွေမက်တယ်ဆိုတာ မှန်တယ် ..၊ အဲဒါ သားသမီးတွေ ကောင်းစားဖို့ပဲ .. ရောင်းစားဖို့ မဟုတ်ဘူး .."

ဒေါ်ယဉ်လှဲ့ ကြိမ်းမောင်းနေတာတွေကို ဦးကောင်း က ပြုံးနေခဲ့၏။ တစ်ဆက်တည်း စိတ်ထဲမှာ တွေးဖြစ်ရင်း သွားတွေပေါ်အောင် ရယ်လေသည်။

'အသက်တွေသာ ကြီးတယ် .. ငါ့မိန်းမ ချစ်ဖို့ကောင်းနေတုန်း-'





အခန်း (၃၁)

"သုံးဆောင်ကြပါရှင် .. အားနာလိုက်တာ .. ဦးကောင်း တို့က မိသားစု စုံစုံလင်လင် လာကြပါရက်နဲ့ အိမ်မှာ လူမစုံဘူး ဖြစ်နေတာ.."

"ဖေဖေကတော့ သူ့ကိုယ်သူ လူမမာလို့ သတ်မှတ်ပြီးတည်းက အပြင်ကို လုံးဝကို မထွက်တော့တာ .."

ပိတောက် က ဒေါ်ငုဝါသင်း စကားကို ဖြည့်စွက်လိုက်သည်။ တကယ်က ဒီကိစ္စမှာ ဖေဖေက တရားဝင် နုတ်ထွက်ခဲ့တာဖြစ်၏။

"မင်းတို့လုပ်ရပ်တွေ မှားနေတယ် ငု .. ဒါကို ငါ အားမပေးနိုင်ဘူး .. ဒါပေမယ့် မင်းကလည်း တာဝန်တွေပိနေတာကို မခံနိုင်တော့ပါလို့ ပေါ်တင်ပြောထားတာဆိုတော့ ဒီအိမ်ထောင်ရေးကို ငါ မတားဆီးပါဘူး .."

ဒေါ်ငုဝါသင်း ကလည်း ယောကျ်ားအကြောင်း ပါလာတော့ ဒါကို တွေးလိုက်မိ၏။ ပြီးတော့ သားကြီးကလည်း အချိန်မီ ပြန်လာမယ်ဆိုပြီး ခုချိန်ထိ မရောက် ..။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ မေမေရယ် .. အန်တီတို့က သားရေးသမီးရေးကိစ္စ ပြောကြဖို့ပဲ .. မေမေရှိရင် ပြီးတာပဲပေါ့ ..၊ ဖေဖေနဲ့ ကိုကိုက ပြောရရင် ယောကျ်ားလေးတွေဆိုတော့ အပြင်လူတွေပါ .."

ဒီကောင်မလေး စကားသွက်လှချေလား ..၊

ဒေါ်ယဉ်လှဲ့ အကြည့်တွေက မှုံ့ ဆီ ရောက်သွားသည်။ ပိတောက်ကို ကြည့်လိုက်တော့ သူမလေးက သားကိုပဲ ကြည့်နေတာ မျက်လုံးတဝေ့ဝေ့နှင့် ..၊

"ဒါနဲ့ တစ်ခုလောက်များ မေးလို့ရမလား ဟင် .."

"ဟုတ်ကဲ့ မေးပါ မယဉ်လှဲ့ .. ကျွန်မကတော့ စကားတွေ အများကြီး ပြောချင်တာ .. အမှားပါမှာစိုးလို့ ထိန်းနေရတယ် ..၊ ကျွန်မတို့ချင်းက သိပ်မရင်းနှီးခဲ့ဘူးမို့လား .. ကိုကြီးက ပြောပြီးဆိုပြီးနေပြီ .. သူ့စကား နားထောင်ဆိုလို့သာ မြင်ဖူးကြတာ .."

ဒေါ်ယဉ်လှဲ့ က ငါးခေါင်းချဉ်စပ်ဟင်းကို ခပ်သောက်ပြီးမှ ပြန်ချလိုက်ကာ ...

"ဟုတ်ပါတယ် .. ဦးသာယာ နဲ့ ပတ်သက်ပြီးတော့ မေးချင်တာပါ .. ခုတစ်လော ကျွန်တော်လည်း ဦးသာယာ နဲ့ မတွေ့ဖြစ်တာ ကြာပြီဆိုတော့လေ .."

ဦးကောင်း က စကားဆက်လာတော့ ဒေါ်ငုဝါသင်း ထိတ်ခနဲဖြစ်သွား၏။ ဒါပေမယ့် ...

"ဟုတ်ကဲ့ မေးပါ .. ဘာများလဲ မသိဘူး .."

"ဦးသာယာ အမွေဖြတ်ကြော်ငြာလိုက်တဲ့ 'နှင်းခဲလေး'ဆိုတဲ့ မိန်းကလေးက ဒေါ်ငုဝါသင်း တို့ မိသားစုထဲကများ .."

"အို .. မဟုတ်ပါဘူးရှင် .. နှင်းခဲလေး ဆိုတာ သူနဲ့အတူနေတဲ့ တူမပါ .."

ဟင်!...





ဒေါ်ယဉ်လှဲ့ မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"ကောင်မလေးက မိဘမဲ့ပီပီ အရမ်းဆိုး .. အရမ်းရိုင်းတာလေ..၊ ဘကြီးဖြစ်သူကလည်း အလုပ်ရှုပ်တဲ့လူဆိုတော့ လွှတ်ချင်တိုင်း လွှတ်နေတာပေါ့ .. ဘယ်လိုမှ မနိုင်လွန်းလို့ လုပ်လိုက်ရတာ ဖြစ်မှာ .."

"အန်တီ ကြည့်ရတာ ဘဘဦးသာယာ ရဲ့တူမ သေချာဖြစ်စေချင်ပုံပဲ .."

ပြောစရာရှိပြီဆို မှုံ့ က နည်းနည်းလေးမှ မဆင်ခြင် ..၊

ဒီကောင်မလေး ပါးစပ်ပေါ့လွန်းတာကို ဘယ်လိုဆုံးမရမှန်း မသိတော့ပါ ..၊

ဒေါ်ငုဝါသင်း စိတ်ညစ်သွားပေမယ့် တားဆီးဖို့လည်း မလွယ်..၊

"ဟုတ်တယ် .. နှင်းခဲလေး မဟုတ်ဘူး .. အဲ့တစ်ယောက်က မီးခဲလေး ..၊ စစ် နဲ့ သူ့ကိုမှ စိတ်ကူးထားရင်တော့ ဘဘကိုပဲ တိုက်ရိုက်သွားမေးလေ .."

"သမီးငယ် .."

"သြော် .. မေမေကလည်း လူကြီးတွေ ပြောရခက်စေမယ့်စကားပြောဖို့မလိုအောင် မှုံ့ က ကူညီလိုက်တာပါ .. မှုံ့ ကတော့ နှင်းခဲလေး ဆိုတာနဲ့ ရောပြီး ဦးသာယာ တူမတွေလို့ ရောသော သတ်မှတ်ခံရတာတောင် သိက္ခာကျလှပြီထင်တာ .. အရမ်းရှုပ် အရမ်းဖြုန်းတာပဲ ..၊ ဒီအိမ်ရိပ်ကို လာနင်းကြည့်ပါလား ..."

"တော်တော့ သမီးငယ် .. ညှော်သည်တွေ အေးဆေး စားပါစေ .."

"ပြောပါစေ မငုဝါ .. စကားဆိုတာ ပြောပါများမှလည်း စကားထဲက တရားရတာ .. မေးမှ ဖြေ .. ခေါ်မှထူးတဲ့လူတွေဆိုရင် သူတို့ကို ဘယ်လိုလူတွေဆိုတာ သိခွင့်ရှိမလား .."

သေစမ်း ဝတ်မှုံ ..၊

ဒေါ်ယဉ်လှဲ့ ဘယ်လိုသဘောနဲ့ ပြောလိုက်တယ်ဆိုတာ ဒေါ်ငုဝါ



www.burmeseclassic.com

www.burmeseclassic.com



သင်း တန်းခနဲ့ သိသည် ..၊ 'အမိမဲ့တော့ နွတ်ကြမ်းသည်'၊ 'အဖမဲ့တော့ ကိုယ်ကြမ်းသည်' တဲ့ ..၊

အမိအဖ နှစ်ပါးစလုံး မမဲ့ပါဘဲ ဒီကလေးတွေ ဘာကြောင့် ဒီလို ဖြစ်ရတာလဲ ..၊

တက်ကြွရွှင်လန်းနေခဲ့သည့်စိတ်တွေက ထမင်းစားပွဲမှ မထခင် မှာပင် ဗုန်းဗုန်းလဲချင်တော့သည်။

"အားလုံး ဆောရီးပါ ခင်ဗျာ .. တောင်းပန်ပါတယ် .."

ထမင်းဝိုင်းကို့ နောက်မှရောက်လာသူက ဇေ ဖြစ်ကာ အတွင်းခံ စပို့ရှပ်ပေါ်မှာ ရှပ်အင်္ကျီအပြာကွက်လက်ရှည်ကို ရင်ကွဲဝတ်ထား၏။

ထို့ကြောင့် အရိုးခြောက်ခေါင်းပုံ ပါသော ကွင်းဝိုင်းကြီးနှင့် သံ ကွင်းဆက်ကြိုးရှည်က ရင်ဝအောက်မှာ ဝင်းဝင်းလက်လက် လှုပ်ခတ် နေတာ ဒီအတိုင်း ..၊

မတိုမရှည်ဆံပင်က ခပ်အုပ်အုပ်ရှိပြီး မသေသပ်ပေ ..၊

သူ့ကို မြင်လိုက်တာနှင့် စိတ်မောလှမော သွားလာထားခဲ့မှန်း သိ ဘာနေလျက် ...

"သား .. လာလေ၊ ဒီညနေ ဧည့်သည်တွေ ထမင်းစားဖိတ်ထားပါ ယ်ဆိုမှ ဘယ်ထွက်သွားတာလဲ ..၊ လာ ထိုင် ဝင်စားလိုက် .."

"အဲဒါကို တောင်းပန်တာပါ.. အန်တီတို့ အန်ကယ်လ်တို့ ဆောရီး ဗျာ .. ဒီက .. ဟင်!..."

ထိုင်နေကြသည့် မိသားစုဝင်တွေထဲမှာ မျက်နှာတစ်ခုကို မြင် က်သည်နှင့် ဇေ 'ဟင်..'ခနဲ ဖြစ်သွားသည်။ ထိုသူကလည်း သူ့ကို င်တော့ မျက်မှောင်ကုတ်သွားသည်။

ဒေါ်ငုဝါသင်း က သားရဲ့မျက်လုံးတွေကို မော့ကြည့်ရင်း မျက်လုံး ဘိုင်း လိုက်ကြည့်လိုက်တော့ ဒေါ်ယဉ်လဲ့ ရဲ့သား ခွဲစိတ်ပါရဂူ ါက်တာမင်းကောင်းမှူး ထံသို့ ..၊





"ဒေါက်တာ .."

ခင်မင်နှစ်လိုဖွယ်ကောင်းသော နှုတ်ဆက်ခြင်းက အားလုံးကို တိတ် ကျသွားစေကာ နောက်ထပ် စစ် ကို လှမ်းကြည့်ကာ ...

"ဒေါက်တာက စစ်သည်ကောင်း ရဲ့ ..."

"ငါက သူ့ရဲ့ အစ်ကိုအကြီးဆုံးပါ .. မင်းကို ဒီအိမ်သားအဖြစ်နဲ့ တွေ့လိုက်ရတာ ဝမ်းသာပါတယ် .."

"ကျွန်တော်ကတော့ ဝမ်းမသာဘူး .."

"သား ..."

"မဟုတ်ဘူး မေမေ .. ကျွန်တော်တို့လူစု .."

အားပါးတရကြီး ပြင်ဆင်လိုက်ပြီးမှ စကားက ဒီမှာတင်ရပ်၏။

ပိတောက် တို့ အခြေအနေကို ချက်ချင်း နားလည်လိုက်သည်။ သားရဲ့အရေးကိစ္စကို အလုံးစုံ သိနေခဲ့သည့် ဒေါ်ငုဝါသင်း က ပိုနားလည် ၏။

ထို့ကြောင့် ကိုင်ထားသည့် ဇွန်းခက်ရင်းတွေပါ လွှတ်ကျမတတ် ပင် ..၊

"ကိုကို့ပုံစံက အလုပ်ကိစ္စတစ်ဖက်နဲ့ ဝင်လာရသလိုပဲ .. သွားစရာ အရေးကြီးရှိနေရင်လည်း သွားလေ .. မှုံ တို့ကဖြင့် စားလို့တောင် ပြီး တော့မယ်ဟာ .."

အခြေအနေတွေ ပိုဆိုးမလာခင် ပြန်ထွက်သွားဖို့ မှုံ က စတင် ကြိုးစား၏။ သို့သော် ...

"မှုံ ကလည်း ထမင်းစားဖြစ်ကြဖို့ပဲဟာ.. လူစုံဖို့ပဲ လိုတာ .. ကိုကို ထိုင်လေ .."

ပိတောက် ကလည်း အခြေအနေကို တစ်မျိုးပြောင်းသွားစေချင် တာပါ ..၊ ဒါပေမယ့် ...

"ငါ မထိုင်တော့ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ဖေ့ မျက်လုံးတွေက မကျေချမ်းနိုင်သော စူးရဲမှုများနှင့် ဘယ်သူ့ကိုမှလည်း ဂရုမစိုက်ဘဲ မင်းကောင်းမှူး ကိုသာ စူးစိုက်၍ ...

"ခင်ဗျားကတော့ ကြည့်လိုက်တိုင်း အေးချမ်း စိုပြည်နေတာပဲ နော်.. မဟုတ်မှလွဲရော အောက်ခြေကနေ တစ်ပဲနှစ်ပြားကစုပြီး ချမ်းသာလာကြတယ်ဆိုတာ ရှိးမှရှိးရဲ့လား..၊ အဲဒါတွေက ခင်ဗျား အရှာကောင်းတာပဲ နေမှာပါ .."

"အို!..."

"သား!..."

ဒေါ်ယဉ်လှဲ့ ကိုင်ထားသည့်ခက်ရင်းကို ဒေါက်ခနဲမြည်အောင် ချပစ်လိုက်လျှင် ဒေါ်ငုဝါသင်း မျက်လုံးပြူးသွား၏။

ဘာကို ရန်ငြိုးပွားနေမှန်းမသိသည့် ဖေ ကတော့ ထမင်းဝိုင်းမှာရှိသမျှလူတွေကို မေ့နေပုံပေါ်ကာ ...

"ခင်ဗျားတစ်ယောက်ရဲ့ အောက်ဆိုက်ဝင်ငွေတွေကပဲ နည်းတာမှ မဟုတ်တာ .. ဒါပေမယ့် သူများ မျက်ရည်ပေါက်ကြီးငယ်ကျရမှ ချမ်းသာရမယ်ဆိုတာမျိုးကတော့ ဗျာ .."

မင်းကောင်းမှူး က တည်ငြိမ်သည့်အပြုံးနှင့် စိုက်ကြည့်ကာ ...

"မင်း မှားနေပြီကွ .. ငါက ငါ့အလုပ် ငါ လုပ်တာပါ .. သူများတွေရဲ့ မျက်ရည်တွေ ဘယ်အရွယ်အစားလောက်ကျသွားစေဆိုတာမျိုး မပါဘူး.. မင်းတို့ချင်း ရန်ဖြစ်ကြတယ် .. ဒဏ်ရာတွေ ရတယ်.. ဘယ်သူ့ဒဏ်ရာ ဘယ်လောက်နက်ရှိုင်းတယ်ဆိုတာ ငါ့တွေ့ရှိချက်အတိုင်း ငါ တင်ပြခဲ့တယ် .."

"မဟုတ်ဘူး .. ခင်ဗျား လာဘ်စားတာ .. ကျူပ် မားနဲ့ထိုးတဲ့ ဒဏ်ရာ အဲ့လောက် မပြင်းထန်ဘူး .."

"ဘုရား!... ဘုရား .."

အားလုံး မျက်လုံးတွေ ပြူးကျယ်ကုန်ကြသည်။





"ဟိုဘက်မှာ သေသွားတဲ့လူကျတော့ သူ့လက်နက်နဲ့သူ သေတာလို့ ဆုံးဖြတ်လိုက်တယ် .. ခင်ဗျား လာဘ်စားထားတာ .."

ဘယ်နှစ်ယောက်တောင် ဖြစ်ကြတာလဲ ..၊ ဖေ က ဘယ်သူ့အတွက် ဒီလောက်တောင် နာကြည်းနေတာလဲ ..၊

ဟိုတစ်ခါ ပြဿနာတက်ရတာ ဆေးမှု မဟုတ်ဘူးလား ..၊

ဒေါ်ငုဝါသင်း သိတာတွေက တခြား .. ကြားနေရတော့ တစ်မျိုး..၊

"ပြီးတော့ ခင်ဗျား .. ခင်ဗျား ကျူပ်ကို ဆေးသုံးထားတယ်လို့လည်း .."

"တော်တော့ .."

ဒေါ်ငုဝါသင်း အသံပြာအောင် အော်ပစ်လိုက်မိသည်။ ဧည့်သည်တွေကိုတော့ အားနာပေမယ့် ရှက်သည့်စိတ်က ထိုခဏအတွင်းမှာ ဘာမှဆင်ခြင်နိုင်စွမ်း မရှိခဲ့ဘဲ ...

"မင်း ရှုပ်ချင်တိုင်း ရှုပ်ထားတာတွေကို ဒီမှာ လာပြောနေစရာမလိုဘူး ဖေ .. သွား .. မင်း ထွက်သွားလိုက်တော့ .."

"ကျွန်တော် ဆေးမသုံးဘူး မေမေ .. ဒီလူ အမှုပိုကြီးအောင် ဟိုဘက်က လာဘ်ထိုးတာကို စားပြီး ..."

"ဟော့ .. သူငယ် .."

ဒေါ်ယဉ်လှဲ့ က နေရာမှ ထရပ်လိုက်ကာ ...

"ဘယ်တရားသူကြီးမှ အရက်ဆိုင်မှာ စီရင်ချက် မချဘူး .. မင်းအမှုအတွက် တရားတာ မတရားတာတွေ ပြောချင်ရင် စီရင်လို့ရတဲ့နေရာမှာ သွားပြော .."

"ဒီမှာ .."

ဒေါ်ယဉ်လှဲ့ လက်ကိုဆွဲ၍ ပြန်ထိုင်စေကာ လှဲ့ က အထင်မြင်သေးသလိုကြည့်ကာ ...

"အထူးသဖြင့် ဥပဒေနဲ့ပတ်သက်လာရင် တစ်ဦးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းရဲ့သဘောနဲ့ ဘာကိုမှ အတည်မပြုဘူး .. အမှုကိစ္စတွေကလည်း ဆရာဝန်နဲ့ မသက်ဆိုင်တော့ဘူး ...၊ ကျွန်မအစ်ကိုရဲ့ဆေးစစ်ချက် မမှန်ကန်ဘူးထင်ရင် ဆုံးဖြတ်ကြမယ့်နေရာကို ရှင် တက်လိုက်လေ .."

လဲ့ က ပြောပြီးတာနှင့် သူမနဲ့ မျက်နှာချင်းဆိုင်မှာရှိနေသည့် ပိတောက် ကို စိုက်ကြည့်သည်။ ပြီးတော့ ...

"ဆရာဝန်တိုင်း ဝိသမလောဘတွေ ကြီးမနေကြပါဘူး .. မယုံရင် ရှင့်ညီမကို မေးကြည့်လိုက်စမ်းပါ .."

ဟင်!...

ဒေါ်ငုဝါသင်း မျက်နှာတစ်ပြင်လုံး ညိုတက်သွားသည်။ ကြည့်လိုက်တော့ ပိတောက် ကိုယ်တိုင် အံ့ဩနေသည့်ပုံ ...၊

"တို့က ဒေါက်တာ ကြည်လဲ့ခင် .. 'မဥမ္မာ'ဆေးခန်းကို မင်းနဲ့ မင်းရဲ့အဖော် လာဖူးတာလေ .. တို့ကို မင်းကိုယ်တိုင် ရန်တွေ့သွားတာပါ .. မမှတ်မိဘူးလား .."

'မဥမ္မာ'ဆေးခန်း ...၊

တွေးမိလိုက်သည်နှင့် ပိတောက် မျက်နှာ အကြီးအကျယ်ပျက်သွားသည်။

ဟင်းချိုခွက်ကို ခပ်လိုက်ပြီးမှ မသောက်ဖြစ်ဘဲ အစိမ်းကြော်ပန်းကန်ထဲ ပစ်ချလိုက်၏။

"အဲဒါ ကျွန်မကိစ္စ မဟုတ်ဘူး .."

"မဟုတ်ပေမယ့် သူ့ကိုယ်ဝန်ကို မမွေးဖို့ ဦးဆောင်တာ မင်းပဲထင်တယ် .."

"နင် .. နင် ငါ့ကို မဟုတ်တာတွေ မပြောနဲ့ .."

သူမ မျက်နှာက ထသတ်တော့မလို စူးစူးရဲရဲ ဖြစ်လာ၏။

လဲ့ က ဂရုမစိုက်ပါ ...၊ ဒေါ်ငုဝါသင်း နဲ့ ဇေ တို့ရဲ့ မျက်နှာကို ပြန်ကြည့်ကာ ...





"အဲဒီမိန်းကလေးကို မမွေးဖြစ်ဖို့အတွက် ရှင့်ညီမကိုယ်တိုင် ငွေ ... အထပ်လိုက် ချပေးတာ နော် .."

"ဟုတ်တယ်လေ .. အဲဒါ ငါ့ဗိုက်မှ မဟုတ်တာ ...၊ လူယုတ်မာရဲ့ ...သွေးကို မမွေးစေချင်လို့ ငါက ကူညီတာ .."

"တော်ပြီ .. တော်ပြီ .. ပြဿနာတွေ ရှုပ်လိုက်ကြတာ .."

ဒေါ်ယဉ်လဲ့ က ဦးကောင်း ကို ထိုင်ရာထဖို့ လက်ပြရင်း နေရာမှ ...လိုက်ကာ ...

"ကျွန်မတို့က မိတ်ဖြစ်ဆွေဖြစ် ထမင်းစားဖိတ်လို့ လာကြတာ ... စကားများ ရန်ဖြစ်ကြဖို့ မရည်ရွယ်ပါဘူး .."

"အေးဗျာ .. ကျွန်တော်တို့ကြောင့် ဒေါ်ငုဝါသင်း တို့ မိသားစုတွေ ...အနှောင့်အယှက်ဖြစ်ကြရတာ စိတ်မကောင်းပါဘူး .."

"ကျွန်မတို့လည်း ဦးကောင်း တို့ကို .."

"တောင်းပန်စရာ မလိုဘူး မေမေ .. ဖွတ်ထွက်မှ တောင်ပို့မှန်း...တာ .. ခုတည်းက သိရလို့ ကျေးဇူးတင်တယ် .."

ဇေ က ဝင်ပြောတော့ ဒေါ်ယဉ်လဲ့ မျက်လုံးတွေက ရိုင်းလှချေလား...သော အထင်မြင်သေးသည့်အကြည့်တို့နှင့် ကပျာကယာလွှဲပစ်၍ ...

"အေးပါ .. ငါတို့ကလည်း မင်း ပြောသလိုပဲ မှတ်ပါတယ် .."

အားလုံး ထွက်သွားကြပြီး စစ် က နောက်ဆုံးကျမှ လေးဖင့်စွာ ...လိုက်ကာ ရယ်မြူးရိပ်သမ်းနေသောမျက်နှာတည်တည်နှင့် ရယ်...မလို မဲ့တော့မလို ပခုံးတစ်ချက်တွန့်သည်။

ပိတောက် ကတော့ လဲ့ ကို နင်တွေ ငါတွေနှင့် ပြောချင်သလို ...ပစ်လိုက်ပြီးမှ စစ် က ကျန်နေခဲ့တော့ တစ်မျိုးမျှော်လင့်မိလျက် ...

"အရမ်းစိတ်တိုသွားလို့ ဆောရီးပါ .. မင်းအစ်မကလည်း ပြော...နေရာမှန်း မသိ .. မပြောရမယ့်နေရာမှန်း မသိ .."

"သားရယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငုဝါသင်း ကလည်း စစ် က ကျန်နေခဲ့သဖြင့် စကားပြောခွင့်သာပြီမို့ သေချာတောင်းပန်ဖို့ ပြင်သည်။

ထိုစဉ် ...

"တီ .."

စစ် က ဟွန်းသံကြောင့် အပြင်ကို လှမ်းကြည့်ပြီးမှ ပြန်ပြုံးပြ၍—

"ဆောရီးပါ .."

သူ ကျန်ရစ်တာက ဒီမှာ ဗရုတ်ဗရက်တွေ ထပ်ဖြစ်နေတော့ ပြဿနာများ ထွက်လာဦးမလားလို့ ဖြစ်သည်။

စစ်သည်ကောင်း ဆိုသည့်သူက စစ်မတိုက်လိုက်ရဘဲ ဘယ့်နှယ် စစ်သည်မဟုတ်တဲ့လူတွေ တိုက်ခိုက်ကုန်ကြတာလဲ ...၊

ကံကောင်းလို့ ...၊ မားဆွဲတုတ်ဆွဲ ဖြစ်ကြတော့မလို့ ...၊





အခန်း (၃၂)

ထုတ်လာခဲ့သည့်လစာ ဘယ်လောက်ကျန်သေးလဲ ပြန်စစ်ကြည့်လိုက်တော့ တစ်ဝက်ကျိုးလုနီးပါးဖြစ်နေပြီမို့ သက်ပြင်းချမိသည်။

အိတ်လေးတစ်ဖက်ဆွဲလာကာ လက်တစ်ဖက်က ကြက်ကင်ဘူးလေးဆွဲလျက် ဒီည ဒေါ်ငုဝါသင်း တို့ကို လစာ ပြန်အပ်ရင်း နောက်လဆိုလောက်ထိ လစာမလျော့စေရပါဘူးလို့ တောင်းပန်ရမည်။

သူမအတွက် အလိုအပ်ဆုံးက မရှိမဖြစ် မိန်းကလေးအသုံးအဆောင်ပစ္စည်းတွေပဲဖြစ်ကာ ဒီထဲမှာ အင်္ကျီအဝတ်အစားနှစ်စုံအပြင် အလှအပပစ္စည်း ဘာတစ်ခုမှ မပါပေ ..။ နောက်လကျရင်တော့ ..၊

"တီ .."

ကားတစ်စီးသည် ဟွန်းသံပေးပြီး အတော်ဝေးဝေးရောက်မှ ရပ်သွား၏။ ဒါပေမယ့် ဟွန်းသံကြောင့် သေးကပ်ပေးလိုက်ပေမယ့် ရပ်သွားသည်အထိ ခြူ မကြည့်မိပေ ..၊ ကားနားရောက်မှ အထဲကထွက်လာသူက ရှေ့မှာ မားမားကြီး ရပ်နေခဲ့လျက် ...

"ခြူ .."

"ဘာဘာ .."



www.burmeseclassic.com

www.burmeseclassic.com



ခြူ မျက်လုံးဝိုင်းသွားသည်။ ဦးသာယာ က တိုက်ပုံအင်္ကျီအနက် ရုပ်အင်္ကျီအဖြူခံနှင့် ငါးပိရောင် ချည်ပြောင်ပုဆိုးကို ဝတ်ထား၏။ ခန့်ညား သော ဥပဓိရုပ်သွင်က မဟာနဖူးကျယ်နှင့် မျက်ခုံးထူထူများကြောင့် ပို၍ ထည်ဝါနေကာ ...

"ဘယ်လိုလဲ ခြူ .. ညည်း ဘယ်တုန်းကမှ မမေ့တတ်ခဲ့ပါဘူး"

ခြူ မျက်နှာလေးက အပြစ်ရှိသူကဲ့သို့ ဖျတ်ခနဲ ငုံ့ကျသွားခဲ့သည်။ ပြီးတော့ ဆုပ်ဆွဲထားသည့်အိတ်တွေပေါ်သို့ ပို၍ တင်းကျပ်သွားခဲ့ပြီး

"ကျွန်တော် မမေ့ပါဘူး .."

"မမေ့ရင် ဘာကြောင့် ဒီလောက်ထိ နေရတာလဲ .. ညည်း ငါ့ကို ပြောသွားတုန်းက တစ်လ .."

"ကျွန်တော် .."

"ညည်းကို နှင်ချပစ်တဲ့အထိ သူတို့အကြောင်းကို မသိသေးတာ လား .. ဘာတွေ ထပ်သိချင်သေးသလဲ .. မကောင်းပါဘူးဆိုတဲ့လူတွေ ဆီက ညည်း ဘယ်လိုအတွေ့အကြုံတွေ မေတ္တာရေစင်တွေကို လိုချင် နေတာလဲ .."

"ဘဘ .."

"ကျွတ် .. ကိုင်း .. ပြော .. ပြော .. ဘာတွေပြောချင်သေးတာလဲ အခု ငါကိုယ်တိုင် ဆင်းခေါ်ရတဲ့အထိ ညည်းက ..."

"နောက်ထပ် တစ်လတော့ .."

"လုံးဝ မရဘူး .."

ဦးသာယာ မျက်နှာမှာ ဒေါသရိပ်တွေ ယှက်သမ်းလာတော့ ဈေး၏ခြေရာတွေက ထင်းလာခဲ့၏။ တူမဖြစ်သူ၏ တစ်ကိုယ်လုံးကို စိတ် ပျက်သလို ခြုံပတ်ကြည့်ပြီးမှ ဆွဲကိုင်ထားသည့်အိတ်တွေကို ဆွဲယူပြီး ဘွန်းနက်ပေါ် တင်လိုက်သည်။

"ငှ ဆိုတဲ့မိန်းကလေး ဘယ်လိုသဘောသဘာဝ ရှိပါတယ်ဆိုတာ





ညည်းကို ငါ အားလုံးပြောပြပြီး သူ့ကလေးတွေ ပေါက်ဖွားလာသော် လည်း ဒီပုံစံတွေပဲ .. ကိုချစ် တစ်ယောက်တော့ လူကောင်းသူကောင်း ရှိတယ်ဆိုပြီး ငါ ညည်းကို အဲဒီမှာနေဖို့ ခွင့်ပြုလိုက်တာ .. အခု ကိုချစ် ညည်းကို မကာကွယ်နိုင်တော့ဘူး .. သူ့မိသားစုတွေကိုတောင် သူ လက် လွှတ်ထားခဲ့တာ .."

"ကျွန်တော်ကလည်း အကာအကွယ်ရှိလို့ သွားတာမှ မဟုတ်တာ ဘဘရယ် .. အခု ကျွန်တော့်ရည်မှန်းချက် မပြည့်ဝသေးလို့ပါ .. နောက် ထပ် တစ်လကိုတော့ .."

"မပေးနိုင်ဘူး ခြူ .. တံငါးနားနီ တံငါ .. မုဆိုးနားနီ မုဆိုး .. ညည်း လိုချင်တာ နွေးထွေးတဲ့မိသားစုဘဝ .. ညည်းရမှာတွေက ပုပ်ပွ ပျက်စီးနေတဲ့ ကမ်းပါးစပ်က ခွေးသေကောင်ပုပ် .. ညည်းလိုချင်တာ ဘယ်တော့မှ မရနိုင်ဘူးဆိုတာ အခုမှ မသိသေးရင် ဒီထဲမှာရောပြီး ညည်းလည်း အပုပ်ပဲ ဖြစ်သွားမယ် .."

ဦးသာယာ အသံက မြင့်လိုက်ကာစထက် အများကြီး တည်ငြိမ် သွားခဲ့ပြီး ခြူ့ အပေါ်မှာ စိတ်ရှည်ဖို့အတွက် ကြိုးစားလိုက်ရင်း ...

"တော်လောက်ပြီ ခြူ .. ညည်းကို ခွင့်ပြုလိုက်ပေမယ့် ဒီလောက် ထိ မိုက်မဲရလားဆိုပြီး အမွှေဖြတ်တာတွေ .. လုံးဝ လှည့်မကြည့်ဘဲ နေလိုက်တာတွေက ငါကိုယ်တိုင် ဒေါသနဲ့လုပ်ပစ်တာ .."

"ဘာကြောင့်ပဲဖြစ်ဖြစ် ကျွန်တော် တောင်းဆိုသမျှ ဘဘ လုပ်ပေး တဲ့အတွက် ဘဘကို ကျေးဇူးတင်နေတာပါ .."

"မလိုဘူး .. ငါက ညည်းကို ကစားစရာဝယ်ပေးခဲ့တာ မဟုတ် ဘူး .. တီကောင်မှန်း မြွေမှန်း မသိတဲ့လူကို ကိုင်စမ်းဆိုပြီး မြွေတစ် ကောင် ထည့်ပေးကြည့်လိုက်တာ .. ဒါပေမယ့် ညည်း မသေသေးဘူး နောက်ထပ်လည်း စမ်းသပ်ခွင့် မပြုနိုင်ဘူး .."

"မဟုတ်ဘူး ဘဘ .. သူတို့တွေနဲ့ ကျွန်တော် ခုမှ အနီးကပ်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းကြည့်ရတာ ..."

"အဲဒီတော့ အားလုံး ကောင်းနေကြတာပဲလား .."

"အားလုံးရဲ့သဘောကို ကျွန်တော် သိရပါပြီ .."

"ဘယ်သူ ကျန်နေသေးတာလဲ .."

"ကြီးမေ .."

"အေး .. သူ့အကြောင်း သိရတဲ့နေ့ဟာ ညည်း ငါ မသိလိုက်ခင် လမ်းပေါ်မှာ ဘဝပျက်သွားတဲ့နေ့ပဲ ..၊ ငှ က သူ့ကိုယ်သူလည်း တန်ဖိုး မထားဘူး .. သားသမီးလည်း ခင်တွယ်ခဲ့တာ မဟုတ်ဘူး .. ကမ္ဘာ မီး မလောင်ခင် သားကောင် ချနင်းပစ်မယ့် မိန်းကလေး .."

ဦးသာယာ က ပြောနေရင်း ဒေါသတွေထွက်လာပုံ ရှိကာ ...

"သွား .. အခု ပြန်တော့ .. နောက်ထပ် သုံးရက် အချိန်ပေးမယ် .. ညည်း သူတို့ကို ဘာမှမပြောဘဲ ဆင်းမလာရဘူး .. ညည်း မပြောခဲ့ရင် ငါနဲ့တွေ့မှာ .."

"ဘဘ .. သူကို့အကြောင်း ဘဘက .."

"ခြူ .. ညည်းကိုယ်ညည်း အိမ်ပေါ်က ဆင်းလာရတဲ့ တဇာယ့် တစ်ကောင်ကြွက်လို့များ မှတ်လိုက်သလား .. ညည်းကို ငါ အမြဲတမ်း လိုက်ကြည့်နေတာ .. မမြင်ပေမယ့် သိတယ် ..၊ ညည်းပုံစံမြင်လိုက်တော့ ပိုသိတယ် .. ညည်းကို သူတို့ ဘာကြောင့်လိုက်ရှာပြီး ပြန်ခေါ်လာတယ် ထင်သလဲ ..၊ အဲဒါတွေကို သံယောဇဉ်တွေလို့ ထင်နေသလား .."

ဘဘက ဒါတွေထိ ဘာလို့ သိနေတာလဲ ..၊ ဆင်းသွားရတယ်ဆို တာကို သိသည် ..၊ ကြီးမေတို့ ပြန်လိုက်ခေါ်ကြတယ်ဆိုတာကိုလည်း သိနေသည်။

"ဒါပေမယ့် ကျွန်တော် မပြန်ချင်သေးဘူး ဘဘ .."

"ညည်း သတ်မှတ်သွားတဲ့ တစ်လကို ဆယ့်တစ်ရက်စွန်းနေပြီ.."

"လကုန်တဲ့အထိ ကျွန်တော် နေဦးမယ် ဘဘ .. ကျွန်တော့်ကိုယ်





ကျွန်တော် ကာကွယ်နိုင်ပါတယ် .."

"ဘာ!..."

"ဟလိုး အန်ကယ်လ်ကြီးတို့ သားအဖ ကားပျက်နေကြတယ် ထင်တယ် .."

ဦးသာယာ ရဲ့ စိတ်လိုက်မာန်ပါစကားက ဘယ်က ဘယ်လို ပေါ် လာကြမှန်းမသိသည့် လူရွယ်နှစ်ယောက်ကြောင့် ရှေ့ဆက်မရ ဖြစ်သွား ၏။ တစ်ယောက်က ကားကို လှည့်ပတ်ကြည့်ကာ ...

"ကားက အကောင်းစားကြီးကွ .. ပျက်နေတာ မဖြစ်နိုင်ဘူး .."

"ကဲ ဘိုးတော် .. ကျွန်တော်တို့ ဘာကူညီပေးရမလဲ .."

ဦးသာယာ က လူရွယ်တွေကို မျက်မှောင်ကုတ်နှင့်လှည့်ကြည့်ကာ...

"ဘာအကူအညီမှ မလိုပါဘူးကွာ .. ကားလည်း ဘာမှမဖြစ်ဘူး..၊ ကျုပ်တို့ စကားပြောနေကြတာ .."

"ဟာဗျာ .. မလိုရင်လည်း လာမေးပေးတဲ့အတွက် ကျေးဇူးတော့ တင်ရမှာပေါ့ .."

"ဟုတ်တယ် .. ခင်ဗျားအိတ်ကြီး တစ်ဆိတ်လောက် ဖွင့်ကြည့်ပါ စေ .."

"ဘာကွ!..."

ဦးသာယာ က ချိုင်းကြားညှပ်လာသည့် လက်ကိုင်အိတ်မည်းကြီး နောက်ထပ် ချိုင်းကြားထဲ ထပ်ထည့်လိုက်ပြီး ...

"မောင်ရင်တို့ လူရမ်းကားတွေလည်း ဟုတ်ပုံ မရပါဘူး .. ကိုယ့် လမ်း ကိုယ်သွားကြပါ ..၊ ကျုပ်က အိတ်ထဲမှာ ပိုက်ဆံများများထည့်ထား တတ်တဲ့အကျင့် မရှိဘူး .."

"ဟာ.. ဒါဆိုအပီပေါ့ ချက်လက်မှတ်တွေဘာတွေရှိမှာ သေချာပြီ"

"ပြောနေတာ ကြာပါတယ်ကွာ .. ဒီလို ယူလိုက်ရတယ် .."

"ဟေ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ဘာလုပ်တာလဲ .."

ဦးသာယာ ကမန်းကတန်း အိတ်ကို ပြန်ဆွဲလျှင် ဗိုက်ကို လက်သီး တစ်လုံး ပစ်ဝင်သွား၏။ ခြူ ကို တစ်ယောက်က လက်ပြန်ဖမ်းချုပ် ထားလိုက်ကာ ...

"ဟာ .. ချာတိတ်က အဆင်လေးပဲကွ .."

"ဟေ့ .. မင်းတို့ ငါ့သမီးကို ခု လွှတ်လိုက်စမ်း .."

"သမီး တွေ့လား .. ဟား .. ဟား .. ဟား .. မင်း လာကိုင်ကြည့် စမ်း .. နှမ္မတ်နေတာပဲကွာ .."

"ဟား .. ဟား .. ဟား ..."

ညနေ နေဝင်ဖျိုးဖျမှာ လူပြတ်လပ်သည့်လမ်းသွယ်ထဲမှာမို့ ဦးသာ ယာ တို့အတွက် ဘာအကူအညီမှ မရနိုင် ...၊

"တောက်.. ဟေ့ကောင်တွေ မင်းတို့ လိုချင်တာ ယူသွား .. လူကို မထိနဲ့ .."

"အိုခေ .. ဒါဆို ဒီမှာ ချက်လက်မှတ် တွေပြီ .. ရော့ လက်မှတ်ထိုး ပေးလိုက် .."

ဒီလိုသာဆို မတုတ်ကဟုတ်က လမ်းပေါ်က လူရမ်းကားတွေ သိန်းပေါင်းများစွာ ကြိုက်သလောက် ပိုင်ဆိုင်ခွင့်ရသွားတော့မှာ ဖြစ် သည်။ ဦးသာယာ ကြိတ်မနိုင်ခဲမရ ဖြစ်နေမိစဉ် လမ်းအတိုင်း မောင်းဝင် လာသည့် ကားတစ်စီးကို မြင်လိုက်၏။

"ခင်ဗျား လှမ်းအော်လိုက်မယ် မကြံနဲ့နော် .. ဒီကောင်မလေးကို ကျုပ် .. ကျုပ် .. အ!..."

"ကျွိ .."

"ဒုန်း .."

ခြူ ကို သိမ်းချုပ်ထားသူက ကားပေါ်ကလူတွေ မမြင်အောင် ကျောပေးပြီး ခြိမ်းခြောက်နေစဉ် နောက်တည့်တည့်ကို ဝင်လာသည်





ကားက သူ့ခြေဖနောင့်ထိ ဖိကြိတ်ပြီးမှ ရပ်လျှင် ...

"အား!... သေပြီ .. သေပါပြီ ..."

ခြူ ကို တွန်းပစ်လိုက်ကာ ကားရှေ့မှာ ဒလိမ့်ခေါက်ကွေး လဲသွား ၏။ ခြူ လည်း မသက်သာပေ..။

"ကဲ .. ခင်ဗျားတို့ လစ်လို့ရပြီ .."

ကားပေါ်ကဆင်းလာသည့် လူငယ်တွေကိုကြည့်ကာ လဲကျနေသူ ကို ထူ၍ ထွက်ပြေးသွားကြ၏။

"မင်း ဘာဖြစ်သွားသေးလဲ ခြူ .."

"အား .. ရ .. ရပါတယ် .."

ခြူ က သူ လာမထူခင် ကိုယ့်ဘာသာ အနိုင်နိုင် ထရပ်သည်..၊ စစ် နဲ့ နေစိုး တို့လူစုက ဘွန်းနက်ပေါ်မှာ ပွင့်လျက်သားရှိနေသည့် ချက်စာအုပ်နှင့် ဦးသာယာ တို့ကို ကြည့်၍ ...

"တော်တော် အကြံပက်စက်တဲ့ကောင်တွေ .."

"ခြူ ဘာဖြစ်သွားလဲ .. ရလား .."

ဒီလှိုင်း က မေးဆတ်မေးသည်။ တစ်ခါမှ နှုတ်မဆက်ခဲ့ဖူးပေမယ့် ကိုယ့်သူငယ်ချင်းက တခြူတည်း ခြူနေတော့လည်း ဆော်ဒါတွေဖြစ်မို့ ကမ်းလှမ်းရတော့သည်။

"ဒီကောင် တစ်နေ့လယ်လုံး မင်းကို ပတ်ရှာနေတာ .."

ဒီလှိုင်း စကားကြောင့် ခြူ့ မျက်နှာမှာ နွေးခနဲ ဖြစ်သွားသည် – ဒါပေမယ့် **သူတို့**တွေက မသိကြတာမို့ ...

"ဘာကိစ္စရှိလို့လဲ .."

စစ် ကို ကြည့်ပြီး တည့်တည့်ပဲ မေးလိုက်သည်။

"ဘာရယ်မဟုတ်ပါဘူး .. မနေ့ညနေက မင်းရဲ့ကြီးမေတို့နဲ့ ငါ့အိမ်ကလူတွေ ကွိုင်တက်တာ မင်း သိလား .."

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



ခြူ ပုံစံကြည့်တည်းက သေချာမသိသေးဘူးဆိုတာ နားလည်လိုက်သည်။ ဒါပေမယ့် ဘေးကလူကြီးကို တစ်ချက်ငဲ့ကြည့်၍ ...

"နောက်မှပဲ သေချာပြောပြမယ်ကွ .. ငါ စိုးရိမ်တာက မင်းအိမ်ကလူတွေ ပြောတဲ့စကားတွေနဲ့ ငါတို့ ခင်မင်ပျက်သွားမှာကိုပဲ .. လူကြီးတွေ ဘာဖြစ်ကြဖြစ်ကြ ငါတို့ မဆိုင်ဘူး .. အိုခေ .."

ခြူ က မျက်မှောင်လေး ကုတ်နေကာ ...

"ကြားတော့ ကြားလိုက်တယ် .. ကိုဇေ နဲ့ တစ်ယောက်ယောက် အပြင်က ပြဿနာဖြစ်လာတယ် ထင်တာ .."

ဒီလောက် လိုလိုလားလားရှိနေကြသည့် မိသားစုနဲ့ ပြဿနာ ကြီးမားခဲ့သည်လို့ နည်းနည်းလေးတောင်မှ မတွေးမိခဲ့ပါ ...၊

စစ် က ဘောင်းဘီထဲ လက်နှိုက်ရင်း ခဲလုံးလေးတစ်လုံးကို လွှဲကန်ပစ်လိုက်ပြီး ရယ်သည်။

"ဖြစ်တာမှ သေးသေးလေး မဟုတ်ဘူးကွ .. အကြီးကြီးပဲ ...၊ အဲဒါတွေ ညကျရင် အေးဆေးပြောမယ်ကွာ .."

"ဘယ်လို!..."

"ဖုန်းပြောမယ်လေ .. ရော့ .."

သူတို့အားလုံး ဦးသာယာ ကို ငဲ့ကြည့်ဖော်တော့ရပြီး အခြေအနေလည်း မမေး .. ဘယ်သူဆိုတာလည်း မစပ်စု ...၊

စစ် က ခြူ လက်ထဲကို ဖုန်းတစ်လုံး ထည့်ပေးကာ ...

"မင်းအိမ်ကလူတွေကြောင့် မေမေက တော်တော်တင်းနေတာ.. အဲဒီက ဘယ်သူနဲ့မှ မပတ်သက်ရဘူးတဲ့ ...၊ မင်းအိမ်ကလည်း ဒီတိုင်းပဲနေမှာ .. နောက်ပိုင်း ငါတို့ ဆက်သွယ်လို့ရအောင် ယူထား .."

"ကျွန်တော် .."

"ယူလိုက်ပါ ခြူ ရာ .. မင်းကို အဲဒါပေးဖို့အတွက် ငါတို့လည်း တစ်ချက်မှ မနားရဘူး .."





"ဟုတ်တယ် .. ယော့ကောင် ယူလိုက် .. နောက်ထပ် ငါတို့ မြို့ တစ်ပတ် ထပ်ပတ်နေရလိမ့်မယ် .. ကျေးဇူးပြုပြီး ယူလိုက်ပါ .."

နေစိုး ကပါ ဝင်ပြောသည် ...၊ မာန်ရဲ ကတော့ ဘာမှမပြောဘဲ ပွဲပြီးသွားပြီမို့ စိတ်အေးသွားတာမျိုး ...၊ ကားထဲ ပြန်ဝင်ပြီး လမ်းဘေးမှာ သေချာ ပါကင်ထိုးသည်။

လူစုကွဲသွားအောင် ဖြစ်သလို ထိုးဝင်ပစ်လိုက်သည့် ကားဦးက ပလက်ဖောင်းအမြင့်သာဆို မတွေးရဲစရာ ...၊ ကားက နေစိုး ကား ဖြစ်ကာ ဒီနေ့ကျမှ ကိုယ့်လက်နဲ့ကိုယ်တောင် မမောင်းခဲ့ဖူးသည့် စစ် က ဝင်မောင်းခဲ့သည်။ ကားပေါ်က ပြန်ဆင်းကာ ရှေ့ဘန်ဘာတွေ ဘာတွေ သေချာငုံ့ကြည့်မိတော့ တော်သေးသည်၊ ဘာမှမဖြစ် ...၊

"မင်း အခု ပြန်မှာလား ...၊ ငါတို့နဲ့ လိုက်ခဲ့လေ .."

ဦးသာယာ ကို လှည့်တော့ကြည့်ပေမယ့် သက်ဆိုင်သည်လို့ ထင်ပုံမပေါ် ...၊ ခြူ ကို ပြောပြီးမှ အားနာသွားသလို လှည့်ကြည့်၍ ...

"အန်ကယ်လ်က ခြူ နဲ့ မိတ်ဆွေထင်တယ် .. ကားပျက်လို့လား"

ခုကျမှ မေးဖော်ရပေမယ့် ဦးသာယာ က ကျေးဇူးတင်သည့်အပြုံးနှင့် ...

"မပျက်ပါဘူးကွယ် .. အန်ကယ်လ်က ခြူ ရဲ့ ..."

"ဘကြီးက သူဌေးပါ .."

ခြူ က ကမန်းကတန်း ဝင်ဖြေကာ ...

"ကျွန်တော့်ကို သူဌေးက အလုပ်ကိစ္စနဲ့ ခိုင်းစရာရှိလို့ ဒီမှာ ကားရပ်ပြီး ဆင်းလိုက်တာပါ .. အဲဒါ ဟိုလူတွေက ကားပျက်နေသလား ဘာညာနဲ့ ရောက်လာပြီး စားပြဲတိုက်နေတာ .."

"မိုးတောင်မချုပ်သေးဘူး လမ်းလယ်ခေါင်မှာ စားပြဲတိုက်ရတယ်လို့ .."

နေစိုး က ရယ်ဟာဟာနှင့် ခေါင်းခါနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလှိုင်း ကတော့ ဦးသာယာ နား တိုးသွားကာ ...

"ဘာပါသွားသေးလဲ .. အန်ကယ်လ့်ကို ဒီကောင်တွေ ထိုးသွားတယ်မို့လား .."

ဦးသာယာ က ခေါင်းညိတ်ပြ၍ ဗိုက်ကိုပွတ်၍ ...

"တစ်ချက်ထိသွားတယ် .. ဘာမှမဖြစ်ပါဘူး .. အန်ကယ်လ့် သ.. အဲ .."

သမီးလို့ ပါးစပ်က ထွက်တော့မလို ဖြစ်သွားပြီးမှ ...

"ခြူ အနာတရမဖြစ်တာပဲ ဝမ်းသာပါတယ်၊ ငါတို့ကို ကျေးဇူးတင်ပါတယ်ကွယ် .. မင်းတို့ ကူညီလို့ ဘာမှလည်း ပါမသွားဘူး.. လူတွေလည်း သက်သာသွားတယ် .. ဒါနဲ့ ဒီက ငါတူက ခြူ နဲ့ မိတ်ဆွေတွေလား .."

"ဟုတ်ပါတယ် အန်ကယ်လ် .. ကျွန်တော်တို့အုပ်စုအတွက် ဘော်ဒါအသစ်ပေါ့ .. ခြူ က မကြာသေးခင်ကမှ စစ် နဲ့ ခင်သွားတာလေ ...၊ ကျွန်တော်တို့က စစ် နဲ့ပတ်သက်ပြီးမှ သိကြတာ .."

ဒီလှိုင်း က ဒိုင်ခံ ရှင်းပြနေကာ ...

"ခြူ .. ဒါဆို မင်း ငါတို့နဲ့ လိုက်ခဲ့ပါလား .."

စစ် က ခေါ်နေမှန်း သိသည်..၊ ခြူ မလိုက်ဘူးဆိုတာလည်း တွေးမိပေမယ့် ကိုယ့်အုပ်စုက မျက်နှာစိမ်းနေလို့များလားလို့ တစ်မျိုးတွေးပြီး ဒီလှိုင်း က ရင်းနှီးပြီးသားဟန်နှင့် ခေါ်၏။ ခြူ က ခေါင်းခါပါ၏။

"ရတယ် .. သူငွေးနဲ့ အလုပ်ကိစ္စ ပြောဖို့ရှိသေးလို့ပါ .. မလိုက်တော့ဘူး"

"ဒါဆိုလည်း တစ်နေရာရာ သွားပါလားကွ .."

စစ် က အမိန့်ဆန်ဆန်ပြောပြီးမှ ဦးသာယာ စိုက်ကြည့်နေတာကို သတိထားမိသွားပြီး ...

"ဒီနားမှာဆိုရင် အန္တရာယ် ထပ်ဖြစ်မှာစိုးလို့ပါ .."





ခြူ နဲ့ ပိုရင်းနှီးသည်ဆိုသော စစ် ကိုပဲ ဦးသာယာ က အကဲခတ်နေကာ ...

"ဒါနဲ့ နောင် ကြုံတဲ့အခါ ကျေးဇူးဆပ်ချင်လို့ မောင်ရင်တို့နဲ့ ကျုပ်ကို မိတ်ဆက်ထားမှ ထင်တယ် .."

အားလုံးက သူတို့နာမည်တွေကို ပြောပြနေကာ စစ် က ခြူ့ ဘေးမှာ ပခုံးချင်းကပ်ထိပြီး ငုံ့နေကာ ဖုန်းနှစ်လုံးပူး၍ ဘာတွေကူးချ ပွားများနေသည် မသိ ...၊

"သူကတော့ ခြူ နဲ့ အရင်းနှီးဆုံး အန်ကယ်လ် .. နာမည်ကတော့ စစ်သည်ကောင်း တဲ့ .."

ဦးသာယာ က သူ ထပ်သိချင်တာတွေကို ဒီလှိုင်း တို့ဆီမှာပဲ စပ်စုလိုက်ကာ အားလုံးကို ခင်ခင်မင်မင် နှုတ်ဆက်လိုက်သည်။

သူတို့ ထွက်သွားကြကာမှ ...

"ဒီကောင်လေးက ငှ ရဲ့သမီးနဲ့ စေ့စပ်တဲ့ ကောင်လေးလား .."

"ဟုတ်တယ် ဘဘ .."

ခြူ က ဒါကို ပြောပြချင်ပုံ မပေါ် ...၊

ဒီအိမ်အကြောင်း ပါလာရင် တူဝရီးနှစ်ယောက် မပြေလည်တာတွေပဲ ပြောရတော့မှာမို့ ဒီတိုင်း လမ်းခွဲနိုင်အောင် ကြိုးစားခဲ့၏၊

ဦးသာယာ က ကားမောင်းထွက်ခဲ့ရင်း ခေါင်းတရမ်းရမ်းနှင့် သက်ပြင်းချ၏။

တော်တော်ခေါင်းမာတဲ့ မိန်းကလေး ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"မောင်နှမတွေ ထင်ပြောလိုက်ကြတာ နင်တို့ပြောတဲ့စကားတွေ သူများရဲ့ချက်ကောင်းကို မထိဘဲ ကိုယ့်ရဲ့သေကွင်းသေကွက်တွေကို ရန်သူ့စစ်ကွင်းထဲ လှည့်ပေးလိုက်သလိုပဲဆိုတာ နားလည်ရဲ့လား .."

"သေကွင်းသေကွက် ထိလည်း ထိပေ့စေ မေမေရာ .. အဲ့ဒီ ဒေါက်တာမင်းကောင်းမျှူး ကို မုန်းခဲ့မိတဲ့အမုန်းက ကွယ်သွားရင် မေ့နေပေမယ့် မြင်နေရတိုင်း အရေပြားပေါ်မှာ ထင်ကျန်ခဲ့တဲ့ အမာရွတ် တစ်ခုလို ဘယ်တော့မှ ကျေနပ် ပျောက်ပျက်သွားမှာ မဟုတ်ဘူး .."

"ကြည့်စမ်း ဖေ .. မင်း ပြောနေရင်းနဲ့ကို နားမလည်ပါလား ..၊ ဟိုက သူ့အလုပ် သူလုပ်တာ .. မင်းကသာ ကိုယ့်ဂုဏ်ကို ဖော်ပြပြီး မိဘ မိသားစုမျက်နှာကို အိုးမည်းသုတ်တာ .."

"ဟုတ်တယ် ကိုကို့ကြောင့် .."

"ဘာဟ!..."

ပိတောက် ကလည်း မကျေနပ်သံနှင့် ဝင်ပါလာ၏။ မိသားစု စုံနေသည့်အဖြစ်က ရှားပါးလွန်းသဖြင့် ဘာတွေဖြစ်နေကြတာလဲဆိုတာ နားစွင့်ရင်း ဦးချစ်လွင် အပြင်ကို ထွက်လာခဲ့သည်။





ဒေါ်ငုဝါသင်း ကလည်း ဦးချစ်လွင် ကို မြင်လိုက်သည်နှင့် ကိုယ့် ဘက်က ဈာဖော်လောင်ဖက် ပြောဆိုပေးမည့်သူ မဟုတ်မှန်း သိလိုက် သည်။ စိတ်ရှုပ်ထွေးခြင်းကြီးစွာဖြင့် မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့သွားကာ—

"နင်တို့ကို ဆုံးမရမလားလို့ လူစုံတုန်း ဒါကိုပြန်စမိတာ .. ခုမှ ပဒုအုံကို တုတ်နဲ့ထိုးမိသလို ဖြစ်တော့တယ် ..၊ မအေကို နည်းနည်း လောက်များ လေးစားကြပါဦးလား ဟင် .."

"မေမေ့ကို လေးစားနေလို့ပေါ့ .. မဟုတ်ရင် အဲဒီဆရာဝန်ကို ကုပ်ကနေ ဆွဲထုတ်သွားတယ် .."

"ဒီအဆင်နဲ့ ဒီအဆင် ကြားကောင်းအောင်လည်း ပြောပါ ကိုကို ရယ်.. မျက်နှာချင်းဆိုင် စကားပြောမိရင် မော့မကြည့်ရရင် ကံကောင်း.."

ဖေ က မင်းကောင်းမျှူး အရပ်ကို မမီပါ ..၊ ထို့ကြောင့် ပိတောက် ပြောလိုက်သည့်စကားကို ယမ်းပုံမီးကျ ဖြစ်သွား၏။

"နင်က ငါ့ကို ငြိုးချက်နဲ့ တွယ်နေသလား ပိတောက် .. နင့်မှာ ရော အပြစ်မရှိလို့လား .."

"ရှိရှိလေ .. ကိုကို့ကိစ္စ မပေါ်ရင် ဟိုကလည်း ပြောမှာမဟုတ် ဘူး ..၊ သူက ပိတောက် ကို အစတည်းက သိနေတာ .. ဒါ၊ အရေးမကြီး တဲ့ ပြဿနာဆိုတာ သိထားလို့ မပြောဘဲ နေတာပေါ့ .. မိုက်ကြီးတာက ပိတောက် မဟုတ်ဘူး .. ဖျက်ချမှာကလည်း .."

"ဟဲ့.. တော်ကြစမ်း.. အောင်မယ်လေး ရှက်ဖို့ကောင်းလိုက်တာ—"

ဒေါ်ငုဝါသင်း မျက်ရည်ဝဲလောက်အောင် ခံစားရတာ ဒီတစ်ခါပဲ ရှိသည်။ သူမရဲ့မျှော်လင့်ချက်တွေက ကင်ဆာအမြစ်တွယ်သလို လူသေ သူမသိ ပွားများနိုင်မာနေတာ အားလုံး အိုခေနေခဲ့သည်။

ဒေါ်ယဉ်လှဲ့ တို့ဘက်က သားတစ်ယောက်ကိုသာ ရလိုက်လျှင် သူ့ဘက်က သားသမီးတွေနဲ့ ဒီဘက်က ကလေးတွေ နောက်ထပ်မျှတ် ဆက်ငြိတွယ်ကြဖို့က နီးနီးလေး ..၊



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို သူချစ်ကိုယ်ချစ် မိဘချစ်နဲ့ စည်းစိမ်ဥစ္စာ၊ ပညာ၊ စာရိတ္တ အားလုံး ပြည့်စုံပါပြီ ..၊ ခုတော့ ...

"မပြောကြနဲ့တော့ .. ငါ့စိတ်ကူးတွေ ငါ့မျှော်လင့်ချက်တွေ ဘာမှ ဖြစ်မလာတော့ဘူး .."

"မေမေရယ် လူကြီးချင်း တင်းနေကြပေမယ့် စစ် ကဖြင့် မနက်ကတောင် လာသွားသေးတယ် .."

မှုံ က ဒေါ်ငုဝါသင်း စိတ်သက်သာအောင် လေပြည်ထိုးပေမယ့်...

"ဘယ်သူ့ဆီကို လာတာလဲ .."

ထပ်မေးလိုက်တော့ ရုတ်တရက် ဆွံ့အသွား၏။ ပြီးမှ ...

"ပိတောက် နဲ့ ခြံထဲမှာတောင် စကားပြောကြသေးတယ် .. ပိတောက် ဟုတ်တယ်မို့လား .. နင်ပဲ အိုခေပါတယ် ဆို .."

ပိတောက် ကို ပခုံးချင်းတိုက်လိုက်တော့ ပိတောက် ရဲ့ မကျေမနပ် မျက်စောင်းက ဇေ့ ထံ ဝဲပျံသွား၏။ ပြီးမှ ...

"စစ် က သဘောကောင်းတာပဲဟာ ရယ်ရယ်မောမော ပြောဆိုသွားတိုင်း အိုခေပြီလို့တော့ ဘယ်ပြောနိုင်မလဲ .."

ဇေ က နှုတ်ခမ်းကို ကြည့်ရဆိုးအောင်မဲ့ပြီး အိမ်ပေါ်တက်သွား၏။

"မေမေ့သားက အိမ်ကို ဒုက္ခမပေးဘူး .. သူ့ဝင်ငွေ သူရှာတာ .. သူ့အလုပ်နဲ့သူဆိုပြီး ဖြစ်လိုက်ရင် တကယ့်အကြီးကြီးပဲ ..၊ တော်ကြာ ဆေးမှုနဲ့ .. တော်ကြာ လောင်းကစားဝိုင်းမှာ .. မကောင်းတဲ့မိန်းမတွေနဲ့ ဆိုရင်လည်း သူပဲ .."

"လာပြန်ပြီလား ပိတောက် .. ညည်းတို့ ကိုယ့်ပေါင်ကိုယ်လှန် ထောင်းရတာ တော်တော် ဝါသနာကြီးကြသလား .."

"အခု သူ့ကြောင့်ပဲဟာ .."

"ဒါတော့ မပြောနဲ့ ပိတောက် .. နင်လည်း ဒေါက်တာ ကြည်လှိုင် ကို နင်တွေ ငါတွေနဲ့ လက်ညှိုးငေါက်ငေါက်ထိုးပြီးတော့ .."





"နေစမ်းပါဦး .. အဲဒီလိုတွေဖြစ်ကြရအောင် မင်းက ဘာလုပ်နေလို့လဲ ငု .."

တိတ်ဆိတ်စွာ နားထောင်နေပြီးမှ ဦးချစ်လွင် က ဝင်မေး၏။ ဒေါ်ငုဝါသင်း ထိုအခါကျမှ ပိုငိုချင်သွားကာ ...

"ရှင် ခုမှ အစကနေ ပြန်မေးရလား ကိုချစ် ရယ် .. သားသမီးတွေရဲ့ အမေဆိုပြီး ကျွန်မကို ဘာတွေ ထပ်အပြစ်တင်ချင်သေးလို့လဲ .."

"ငါ အပြစ်တင်သမျှကိုသာ မင်း တကယ်နားတတ်ခဲ့ရင် ဒီလို အဖြစ်တွေ ဖြစ်လာမှာ မဟုတ်ဘူး ငု .. ခုကျမှ အပြစ်တင်သံကို နားခါးနေတာလား .."

ဒေါ်ငုဝါသင်း မျက်ရည်ဝဲနေတာကို မျက်နှာမော့၍ အားတင်း သိမ်းဆည်းလိုက်ကာ ...

"မခါးပါဘူး ပြောပါ .. ကျွန်မ မျက်ရည်ကျတတ်ပေမယ့် ကြောက်တော့ မကြောက်တတ်ဘူး .."

"ဒါဆို မင်းက ဘာဆက်လုပ်ချင်တာလဲ .."

"အဲဒါက ..."

ဆက်ပြောမည်ပြင်ပြီးမှ ဒေါ်ငုဝါသင်း က ပိတောက် ကို လှမ်းကြည့်၍ ...

"စစ် လာတုန်းက သူ့စကားက ဘယ်လိုအခြေအနေလဲ .."

"ဘယ်လိုအခြေအနေမှ မဟုတ်ဘူး .."

"ငါ့ကို ရှင်းရှင်းပြောစမ်း ပိတောက် .. ဒီအခြေအနေမှ အရှက်သိက္ခာတွေ ထိန်းမနေနဲ့ .. သူက ညည်းဆီကို လာတာလား .. လူကြီးချင်း ဘာဖြစ်ဖြစ် သူက ရှေ့ဆက်ချင်တာမျိုးလား .. ဒါမှမဟုတ် —"

မပြောချင်ပေမယ့် ဒါက အရေးကြီးတာမို့ မပြောလို့လည်း မဖြစ်— ဒေါ်ငုဝါသင်း နှုတ်ခမ်းခပ်ဖိဖိနှင့် တင်းခနဲ ဖြစ်သွား၏။ ပြီးမှ —

"ခြူ့ ဆီကို လာတာလား .."



www.burmeseclassic.com

www.burmeseclassic.com



"ခြူ့ ဆီကို လွှာတယ်လို့တော့ မပြောပါဘူး .. ဒါပေမယ့် သူ့ကိုပဲ လိုက်ရှာနေတာ သိသာတယ် .."

"ခြူ့ အလုပ်သွားတယ်မှန်း မသိလို့လား သူက .."

"သူလာတာ ခြူ မသွားသေးဘူး .."

တမင် မသွားခင် လာတာလား ..၊ အဲဆိုရင်တော့ ဒီကောင်လေး ပေါက်ကျားချင်းလို့ ထင်ပြီး ရိုးရိုးခင်နေတာ မဖြစ်နိုင် ..၊

"တောက်!..."

ရှက်၍ နာကြည်းသည့်တက်ခေါက်သံက တက်ခေါက်လိုက်တာ နဲ့တောင် မတူ ..၊

"သင်းက ငါ့အိမ်မှာ လာကပ်နေကာမှ ကောင်းစားသွားဦးမှာ ပေါ့..၊ ဟွန်း .."

မိန်းမ အခြေအနေကို အကဲခတ်မိလိုက်ကာ ဦးချစ်လွင် ခြူ့ အတွက် စိတ်ပူသွား၏။

"အားလုံးက ကံစီမံရာပဲ ၄ .. ဘယ်သူ့ကို ကောင်းစားစေ - ဘယ်သူ နိမ့်ကျစေဆိုပြီး ကံကြမ္မာကို မင်းလက်နဲ့ အကွက်ရွှေ့ချင်လို့ မရဘူး ..၊ ခြူ့ ကို မဥပဒ်ပါနဲ့ .."

"ခြူ ဖြစ်ဖြစ် .. ဘယ်သူဖြစ်ဖြစ် ကျွန်မ ဂရုမပါ .. ကိုချစ် ဒီ လောက်ထိ ကိုယ့်မိန်းမကို ချိုးမြှင့်မြှောက်စားနေတာတွေ တော်ပါတော့-"

သားသမီးတွေအတွက် အရှုံးက ရင်နဲ့မဆံ့အောင် ခါးသီးနေကာ ဒေါ်ငုဝါသင်း ဆင်ခြင်နိုင်စွမ်း မဲ့သွား၏။ ဒေါ်သသံသည် ယုတ်လျော့ အားနည်းကာ ငိုသံပါနေလျက် အမြဲတမ်း ရိုသေလေးစားစွာ ဆက်ဆံ နာခံတော့မည်လို့ ဦးစားပေးနေရာမှာ ထားခဲ့ပြီးသည့် ဦးချစ်လွင် ဆိုတာ ကိုလည်း မေ့၏။

"ကျွန်မနဲ့ သွေးသားတော်တဲ့မိန်းကလေးကို ကျွန်မဘာသာ အခြ က ဖွဲ့ဖွဲ့ .. လည်မျိုပဲ လှီးလှီး ကျွန်မစိတ်ကြိုက် လုပ်မယ် ..၊ သွား -





ဒီကောင်မ အလုပ်က ပြန်လာနေပြီ .. သွားခေါ်ထုတ်ခဲ့စမ်း .."

"ဟင်!..."

ညီအစ်မနှစ်ယောက်စလုံး ဒေါ်ငုဝါသင်း ကို ကြောင်တောင်တောင် ကြည့်ကြ၏။ ဖအေကို သတိရလို့ မော့ကြည့်လိုက်တော့ ဦးချစ်လွင် ကျောခိုင်းသွားပါပြီ ..။

"ဘာကြည့်ကြတာလဲ ..၊ သွားခေါ်စမ်း .. ခု .."

မှုံ က သတိဝင်လာကာ သွက်လက်စွာ ထသွား၏။ ဒေါ်သတွေ သိပ်ချုပ်တီးရပါများကာ ကိုယ့်လက်ချောင်းတွေကို တင်းတင်းပြန် ထားမိကာ ဒေါ်ငုဝါသင်း ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိ၏။

"မေမေ့ဆီကို သွားလိုက် .."

မှုံ့ နောက်ကနေ ဘာမှနားမလည်သေးဘဲ ပါလာခဲ့သည့် ခြူ က သွန်ပြကာမှ ဒေါ်ငုဝါသင်း ဆီ လျှောက်သွားခဲ့၏။

မိန်းမ ..၊ ဒီလောက်ထိ တတ်ပဲတတ်နိုင်လွန်းတဲ့ အုံ့ပုန်းမ ..၊

မျက်နှာရှေ့ကို ရောက်လာသည်နှင့် ပါးကို လွှဲရိုက်ပစ်လိုက်တာ ခန်းခန် ..၊

သားသမီးတွေကို မနိုင်နင်းသမျှ ..၊ ဆုံးရှုံးနာကျင်ရသမျှဟာ တစ်ချက်ရိုက်ပစ်ပြီးတာတောင် မကျေနပ်နိုင် ..၊

"ငါ .. တယ် .."

နောက်ထပ် လက်ပြန်တစ်ချက် ထပ်ရွယ်လိုက်ပြီးမှ ...

"တောက်!..."

လက်ကို ဆောင့်ခနဲ ပြန်ချကာ ...

"နင်က စစ်သည်ကောင်း ကို အပိုင်ဖမ်းနေတယ် ဟုတ်လား .. စံနဲ့ အိမ်မှာ ကုပ်ချောင်းချောင်းလေးနေပြီး အပြင်မှာ ကြိုက်သလို သာတွေသုံးပြီး စည်းရုံးကောင်းနေတယ်ပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ကြီးမေ .."

"တော် .. တိတ် ..."

ရဲညိုသွားသည့် ပါးတစ်ဖက်သည် လနဲ့ချို၍ သွေးခြည်ဥ ကျန်ရစ် နိုင်ပေမယ့် ဒဏ်ရာက နာတာထက် ဘယ်လိုမှ မယုံနိုင်ခြင်းဖြင့် ..

"မဟုတ်ဘူး .. ကြီးမေ ကျွန်တော့်ကို ဘာဖြစ်လို့ ရိုက်တာလဲ .. ကျွန်တော် အပြစ်လုပ်ထားရင် ..."

"ကောင်မ တိတ်စမ်း ..၊ မတိတ်ဘူးလား .. ဒီပါးစပ် .."

လူကို ဆောင့်ခါပစ်တာရော.. နှုတ်ခမ်းကို လိမ်ဆွဲမတတ် ဖိတွန်း ခံလိုက်ရတာပါ ရောကာ ခြူ မျက်နှာတစ်ခြမ်းလုံးကို လက်ခုံနဲ့ ကပ် ကွယ်၍ နောက်ထပ်ဆုတ်၏။

ကြည့်လိုက်တော့ ပိတောက် တို့က လက်တွေပိုက်၍ အားရ ကျေနပ်နေကြသည့်မျက်နှာတွေနှင့် ...

"အသိသာကြီးပဲ ခြူ .. နှင်နဲ့ စစ် ရဲ့ ဆက်ဆံရေးက တစ်နေ့တခြား တိုးတက်နှုန်း မြန်လာလိုက်တာ .. ဘယ်ယောကျ်ားလေးက ယောကျ်ား ချင်းနောက် တကောက်ကောက် လိုက်နေမှာလဲ .."

"ဟွန်း .. ရည်းစားထားချင်လည်း ရုပ်လက်တို လက်ရှည်တွေ ဂျာကင်တွေ အပိုလုပ်ပြီး ဘာလို့ဝတ်နေသလဲ ..၊ ထဘီစကတ်တွေ ဝတ် လိုက်လေ .. ဟိုမရောက်ဒီမရောက်ပုံမျိုးနဲ့ နင့်ကို ဘယ်သူက အတည်ကြံ မှာလဲ ..၊ ဒီလိုပုံမျိုးဆိုရင် လမ်းဘေးမှာ လဲနေတဲ့ အရက်သမားကအစ အချောင်ရမှာပဲ ထင်ပြီး ထလိုက်လာမှာ .."

"အလိုလိုကမှ လူက အခြေအမြစ်မရှိ ကလေကချေဘဝနဲ့ .. ဒီမှာ ခြူ .. နင့်ရဲ့ ခြူဆည်းလည်း ဆိုတဲ့ဘဝ ..၊ နှင်းခဲလေး ဆိုတာတွေရော အားလုံးကို မေ့လိုက်တော့ .. နင့်ကို ဘဘက အပြီးအပိုင် နှင်ထုတ်လိုက် တာ .."

"ဟော့ စကားတွေ ရှည်မနေကြနဲ့ .."





ဒေါ်ငုဝါသင်း က အားလုံးကို တားဆီး၍ ...

"ညည်းက သနားစရာမကောင်းတဲ့ မိန်းမ .. အရိပ်နေ အခေါ်ချိုး 'မစင်လည်း စားသေး၊ (....)လည်း ဟောင်သေး' ဆိုတဲ့ ခွေးလိုမျိုး .."

"ကြီးမေ ကျွန်တော့်ကို အဲလိုမပြောပါနဲ့ .. ကျွန်တော့်ဘဝ ဘာ ဖြစ်နေနေ အဲဒီလို ဘယ်တော့မှ အောက်တန်းမကျဘူး .. ကျွန်တော်သာ မကဘူး ကျွန်တော့်ဘကြီး ဆွေတော်မျိုးတော်တွေထဲမှာလည်း အဲလိုလူ မပါဘူး .."

"ဩော် .. ငါပဲ ပါတယ်ပေါ့ .."

"ကြီးမေကို မပြောပါဘူး.. ကြီးမေကလည်း ကျွန်တော့်ကို ဆွေ မျိုးလို့ ထည့်မတွက်တော့ဘူးမို့လား .."

"သိပ်မှန်တာပေါ့ .. ညည်းက ငါ့သဘောကို သိချင်လို့ အိမ်ပေါ် ပြန်တက်လာတယ်ဆိုတော့ အခု သိပြီထင်တယ် .."

"သိပါပြီ .."

"ဒါဆို ခုချက်ချင်း ဆင်းသွားလိုက်စမ်း .."

ခြူ ရင်ထဲမှာ နာကျင်သွားသည်။ 'အထုံအကျင် ဖွဲ့နေပါစေ' လို့ ဒီရင်ဘတ်ကို အကြိမ်ကြိမ် ဆုတောင်းခဲ့မိသည်။ ဒါပေမယ့် တကယ် ခံစားလာရတော့ သစ်စိမ်းချိုး အချိုးခံရသလိုလား ..၊ ဒါမှမဟုတ် — ဒဏ်ရာပေါ်မှာ ဆူးချွန်နဲ့ ထပ်ဆင့် ထိုးဆွခံနေရတာနဲ့ တူနေသလား —

မကြားဝံ့မနာသာ စကားတို့ကို ကြားလည်း ကြား .. မြင်နေရခြင်း ကိုလည်း မျက်ကွယ်ပြုလို့ မရခဲ့ဘဲ ...

"ကျေးဇူးတင်ပါတယ် ကြီးမေ .."

အားတင်းပြောလိုက်ပေမယ့် မျက်ရည်တွေ ဝေ့ခနဲ ပြည့်တက်လာ ကြ၏။

"ကြီးမေကသာ ကြည့်ဖြူနေရင် အားလုံး ဘယ်လိုပဲနေကြပါ စေ ကျွန်တော် သည်းခံနေနိုင်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"အံမာ .. သူကများ စော်ကားခံနေရတယ်ပေါ့ .."

အနားကို ရောက်လာသည့် မှုံ ကို ခြူ က စောင်း၍ပင် မကြည့်

"ကျွန်တော် ဝဋ်ကြွေးရှိလို့ ဒီမှာ လာပေးဆပ်ရတယ်လို့ပဲ မှတ်ပါ မယ် .."

"စကားလုံး အကြီးကြီးတွေ ပြောမနေနဲ့ ဟဲ့ဟာမ.. သွားဆို သွား လေ .. နားကြားပြင်းကပ်လိုက်တာ .."

ပိတောက် က ရှုံ့စရာတစ်ခုကို ကြည့်နေရသလို မဲ့ရွဲ့နေ၏။

"နေဦး .."

ခြူ က လှည့်ထွက်သွားလျှင် မှုံ က ပြန်ဆွဲထားကာ ...

"နင် ခုနကိုင်နေတာ ဘာလဲ ..၊ အမှတ်တမဲ့နဲ့ သတိထားမကြည့် ခဲ့ဘူး .."

ခြူ က ရပ်နေပြီး ဘာမှမပြောလျှင် မှုံ က ခြူ့ အင်္ကျီအိတ်တွေ ခပ်ကြမ်းကြမ်း ဆွဲလှဲ ဖိစမ်းကာ ...

"ဖုန်း .. ဒီမှာ .."

"ဟင် .. ဘာ!..."

ပိတောက် ဝုန်းခနဲ နန်ထလာသည်။ ခြူ့ ဘေးမှာ သားအမိသုံး ယောက် ဝိုင်းထားမိကာ ...

"ကြည့်စမ်း .. နုပ်သရီး တော် .."

ခြောက်သိန်းလောက်တန်သည့် ဟန်းဆက်အဖြူရောင်လေး ရွှေနားဘောင်လေးနှင့် ဖိတ်ဖိတ်လက်နေ၏။ သားအမိတွေ ဖုန်းကို ပြူးပြဲကြည့်နေကြပြီး ရုတ်တရက် ကြက်သေသေနေကြ၏။

ထိုစဉ် ပိတောက် က တက်ခေါက်ကာ ...

"ဒီလောက်ထိ မြူးမြူးကြွက်သုံးစွဲခွင့်ရနေအောင် လည်လှချေလား ငလိမ်မ .. ကဲဟယ် .."

ရိုက်ချက်က အားပြင်းစွာ ကျသွားခဲ့၏။ ဒီတစ်ခါ ခြူ ပုံခနဲ ရွေ





သွားကာ အကျမတော်ဘဲ စားပွဲစွန်းနှင့် ခေါင်းနဲ့ မိတ်ဆက်သွား၏။ ကြိုးခွေကဲ့သို့ ပုံကျသွားပြီးနောက်မှာ ခြူ လုံးဝ ခေါင်းထူမလာတော့ပေ။

"ဘာတွေဖြစ်ကုန်ပြီလဲ ..၊ နင်တို့ ဒီကောင်မလေးကို အသေရိုက် သတ်ကြမလို့လား .."

ဦးချစ်လွင် ဒေါသတွေ မဖြစ်စဖူး အသံတွေပါ တုန်ခါနေခဲ့၏။ ခြူ့ ဆီကို ကမန်းကတန်း ဝင်သွားကာ ပွေ့ထူလိုက်တော့ နဖူးထောင့် ဆံစတွေထဲမှာ သွေးစတချို့နှင့် ခြူ က သတိလစ် မေ့မြောနေပြီဖြစ်၏။

"နင်!... နင်တို့ တော်တော်ရိုင်းစိုင်းကြတဲ့ မိန်းကလေးတွေပါ လား ..၊ မင်း ..."

ဇနီးသည်ကိုပါ မော့ကြည့်၍ တစ်ခုခုပြောမည် ပြင်လျှင် ...

"မေမေကြီး အပြင်မှာ ဧည့်သည်တွေ အများကြီးပဲ ရောက်နေကြ တယ် .."

ကဲကဲ က အရေးတကြီးပုံစံနှင့် ဧည့်ခန်းဝမှာ ပေါ်လာပြီးပြောကာ..

"ဟိုလေ .. ကို .. ကိုစစ်သည်ကောင်း တို့ တစ်အိမ်လုံး .."

"ဘာ!..."

"ဘာပြောတယ် .."

ဧည့်ခန်း ဒီနေရာလေးမှာ အလှရှူးကော်စင်မြင့်ကြီးတစ်နေပဲ ခြား နေကာ အထပ်စင်တွေပေါ်မှာသာ ရုပ်တုတွေ အလှပန်းတွေ ပြည့်ကျပ် မနေခဲ့လျှင် တံခါးဝက ရပ်လိုက်တာနှင့် ဧည့်ခန်းကို တန်းမြင်သွားမှာ ပင် ..။

အားလုံး ဘယ်လိုမှ မထင်မှတ်ခဲ့ဘဲ ခြေမကိုင်မိ လက်မကိုင်မိတွေ ဖြစ်ကုန်ကြ၏။

"သူ .. သူတို့ ဘာလာလုပ်ကြတာလဲ .."

"မေမေ့ကို ဖုန်းဆက်ထားသေးလား .."

"ငါ့ဆီ ဖုန်းဆက်ရင် ငါ ဒီလိုနေမလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်လွင် ကတော့ ဘယ်အရေးကိုမှ စိတ်မဝင်စားတော့ဘဲ အလုပ်သမားတွေ အကူအညီနှင့် ခြူ ကို အိမ်ထဲ ပွေ့ခေါ်သွားလေသည်။

တစ်ရန်ရှင်းသွားပြီလို့ တွက်ကာ ကိုယ့်ခင်ပွန်းက ဒီလိုကျတော့လည်း အားကိုးရသားလို့ တွေးမိပြီး ကျေနပ်သွားခဲ့၏။

"ကဲကဲ .. လာစမ်း .. နင် ထွက်မလာခဲ့နဲ့တော့ .. အဲဒီကောင်မ သတိရတာနဲ့ အထုပ်အပိုးတွေ ပြင်ပေးလိုက် .. ညှော်သည်တွေ မမြင်အောင် နောက်ပေါက်က တံခါးဖွင့်လွှတ်လိုက် .. ကြားလား .."

ဒါကိုလည်း မမေ့မလျော့ မှာ၏။ ပိတောက် တို့ ညီအစ်မကတော့ ပြေးလွှားပြင်ဆင်ချိန်လည်း မရတော့သဖြင့် ရှိသမျှ မှိုးကော့စ်မှန်ချပ်တွေမှာ ပြေးလွှားလှည့်ပတ်ကြည့်၍ ရှေ့ကဆွဲချ နောက်လှည့်ဆွဲတင်နှင့် –

"မအေးသိန်း တံခါးသွားဖွင့်လိုက် .."

အားလုံး ခန့်ခန့်ညားညားတည်ပုံစံ နေသားတကျဖြစ်မှ ထွက်ကြိုနိုင်လိုက်သည်။

"မေမေက ထွက်ကြိုလေ .."

"ဘာလို့ထွက်ရမှာလဲ .. ငါက သမီးရှင် .."

"ဟုတ်သားပဲ ပိတောက် ရယ် .. နင်လည်း မှန်နေပြီ သိလား – မနေ့တစ်နေ့ကမှ ပြဿနာဖြစ်ထားတာ လတ်လတ်ဆတ်ဆတ်ကြီး –"

"ဒါပေမယ့် သူတို့တောင် ပြန်စပြီး ကျေအေးသေးတာပဲ .."

"တိတ်တိတ်နေကြ .. လာပြီ .."

ဒေါ်ယဉ်လှဲ့ နဲ့ ဦးကောင်း တို့က ရှေ့ဆုံးကနေ ခန့်ခန့်ညားညား ဝင်လာကြကာ နောက်မှာ ရှေ့နေဝတ်စားပုံမျိုးနှင့် လူကြီးနှစ်ယောက် ပါလာ၏။

ပြီးတော့ စစ်သည်ကောင်း မှလွဲလျှင် သူ့ရဲ့သူငယ်ချင်းသုံးဖော်နှင့် –

ဝင်လာကြပုံကို မြင်သည်နှင့် နေရာပေးဖို့ မေ့လောက်အောင် ဒေါ်ငုဝါသင်း မာန်တွေတက်သွားလေသည်။ ပြီးမှ ...





"ကြွပါ .. ထိုင်ပါရှင် .. ညှော်သည်ဆိုတော့ တခြားလူတွေမှတ်လို့ ထွက်မကြိုမိတာပါ .. မယဉ်လှဲ့ တို့လို့ မထင်လို့ .. စိတ်မရှိပါနဲ့နော် –"

"ရပါတယ်ရှင် .. ကျွန်မတို့ကလည်း ဟိုနေ့ကပြဿနာအတွက် တောင်းပန်ချင်တာရယ် .. နောက်ထပ် သမီးတောင်းဖို့ရှိတာရယ်ကြောင့် ဖုန်းဆက်နေရင် အဆင်မပြေတာတွေ ပြောဖြစ်မှာစိုးလို့လေ .."

"ဟုတ်ပါပြီရှင် .. အဲဒါတွေကို ဘာမှမဟုတ်ခဲ့ဘူးလို့ပဲ ထားလိုက်ရအောင်ပါ .. ဟိုလေ .. ဆိုင်းမဆင့်ဗုံမဆင့် လာကြတော့ သမီးတို့အမေ တောင် မရှိဘူး .."

"ဟာ .. ရပါတယ်ဗျာ .. ဒေါ်ငုဝါသင်း ရှိနေရင်ပဲ လုံလောက်ပါ တယ် .."

ဦးကောင်း က ပျာပျာသလဲ ရှင်းပြပြီး အိမ်ထဲကို လည်ပင်း တစ်ချက် ရှည်ကြည့်၍ ...

"လာရင်းကိစ္စ ဒေါ်ငုဝါသင်း ကိုပဲ တိုက်ရိုက်ပြောရမှာပေါ့ ..၊ ဘာ ဖြစ်လို့လဲဆိုတော့ ဒေါ်ငုဝါသင်း က ခြူ ရဲ့အဒေါ်ရင်း ဖြစ်နေတယ်မို့ လား .."

"ဘာ!..."

"ဟင်!..."

ဒေါ်ငုဝါသင်း တစ်ကိုယ်လုံး တုန်ခါသွားသည်။ ဒေါ်ယဉ်လှဲ့ က သားအမိတွေ မျက်နှာတစ်ခုစီကို စေ့စေ့ကြည့်ပြီး မတည်မငြိမ်အကြည့် တို့နှင့် လုံးဝ အေးချမ်းနေ၏။

ဦးကောင်း ကလည်း သူပြောတဲ့စကား ဘယ်လိုစကားဆိုတာကို မသိတာလား .. ဂရုမစိုက်တာလား ..၊

"ခြူဆည်းလည်း က ဒီမှာနေနေတော့ ဒီညနေပဲ ဒေါ်ငုဝါသင်း ဆီမှာ ခြူ ကို သားငယ် စစ်သည်ကောင်းနဲ့ စေ့စပ်ဖို့ ကမ်းလှမ်းပါ တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .. ဘာတွေ လာပြောနေကြတာလဲ ..။ ခြူဆည်းလည်းက ဘာမို့လို့လဲ ..၊ မသိဘူး .. ထွက်သွားကြပါ .."

ဦးကောင်း က ဆက်မပြောဘဲ ဘေးကလူကြီးတွေကို လှည့်ကြည့်သည်။ ခပ်ဖိုင့်ဖိုင့် နီဖူးကျယ်ကျယ်နှင့်လူကြီးက ချောင်းတစ်ချက်ဟန့်၍—

"ကျွန်တော်တို့က သူဌေးကြီး ဦးသာယာ ရဲ့ ခွင့်ပြုချက်နဲ့ ခြူကို စေ့စပ်ဖို့ ကမ်းလှမ်းပြီးသားပါ .. ဒါပေမယ့် ခြူ က ဒီမှာပဲရှိနေတဲ့အတွက် ဝတ္တရားရှိတဲ့အတိုင်း .."

"ဒါဆိုရင်တော့ ရှင်တို့ မှားပြီ .. ခြူ က အိမ်မှာမနေတာ ကြာပြီလေ .. သူက သွားချင်ရာ သွား .. နေချင်သလို နေတာ ..၊ ကျွန်မရဲ့တူမတော်ပေမယ့် စံအိမ်ရဲ့ဂုဏ်သိက္ခာ ထိခိုက်မှာကိုတော့ ကျွန်မ ကြည့်မနေနိုင်ဘူး .."

လူကြီးတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြောရခက်ကုန်ကြ၏။

ထိုစဉ် နေစိုး က ဖုန်းထုတ်၍ နံပါတ်တစ်ခုကို ခေါ်လိုက်လျှင် ဖုန်းမြည်သံက သူတို့တွေ ထိုင်နေကြသည့် စားပွဲ၏ အတွင်းအံထဲက ထွက်ပေါ်လာခဲ့ပြီး ...

"အဲဒါ ခြူ့ ဖုန်းပဲ .. သူ ဒီမှာ ရှိသေးတယ် .."

ဒေါ်ငုဝါသင်း သည် သမီးတွေဆီ လှမ်းကြည့်ပြီး တိတ်ကျသွားလေသည်။

တစ်ခါတလေမှာ မခြိမ်းဘဲ ရွာသော မိုးသည် ..၊





အခန်း (၃၄)

"အဲဒါ ကံကြမ္မာပဲ .. ရည်ရွယ်ထားတာ ဘာမှမရှိဘူး .. ဒါပေမယ့် ကောင်းတာရော ဆိုးတာရော ရထိုက်တဲ့အတိုင်း ရသွားကြတာ .."

"မဟုတ်ဘူး .. မဟုတ်ဘူး .. ကိုကြီးတို့ တမင်လုပ်ကြတာ ..၊ ဒါကို အိမ်ထိလာပြီး ကိုကြီးက မောင်းမဲနေသေးတယ် .. အစတည်းက စစ်သည်ကောင်း က ခြူ နဲ့ စီစဉ်ထားတာဆိုရင် ပြောပါလား .. ခုတော့ အိမ်ပေါ်ထိ တတ်လာပြီး လူအုပ်စုနဲ့ ငု တို့ကို အရှက်ခွဲသွားတာ .."

"အဲဒါလည်း နင့်ကံကြမ္မာပဲလေ .. နင်က ငါ့ဥမှ ငါ့ဥ တစ်ကိုယ်ကောင်းဆန်တဲ့မိန်းကလေးပဲ .. နင့်သမီးတွေ ကောင်းစားဖို့ဆိုရင် နင့်မှာ သွေးသားသံယောဇဉ်လည်း မရှိဘူး .. သိက္ခာသမာဓိဆို ဗလာကျင်းသဲ— နင်တို့ နှိပ်စက်လွှတ်လိုက်ကာ ငါ့သမီး ပါးပေါ်က ဒဏ်ရာတွေလေ—"

"ဒါ သူ အနေအထိုင်မတတ်လို့ ဖြစ်ရတာတွေ .."

"အေး .. ကောင်းပါတယ် .. နင် ခုချိန်ထိ သဘောမပေါက်သေး— ငါလာခဲ့တာလည်း နင်ပြောတာတွေကို နားထောင်ဖို့ မဟုတ်ဘူး ငု — ခြူ့ ကို ငါ ဘာကြောင့် အိမ်က နှင်ချလိုက်တယ်ဆိုတာရယ် .. ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့ အမွေဖြတ်ခဲ့သလဲဆိုတာရယ် .. အဲဒါတွေကို နောက် ဘယ်တော့မှ မပြောဖြစ်တော့မှာ စိုးလို့ ..''

ဒေါ်ငွေဝါသင်း ဆတ်ခနဲ မော့လာတော့ ဦးသာယာ က မတ်တတ်ရပ်နေရင်းကနေ လက်နှစ်ဖက် နောက်ပစ်၍ လက်ဖဝါးချင်း ထပ်ဆုပ်ထားကာ ...

"ခြူ က သူ့ကိုယ်သူ မိသားစုမဲ့ တစ်ကောင်ကြွက်ဆိုတဲ့ ဘဝကို မလိုချင်ဘူး .. ငါ ဘယ်လောက်ပဲ ပညာတွေ သင်ပေးပေး ဒီပညာတွေနဲ့ သူ့စိတ်ကို မကုစားနိုင်ဘူး .. ပြည့်စုံအောင် ငါ ဘယ်လိုပဲ ဖန်တီးပေးထားထား သူလိုချင်နေတာက နွေးထွေးတဲ့ မိသားစုဘဝ..၊ အဲဒါကြောင့် သူ နင်တို့နဲ့ တစ်ပေါင်းတစ်စည်းဘည်း နေဖို့ စိတ်ကူးတယ် ..''

ဒီစိတ်ကူးကို ဦးသာယာ အသေအလဲ တိုက်ဖျက်ခဲ့ရသည်။ ဒီလောက်ထိ ပညာတွေတတ်နေပြီး ဘယ်လိုပြောပြော ဒါမှဒါ ပူဆာနေတာကို အသည်းတွေယားကာ ကြိမ်လုံးဆွဲပြီး ရိုက်ပစ်ချင်စိတ်တွေလည်း ဖြစ်ခဲ့၏။

"ငှ အကြောင်း ညည်း ဘယ်လောက်သိလဲ ခြူ .. ငှ ရဲ့ ရင်ထဲမှာ ညည်းလိုချင်တဲ့ ချစ်ခြင်းမေတ္တာတွေ ရှိနေတယ် ထင်နေသလား ..''

"သူက ကျွန်တော့်ကြီးတော်အရင်းပဲ ဘဘရယ် .. ပြီးတော့ မလတ်တို့ မငယ်တို့ ရှိတယ် .. ကျွန်တော့်အတွက် အမေ အစားရသလိုပဲ နေမှာပေါ့ .. ပြီးတော့ အစ်ကို အစ်မတွေနဲ့ သိုက်သိုက်ဝန်းဝန်းနေချင်တယ် .. ဒါတွေ တစ်ပြိုင်တည်း ပိုင်ဆိုင်နိုင်ဖို့ကလည်း ကြီးမေတို့ကို သက္ကရာဇ်စံအိမ်မှာ အတူလာနေဖို့.. ဒါမှမဟုတ် ကြီးမေတို့နဲ့ ကျွန်တော် အတူနေနိုင်ဖို့ .. ကြီးမေ ဘာဖြစ်ချင်သလဲ ..၊ အဲဒါကို ကျွန်တော် ကြိုးစားပါရစေ ..''

"မကြိုးစားရဘူး .. ငှ မှာ ညည်းပြောနေတဲ့ မိခင်မေတ္တာမျိုး မရှိဘူး .. ရှိရင်လည်း ညည်းအတွက် ဖြစ်လာမှာ မဟုတ်ဘူး .. အခေါ်





ရင်းဆိုပြီး သူ့ဆီကနေ နွေးထွေးမှုကို မမျှော်လင့်နဲ့ .. သူ ရမယ်ထင်ရင် နှုတ်လေးချိုချိုနဲ့ လက်တစ်ဆုံး နှိုက်မယ် .. ညည်းမှာ တက်တက်ပြောင် သွားတဲ့အထိ ချူချူ နှိပ်စက်ပြီးရင်တော့ နင် နေခဲ့ .. ငါ သွားမယ်ပဲ ..''

"ဘာပဲဖြစ်ဖြစ် အဲဒါတွေကို ကျွန်တော် လက်တွေ့ သိချင်တယ် ဘဘ .. ကျွန်တော် လိုချင်တဲ့ မိသားစုဘဝကို ကျွန်တော့်ရဲ့အခေါ်ရင်း မိသားစုဆီကမှ မရရင် ဘယ်ကရမှာလဲ ..၊ ကျွန်တော့်မှာ ပြည့်စုံပိုလျှံနေတာတွေ ကျွန်တော် မမက်ဘူး .. လိုချင်တာက မေတ္တာတရားပဲ ..''

"ဒီလောက်ထိ ခေါင်းမာပြီး အသိခက်ရလား ခြူ .. မေတ္တာတရားဆိုတာကို တောင်းယူတိုင်း ရတယ် ထင်နေသလား .. ညည်း ချမ်းသာတိုင်း မေတ္တာ စေတနာတွေကို လိုသလောက်ရမယ် ထင်နေရင် ညည်း ရှုံးနေပြီ ..''

"ကျွန်တော့်ကို ရှုံးခွင့်ပေးပါ ဘဘ ..''

"မပေးနိုင်ဘူး .. နှစ်လက်မခွဲ သံချောင်းကြီးကို မျိုချပါ့မယ်လို့ တောင်းဆိုနေတာ ငါက ခွင့်ပြုရမှာလား .. လုံးဝ မရဘူး ..''

"ကျွန်တော်ကတော့ လိုချင်တာကို ရမှဖြစ်မှာ ..၊ အဲဒီတော့ ဘဘကိုလည်း ကျွန်တော် မလွန်ဆန်ပါဘူး .. ကြီးမေ ရဲ့ စိတ်ကိုသာမကဘူး သူ့မိသားစုအားလုံးကိုပါ ကျွန်တော် သေချာသိရဖို့အတွက် အဲဒီမှာ သွားနေမယ် ..''

"ဘာ!...''

"ကျွန်တော့်ကို ဘဘ တစ်ခုပဲ လိုက်လျောပါ ..''

ဦးသာယာ က ခြူ နဲ့ သူ အပြန်အလှန် နားလည်မှုယူ၍ ကတိထားခဲ့ကြတာတွေကို ပြောပြလိုက်သည်။ ဒေါ်ငွေဝါသင်း မျက်ဝန်းမှာ ခိုတွဲနေသော မျက်ရည်ဥတို့ ပြုဆင်းမလာကြတော့ဘဲ အံ့သြမှင်တက်ခြင်းမှာပဲ မျက်ရည်တွေပါ အေးခဲကုန်ပြီလား မသိ ..၊

အပြင်ထွက်မလာရဲကြဘဲ အတွင်းခန်းမှာပဲ ခိုးနားထောင်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သော ပိတောက် တို့ညီအစ်မ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ ငေးကြောင်နေကြ၏။

"သူ့ကို လုံးဝ မစုံစမ်းဖို့နဲ့ အမွေဖြတ်စွန့်လွှတ်ကြောင်း ကြော်ငြာထည့်ပေးဖို့ တောင်းဆိုတယ် .. အဲဒီလိုနေဖို့လည်း ငါ ခွင့်ပြုခဲ့တာ တစ်လတည်း ..၊ ဒါပေမယ့် သူက ပါးမှာ ဒဏ်ရာ အညိုအမည်းစွဲခံပြီး ကုပ်တွယ်နေခဲ့တယ် .."

ဒေါ်ငုဝါသင်း နှုတ်ခမ်းတွေတော့ လှုပ်ခတ်လာပေမယ့် ဘာမှ မပြောနိုင်တော့ပေ ..၊

"နင်မို့ လုပ်ရက်တယ် ငုဝါသင်း .. ဒီကလေးလေးက ငယ်စဉ်တည်းက မိခင်မဲ့ခဲ့ရလို့ သူ့အဖေကလည်း ချုချာလွန်းလို့ မေမေတို့ရော ငါတို့ရော ဘယ်လောက် အလိုလိုက် ဂရုစိုက်ခဲ့ကြသလဲ ..၊ ပြီးတော့ မွေးလာတည်းက အသံတိတ် ကြီးပြင်းလာခဲ့တာ .. သူ့ရဲ့ အပြုံးအရယ်လေးတွေ .. တီတီတာတာသံလေးတွေ ကြားလာရအောင် ငါတို့ ဘယ်လောက် ကြိုးစားခဲ့ရသလဲ .."

ဦးသာယာ အသံတွေက ကွဲရှတုန်ယင်လာခဲ့လျက် လက်သီးလက်မောင်းတန်းတော့မလိုထိ ဒေါသဘက်ကို ဦးတည်ခဲ့၏။

"ခြူဆည်းလည်း ဆိုတာ အဲဒါကြောင့် ဖြစ်လာခဲ့တာ ..၊ သူ့အဖေ စောစောစီးစီး ကွယ်လွန်သွားတော့ မိဘမဲ့လေး ဖြစ်သွားခဲ့တဲ့ကလေး..၊ ညီလေး ဆုံးသွားတုန်းကတော့ ဒီကလေးကို ပွေ့ချီပြီး နင် ပလီပလာတွေ ပြောခဲ့တာ ရေပက်မဝင်ပါလား ငုဝါ .. ဟင် .."

"ကိုကြီးရယ် .. အဲဒီတုန်းက ငု တကယ် .."

"တကယ်ပြောနေတာပေါ့ .. ကလေးက အမွေတွေ တစ်ပုံကြီး ပိုရဲ့တော့မှာကို .."

"အဲဒီလို ပိုပိုသာသာတွေ ခေပုံချခဲ့တာလည်း ငု တို့ ကျေနပ်အေးလို့ပါ .."





"ဘာပြောတယ် ငု .. ဟား .. ဖေဖေတို့ ကြားနိုင်ရင် ရောက်ရာဘဝက ပြန်ပြေးလာပြီး နင့်ကို ဖနောင့်နဲ့ပေါက်တော့မယ် .. နင့်မိုက်ပြစ်နဲ့နင် မိဘကို အလီလီအခါခါ နှိပ်စက်၊ အရှက်ရစေခဲ့ပြီး မိဘပစ္စည်းတွေ ကြိုက်သလို ထိုင်ဖြုန်းခဲ့တာတွေ နည်းသလား ..၊ ကိုချစ် နဲ့ပါသွားတော့ သည်း နင်ရမယ့်ဝေစုအတိုင်း ထပ်ပေးလိုက်တယ် .. အဲဒါ နင့်ကို လုံးဝ စွန့်လွှတ်တော့မယ့်အဖြစ်ကနေ ဘာလို့ဝေစုရသွားတာလဲ သိချင်သလား.."

ဒေါ်ငုဝါသင်း ဦးသာယာ ကို ငေးကြောင်ကြည့်နေခဲ့၏။

"နင့်ဘဝကို ထိန်းကျောင်း တာဝန်ယူသွားရတော့မယ့် ကိုချစ်ကို ငဲ့ညှာခဲ့တာ .. ပြီးတော့ အဲဒါကို ငါ ထောက်ပြပြီး ငါကပဲ တိုက်တွန်းခဲ့တာ .. ဘာဖြစ်လို့ နင့်ကို အမွေပေးဖို့ ငါ တိုက်တွန်းခဲ့လဲ သိလား..၊ နင်နဲ့ ဘယ်တော့မှ ထပ်မပတ်သက်ချင်လို့ .."

ဦးသာယာ က အစ်ထည်းက စည်းကမ်းရှိသလောက် တိကျပြတ်သားသည်။ ဦးသာယာ ၏ စိတ်ဓာတ် စည်းကမ်းတွေအားလုံးသည် သက္ကရာဇ်စံအိမ်ကြီးရဲ့ အရှင်သခင်တွေ ချမှတ် ကျင့်သုံးခဲ့တာနှင့် တစ်ဆပ်တည်း ..၊

ဒါကို ဖောက်ဖျက်၍ လော်မာမိုက်မှားခဲ့သည့် ဒေါ်ငုဝါသင်း ကို မိဘတွေကိုယ်တိုင်က ခွင့်မလွှတ်နိုင်ခဲ့ပေ ..၊ ဒါပေမယ့် မိန်းကလေးမို့ အမွေဖြတ်တာ စွန့်လွှတ်တာတွေ မပြည့်စုံခဲ့ဘဲ ပြုပြင်ပြောင်းလဲပေးဖို့ ကြိုးစားခဲ့၏။ မရနိုင်ဘူးဆိုတာ သေချာခံစားမိလာသည့် နောက်ပိုင်းမှာတော့ ထာဝရစွန့်လွှတ်ဖို့ထိ တွေးခဲ့ကြသည်။

"လူတစ်ယောက်ရဲ့ဘဝကို လက်ရှိအမြင်နဲ့ ဘယ်တော့မှ တစ်ဆုံးမသတ်မှတ်နဲ့ .. မြင်နေရတဲ့ အမှန်တရားတွေထဲမှာ အမှားရှိနေတတ်တယ်ဆိုတာ မမေ့နဲ့ .."

ဦးသာယာ က ကိုယ့်စိတ်ကိုယ်ထိန်းနေသလို ကျိခနဲ့ အံကြိတ်ပြီး နောက်တစ်လှမ်း ဆုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ အဲဒီလောက် အထင်မကြီးနိုင်တဲ့ နင်တို့မိသားစုထဲကို ငါ အသက်လောက်ချစ်ရတဲ့ ငါ့သမီးလေးကို တစ်လလောက်ထိ ပစ်ချပေးခဲ့မိတာကိုပဲ ငါ့ကိုယ်ငါ ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး .. အေး .. တစ်ခုတော့ ရလိုက်ပါတယ် .. အခု ငါ့သမီး အမှန်တရားကို တွေ့သွားပြီ ..၊ မြင်နေကြားနေရတာတွေကို အမှန်တကယ်လို့ မမှတ်ဘဲ ကိုယ်ပိုင်အသိစိတ်နဲ့ ခွဲခြားနိုင်သွားပြီ .."

"နေပါဦး ကိုကြီး .. ကိုကြီးတူမနဲ့ သဘောတူထားလျက်နဲ့ ငှ ကို ဘာဖြစ်လို့ ဒီလိုချောက်တွန်းရတာလဲ ..၊ ဒါကျတော့ ကိုကြီးက ပြန်ရက်စက်ခဲ့တာပဲ မဟုတ်ဘူးလား .. ငှ က ဘယ်လိုမိန်းမဖြစ်ဖြစ် ကိုကြီးလည်း အဲဒီအတိုင်း တုံ့ပြန်လိုက်တာပဲလေ .."

"ဘာ!..."

ဦးသာယာ ကိုယ့်စကားကိုယ် အဆုံးသတ်ပြီး လှည့်ပြန်တော့မလို့ပါ ..။

နားကျင်သွားသလိုလို .. နောင်တရသွားသလိုနှင့် ရှူးရှူးဝါးဝါး ပြန်ပြောလိုက်သည့် ဒေါ်ငှဝါသင်း စကားတွေကို မယုံနိုင် ..၊

ဒါပေမယ့် သက်ပြင်းချလိုက်ရင်း ပြန်လှည့်ရပ်လိုက်ကာ...

"အဲဒါကြောင့် နင့်ကို တစ်နပ်စားဉာဏ်နဲ့ အတွေးတိမ်တဲ့ မိန်းကလေးလို့ ငါ အစောကြီးတည်းက ပြောခဲ့တာ .. အားလုံးကို နင်ဖြစ်စေချင်သလို မရမက လုပ်ယူသွားတာချည်းပဲ ငှဝါ ..၊ ဘယ်သူမှ နင့်ဆီက လာမလုဘူး .. နင့်ကို စည်းစိမ်ဥစ္စာတွေ ပေးချင်လွန်းလို့ ပေးမယ့်သူက ရောက်လာတယ် .. နင်က သူတောင်းစားဆိုပြီး မောင်းထုတ်တယ် ..၊ ရွှေထုပ် ကောက်ရပေမယ့်လည်း ရွှံ့ထုပ်ကြီးဆိုပြီး ချပစ်ခဲ့တယ် .. အဲဒါ ဘယ်သူ ဖန်တီးတာတွေမို့လို့လဲ .."

ဦးသာယာ က ပြောနေရင်း အိမ်ထဲနဲ့အပေါ်ကို မျက်လုံးဆဲ့ကြည့်ကာ ...





"ဒီအိမ်မှာ ကိုချစ် ဦးမဆောင်တော့ဘူးဆိုတည်းက ကျက်သရေ မင်္ဂလာအပေါင်းတွေ ငြိမ်းကုန်တာ ထင်တယ် .. နင်ကတော့ လောဘ ဒေါသ မောဟစိတ်တွေ မွှန်ပြီး ဥစ္စာထုပ်ကို အပေါ်မှာချိတ်ထားတော့ ခေါင်းငုံ့သွားတယ် .. ရှေ့မှာချထားတော့ ခေါင်းမော့ပြီး လျှောက်တယ်၊ အားလုံးက နင့်ကံကြမ္မာပဲ .."

ဦးသာယာ က နေရာမှ ယတိပြတ် ကျောခိုင်းထွက်လာခဲ့ရင်း...

"ငါ နင့်ကို လာနှုတ်ဆက်တာ မဟုတ်ဘူး .. နှုတ်ပိတ်ဖို့လာတာ .. ငါ့ကို နောက်ထပ် လမ်းမှာတွေ့ရင်တောင် မခေါ်နဲ့ .. ငါ့အိမ်ရိပ်ကိုလည်း လာမနင်းနဲ့ .."

လှည့်မကြည့်ဘဲ ပြောသွားရင်း တံခါးဝကျမှ ခြေလှမ်းရပ်လိုက်ကာ ...

"ဒီတစ်ခါ စံအိမ် သိက္ခာလည်း မထိန်းဘူး .. မိဘဘိုးဘွားတွေကလည်း ခွင့်လွှတ်လိမ့်မယ် .. ငါ့ခြံဝင်းထဲကို နင်နဲ့ နင့်မိသားစု ဘယ်သူဖြစ်ဖြစ် ဝင်လာခဲ့ရင် ရဲခေါ်ပြီး ဆွဲထုတ်ပစ်မယ် .."

ပြောလို့ပြီးမှ ကားဆီကို ဆက်လျှောက်လာခဲ့သည်။ ဒရိုင်ဘာက တံခါးအဆင်သင့်ဖွင့် စောင့်နေရင်း ဦးသာယာ ဝင်ထိုင်ပြီးမှ တံခါးပိတ်ပေးပြီး ကားပေါ်တက်၏။

ကားတစ်စီးလုံး မြင်ကွင်းထဲက ပျောက်ကွယ်သွားတော့မှ ဒေါ်ငှဝါသင်း ချုံးပွဲချ ငိုလေသည်။

သူမအတွက် ဒီနေ့ ကမ္ဘာပြိုတဲ့နေ့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"ဘဘကလည်း ကျွန်တော့်ကို ဘာမှမပြောဘဲနဲ့ဗျာ .."

"ဘာကိုပြောရမှာလဲ .. ငါ ညည်းကို ဒီအရွယ်ထိ ထိန်းကျော
ပြုစုလာခဲ့တဲ့သူ .. ငါ စီမံခန့်ခွဲချင်တဲ့အရာကို ညည်းရဲ့ ခွင့်ပြု
တောင်းနေရမှာလား .."

ခြူ့ မျက်နှာလေးက အသိုက္ခက်တချို့ ထင်နေသော ပါးပြင်
တစ်ဖက်က အကျည်းတန်နေစေကာ စိတ်ရှုပ်နေပုံလေး ပေါက်
တော့ ချာတိတ်လေးတစ်ယောက်နဲ့ တူနေလေသည်။

ချစ်လည်း ချစ်ပါသည် ..၊ ချစ်လွန်းလို့လည်း ဒီဒဏ်ရာတွေ
မျက်နှာနုနုလေးကို မြင်နေရတိုင်း ဦးသာ်ယာ ဒေါသကိုမထိန်းနိုင်

"ကျွတ်!..."

အကြိမ်ကြိမ် တက်ခေါက်နေရင်း ကိုယ့်အသက်အရွယ်နဲ့ ဒေါ
မသင့်တော်မှန်း တွေးမိပြီး စုတ်သပ်ရခြင်းသို့ ရောက်ခဲ့လျက် ...

"ငါ အတန်တန် တားနေတဲ့ကြားက ညည်း အဲဒီကို သွားတယ်
ဒါလုပ်ပေးပါဆို ငါ လုပ်ပေးခဲ့တာယ် .. ဒါပေမယ့် ငါ ကန့်သတ်ခဲ့
တစ်လကိုကျတော့ ညည်း မလေးစားဘူး .."





"ဘဘရယ် .."

"ငါ လိုက်ခေါ်တာကို ခေါင်းခါတဲ့အထိ ညည်း ငါ့ကို .."

"ဘဘကို ကျွန်တော် အိမ်ပြန်လာရလို့ ပြောတာ မဟုတ်ဘူး ..၊
ခင် နဲ့ကိစ္စကြီးကို ဘဘ ကျွန်တော့်ကို မမေးမြန်းဘဲနဲ့ .."

"မေးနေဖို့ မလိုဘူး.. အစတည်းက ကိုကောင်း ပြောခဲ့တာကို ငါ
ခံခဲ့တာ ညည်းနဲ့ပဲ..၊ အဲဒါတွေ ဘာမှမပြောဖြစ်ခဲ့တာကတော့ ညည်း
ဝတ်စားနေထိုင်နေလို့လေ .. ငါ့ကို လေးစားပြီး ငါ့တူမကို တောင်း
ယ့် ညည်း ဘယ်လိုပုံနေလဲဆိုတာ သူတို့က သိတာမဟုတ်ဘူး.."

"ခုလည်း ကျွန်တော် ဒီတိုင်းနေမှာပဲ .."

"နေပေါ့ .. ညည်းရဲ့ ဒီတိုင်းပုံစံကိုပဲ မောင်စစ် က ခင်မင်ခဲ့တာ..
ါကို သိလိုက်ရလို့ ငါ ရဲရဲတင်းတင်း လုပ်လိုက်တာပဲ .. နောက်
ချက်က ၄ နဲ့ သူ့သမီးတွေ သိစေချင်တာ .. ကံကြမ္မာဆိုတာ ဘယ်
နေမှန်း မသိပေမယ့် လူတွေ ဦးဟည်ချက်မဲ့လာတဲ့အခါ ကံကြမ္မာကို
ကြရတယ်.. တွေ့သွားပြီဆိုရင် အဲဒီလူက ကိုယ့်အနာဂတ်ကို အားအင်
ပြည့်နဲ့ ထူထောင်နိုင်သူပဲ .."

ဦးသာယာ က တစ်နေရာကို ငေးနေပေမယ့် သူ့မျက်လုံးထဲမှာ
ငုဝါသင်း တို့ကို မြင်ယောင်နေတာ သိသာနေလျက် နှုတ်ခမ်းတွေ
မဲ့သွားလိုက် တင်းသွားလိုက် ..၊

"ကံကြမ္မာကို ကိုယ်ဖန်ဆင်းလို့ မရပေမယ့် နှစ်ပါးသွားပြီးရင်
ာက်ပိုင်းလာမယ်ဆိုတာလောက်တော့ သိရမှာပေါ့ .."

"ကံကြမ္မာကို ရှာတွေ့တဲ့လူဆိုတာ ဘာကိုပြောတာလဲ ဘဘ ..
တွေ့ပြီဆိုရင် ကံကောင်းပြီလို့ ပြောတာလား .."

ဦးသာယာ က ခေါင်းခါရင်း ခြူ့ ဘေးမှာ အေးဆေးထိုင်ချလိုက်
ည်။ ပြီးမှ ...

"အရာရာကို ကံတရားပေါ် ပုံမချသင့်ပေမယ့် ယုံကြည်ချက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပေါ်မှာ အတ္တကြီးပြီး ငါမှငါဆိုတဲ့ မာန်မာန ဖြစ်သွားခဲ့ရင်တော့ အဲဒါ အဆိပ်ပဲ ..၊ ကံကြမ္မာကို ဆွဲနေတဲ့လူက အလစ်ငိုက်မှာ အဆိပ် ခံရတဲ့ စစ်သားလိုပဲ .. မမေ့တဲ့လူအတွက်ကတော့ အခိုင်အမာ ဖြင့် ထားပြီးတဲ့အတွက် ဘယ်လိုအန္တရာယ်တိုက်ပွဲဖြစ်ဖြစ် ရင်ဆိုင်ဖို့ အသင့် လေ..၊ ငါပြောတာ ညည်း ရှင်းရဲ့လား .. အဆိုးဖြစ်ဖြစ် အကောင်း လာလာ အားလုံးက တိုက်ပွဲပဲ .."

ခြူ ခေါင်းညိတ်လိုက်ရပေမယ့် စိတ်ထဲမှာ ခိုးလိုးခုလုရှိနေဆဲ က ဒါတွေမဟုတ် ..၊

"ခြူ .."

"ဗျာ .."

"ညည်း ဘာတွေတွေးနေတာလဲ .. စစ် အကြောင်းလား .. လုပ်သမျှအပေါ်မှာ .."

"မဟုတ်ပါဘူး .. ကျွန်တော် ဘဘကို ဘာအတွက်မှ ဝေဖန် မရှိဘူး .. ငြိုငြင်လို့လည်း မဟုတ်ဘူး .. ဒါပေမယ့် မင်္ဂလာကိစ္စကြီး ကျွန်တော့်ကို ဆွဲထုတ်လာတာ မကောင်းဘူး .."

"ငါ စိတ်မရှည်တတ်တာ ညည်း သိတယ် ခြူ .. ငါက မှန်တာ ထင်လို့ ဒါကို လမ်းညွှန်ရင် ဒါလုပ်မှ ကြိုက်တယ် .. ဒါပေမယ့် ညည်း ကို ငါ အမိန့်မပေးပါဘူး .. မင်္ဂလာကိစ္စ စီစဉ်ပေးချင်တာတောင် ညည်း နေပုံထိုင်ပုံကိုကြည့်ပြီး ညည်းရဲ့စိတ်ကို ငါ့ဘာသာ ခန့်မှန်းမိလို့ ဘာ မပြောခဲ့တာပေါ့ .. ဒါပေမယ့် ခုတော့ လုပ်သင့်တဲ့အချိန် ရောက်နေပြီ ညည်းဘဝအတွက် တစ်ပြိုင်တည်းမှာ အမှန်ကန်ဆုံး ဆုံးဖြတ်ချက်ချ ဖို့က ဒီတစ်နည်းက အကောင်းဆုံးပဲ .."

ဦးသာယာ က ခြူ့ ကို လှည့်ကြည့်၍ ...

"ဒီ့ထက်ကောင်းတဲ့ ဆုံးဖြတ်ချက်တောင် ဒီလောက်မကောင်း နိုင်ဘူး .."





ထပ်ပြီး အတည်ပြုလိုက်သေးသည်။

"ဦးချစ်လွင် ဒေါ်ငုဝါသင်း ဆိုတဲ့ မိသားစုကိုရော.. စည်းစိမ်စံအိမ် ကိုရော ညည်း ခေါင်းထဲက ထုတ်လိုက်တော့ .. အခု ထည့်ထားရမှာက စိတ်သည်ကောင်း နဲ့ စွေစပ်မှာ မဟုတ်ဘူး .. တစ်ခါတည်း လက်ထပ်မေး ..."

"ဟာ .. ဘဘ .."

"စောဒကမတက်နဲ့တော့ .. ဒီညနေ ကိုကောင်း နဲ့ ငါ မင်္ဂလာ ကိစ္စ အမြန်ဆုံးပြီးမြောက်ဖို့ တိုင်ပင်မယ် .. ငါလည်း အမေရိကကို ပြီးရှည်သွားရဖို့ ရှိတယ် .. ညည်းကို ဒီတိုင်းမထားခဲ့နိုင်ဘူး .."

"ဘဘ .. သူတို့တွေကလည်း ..."

"ဟုတ်တယ် .. စည်းစိမ်စံအိမ်ကလူတွေတင်မကဘူး ဦးသာယာ ဆုမဆိုရင် တော်ပါပြီလို့တောင် သူတို့ ဖြစ်ခဲ့ကြတယ် .. အဲဒါတွေ ငါ အားလုံး သိပြီးပြီ .. ဒါပေမယ့် အဲဒါတွေက ငုဝါသင်း ကြောင့် ဖြစ်ရတာတွေ ..၊ ညည်းကို စစ်သည်ကောင်း နဲ့ ကြဖန်ဆုံစည်းနေကြတာ ခေါင်းတည်းက ငါ ဘာလုပ်သင့်တယ်ဆိုတာ သိတယ် .. သိလို့ ငါကိုယ် တိုင် သွားပြီး ကိုကောင်း နဲ့ ဆွေးနွေးခဲ့တာ .."

ဒါဆို မင်္ဂလာကိစ္စဆိုတာကြီးကို ဘဘက စပြောခဲ့တာပေါ့ ..၊ ဘဘက စပြီး ကမ်းလှမ်းခဲ့တာ ..၊

"ဘဘ .. ဘဘက ကျွန်တော့်အတွက် သတို့သား ကမ်းလှမ်းခဲ့ တယ် ဟုတ်လား .."

"မှားယွင်းလွဲချော်မှုလေးတွေ ဖြစ်သွားခဲ့တာကို ပြန်ရှင်းပြရုံပါ..၊ ပြီးတော့ ညည်းကို သိစေချင်တာက ငါ တန်ဖိုးထားတဲ့လူစားမျိုးတွေက ဦးကောင်း တို့လို လူတွေပဲ .."

"ပညာတတ်ကြတိုင်းလည်း စိတ်ဓာတ် စာရိတ္တတွေ ကောင်းနေ ကြတာ မဟုတ်ပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ခြူ က မျက်နှာလေး မသိမသာလွှဲပြီး အထွန့်တက်သွားသေး သည်။ ဦးကောင်း က မျက်မှောင်ကုတ်ထားရင်း လှည့်ကြည့်သည်။ ပြီးတော့ မျက်နှာသည် ပြုံးယောင်သမ်းလာခဲ့ပြီး ...

"အဲဒီတော့ 'လူ့အကြောင်း ပေါင်းမှသိ'တဲ့ .. ညည်း သေချာသိ အောင် ပေါင်းကြည့်ရမှာ မဟုတ်ဘူးလား .."

"ဘာဘာ .."

ခြူ ပါးပြင်လေးတွေ ရဲတက်သွားကာ အလန့်တကြား မော့လိုက် တော့ ဦးသာယာ က ပြုံးပြုံးကြီး ထရပ်လိုက်ကာ ...

"ကောင်းတယ် .. ခုမှ မိန်းကလေးနဲ့ ပိုတူသွားတာ .."

ဟု ပြောပြီး ထွက်ခွာသွား၏။ ဘာကိုပြောသွားတာလဲလို့ တွေး စဉ် ဖုန်းသံကြားလိုက်သဖြင့် နေရာမှ ထလာခဲ့ရကာ ...

"ဟလို .."

"ခြူ ကိုယ်ပါ .."

"ဟင်!..."

ဖုန်းကို နားက ဖျတ်ခနဲ ခွာလိုက်မိတဲ့အထိ ခြူ လန့်သွား၏။ ပြီးမှ ပြန်ကပ်၍ ...

"ပြောလေ .."

"စကားပြောရအောင်ကွာ .. အပြင်ထွက်ခဲ့ပါလား .."

"ကျွန်တော် မအားဘူး .."

"ဘာလုပ်နေလဲ .."

"ဖုန်းပြောနေတယ် .."

"ဟုတ်လား .. ပြောပြီးရင်ရော .."

"အိပ်တော့မှာ .."

"ခုမှ ခြောက်နာရီပဲ ရှိသေးတာ .."

"ဒါပေမယ့် အိပ်ချင်လို့ပေါ့ .. ဒါပဲမို့လား .."





"ပြီးရောလေ .. မင်း ထွက်မလာဘူးဆိုရင် ကိုယ် လာမှာပေါ့ .."

"ဘာ!... ဟလို .."

နောက်ထပ် ဟလို ထပ်ခေါ်ရင်း စိတ်ရှုပ်ထွေးစွာ ရပ်နေမိဆဲ ...

"ကော်ဖီမတိုက်ရပါဘူး .. ခဏပဲ စကားပြောပြီး ပြန်မှာ.."

ဟင်!...

ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ စစ် က အိမ်ရှေ့ကနေ ဝင်လာနေပြီ ဖြစ်လျက် ...

"ဆောရီး .. မအိပ်ခင် အလုအယက် ဝင်လာရတာ .."

စိတ်တိုသွားကာ ဖုန်းကို ခွပ်ခနဲ ပစ်ချလိုက်မိသည်။

"မိုးချုပ်နေမှ ဘာတွေ အရေးကြီးနေလို့လဲ .."

"မင်းဆီကို ရေးကြီးသုတ်ပျာကိစ္စတစ်ခုခုရှိမှ ပြေးလာရမှာလား.."

စစ်သည်ကောင်း ဆိုတဲ့လူ စစ်နိုင် မနိုင်တော့ မသိ.. စကားပြောပြီ ဆို သူ့လမ်းကြောင်းနဲ့သူ ရှာကြံပြီး ထွက်ပေါက်ရှာ ပြောတတ်၏။

စကားအရ ချောင်ပိတ် ဆွဲ့အသွားတယ်ဆိုတာ မရှိ ..

"အဲဒီလို ကိစ္စတွေရှိတာနဲ့ ပြေးပြောရလောက်အောင် မိသားစု ဝင်စုက ခုမှ ဆွေမျိုးတော်ရမှာ .. ကိုယ်က အဆင့်မကျော်ပါဘူး .."

သြော် .. ဒီကတော့ အဆင့်တွေကျော်ပြီး စိတ်ကူးယဉ်နေသူပေါ့..

ခြူ့ မျက်နှာလေး တင်းသွားတော့ စစ် က ပြုံးသည်။

"ထိုင်မယ် နော် .."

ခွင့်တောင်းသလိုနဲ့ အပြောနဲ့ တစ်ပြိုင်တည်းမှာ လူက ထိုင်ပြီး သား ..

ခြူ က သူ့ရှေ့မှာ ဝင်ထိုင်လိုက်ကာ ...

"ခင်ဗျား တစ်ခုခုသောက်လေ .. အပူလား အအေးလား .."

"မင်းက အပူတွေပေးရင်လည်း ရပါတယ် .. အအေးဆိုရင်လည်း ခင်မှု သက်သာတာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ကောင်းကောင်းမွန်မွန် မေးတာလေ .."

"ကိုယ်ကလည်း ကောင်းကောင်း ဖြေနေတာပဲ .. မင်း စေတ
ရှိရှိ မရှိရှိ ကိုယ် ဘာလုပ်ချင်သလဲ ..၊ ဘာလိုချင်နေသလဲ ပြောချင်
ပြောချလိုက်ရမလား .."

"ကိုစစ် .."

"ပြောပြတာ .."

"မေးတာကိုပဲ ပြောပါ .."

"မင်းမေးတာကိုပဲ ဖြေဖို့လာတာမှ မဟုတ်တာ .. နှစ်ယော
ဆွေးနွေးဖို့ .."

"ကျွန်တော် အနားယူမလို့ ပြောပြီးပြီပဲ .."

"နှစ်ရက်တောင် ရှိပြီကွာ .. မင်းခေါင်းက ဒဏ်ရာပိစိကွေးလေး
တောင် ပျောက်သွားပြီ .. ဒီလောက်လည်း မင်း မပျော့ပါဘူး .."

ကိုယ်ကလည်း နှုတ်ချိုပြောနေတာမို့လို့လား ..၊

လူကို အကဲပိုသလိုလို စွပ်စွဲနေတာကိုတော့ မခံချင် ..၊

မျက်နှာချင်းဆိုင်မိပြီဆိုတည်းက ချစ်ခင်ရင်းနှီးဖွယ်စကား မဆို
ဒီလူ ဘာကြောင့် ရိုက်ပေါက်တွေချည်း ထွင်နေတာလဲ ..၊

"တင်းသွားသလား .. ဆောရီး .."

"ဆောရီးမနေပါနဲ့ .. ဘာမှမစားဘူးဆိုလည်း ပြီးရော .. ခင်ဗျား
ဆွေးနွေးချင်တာကိုလည်း ကျွန်တော် စိတ်မဝင်စားဘူးဆိုတော့ ပြီး
တော့ .."

"ဟာ .. ပေါ်တင်ကြီးပါလား .."

ခြူ က တကယ် ထရပ်သည် ..၊ စစ် က စိတ်မဆိုးသည့်ပြင် ခြူ
ဘေးကို လျှောက်လာပြီး စပ်ဖြဲဖြဲ ..၊

"ဘာတွေတင်းနေတာလဲ ..၊ မင်းကို အကြိမ်ကြိမ်အခါခါ ကျူ
ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင် .. နောက်ဆိုရင် မင်းရဲ့ ..."





"အဲဒါတွေ ကယ်တင်စရာဖြစ်လာတာ ခင်ဗျားကြောင့်လို့ရော
နည်းနည်းလောက် မတွေးမိဘူးလား .."

"ဆိုင်မှ မဆိုင်တာ .."

"ခင်ဗျား သူများမျက်နှာအရိပ်အကဲကို မကြည့်ဘဲ အဲဒီလို ပြောဆို
တတ်လွန်းလို့ ကျွန်တော့်ခေါင်းပေါ် ပြဿနာတွေ ပုံကျလာတာ .."

"ဘယ်သူ့ကိုမှ မပြောခဲ့ဖူးဘူး .. မင်းနဲ့ကျမှ .."

ခြူ ဖျတ်ခနဲ မော့ကြည့်လိုက်တော့ ငုံ့မိုးကြည့်နေသည့် မျက်ဝန်း
တွေက စူးရှနေ၏။ မျက်နှာပူသလိုကြီးဖြစ်သွားကာ သူမ မျက်နှာလွှဲပစ်
လိုက်မိသည်။

"ခြူ .."

သူက အနားကို ထပ်တိုးပြီး ပခုံးချင်း မထိတထိ ကပ်၍ ...

"ကိုယ့်ကို လက်ထပ်မှာလား .."

ခြူ ဘာမှမပြောဘဲ ထွက်သွားဖို့ပြင်သည်နှင့် စစ် က ရှေ့က ပိတ်
ကာထားကာ ...

"လူကြီးတွေ စီစဉ်နေကြတာ ဟုတ်တယ်ကွာ .. ဒါပေမယ့် ကိုယ်
တို့ချင်းပဲ ငြိချင်တာ .."

"ခင်ဗျားအမေ စေ့စပ်ပေးတဲ့မိန်းကလေးတိုင်းကို ခင်ဗျား ဒီတိုင်း
မေးခဲ့ပုံပဲ .."

"ဟား!..."

"ကြည့်ရတာ သူတို့က မငြိချင်ကြဘူး ထင်တယ် .."

"ချာတိတ် .. မင်း အဲဒီလိုထိုးနက်ပြီး မတည့်ရာမတည့်ကြောင်း
ကြံတာဆိုရင်တော့ မောသွားမှာ နော် .. ငါက မင်းနဲ့ပတ်သတ်ရင်
ဒေါသကို အထုံအကျင်စွဲနေအောင် ကျင့်ထားပြီးသား .."

ခြူ က မျက်နှာလွှဲ၍ မဲ့သည် ..၊ သူ စေ့စပ်ဖို့ ရည်ရွယ်ခဲ့သည့် မိန်း
ကလေးတွေ ဘယ်နှစ်ယောက်ဆိုတာ ကြားခဲ့ပြီးသား ..၊



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ပြတ်ခဲ့တဲ့ရည်းစားက နှစ်ယောက် …၊

ကြားတဲ့အတိုင်းဆို နောက်ရည်းစားက ခုထိ ဆက်သွယ်ဖို့ ကြိုး ားနေတုန်း …၊

"ချာတိတ် … မင်းနဲ့ ကိုယ့်အကြောင်းပဲ ပြောရအောင် ဟုတ်ပြီ ား … ရန်မဖြစ်ကြေး …"

"ပြောလို့ရတယ် … အိမ်ထောင်ရေးဆိုတာသာ ခင်ဗျား အလေး နက်စဉ်းစားရင် ကျွန်တော့်ကို ရွေးမှာမဟုတ်ဘူး … ပြီးတော့ ခင်ဗျား ဘတွေရောပဲ … ကျွန်တော့်လိုပုံစံကို ရွေးမတော်ဖို့ စဉ်းစားတယ်ဆို ာ ကျွန်တော့်ကို တကယ်လက်ခံတာ ဟုတ်ရဲ့လား …၊ ဒီကိစ္စကို ဘဘက စပြီး ကမ်းလှမ်းခဲ့တာ …"

ဒါတွေကို ခြူ လုပ်ကြံပြောနေတာ မဟုတ်ပေ…၊ စိတ်ထဲမှာ တကယ် စားနေမိတာကိုက အဲဒီအတိုင်း …၊

"ခင်ဗျားအဖေကလည်း ဘဘကို အရမ်းလေးစားတဲ့လူ … အိမ် ထောင်ရေးဆိုတာ အားနာမှုတွေနဲ့ …"

"ဘာဖြစ်လို့ အကြီးကြီး တွေးနေတာလဲ ခြူ …"

"အများကြီးထပ်ချဲ့ကြည့်လို့ ရသေးတယ်နော်… မလတ်တို့လို မိန်း ကလေးပုံစံစစ်စစ်တွေကိုတောင် ဦးသာယာ တူမတွေဆိုရင် တော်ပါပြီ ပို့ အန်တီက ပြောခဲ့တာ …"

"အဲဒီကိစ္စတွေက တစ်ပိုင်းပြီးခဲ့ပြီ … ဦးသာယာ တူမတွေပေမယ့် ူတို့ကို သူတို့မိဘတွေက မွေးမြူခဲ့တာ … မင်းကို မင်းမိဘက မွေးခဲ့ ာ … ဘာမှကို မဆိုင်ဘူး … နောက်ပြီးတော့ နေဦး … ငါကရော မိဘ ေ ပေးစားတဲ့မိန်းမကို ကိုယ်မကြိုက်ဘဲနဲ့ မျိုသိပ်လက်ခံနေမယ် ထင် ို့လား …"

ခြူ က မျက်နှာလွှဲပစ်လိုက်လျှင် …

"ခြူ …"





ထိုမျက်နှာဘက်ကို စစ် က ခြေလှမ်းရွှေ့လိုက်ပြီး မျက်နှာချင်း ဆိုင်ကာ …

"ဟုတ်ပါတယ် … ငါက ခေါင်းရှုပ် သိပ်မခံချင်ဘူး … ကိုယ်မျှော် လင့်မထားတဲ့ တိုက်ပွဲမျိုးကို သူများပုံ့ပိုးတိုက်တွန်းတိုင်း လက်နက်ဆွဲ ဝင်ဖို့လည်း စိတ်မဝင်စားတဲ့ကောင်ပါ … ဒါပေမယ့် အဲဒါတွေက ကိုယ့် အတွက် ရှိသည်ဖြစ်စေ … မရှိသည်ဖြစ်စေ ဂရုစိုက်စရာမလိုတဲ့ အရာရာ ပဲ …"

သူက မျက်နှာငုံ့ကြည့်တော့ ခြူ့ နဖူးလေးမှာ သူ့မျက်နှာ …၊

"ကိုယ် ဆုံးရှုံးမခံနိုင်ဘူးဆိုတာ သေချာနေရင်တော့ အဲဒါက တစ်ရှူးလေးတစ်စဖြစ်ဖြစ် ကိုယ့်အတွက် လက်နက်မလိုဘူး …"

ခြူ က ခြေတစ်လှမ်း နောက်ဆုတ်ရပ်လိုက်ကာ …

"ကျွန်တော် အဲဒါတွေ မပြောချင်သေးဘူး …"

"ဒါဆို ကိုယ်မေးတာကိုတော့ ဖြေ … ကိုယ့်ကို လက်ထပ်မှာမို့ လား …"

ခေါင်းမညိတ် ခေါင်းမခါဘဲ သူမ ငြိမ်သက်နေခဲ့လျှင် …

"လူကြီးတွေကြောင့်လည်း ပါပေမယ့် ကိုယ့်ကို ရင်းနှီးလက်ခံတဲ့ စိတ်နဲ့ပေါ့ …"

"ခင်ဗျားကရော …"

"ပြော ဘာလဲ …"

"ကျွန်တော့်ကို တစ်ချိန်လုံး သူငယ်ချင်းလို ဆက်ဆံလာခဲ့ပြီးတော့ လက်ထပ်ပေးမယ်ဆိုတော့လည်း ဖြစ်သွားတာပဲလား …"

"အဟွန်း …"

သူက မေးခွန်းကို သဘောကျသွားသလို ပြုံးသည်။ ထိုစဉ်—

"ယော … စစ်သည်ကောင်း …"

စကားမပြတ်ကြသေးခင် ဦးသာယာ ဧည့်ခန်းကို ရောက်လာထာ—



www.burmeseclassic.com

www.burmeseclassic.com



"ခုနကပဲ ဒေါက်တာကြည်လွဲခင် က ဖုန်းဆက်တယ် ...ဆေးခန်းကအပြန် ခြူ ကို ခဏဝင်တွေ့ချင်လို့တဲ့ .. စကားပြောသံကြားတော့ ရောက်လာတာ မြန်လှချေလားလို့ ထင်တာ .."

ဦးသာယာ က ရိုးရိုးပြော ရိုးရိုးပဲပြုံးတာပေမယ့် မိုးချုပ်စ မီးရောင်ထိန်ထိန်အောက်မှာ စစ် ရဲ့မျက်နှာက ရှက်ကိုးရှက်ကန်းနှင့် ရယ်နေလျက် ...

"ဟုတ်ကဲ့ .. ဟို.. ကျွန်တော် ဒီနားရောက်လာလို့ ဝင်လာတာပါ.. ခြူ နဲ့လည်း စကားပြောချင်လို့ .."

"အေး .. အေး .. ပြောကြ .. ငါက ဒေါက်တာ မှတ်လို့ ...၊ ကိုယ့်ကလေး အပြောအဆိုမတတ်တာတွေနဲ့ အဆင်မပြေမှာစိုးလို့ ဆင်းလာတာပါ .."

"ဟုတ်ကဲ့ ဘဘ .. မဇကို ဖေဖေတို့ခေါ်သလို လွဲ လို့ပဲ ခေါ်ပါ.."

"အေး .. အေး .. လူကြီးချင်း သိနေကြပေမယ့် ကလေးတွေကိုတော့ မမြင်ဖူးခဲ့ဘူးလေ .. နောက်တော့ ခေါ်ရပြောရတာတွေ အဆင်ပြေသွားမှာပါ .."

ဟုတ်ပါတယ် ဘဘ.. ခုတော့ ကျွန်တော် ဘဘတို့မဆီက အဆင်ပြေစရာ စကားလေးတစ်ခွန်းတောင် မရသေးပါဘူး .. ကူညီပါ ..။





အခန်း (၃၆)

"လှလိုက်တာ ညီမလေးရယ် ကြည့်ပါဦး.. မှန်ထဲမှာ ကြည့်စမ်း.."

"ဟုတ်ပ .. မာမို့ သတို့သမီးက အပြင်ခံတဲ့မျက်နှာလေး ...၊ ပြည့်ပြည့်ဖူးဖူး ဝင်းမွတ်နေတာပဲ .. နောက်ဆို မိတ်ကပ်ပါးပါးလေးတော့ အမြဲလိမ်း နော် .. မိန်းကလေးလို နေကြည့်စမ်းပါကွယ် .. ဘယ်သူမှကို လိုက်လို့မီမှာ မဟုတ်ဘူး .."

မိတ်ကပ်ဆရာက လွဲ ကိုယ်တိုင် ရွေးလာသည့် နာမည်ကြီးမိတ်ကပ်ဆရာမ ဖြစ်ကာ နှင်းဆီပွင့်ဖတ်လို ပန်းနုရောင်ဖျော့ဖျော့ပါးချိတ်နှင့် ဓာနားကွပ်သလို သတို့သမီးဝတ်စုံကလည်း လွဲ စိတ်ကြိုက် ခြူ ကို ဆင်ပေးထားတာပဲ ဖြစ်သည်။

ရတနာတွေကိုတော့ ဦးသာယာ ထုတ်ပေးထားသည့် ရတနာဘူးတွေထဲက ပတ္တမြားတွေချည်း ရွေးထုတ်ကာ စိန်နဲ့ တစ်ရစ်စီထည့်ဖို့အတွက် ဒေါ်ယဉ်လွဲ က စိန်တစ်ဆင်စာ ..၊

"မာမို့သမီးက ကံကောင်းလိုက်တာကွယ် .. ယောက္ခမနဲ့ ဇောက်ထိုးက ချစ်လိုက်တာများ သူတို့ရဲ့သမီးလေး ကျနေတာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတွေ အများကြီးထဲမှာ ခြူ ကျေနပ်သွားခဲ့တာ ဒီစကားကိုပဲ ဖြစ်သည်။

"ကဲ .. မာမီ လက်စွမ်းပြထားတာ ပြီးပြီနော် .. စိတ်ကျေနပ်ရဲ့လား .. မာမီ နောက်ပွဲ ဆက်စရာရှိလို့ .."

"စိတ်တော့ ကျေနပ်ပါတယ် .. မာမီက ဒီလိုမျိုးထားသွားတော့ ဘယ်ကောင်းပါ့မလဲ .."

လဲ့ က အကဲပိုသလိုပြောတော့ မာမီက ပျာပျာသလဲ တောင်းပန်သည်။ ဟိုမှာ ပြီးတာနှင့် ဒီဘက်ကို ပြန်ပြေးလာပါမည်လို့ ပြောသွားတော့ မတတ်နိုင် ..။

"မာမီကျော် ပြန်သွားတာလား သမီး .."

"ဟင် .. ဟုတ်တယ် မေမေ .. ပြီးနေပါပြီ ..၊ မေမေ့ချွေးမလေးကို ကြည့်ပါဦး .."

တစ်ယောက်ပြီးတစ်ယောက် ဝင်ကြည့်နေကြတော့ ခြူ က မျက်နှာပူကာ ခေါင်းလေး ငုံ့သွားသည်။ ဒေါ်ယဉ်လဲ့ က အနားရောက်လာပြီး မေးဖျားလေးကို မော့ယူလိုက်သည်။

ပန်းရင့်ရောင်နှုတ်ခမ်းနီရဲရဲလေးနှင့် မျက်တောင်ကော့တို့ ရွှန်းစိုနေသော မျက်နှာလေးကို ချစ်စနိုးပြုံးကြည့်နေပြီး ...

"သမီး .."

နူးညံ့ညင်သာသောလေသံသည် စကားလုံးတွေ အများကြီး ပြောလိုက်သကဲ့သို့ လေးနက် ပြည့်ဝနေခဲ့လျက် ...

"မင်္ဂလာပွဲချိန်ထက် ပိုစောပြီး ပြင်ဆင်ခိုင်းမိတာကို စိတ်ကျဉ်းကျပ်မနေနဲ့နော် .. သားကြီးရဲ့မင်္ဂလာပွဲတုန်းကလေ .."

"ဟင်!..."

ခြူ အံ့သြသလိုဖြစ်သွားသဖြင့် ဒေါ်ယဉ်လဲ့ က ပြုံး၍ ...

"ဟုတ်တယ် .. သားကြီး ကျောင်းပြီးကာစတုန်းက သူ့ သိပ်ချစ်





တဲ့ မိန်းကလေးနဲ့ လက်ထပ်ပေးဖို့ ပူဆာတယ် .. မိန်းကလေးက နယ်ကနေ ဆေးတက္ကသိုလ် လာတက်တာလေ ..၊ ဒါပေမယ့် ဆင်းရဲရှာတယ် .. အန်တီတို့ကလည်း အစတုန်းကတော့ သဘောမတူဘူး .. နောက်တော့ သား စိတ်ဆင်းရဲနေတာကို ငဲ့ညှာပြီး မင်္ဂလာကိစ္စအဝဝကို တာဝန်ယူ စီစဉ်ပေးဖို့ လုပ်ခဲ့တယ် .."

ဒေါ်ကတ္တာ မင်းကောင်းမှူး ၏ ကြည်လင်နူးညံ့သော မျက်နှာပြင်ထက်မှာ အတိတ်က ဤသို့ နာကျင်စရာ ဇာတ်လမ်းမျိုး ရှိခဲ့မည်ဆိုတာ နည်းနည်းလေးမှ အရိပ်မထင်ခဲ့တာကို ခြူ အံ့သြနေမိ၏။

ပြီးတော့ ဘာဖြစ်သွားသည်ဆိုတာကိုလည်း စိတ်ဝင်စားနေမိသည်။ ဒေါ်ယဉ်လဲ့ က မပြောချင်တော့သလို သက်ပြင်းချနေခဲ့သဖြင့် ...

"အဲဒါ ဘာဖြစ်သွားလို့လဲ ဟင် .."

"လက်မထပ်ဖြစ်ခဲ့ဘူးလေ .. အကြောင်းတစ်ခုကြောင့် မင်္ဂလာပွဲချိန်အမီ သတို့သမီးက အဆင်သင့်မဖြစ်ခဲ့ဘူး .. အခမ်းအနားအားလုံး ပြင်ဆင်ပြီး အန်တီတို့က သူ့ကို စောင့်နေကြတယ် .. ဟိုတယ်လ်မှာ နောက်ဆုံးပွဲချိန်ယူထားတော့ နာရီပိုဖို့အတွက် ဖြေရှင်းရတာ လွယ်တယ် ..၊ ဒါပေမယ့် တစ်နာရီကျော်သွားတော့ သတို့သမီးကို သွားခေါ်တဲ့ သားကြီး တစ်ယောက်တည်းပဲ ပြန်ရောက်လာတယ် .."

"ဘာဖြစ်လို့လဲ ဟင် ..၊ သတို့သမီးက ဘာဖြစ်သွားလို့လဲ .."

သိချင်စိတ် ပြင်းပြနေသည့် ခြူ့ မေးဖျားလေးကို ဒေါ်ယဉ်လဲ့ က လက်ညှိုးလေးနဲ့ အသာလေး ပင့်ကိုင်ရင်း စိုက်ကြည့်၏။

"မိန်းကလေးက သူ့ဘက်က မပြည့်စုံမှုတွေကို အန်တီတို့ကို ဘာမှမပြောရဲဘဲ ပွဲချိန်နီးတော့မှ ဟိုပြေးဒီလွှား သူငယ်ချင်းတွေနဲ့ ယောက်ယက်ခတ် လှုပ်ရှားနေကြတာကိုး .. အဲဒီတော့ ဘာမှ အဆင်သင့်မဖြစ်ဘဲ နောက်ကျနေခဲ့တာပေါ့ .. တကယ်လို့သာ သတို့သမီးလောင်း အချိန်မီပြီးခဲ့ရင် သူ့မိဘတွေ လာခေါ်တဲ့အချိန်မှာ သားကြီးနဲ့ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးနေပြီ ..''

ခြူ က ခေါင်းလေးညိတ်၍ ဆက်သိချင်နေ၏။

''သူ့အမေက ပြောသွားသေးတယ်လေ .. 'ငါ့သမီးကို ပါးနှစ်ချက်လောက် ရိုက်ဆုံးမပြီး ပြန်မလို့ပဲ' တဲ့ ..၊ 'လက်ထပ်ပွဲကိုတော့ မမိနိုင်တော့ဘူး ထင်တာ' တဲ့ ..၊ 'ခုတော့ နင်တို့ မပေါင်းထိုက်လို့ပဲ' ဆိုပြီး သားလက်ထဲက ဖြုတ်ချပြီး ဆွဲခေါ်သွားကြတယ် ..''

''ဘာဖြစ်လို့လဲဟင်.. ကိုကိုကြီး ဘာတွေလိုအပ်ချက် ရှိနေလို့လဲ..''

ခြူ မေးတာက လိုအပ်ချက်ရှိနေတာကို သိချင်တာမျိုး မဟုတ်ပါ..၊ မင်းကောင်းမှူး လို ပညာတတ် ရုပ်ချောသည့် သူဌေးသားဆိုလျှင် သမီးရှင် တော်တော်များများက ငြင်းနိုင်ကြမှာ မဟုတ် ..။

''အန်တီတို့ကြောင့်ပါ .. သားနဲ့ မိန်းကလေး ချစ်သူတွေဖြစ်ကြတုန်းက သဘောမတူဘူးဆိုတဲ့အသံ ထွက်ခဲ့မိတာလေ .. မိဘတို့ဓလေ့အတိုင်း ရွှေကို ရွှေချင်း၊ စိန်ကို စိန်ချင်း ထပ်စေချင်တာပါ .. ပြီးတော့ ပညာမစုံကြသေးဘူး .. နောက်ပြီးတော့ နယ်က ဖြစ်နေတဲ့အတွက် အန်တီ မကြိုက်ဘူး .. ချမ်းသာတာ ဆင်းရဲတာထက် ကိုယ် ပြေးကြည့်လို့မရတဲ့ ပတ်ဝန်းကျင်က လူတစ်ယောက်ကို ကိုယ့်မိသားစုထဲ ဆွဲသွင်းဖို့ဆိုတာ မဖြစ်နိုင်ဆုံးပဲ ..''

စည်းကမ်းကလနားတွေ ပါလာတော့ ဒေါ်ယဉ်လှဲ့ မျက်နှာက တည်ငြိမ်ပြတ်သားသည့် မာန်မာနတို့နှင့် တင်းမာသယောင် ရှိနေခဲ့လျက် ...

''အဲဒီမှာ မိန်းကလေးက ပြန်ပါသွားပေမယ့် ဘယ်သူနဲ့မှလည်း လက်ထပ်ပေးလို့ မရတော့ဘူး .. ဘာအလုပ်မှလည်း ဆက်မလုပ်တော့ဘူးတဲ့ ..၊ သူ့မိဘတွေရဲ့မာနကိုလည်း အန်တီ လေးစားသွားတယ် .. လူဆင်းရဲသလောက် စိတ်ဓာတ်အောက်တန်းကျတဲ့လူတွေ ရှိသလို ဆင်းရဲပေမယ့် မာနကြီးတွေ အများကြီးရှိသေးတယ်ဆိုတာကို နားလည်သွား





ဘာ .. နောက်ပိုင်းမှာ သားကလည်း အိမ်ထောင်ပြုဖို့ ပြောမရတော့ဘူး၊ သမီးကလည်း အဲဒီအဖြစ်တွေကို လန့်နေတာပေါ့နော် ..''

ခြူ စိတ်မကောင်း ဖြစ်သွားမိသည်။ ဒီအဖြစ်အပျက်မှာ ဘယ်သူ လွန်တာလဲလို့ တွေးကြည့်လျှင် ဘယ်သူမှမလွန်ဘူးလို့ပဲ ပြောရမှာပါ..။

''အဲဒါကြောင့် မသေချာမှုတွေကို အန်တီ မလိုချင်ဘူး .. နောက် ဆပ် သားတစ်ယောက် ထိခိုက်ကြေကွဲရမှာမျိုးလည်း ထပ်အဖြစ်မခံနိုင်ဘူး .. သမီးလေးနဲ့ပတ်သက်ပြီး ဒေါ်ငုဝါ တို့ကြောင့် အန်တီတို့ဘက်က စကားများခဲ့တာတွေရှိနေတော့ ပိုပြီး စိုးရိမ်တယ် .. သမီး အန်တီတို့ကို နားလည်ရဲ့လား ဟင် ..''

ခြူ က ပြုံးပြသည်၊ ပြီးတော့ ခေါင်းညိတ်၏၊ ဒေါ်ယဉ်လှဲ့ ကျေနပ်မှာ ပြုံးမိရင်း ...

''ကျေးဇူးတင်ပါတယ် သမီးရယ် .. သားငယ်ရဲ့ မထီတထိ ပြန်ပြော နားမထောင်ပုံစံတွေအားလုံးက သမီးနဲ့တွေ့မှ ပြောင်းလဲသွားတာ ..၊ အဲဒီ စည်းစိမ်စံအိမ်ကြီးကို သွားဖို့ဆို သူ တက်ကြွနေတယ်.. ပြီးတော့ သမီးနဲ့တွေ့ပြီး စကားပြောပြီးတာနဲ့ လှည့်ပြန်လာတယ် ..၊ ဒါတွေက စိတ်ချင်းခံစားမိကြတာတွေပေါ့ .. မိန်းကလေးမှန်း မသိပေမယ့် ဆန့်ကျင်ဘက်တွယ်တာမှုမျိုးနဲ့ မသိစိတ်က မြတ်နိုးနေတာ ..''

ကိုယ့်အလှည့်ရောက်လာတော့ ခြူ မျက်နှာလွှဲဖို့ ကြိုးစားတော့သည်။ သူမရဲ့ ခေါင်းလှုပ်ယမ်းသွားသည်နှင့် ဆံထုံးကနေ လည်တိုင်ထိ ဆင်ထားသမျှ လက်ဝတ်ရတနာတွေ ပြိုးပြက်လက်သွားကြသည်။

လှဲ့ ကတော့ မေမေ စကားပြောပါစေဆိုပြီး ရှောင်ထွက်သွားရေးရင်း သံပရာရည်နှစ်ခွက်တောင် ဖျော်လာလိုက်သေးသည်။

''ရော့ .. ညီမလေး ချိုချိုချဉ်ချဉ် အေးအေးလေးရယ် .. စိတ်ကြည်သွားမယ် .. ရှက်နေတာတွေလည်း ပျောက်သွားလိမ့်မယ် မေမေ့အတွက် အချိုလေးလေးနဲ့ ..''



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်စီလက်ထဲကို သံပရာရည်ဖန်ခွက်လေးတွေ ထည့်ပေး ပြီးမှ ပြန်ထွက်သွား၏။

"တစ်ငုံလောက်ဖြစ်ဖြစ် သောက်လိုက် သမီး .. စိတ်ပေါ့ပါးသွား တာပေါ့ .."

သူကတော့ ဖန်ခွက်ကို မှန်တင်ခုံပေါ် ချထားလိုက်ကာ ခြူ သောက် လိုက်တာကို ကြည့်နေခဲ့ပြီး ...

"သမီးအကြောင်းလည်း ဦးသာ က ပြောပြထားပါတယ် .. သမီး လိုချင်တဲ့ မိသားစုလို နွေးထွေးမှုမျိုး အန်တီတို့မိသားစုက သမီးကို ပေးနိုင်မယ်ထင်တယ် .. ချစ်ခြင်းမေတ္တာဆိုတာကလည်း ကိုယ်လိုအပ် နေတဲ့လူဆီက မဟုတ်ဘဲ ဘယ်လောက်ပဲ ပေါပေါကြီးရနေပါစေ အချစ်ခံရတိုင်း ပျော်စရာမကောင်းပါဘူး .. အဲဒါကြောင့် အန်တီတို့က နွေးထွေးစွာကြိုဆိုဖို့ အဆင်သင့်ရှိနေကြပေမယ့် သမီးက အန်တီတို့ အပေါ်မှာ .."

"ကျွန်တော် အန်တီတို့မိသားစုကို သဘောကျပါတယ် .. အားလည်း ကျတယ် .. ကြီးမေတို့နဲ့ဖြစ်ရတဲ့ပြဿနာကိုလည်း ကျွန်တော် နားလည် ပါတယ် ..၊ ဒါပေမယ့်လေ ..."

"ဘာဖြစ်လို့လဲ ပြောပါ သမီးရယ် .. အန်တီတို့အိမ်ကို သမီး တစ်ခါ ရောက်လာဖူးပါတယ် .. သားသမီးကို ကောင်းစားစေချင်တဲ့ အတ္တလောဘစိတ်နဲ့ အန်တီတို့ ပြောဆိုမှားမိတာတွေ ရှိရင်ရှိမယ်.. မတရားသဖြင့် လုပ်ရမှာကိုတော့ ဘယ်တော့မှမလုပ်ခဲ့ဘူး ..၊ နောက် လည်း လုပ်မှာ မဟုတ်ဘူး .. မျက်စိအောက်မှာ မတရားတာတွေ့ရင် ကိုယ်နဲ့ သိသိ မသိသိ လက်ပိုက်ကြည့်မနေတတ်ဘူး .."

ဒါတွေကို ထိုညတုန်းတည်းက ခြူ နားလည်ပါသည်။ သူမကို အားလုံးက ကူညီခဲ့ကြသည် ..၊ သူမ ဘယ်သူဆိုတာ မသိပေမယ့် လဲ့ က နောက်ကလိုက်လာပြီး ကူညီဖို့ ပြောခဲ့တဲ့အထိ ..၊





ဘကယ်တမ်း ဘဘရဲ့အမွေဖြတ်ကြော်ငြာကို သူတို့တွေ မသိလို့ ...ပေ ..၊ ဒါပေမယ့် 'နှင်းခဲလေး' ဆိုသည့်အမည်နဲ့ ကြော်ငြာခဲ့တာမို့ ...နှင်း မသိကြတာ ဖြစ်သည်။

ဒီလိုလုပ်ခဲ့တာကလည်း ဆွေမျိုးချင်းသိစေချင်တာသာ အဓိကဖြစ် ...ကြောင့် အတွင်းလူတွေသာသိသော ငယ်နာမည်လေးနဲ့ပဲ ဘဘက ...ကြော်ငြာခဲ့သည်။

ထို့ပြင် အဲဒီအချိန်မှာ မလဲ့ က ခြူ ကို မိန်းကလေးမှန်း သိနေပြီ ...၏။ စစ် တို့ မိသားစုရဲ့ စိတ်ဓာတ်တွေကို ဘဘ ယုံကြည်သလို ...လည်း ယုံကြည်ပါ၏။ ခက်ခဲနေတာက ဘာလဲဆိုရင်သာ ..၊

"ခုလည်း သမီးနဲ့ သားက သူငယ်ချင်း ရန်ဖြစ်သလို ဖြစ်နေကြ ...ပဲ .. ဒါပေမယ့် သားငယ်က သမီးကို သံယောဇဉ်ကြီးတယ်ဆိုတာ ...တီတို့က သိနေတော့ မင်္ဂလာပွဲကိုလည်း ပြည့်ပြည့်စုံစုံနဲ့ ပြီးမြောက် ...ချင်တယ် .. သမီးတို့ကိုလည်း စိတ်ချမ်းသာစေချင်တယ် .."

ခြူ နဲ့ပတ်သက်ပြီး တပြုံးပြုံးနှင့် သူမအကြောင်းတွေပဲ ပြောနေ ...တ်ခဲ့ပြီး ဒီည လက်ထပ်ကြပြီဆိုကာမှ စစ် ကလည်း မှုန်ကုတ်ကုတ်၊ ... ကလည်း မှန်တင်ခုံရှေ့မှာ မျက်နှာတည်တည်လေးနှင့် ...

"တစ်ခုတော့ မေးချင်တယ်ကွယ် .. သမီးက သားငယ်အပေါ်မှာ ...စ်ခုခုကြောင့် မကျေနပ်တာ မုန်းနေတာမျိုးများ ရှိနေသလားဟင် .."

ခြူ နဲ့ မျက်လုံးချင်းဆုံအောင် စောင့်ပြီးမှ ဒေါ်ယဉ်လဲ့ က ဆက်၍ ...

"သမီးက လူကြီးမိဘစကားကို နာခံတဲ့ မိန်းကလေးပါ .. အဲဒါ ...ကြောင့်မို့လို့ လူကြီးစကားနားထောင်လိုက်ရပြီး စိတ်မချမ်းမသာ ဖြစ် ...တာ ရှိနေလား.."

ခြူ က မျက်လွှာချထားရင်း ခေါင်းခါသည်၊ ပြီးတော့ ဒေါ်ယဉ်လဲ့ ... မော့ကြည့်၍ ...

"မဟုတ်ပါဘူး... ကိုစစ် က ခင်ဖို့ကောင်းပါတယ်.. သူ ...တော့



www.burmeseclassic.com

www.burmeseclassic.com



ကို အများကြီး ကူညီခဲ့တဲ့သူပါ .. ဒါပေမယ့် ကျွန်တော့်ကို ယောက်
လေးလိုမျိုး ဆက်ဆံလာပြီးမှ ကျွန်တော်ကလည်း ဒီတိုင်း ရောလိုမ့်နေ
တာလေ ..၊ တစ်မျိုးတစ်မည် ခံစားချက်တွေ ဘာမှမရှိခဲ့ကြဘဲနဲ့ ချ
ချင်းကြီး လက်ထပ်လိုက်ရတော့ .."

"မောင်မောင်ကတော့ ညီမလေးကို တစ်မျိုးတစ်မည် ခံစားချ
တွေ ထားတတ်နေတာ သေချာတယ် နော် .."

အနားကို လှဲ့ ရောက်လာတာ မသိလိုက်ဘဲ စကားဝင်ပြောမှ
ကြည့်မိသည် ..၊ ပြီးတော့ ပြုံးပြရင်း ...

"ရှက်မနေပါနဲ့ ခြူ ရယ် .. ညီမလေးက ဝန်မခံပေမယ့်
ခံစားမိနေတာက ဆန့်ကျင်ဘက်တို့ရဲ့ တွယ်တာမှုမျိုးနဲ့ပါ..၊ လောလော
ဆယ် ညီမလေးက မုန်းတာ နာတာ တစ်ခုခုမရှိပါဘူးဆိုရင် ပြီးတာပဲ
မကြာခင် ညီမလေးတို့ ချစ်ချစ်ခင်ခင် ဖြစ်သွားမှာ တို့ ပြောရဲတယ်
ဘာဖြစ်လို့လဲ သိလား .. မောင်မောင်က ချစ်နေတာကိုး .."

"ကဲ .. ကဲ . ချစ်တာ ခင်တာတွေ နောက်မှပြော .. လှဲ့ က ညီ
အငယ်ဆုံးလေးအတွက် ဘာလက်ဖွဲ့တာလဲ .."

"ဟော .. သားကြီး ပြန်ရောက်လာပြီ .."

မင်းကောင်းမှူး က မင်္ဂလာပွဲအတွက် အဝတ်စားလဲပြီးနေပြီ
ကာ လက်ထဲမှာ ဘူးလေးတစ်ဘူးကိုင်လျက် ...

"ညီလေးရဲ့ပွဲကို အစ်ကိုကြီးက နောက်ကျခံလို့ဖြစ်မလား မေ
အံမယ် .. ငါ့ညီမက ပြင်လို့ လှလို့ပါလား .."

ခြူ့ကို ရင်းနှီးဖော်ရွေစွာ ရယ်ပြကာ ဘူးလေးကို လက်တစ်
ထဲ လာထည့်ပေးပြီး တစ်ဖက်မှာ ကိုင်ထားသည့် သံပရာရည်ဖန်
လေးကို သူပဲ ဆွဲယူကာ တခြားနေရာမှာ လှမ်းတင်လိုက်သည်။

"ဘာလဲ .. မိလှဲ့ ကိုယ့်ယောက်မကို လက်ဖွဲ့တာ သံပရာ
လား .."





"ဟုတ်စရာလား ကိုကြီးရယ် .. ခြူ့ကိုယ်ပေါ်က အဝတ်အစား
မိတ်ကပ်ကအစ ခေါင်းဖျားကနေ ခြေဖျားထိ လှဲ့ တာဝန်ယူထားတာ"

"ဟာ .. ဘာလဲ.. အဝတ်အစားတွေလား .. မိတ်ကပ်ဆရာ ခေါ်
ပေးတာလား .. ဒီဖိနပ်လေးနဲ့လား .."

မင်းကောင်းမှူး က ခါးကိုင်း၍ ခြူ့ တစ်ကိုယ်လုံးကို လက်ညှိုး
ထိုးသွားပြီး ရှုံ့မဲ့နေ၏။ ပြီးတော့ ခါးထောက်ကနေ ကိုယ်ကို မတ်မတ်
ပြန်ရပ်ကာ ...

"နိုင်ငံခြားပြန် အထူးကုဆရာဝန်ကြီးတဲ့ကွာ .. ကိုယ့်မောင်လေး
မင်္ဂလာပွဲကို လက်ဖွဲ့တာ ညံ့ပါ .."

"ကိုကြီးကရော ဘာလဲ ..၊ အဲဒါ ဘူးလေး ပိစိညှောင့်တောက်.."

"ပိစိညှောင့်တောက်ထဲမှာ ဘာလဲ သိလား .."

"သိတယ် .. လက်စွပ် .."

"ဟုတ်ပြီ .. ဘယ်လောက်တန်လဲ မှန်းလိုက် .."

"မမှန်းချင်ပါဘူး .. ပြောချင်လွန်းလို့ ပါးစပ်ပြင်နေတဲ့လူ ပြော
အားရှိသွားအောင် လှဲ့ တို့ မတုံးဘူး .."

"ဟား .. ဟား .. ဟား .. မနိုင်ရင် မနိုင်ဘူးပေါ့ကွာ .. မဖွင့်နဲ့
ညီမလေး .. တော်ကြာ လက်စွပ်မြင်တာနဲ့ ငါ ပြောမိလေခြင်းဆိုပြီး
မိလှဲ့ ဒီနားမှာ တုံးခနဲ လဲကျသွားလိမ့်မယ် .."

"ကိုကြီးနော် .. ဒီက မောင်မောင် ပူဆာထားတဲ့ကား ဝယ်ပေးလို့"

"ဟုတ်လား .. ဘယ်လိတာလေးလား .. ဝမ်းပို့င့်သရီး ဖွတ်ချက်
ဖွတ်ချက်လေးလား .. ဘယ်နှစ်ကျရင်လဲ .."

"ကဲ .. ကဲ .. တော်ကြပါတော့ .. ငါ့နှယ် ခေါင်းရှုပ်လိုက်တာ"

"မေမေ တွေ့လား .. သူ့သမီးလေး ငိုမဲ့မဲ့ဖြစ်သွားလို့ –"

"ဟုတ်တယ် .. မင်းအမေအကျင့်ကလည်း သူ့သမီးနဲ့ တစ်ထေ
တည်းပဲ .. မနိုင်ရင် ရန်တွေ့လွှတ်တတ်တာ .."



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်း နောက်ထပ် ဝင်လာတော့ ခြူ့ ဘေးမှာ မိုးတိုးမ
တတ်တွေ ဝိုင်းရံထားသလို ဖြစ်သွားကာ ...

"သားအမိ စည်းလုံးနေကျ .."

"ကိုကောင်း ရှင် တော်တော့ .. ဒီမှာ ရှင်တို့တွေကို လိုက်
ကြည့်နေရင်း ခြူ့ ခေါင်းလေး တစ်ပတ်လည်တော့မယ် .. လာ .. သမီး
လေး .. တော်ကြာ သူတို့ လက်ဆောင်တွေပြိုင်ရင်း လည်ပင်းထညှစ်ပြ
တော့မှာ .."

"ဟင်!..."

တကယ်လားဆိုသည့် မျက်လုံးလေးပြူးသွားကာ ခြူ က ယောင်
ကန်ကန်လေး ထရပ်၏။ လဲ့ က ရယ်ကာ ခြူ့ ပခုံးလေးကို ဖက်လိုက်ပြီး

"အလကား ညီမလေးကို ဒီအိမ်မှာ အငယ်ဆုံးမို့လို့ ချစ်လို့ နေ
ကြတာ .."

"စတာ မဟုတ်ဘူးနော် လဲ့ .. ကိုကြီး တကယ်ပြောနေတာ ..
ညီမလေးက တစ်သက်မှ တစ်မင်္ဂလာ .. ဒီလောက်နဲ့ လုံးဝ မရဘူး

"ကိုကြီး တိတ်တိတ်နေပေးရင် နောက်လစာ အားလုံး ကိုကြီး
ပေးမယ် .."

ဒေါ်ယဉ်လဲ့ က လက်ကို ဆွဲခေါ်လို့ ပါလာခဲ့ပေမယ့် မောင်နှမ
နှစ်ယောက်က စကားနိုင်လုနေကြတာ မပြီးသေး ..။

"လာ .. မေမေတို့က မိသားစု လက်ဆုံစားပွဲ အရင်လုပ်ကြမှာ
ပွဲမစခင် ကြိုပြီး ပြင်ဆင်ခိုင်းတာ .."

"ဟင်!..."

ပြောနေတုန်းမှာ ဦးကောင်း နဲ့ လဲ့ တို့ မောင်နှမပါ နောက်က
ပါလာကြကာ ...

"ဟုတ်တယ် ညီမလေး ထိုင် .. ထိုင် ..၊ မောင်မောင့်ကိုလည်း
ဖုန်းဆက်ပြီးပြီ .. စားသောက်လိုက်လို့ နှုတ်ခမ်းနီပျက်ရင် ပြန်ဆိုးပေး





ခါမိကျော်က မမကို သင်ပေးခဲ့တယ် .. မပူနဲ့ .."

ဒေါ်ယဉ်လဲ့ က သခွားရောင်ပိုးချိတ်ပြောင်ပြောင်နှင့် ဆံထုံးမြင့်
မြင့်မှာ ဆံထိုးတွေ ပန်းတွေ ဝေသည်။ လဲ့ ကတော့ အပြာရောင်ဖျော့
ဖျော့လေးနဲ့ ဖြစ်သည်။

သူမကတော့ နောက်တွဲဆံထုံးလေးပဲဖြစ်ကာ အပြာရောင်ဝတ်စုံ
နှင့် သစ်ခွဖြူဖြူလေးတွေကို ဘေးမှာကပ်ပန်ထား၏။ ဦးကောင်း ရော
မင်းကောင်းမှူး ပါ ပွဲတက်ဝတ်စုံတွေ အစုံအလင်နဲ့ဖြစ်ကာ ပြင်ဆင်
ထားပြီးသည့် ထမင်းစားပွဲမှာ အတူ ဝိုင်းထိုင်လိုက်ကြသည်။

"မင့်သားက ဘယ်မှာနေလို့လဲကွ .."

"ညီလေး လာနေပြီ ဖေဖေ .. ဒီအချိန်မျိုးမှာ သူ သွားစရာတွေ
ရှိနေမှာပေါ့ ဖေဖေရယ် .. သူ အရမ်းပျော်နေတာ .."

ခြူ့ ရှေ့မှာတော့ မှုန်ကုတ်ကုတ်နဲ့ပါ ..။

ဘာတွေမကျေနပ်ဖြစ်သွားပြီး ဘယ်လိုသဘောပေါက်သွားလဲ ဆို
တာတော့ မသိ ..၊

သူ ပျော်နေသည်လို့ အားလုံးက ပြောနေသည်ဆိုတော့ ကိုယ့်ရှေ့
ကျမှ တမင်လုပ်နေတာလား ..၊

ခြူ တွေးမိနေတုန်းမှာပဲ စစ် ပြန်ရောက်လာသည်။

"ထမင်းပွဲကြီး ရှေ့ထားပြီး မင်းကို စောင့်နေရတာကွာ .. ဘယ်
တွေသွားနေတာလဲ ညီ .."

သူပဲ ခုနက သွားပါစေဆိုပြီး.. ဝင်လာတာနဲ့ တန်းမေးတော့လည်း
သူပဲ ဖြစ်၏။ စစ် က ထမင်းဝိုင်းကို အံ့ဩသွားကာ ...

"ဒီအချိန် အရောက်ပြန်ခဲ့ဆိုလို့ ထမင်းစားဖို့ ခေါ်တာလား .."

"ဟုတ်တယ် .."

ဦးကောင်း က ဝင်ဖြေ၏။

"ညှော်ခံပွဲက အနည်းဆုံး နှစ်နာရီကျော်သုံးနာရီကြာမှာ .. ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



လည် ပင်ပန်းပြီး ဘယ်သူမှ စားနိုင်မှာမဟုတ်ဘူး .. အထူးသဖြင့် သင်္ချိုင်း သား သတ်ိုသမီး အိပ်ခန်းဝင်သွားတာနဲ့ မိသားစု မျက်နှာစုံညီ ထမင်းစားဖို့ မဖြစ်နိုင်တော့ဘူး ..”

စစ် မျက်ခုံးတွေပင့်လိုက်ကာ မသိမသာ မဲ့၏။ ပြီးတော့ ခြူ့ ဘေးမှာ ဝင်ထိုင်လိုက်ပြီး မျက်နှာကို သေချာငုံ့ကြည့်သည်။ အားလုံး တိခနဲ တိတ်သွားသဖြင့် ခြူ မျက်နှာ မထားတတ်အောင် ဖြစ်သွား၏။

“တော်တော်လှတာပဲ ..”

လို့ ပြောပြီး ပါးနားကပ်လိုက်ကာ နမ်းတော့မလိုလို..၊ ပြီးတော့–

“မထင်ရဘူး နော် ..”

စုပြောတာ ရန်စကား ..၊

လူကို အကျည်းတန်သည်လို့ ပြောလိုက်မှန်း သိပေမယ့် ဒေါသ မဖြစ်ဘဲ ဘေးကလူတွေကို မျက်နှာပူကာ ခြူ မျက်စောင်းထိုးမိတော့ မလို ဖြစ်သွား၏။

ထိုအခါကျမှ စစ် က ရယ်ကျဲကျဲနှင့် အားလုံးကိုကြည့်၍ ...

“ယောက်ျားဖြစ်လိုက် .. မိန်းမဖြစ်သွားလိုက် ဆိုတော့ ..”

“သားငယ် ..”

“မောင်မောင် နော် .. ဒါ နောက်စရာ မဟုတ်ဘူး ..”

“မနောက်ပါဘူး .. ပျော်လို့ စတာကို ..”

“တော်ပြီ .. ကဲ .. အလှပျက်အောင် ဗိုက်တင်းအောင်တော့ မဟုတ်ဘူးပေါ့ .. အဆာခံရုံ နည်းနည်းပါးပါးစီတော့ စားကြရမယ် .. ပြီးတော့ ဒါက မိသားစုတွေ လက်ဆုံစားတာ .. တစ်ယောက်နဲ့တစ်ယောက် ချစ်ခင် ရင်းနှီးကြဖို့ ..”

ထမင်းစားကြတော့ ဒေါ်ယဉ်လှဲ ကရော လှဲ ကပါ ခြူ့ ပန်းကန်ထဲကို ဟင်းတွေ ဝိုင်းထည့်ပေးကြသည်။

“ကိုယ် မထည့်ပေးတော့ဘူး နော် .. ရတယ်မို့လား ..”





“ရတယ် ..”

“ပြီးရော ..”

မျက်နှာလွှဲနေလေ သူ ပိုဆိုးလေမို့ ပြန်ပြောပစ်လိုက်မိသည်။ ဒေါ်ယဉ်လှဲ နဲ့ လှဲ တို့ မျက်လုံးချင်းဆုံသွားပြီး ပြုံးကြ၏။

“အဟွတ် .. အဟွတ် ..”

“သားငယ် ..”

“မောင်မောင် ..”

စားနေရင်း သူ့ ထသီးတော့ ခြူ လန့်သွားကာ အားလုံး မျက်လုံး ပြူးကုန်၏။

“ရော့ .. ညီ ရေသောက်လိုက် ..”

ရုတ်တရက်မို့ ကြည့်နေမိကြစဉ် မင်းကောင်းမှူး က ရေ ကပျာ ကယာထည့်ပြီး လှမ်းပေး၏။

“အဟွတ် .. အဟမ်း .. ဟင်း ...”

ရင်ဘတ်ကို ဖိထားပြီး မော့လာသည့်မျက်နှာက နီရဲနေကာ ...

“အဲဒါ မင်းကြောင့် ..”

“ဘာ!...”

“လျှောက်ပြောမနေနဲ့ .. မင်း သူများကိုပဲ ငေးနေပြီးတော့ ..”

“ကိုကြီး နော် .. မစွပ်စွဲနဲ့ ..”

မင်းကောင်းမှူး က ခြူ့ ကို ဖျတ်ခနဲ လှမ်းကြည့် ပြုံးသည်။

“ငေးတာ မဟုတ်ဘူး .. သူ သီးသွားမှာစိုးလို့ ကြည့်လိုက်မိတာနဲ့ ကျွန်တော် သီးတာ ..”

“သူ မသီးအောင် စောင့်ကြည့်ဖို့ မင်းကို ဘယ်သူခိုင်းလို့လဲ ..”

“ဒါကတော့ တာဝန်သိတဲ့အနေနဲ့ပေါ့ ..”

စစ် တမင်ညစ်နေတာကို ရိပ်မိကာ ခြူ စိတ်ဆိုးသွားမလို့လည်း စိုးလျက် ထမင်းဝိုင်းကို လက်စသတ်ကြတော့ နှုတ်ခမ်းနီဆိုးဖို့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရှာပြီး လှဲ့ က ခြူ့ ကို ခေါ်သွား၏။

"မင်း အင်္ကျီလက်ဝမှာ နည်းနည်းစွန်းသွားပြီ .. မြန်မာဝတ်စုံ လဲရမှာမို့လား .. သွားလဲလိုက်တော့ .."

"ကိုကြီး ကျွန်တော် တိုက်ပုံတွေ ပုဆိုးတွေ မဝတ်တတ်ဘူးလို့ ပြောပြီးသားနော်.. ဘာဖြစ်လို့လဲ သတို့သမီးက မြန်မာဝတ်စုံနဲ့ .. သတို့သားက ဒီတိုင်းပဲ သူများတွေလည်း ရှိတာပဲ ..၊ လက်မှတ်ထိုးကြတုန်းက ဝတ်ပြီးပြီ .. ဒါက ညစာစားပွဲပဲဥစ္စာ .."

ဖေဖေ ပါမလာခင် ကိုကြီးစကားကို အထွန့်တက်ပြီး စစ် လစ်ထွက်လာခဲ့သည်။ ရေချိုးခန်းထဲဝင်ပြီး စွန်းသွားတာကို ဆေးချမလို့ဟာ မမတို့ ပြင်ဆင်နေကြသည့်အခန်းကို ဖြတ်မိကာမှ ...

"ရတယ် မမ .. သိပ်မှမပျက်တာ မဆိုးပါနဲ့တော့ .."

"မဟုတ်တာ ညီမလေးရယ် .. မေမေတောင် လူကြီးပေမယ့် ပြန်ဆိုးသွားပြီ .. ညီမလေးက သတို့သမီးလေ .. မမတို့ ဒီလိုလက်ဆုံစားကြမှာသိလို့ မာမီက နှုတ်ခမ်းနီ ပြန်ဆိုးရမယ်ဆိုတာ သေချာမှာသွားတာ.."

နှုတ်ခမ်းနီဆိုးဖို့ ခေါင်းခါ ငြင်းဆန်နေသည့် မျက်နှာလေးက နှာတံချွန်ချွန်လေးနဲ့ နီထွေးနေသော နှုတ်ခမ်းလွှာလေးကို ဆားတစောင်း လှမ်းမြင်နေရ၏။

အခန်းရှေ့ကနေ လက်ပိုက်ကြည့်နေရင်း စစ် ပြုံးလိုက်မိသည်။ လက်ထပ်ခွင့်ပေးပါလို့ ကိုယ့်မှာတော့ တောင်းဆိုနေလိုက်ရတာ ...

လူကြီးတွေဆွဲခေါ်လာပြီး ကိုယ့်လက်ထဲထည့်ပေးတာကြီးကို မလိုချင်လို့ ..၊ သူမကတော့ တောင်းဆိုလိုက်တာ ရက်ရက်စက်စက် ..၊

"လက်ထပ်ပြီး တစ်လအထိ သူမကို လင်မယားလို မဆက်ဆံရဘူး ..၊ သို့မှသာ လက်ထပ်မည်"တဲ့ ..။

"ဘာဘကို ကျွန်တော် ပြောပြီးသား .. ခင်ဗျားနဲ့ ဆွေးနွေးကြည့်ပြီးမှ လက်ထပ်ဖို့ စဉ်းစားမယ်လို့လေ .. ကြီးမေတို့အိမ်ပေါ်မှာ တောင်းရမ်း





နေ့စပ်သလို ဖြစ်မြောက်ခဲ့တာက အဲဒီက အကန့်တွေပါ .. ဘာဝအရေးနဲ့ မဆိုင်ဘူး"တဲ့ ..။

မင်းမှု အပြောကောင်း ..၊

မျက်နှာလေးကို စိုက်ကြည့်ရင်း သွားတွေပေါ်အောင် ရယ်လိုက်မိသည်။ သူမလေးကို လက်ထပ်ခွင့်ရဖို့ ဒီကတိကို ပေးခဲ့ရသည်။

ဒါကြောင့် စိတ်ပေါက်ပေါက်နဲ့ တမင်ညစ်ပြနေတာ ဖြစ်၏။ တကယ်ဆို ထမင်းစားနေရင်း သူမဆီပဲ စိတ်တွေရောက်နေလို့ ဟင်းခရာတွေ လမ်းကြောင်းလွဲပြီး အသက်ဆားနီးသွားတာ ကံကောင်းလို့ ..၊

"သမီး လှဲ့ ရေ .. ခဏလောက် လာဦး သမီး .. သမီးတို့ဆေးရုံက မိတ်ဆွေတွေ ရောက်နေတယ် .."

"ရှင် .. ဟုတ်ကဲ့ .."

ဒေါ်ယဉ်လှဲ့ က လှဲ့ ကို လာခေါ်ရင်း တံခါးဝမှာရပ်နေသည့် စစ်ကို 'ဘာလုပ်နေလဲ'ဆိုသည့်အကြည့်နှင့် မော့ကြည့်သွားသေးသည်။

စစ် က ဘာမှမဟုတ်သလို ရယ်ပြရင်း အခန်းထဲဝင်လာကာ ...

"နှုတ်ခမ်းနီဆိုးမလို့မို့လား .. ကိုယ် ဆိုးပေးမယ် .."

"မလိုဘူး .."

သူ တင်းခဲ့သလို ခြူ့ ကလည်း ပြန်တင်းသည်။ နှုတ်ခမ်းနီဘူးကို ဘောက်(စ်)ထဲ ပစ်ထည့်တော့ သူက ပြန်ယူကာ ...

"လိုတယ် .. ဒီတိုင်း လှမှ မလှတာ .."

"လှလှ မလှလှ .."

"ဟော့ .. မင်း နော် .."

"ကိုစစ် နော် .. ခင်ဗျား .."

သူ လက်ကိုဆွဲထားလိုက်တော့ ခြူ့ က ခါချသည်။ ဒါပေမယ့် လက်ဝတ်ရတနာတွေကြောင့် အတင်းအကျပ် ခါချပစ်လို့လည်း မဖြစ်..၊

"ဒီဘက်ကို လှည့် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း..."

စစ် က ပခုံးလေးနှစ်ဖက်ကို ကိုင်၍ မျက်နှာချင်း ကပ်သွားအောင် ဆွဲယူ၏။ ပြီးတော့ ...

"မင်းကို အရမ်းလှလို့ လက်ထပ်ချင်တာလို့ ကိုယ်က ပြောထားတာ .. မင်း မလှလို့ မဖြစ်ဘူး .. တော်ကြာ ယောကျ်ားပုံစံကြီးကို ယူလုလား ထင်ကုန်ရင် ကိုယ် သိက္ခာကျတယ် .."

"ပျော်စရာကြီးပဲ .."

"ဘာ!..."

"ခင်ဗျားကို သိက္ခာချခွင့်ရပြီပေါ့ ကောင်းတယ် .. လုံးဝမဆိုးဘူး"

"မရဘူးကွာ .."

ခြူ့ မျက်နှာလေးကို အနီးကပ် စိုက်ကြည့်နေမိရင်း သူ့စိတ်တွေ ဘာဖြစ်ကုန်မှန်း မသိ ...၊

"ခင်ဗျား .. ခင်ဗျား နော် လွှတ် .."

ရှက်သည့်စိတ်နှင့် ကြောက်လန့်ခြင်းက နှိပ်စက်ကာ ခြူ့ မျက်လုံးထဲမှာ မှောင်မိုက်သွား၏။ ဆံထုံးတွေ မင်္ဂလာဝတ်စုံတွေ ကပ်ကပ်ကျပ်ကျပ်နှင့် မရှန်းသာ မလွန့်သာ အခြေအနေတစ်ခုကို စစ် က အခွင့်အရေးယူသွားခဲ့၏။

"ခင်ဗျား လူညစ် .. လူယုတ်မာ .. သွား .."

"နမ်းတာလေးကိုကွာ .. ခုပဲ လက်ထပ်တော့မှာ ဒီလောက်တောင် ဘွန့်တိုရလား .."

"မသိဘူး .. ခင်ဗျား ထွက်သွား နော် .."

"ဟင် .. မောင်မောင် .."

"ညီ ဘာဖြစ်တာလဲ .."

ခြူ နှုတ်ခမ်းမှာ လက်ခုံလေး ကပ်ကွယ်ရင်း မှန်တင်ခုံရှေ့မှာ ထိုင်ချလိုက်ပြီး ငို၏။





ရုတ်တရက် ရန်ဖြစ်ကြပြီဆိုတာပဲ နားလည်ကာ လုံ့ ပျာပျာသလဲ ဝင်လာခဲ့လျက် ...

"မငိုရဘူး .. မငိုနဲ့ ညီမလေး .. ကုန်ပါပြီ .. အို .. မိတ်ကပ်တွေ ပျက်ကုန်တော့မှာပဲ .."

ချော့လေ ငိုလေ ဖြစ်နေကာမှ စစ် ကို မော့ကြည့်လိုက်မိသည်။ မင်းကောင်းမှူး ကလည်း သူ့ကိုပဲ စိုက်ကြည့်လျှင် စစ် က တကယ့်ကို ခပ်တည်တည် ...၊

"ဘာလဲ .. ကျွန်တော် ဘာမှမလုပ်ဘူး .."

"ညီ ရာ .. မင်း ..."

ဆူမလို့ပြင်ပြီးမှ မင်းကောင်းမှူး မျက်နှာက ရယ်မြူးရိပ်သမ်းနေလျက် ...

"သွား .. ခွေးကောင်လေး .."

စစ် ရဲ့မျက်နှာကို လက်သီးဆုပ်နဲ့ ကပ်တွန်းပြီး ခပ်ကြိတ်ကြိတ် ပြောသည်။ ပြီးမှ ...

"အလကားနေရင်း 'စ'နေတာပဲ .. သွားစမ်းကွာ .. မင်း .."

ခြူ အရှက်ပြေအောင် ခပ်ကျယ်ကျယ် ပြောလိုက်၏။ ညီအစ်ကို နှစ်ယောက် မျက်နှာကို အကဲခတ်မိတော့မှ လုံ့ သဘောပေါက်သွားကာ အပျိုကြီး မျက်နှာ ဘယ်ထားရမှန်းမသိ ဖြစ်သွား၏။

ဒါပေမယ့် ကလေးမကို ချော့ရဦးမှာမို့ ထပြေးသွားလို့လည်း မဖြစ် ...၊

ခွေးစုတ်လေး .. ငိုအောင်တော့ စတတ်ပြီး မချော့တတ်ဘူးလား...၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၇)

"သမီးလေးကို သိပ်မမြင်ဖူးသလိုပဲနော် .. ချောလိုက်တာ .."

"ကိုသာယာ တို့က မင်္ဂလာဆောင်ချိမပို့ ဖုန်းမဆက်နဲ့ဗျာ .. ချက်ချင်းကြီး တော်တော်ဆိုးတဲ့လူ .."

"ဟုတ်ပ .. ကျုပ်က စင်ကာပူသွားတော့မလို့ .. ဒီပွဲနဲ့ လွဲတော့မလို့ဗျို့ .."

နှစ်ဖက်မိတ်ဆွေတွေ ဖိတ်ကြားသမျှ အားလုံး လာကြသည်။ အင်းယားလိပ်ခ်၏ မြက်ခင်းပြင်မှာ ညက လှပစိုပြည်နေသည်။

"ဘယ့်နှယ်လဲ .. မျက်လုံးမခွာနိုင် ဖြစ်နေသလား .. ဝေးဝေးရောက်သွားတဲ့အခါ အနီးကပ် ဆွဲကြည့်ဖို့ မှန်ဘီလူး လိုရင် ပြော .."

သူငယ်ချင်းတွေလည်း စကုန်ပါပြီ ..၊

ခြူ့ ကို သူ ဘာဖြစ်လို့ ဒီလောက်ထိ ချစ်မိသွားသည် မသိ ..၊ သူငယ်ချင်းတွေကတော့ သိနေပြီးသားပါ ..၊

"ဒီကောင် မှိန်းနေတာ .. ခြူ့ ကို ချာတိတ်မလေးမှန်း သူ အစောကြီးတည်းက သိတယ် .."

"ဟုတ်လား စစ် .. မင်းက အချင်းချင်းတောင်မှနော် .."





"ပြောမနေကြနဲ့ .. ငါတို့ကိုက တုံးတာ .."

"မတုံးဘူး နေစိုး .. စိတ်မှမဝင်စားတာ ..၊ အနီးကပ် ဘယ်တုန်းက ခေါ်ပြောဖူးလို့လဲ .. ဒီကောင့်ကိုပဲ မန်းတူမန်း ဆိုပြီး ငါတို့ ကပ်ရိနေတာလေ .."

သူတို့ဘာသာပြောပြီး ဖြေရှင်းနေကြသည်။ စစ် က ဘာမှလည်း မဖြေရှင်း .. ငြင်းလည်း မငြင်းပေ ..၊

သူ့ကို မြင့်သာသည့်နေရာရောက်လျှင် မျက်နှာလွှဲသွားတတ်သည့် ခြူ့ ကိုပဲ မျက်စောင်းရှယ်သွားတိုင်း ပြုံးမိ၏။

အတင်းနမ်းလိုက်တော့ ငိုသည် ..၊ နမ်းပါရစေ ဆိုတော့ ခင်ဗျားက ခွင့်ပြုမှာမို့လို့လား ..၊

"အံမာ .. ပြုံးနေလိုက်တာ ငါတို့စကားဝိုင်းကို ကျော်ခိုင်းပြီးတော့.."

သူငယ်ချင်းတွေ ဘယ်လိုစစ သူ ခြူ့ ကိုပဲ နှာခေါင်းရှုံ့ပြလိုက်.. ပခုံးတွန့်ပြလိုက်နှင့် 'စ'နေခဲ့၏။

ညည့်ခံပွဲပြီးသွားတော့ လက်ဖွဲ့ခြင်း သည်းခံပါ ဆိုသည့်ကြားက လက်ဖွဲ့ဘူး ငါးဘူးလောက် ပါလာသေးသည်။

ထိုဘူးတွေကို သူပဲ အိပ်ခန်းထဲ ပွေ့ပိုက်သွင်းလာကာ —

"လာ ဖောက်ကြည့်ရအောင် .."

ခေါ်ပေမယ့် ခြူ့က ဂရုမစိုက် .. အင်္ကျီလဲဖို့ တစ်စုံယူပြီး ရေချိုးခန်းထဲ ဝင်လျှင် စစ် က အတင်းပြန်ဆွဲထားကာ ...

"နေပါဦးဆို .. ဘာဖြစ်နေတာလဲ .."

"ကိုစစ် .. ခင်ဗျား ကျွန်တော့်လက်ကို လွှတ်နော် .. ဒီတစ်ခါ တစ်ယောက်ယောက်တော့ ခေါင်းကွဲထိပ်ကွဲဖြစ်ဖို့ သေချာတယ် .. မလုပ်ဘူး မထင်နဲ့ .."

"ကွဲရအောင် မင်းကို ငါ ဘာပြောရသေးလို့လဲ .."

"လက်ကို လွှတ် .."



www.burmeseclassic.com

www.burmeseclassic.com



"မလဲပါနဲ့ဦး .. ငါလည်း ဒီတိုင်းပဲ ရှိသေးတာကို .."

"ခင်ဗျားဘာသာ နေနိုင်လို့နေတာ နေပေါ့ .. ဒီမှာ ဘယ်လောက် ကျဉ်းကျပ်ပြီး ဒုက္ခရောက်နေလဲ သိလား .."

"အဲဒါလည်း ဒီတစ်ညပဲ .. မင်္ဂလာဦးညဆိုတာ စိတ်ကျဉ်းကျပ်တာ .. ရှက်တာ .. ရင်ခုန်တာ .."

"တစ်ခုမှမဖြစ်ဘူး.. ခင်ဗျားကို ရင်ခုန်ဖို့လည်း စိတ်မဝင်စားဘူး.."

ခြူ က စကားပြောနေရင်း လက်ကို ခါချပစ်နေ၏။ စစ် ကလည်း မလွှတ် ..။

"မင်းကိုလည်း မဝင်စားနိုင်သေးဘူး .. ပူမနေနဲ့ ..၊ လက်ဖွဲ့ ဖောက်မလို့ ခေါ်တာ .."

"အဲဒါလည်း ခင်ဗျားပဲ ဥစ္စာခြောက်နေတာ .. ခင်ဗျားပဲ ဖောက်..၊ စိတ်မဝင်စားဘူး .."

"မင်း ဝင်စားမှာပါ .. ပိတောက် နဲ့ ဝတ်မှုံ နာမည်နဲ့ ဘူးပါတယ်..၊ အကြီးဆုံးဘူးပဲ .."

ခြူ ရုန်းနေတာ ရပ်တန့်သွားသည်။ ပြီးတော့ ဘူးတွေချထားတဲ့ ဆီကို လှမ်းကြည့်သည်။

ထိုအချိန်မှာ သူက ခြူ့ လက်ကလေးကို အသာလေး ပြန်ဆွဲလာခဲ့ကာ သူမကိုင်ထားသည့် ဝတ်စုံကို တစ်ပါတည်းဆွဲယူပြီး မွေ့ရာခြေရင်းကို ပြန်ပစ်တင်လိုက်၏။

"ဒီမှာ ထိုင် .."

ခြူ့ ကို မွေ့ရာစပ်မှာ ထိုင်နိုင်းကာ ဘူးတွေကို အိပ်ရာပေါ်ထိ ထပ်သယ်လာ၏။

"ဟိုဘက်မှာပဲ ကြည့်မယ် .."

"ဟိုသယ်ရ ဒီသယ်ရနဲ့ကွာ .. ဒါလေး ကြည့်ရုံပဲကို .."

ခြူ ထရပ်လို့မရတော့အောင် သူ့ကိုယ်တစ်ခြမ်းစောင်း၍ ပခုံးချင်း





ဆပ်ကပ်ထားလိုက်ကာ ..

"ဒါ အရင်ကြည့်မှာမို့လား .."

"အင်း .."

စစ် က ဘူးကို ပေါင်ပေါ်တင်ကာ ထိကပ်ထားတာကို ဂရုမစိုက်ဖွာ နေ၏။

"ဘူးကလည်း တင်းခဲနေတာပဲ .. တိတ်ပ်ကလည်း နိုင်လိုက်တာ..၊ ဘာတွေမို့လို့လဲ .."

သူ မကျေမနပ်ပြောနေသမျှ ခြူ က စိတ်ဝင်စားနေ၏၊ ငုံ့ကြည့်နေရင်း ပိတောက် နဲ့ ဝတ်မှုံ ဆိုသည့်နာမည်တွေကို စူးစိုက်ငေးနေမိသည်။ ပြီးတော့ စစ် ကို သူမတို့ ဘယ်လောက်ထိ လိုချင်တပ်မက်နေကြသလဲဆိုတာကိုပါ တွေးနေမိလေသည်။

ထိုစဉ် စစ် ၏ အောင်မြင်ခန့်ညားသံက ...

"ရပြီ .. ရပြီ .."

"ဒုန်း .."

"အောင်မယ်လေးဗျာ .."

"ဟယ် .. ကိုစစ် .."

ဘူးက တိတ်ပ်ကွာသွားသည်နှင့် လက်သီးလုံးကြီး ဒိုင်းခနဲ ထွက်လာကာ အတင်းကပ်ငုံ့နေသော စစ် ရဲ့မျက်နှာကို အနီးကပ် ထိချက်ပြင်းသွားရာ ...

"ကိုစစ် .."

"သေပြီ .. အား!..."

"ဘာဖြစ်သွားတာလဲ .. ပြလေ .. လက်ဖယ်လိုက်ပါ ဆို .."

ပက်လက်ကြီး ပစ်ကျသွားကာ နှာခေါင်းကို ဖိအုပ်ထားသည်ကို သွေး အယ်ကြားကကျလာမလဲ ပြူးပြဲကြည့်ကာ ခြူ က သူ့ကို အတင်းခွာနိုင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သွေးတွေ ထွက်နေတယ်ကွ .. မကြည့်နဲ့ .."

"ဟင်!..."

"ဖယ်ပါကွာ .."

သူက တွန်းချမှ ခြူ က ပိုပြီး သိချင်ကာ ...

"သွေးထွက်နေရင် ကြည့်ရမှာပေါ့ .."

"မကြည့်နဲ့ .. မင်းအစ်မတွေ တော်တော်ယုတ်မာတယ် .."

"ခင်ဗျားက အဲဒါကို ဒေါသထွက်သွားတာလား ..၊ ကိုယ့်ဘာသာ လောဘဇောတိုက်ပြီး ဖွင့်တာ .. ခင်ဗျားကို ဘယ်သူက အတင်းခိုင်းနေ လို့လဲ .."

ခြူ စိတ်တိုသွားကာ သူ့နားကခွာ၍ ပြန်လှည့်ထိုင်လိုက်လျှင် စစ် က ခြူ့ ကိုယ်လေးကို ဆွဲပွေ့ကာ ရင်ခွင်ထဲ သွင်းထားလိုက်၏။

"ဘာလုပ်တာလဲ .. ခင်ဗျား နော် .."

ကြည့်လိုက်တော့ ဘာသွေးမှလည်း မရှိ ..၊

ထိုအခါ ဒေါသက အညှာအတာမဲ့စွာ ..၊

"လူညစ် .. ခင်ဗျား အဲလိုညစ်လို့ ရမယ်မထင်နဲ့ .. လွှတ် .."

"မလွှတ်နိုင်ဘူး .. ဒါ ကိုယ်တို့ရဲ့ ညှ .."

ခြူ့ ကိုယ်လေးကို သူ့ရင်ခွင်နဲ့ ဖိချုပ်ထားကာ စစ် က အနမ်းတွေ မရမကခြွေသည် .. ဆံထုံးလေးလည်း မပြေ ..၊ မင်္ဂလာဝတ်စုံလေးနှင့် လှနေသော ခြူ့ မျက်နှာလေးကိုလည်း ငုံ့မိုး၍ တစိမ့်စိမ့် ငေးရင်း ..

"မင်းကို ကိုယ် အရမ်းချစ်တယ် .."

"ဟင့်အင်း.. လာမပြောနဲ့ .. ဖယ်ပေး နော် ခင်ဗျား .."

"ကိုယ့်ကို ဘာဖြစ်လို့ စိမ်းကားနေတာလဲ .."

"မချစ်နိုင်လို့ပေါ့.. ခင်ဗျားပဲ ခုခင် ခုချစ်.. ကျွန်တော် အဲလိုမရဘူး.."

"မင်းကို ဘာဘာ ပြောမှ မိန်းကလေးမှန်း သိတယ် ထင်လို့လား.. မမတို့ ဘယ်တုန်းက သိသွားမှန်းလည်း ကိုယ် မသိဘူး .. ဒါပေမယ့် ကိုယ် မင်းကို စပြီး ပွေ့လိုက်မိတဲ့နေ့တည်းက မိန်းကလေးမှန်း သိ တယ်.."





"ဘာ!..."

ခြူ မျက်လုံးလေး ဝိုင်းသွားကာ ရှုပ်ရှားမှုတွေလည်း ရပ်တန့်ကုန် ၏။ ဒါဆို ပန်းအိုးတွေထဲမှာ သူမ မူးလဲသွားတဲ့နေ့တည်းကပေါ့ ..၊

ခြူ တွေးမိသွားတာကို စစ် က ပြုံးကာ ...

"မင်း အသားအရေတွေက ထိကိုင်မိတာနဲ့ ဘယ်လိုမှ ယောကျ်ား လေးလို့ ထင်မရတော့အောင် အိစက်နေဘာ .. ပြီးတော့ မင်းကို ဘိမိ လိုက်တဲ့အချိန်မှာပဲ ကိုယ် ရင်တွေ ခုန်လာခဲ့တာ .."

"လျှောက်ပြောမနေနဲ့ .."

"မင်း မယုံရင်လည်း မတတ်နိုင်ဘူး .. ဒါပေမယ့် ကိုယ့်ရဲ့ခံစားမှု ကိုက မင်းကို သာယာနေခဲ့တာလို့ ကိုယ် တွေးမိလာတယ် .. ချစ်စရာ လေးမှန်း သိလိုက်ရတော့ အရမ်းချစ်သွားတာ .. မင်းကို ဘယ်လိုမှ စိတ်မချတော့ဘူး .. တစ်နေ့ တစ်ခါ နှစ်ခါမှ မမြင်ရရင် မနေတတ် ဘူး .."

သူ့နှုတ်ဖျားက နွေးသောရိုက်ခတ်မှုကြောင့် ခြူ မျက်နှာလွှဲထား ရင်း ရင်တွေ တဒိတ်ဒိတ် ခုန်လာခဲ့၏။ ကိုယ့်ရင်ခုန်သံကို သတိထားမိ လိုက်တော့ ထိတ်လန့်သွားခဲ့သည်။

ဒါ အခိပ္ပာယ် မရှိတာပဲ ..၊

"ဘယ်သူ ယုံယုံ မယုံယုံ ကိုယ် မင်းကို အရမ်းချစ်တယ် .. အဲဒါ ကိုယ့်ကိုယ်ကိုယ် သေချာတယ် .. ပြီးတော့ သဝန်တိုစိတ်က တစ်ခါ တည်း ပါလာတာလေ .. အဲဒါကြောင့် မင်းကို ကိုယ့်သူငယ်ချင်းတွေနဲ့ မိတ်မဆက်ပေးခဲ့တာ .. သူတို့နဲ့ အနီးကပ် ရင်းနှီးခွင့်ပေးခဲ့ရင် နောက်ဆက်တွဲ ပတ်သက်လာမှာတွေကို ကိုယ် သိနေတယ် ..

သူက ပြောပြနေရင်း ခြူ့ မျက်နှာလေးကိုပဲ စူးစိုက်ကြည့်နေတာ..



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးမှန်း ကိုယ် သိနေတာကို မင်းကို မသိစေချင်သလို ဘယ်တစ်ယောက်ကိုမှလည်း မသိစေချင်ဘူး .. ယောကျ်ားလေးအဖြစ်နဲ့လည်း ပုတ်ခတ်ရင်းနှီးခွင့် မပေးနိုင်ဘူး .. အဲဒါ ကိုယ်တစ်ယောက်တည်း မင်းကို အပိုင်ယူချင်နေလို့ .."

"ခင်ဗျား ဖယ်စမ်းပါ .. ကျွန်တော် ခင်ဗျားကို ကတိတောင်းထားပြီးသား .. ခင်ဗျား ယောကျ်ားဖြစ်ပြီးတော့ ..."

"ဟုတ်တယ်.. ဒါပေမဲ့ ကတိဆိုတာ တည်သင့်တဲ့ကတိ မတည်သင့်တဲ့ကတိ ရှိသေးတယ် .."

"ခင်ဗျား နော် .."

"ကိုယ် အရမ်းချစ်လို့ ယူထားတာကွာ .. အဲဒါ တခြားစီ အိပ်ရမှာလား .. အဓိပ္ပာယ် မရှိ .."

"ရှိတယ် .. အဲဒါက အဓိပ္ပာယ်လေ .. ခင်ဗျားပြောနေတာတွေပဲ အဓိပ္ပာယ် မရှိတာ .. ဟင့်အင်း .. မသိဘူး ဆို ..၊ ခင်ဗျား .. ခင်ဗျား နော် .. သွား ..."

ခြူ သူ့ကို ဒေါသတွေ တစ်လုံးတစ်ဝနှင့် အတင်းရုန်းဖယ် ငြင်းဆန်နေမိသည်။ ဒါပေမယ့် ...

"မင်း ကိုယ့်ကို ချစ်လာမှာပါ" တဲ့ ...။

"သေလိုက် .."

*လရောင်ကျူးရင့်*



BURMESE CLASSIC

www.burmeseclassic.com